

# ဦတော်ဆာနန္ဒာ၏
# တသက်တာမှတ်တမ်း (၃)

အရှင်ဝဏ္ဏသိရိ

၁၄၄၄၂

# ကန်တော့ပန်း

ပရိယတ်၊ ပဋိပတ် နယ်ပယ်နှစ်ရပ်တို့မှ ကျွန်ုပ်၏
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းအား
ဤစာအုပ်ဖြင့် လေးမြတ်ကော်ရော်ပူဇော်ပါ၏။

ပထမအကြိမ်

၁၉၈၀ ခု၊ ဖေဖော်ဝါရီလ

●

အုပ်ရေ ၂,၀၀၀

●

တန်ဖိုး တဆယ့်ငါးကျပ်

●

ပန်းချီ စံတိုး

●

ဘလောက် လွင်

●

အဖုံးရိုက် အောင်သာ

●

**ဘာသာရေးဆိုင်ရာ စာမူ ကြိုတင်ခွင့်ပြုချက်အမှတ် (၄၃၄)**
**မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် (၁၀၇၈)**

ဦးချစ်အောင် (မြ-၀၂၀၇)၊ လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ရိုက်နှိပ်၍၊ ဦးအေးမောင်(မြ-၀၈၂၅)၊ ဇော်ဦးစာပေ၊ ၂၃၃၊ ၂၉လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

၁၄၄၄ ၂

# ညီတော်အာနန္ဒာ၏ အသက်တော်မှတ်တမ်း (၃

အရှင်ဝဏ္ဏသိရိ

နှလုံးလှ စာပေဖြန့်ချိရေး
စာတိုက်သေတ္တာ အမှတ် ၈၃၊ အမှတ် ၅၊ လမ်း ၁၀၀၊
ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း - ၄၂၉၄၁

# သာသနာပြုပုဂ္ဂိုလ်ကျော်

ဝိနာသယတိ အသဒ္ဓံ၊
သဒ္ဓံဝဍ္ဎေတိ သာသနေ၊
ဧဝံမေသုတ မိစ္စေဝံ၊
ဝဒံ ဂေါတမ သာဝကော။ ' ။

ဂေါတမ နွယ်ဖွား ရှင်တော်မြတ်ဘုရား၏ တပည့် (အရှင်အာနန္ဒာ) သည် ဧဝံမေသုတံ အစချီလျက် ထံတော်ပါးမှ ကြားနာ မှတ်သားထားခဲ့လေသမျှကို ပြည့်ဝစုံလင် တင်ပြသောအားဖြင့် သာသနာတော်၌ မယုံကြည်ခြင်းကို ပယ်ဖျောက်၍ ယုံကြည်သဒ္ဓါ တိုးပွားအောင် အကျိုးဆောင်လိုက်ပေသတည်း။

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ

# မာတိကာ


စကားဦး

၁။ ရာဟုလာတို့ သားအဖ ၇

၂။ ညီတော်တိဿ ၂၁

၃။ နောင်တော်ကြီး မဟာနာမ် ၃၀

၄။ အာနန္ဒာဗောဓိ ၅၇

၅။ ပုဗ္ဗာရုံကျောင်းတော် ၆၄

၆။ အပြင်အပက ရဟန်းများ ၇၄

၇။ နိဂဏ္ဍ ဆရာတပည့်များ ၈၂

၈။ အပါယ်ဘေးက ဝေးလိုလျှင် ၉၂

၉။ မလုပ်ဝါဒနှင့် အလုပ်ဝါဒ ၁၀၃

၁၀။ အမှားလမ်းမှ အမှန်လမ်းသို့ ၁၁၃

၁၁။ အမျိုးခြောက်ပါး ခွဲခြားရာတွင် ၁၂၃

၁၂။ အကျင့်ထဲမှာ အသိပါစေ ၁၃၃

၁၃။ မဆုံးနိုင်သောစစ်ပွဲများ ၁၄၇

# မာတိကာ


၁၄။ အမှောင်ခွင်း၍ အလင်းဆောင်သည်

၁၅။ အမြတ်ဆုံး တရားနှစ်ပါး

၁၆။ နမောတဿကို မကြားချင်သူ

၁၇။ တရားသောစစ်ပွဲများ

၁၈။ နောင်တ၏ နိဒါန်း

၁၉။ သာဝတ္ထိ နန်းတော်တွင်းဝယ်

၂၀။ သကျတို့၏ ညနေခင်း

၂၁။ သကျသားတော်များ

၂၂။ ကျောင်းကြီးပေါ်က တံစူးဝါးများ

၂၃။ ခရီးတဝက်ကျိုးလေသော်

၂၄။ ကျွန်ုပ်၏ အမွန်မြတ်ဆုံးသူ

၂၅။ အရပ်တော်နှင့် အရိပ်

၂၆။ ပန်ခဲ့သောဆုတခု

၂၇။ နောင်တော်မြတ်၏ မြတ်စံနမူ

# စကားဦး

ညီတော်အာနန္ဒာကိုဗဟိုပြု၍ သူ့နောင်တော် မြတ်ဘုရား၏ ဖြစ်တော်စဉ်များကို ဆက်လက်၍ မှတ်တမ်းတင်ထားပါသည်။ အမှတ် (၁) စာအုပ်တွင် အလောင်းတော်မင်းသား ဖွားမြင်ခန်းမှ ခမည်းတော်ကြီး သုဒ္ဓေါဒနပရိနိဗ္ဗာန်စံဝင်ခန်းအထိ ပါဝင်ခဲ့ပါသည်။ အမှတ် (၂)စာအုပ်တွင် ဘိက္ခုနီ သာသနာတော် ပေါ်ထွန်းလာပုံများ၊ သားတော်ရာဟုလာကို သူ့ခမည်းတော်က ဆုံးမခန်းများ၊ သားတော် ရာဟုလာနှင့် မယ်တော် ယသော်ဓရာတို့ ပြန်လည် ဆုံဆည်းခန်းများ ပါရှိခဲ့ပါသည်။

ဤစာအုပ်စလျှင်စချင်း သားတော်မြတ် အရှင်ရာဟုလာကို ထပ်မံဖူးတွေ့ကြရပါလိမ့်မည်။သနားစရာ၊ချစ်စရာသားတော်လေး ရာဟုလာဘဝမှ ရဟန္တာအရှင်မြတ်တပါး ဖြစ်လာပုံကို ကြည်ညိုလေးမြတ်စွာဖတ်နိုင်ကြပါသည်။ သားတော်ရာဟုလာနှင့် နှိုးနွှယ်၍ ညီတော်တိဿ၊ နောင်တော်ကြီး မဟာနာမ်တို့ကိုလည်း တဆက်တည်း ဖော်ပြလိုက်ပါသည်။ ညီတော်အာနန္ဒာကိုယ်တိုင် အရေးပါသော အခန်းများမှ ပါဝင်ခဲ့ရသော ပုဗ္ဗာရုံကျောင်းတော် ပေါ်ထွန်း လာပုံကိုလည်း အာရုံပြုနိုင်ကြပါသည်။

ဤစာအုပ်၌ အများဆုံးဖတ်ရမည့် အကြောင်းအရာများမှာ အတ္တ၊ အနတ္တပြဿနာများ ဖြစ်ပါသည်။ ဗုဒ္ဓ သာသနာတော်သည် အနတ္တ

# စကားဦး

ဟူသော ကြွေးကြော်သံဖြင့် ကမ္ဘာမြေအနှံ့ ဖြန့်ကျက်လာခဲ့ရာ အတ္တဘက်တော် သားများက အင်နှင့်အားနှင့် ဝိုင်းဝန်း ကာဆီးကြ၏။ အနှောင့်အယှက်ပြုကြ၏။ နှောင့်ယှက်လေသမျှ ကာဆီးလေသမျှကို သာသနာတော်ကလည်း အနတ္တဉာဏ် လက်နက်ဖြင့် အချက်ကျကျ ပယ်ရှင်း၏၊ ထွင်းဖောက်၏။ ဤတွင် မဆုံးနိုင်သော စစ်ပွဲများ ဖြစ်ပေါ်လာပါသည်။

ဤစစ်ပွဲများ၌ စာရှုသူများကိုယ်တိုင် ပါဝင် ဆင်နွှဲ လိုလျှင်လည်း ရနိုင်ပါသည်။ စစ်ပွဲဝင်လိုသူတိုင်းအတွက် အဓိကလိုအပ်ချက်မှာ လက်နက်ဖြစ်ပါသည်။ အနတ္တဒေသနာတော် တမျိုးမျိုးနှင့် စာရှုသူတို့ စိတ်ဓာတ် ဟပ်မိသော တခဏဝယ် အနတ္တ ဉာဏ်လက်နက် ပိုင်ရှင်များ ဖြစ်ကြပါလိမ့်မည်။

ဤစာအုပ်နောက်ပိုင်းမှာကား ဘုရားရှင်၏ ပထမဗောဓိမှ ပစ္ဆိမဗောဓိသို့ အကူးအပြောင်းကာလ အတွေ့အကြုံများကို တင်ပြထားပါသည်။ အမြဲတမ်းအလုပ်အကျွေးဘဝဖြင့် ညီတော်အာနန္ဒာလုပ်ကျွေးပြုစုပုံများကို ပြည့်ပြည့်စုံစုံ ဖော်ကျူးထားပါသည်။ ထို့ပြင်၊ ထို့ပြင် လောကဓမ္မ နှစ်ဌာနအားဖြင့် သင်ခန်းစာရနိုင်သော အကြောင်းအရာ အတ္ထုပ္ပတ္တိများကိုလည်း ဂရုတစိုက် ရွေးချယ်ထည့်သွင်းထားပါသည်။

အမှတ် ၁၊ အမှတ် ၂ စာအုပ်များနှင့် ပတ်သက်၍ ဝေဖန်ကြ၊ အကြံဉာဏ်ပေးကြသော ဆရာတော် သံဃာတော်များ၊ စာပေပညာရှင်ကြီးများ၊ ဆရာ ဆရာမများကို ကျေးဇူးတင်ပါသည်။ စေ့စေ့စပ်စပ် ဖတ်ရှု၍ ထောက်ပြထားကြသောအချက်များကို နောက်တခါထပ်မံ၍ ရိုက်နှိပ်လျှင် ပြုပြင် ရေးသားမည် ဖြစ်ပါသည်။ ဤစာအုပ်ကိုလည်း ဆက်လက်၍ ဝေဖန်အကြံဉာဏ်ပေးရန် ပန်ကြားပါသည်။ ဝေဖန်ရန်၊ အကြံဉာဏ်ပေးရန် ရှိပါက မုံရွာမြို့နယ်၊ ကြေးမုံစာတိုက်ခွဲမှတဆင့် စာရေးသူနေထိုင်ရာ ကြာပိုင်ရွာသို့ ဆက်သွယ်နိုင်ပါသည်။ ။

# ရာဟုလာတို့ သားအဖ

## ရွှေလောင်းကြီးနှင့် ရွှေလောင်းငယ်

လေနာရောဂါ ခံစားနေရသော မယ်တော်အတွက် သရက်သီးခတ်စာကို သားတော်ရာဟုလာသည် မရ ရအောင် ရှာဖွေခဲ့၏။ သို့ရာတွင် သူကိုယ်တိုင် ဆွမ်းခံ မလိုက်ဖြစ်သော နေ့မှာကား သူ့ဆီသို့ ဆွမ်းတပွဲစာမျှ ပို့မည့်သူ မရှိပါချေ။ နံနက်မှသည် ညနေစောင်းတိုင်အောင် ရာဟုလာ တပါးတည်းသာ အခန်းအောင်း၍ နေရပေသည်။

ထိုနေ့ကား ရာဟုလာ၏ ဘ၀ ဇာတ်လမ်း တချိုး တဆစ် ပြောင်းလဲလာသောနေ့ဖြစ်၏။ မယ်တော့်ဆီမှာ တလှည့်၊ ခမည်း

တော်ဆီမှာတခါ ဆည်းကပ်ဖူးမြော်ယင်း၊ပြုစုလုပ်ကျွေးယင်းဖြင့် ရာဟုလာ ၁၈ နှစ်သား ဖြစ်လာပေပြီ။ ဖအေတူ၊မအေတူ သား ဖြစ်၍လည်း လှပရွှန်းစို ကြည်ညိုဖွယ် ဖြစ်ပါပေသည်။

ထိုနေ့နံနက် ဆွမ်းခံ ဝင်ရာတွင် ဘုရားရှင်သည် ရာဟုလာ တပါးတည်းသာ နောက်ပါ ခေါ်လျက် ကြွတော်မူ၏။ ဤသို့ ထူးခြားသော အပြုအမူ တခုခုရှိလာလျှင် ထူးခြားသော ရည်ရွယ်ချက် တခုခု ရှိ၍သာဖြစ်ကြောင်း ကျွန်ုပ်တို့ သိပြီးဖြစ်၍ နောက်ချန်၍ နေရစ်ကြရ၏။

ရှေ့သွားနောက်လိုက်ညီလှသော အရှင်နှစ်ပါးသည် ကျွန်ုပ်တို့ ရှေ့မှ တရွေ့ရွေ့ ထွက်ခွာတော်မူကြ၏။ ရွှေရောင် ဝင်း သည့် လောင်းလျှေကြီးနှင့် လောင်း လှေ ငယ် တို့ သည် ရေ အိုင် ကြီး အတွင်းမှ ရှေ့ဆင့်နောက်ဆင့် လှော်ခတ်သွားကြသကဲ့သို့ပင် ဖြစ်ပါ၏။ ကျွန်ုပ်တို့မှာ ဟာဒယနှလုံးအိမ်ကို ဆိစိမ်၍ ပေးလိုက်သော မြင်ကွင်းတခုပင် ဖြစ်ပါ၏။

## သည်အရွယ်နှင့် သည်စိတ်

ကျွန်ုပ်တို့ တတွေက ရွှေလောင်း နှစ်စင်းလုံးကို ကြည်ညို အားရ လျက် ရှိရာတွင် ရွှေလောင်းငယ်သည် သူ့ရှေ့က ရွှေလောင်းကြီးကို တစိမ့်စိမ့်ကြည့်လျက် လိုက်ပါသွား၏။ ရွှေလောင်းကြီးကိုတစိမ့်စိမ့် ကြည့်ရာမှ သူ့လက်သူ့ခြေများကိုလည်း ကြည့်ရှုရပေသေးသည်။ ဖူဝင်းရွှန်းစိုသော အဆင်းရောင်အောက်မှ အသားအရေ ပြည့်ဖြိုး သော သူ့လက် သူ့ခြေများကို ကြည့်ယင်း သူ့တကိုယ်လုံးကို

ပုံဖော်၍ကြည့်သွားဟန်တူပါသည်။ ကိုယ့်ရုပ်ရည်ရူပကာကို ကိုယ့်ဘာသာစိတ်ဝင်စားနေတတ်သောအရွယ်မျိုးပင် မဟုတ်ပါလော။

"တကျော့ရှေ့သွား၊ ခြေလှမ်းမှား၍
ပေါက်ဖွားလာရ၊ လူ့လောကကို
ဤမျှနှင့်တန်၊ တဖန်ထပ်ကျော့
ဝင်မဆော့နှင့်..........."

ဟု ဟိုတခါက ဆုံးမတော်မူခဲ့ဖူး၏။ ဆုံးမစကားကို နာယူလွယ်ခဲ့သော ရာဟုလာသည် ကိုယ့်ရုပ်ရည်ကို ကိုယ် ပြန်ချစ်နေသဖြင့် မေ့လျော့သွားဟန် တူပါသည်။

## သစ်ပင်ရင်းက ရာဟုလာ

သွားစဉ်တုန်းက ရှေ့ဆင့်နောက်ဆင့်လိုက်ပါသွားသော ရာဟုလာကို ကျွန်ုပ်တို့သည် လမ်းခွတ်လတ်မှာတွေ့ကြရ၏။ ရှေ့က ကြွတော်မူသော ဘုရားရှင်ကား သာဝတ္ထိမြို့တော်ထဲမှာ ဆွမ်းခံတော်မူနေရော့မည်။ ရာဟုလာကား သစ်ပင်ရင်းမှာ တပါးတည်း ထိုင်လျက်ရှိနေ၏။ ရှင်ပြုကာစ အချိန်တုန်းကသာ ဤအနေမျိုး ကြုံရလျှင် ခမည်းတော်ကိုစိတ်ကောက်၍ ချန်နေရစ်သည်ဟု ထင်စရာရှိပါ၏။ သို့သော် ယခု ရာဟုလာ ရှင်ငယ်ကလေး မဟုတ်တော့။ မကြာမီကာလအတွင်းမှာ ရဟန်းအဖြစ် ခံယူရတော့မည့်သူ ဖြစ်နေ၏။ ပင်ကိုဓာတ်ခံ ကောင်းမွန်၍ အရွယ်ရောက်ပြီးသော သာမဏေတပါးတည်း ကျန်ရစ်သည်မှာ တစုံတခုသော သံဝေဂ စိတ်ကြောင့်ပင် ဖြစ်စရာ ရှိပေသည်။

နောက်တော်ပါးမှ ဘဝါးခြေထပ်လိုက်ပါလာပါလျက် မသင့်မတင့် နှလုံးသွင်းနေသော ရာဟုလာကို ဘုရားရှင်က သည်အတိုင်း လွှတ်ပေးထားလိမ့်မည် မဟုတ်ပါ။ ရတနာမျိုးစုံ စုပြုံ တင်ဆောင်လာသောလှေကြီးတွင် ရေဝင်ပေါက် တွေ့ပါက ချက်ချင်း လက်ငင်း ဖာထေးလိုက်ရသကဲ့သို့ ရာဟုလာ၏နှလုံးသွင်းမှားမှုကိုလည်း ချက်ချင်းလက်ငင်း ပိတ်တော်မူမည်သာ ဖြစ်၏။ ခန္ဓာငါးခု အစုအဝေးသာဖြစ်သော ဤကိုယ်ပေါဝယ် ငါဟူ၍ လည်းကောင်း၊ ငါ့ဟာဟူ၍လည်းကောင်း မရှုထိုက်မစွဲလမ်းထိုက်သည်ကို ဟောပြတော်မူမည်သာ။

ဤတွင် ရာဟုလာသည် ခိုးထုပ်ခိုးထည်နှင့် တကွ ရောင်ဆွဲ၍ အဖမ်းခံလိုက်ရသော ခိုးသူကဲ့သို့ပင် သတိသံဝေဂ ကြီးစွာ ရပေလိမ့်မည်။ သတိသံဝေဂနှင့်အတူ နာယူလွယ်သော သဘောများလည်း ကပ်ပါလာသဖြင့် သစ်ပင်ရင်းမှာ ချန်နေရစ်ဟန် တူပေသည်။

ကျွန်ုပ်တို့ ဆွမ်းခံပြန်လာသောအခါတွင်ကား-သစ်ပင်ရင်းမှာ ရာဟုလာ မရှိတော့ပါ၊ လမ်းခွတ်လတ်က ပြန်သွားရသည်ဖြစ်၍ သူ့သပိတ်ထဲမှာ ဆွမ်းတဇွန်းမျှ ပါသွားမည် မဟုတ်ပါ။

[သဠာယတနသံယုတ်ရာဟုလောဝါဒသုတ်ပါဠိတော်နှင့်အဋ္ဌကထာ]

## ဆွမ်းမစားရသော ရာဟုလာ

ဆွမ်းစားကျောင်းပေါ်မှာ အဖော်များနှင့်အတူ ဆွမ်းစားနေယင်း ကျွန်ုပ်၏စိတ်များက ရာဟုလာထံရောက်နေကြ၏။ ကျောင်းခန်း

တွင်းမှာ တရားနှလုံးသွင်းလျက် ငြိမ်သက်စွာထိုင်နေသော ရာဟုလာသည် သည်ကနေ့အဖို့ ဆွမ်းတလုတ်မျှ မစားရသေးပါ။ သူ့ဆီ ဆွမ်းသွားပို့ရန် ခိုင်းတော်မူမည်လားဟု လည်တဆန့်ဆန့် လှမ်းကြည့်ရသော်လည်း ဘုရားရှင်ကား မည်သို့မျှမိန့်တော်မမူပါချေ။ ဘုရားရှင် မိန့်တော်မမူပဲနှင့်လည်း ကျွန်ုပ်တို့ မပို့ရဲပါ။ ရာဟုလာ ဆွမ်းမစားရသေးသည်ကို ဘုရားရှင်လည်း သိတော်မူမည်သာ။ သိပါလျက်နှင့် နှုတ်မမြွက်ပဲ နေတော်မူခြင်းမှာ အကြောင်းတခုခု ရှိ၍သာ ဖြစ်ပါလိမ့်မည်၊

## ဆွမ်းထက်သာသော အာဟာရ

ဆွမ်းစားတုန်းက တနုံ့နုံ့ တွေးလာခဲ့ရသော ထိုအကြောင်းကို ညနေချမ်းကျမှ ကျွန်ုပ် သိရပေတော့သည်။ ထိုနေ့နံနက်က ရာဟုလာသည် ဆွမ်းတည်းဟူသော ဘောဇဉ်ကို မစားရသော်လည်း ထိုထက်မွန်မြတ်သော ဘောဇဉ်တမျိုးကိုကား စားခဲ့ရပေသည်။ ထိုဘောဇဉ်ကို ပေးသော ပုဂ္ဂိုလ်ကား- သူ၏ ဥပဇ္ဈာယ်ဆရာ အရှင်မဟာ သာရိပုတ္တရာပါတည်း။

နံနက်ခင်းတုန်းက ဆွမ်းခံထွက်ကြရာတွင် အရှင်မြတ်ကြီးသည် သူ့ထုံးစံအတိုင်း နောက်ချန်၍ နေရစ်ခဲ့၏၊ ကျွန်ုပ်တို့ ထွက်လာချိန်တွင် ကျောင်းများကို လျှောက်၍ ကြည့်နေရစ်၏။ အမှိုက်သရိုက်ရှိလျှင် လှဲကျင်းသုတ်သင်ရန်နှင့် အထားအသိုမတတ်သော အသုံးအဆောင်များကို နေရာတကျ သိမ်းထားပေးရန် ဖြစ်ပေသည်။

သစ်ပင်ရင်းမှာ တရားနှလုံးသွင်းလျက် မလှုပ်မယှက် ထိုင်နေသော ရာဟုလာကို ကျွန်ုပ်တို့သည် အသာရှောင်၍ လာခဲ့ကြ၏။ သူ၏ ဖခမည်းတော် ကိုယ်တိုင်က ပေးထားခဲ့သော တရားဖြစ်၍ ကျွန်ုပ်တို့က တစုံတရာ ဝင်မစွက်သင့်၍ ဖြစ်ပေသည်။ သို့ရာတွင် အရှင်မဟာ သာရိပုတ္တရာကား - သူ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ကဲ့သို့ အသာအယာ ရှောင်မလာပဲ အာနာပါန ကမ္မဋ္ဌာန်းကို ပေးလိုက်သည် ဟူပါ၏။ မိမိ၏ ထွက်သက် ဝင်သက်တွင် အစဉ်သတိပြု၍ ကြည့်ရှုဆင်ခြင်ရသော ကမ္မဋ္ဌာန်းပင် ဖြစ်ပေသည်။

ရာဟုလာသည် ဆွမ်း ခံဖွယ် ဘောဇဉ် အစား အာနာပါန ဘောဇဉ်ဖြင့် ငြိမ်သက်စွာ နေခဲ့ကာ ညနေချမ်းမှာ ဘုရားရှင်ထံ ချဉ်းကပ်လာခဲ့၏။ ဤတွင် ကျွန်ုပ်နှင့်အတူ ဆုံမိကာ နံနက်က အကြောင်းများကို ဆွေးနွေးမိကြခြင်း ဖြစ်ပေသည်။

## အာနာပါနဖြင့် တရားမရသူ

ဥပဇ္ဈာယ်ဆရာအမိန့်ဖြင့် ရာဟုလာသည် အာနာပါန ကမ္မဋ္ဌာန်းဖြင့် တနေကုန် နေခဲ့သော်လည်း လိုအပ်သော ပန်းတိုင်သို့ကား ရောက်ခဲ့ဟန်မတူပါ။ ထို့ကြောင့် ထို ကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ သူ့စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေသည်ကို မေးလျှောက်ပါတော့သည်။

"အရှင်ဘုရား။ အာနာပါန ကမ္မဋ္ဌာန်းကို အကျိုးကျေးဇူး ကြီးမားစေရန် မည်သို့ ပွားများရပါသလဲ ဘုရား"

သားဖြစ်သူက သူ သိလိုနေသော အကြောင်းအရာကို မေးလျှောက်လိုက်၏။ သို့ရာတွင် သူ၏ ဖခမည်းတော်ကား - သား အလိုသို့ မလိုက်ပါချေ။ သားဖြစ်သူ မေးလျှောက်သော ကမ္မဋ္ဌာန်း ပွားများနည်းကို ဖြေကြားတော်မမူပဲ ထိုထက် အရေးကြီးသော ကမ္မဋ္ဌာန်းတို့ကိုသာ ဟောကြားတော်မူပေသည်။

## ဓာတ်ကြီးငါးပြား ဤကိုယ်မှာ

"ရာဟုလာ။ သင်သည် ငါဘုရား၏ ကိုယ်တော်နှင့် ဆက်စပ်ကာ 'ငါလည်း လှပတင့်တယ် ရှုမောဖွယ် ရှိပေစွ'ဟု ကိုယ့်ကိုယ်ကို ပြန်ချစ်နေခဲ့၏။ သင်ချစ်နေသော ကိုယ်ခန္ဓာသည်ကား - အမှန်အားဖြင့် ဆံပင်၊မွေးညှင်း စသော ရွံရှာဖွယ် အစုအဝေးတို့သာ ဖြစ်ဘိ၏။ အရင်းအမြစ်ကို စစ်ဆေးလျှင် ပထဝီဓာတ်နှင့် အာပေါဓာတ်ကို တွေ့ရ၏။ တေဇောဓာတ်နှင့် ဝါယောဓာတ်တို့က လွှမ်းခြုံရစ်သိုင်းကာ အာကာသဓာတ်များ ခြားလျက်ရှိ၏။ ဓာတ်ကြီး ငါးပါး အစုအဝေးသာ ဖြစ်သော ဤခန္ဓာကို 'ငါ'ဟူ၍လည်းကောင်း၊ 'ငါ့ဟာ'ဟူ၍လည်းကောင်း စွဲလမ်းစရာမရှိကြောင်းကို သင် ကောင်းကောင်း သိမြင်ထိုက်၏။

"ရာဟုလာ။ အညစ်အကြေးများနှင့် ပတ်သက်ဆက်ဆံရသော အခါ မြေ၊ရေ၊လေ၊မီးဟူသော ဓာတ်ကြီးလေးပါးတို့သည် ရွံရှာ စက်ဆုပ်ခြင်းမရှိ၊ ပကတိအတိုင်းပင် နေကြသကဲ့သို့ မိမိစိတ်ကိုလည်း ဓာတ်ကြီးလေးပါးနှင့် အလားတူစွာ ပကတိအတိုင်း ပွားများပါလျှင် ကြိုက်ခြင်း၊ မကြိုက်ခြင်း ဟူသော ဖဿတို့သည် သင့်စိတ်ပေါ်မှာ လွှမ်းမိုးလာနိုင်မည် မဟုတ်ပေ။

"ရာဟုလာ။ အာကာသကောင်းကင်သည် ဘယ်အပေါ်မှာမှ ရပ်တည် မှီတွယ်၍ မနေသကဲ့သို့ မိမိစိတ်ကိုလည်း အာကာသနှင့် အလားတူစွာ အမှီအတွယ်မရှာ၊ သူ့ဘာသာ လွတ်လပ်နေသည့် အတိုင်း ပွားများပါလျှင် ကြိုက်ခြင်း၊ မကြိုက်ခြင်း ဟူသော ဖဿတို့သည် သင့်စိတ်ပေါ်မှာ လွှမ်းမိုးလာနိုင်မည် မဟုတ်ပေ"

တကျာရာဂ ဗွက်အတာထဲသို့ မျက်စိလည်ကာ လျှောက်သွားခဲ့မိသော ရာဟုလာအား မဟာကရုဏာတော်ဖြင့် လမ်းကြောင်းပေါ် ဆွဲတင်တော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။

[မဇ္ဈိမပဏ္ဏာသ၊ မဟာရာဟုလောဝါဒသုတ်ပါဠိတော်နှင့်အဋ္ဌကထာ]

## နေအရုဏ်နှင့် ကြာပဒုံ

လမ်းကြောင်း မှန်သို့ ပြန်ရောက် လာသော ရာဟုလာသည် အသက်နှစ်ဆယ်ပြည့်သည်တွင် ရဟန်းဘဝရောက်လာခဲ့၏။ရဟန်းဖြစ်စ ရာဟုလာ၏ မျက်နှာသွင်ပြင်သည် ကြည်လင် သန့်ရှင်းလှ၏၊ ဖခမည်းတော်ထံမှ ခံယူရရှိခဲ့သော အဆုံးအမတို့ဖြင့် သာသနာ့ဘောင်မှာ မွေ့လျော်နေကြောင်း သက်သေကောင်းပင် ဖြစ်ပေသည်။ အရဟတ္တဖိုလ်ထိ ဆိုက်ရောက်စေနိုင်သော အခြေခံစိတ်ဓာတ်များ တဖျပ်ဖျပ်နှင့် နိုးကြားတက်ကြွနေပုံရပေသည်။

ငွားငွားစွင့်စွင့် ပွင့်ရမည့်ရက်ကို ငံ့လင့်နေခဲ့သော ရာဟုလာ ကြာပဒုံသည် တခုသော နေ့လယ်ခင်းတွင် နေရောင်ခြည်နှင့် အသင့်တွေ့ဆုံလိုက်ရပေသည်။

နေမင်း၏ အဆွေဖြစ်သော ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီး နောက် အန္ဓဝန်တောသို့ ကြွတော်မူ၏၊ရာဟုလာသည်လည်း နိသီဒိုင်ကို ပခုံးတင်လျက် နောက်တော်ပါးမှ ထက်ကြပ်မကွာ လိုက်ပါသွား၏။ ဟိုတခါ ဆွမ်းခံသွားတုန်းက ကဲ့သို့ပင် သူ့ရှေ့က တရွေ့ရွေ့ကြွသွားနေသော ရွှေတောင်ကြီးကို တစိမ့်စိမ့် ကြည့်လျက်ပါသွား၏။ သို့ရာတွင် ထိုရွှေတောင်ကြီးမှ တဆင့် သူ့လက် သူ့ခြေများကိုကား မကြည့်တော့ပါ။ရွှေတောင်ကြီးနှင့် ဆက်စပ်ကာ ရွှေတောင်ကလေး၏ လှပ တင့်တယ် ရှုမောဖွယ် အာရုံတို့ကို ခံမင်ဟန် မတူတော့ပါ။ နောက်တော်ပါးက လိုက်ပါယင်း တစိမ့်စိမ့် ကြည့်နေခြင်းမှာလည်း ငါ့ဖခမည်းတော် ဟူသော အတွယ်အတာကြောင့် ဟုတ်တော့မည် မထင်ပါ။ ပွင့်ခါနီးဆဲဆဲ အားခဲနေသော အသိဉာဏ်ကို ပွင့်လင်းအောင် အလင်းရောင် ပေးလတ္တံ့သော ကျေးဇူးရှင်ကြီးအဖြစ်ဖြင့် ကြည်ညို လေးစားမှုသာ ဖြစ်ပါလိမ့်မည်။

## ရဟန္တာအရှင်မြတ် ရာဟုလာ

ကျွန်ုပ် တို့၏ စိတ် နှလုံး ကို ရွှင်ပြုံးစေတတ်သော ရာဟုလာ၊ ဆရာသမားတို့ ဆုံးမစကားကို တသဒ္ဓဝမတိမ်း ခံယူတတ်သော ရာဟုလာ၊ သာသနာတော်ကြီး တခုလုံးက အရေးပေးထားပါလျက် ရောင့်တက်မာန်မူခြင်း ကင်းမဲ့ခဲ့သော ရာဟုလာ၊ ထိုရာဟုလာသည် သူလို ကိုယ့်လို အသိဉာဏ်မျှဖြင့် နောက်တော်ပါးမှ လိုက်ပါသွား၏။ အန္ဓဝန်တောအတွင်းမှ ပြန်လာသောအခါတွင်

ကား ခမည်းတော်၊ သားတော် နှစ်ပါးလုံးသည် အရဟတ္တဖိုလ်အားဖြင့် အဆင့်ချင်း တူညီ၍ လာကြပေတော့သည်။

## တရားနာယင်း နှလုံးသွင်း၍

ရာဟုလာအား အရဟတ္တဖိုလ်သို့ ရောက်အောင် ခေါ်ဆောင်တော်မူသော တရားကို ဟိုတခါက အစပျိုးတော်မူခဲ့၏။ ရရှိထားသော ခန္ဓာကိုယ်ပေါ်မှာ ငါဟူ၍ လည်းကောင်း၊ ငါ့ဟာဟူ၍လည်းကောင်း ယူစရာရစရာ မရှိပုံကို ဟောကြားတော်မူခဲ့၏။ ထိုသဘောများ ထင်ရှားစေရန်ဓာတ်ကြီး လေးပါးနှင့်အာကာသကောင်းကင်ကို ဥပမာပေးတော်မူခဲ့၏။

ယခု အန္ဓဝန်တောတွင်းမှာလည်း ထိုတရားသဘောတို့ကိုပင် ၆ မျိုး၊ ၅ ပုံ အသေးစိတ်၍ ဟောပြတော်မူပေသည်။

စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဉ်၊ ဖဿနှင့် ဝေဒနာ သညာသင်္ခါရဝိညာဉ်တို့ကို တပုံတည်းပြု၍ စက္ခုမှာ ၅ ပုံ၊ ထို့အတူပင် သောတ၊ ဃာန၊ ဇိဝှာ၊ ကာယနှင့် မနောဒွါရတို့မှာလည်း ၅ ပုံစီ စိတ်ဖြာမေးတော်မူ၏။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအားဖြင့် ဣန္ဒြေငါးပါးရင့်ကျက်နေပြီဖြစ်သော ရာဟုလာသည် အသေးစိတ်၍ မေးမြန်းတော်မူလေသမျှကို အချက်ကျကျ ဖြေဆိုယင်း နှလုံးသွင်း၍ နေခဲ့၏။ ထိုတရားအဆုံးမှာပင် သူ၏ရဟန်းကိစ္စလည်း ပြီးဆုံးခဲ့သည် ဟူပါ၏။

[သဠာယတနသံယုတ်၊ ရာဟုလောဝါဒသုတ်ပါဠိတော်နှင့်အဋ္ဌကထာ]

## သားတော်တိုင်းရရှိသော အမွေ

ငယ်ရွယ်စဉ်တုန်းကတော့ ရာဟုလာသည် မိမိတဦးတည်းသာလျှင် ဘုရားရှင့်သားတော်ဖြစ်သည်ဟု ထင်မှတ်ခဲ့၏။ ယခု ရဟန်းကိစ္စ ပြီးစီးချိန်မှာကား – ဖခမည်းတော်ကြီး ထံတော်ပါးဝယ် သားတော်တွေ မရေမတွက်နိုင်အောင် ရှိနေသည်ကို တွေ့လိုက်ရ၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ငါ့သွေးငါ့သား' ဟူသော သဘောဖြင့် ထူးထူးခြားခြား အခွင့်အရေး ပေးတော်မူခဲ့ခြင်း မဟုတ်ပါ။ မြောက်မြားလှစွာသော သားတော်များနှင့် ထပ်တူ ထပ်မျှ ဖခမည်းတော်၏မွေအမွေကို ပေးတော်မူခြင်းသာ ဖြစ်ပေသည်။

ယခုရရှိလိုက်သော အမွေသည် ဟိုယခင်တခါသူ့မယ်တော်က အတောင်းခိုင်းလိုက်သော အမွေများထက် အဆ ရာထောင်မက သာလွန်မြင့်မြတ်ကြပေသည်။ ဤအမွေကိုရသဖြင့် ဘဝတသက် တာတွင် ပူစရာမလို၊ နဂိုပကတိအတိုင်း စိတ်နှလုံးအေးချမ်းစွာ နေနိုင်သွားပေတော့မည်။ သုံးမကုန်၊ စွဲမကုန်နိုင်သော ရတနာ ရွှေအိုးကြီးများကို သည်တခါတော့ မတောင်းပဲနှင့် ရခဲ့ပါပြီ။ ထို့ကြောင့်–

"ရစ်မသည် မိမိဥကို မခွာမခွဲ အမြဲတမ်း စောင့်ရှောက်ဘိ သကဲ့သို့၊ စာမရီမည်သော သားသည် မြီးဆံတမျှင်မျှ မကျွတ်ရ အောင် စောင့်ရှောက်ဘိသကဲ့သို့ ဉာဏ်ပညာရင့်ကျက်၍ အကျင့် သီလ ပြည့်ဝ ကိုယ်တော်မူသော ရဟန်းမြတ်သည် ငါ့ကို စောင့် ရှောက်တော်မူခဲ့လေပြီတကား"

ဤသို့အားဖြင့် ရာဟုလာက မကြာခဏ ကျူးရင့်သီဆိုတတ်ပေသည်။

(ရာဟုလတ္ထေရာပဒါန်)

## သိက္ခာကာမ တေဒဂ်

ခမည်းတော်၏အမွေကို လက်ဝယ်ပိုင်ပိုင် ရလေပြီးသော ရာဟုလာသည် ဆရာသမားတို့၏ အဆုံးအမကို ချက်ချင်း လက်ငင်း နာယူကျင့်သုံးခဲ့သဖြင့် အကျင့်သိက္ခာ ချစ်မြတ်နိုးသောအရာဝယ် ဧတဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့ပါသည်။

[အင်္ဂုတ္တရအဋ္ဌကထာ၊ ဧကကနိပါတ်၊ ရာဟုလတ္ထေရဝတ္ထု]

# ညီတော် တိဿ

ပစ္စည်းဟူက သင်္ခါရ

သွေးသားရင်းချာရာဟုလာ၏ လာခြင်းကောင်းပုံ ဇာတ်လမ်းစုံကို မှတ်တမ်းတင်ပြီးနောက် ယခု ကျွန်ုပ်တို့ သွေးချင်းထဲမှ အခြား တဦးကို ပွဲထုတ်ပေးရပါဦးမည်။ သကျဂုဏ်ရောင် ထွန်းပြောင်စေ ခဲ့သော သြဒန ညီအစ်ကို ငါးယောက်တွင် 'အမိတာ' ဟူသော ညီမလေးတယောက် ရှိခဲ့ရာ ထိုညီမထွေးသည် ကျွန်ုပ်တို့၏ ပွဲတိုင်း ကျော် ကိုယ်တော်ကြီး တိဿ၏ မယ်တော်ပါပေတည်း။ သို့သော် သူ့သားတော်ကြီး သင်္ကန်းဆီးသည်ကိုကား - သူ့ခမြာ ဖူးမြင် မသွားလိုက်ရပါချေ။

၁၄၄၄

တိဿသည် ကျွန်ုပ်တို့ညီတော်ဖြစ်သော်လည်း အသက်အရွယ် အားဖြင့် ပြောလောက်အောင် ကွာခြားလှသည် မဟုတ်ပါ။ ကျွန်ုပ်နှင့် ကစားဖော် ကစားဖက် ဖြစ်၍ တသိုက်တဝန်းတည်း နေလာခဲ့ကြသော မိဘများ၏ အရိပ်အာဝါသတွင် အတူတကွ ကြီးပြင်းလာခဲ့သူပင် ဖြစ်ပါ၏။

ဤသို့ လူ့ဘဝတုန်းက အတူတကွနေလာခဲ့သော တိဿသည် ကျွန်ုပ်တို့ ရဟန်းဘောင် ဝင်လာသော အချိန်မှာကား လက်တွဲ ဖြုတ်၍ နေရစ်ခဲ့၏။ ညီတော်နန္ဒ၊ ညီတော်ဘဒ္ဒိယ၊ ညီတော် အနုရုဒ္ဓါမှ စ၍ ထင်ရှားကျော်ကြားသော သကျအမျိုးသားများ ရဟန်းပြု လာကြတုန်းကလည်း သူ မပါလာ။ သူ့တူကလေး ရာဟုလာ ရှင်ပြုတုန်းကလည်း သင်ခန်းစာကလေးသွေးပေးဖော်မှ မရခဲ့။ နောက် မဟာပဇာပတိ ဂေါတမီတို့တတွေ ထွက်လာကြ တုန်းကလည်း သူ့မှာတော့ အခြေအနေမပျက်။ သို့သော် အစဉ် သာဝရတည်တံ့လိမ့်မည်ဟု ထင်စားခဲ့သော စည်းစိမ်ဥစ္စာတို့သည် သူ့ကို စွန့်ခွာသွားကြသည်တွင်ကား - သူ ရပ်တည်ရာ မရတော့ ပါ။ ပစ္စည်းမရှိလျှင် သားမယားကပင် မလေးစားချင်တော့ပေ။ ရှိတုန်းက ရှိသလောက် ဂုဏ်မောက်ခဲ့ပြီးမှ ယခုတော့ လှလှကြီး ဒဏ်ခံရချေပြီ။ အဟုတ်တကယ် ကရုဏာသက်စွာ မေးလာ၊ မြန်း လာသည်ကိုပင် သူကတော့ လက်စားချေလာကြသည်ဟု ထင် ခဲ့၏။ သည်တော့ ကျယ်ပြောလှစွာသော လူ့ဘောင်လောကကြီး တွင် သူ့အတွက် တနေရာစာကလေးမျှ မရှိတော့ချေ။

ကောင်းပါပြီ ။သဒ္ဓါနှင့် လာလာ၊ ဘယာနှင့်လာလာ၊ လာ သမျှကို ကျွန်ုပ်တို့သာသနာတော်ကြီးက ကြိုဆိုလက်ခံလျက်သာ

ရှိပါသည်။ လာခဲ့စဉ်က အကြောင်း ကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ကိစ္စမရှိပါ။ အရေးကြုံလာသည့် အခိုက် သာသနာ့အရိပ်ခိုလှုံရကောင်းသိလျှင်ပင် တော်လှပါပြီ။သာသနာ့ ဘောင်ရောက်ပြီးနောက် ကောင်းကောင်း မွန်မွန် နေသွားလျှင် သာသနာတော်ကြီးအတွက်ရော သူ့အတွက်ပါ ကောင်းဖို့သာ ဖြစ်ပါသည်။

## အနေမတာတ အထိုင်မတတ်

သို့ရာတွင် လာခြင်းမကောင်းခဲ့သော ကျွန်ုပ်တို့ညီတော်သည် နေ တော့လည်း ကောင်းကောင်း မနေတတ်ပါချေ။ ကျွန်ုပ်တို့ သာ သနာဘောင်တွင် လူ့ဘောင်လောကမှ အရှိန်အဝါဖြင့် အခွင့် ထူးခံပုဂ္ဂိုလ်ဟူ၍ လုံးဝမရှိပါ။ မျိုးရိုးဇာတိ၊စည်းစိမ်ဥစ္စာ၊အတတ် ပညာတို့သည် သာသနာဘောင်မှာ မည်သို့မျှ အရာမရောက်ပါ။ နောက်ဆုံး ဈာန် မဂ်ဖိုလ်ရသော ရဟန်းတို့သည်ပင် သံဃာချင်း ချင်း ဆက်ဆံရေးတွင် အခွင့်အရေးထူးခြားမလာနိုင်ပါ။ရှိခိုးခြင်း၊ နေရာခင်းခြင်း၊ ခရီးဦးကြိုပြုခြင်း စသည်ဖြင့် သံဃာချင်းချင်း ပြု ကြရသော ဝတ်ကြီးဝတ်ငယ်များကို ထေရ်စဉ်ဝါလိုက်သာ ခံယူ ခွင့် ရှိပေသည်။

ဘုရားရှင် ခွင့်ပြုတော် မူခဲ့သည့် အတိုင်း မထေရ်ကြီးများက ဝတ်ကြီးဝတ်ငယ်ပြုစုမှုကို ခံယူကြရာတွင် ခံယူသူရော၊ ပြုစုသူပါ ကုသိုလ်ပွားကြရပါ၏။သို့သော် ခံယူခွင့်မရှိသူက အလိုက်ကောင်း ဆိုး မသိဘဲ ခံယူရန် ဟန်ဆောင်လိုက်သည်တွင်ကား ဇာတဝန်

ကျောင်းတော်တခွင်လုံး ပွက်ပွက်ညံ၍သွားရပါတော့သည်။ဤမျှ စကားကြောင်းလိုက်ရုံဖြင့် တရားခံ မည်သူဖြစ်မည်ကို ကျွန်ုပ်၏ ပရိသတ်များ ရိပ်မိကြပါရော့မည်။

## ဘယ်နေရာမှ ဟန်မရ

မှန်ပါသည်။ ရှင်တော်မြတ်၏ညီတော်၊ ကျွန်ုပ်တို့၏ညီတော် တိဿသည် လူ့ဘောင်လောကမှာတုန်းက ဆောင့်ကြွားကြွား နေလာခဲ့သလိုပင် သာသနာ့တော်တွင်း ကျတော့လည်း အပိုးမသေပါ။ လောလောဆယ်မှ အခြေအနေအရ သင်္ကန်း ဝတ်လာရသဖြင့် ကျောင်း တော် မှာ ရှိသမျှ ရဟန်းများသည် သူ ရှိခိုးစရာ၊ ဦးချ ဒူးချ အရိုအသေပြုစရာချည့်ဖြစ်နေ၏။သို့သော် သူက ရှိမခိုးချင်။ ဦးချ ဒူးချ အရိုအသေမပြုချင်။ “ငါသည်ကား ဘုရားရှင့် ဆွေမျိုးရင်းချာ” ဟူသော မာန်မာနဖြင့် မျက် နှာ ပြောင် တိုက် ၍ နေခဲ့၏။

ဤသို့ နေလာခဲ့ရုံဆိုပါက တစုံတရာ ပြဿနာပေါ်လာမည် မဟုတ်ပါ။ ရဟန်းသံဃာတော်များမှာ သူ့ အပြုအမူကို မနှစ်မြို့သော်လည်း မည်သို့မျှ ကဲ့ရဲ့ရှုတ်ချခြင်း မပြုကြပါ။ ဘုရားရှင် မျက်နှာတော်ထောက်၍ ခပ်မဆိတ် နေကြပေသည်။ တနေ့နေ့ သူ့နောင်တော်ကြီးဘုရား ကြားသိကာမှ ပြုပြင်ပေးတော်မူလိမ့်မည်ဟု နှလုံးပိုက်၍ထားကြပေသည်။ ဤသို့ နှလုံးပိုက်ထားသည့် ကြားကပင် ပြဿနာက ပေါ်မိအောင် ပေါ်လာခဲ့ပေသည်။

## ရဟန်းတွေတိုင်း တဝါကြီးချင်

ကျွန်ုပ်တို့ညီတော်တိဿသည် သူများကိုသာ ရှိမခိုးချင်သည်။ သူများရှိခိုးတာကိုတော့ ငမ်းငမ်းတက်ခံယူတော်မူချင်လေ၏။ သံဃာချင်း တွေ့ဆုံမိသည် ဆိုလျှင်ပင် သူက ထေရ်ကြီး ဝါကြီးသဖွယ် တင်ပလ္လင်ချိတ်တော်မူလိုက်ပြီဖြစ်၏။ သို့သော် ဇေတဝန်ကျောင်းနေ ရဟန်းများက သူ့လိုအင်ကို ဖြည့်မပေးကြပါ။ သူ့ရဟန်းခံချက်စွဲကို သိထားကြ၍ ပြုံးမျက်နှာ ကိုယ်စီဖြင့် ရှောင်၍ ရှောင်၍သာ သွားခဲ့ကြ၏။ ကျောင်းနေရဟန်းများက ဤသို့ရှောင်နိုင်ကြသော်လည်း အကြောင်းမသိရှာကြသေးသော အာဂန္တု ရဟန်းများမှာ တိဿရှေ့မှာ ရှိရှိသေသေ ထိုင်လာကြရပေတော့သည်။

နေရာကား-ဇေတဝန်ကျောင်းတော်အလယ်၊ အာဂန္တုရဟန်းများကို လက်ခံရာ၊ လာလာသမျှ ပရိသတ်တို့အား တရားဟောရာ ဓမ္မာရုံကြီး။ ထိုဓမ္မာရုံကြီး၏ဦးထိပ်ပိုင်းတွင် ခန့်ညားစွာ ခင်းကျင်းထားသောနေရာ။ ထိုနေရာထက်ဝယ် ရင့်ကျက်သော ဣန္ဒြေတော်ကြီးဖြင့် ခပ်တည်တည်ထိုင်နေသည်ကား ကျွန်ုပ်တို့၏ ကိုယ်တော်ကြီး တိဿ။

## တရားခံမှ တရားလိုသို့

တော်ပါသေးသည်။ အာဂန္တု ကိုယ်တော်များက အမေးအမြန်းစေသွားကြ၍ ရှိခိုးဦးချ မပြုလိုက်ကြရပါ။ မတန်မရာ တက်ထိုင်နေသော ကိုယ်တော်ကြီးတိဿကို တရားပလ္လင်မှ နှင်ချကာ ပြစ်တင်ကြိမ်းမောင်းရုံနှင့် ကိစ္စပြီးသွားကြပါပေသည်။

တရားလိုလုပ်ရမည့်ရဟန်းများက ဤသို့ ရပ်တန်းက ရပ်သွားကြပါလျက် တရားခံဘက်က မကျေအေးနိုင်သေးပါ။

"ငါတို့က ရေမြေ့ရှင်၊ ငါတို့က မင်းမျိုးမင်းနွယ်၊ ငါတို့လို ပုဂ္ဂိုလ်မျိုးကို သင်းတို့လို အုတ်ကြားပေါက်သည့် မြက်ခြောက် လူတန်းစားများက ရာရာစစ ငေါက်ရသလား၊ ငမ်းရသလား။ သင်းတို့တအုံလုံး၊ တပြုံလုံး သာသနာတော်ကြီးထဲက ယခု ချက်ချင်း ထွက်သွားစေရမည်။

ရှုံးရှုံး ရှားရှား ရေရွတ်လျက် တိဿသည် ဘုရားရှင်ရှိရာ လှမ်းထွက်သွားပါ၏၊ ငါတည်းဟူသောမာန်မာနဖြင့် သူတပါးကို ရန်လုပ်နေရသည့် ကြားကငင် မျက်ရည်သွင်သွင် စီးခဲ့ရ၏။ သူတပါးကိုရန်လုပ်မည်ဟုရည်ရွယ်ခဲ့သောသူ့မာနသည် ဦးစွာပထမ သူ့ကိုပင် ရန်လုပ်၍နေချေပြီ။

## အစွဲနာသူနှင့် အစွဲလွှတ်သူ

"တိဿ၊ ဘယ်အတွက်ကြောင့် မျက်ရည်စက်လက်၊ မသက်မသာ ဖြစ်ရပါသနည်း"

ဖြစ်ကြောင်းကုန်စင် သိမြင်တော်မူပြီးသော ဘုရားရှင်က အမှုမှန် ထင်ရှားစေရန် ဓမေးတော်မူလိုက်ရ၏။

"အရှင်ဘုရား၊ တောရွာဇနပုဒ်မှ ရောက်လာကြသော ဤရဟန်းများသည် တပည့်တော်ကို ငေါက်လားငမ်းလား ပြုလာကြပါသည်။ ဓမ္မာရုံပေါ်ကလည်း တပည့်တော်ကို နှင်ချကြပါသည် ဘုရား"

တိဿက ငိုတဝက် ရှိုက်တဝက်ဖြင့် လျှောက်ထား၏။ အာဂန္တု ရဟန်းများမှာလည်း သူ့နောက်က ထက်ကြပ်မကွာ ပါလာကြ၍ အလွယ်တကူ လက်ညှိုးထိုး၍ ပြနိုင်ပေသည်။

မခံမရပ်နိုင်လွန်းလှသဖြင့် မျက်ရည်စက်လက် ဖြစ်ခဲ့ရသော တိဿသည် အာဂန္တု ရဟန်းများနှင့် အတူ ရှေ့တော်မှောက် ရောက်လာရခြင်းကိုကား တိတ်တခိုးဝမ်းသာနေပုံရ၏။ လူ့ဘောင်လောကဝယ် ညီတော်သူနှင့် တစိမ်းတရံစာတို့ ခိုက်ရန်ဒေါသ ဖြစ်ကြလျှင် ညီဘက်မှကူကာ တစိမ်းလူကို ရန်မူစမြဲဖြစ်ရာ သူ့နောင်တော်ကြီးကလည်း သူ့ဘက်က လိုက်ပါ၍ တစိမ်း ရဟန်းများကို အပြတ်အသတ် နှိမ်နင်းတော်မူလိမ့်မည်ဟု မျှော်လင့်ထားဟန်တူ၏။ သို့သော် သူ့နောင်တော်ကြီးဘုရားသည် လူ့ဘောင် လောက အတွင်းမှ သာမန် လူသားတယောက် မဟုတ်တော့ပြီ။ လောကမှထွက်မြောက်ရာ လောကုတ္တရာ တရားရှင်ကြီး ဖြစ်နေပေပြီ။ ဆွေစွဲ မျိုးစွဲကို မသိထားနှင့်၊ မိမိ၏ ရုပ်နာမ်ခန္ဓာ မှာပင် အစွဲမဝင်၊ စိတ်ကြည်လင်နေသူသည် ညီဘပါးအတွက် တစိမ်းရဟန်းများကို နှိပ်စက်ကလူပြုပါမည်လော။ တကယ်တော့ ဖြင့် သာသနာ့အရိပ်အာဝါသအောက် ရောက်လာသူတိုင်းသည် ဘုရားရှင်၏ သွေးသားရင်းချာချည့်.မဟုတ်ပါလော။

## အစွဲလွှတ်သူ၏မေးခွန်းများ

"တိဿ၊ သင့်ထက် သိက္ခာကြီးသော ဤအာဂန္တု ရဟန်းတို့ကို ခရီးဦးကြို ပြုခဲ့ပါ၏လော"

အာဂန္တုရဟန်းများကို မည်သို့မျှ အပြစ်တင်တော် မမူပဲ ညီတော်တိဿ၏အပြစ်များကိုသာ ထင်ရှားအောင် မေးခွန်းထုတ်တော်မူပေသည်။

“တပည့်တော် မပြုမိခဲ့ပါဘုရား”

အထင်နှင့်အမြင် လွဲသွားပြီမို့ တိဿက စိတ်ပျက်အားငယ်စွာ လျှောက်လိုက်ရ၏။

“အာဂန္တုရဟန်းတို့၏ သင်္ကန်း ပရိက္ခရာတို့ကိုကော သိမ်း၍ ယူခဲ့ပါ၏လော”

“မယူခဲ့မိပါ ဘုရား”

“အာဂန္တုရဟန်းများကို သောက်ရေသုံးရေ ဆက်ကပ်ခဲ့ပါ၏လော”

“မဆက်ကပ်ခဲ့ပါဘုရား”

“နေရာထိုင်ခင်း ပြင်ဆင်ပေးခဲ့ပါ၏လော”

“နေရာထိုင်ခင်း ပြင်ဆင်မပေးခဲ့ပါဘုရား”

“လက်အုပ်ချီကာ ရှိခိုးခဲ့ပါ၏လော”

“လက်အုပ်မချီခဲ့ပါ၊ ရှိမခိုးခဲ့ပါ ဘုရား”

တိဿမှာ သံဃာ့ကျင့်ဝတ်ဟူ၍ ဘာတခုမျှ မဆောင်ရွက်ခဲ့သဖြင့် အမေးတော် ရှိသမျှကို ခေါင်းငုံ့လျက်သာ ဖြေနေရပေတော့သည်။

## တရားလိုမှ တရားခံသို့

“တိဿ၊ သာသနာ့ဝန်ထမ်း ရဟန်းမှန်လျှင် ဤကျင့်ဝတ်များကို သိတတ်ရမည်။ ကျင့်သုံးရမည်။ ဤကျင့်ဝတ်များကို မကျင့်သုံး

လျှင် ကျောင်းထဲမှာ မနေသင့်ပေ။ အပြစ်ကျူးလွန်ထားသော သင်ကိုယ်တိုင်က အပြစ်မရှိသော ဤရဟန်းများကို ရိုသေစွာ ရှိခိုး၍ ဝန်ချတောင်းပန်လော့”

အမှုသွား အမှုလာအရ တိကျစွာ ချမှတ်တော်မူလိုက်သော ဤအမိန့်တော်ကို ညီတော် တိဿသည် လွယ်သင့်တကူ မလိုက်နာခဲ့ပါ။ တောကျေးလက်မှ ရဟန်းများကို အခဲမကျေနိုင်သဖြင့် နောင်တော်ကြီးဘုရား၏ အမိန့်တော်ကိုပင် ဖီဆန်နေခဲ့၏။ ဤတွင် ဘုရားရှင်က ရန်လိုက ရန်ပိုပုံ၊ ရန်မလိုမှ ရန်ငြိမ်းပုံတို့ကို ဝတ္ထုသက်သေများနှင့်တကွ တရားပြတော်မူရ၏၊ ဤတွင်မှ သူတို့၏အမှုကိစ္စများ ပြေငြိမ်းသွားကြပေသည်။

[ဓမ္မပဒ အဋ္ဌကထာ၊ ယမကဝဂ်၊ တိဿတ္ထေရဝတ္ထု။ နိဒါနဝဂ် ဘိက္ခုသံယုတ်၊ တိဿသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

## မခိုင်မြဲသေးသော သဒ္ဓါ

တရားတကွင်း နားသွင်းလိုက်ရသဖြင့် တိဿသည် ရဟန်းတို့၏ ကျင့်ဝတ်များကို အထိုက်အလျောက် ကျင့်သုံးတတ်လာပါ၏။ အကြီးအငယ်၊ အလယ်အလတ် ရဟန်းအပေါင်းနှင့် သင့်မြတ်စွာ နေတတ်လာပါ၏။ သို့သော်လည်း သူ့စိတ်နှင့်သူကား သင့်မြတ်စွာ မနေနိုင်သေးပါ။ သာသနာ့ဘောင် ဝင်ရောက်လာချိန်ကပင် သဒ္ဓါသန့်သန့်နှင့် မဟုတ်ပေ။ ယခု သူ့နောင်တော်ကြီးဘုရား၏ တရားဒေသနာ ကြားနာရသည်တွင် သဒ္ဓါစိတ်ကလေး ကွန့်မြူးလာပါ၏။ ထိုသဒ္ဓါတွင် ပညာပါ ယှဉ်လာလျှင်ကား- အစဉ်

ထာဝရ ခိုင်မြဲ၍သွားပါလိမ့်မည်။ သို့ရာတွင် ထိုစဉ်ခိုက်မှာကား ပညာမဖက်၊ သဒ္ဓါသက်သက်မျှသာ ရှိသေးသဖြင့် သူ့ခမြာ ယောက်ယက်ခတ်၍ နေရပေသည်။

"အရှင်ဘုရားတို့၊ တပည့်တော်၏ ကိုယ်ခန္ဓာသည် လေးလံ သကဲ့သို့ ဖြစ်နေပါသည်။ အရပ်လေးမျက်နှာတို့ကိုလည်း အမှတ် အသား မပြုနိုင်တော့ပါ၊ တရားစာပေ သင်ယူခြင်း၊ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းများလည်း မပြုနိုင်တော့ပါ၊ တပည့်တော်၏ စိတ် သည်လည်း တွန့်တိုဆုတ်နစ်လျက် ရှိနေပါသည်။ သာသနာ့တာဝန် ထမ်းဆောင် နေ ရ သော် လည်း မမွေ့လျော်နိုင်ပါ။ သာသနာ့ တာဝန် ထမ်းဆောင်ခြင်းဖြင့် တရားရမှ ရပါ့မည်လားဟု နှလုံး နှစ်ခု သံသယဖြစ်နေရပါသည် ဘုရား"

မငြိမ်မသက် ယောက်ယက်ခတ်နေသော တိဿ၏ လက်သုံး စကားများ ဖြစ်ပေသည်။ စောစောကလို အပိုးမသေသော အပြု အမူများ မရှိတော့သော်လည်း ဤညည်းခြင်းကို ထပ်ကာတလဲလဲ ကြားနေရသဖြင့် ရဟန်းများမှာ နားငြီး၍နေကြရပေသည်။

## သူငါ့ရာစွက် အနေခက်

ယခု ညီတော် တိဿသည် ဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်များ အပေါ်မှာကား – တစုံတရာ သံသယ မဖြစ်မိ။ ပုဂ္ဂိုလ်ကို လေးစားသဖြင့် တရားကိုလည်း လေးစားပြီး ဖြစ်၏။ သို့သော် 'ဤတရားကို ငါ ရမှရပါ့မလား' ဟု 'ငါ' နှင့်

စပ်၍ တွေးလိုက်သည်တွင်ကား - သံသယဝင်လာပေတော့သည်။ တရားကို တရားအတိုင်း သန့်သန့်ရှင်းရှင်း မရှု မမြင်တတ်သေးသမျှ၊ ရှုတတ် မြင်တတ်အောင် သင်ကြားပေးသော ဆရာနှင့် မကြုံ မဆုံသေးသမျှ ဤသို့သော သံသယဝက်ပါတွင် ချာချာလည်နေကြရမည် ဖြစ်ပေသည်။

ညီတော်တိဿသည် သူ့ပါ ငါမနေ့၊ သူ့သဘောအတိုင်း ရှိနေသော တရားအပေါ်မှာ 'ငါ' စွက်ကာ တွေးမိသဖြင့် သံသယဝင်လာရချေပြီ။ 'တရားကို ငါ ရမှရပါ့မလား' ဟူသော သံသယအတွေးကို သာမန်မျှ သုံးသပ်လျှင် မိမိကိုယ်ကို သံသယဝင်သည်ဟု ထင်စရာရှိ၏။ သို့သော် သေသေချာချာ သုံးသပ်ကြည့်လျှင်ကား - 'ဤတရားကို ငါ ရမှရပါ့မလား' ဟု တွေးလိုက်မိသည်နှင့် တပြိုင်နက် သာသနာတော်ကြီး တခုလုံးကိုပါ သံသယဝင်ရာ ရောက်သွား၏၊ သာသနာ့ နယ်မြေ အတွင်းသို့ ချဉ်းနင်းဝင်ရောက်ရေးမှာ 'ငါ'တံခါးတရွက်ကို အောင်မြင်စွာ တွန်းဖွင့်နိုင်ရေးပင် မဟုတ်ပါလော။

သာသနာ့ဝန်ထမ်း ရဟန်းပြုခြင်းမှာ ဤဘဝ ဤခန္ဓာဖြင့် ဤသာသနာမှာ အပါလိုက်နိုင်ရေးအတွက်သာဖြစ်၏။ ကျွန်ုပ်တို့ ညီတော် တိဿသည် 'ငါ'တံခါးရွက်ကို ကိုယ့်ဘာသာ ဆွဲပိတ်မိသဖြင့် သာသနာ့ဘောင်မှာ မပျော်နိုင်အောင် ဖြစ်လာရခြင်းမှာ အဆန်းမဟုတ်ပါ။ အကြောင်းအားလျော်စွာဖြစ်ပေါ်လာရသော အကျိုးတရားများသာ ဖြစ်ပေသည်။

## 'ငါ' တံခါးကြီး ပွင့်ချိန်တန်

သူ့ရှေ့မှာ ပိတ်ကာထားသော 'ငါ' တံခါးရွက်ကို ကျွန်ုပ်တို့ တတွေကလည်း ဝိုင်းဖွင့်ပေးကြပါ၏။ စွမ်းအား ရှိသလောက် အထောက်အကူပေးကြပါ၏။ သို့သော် ကာယကံရှင် ကိုယ်တိုင်က သူ့တံခါးရွက်ကို ကန့်လန့်ထိုးကာ ပိတ်ထားသဖြင့် အရာမရောက် နိုင်ပါချေ။ ကျွန်ုပ်တို့အချင်းချင်းသံသယရှင်းအောင် မစွမ်းဆောင် နိုင်သည့်အဆုံးဝယ် ဘုရားရှင့်ထံ သတင်းပို့ကြရပေတော့သည်။

အချိန်မရောက်ခင်က လျစ်လျူရှုနေတော်မူခဲ့သော ဘုရားရှင် သည် အချိန်အခါရောက်လာသည်နှင့် သူ့ညီတော်ကိုခေါ်တော် မူကာ....

"တိဿ။ ရဟန်းတို့ လျှောက်ထားတိုင်း မှန်သလော"ဟု မေးစစ်တော်မူရာ....

"မှန်ပါသည်ဘုရား၊ တပည့်တော် သာသနာ့ဘောင်မှာမပျော် မွေ့ပါ။ တပည့်တော် တရားရမှ ရပါ့မလား ဟုလည်း သံသယ ဖြစ်နေရပါသည်ဘုရား"

ညီတော် တိဿက မကွယ်မထောက် လျှောက်ထားလိုက်၏။ ရှေ့တော်မှောက်သို့ရောက်သည့်တိုင်အောင်ပင် 'ငါ'တံခါးရွက်က ကန့်လန့်ခံနေတုန်းပင် ဖြစ်ပေသည်။

## တရားသွာရှိ 'ငါ'မရှိ

ညီတော်တိဿ၏စိတ်ထဲမှာ အရာရာ 'ငါ'ပါ၍ ရှုပ်ထွေးနေသော် လည်း တကယ်တော့ဖြင့် 'ငါ'ဟူ၍စွဲလမ်းစရာ ဘာတခုမျှရှိသည်

မဟုတ်ပေ။ တရားသိသည်၊ တရားရသည် ဆိုရာ၌လည်း တရားကို သူက သိသည် မဟုတ်။ သူက ငါက ရသည်မဟုတ်။ တရားကို တရားကသာ သိ၍ တရားရသည် ဆိုရာ၌လည်း တရားသာလျှင် ရှိပေသည်။ တနည်းအားဖြင့် အသိခံထဲမှာ သူငါမရှိ၊ တရားသဘောသက်သက်သာ ရှိသကဲ့သို့ အသိဉာဏ်ထဲမှာသည်း သူမပါ ငါမစွက် တရားသက်သက်သာ ရှိပေသည်။

တရားကို တရားအတိုင်း အမြင်မရှင်း၍ ရင်တွင်းမှာ ပူလောင်နေရသော ညီတော်တိုအား သူ့နှောင်တော်ကြီးဘုရားက ခန္ဓာငါးပါးကို အခြေပြုကာ အမြင်ရှင်း၍ ရင်တွင်းမှာ အေးမြစေရန် တရားပြတော်မူရပေသည်။

## 'ငါ'လုပ်သမျှ ဝဋ်ဒုက္ခ

"တိဿ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏ ဟူသော ခန္ဓာငါးပါးတို့ အပေါ်ဝယ် တွယ်တာကပ်ငြိမှု မကင်းပါလျှင် ထို ခန္ဓာငါးပါးတို့ ဖောက်လွဲဖောက်ပြန် ဖြစ်သောအခါ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ဆင်းရဲခြင်းပြင်းစွာ စိတ်ဝေဒနာ ခံစားရခြင်းတို့ ဖြစ်ပေါ်လာကြသည်မဟုတ်လော"

"ဖြစ်ပေါ်လာကြပါသည် ဘုရား"

"သာဓု-သာဓု-သာဓု တိဿ"

ငါမဟုတ်သော ခန္ဓာငါးပါးကို ငါလုပ်မိ၍ ငါ ဒုက္ခနှင့် တွေ့ရပုံကို ဟုတ်တိုင်းမှန်စွာ အဖြေပေးလိုက်သည့်အတွက် ဘုရားရှင်က သာဓုခေါ်တော်မူကာ....

## ''ငါ'' မလုပ်က ဒုက္ခကင်းကွာ

''တိဿ။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏ ဟူသော ခန္ဓာငါးပါးတို့အပေါ်ဝယ် တွယ်တာကပ်ငြိမှု ကင်းရှင်း ပါလျှင် ထိုခန္ဓာငါးပါးတို့ ဖောက်လွဲဖောက်ပြန် ဖြစ်သောအခါ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ဆင်းရဲပြင်းစွာ စိတ်ဝေဒနာ ခံစားရ ခြင်းတို့ ဖြစ်ပေါ်လာအံ့မည်လော''

''ဖြစ်ပေါ် မလာကြတော့ပါ ဘုရား''

''သာဓု...သာဓု တိဿ''

ငါမဟုတ်သော ခန္ဓာငါးပါးကို ငါမလုပ်လျှင် ငါ ဒုက္ခမှ ကင်းလွတ်ပုံကို ဖြေကြားလိုက်သည်တွင်လည်း ဘုရားရှင်က သာဓု ခေါ်တော်မူကာ ဆက်လက်၍....

''တိဿ။ ခန္ဓာ ငါးပါးတို့သည် နိစ္စလော၊ အနိစ္စလော''

''အနိစ္စ ဖြစ်ပါသည် ဘုရား''

''တိဿ။ ခန္ဓာ ငါးပါးသုံး အနိစ္စ ဖြစ်လေသောကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်းအပြင်၊ အကြမ်းအနု၊အယုတ် အမြတ်၊ အနီးအဝေး ဟူ၍ ဆယ့်တပါးသော အခြင်းအရာတို့ ဖြင့် ပေါင်းစည်းထားသော ခန္ဓာ ငါးပါးတို့အပေါ်ဝယ် ဤခန္ဓာ ငါးပါးသည် ငါ့ဟာမဟုတ်။ ဤခန္ဓငါးပါးသည် ငါမဟုတ်၊ ဤ ခန္ဓာငါးပါးသည် ငါ၏အတ္တမဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် ရှုမြင် အပ်၏''

''တိဿ၊ ဤကဲ့သို့ ရှုမြင်သော ငါဘုရား၏တပည့်သည် ခန္ဓာ ငါးပါးတို့၌ ငြီးငွေ့၏။ ငြီးငွေ့သော် တပ်ခြင်းကင်းရာ နိဗ္ဗာန်

ကို မြင်၏။ နိဗ္ဗာန်မြင်သော မဂ်ဉာဏ်၏နောက်ဝယ် လွတ်မြောက်ပြီးသော ဖိုလ်ဉာဏ် ပေါ်လာ၏၊ ဖိုလ်ဉာဏ် ပေါ်လာပြီးနောက် မိမိ၏ ဖိုလ်ဉာဏ်ကို ပြန်လည်သုံးသပ်သော ဉာဏ် ပေါ်လာ၏။ မဂ်လေးတန် ဖိုလ်လေးဆင့် မြင့်မြတ်သော အရိယာဉာဏ်ရပြီးသော် ပဋိသန္ဓေ နေစရာ ကုန်ပြီ။ ကျင့်စရာရှိသမျှ ကျင့်ပြီးပြီ။ ပြုစရာရှိသမျှ ပြုပြီးပြီ၊ နိဗ္ဗာန်ရရေးအတွက် အခြားတပါး ပြုစရာ၊ ကျင့်စရာ မရှိတော့ပြီဟု ဟုတ်တိုင်းမှန်စွာ သိလေတော့၏။

ဤတခါ၌ သာမုခေါ်သူမှာ ညီတော် တိဿဖြစ်၏။ နောင်တော်ကြီးဘုရား၏ မေးခွန်းများကို ဖြေကြားယင်း ငါ ဒုက္ခအပေါင်းမှ လွတ်မြောက်ရာ လမ်းစကို မြင်လိုက်ရပြီ မဟုတ်ပါလော။

## လမ်းညွှန်ပြရာ လျှောက်စမ်းပါ

"တိဿ၊ လမ်း ကျွမ်းကျင်သူ၊ လမ်း မကျွမ်းကျင်သူ ဟူ၍ ယောကျ်ားနှစ်ယောက် ရှိကြ၏။ လမ်း မကျွမ်းကျင်သူသည် လမ်း ကျွမ်းကျင်သူထံ ချဉ်းကပ်၍ လမ်းခရီးကို မေးမြန်းရာ "အို... မိတ်ဆွေ၊ လာပါလှည့်၊ ဤသည်ကား သင်သွားလိုရာ ရောက်သောလမ်းတည်း။ ထိုလမ်းအတိုင်း အတန်ငယ်သွားမိလျှင် လမ်းနှစ်ခွကို တွေ့လိမ့်မည်။ လမ်းနှစ်ခွရှိရာတွင် ဝဲလမ်းကို မလိုက်ဘဲ ယာလမ်းအတိုင်း လျှောက်သွားပါ။ ယာလမ်းအတိုင်းအတန်ငယ် လျှောက်မိလျှင် တောနက်ကြီးကို တွေ့လိမ့်မည်၊ ထိုမှတဖန်အတန်ငယ် သွားမိပြန်လျှင် ရွှံ့ဗွက်ကြီးကို တွေ့လိမ့်မည်၊ ရွှံ့ဗွက်ကြီးကို

ရှောင်ကွင်း၍ အတန်ငယ်သွားမိပြန်လျှင် ချောက်ကမ်းပါးကြီးကို ကွေ့ရှောင်၍ အတန်ငယ် ဆင်းသွားမိလျှင်ကား- မွေ့လျော်ဖွယ် ကောင်းသော မြေညီပြင်ကို တွေ့ရပေလိမ့်မည်''

လမ်းစကို မြင်ထားပြီဖြစ်သော တိဿအား နောင်တော်ကြီး ဘုရားက လမ်းကြောင်းတခုလုံးကို မျက်ဝါးထင်ထင် မြင်အောင် ပြတော် မူရပေသည်။ သို့ရာတွင် ဤလမ်းမှာ တကယ် လျှောက် ရမည့် လမ်း မဟုတ်သေးပါ။ သိလွယ်မြင်လွယ်အောင် ဆောင်ယူ ထားသော ဥပမာတရပ်သာ ဖြစ်ပေသည်။ သို့ဖြစ်၍....

''တိဿ၊ ဤဥပမာကို တရားသဘော ထိုးထွင်း သိမြင်စေရန် ငါဘုရား ပြဆိုထား၏။ ဥပမာ-ဥပမေယျ နှစ်ထွေနှစ်ရပ် ယှဉ်စပ် ၍ သိရန်ကား - ဤသို့ဖြစ်၏။ လမ်း မကျွမ်းကျင်သူ ဟူသည်မှာ ပုထုဇဉ်ပုဂ္ဂိုလ်၊ လမ်းကျွမ်းကျင်သူ ဟူသည်မှာ ကိလေသာတို့မှ ဝေးကွာပြီးသော ငါဘုရား။ လမ်းနှစ်ခွဟူသည်မှာ သို့လော- သို့လော တွေးတောဒွတ်သော ဝိစိကိစ္ဆာ။ လက်ဝဲလမ်းဟူသည် မှာ မဂ္ဂင်ရှစ်ပါး၏ ဆန့်ကျင်ဘက် မိစ္ဆာ မဂ္ဂင်ရှစ်ပါး။ လက်ယာ လမ်းဟူသည်မှာ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး။ တောနက် ကြီးဟူသည်မှာအဝိဇ္ဇာ။ အမြင်သာဒမှာ လှပသော်လည်း ကျမ်ိ လျှင် စုံးစုံးမြုပ်သွားတတ်သော ညွန်ပြောင်း အိုင်ကား ငါးဝ အာရုံ ကာမဂုဏ်။ ဦးစောက်ပြောင်းပြန် သည်းအူ လန့်လျက် ကျတတ်သော ချောက်ကမ်းပါးဟူသည်မှာ ချောင်းချောင်းထွက် သော အမျက်ဒေါသ။ မွေ့လျော်ဖွယ်ကောင်းသော မြေညီပြင် ဟူသည်ကား- ထိုဒေါသ၊ ထိုကာမ၊ ထို ဝိစိကိစ္ဆာတို့၏ လွတ် မြောက်ရာ နိဗ္ဗာန်ပင်ပေတည်း။

"တိဿ၊ သာသနာတော်မှာ ပျော်ပျော်ကြီး နေစမ်းပါ လော့။ နိဗ္ဗာန်ရောက်ရန် နည်းလမ်းမှန်ကို သေချာကျနစွာ ညွှန်ပြ ထားသော ငါဘုရား၏ အဆုံးအမ၊ ငါဘုရား၏ ချီးမြှောက်မှုဖြင့် သာသနာ့တာဝန်ကို ပျော်ပျော်ကြီး ထမ်းစမ်းပါလော့"

"မှန်ပါ၊ တပည့်တော် ပျော်ပျော်ကြီး ထမ်းပါတော့မည် ဘုရား"

## နောင်တော်မြတ်၏ ညီတော်တပါး

ဒေသနာတော် အဆုံးဝယ် ညီတော် တိဿက ပြုံးရွှင်စွာလျှောက် ထားလိုက်ပေသည်။ သာသနာ့ဘောင်မှာ မပျော်ပိုက်တော့သော ညီတော်တိဿကို နောင်တော်ကြီး ဘုရားသည် မပျင်းပါနှင့်ဟု ဆိုတော်မမူ။ တန်ခိုး အာဏာများကိုလည်း အသုံးပြုတော်မမူ။ "တရားကို ငါ ရမှရပါ့မလား"ဟူသော ငါစွဲ၊ ငါ ဒုက္ခမှ လွတ် မြောက်ရာသို့ လမ်းညွှန် ပြတော်မူလိုက်ခြင်းဖြင့် ညီတော်တိဿ အား သူ့ နောက်ပါးမှ ဖဝါးခြေထပ် ကပ်ပါလာအောင် ခေါ် ဆောင်တော် မူလိုက်ပေသည်။

ညွှန်ပြတော်မူသော လမ်းကြောင်းအတိုင်း မဆုတ်မနစ် အား သစ်သောစိတ်နှလုံးဖြင့် ရွှင်ပြုံးစွာ လျှောက်လာသည်တွင်ကား– နောင်တော်ကြီးဘုရား မျက်မှောက်တွင် လောကုတ္တရာ အသိမြတ် ဖြင့် ချဉ်းကပ်လာသော ညီတော်တပါး တိုးပွားရှိ လာပေသည်။

[ခန္ဓသံယုတ်၊ ထေရဝဂ်၊ တိဿသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

* * *

# နောင်တော်ကြီး မဟာနာမ်

## သံသာ့အလုပ်အကျွေး

ကျွန်ုပ်တို့ ညီတော်၊ နောင်တော်များတွင် နောင်တော်ကြီးမဟာနာမ်သည် အကြီးဆုံးဖြစ်၏၊ ကပိလဝတ်မြို့တော်သို့ ဦးစွာ ပထမ ဘုရားရှင် ကြွလာစဉ်ကပင် ဒသာနုညာဏ် အမြင်မှန်ရခဲ့သူ ဖြစ်၏။ ယခု သောတာပန်မှ တဆင့်တက်၍ သကဒါဂါမ် အဆင့်သို့ ရောက်နေပေပြီ။

[သုဒ္ဓပါစိတ်၊ မဟာနာမသိက္ခာပုဒ် အဋ္ဌကထာ]

သူ၏ညီတော်ရင်းချာ အနုရုဒ္ဓါ သာသနာဘောင်ရောက်လာရာတွင် သူ့ကျေးဇူး မကင်းဟုဆိုရပါမည်။ လုပ်၍ကိုင်၍ မပြီး

နိုင်၊ မဆုံးနိုင်သော လူ့လောက၏ လုပ်ငန်းဆောင်တာများကို သူ့ဆီမှ ကြားသိရ၍ သံဝေဂဖြစ်ကာ အနုရုဒ္ဓါသည် ကျွန်ုပ်တို့နှင့် အတူ ပါလာခြင်း ဖြစ်၏။ သို့သော် သူ့ကို ရဟန်းဘာဝ ရောက်အောင် အကျိုးဆောင်လိုက်သော နောင်တော်ကြီး ကိုယ်တိုင်ကား- လူ့ဘောင်လောကမှ မခွာနိုင်ပါချေ။ ဘုရား အမှူးရှိသော သံဃာတော်များအား ပြုစု လုပ်ကျွေးသော ဒကာကြီး တဦး အဖြစ်ဖြင့်သာ နေထိုင်ခဲ့ပေသည်။

## ဥပါသကာ၏ အရည်အချင်းများ

ဘုရားရှင်နှင့် တပည့်သံဃာများ ကပိလဝတ်မှာ ရောက်လာကြပြီဆိုလျှင် နောင်တော်ကြီးသည် အိမ်မှုကိစ္စများကို ဂရုမစိုက်တော့ပေ။ နံနက်ခင်းမှာ သံဃာတော်များ၏ ဆွမ်းကိစ္စနှင့် ပြီးစီးခဲ့၍ ညနေခင်းမှာကား- နိုဂြောဓာရုံကျောင်းတော်သို့ နေ့စဉ်လိုလို ရောက်လာတတ်၏။ သူ ရောက်လာပြီဆိုလျှင်လည်း မေးစရာ လျှောက်စရာ စကားလက်ဆောင်တခုခု ပါလာသည်သာ ဖြစ်ပေသည်။

“အရှင်ဘုရား။ ဥပါသကာ ဖြစ်ရေးအတွက် အဘယ်သို့သော အရည်အချင်း ရှိရပါမည်နည်း”

သုံးကြိမ်သုံးခါ ရိုသေစွာ ဝတ်ပြုပြီးသည်နှင့် ပါလာသော စကားလက်ဆောင်ကို နောင်တော်ကြီးက ဆက်ကပ် လိုက်လေသည်။

"မဟာနာမ်။ သရဏဂုံသုံးပါး ဆောက်တည်ခြင်းဖြင့် ဥပါသကာ ဖြစ်နိုင်ပေသည်"

ပထမဦးစွာ ဆက်ကပ်လာသော စကားလက်ဆောင်ကို ကျသို့သော အဖြေစကားဖြင့် ဘုရားရှင် လက်ခံတော် မူလိုက်သည်တွင် နောက်ဆက်တွဲ စကားလက်ဆောင်များလည်း အစီအရီ ထွက်ပေါ်လာကြပေသည်။

"အရှင်ဘုရား။ သီလရှိသော ဥပါသကာဖြစ်ရန် အဘယ်သို့သော အရည်အချင်း ရှိရပါမည်နည်း"

"မဟာနာမ်။ ငါးပါးပဉ္စသီ ခါးဝတ်ထည်ကဲ့သို့ မြဲမြံစွာ ဆောက်တည်ခြင်းဖြင့် သီလရှိသော ဥပါသကာ ဖြစ်နိုင်ပေသည်"

"အရှင်ဘုရား။ သဒ္ဓါရှိသော ဥပါသကာဖြစ်ရန် အဘယ်သို့သော အရည်အချင်း ရှိရပါမည်နည်း"

"မဟာနာမ်။ ငါဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်ခြင်းဖြင့် သဒ္ဓါရှိသော ဥပါသကာ ဖြစ်နိုင်ပေသည်"

"အရှင်ဘုရား။ စွန့်ကြဲဘတ်သော ဥပါသကာဖြစ်ရန် အဘယ်သို့သော အရည်အချင်း ရှိရပါမည်နည်း"

"မဟာနာမ်။ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ဝန်တိုဗိတ်ပင်ခြင်းကင်းစွာ နေထိုင်လျက် ပေးကမ်းစွန့်ကြဲမှု၌ မွေ့လျော်ခြင်းဖြင့် စွန့်ကြဲတတ်သော် ဥပါသကာ ဖြစ်နိုင်ပေသည်"

"အရှင်ဘုရား။ ပညာရှိသော ဥပါသကာဖြစ်ရန် အဘယ်သို့သော အရည်အချင်း ရှိရပါမည်နည်း"

"မဟာနာမ်။ နိဗ္ဗာန်ထိ သိမြင်နိုင်သော အရိယာဉာဏ် အမြင်မှန်ရခြင်းဖြင့် ပညာရှိသော ဥပါသကာ ဖြစ်နိုင်ပေသည်"

[မဟာဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာနမသုတ်]

## နောင်တော်ကြီး၏ စကားလက်ဆောင်

ကျောင်းတော်သို့လာလေတိုင်း စကားလက်ဆောင်တခုခု ပါလာတတ်သော နောင်တော်ကြီးသည် ထိုညနေကလည်း သူ့ထုံးစံကို မဖျက်ခဲ့ပါပေ။ ပါနေကျ လက်ဆောင်ကို ပါအောင် သယ်လာသည်သာ ဖြစ်၏။သို့ရာတွင် ထိုညနေကပါလာသော လက်ဆောင်မှာ ယခင်လက်ဆောင်များနှင့်မတူပါ။ ယခင်နေ့များမှာကဲ့သို့ သိလိုရာ အချက်အလက်တို့ကို ကောက်ကာ ငင်ကာ မေးရုံမျှ မဟုတ်တော့ပဲ ကပိလဝတ် မြို့တော်ထဲမှ ပြဿနာတခုလည်း အဆစ်ပါလာခဲ့ပေသည်။

"အရှင်ဘုရား။ယနေ့တပည့်တော်တို့ ဆွေမျိုးထဲမှာ သရဏာနိ သေဆုံးရာတွင် ဈာပနကိစ္စအတွက် စုဝေး ရောက်လာသူများက ကဲ့ရဲ့ သရော်ကြပါသည်။ 'အချင်းတို့ အံ့ဖွယ်ရှိပေစွ။ အချင်းတို့ မဖြစ်စဖူး ထူးကဲပေစွ။ ယခုအခါမှာ သောတာပန်မတည်သောသူဟူ၍ မရှိနိုင်တော့ပြီ။ သရဏာနိလို လူစားမျိုးကိုပင် ဘုရားရှင်က သောတာပန် ဖြစ်ပြီ၊ အပယ်တံခါး ပိတ်ပြီဟု မိန့်မြွက်တော် မူခဲ့သေး၏။ သရဏာနိကား သိက္ခာမရှိ၊ သီလမရှိ၊ သောက်သောက် စားစား လူ့မင်းသားတယောက်သာတည်း' ဟု စကားတင်းဆိုကြပါသည်ဘုရား"

## သောတာပန် အရိယာ

သောတာပန်၏ သဘောမှန်ကို ကျေကျေ ညက်ညက် သဘော မပေါက်ကြသေးသူများ၏ စကားလက်ဆောင်ကို တဆင့် ကပ်လှူ လိုက်ခြင်း ဖြစ်ပေသည်။

သောတာပန် ဟူသည် ဦးစွာပထမ အရိယာ စာရင်းဝင်သူ ဖြစ်၏။ သံသရာတလျှောက်လုံးက မသိနိုင် မမြင်နိုင်ခဲ့သော နိဗ္ဗာန် တရားတော်မြတ်ကြီးကို ဦးစွာ ပထမ မြင် လိုက် ရပြီမို့ သူ့ကို သောတာပန်ဟု ဆိုရ၏။ အထွတ်အမြတ်ဆုံး နိဗ္ဗာန် တရားတော် ကြီးကို ကိုယ်တိုင်ကိုယ်ကြပ်သိမြင်ထားသော ဉာဏ်ကို အကြောင်း ပြုကာ ထိုဉာဏ်၏ အရှင်ကိုလည်း အရိယာပုဂ္ဂိုလ်ဟူ၍လည်း ခေါ် ဆို ပညတ်ရပေသည်။

အရိယာပုဂ္ဂိုလ်ဟူသည်မှာ သိန်း သန်း ကုဋေ၊ မရေတွက်နိုင် သော လူများစုထဲမှ မပြောပလောက်သော လူနည်းစုကလေးသာ ဖြစ်၏။ ရှားရှားပါးပါး ဘုရားရှင်လက်ထက်တော်မှာမှ ပေါ်လာ ကြသဖြင့် ရတနာဟူ၍ အမြတ်တနိုး တန်ဖိုးထားကြရ၏။ ဤတွင် တန်ဖိုးကြီးလှသော ဤရတနာများ အားလုံးသည် အပြစ်အနာ အဆာ ကင်းကြပါ၏လော။

## တခုတည်းသော အမြိုက်နိဗ္ဗာန်

သူတို့တတွေ ကိုယ်စီကိုယ်င မျက်မှောက်ပြုခဲ့ကြသော နိဗ္ဗာန်သည် ဒုက္ခချုပ်ရာ အမှန်တရားဖြစ်၏။ သစ္စာထိုက်သော တရားဖြစ်၍

မည်သူ့ကိုမျှ မျက်နှာမလိုက်ပါချေ။ သူ့ဆီမှာခိုလှုံလာသူဟူသရွေ့အား ချမ်းသာစေကြောင်း အရိပ်ကောင်းကို ပေးသည်သာဖြစ်၏။ သူ့ဆီမှာတခဏခိုလှုံလျှင် တခဏချမ်းသာ၏။ ကြာကြာခိုလှုံလျှင် ကြာကြာချမ်းသာ၏။ ကြာကြာခိုလှုံရာမှ ဘာဝနာအား ကောင်းသွားလျှင် လောကဓံဟူသမျှကို မတုန်မလှုပ် ခံယူနိုင်စွမ်းရှိလာ၏။ ဤသို့ ပုဂ္ဂိုလ်အသီးသီး၏ဘာဝနာစွမ်းအားအလျောက် လောကဓံ ခံနိုင်စွမ်းအား ကွာခြားကြသော်လည်း နိဗ္ဗာန်ကို အာရုံပြုနေဆဲကာလအတွင်းမှာကား ငါသူတပါး ခွဲခြားမှု မရှိတော့ပါ။ ငါ သူတပါး မခွဲခြားသော စိတ်ဖြင့် အရိယာပုဂ္ဂိုလ် အသီးသီးတို့ မျက်မှောက်ပြုကာခံစားရသော အမြိုက်ရသာသည် ထပ်တူထပ်မျှ အေးမြသည်သာ ဖြစ်ပေသည်။

## လူသွားလေရာ အရိပ်မပါနိုင်

အေးမြလှစွာသော အမြိုက်ရသာသည် အရသာဟူသမျှတွင် အမွန်အမြတ်ဆုံးဖြစ်၏။ မနိုင်းယှဉ်အပ်သော အစွမ်းသတ္တိလည်း ရှိ၏။ မဂ်ဉာဏ် အသီးသီးတို့၏ ကိလေသာ ပယ်သတ်ခြင်းကိစ္စမှာ ဤအစွမ်းသတ္တိကို အမှီပြု၍ ပြီးမြောက်ရ၏။ သို့ရာတွင် ဤအစွမ်းသတ္တိသည် မိမိထံမချဉ်းမကပ်လာသောစိတ်များကိုကား မည်သို့မျှ အကျိုးမပြုနိုင်ပါ။ ခက်လက်ဝေဆာလှသော ညောင်ပင်ကြီးသည် မိမိအောက်မှာ မခိုမဝင်လာသူတို့အား သူတို့ သွားလေရာနောက်သို့ တကောက်ကောက်လိုက်၍ အရိပ်မပေးနိုင်သကဲ့သို့ပင် ဖြစ်၏။ သွားလေသူ သူရဏာနှင့် အတွက် ပြဿနာ တက်ရခြင်းမှာ ဤသဘောပင် ဖြစ်ပေသည်။

## အသိနှောက်မှာ ဘာဝနာမပါလျှင်

သရဏာနိသည် တရံရောအခါက ဤညောင်ပင်ရိပ်မှာ အေးမြစွာ ခိုလှုံခဲ့ဖူး၏။ ဤကဲ့သို့ တကြိမ်တခါ ခိုလှုံခဲ့ဖူးသည်ကို အခြေပြုကာ ဆက်ကာဆက်ကာနားခိုပါလျှင် ရာသက်ပန်အေးမြသွားမည် ဖြစ်ပါ၏။ ယခုလို ကွယ်လွန်သည့် အခါမှာလည်း ခြောက်ပြစ်ကင်းသော သူတော်စင်တပါး အဖြစ်ဖြင့် အားပါးတရ ဝိုင်းဝန်း ပူဇော်ကြမည်သာ ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့၏ သရဏာနိကား အေးမြစွာသော ညောင်ရိပ်သာမှာ ကြာရှည်စွာ မနားခိုခဲ့ပေ။ ဒဿနဉာဏ်နှောက်မှာ ဘာဝနာကိစ္စက ထပ်ကြပ်မကွာ ပါမလာခဲ့ပေ။ ထို့ကြောင့် သူ့ တသက်တာမှာ ကိလေသာ အပူဒဏ်တို့ကို မကြာခဏ ခံစားလာရ၏။ ကိလေသာ အရင်းခံသော လူ့ ကဲ့ရဲ့စရာ အဖြစ်များနှင့် ကြုံလာခဲ့ရ၏။ ထို့ကြောင့်ပင် သူ ကွယ်လွန်သောအခါမှာ ပြဿနာများ တန်းလန်းကျန်နေရခြင်းလည်း ဖြစ်ပေသည်။

## မသိလျှင်ပတ် သိလျှင်ပြတ်

ပြဿနာဟူသမျှ၏ အရင်းခံမှာ အဝိဇ္ဇာတရားပင် ဖြစ်၍ မသိသေးသည်နှင့်အမျှ တရစ်ပတ်ပတ် ရှုပ်ထွေးတတ်ပေသည်။

ဟုတ်တိုင်းမှန်စွာ မသိ၍ ရစ်လာပတ်လာသော ပြဿနာများတွင် အချို့မှာ ကြောင်းခြင်းရာ ကိုယ်၌က သိမ်မွေ့၏။ အသိရခက်၏။ အချို့ အကြောင်းအရာများကား - အသိရခက်လောက်

အောင် မဟုတ်ပါ။စေ့စေ့စပ်စပ် မသုံးသပ် မဝေဖန်ပဲ အလျင်စလို ပြောဆိုကြ၍သာ ပြဿနာ မဖြစ်သင့်ပဲ ဖြစ်ကြရပေသည်။ ယခု သရဏာနိ၏ ကိစ္စကား - တရားသဘောနှင့် ပတ်သက်နေ၍လည်း သိမ်မွေ့၏။ အသိရခက်၏။ ထိုအပေါ်မှာ အလျင်စလို ပြောဆို ခဲ့ကြ၍လည်း ပြဿနာပို၍ ကြီးလာရပေသည်။

မိမိဉာဏ်မမီသော ပြဿနာကို အလျင်စလို မပြောဆိုကြသေးပဲ ဘုရားရှင်ထံ လျှောက်ထားလာကြလျှင်ကား - ဤပြဿနာ၏ အဖြေကို ရေလည်စွာ ကြားနာကြရပါလိမ့်မည်၊အကြောင်းတခုခုနှင့် ကျောင်းတော်လာရန် အခက်အခဲရှိနေလျှင်လည်း ကိစ္စ မရှိပါ။ ဤသို့သော ပြဿနာကို သိမ်မွေ့စွာ အဖြေပေးနိုင်သော ဒေသနာတော်များ ထင်ရှားစွာ ရှိနေပါပြီ။

## ရတနသုတ် ဒေသနာတော်များ

"ထိုသောတာပန် ပုဂ္ဂိုလ်သည် ဒဿနဉာဏ် အမြင်မှန် ရလိုက်သည်နှင့် တပြိုင်နက် သုံးပါးသော တရားတို့ကို ပယ်စွန့်ပြီးဖြစ်၏။ သုံးပါးသော တရားတို့ကား - ခန္ဓာငါးပါးကို ငါဟု ယူစွဲသော သက္ကာယဒိဋ္ဌိ၊ သစ္စာလေးပါး စသည်၌ ယုံမှားတတ်သော ဝိစိကိစ္ဆာ၊ ပညာမပါ၊ မချမ်းသာသော အကျင့်များဖြင့် နိဗ္ဗာန် ချမ်းသာ ခံစားရမည်ဟု ယူစွဲသော သီလဗ္ဗတပရာမာသဒိဋ္ဌိတို့ပင် တည်း။ ထို သောတာပန်ပုဂ္ဂိုလ်မှာ ကိလေသာ အကြွင်းအကျန် ကား ရှိသော်လည်း အပါယ်လေးပါးမှ လွတ်ပြီ ဖြစ်၏။ အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ သက်တော် ထင်ရှား

ဘုရားရှင်အား သွေးထွက်သံယိုဖြစ်အောင် ပြုခြင်း၊ သံဃာ သင်းခွဲခြင်း ဟူသော အနန္တရိယ ကံကြီးငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိ၊ ဤခြောက်ပါးသော တရားတို့ကိုလည်း မပြုတော့ပြီတည်း။

"ထိုသောတာပန်ပုဂ္ဂိုလ်သည် ကာယဝစီ မနော သုံးပါးသော ဒွါရတို့ဖြင့် မကောင်းမှုကိုကား ပြုပါသေး၏။ သို့သော် ထိုသောတာပန်ပုဂ္ဂိုလ်သည် ထိုမကောင်းမှုကို ဖုံးလွှမ်းခြင်း မပြုတော့ပါ။ ထိုသဘောကို နိဗ္ဗာန်မြင်ပြီးသော ဘုရားရှင် ကိုယ်တော်တိုင်က ဟောကြားတော်မူခဲ့ပေသည်။

"မြေ၌ မြဲမြံစွာ စိုက်ထားသော တံခါးတိုင်သည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာကြသော လေတို့ကြောင့် မယိမ်းမယိုင် ဘိသကဲ့သို့ အရိယာ သစ္စာလေးပါးတို့ကို ကိုယ်တွေ့ ဉာဏ်မြင် အသိယှဉ်ပြီးသော-သောတာပန် သူတော်ကောင်းကို ထို တံခါးတိုင်နှင့် တူ၏ ဟူ၍ ငါဘုရား ဟောကြားတော်မူပေသည်"

## သောတာပန်၏ ဂုဏ်အင်္ဂါများ

ရတနသုတ်တော်လာ ဤဒေသနာတော်တို့သည် ဤ ပြဿနာ အတွက်အချက်ကျသော ဖြေရှင်းချက်များ ဖြစ်၏။ နိဗ္ဗာန်တည်း ဟူသော ညောင်ရိပ်သာမှ ထွက်ခွာသွားသဖြင့် ကိလေသာ အပူဒဏ်ကို ခံစားရသော်လည်း သောတာပန် ပုဂ္ဂိုလ်သည် အရိယာ ဇာတ်ကိုကား-စွန့်ခွာမသွားတော့ပါ။တရားသဘောနှင့် ပတ်သက်၍ သူ့မှာ ယုံမှားသင်္ကာ ဖြစ်စရာ မရှိတော့ပါ။ ပြုပြင်၍ မရနိုင်-

သော ဖြစ်မှုကြီး ခြောက်မျိုးကိုလည်း မပြုမှားတော့ပါ။ ဤသည်မှာ တကြိမ်တခါမျက်မှောက် ပြုခဲ့ရသောနိဗ္ဗာန်တရားတော်ကြီး၏ အာနိသင် ဖြစ်ပေသည်။ မျက်စိအပေါ်မှာ တိမ်သလ္လာ အမြေး အယှက်တို့ မရှိတော့သဖြင့် သူ့အဖို့ နိဗ္ဗာန်နှင့် ပတ်သက်၍ အတွေးခက်စရာလည်း မရှိတော့ပါ။ တကြိမ်တခါ ခံစားရဖူးသော အမြိုက်ရသာကို စိတ်ညွှတ်ရုံဖြင့် ရရှိခံစားနိုင်ပေသည်။ သောတာပန် ပုဂ္ဂိုလ်၏ နိဗ္ဗာန်နှင့် ပတ်သက်၍ ထိုကဲ့သို့ အသိခိုင်မြဲသော သဘောကိုပင် ဘုရားရှင်က တံခါးတိုင်နှင့် ဥပမာ ပြုတော် မူခဲ့ပေသည်။

## ရတနာသုံးပါး ဂုဏ်တော်ကြောင့်

နောင်တော်ကြီး မဟာနာမ်က ဤပြဿနာကို တဆင့် လျှောက်ထားနေခြင်းမှာ ရတနသုတ် ဒေသနာတော်တ်ကို သတိမပြုမိ၍လေလား။ သို့မဟုတ် ရွှေနှုတ်တော်မှ ဖွင့်ဟလာမည့် ဒေသနာတော်တို့ကို ကြားချင် နာချင်သေး၍လား မသိပါ။ မည်သို့ပင် ဖြစ်စေ၊ သူ့လျှောက်ထားသဖြင့် ကျွန်ုပ်ထိန်းသိမ်းထားသော ဘဏ္ဍာတိုက်ကြီးတွင် ရတနာတမျိုးကား- တိုးပွား လာရသည် သာ ဖြစ်ပေသည်။

ဘုရားရှင်သည် နောင်တော်ကြီးထံမှ တဆင့်ပါးလိုက်သော စကားလက်ဆောင်ကို လက်ခံတော်မူကာ-

"မဟာနာမ်၊ သကျအမျိုးသား သရဏာနိသည် ရတနာ သုံးပါး၌ ဆည်းကပ်သော ဥပါသကာ ဖြစ်နေသည်မှာ ကြာခဲ့ပြီ။

သူသည် ဘုရား၊တရား၊ သံဃာတို့ကို ကိုးကွယ်သူဖြစ်၏။ ထိုသူသည် အဘယ်မှာ အပါယ်လားပါမည်နည်း"

ဤသို့ မိန့်တော်မူကာ သရဏာနိန္နင့် ထပ်တူ အပါယ်လေးပါး လားရန် မရှိတော့သော အရိယာပုဂ္ဂိုလ်များကို စာရင်းချ၍ ပြတော်မူ၏။ ထိုမှ ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ-

## လယ်မြေညံ့နှင့် မျိုးစေ့ညံ့

"မဟာနာမ်။ သိလွယ် မြင်လွယ်အောင် ပမာဆောင်၍ ပြရသော် လယ်မြေကလည်း ညံ့လှစွာ၏။မျက်နှာပြင် မညီညွတ်။ ဆားပေါက်၏။သစ်ငုတ်ခလုတ်များ ဒင်းကြမ်းရှိနေ၏။ထိုလယ်မြေညံ့မှာ ကြဲချသော မျိုးစေ့ကလည်း-အကျိုးအကြေ၊ အဆွေးအအောက်ဖြစ်၏။ လေပူ နေပူမိထား၏။ အနှစ်အသား မရှိ။ လုံခြုံရာမှာ သိမ်းထားခြင်း မရှိ။ လယ်မြေနူးနပ်သွားလောက်အောင် မိုးကလည်း မရွာ။ ဤအခြေအနေတွင် ဤမျိုးစေ့သည် အပင်ပေါက်ကာ ရှင်သန်ကြီးထွားပါမည်လော"

"ရှင်သန်ကြီးထွားခြင်း မဖြစ်နိုင်ပါ ဘုရား"

"မဟာနာမ်။ ဤဥပမာအတိုင်းသာလျှင် မှတ်ယူသင့်၏။ သာသနာတော်ပြင်ဘက်က တရားများသည် လယ်မြေညံ့နှင့် တူ၏။ ထိုတရားကို လိုက်နာ ကျင့်သုံးသူတို့ကား-မျိုးစေ့ညံ့များ ဖြစ်ကြပေသည်"

"မှန်ပါ၊ သဘောပေါက်ပါပြီ အရှင်ဘုရား"

## လယ်မြေကောင်းနှင့် မျိုးစေ့ကောင်း

"မဟာနာမ်။ ထိုမှအပြန် နှိုင်းယှဉ်ရန် ရှိသည်မှာ-လယ်မြေကလည်း ကောင်းလှ၏။ မျက်နှာပြင် ညီညွတ်၏။ ဆားပေါက်ခြင်း မရှိ။ သစ်ငုတ်ခလုတ် ကုန်စင်အောင် တူးပြီးဖြစ်၏။ ထိုလယ်မြေကောင်း မှာ ကြဲချသော မျိုးစေ့ကလည်း အကောင်းစားဖြစ်၏။ ကျိုးခြင်း ကြေခြင်း ဆွေးခြင်း အောက်ခြင်း မရှိ။ လေပူ နေပူ အမိမခံရ။ အနှစ်အသားပြည့်၏။ လုံခြုံစွာ သိမ်းထားအပ်၏၊ လယ်မြေနူးနပ် သွားလောက်အောင် မိုးကြီး သည်းစွာရွာ၏၊ ဤအခြေအနေတွင် ဤမျိုးစေ့သည် အပင်ပေါက်ကာ ရှင်သန်ကြီးထွားပါမည်လော"

"မှန်ပါ၊ ရှင်သန် ကြီးထွားကြပါလိမ့်မည် ဘုရား"

"မဟာနာမ်။ ဤ ဥပမာ အတိုင်းသာလျှင် မှတ်ယူ သင့်၏။ သာသနာတော်တွင်းက တရားသည် လယ်မြေကောင်းနှင့် တူ၏။ ထိုတရားကို လိုက်နာကျင့်သုံးသူတို့ကား-မျိုးစေ့ကောင်းများ ဖြစ်ကြပေသည်။ ဤသို့ လယ်မြေကောင်းနှင့် မျိုးစေ့ကောင်းတို့ ဆုံဆည်းကြရာဝယ် သရဏာနိသည် အဘယ့်ကြောင့် မပါဝင်ပဲ ရှိနိုင်ပါအံ့နည်း။ သရဏာနိသည် သေခါနီးအချိန်တွင်ကား သီလ၊ သိက္ခာနှင့် ပြည့်စုံခဲ့ပေသည်"

## မခေါ်ပင့်ချေ ရောက်လေသပေ

နိဗ္ဗာန်တရားကို မျက်ဝါးထင်ထင် မြင်ခဲ့ပြီးသော သရဏာနိသည် တလျှောက်လုံး မေ့မေ့ပျောက်ပျောက် နေလာခဲ့၏။ အဆိုး

လောကဓံများ၏ အရိုက်အပုတ် မခံရပဲ သက်တောင့် သက်သာ နေလာခဲ့ရသဖြင့် နိဗ္ဗာန်တရားကို အားကိုးရန် သတိမပြုခဲ့မိ၊ နိဗ္ဗာန်တရားကို မေ့လျော့၍ရခဲ့သော်လည်း မရဏာရှင် သေမင်းကိုကား-သူမေ့ထား၍ မရပါ။ ကိုယ့်ကိုယ်ကို သေဦးမည် မထင်ပဲ သေပွဲဝင်ကြရသော လူများစွာတို့ နည်းတူပင် သရဏာနို၏ ရှေ့မှောက်သို့လည်း မရဏာရှင်သေမင်းက မမျှော်မလင့် မခေါ်ပင့်ရပဲ ရောက်လာတော့ချေပြီ။

## ခလုတ်ထိမှ အမိတ

အခြား လောကဓံများမှ သက်သာခွင့်ရခဲ့သော သရဏာနိအား ဤလောကဓံကြီးကတော့ သက်ညှာခွင့် ပေးတော့မည် မဟုတ်ချေ။ မျက်ရည်စက်လက်နှင့် တောင်းပန်သော်လည်း သနားလိမ့်မည် မဟုတ်ပေ။ သူ့အချိန်နာရီစေ့သည်နှင့် တပြိုင်နက် သူ့တကိုယ်လုံးကို ဝါးမျိုတော့မည် ဖြစ်၏။ ဘယ်မှာ ပြေးပြေး ဒေးလမ်းမမြင်တော့ခါမှ သရဏာနိသည် အားကိုးရာရှာခဲ့၏။ သူလိုချင်ရာရာကို ဘာမဆို ပေးနိုင်ကြသော ရွှေငွေ ရတနာများသည်လည်းကောင်း၊ သူ့အလိုလိုက်၍ သူ့အကြိုက် ဆောင်ခဲ့ကြသော အိမ်သူ အိမ်သားများသည် လည်းကောင်း ဤစစ်ပွဲတွင် ပါဝင်ကူညီခွင့် မရကြပါ။ ဤကမ္ဘာ မြေပြင်၌ သူ့ကို ကူညီမည့်သူမှာ သူမှတပါး အခြား မရှိတော့ပါ။ သူ့စိတ်သန္တာန်ဝယ် တကြိမ်တခါက အေးမြ ငြိမ်သက်စွာ ခံစားခဲ့ရဖူးသော နိဗ္ဗာန်မှ တပါး အခြား အားကိုးရန် မရှိတော့ပါ။ ဤ နိဗ္ဗာန်တရားကိုလည်း သူ

ကိုယ်တိုင် မျက်မှောင်ပြုခဲ့ဖူးပြီဖြစ်၍ သို့လော သို့လော တွေးတော နေရန် မရှိတော့ပါ။ ကြုံလာရသော ဘေးဒုက္ခကြီးနှင့် နှိုင်းယှဉ် ကာမှ ဘေးရန် ကင်းကွာ မြိုက်ချမ်းသာ၏ ဂုဏ်ကျေးဇူးကို သူ ကောင်းကောင်းကြီး သတိရလာပေလိမ့်မည်။ ဤသို့ သတိရလာ ခြင်းသည်ပင် မိုးကြီး သည်းစွာ ရွာချလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

လယ်မြေကောင်းမှာ ကြဲချထားသော မျိုးစေ့ကောင်းသည် မိုးရွာလျှင် အပင်ပေါက်လာသကဲ့သို့ သရဏာနိ၏ သီလသိက္ခာ တို့လည်း ပြည့်ပြည့်ဝဝ ရှင်သန် ကြီးထွားလာကြ ပေလိမ့်မည်။ သောတာပတ္တိဖိုလ်ပညာနှင့် ယှဉ်စပ်သဖြင့် ထိုသီလကို အဓိသီလ ဟု ခေါ်ဆိုရပေလိမ့်မည်။

နောင်တော်ကြီးအား ဟောကြားသော တရားဒေသနာ ရတနာတို့ကို လုံခြုံစွာ သိမ်းဆည်းလျက် ရတနာတို့၏ အရည် အသွေးကို ကျွန်ုပ် ဘာသာ အကဲခတ်၍ ကြည့်နေမိပေသည်။

[မဟာဝဂ်၊သောတာပတ္တိသံယုတ်၊ပထမ၊ဒုတိယသရဏာနိသုတ်]

## ပွဲတိုင်းကျော် ကိုယ်တော်များ

နောင်တော်ကြီး မဟာနာမ်နှင့် ပတ်သက်ရာ ပတ်သက်ကြောင်း များကို ပြန်ပြောင်းတင်ပြရာတွင် ပွဲတိုင်းကျော် ကိုယ်တော်များ အကြောင်းများလည်း မပါလျှင် မဖြစ်သေးပါ။ နောင်တော်ကြီး ကလည်း လူကြီးပီပီ မသင့်တာ၊မတော်တာ မြင်လျှင် ရေငုံနှုတ် ပိတ် မနေတတ်။ ပြောခွင့် ဆိုခွင့် ရှိတိုင်း ပြောတတ် ဆိုတတ်၏။ အခြားတဘက်မှ ဆဗ္ဗဂ္ဂီရဟန်းများကလည်း ပြောစရာနှင့် ဆိုစရာ

ချည့်။ သက်န်းဝတ်ပုံ၊ ရိုပုံများက မသေသပ်။ နေပုံ၊ ထိုင်ပုံ၊ ပြော ဆိုပုံတို့ကလည်း ရဟန်းတို့နှင့် လားလားမျှ မသင့်လျော်။ မသင့် မလျော် လုပ်မိ၍ အပြောအဆို ခံရသည်တွင် မိမိကိုယ်ကို ပြုပြင် သွားကြလျှင်ကား ကောင်းလေစွ။ သို့ရာတွင် ဆဗ္ဗဂ္ဂီတို့ကား ပြုပြင်ဖို့ နေနေသာသာ၊ အပဲ့မှာ ဆားထိသကဲ့သို့ ထွန့်ထွန့်လူး၍ သွားကြ၏။ ငါတို့ကို စီးစီးပိုးပိုး ပြောရန်ကော ဟု ရန်ငြိုးများ ထားလာကြ၏။ တွေ့တိုင်း မြင်တိုင်း ပြောစရာ ဆိုစရာကိုမှ ကြံကြံ ဖန်ဖန် တွေ့တာဘ်၊ မြင်တတ်သော ဒကာကြီးအား လှုလှုပပ လက် စားချေရန် အချက်ကို ရှာကြ၏။ ဤတွင် နောင်တော်ကြီး၏ ခနုစဉ်နေ့တိုင်း ပြုနေကျ အလှူဝတ်တခုကို တွေ့လာကြပေသည်။

[သုဒ္ဓပါစိတ်၊ မဟာနာမ သိက္ခာပုဒ်]

## မြင်းစာကို ရိက္ခာပြု၍

ဤအလှူဝတ်သည် ဝေရဉ္စာမှာ ဝါကပ်ခဲ့ရခြင်းနှင့် ဆက်စပ်လျက် ရှိ၏။ ဝေရဉ္စ ဗြာဟ္မဏကြီး၏ လျှောက်ထားချက်အရ သူ့မြို့မှာ ဝါကပ်ခဲ့ရာ ကျွန်ုပ်တို့သည် ဒုဗ္ဘိက္ခန္တရ ကပ်ကြီးနှင့် တိုးခဲ့ရ၏။ ဒိုက်လေသမျှ ကောက်ပင်များ ပိုးကျကုန်သဖြင့် လယ်တောတခွင် ဘယ် ကောက်ရိုးမျှင်များသာ ရှိကြ၏။ မြို့သူ မြို့သားတို့မှာ ကျန် ကောင်း ကျန်ရာ စားရေရိက္ခာကလေးများကို စာရေးတံ ချ၍ ဝေပုံကျ ရသမျှလေးကိုသာ မသေရုံ စားနေကြရ၏။ ဤ အခြေ အနေတွင် ကျွန်ုပ်တို့ မြို့ထဲမှာ ဆွမ်းခံရန် မဖြစ်နိုင်သဖြင့် မြင်း ကုန်သည်တို့ထံ ချဉ်းကပ်ကြရပေသည်။

ဥတ္တရာပထ တိုင်းသား မြင်းကုန်သည် တို့သည် ရောင်းစရာ မြင်းငါးရာနှင့်တကွ ကျွန်ုပ်တို့နည်းတူ ဝေရဉ္စာမှာ မိုးခိုနေကြ၏။ တမိုးတွင်းလုံး စတည်းချနေကြရမည်ဖြစ်၍ မြင်းစာ၊ လူစာ ရိက္ခာ အပြည့်အစုံ ပါလာကြ၏။ သို့ရာတွင် ရဟန်း သံဃာများနှင့် နေဖူးနေစ မရှိကြသေးသဖြင့် ဆွမ်းရပ်လာကြသော ကျွန်ုပ်တို့အား ဆွမ်းကို မလောင်းပဲ မုယောဆန်များကိုသာ တပါးလျှင် တစလယ်ကျ လောင်းလှူကြ၏။ တရက်မဟုတ်၊ နှစ်ရက်မဟုတ်။ တဝါတွင်းလုံး လောင်းလှူကြခြင်း ဖြစ်ပေသည်။

အကျဉ်းအကျပ် ကာလမျိုးတွင် ဤရွှေဤမျှ သဒ္ဓါတရား အားကြီးစွာ လောင်းလှူကြသဖြင့် ကျွန်ုပ်တို့ကလည်း မည်သို့မျှ မဝေဖန်ပဲ လှူသမျှသာ ခံယူလာခဲ့ကြ၏။ ခံယူလာပြီး၍ ကျောင်းပြန်ရောက်လျှင်ကား ကျောက်ဆုံတို့ ညံညံစီကြပြီ ဖြစ်ပါ၏။

ရလာသော မုယောဆန်တို့ကို ကျွန်ုပ်တို့မှာ သည်အတိုင်းစား၍လည်း မဖြစ်။ ဆွမ်းဖြစ်အောင်ချက်ကြစို့ ဆိုတော့လည်း ရဟန်းများမို့ ကိုယ်တိုင်ချက်ခွင့်မရှိ။ ဤတွင် စား၍လည်းဖြစ်စေ၊ အပြစ်လည်း လွတ်စေဟု ကျောက်ဆုံမှာ အမှုန့်ကြိတ်၍ စားသောက်ကြရပေသည်။

ကျွန်ုပ်သည် ရလာသော မုယောဆန် တစလယ်ကို အများနည်းတူ အမှုန့်ကြိတ်ကာ မိမိအတွက်အနည်းငယ်ချန်၍ ဘုရားရှင်ထံ ဆက်ကပ်ရ၏။ မြိန်မြတ်သော ခဲဖွယ်ဘောဇဉ်များ ဘုဉ်းပေးရစဉ်ကကဲ့သို့ပင် မုယောဆန်မှုန့်များကိုလည်း ငြိမ်သက်စွာ ဘုဉ်းပေးတော်မူပေသည်။

[ပါရာဇိကကဏ္ဍ၊ ဝေရဉ္စကဏ္ဍ]

## ရေစီးတခါ ရေသာတလှည့်

ဝေရဠာမှာတုန်းက ဤသို့ စားရေးသောက်တာ ချို့တဲ့ခဲ့ရသည်ကို ကာမိစေရန် နောင်တော်ကြီးသည် ဘုရားရှင်ထံခွင့်ပန်၍ သံဃာတော်များအား လေးလတိုင်တိုင် အထူးတလည် ပြုစုလုပ်ကျွေး၏။ ထောပတ်၊ဆီဦး၊ဆီ၊ ပျားရည်၊ တင်လဲ ဟူ၍ ငါးပါးသော ဆေးပစ္စည်းတို့ကို အလိုရှိတိုင်း အလှူခံ၍ ဘုဉ်းပေးကြရန် လျှောက်ထား၏။ရဟန်းများသည် စောစောပိုင်းမှာ အပ်မအပ်မသိသေး၍ အလှူမခံပဲ နေကြသေး၏။ နောက်မှ ဘုရားရှင်ကိုယ်တော်တိုင်က 'လေးလ ပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ကြားခြင်းကို အလှူခံခွင့်ပြု၏'ဟု အမိန့်တော်ရှိသဖြင့် အလှူခံကာ ဘုဉ်းပေးကြပေသည်။

ခွင့်ပြုတော်မူချက်အရ မိမိနှစ်သက်ရာကိုအလှူခံကာ ဘုဉ်းပေးကြသော်လည်း နောင်တော်ကြီး၏ ဆေးပစ္စည်းများက မကုန်နိုင်မခန်းနိုင်ပါ။ ရဟန်းများ ဘုဉ်းပေးသည်က ခပ်နည်းနည်း။နောက်ထပ် ရောက်၍ရောက်၍လာသော ဆေးပစ္စည်းများက အလျှံပယ်။ ဤတွင် နောင်တော်ကြီးသည် နောက်ထပ်လေးလ လှူခွင့်ရရန် လျှောက်ရ၏။ နောက် လေးလနှင့်လည်း အရာမထင် သေး၍ ရာသက်ပန်လှူခွင့်ရရန် လျှောက်ထားရပြန်၏။ ဤ လျှောက်ထားချက်ကို ခွင့်ပြုတော်မူခါမှ ဆဗ္ဗဂ္ဂီတို့အတွက် အကွက်ဆိုက်လာကြပေတော့သည်။

## အိုး၍သော်လည်း စလောင်းမရှိ

ပြောခဲ့လေသမျှ၊ဆိုခဲ့လေသမျှကို သည်တခါ လှလှကြီး လက်စားချေမည်ဟု သူတို့သည် သပိတ်ကိုယ်စီဖြင့် ပစ္စည်းလေးပါး ဒကာ

ကြီးထံ ချဉ်းကပ်လာကြကာ "ဒကာကြီး။ ထောပတ်တစိတ်သား အလိုရှိပါ၏" ဟု မြွက်ဆိုကြ၏။ တကယ် အသုံးလို၍ ဆိုလျှင် ထောပတ် တစိတ်သား တောင်းရန် မရှိပါ။ တကွမ်းစားမျှ ကုန်အောင် ဘုဉ်းပေးနိုင်သော ရဟန်းပင်မရှိပါ။ သို့ပါလျက် ဤကဲ့သို့ ခတန်တဆ တောင်းခြင်းမှာ သက်သက် အရွဲ့တိုက်လိုက်ခြင်းသာ ဖြစ်ပေသည်။

ဆဗ္ဗဂ္ဂီတို့၏ တုံ့ပြန်မှုကို အရိယာ သာဝကကြီးက ကောင်းကောင်းကြီး ရိပ်မိပါလိမ့်မည်။ သို့သော် သဒ္ဓါလက်ကိုင်ခိုင်မြဲပြီးဖြစ်၍ အလှူခံပုဂ္ဂိုလ်တို့ကို မည်သို့မျှမဝေဖန်ပဲ "အရှင်ဘုရားတို့။ ယနေ့ အရှင်ဘုရားတို့အလှူခံသလောက် မရှိသေး၍ ခွင့်လွှတ်တော်မူပါဘုရား။ အလုပ်သမားများသည် နွားခြံသို့ ထောပတ်ယူရန် သွားနေကြဆဲဖြစ်ပါသည်။ ရောက်လာသည့်အခါမှ လှူဒါန်းပါရစေ ဘုရား"

အလှူရှင်က ချေချေငံငံ လျှောက်ထားသည်ကိုပင် အလှူခံ ပုဂ္ဂိုလ်များက လက်မခံနိုင်ကြပါ။ နေဥင်တော်ကြီး၏ လျှောက်ထားချက်ကို ခါးသီးစွာ ငြင်းပယ်လျက်-

"ဒကာကြီး။ လှူချင်တန်းချင်စိတ် အဟုတ်တကယ် မရှိပါပဲလျက် တော်စွလျော်စွ ဖိတ်ကြားထားဘိ၏။ ဖိတ်ကြားထားသည့် ပစ္စည်းကိုလည်း မလှူပါချေတကား" ဟု ကဲ့ရဲ့ရှုတ်ချကြ၏။ သူ့ထက်ငါ ဝိုင်း၍ ရန်တွေ့ကြတော့၏။

ဤအကြောင်းခြင်းရာ ရွှေနားတော်အထိ ပေါက်ကြားသွားချိန်တွင်ကား-

"ကျန်းမာသောရဟန်းသည် တဖန်ဖိတ်ကြားခြင်း၊အမြဲတမ်းဖိတ်ကြားခြင်းမရှိလျှင် လေးလအတွင်း ဆေးပစ္စည်းများကို အလှူခံခွင့်ရှိ၏။ထိုကာလထက်ပို၍ အလှူခံလျှင် ပါစိတ်အာပတ်သင့်၏"

နောင်တော်ကြီး မဟာနာမ်ကို အကြောင်းရင်းခံကာ ပညတ်တော် မူရသဖြင့် ဤသိက္ခာပုဒ်ကို 'မဟာနာမသိက္ခာပုဒ်' ဟူ၍ အမှတ်အသား ပြုကြရပေသည်။

[သုဒ္ဓပါစိတ်၊ မဟာနာမသိက္ခာပုဒ်]

## ဆက်ရန် ရှိပါသေးသည်

ဆိုခဲ့ပြီးသည့်အတိုင်း နောင်တော်ကြီးသည် ခမည်းတော် ရှိစဉ်ကပင် ဘုရားရှင်ထံ ရင်နှီးစွာ ချဉ်းကပ်လာခဲ့၏။သွေးသား နီးစပ်မှုကြောင့်မဟုတ်ပဲ ကျေးဇူးရှင်မို့ ကျေးဇူးတင်သောသဘောဖြစ်၏။ ယခုတော့ ကပိလဝတ် နန်းတော်ကြီးမှာ ခမည်းတော်ကြီး မရှိတော့ပြီ။ သူကိုယ်စား ထမ်းရွက်နေသည့် ဘဒ္ဒိယလည်း ရဟန်းပြုပြီးလေပြီ။သို့ဖြစ်၍ ကျန်ရစ်သော ဆွေတော်မျိုးတော်များထဲမှ ကျွန်ုပ်တို့နောင်တော်ကြီးသာ မားမားမတ်မတ် ရှိပေတော့သည်။

သကျတို့၏ရှေ့မှ မားမားမတ်မတ် ရပ်ပါသော်လည်း သကျတို့၏ ကံကြမ္မာကို မတော်လှန်နိုင်သော နောင်တော်ကြီး၏ ဖြစ်ရပ်ဇာတ်လမ်းများကို နောက်ပိုင်းအခန်းများကျမှတင်ပြရပါဦးမည်။

# အာနန္ဒာဗောဓိ

## ကျွန်ုပ်၏ ကောင်းမှု

ငွေလမင်းကြီးကို ဗဟိုပြု၍ ကြယ်တာရာသို့ ထင်ရှားသော အရှင်မြတ်များအကြောင်း တော်တော်စုံအောင် တင်ပြခဲ့ပါပြီ။ မောင်တော်ကြီးများနှင့် ထပ်တူထပ်မျှ သာသနာ့တာဝန် ထမ်းဆောင်နေကြသော နှမသည်များ၏ အာဇာနည် စိတ်ဓာတ်ကိုလည်း ဖော်ကျူးခဲ့ပါပြီ။ သာသနာ့ အကျိုးတော်ဆောင် ဒကာကြီး၊ ဒကာမကြီးများ၏ ဂုဏ်ကျေးဇူးကိုလည်း ထုတ်ဖော် ချီးကျူးခဲ့ပါပြီ။ ထိုပုဂ္ဂိုလ်အပေါင်းနှင့် ထပ်တူ ထပ်မျှ ကျွန်ုပ် ချစ်မြတ်နိုး

ရပါသော အရာတခုကို ယခု ကျွန်ုပ် တင်ပြပါဦးမည်။ ထိုအရာကား-ကျွန်ုပ် စိုက်ပျိုးထားသော ဗောဓိပင် ဖြစ်ပါသည်။

## ကျောင်းဆောင်များချည်း ကျန်ခဲ့သည်

ဤဗောဓိပင် စိုက်ပျိုးရန်အကြောင်း ဖန်လာသည်ကား ဤသို့ ဖြစ်၏။ အစစအရာရာ ပြည့်စုံစွာ ရှိနေသော်လည်း ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်မှာချည့် စွဲမြဲ၍ မနေပါ။ ဝေနေယျ အပေါင်းအား တရားဖြင့် ချီးမြှောက်နိုင်ရန် နယ်တကာ၊ ရပ်တကာ လှည့်လည်တော်မူသည်သာ ဖြစ်၏။ ဘုရားရှင် ကြွတော်မူလျှင် သံဃာတော်များလည်း အတူ ပါသွားကြ၏။ ဤတွင် ဇေတဝန် ကျောင်းတော်ကြီးသည် ဟာတိဟာတာ ကျန်ရစ်ခဲ့၏။ သံဃာတော်များ ရှိစဉ်က စည်ပြည်ခဲ့သလောက် သံဃာတော်များ မရှိသည်နှင့် ခြောက်သယောင်းသွားတော့၏။ ကျောင်းတော်သို့ လာနေကျ တကာ တကာမများမှာ မလာပဲ မနေနိုင်၍သာ လာကြရ၏။ လာခဲ့ပြန်တော့လည်း စိတ်မချမ်းမြေ့ကြပါ။ ကျောင်းထဲရောက်၍ ပန်းနံ့သာ ပူဇော်စရာ ရှာမတွေ့။ ဘုရားရှင့် ကိုယ်စား ကိုးကွယ်ရာဟူ၍ ဘာမျှ မရှိ။ ပါလာသော ပန်းနံ့သာများကို ဂန္ဓကုဋိ တိုက်ဝမှာ စုပုံ၍ ထားခဲ့ကြရ၏။ အမြတ်တနိုး ယူလာကြရသော ပူဇော်ဖွယ်ပစ္စည်းများကို ထိုက်ထိုက်တန်တန် မပူဇော်ရပဲ ဖြစ်ကတတ်ဆန်း ပစ်ထားခဲ့ရသဖြင့် သူတို့ ကျေနပ်မှု မရနိုင်ကြပါ။

တကာ တကာမအပေါင်းကို ကိုယ်စားပြု၍ ဤ အကြောင်းများကို ကျောင်းတကာကြီး အနာထပိဏ်က စိကာပတ်ကုံး

လျှောက်ထား၏။ ကျောင်းတကာကြီးသည် ကျွန်ုပ်နှင့် ခင်မင်ရင်းနှီး၏။ ကျွန်ုပ်ကလည်း ဘုရားရှင်နှင့် အနီးစပ်ဆုံး ဖြစ်၏။ ထို့ကြောင့် တကာ တကာမတို့၏ လိုလားချက်ကို ရွှေနားတော် မြန်မြန်ပေါက်လေအောင် ကျွန်ုပ်ထံ လျှောက်ထားလာခြင်း ဖြစ်ပေသည်။

## စေတီသုံးမျိုး

အားကိုးတကြီးနှင့် လျှောက် ထား လာ သည့် အတိုင်း ကျွန်ုပ်ကလည်း ဘုရားရှင်ထံ ချက်ချင်းပင် ဝင်ရောက်ကာ-

"အရှင်ဘုရား-အလေးအမြတ် ပူဇော်အပ်သော စေတီ မည်မျှ ရှိပါသနည်း" ဟု လျှောက်ထားလိုက်၏။ လိုရင်းကို မလျှောက်သေးပဲ အခြေခံမှစတင်လိုက်ရခြင်း ဖြစ်ပါသည်။

"အာနန္ဒာ။ ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ စေတီသုံးမျိုး ရှိပေသည်"

ဘုရားရှင်ကလည်း သိလိုရာကို ဖြေကြားတော်မူပါသည်။ ဤတွင် ကျွန်ုပ် အားတက်သရောဖြစ်ကာ-

"အရှင်ဘုရား၊ သက်တော်ထင်ရှား ရှိနေတော်မူစဉ်မှာ စေတီ အားလုံးကို တည်ထား၍ ရနိုင်ပါမည်လော"

"အာနန္ဒ။ စေတီ အားလုံးကို မရနိုင်ပေ။ ဓာတုစေတီသည် ငါဘုရား ပရိနိဗ္ဗာန်စံပြီးမှ ဖြစ်နိုင်၏။ ဥဒ္ဒိဿက စေတီကလည်း

ယခုအခါ အထည်ဝတ္ထု မထင်ရှားသေး၍ လေးစားလောက်အောင် မရှိသေးပါ။ ငါဘုရား အသုံးပြုခဲ့သော မဟာဗောဓိပင်ကား-ငါဘုရားရှိစဉ်မှာလည်း စေတီထိုက်နေ၏။ လေးမြတ်ကော်ရော် ပူဇော်ထိုက်၏''

"အရှင်ဘုရား။ အရှင်ဘုရားနှင့် တကွ သံဃာတော်များ ကြွသွားကြသောအခါ ဇေတဝန် ကျောင်းတော်ကြီးမှာ ကိုးကွယ်ရာ မရှိ ဖြစ်ရစ်ပါသည်။ မဟာဗောဓိပင်မှ မျိုးစေ့ကို ဆောင်ယူ၍ ဇေတဝန် ကျောင်းတော်တံခါး အနီးမှာ တပည့်တော် စိုက်ပျိုးပါရစေ ဘုရား''

''ကောင်းပြီ အာနန္ဒာ။ စိုက်ပျိုးပေလော့။ ဤသို့ဆိုလျှင် ဤဇေတဝန်ကျောင်းတော်တွင် ငါဘုရား အမြဲတမ်းနေသကဲ့သို့ စိုစို ပြည်ပြည် ဖြစ်ရစ်ပေလိမ့်မည်''။

## ဗောဓိပင်စိုက်ပျိုးပွဲ

ဤသို့ ခွင့်ပြုမိန့်ကျလာသဖြင့် ကျွန်ုပ်သည် ဗောဓိပင် စိုက်ပျိုးရေးကို လုံးပန်းရတော့သည် ကောသလမင်းကြီး၊ ကျောင်းတကာကြီး အနာထပိဏ်၊ ဝိသာခါနှင့် တကွ လက်လှမ်းမီသမျှသော တကာတကာမများထံ အကူအညီ တောင်းတော့သည်။ သူတို့၏ အကူအညီဖြင့် ဇေတဝန်ကျောင်းတော် တံခါးအနီး၌ ဗောဓိပင် စိုက်ပျိုးရန် ကျင်းတူးခြင်းကိစ္စ ပြီးစီးသွားပေသည်။ မဟာဗောဓိပင်မှ မျိုးစေ့ရရေးအတွက် အရှင်မဟာ မောဂ္ဂလာန်ကို ပန်ကြားရပေသည်။

အရှင်မဟာ မောဂ္ဂလာန်သည် မဟာဗောဓိပင်ထက်မှ သူ့အလိုလို ကြွေကျလာသော အသီးမှည့်ကို မြေမရောက်ခင် သင်္ကန်းနှင့် ခံယူ၍ ကျွန်ုပ်ထံပေးခဲ့၏၊ မျိုးစေ့ရလာသော ထိုနေ့တွင် ဗောဓိစိုက်ပျိုးပွဲ ကျင်းပရန် ကောသလ မင်းကြီး အား အကြောင်းကြားရပေတော့သည်။

အစီအစဉ်ချမှတ်ထားသည့်အတိုင်း နေချိုသောညနေခင်းတွင် ကောသလမင်းကြီး ရောက်လာခဲ့၏။ ဗောဓိစိုက်ပျိုးပွဲကို ဂုဏ်ပြုသော အားဖြင့် အခြွေအရံပရိသတ်များ ခါတိုင်းထက်ပို၍ သိုက်မြိုက်လှ၏၊ ဝိသာခါနှင့် ကျောင်းဒကာကြီးအနာထပိဏ်တို့လည်း မိသားစုအစုံအသင်၊ ဝတ်စားတန်ဆာ အစုံအလင်ဖြင့် ရောက်ရှိလာကြ၏။

ပရိသတ်ဗိုလ်ပုံ စုံလင်သောအခါ ကျွန်ုပ်သည် အသင့်တူးထားသော ကျင်းထဲတွင် ရွှေဖျဉ်းအိုးကြီးကို ချလိုက်၏။ ရွှေဖျဉ်းအိုးကြီးထဲသို့ နံ့သာပေါင်းစုံ ထုံမွမ်းထားသော ရွှံ့မြေများကို ထည့်လိုက်၏၊ ထို့နောက် ဗောဓိသီးကို ချလိုက်ရန် ကိစ္စကိုကား ကျွန်ုပ်ကိုယ်တိုင် မဆောင်ရွက်တော့ပါ။ ဒကာ-ဒကာမများ ကိုးကွယ်ရန် စိုက်ပျိုးရသည်ဖြစ်၍ ဒကာ-ဒကာမအပေါင်း၏ အကြီးအမှူးဖြစ်သော ကောသလမင်းကြီးထံ ကမ်းလှမ်းလိုက်ရ၏၊ ကမ်းသင့်သော ဗောဓိသီးကို မင်းကြီးက လက်လှမ်း၍ ယူပါ၏။ သူ့လက်ထဲမှာ အကြာကြာ မချီ၍ထားပါ၏။ ထို့နောက် သူကိုယ်တိုင် မစိုက်ပျိုးတော့ပဲ အနာထပိဏ်သူဌေးထံသို့ တဆင့်ကမ်းလိုက်ပါတော့သည်။

## မင်းစည်းစိမ်နှင့် သဌေးစည်းစိမ်

ပေါဝိသီးကို မချိုထားဆဲ တခဏ္ဍ မင်းကြီး၏မျက်နှာကို ကျွန်ုပ် အကဲခတ်လိုက်မိ၏။ ပေါဝိစိုက်ပျိုး ပွဲမှ တမင်းတနား လာခဲ့ရသော်လည်း သူ့အတွင်းစိတ်မှာကား တစုံတခုအတွက် အတွေးနက်နေဟန် တူပေသည်။ ကျယ်ပြောစွာသော ကောသလတိုင်းကြီး တခုလုံးကို သိမ်းကျုံး အုပ်စိုးနေရသော ဘုရင်ကြီး ဖြစ်ပါလျက် အနာထပိဏ်သဌေး လက်သို့ တဆင့် ပြောင်းလိုက်ခြင်းကြောင့် ကျွန်ုပ်စိတ်ထဲမှာ အတွေးတခု ဝင်လာခဲ့၏။

သဌေးစည်းစိမ်နှင့် မင်းစည်းစိမ် ချိန်စက်ကြည့်ကြစို့ ဆိုလျှင် မင်းစည်းစိမ်က မနိုင်းယှဉ်လောက်အောင် သာလွန်၏။ သို့သော် မင်းစည်းစိမ်တို့မည်သည် ကြာရှည်လေးမြင့် တည်ချင်မှ တည်၏။ တိုင်းခြားမင်းတို့က ကျူးကျော်တိုက်ခိုက်၍ ဖြစ်စေ၊ ကိုယ့်သွေးကိုယ့်သားထဲမှ ပုန်ကန်ထကြွ၍ဖြစ်စေ ထီးနန်းလက်လွှတ် ဖြစ်ရတတ်၏။ ပြည့်ရှင်မင်းတပါး ထီးနန်း လွှတ်သွားသည် ဆိုလျှင် အသက်ပါဆုံးရှုံးဖို့က များပေသည်။

သဌေးစည်းစိမ်မှာ မင်းစည်းစိမ်လောက် မကြီးကျယ်သော်လည်း ထာဝစဉ် တည်တံ့နိုင်၏။ သားစဉ်မြေးဆက် အမွေဆက်ခံကာ သည့်ထက်သည် တိုးပွားအောင် ကြံဆောင်နိုင်ကြ၏။ တက်လာသမျှသော မင်းတို့မှာလည်း တိုင်းပြည်၏ ကျီကျသဖွယ် ဖြစ်သော သဌေးတို့ကို နှိပ်စက်ဖျက်ဆီးရိုး မရှိပေ။ စည်းစိမ်နှင့် ထိုက်တန်သော အဆောင်အယောင်များဖြင့် ချီးမြှင့်ကြသည်သာ ဖြစ်၏။ ဤသို့ဖြင့် မင်းကြီးသည် အနာထပိဏ် သဌေးလောက်

မိမိစည်းစိမ် တည်တံ့မည်မဟုတ်ဟု ထိုစဉ်ကပင် တွေးမိနေဟန် တူပါသည်။ ကျွန်ုပ်၏အတွေး မှန် မမှန်ကိုကား နောက်ပိုင်းကျမှ သိကြရပါလိမ့်မည်။

## ကျွန်ုပ်၏နာမည်ဖြင့်

လိုရင်းကို ဆိုရသော်ကား- အနာထပိဏ်သူဌေးသည် ကောသလ မင်းကြီးလက်ထဲမှ ဗောဓိစေ့ကိုလှမ်းယူလျက် ရွှေခွက်ထဲက ရွှံ့မြေကို ယက်ကာ ဗောဓိစေ့ကို စိုက်ပျိုးလိုက်ပါ၏။ ထို တခဏာဝယ် တူရိယာငါးမျိုးတို့ အသံများ တပြိုင်နက် ထွက်ပေါ်လာတော့သည်။ ကျွန်ုပ်ကိုယ်တိုင်ကြီးမှူး၍ စိုက်ပျိုးခဲ့သဖြင့် ဤဗောဓိပင်ကို 'အာနန္ဒာဗောဓိ'ဟူ၍ အများက သမုတ်ကြပေသည်။ ဘုရားရှင်ကလည်း ဗောဓိပင်ကို အဘိသိက်သွန်းသော သဘောဖြင့် ထို ဗောဓိပင်ပျိုအောက်ဝယ် တညတိုင်တိုင် ဖလသမာပတ် ဝင်စားတော်မူခဲ့ပေသည်။

ကောသလ မင်းကြီး ကိုယ်တိုင် ကြီးမှူးကျင်းပသော ဗောဓိပူဇော်ပွဲကြီးကား - ခြိမ့်ခြိမ့်သည်းမျှ စည်ကားပါသတည်း။

[တေရသကနိပါတ်၊ ကလိင်္ဂဗောဓိဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]

* * *

# ပုဗ္ဗာရုံကျောင်းတော်

ဒါနု ဂုဏ်ထူးရှင် နှစ်ဦး

ကျွန်ုပ်တို့ သာသနာ့ဒကာကြီးအား ထောက်ပံ့ လှူဒါန်းသူ ဟူသမျှတွင် ဇေတဝန်ကျောင်း ဒကာကြီးသည် အထင်ရှားဆုံး ဖြစ်၏။ သာသနာတော်ကို ကြည်ညို မြတ်နိုးသော ပုဂ္ဂိုလ်တို့တွင် ကျောင်းဒကာကြီးထက် ပို၍ ကြွယ်ဝသူ၊ ဂုဏ်ရှိန်အာဏာ ထက်မြက်သူတွေ ဒုနှင့်ဒေး ရှိကြသည်ပင်။ သို့သော် သူတို့သူတို့ တတွေသည် ကျောင်းဒကာကြီး၏ သဒ္ဓါတရားကိုကား အမှီမလိုက်နိုင်ကြပါ။ ကျောင်းဒကာကြီးလောက် မြောက်မြောက် မြားမြား မလှူဖြစ်ခဲ့ကြပါ။ ထို့ကြောင့်ပင် ကျောင်းဒကာကြီး အနာထပိဏ်

အား ဘုရားရှင် ကိုယ်တော်တိုင်က လှူဒါန်းမှု၌ မွေလျော်သူတို့တွင် အသာဆုံး ဟူသော တေဒဂ် ဂုဏ်ထူးဖြင့် ချီးမြှင့်တော် မူခဲ့ပေသည်။

ဇေတဝန် ကျောင်းဒကာကြီး အနာထပိဏ်သည် လှူဒါန်းသူဟူသမျှတွင် အသာဆုံးဖြစ်သကဲ့သို့ ပုဗ္ဗာရုံ ကျောင်းအမကြီး ဝိသာခါသည်လည်း သဒ္ဓါကြည်ဖြူ လှူဒါန်းလေ့ရှိသော ဒကာမများတွင် အသာဆုံးဖြစ်သဖြင့် တေဒဂ် ဂုဏ်ထူးကို ဆွတ်ခူး နိုင်ခဲ့ပေသည်၊

ဤသို့ ဆွတ်ခူးနိုင်ခြင်းမှာ ပုဗ္ဗာရုံပြာသာဒ် ကျောင်းကြီး ဆောက်လုပ်၍ ကျောင်းတင်ပွဲကြီးခြိမ့်ခြိမ့်သည်းမျှ ကျင်းပ၍ စိတ်ကူးထားခဲ့လေသမျှ ဒါနဝတ္ထုများကို ပြည့်ပြည့်ဝဝ စုံစုံလင်လင် လှူဒါန်းနိုင်၍ ဖြစ်ပေသည်။

[အင်္ဂုတ္တရ၊ ကေနိပါတ်၊ တေဒဂ္ဂဝဂ် အဋ္ဌကထာ]

## ဝိသာခါ လာလေတိုင်း

ပုဗ္ဗာရုံပြာသာဒ်ကျောင်းတော်ကို အကြောင်းပြု၍ ဝိသာခါသည် ဒါန ဂုဏ်ထူးဆောင်ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့၏။ သို့ရာတွင် ဤသို့သော ဆုကို ဆွတ်ခူးနိုင်ရန် နိဒါန်း ပျိုးလိုက်သည်မှာကား – ဇေတဝန်ကျောင်းတော် ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် သူတို့အိမ်သို့ နေ့စဉ် နေ့တိုင်း ဆွမ်းခံ ရောက်ကြ၏။ ထို့အတူပင် ဝိသာခါသည်လည်း ကျွန်ုပ်တို့ကျောင်းတော်သို့

နေ့စဉ်လိုလို ရောက်လာမြဲ ဖြစ်၏။ ဘုရားရှင့် ရှေ့တော်မှောက်တွင် သူကိုယ်တိုင်ပန်ဆင်ထားခဲ့သော ဆု ၈ ခုကို ဖြည့်ဆည်းရန် ဖြစ်ပေသည်။ သံဃာတော်များအတွက် လိုအပ်ရာရာကို လှူဒါန်းနိုင်ရန် ဖြစ်ပေသည်။

ကျောင်းတော်သို့လာသောအခါတွင် ဝိသာခါသည် လက်ချည်းသက်သက် လာခဲ့သည် မရှိပေ။ နံနက်ခင်းမှာ ဆိုလျှင် စားသောက်ဖွယ် တမျိုးမျိုးပါလာတတ်၏။ ညနေခင်းမှာတော့ ပန်းနံ့သာနှင့် အပ်စပ်သော အဖျော်များ၊ ယုတ်စွအဆုံး သာမဏေငယ်များ အတွက် အဆာပြေ စားသုံးရန် တင်လဲခဲများ ပါလာတတ်ပေသည်။

## ဝိသာခါ၏ ရတနာထုပ်

ဤကဲ့သို့ လှူစရာမျိုးစုံဖြင့် လာတတ်သော ဝိသာခါသည် ထိုနေ့မှာတော့ လှူဖွယ်ပစ္စည်းများသာမကပဲ အထုပ်တခုကိုပါ ယူလာခဲ့၏။ ယူလာသည် ဆိုသော်လည်း သူကိုယ်တိုင်တော့ မဟုတ်ပါ။ အတူပါလာသော ကျွန်မက သယ်လာရခြင်း ဖြစ်ပါသည်။

ပစ္စည်းထုပ်အပေါ် ကျွန်မက ဂရုတစိုက်ရှိပုံ၊ လေးလေးတွဲ့တွဲ့ ရှိနေပုံကိုထောက်၍ ဝိသာခါ ဝတ်နေကျ မဟာလတာ အဆင်တန်ဆာ ဖြစ်ပါလိမ့်မည်။ ပွဲလမ်းသဘင်တခုခု သွားမည် ပြုပြီးကာမှ မသွားဖြစ်ပဲ ကျောင်းဆီလာခဲ့ဟန်တူပေသည်။ခမ်းနားလွန်း ထည်ဝါလွန်းသော အဆင်တန်ဆာ ဝတ် ဆင် လျက် ကျောင်းထဲဝင်ရန် မသင့်၍ ချွတ်ပြီး ထုပ်လာခဲ့ဟန် တူပေသည်။

ဝိသာခါသည် ဦးစွာ ပထမ ကျွန်ုပ်ရှေ့မှာ ဦးချ အရိုအသေပြုပြီး ဘုရားရှင် ရှိတော်မူရာ ဂန္ဓကုဋီ တိုက်ထဲဝင်သွားခဲ့၏။ကျွန်ုပ်လည်း သံဃာ့ကိစ္စတခု ဆောင်ရွက်ရန် ထွက်လာခဲ့၏။ဆောင်ရွက်ရန်ရှိသော ကိစ္စကို ကျေကုန်အောင် ဆောင်ရွက်ပြီး၍ ဘုရားရှင်ထံ ပြန်လာခဲ့ရာတွင် စောင်းတန်းတနေရာတွင် ရဟန်းများ ဝိုင်းအုံ နေသည်ကို တွေ့ရ၏။ အများနည်းတူ ဝင်၍ ကြည့်လိုက်သောအခါတွင် ဝိသာခါ၏ ပစ္စည်းထုပ်ပါတကား။

ကာလတန်ဖိုး အားဖြင့် ကိုးကုဋေထိုက်သည်ဟု ဆိုကြသောဤအဆင်တန်ဆာထုပ်ကို ပစ္စည်းရှင်ရော၊ ထိန်းသိမ်းသူရော မေ့၍ထားခဲ့ကြ၏။ ကျောင်းမှာရှိသော ရဟန်းသာမဏေအပေါင်းသည်ဝိသာခါ အိမ်သို့ ဆွမ်းခံရောက်ကြသည်သာ ဖြစ်၏။ ဝိသာခါထံမှပစ္စည်းလေးပါးကို အလှူခံရဖူးသူများချည့် ဖြစ်၏။ သို့အတွက်မိမိတို့ ဆွမ်းအမ၏ ပစ္စည်းကို မပျောက်မရှစေရန် ထိန်းသိမ်းလိုစိတ် ရှိကြပါ၏။သို့ပါလျက် သည်ရတနာထုပ်ကို မည်သည့် ရဟန်းမျှ မတို့မထိရဲပါချေ။

## စေတနာမှ ဝေဒနာသို့

ရတနာထုပ်ကို မြင်သည်နှင့် ကျွန်ုပ်သည် ဟိုတနေ့က ဇာတ်ကြောင်းတခုကိုပြေး၍ သတိရလိုက်၏။ ကျွန်ုပ်တို့ သီတင်းသုံးဖော်ရဟန်းတပါးသည် အစိရဝတီမြစ်သို့ တပါးတည်းသွား၍ ရေချိုးခဲ့၏။သူ့ရှေ့မှာ ပုဏ္ဏားတယောက်လည်း ရေချိုး၍ တက်သွား၏။ရဟန်းလည်း ရေချိုးပြီး၍ တက်လာသောအခါ ကမ်းပါးတနေရာ

တွင် ငွေဒင်္ဂါးထုပ်ကို တွေ့လိုက်ရ၏။ ရဟန်းသည် ပုဏ္ဏားနှင့် အသိအကျွမ်းဖြစ်၍ မပျောက်မရှစေလိုသော စေတနာဖြင့် ကောက်၍ ယူလာခဲ့၏။ အတန်ကြာလျှင် ဥစ္စာရှင် ပုဏ္ဏားသည် ကပျာကယာ ပြန်လာကာ-

"အရှင်ဘုရား။ ငွေထုပ်ကို တွေ့မိပါသလား" ဟု မေး၏။

"တွေ့ခဲ့သည်တကာ။ ဟောသည် အထုပ်ပဲ မဟုတ်ပါလော"

ရဟန်းကလည်း ချက်ချင်းပင် သူ့ဥစ္စာကို ပြန်ပေးလိုက်၏။

ပုဏ္ဏားသည် အထုပ်ကို မြေပေါ်မှာ ဖြန့်ခင်းကာ ငွေဒင်္ဂါးများကို တပြားချင်း ရေတွက်ကြည့်၏၊ ငွေဒင်္ဂါးပြား ငါးရာဘိတိကို အပြည့်အစုံပြန်ရပါလျက် ပုဏ္ဏား၏မျက်နှာ ကြည်ကြည်သာသာ ဖြစ်မလာပဲ-

"အသင်ရဟန်း၊ တပည့်တော်၏ငွေဒင်္ဂါးများ ငါးရာမဟုတ်၊ တခုထောင်ဖြစ်သည်"

ပြောပြော ဆိုဆို ရဟန်းကို ရိုက်မောင်းပုတ်မောင်း ပြုတော့မည့်ကဲ့သို့ ထ၍ ရပ်လိုက်၏၊

"ပုဏ္ဏား။ သင် ထားခဲ့သည့်အတိုင်းသာဖြစ်သည်၊ သင့် ဥစ္စာထုပ်ကို ငါ ဖြေမကြည့်မိပေ"

စေတနာကြောင့် ဝေဒနာဖြစ်ရသော ရဟန်းမှာ ဤမျှသာ ဆိုနိုင်တော့သည်။ စေတနာနှင့် ဆောင်ရွက်လိုက်သော ကိစ္စတခု အတွက် ပါရာဇိက အာပတ်ကြီးဖြင့် အခြိမ်းခြောက် ခံလိုက်ရသဖြင့် တုန်တုန်လှုပ်လှုပ် ဖြစ်ရရှာပေသည်။

"ရဟန်း။ ကွယ်ရာမှာဖြစ်သည်ဟု သင်ဖုံးကွယ်၍ရမည်လော။ သည်အိတ်ထဲမှာ အစက ငွေဒင်္ဂါးတထောင်တိတိ ရှိခဲ့သည်"

အကျိုးသင့် အကြောင်းသင့် ရှင်းပြသည်ကိုပင် ပုဏ္ဏားက လက်မခံပါချေ။ သူ့ဥစ္စာ တဝက်တိတိ လျော့နေကြောင်းကိုသာ အခိုင်အမာ ဆိုနေဘိ၏"။

## လောဘတခု အကြောင်းပြု၍

တကယ်တော့ဖြင့် သူ့အိတ်ထဲမှာ ငွေဒင်္ဂါးငါးရာသာရှိခဲ့ပေသည်။ မေ့ထားခဲ့သောငွေဒင်္ဂါးငါးရာကို အပြည့်အစုံပြန်ရသဖြင့် ဒေါသဖြစ်စရာ မရှိပါ။ ဒေါသဖြစ်စရာ မရှိသော်လည်း လောဘက ဖြစ်နှင့်နေချေပြီ။ မတရားလိုချင်သော လောဘကြောင့် ဒေါသဖြစ်ဟန် ဆောင်လိုက်ရခြင်းဖြစ်ပေသည်။

လူမှုဆက်ဆံရေးအရထုံးစံတခုဖြစ်နေသည်မှာ တစုံတယောက် မေ့လျော့ထားသော ဥစ္စာကို ကောက်ယူသိမ်းဆည်းထားသူအား ဥစ္စာရှင်က ငွေတရာလျှင် ငါးကျပ်နှုန်း လက်ဆောင်ပေးရ၏။ ယခု ရဟန်း ကောက်ယူထားသည်မှာ ငါးရာဖြစ်၍ နှစ်ဆယ့်ငါးကျပ်တိတိ ပေးရန်ရှိ၏။သို့သော် ရဟန်းက သည်ငွေကို ရစကောင်းသည် မအောက်မေ့ပါ။ ရဟန်းတပါးအဖို့ ရွှေငွေပစ္စည်း အလှူခံခွင့်လည်း မရှိပါ။အသိအကျွမ်း၏ပစ္စည်းမို့ စေတနာနှင့်ကောက်ယူသိမ်းဆည်းထားခြင်းသာ ဖြစ်၏။ သို့ပါလျက် ပုဏ္ဏားက ရဟန်း၏ စေတနာကို နားမလည်။ ပေးသင့်ပေးထိုက်သော ငွေနှစ်ဆယ့်ငါးကျပ်ကို မပေးပဲ နေနိုင်ရေးကိုသာ သူတွေး၏။ တွေးသည့်အတိုင်းလည်း ရဟန်းအပေါ်မှာ ရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်ခဲ့ပေသည်။

## ရတနသိက္ခာပုဒ်

ကျေးဇူးရှင်ကိုကျေးစွပ်လိုက်သော ပုဏ္ဏားကို လူမှုရေးအရ အပြစ်ဘင်ထိုက်၏၊ ထို့အတူပင် စေတနာကောင်းနှင့် ကောက်ယူသိမ်းဆည်းခဲ့သော ရဟန်းမှာလည်း အပြစ်ဘင် မလွတ်နိုင်ပေ။ ရဟန်းဘို့နှင့် မအပ်စပ်သော ရတနာပစ္စည်းကို ကောက်ယူခဲ့သည့်အတွက် ဘုရားရှင် ကိုယ်တော်တိုင်က သူ့ကို ရှုတ်ချပြစ်တင်တော်မူကာ-

"ရတနာ တမျိုးမျိုးကိုလည်းကောင်း၊ ရတနာဟုသမုတ်ထားသော ပစ္စည်းကိုလည်းကောင်း ကောက်ယူသော ရဟန်းအားပါစိတ်အာပတ် သင့်စေ"

နောက်နောင်တွင် ဤလိုအပြစ်မျိုး မကြုံရစေရန် ရတနသိက္ခာပုဒ်ကို ထုတ်ပြန်တော်မူလိုက်ပေသည်။

## သိက္ခာပုဒ်နှင့် တာဝန်ဝတ္တရား

ဤပစ္စည်းရှင် ဝိသာခါမှာ ယခင်ပုဏ္ဏားနှင့် တခြားစီဖြစ်ပါသည်။ ကျောင်းတော်မှာ မေ့ကျန်ထားခဲ့သော ဒကာ-ဒကာမများ၏ ပစ္စည်းတို့ကို ကျွန်ုပ်ပင် တာဝန်ယူ၍ ထိန်းသိမ်း ပေးခဲ့သည်ကို ဝိသာခါလည်း သိပြီးဖြစ်ပါသည်။ထို့ပြင် ကျွန်ုပ်တို့ကျောင်းတိုက်ထဲမှာ မေ့ကျန်ထားခဲ့၍လည်း ကျွန်ုပ်တို့မှာ တာဝန်ရှိနေပါသည်။ တာဝန်ရှိနေသည်ကို သိသော်လည်း ချထားပြီးသောအရံအတားကိုကား ကျွန်ုပ် မကျော်လွှားရဲပါ။အခြား ရဟန်းများထဲမှာလည်း ဖောက်ဖျက်ရဲသူ ပေါ်မလာပါ။ ပေါ်မလာ၍ သည်အတိုင်း

ပစ်ထားရန်ကလည်း ခက်လှ၏။ ဝိသာခါသည် ကျွန်ုပ်တို့ အားလုံး အပေါ် မိခင်တမျှ ပြုစုစောင့်ရှောက်လာခဲ့သည်မဟုတ်ပါလား။

ဘေးကျပ် နံကျပ် ဖြစ်နေရသော ဤအခြေအနေမှ လွတ်မြောက်ရန်ကား ရှေ့တော်မှောက် ဝင်ရောက်မှ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံး ဝင်ရောက်၍ လျှောက်ထားကြရာတွင် ဘုရားရှင်က မူလ ပညတ်ပေါ်မှာ ထပ်ဆင့်၍ ပညတ်ပေးတော်မူပါသည်။ ထပ်ဆင့်ပညတ်တော်ကြောင့် ကျောင်းတိုက်တာအတွင်းမှာ မေ့ကျန်ခဲ့သော ပစ္စည်းများ ကျွန်ုပ်တို့ ကောက်ယူသိမ်းဆည်းခွင့် ရလာပါသည်။ နောင်အခါ အနာထပိဏ်သဌေး၏ လုပ်သားကြီး မေ့ထားခဲ့သော ပစ္စည်းနှင့် ပတ်သက်၍ တည်းခိုရာဌာနအတွင်းက ပစ္စည်းများကိုလည်း သိမ်းဆည်းခွင့် ရလာပြန်ပါသည်။

[ပါစိတ်၊ ရတနသိက္ခာပုဒ် ပါဠိတော်နှင့် အဋ္ဌကထာ။
မမ္မပဒအဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ဝိသာခါဝတ္ထု]

## သာသနာ့ပစ္စည်း ဖြစ်နေပြီ

ခွင့်ပြုတော်မူချက်အရ ဆွမ်းအမ ဝိသာခါ၏ ပစ္စည်းထုပ်ကို ကျွန်ုပ်ကောက်ယူ သိမ်းဆည်းလိုက်ပါပြီ။ သို့ရာတွင် ဤမျှဖြင့် ကျွန်ုပ်၏ တာဝန် မပြီးဆုံးသေးပါ။ ပစ္စည်းထုပ်ကို ပစ္စည်းရှင်ထံ အပ်နှံပြီးခါမှ တာဝန်ကုန်ဆုံးမည် ဖြစ်၏။ ကံကောင်းချင်တော့ ကျွန်ုပ် သိမ်းဆည်း၍ မကြာသေးမီမှာပင် ပစ္စည်းထိန်း အမျိုးသမီး ရောက်လာ၏။ လာကတည်းက ပစ္စည်းထုပ်အတွက် ဖြစ်ကြောင်း

သိသဖြင့် ကျွန်ုပ်က ပစ္စည်းထားရာကို ညွှန်ပြလိုက်ရ၏။ သို့ရာတွင် အမျိုးသမီးက ပစ္စည်းထုပ်ကို မယူသေးပဲ-

"အရှင်ဘုရား။ သခင်မ ဝိသာခါက မှာလိုက်ပါသည်။ ကျောင်းတော်မှာ မေ့ထားခဲ့သော မဟာလတာ အဆင်တန်ဆာကို အရှင်ဘုရား လက်တော်နှင့် သုံးသပ်မိလျှင် ပြန်မယူခဲ့ပဲ လှူထားခဲ့ရန် ဖြစ်ပါသည် ဘုရား"

"ခက်လေစွ နှမ-ခက်လေစွ"

ဝိသာခါ၏ စေတနာ သဒ္ဓါတရားကို သာဓုခေါ်ရမည် ဖြစ်ပါလျက် ကျွန်ုပ်မှာ စိတ်လေးစွာ ရေရွတ်နေရ၏။ အမျိုးသမီးမှာလည်း သူ့သခင်မ မှာလိုက်သည်မှလွဲ၍ လုပ်ပိုင်ခွင့် မရှိသဖြင့် လျှောက်ထားပြီးသည်နှင့် ပြန်သွားတော့၏။ သို့သော် တော်ပါသေးသည်။ ဝိသာခါက လွှတ်လိုက်၍ပင် အမျိုးသမီး ပြန်ရောက်လာကာ-

"အရှင်ဘုရား။ သည်ကဲ့သို့သော အဆင်တန်ဆာကို အရှင်ဘုရားတို့ သိမ်းဆည်းနေရလျှင် တာဝန်ကြီးတခု ဖြစ်နေပါလိမ့်မည်။ သို့ဖြစ်၍ ဤအဆင်တန်ဆာကို ရောင်းချပြီး သာသနာတော်မှာ အကျိုးများမည့် ကောင်းမှုတခုခု ပြုပါလိမ့်မည် ဘုရား"

သည်တခါတော့ ကျွန်ုပ် သာဓု ခေါ်နိုင်လာပါပြီ။

## စိတ်ကူးမှ လက်တွေ့သို့

ဤသို့ဖြင့် ပုဗ္ဗာရုံပြာသာဒ် ကျောင်းတော်ကြီး ဆောက်လုပ်ရန် လုပ်ငန်းများ စတင်လာပါတော့သည်။ တကယ်တော့ဖြင့် ဝိသာခါ

သည် အနာထပိဏ်သဌေး ကဲ့သို့ ကျောင်းတိုက် တာ ကြီး တခု ဆောက်လုပ်၍ လှူဒါန်းရန် စိတ်ကူး ရှိခဲ့ဖူးပေသည်။ သို့ရာတွင် တဘက်ကလည်း ငယ်တုန်းရွယ်တုန်းမို့ ပွဲလမ်းသဘင်များသို့လည်း ရောက်ရသေး၏။ သူ့လို ဂုဏ်သရေရှိ အမျိုးသမီး တယောက်အဖို့ ဖိတ်ကြားသူတွေက များလှပါတီ။ သွားစရာ ပွဲလမ်းတွေက ပေါ လှပါတီ။ ဤသို့ မေ့တခါ ပေါ်တလှည့် ဖြစ်နေဆဲတွင် ကျောင်း တော်မှာ အဆင်တန်ဆာ မေ့ကျန်ခဲ့ခြင်းက သူ့စိတ်ကို အပြီး အပိုင် အဆုံးအဖြတ် ပေးလိုက်ဟန် တူပါသည်။

ဤသို့ဖြင့် သံဃာတော်ပေါင်း တထောင်ကျော် နေထိုင်နိုင် သော ကျောင်းတိုက်တာကြီးသည် ကိုးလအကြာတွင် တင့်တင့် တယ်တယ် ထည်ထည် ဝါဝါကြီး ပြီးစီး၍ ကျောင်းတင်ပွဲကြီး ခြိမ့်ခြိမ့်သည်းသည်းမျှ ကျင်းပ ကြပေသည်။

[ဓမ္မပဒအဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ဝိသာခါဝတ္ထု]

* * *

# အပြင်ဒ့ပက ရဟန်းများ

## ကျောင်းတော်၏ အနေအထား

ပုဗ္ဗာရုံကျောင်းတင်ပွဲကြီး ပြီးစီးသည့်နောက် သည်ကျောင်းတော်မှာ ဟောကြားခဲ့သော ဒေသနာတပုဒ်ကို အမှတ်တရ ဖော်ပြရပါဦးမည်။

ပုဗ္ဗာရုံ ကျောင်းတိုက်ထဲက အမိကရ အဆောက် အအုံမှာ အခန်းပေါင်း မြောက်မြားစွာ ဖွဲ့ထားသော နှစ်ထပ် ပြာသာဒ် ကျောင်းတော်ကြီးဖြစ်၏။ ထို ကျောင်းတော်ကြီး၏ အချက်အချာ အကျဆုံး နေရာတွင် ဘုရားရှင်၏ ဂန္ဓကုဋီ တိုက်ခန်းရှိ၏၊ထိုတိုက်

ခန်း၏ ယာဘက်၊ ဝဲဘက်ခန်းများကား–အရှင်မဟာ သရိပုတ္တရာ နှင့် အရှင်မဟာ မောဂ္ဂလာန်တို့ သီတင်းသုံးရာ ဖြစ်ပေသည်။

ပုဗ္ဗာရုံကျောင်း တိုက်တာကြီးတခုလုံးကိုခြုံ၍ အပြင်တံတိုင်း ခတ်ထား သကဲ့သို့ ထိုပြာသာဒ်ကျောင်းတော်ကြီးကိုလည်း တံ တိုင်းခတ်ထား၏။လေးဘက် လေးတန်မှာ တံခါးမုခ်များ တပ်ဆင် ထား၏။

## ပြုံးချင်စရာ ရယ်ချင်စရာ

ထိုညနေက ဘုရားရှင်သည် အရှေ့ဘက် တံခါးမုခ်၏ အပြင်ဘက် က ညောင်စောင်းပေါ်မှာ သီတင်းသုံးတော်မူခဲ့၏။ကျောင်းတော် ရိပ်မှာ သက်တောင့် သက်သာ သီတင်း သုံးတော်မူခိုက်တွင် ပသေနဒီ ကောသလမင်းကြီး ရောက်လာခဲ့၏။ ရှေ့တော်မှောက် တွင် ရိုသေစွာ ရှိခိုးကန်တော့၍ မိမိနေရာမှာ ထိုင်မိပြီးနောက် ကောသလမင်းကြီး၏ မျက်နှာသည် အရှေ့ဘက် ကျောင်းဝင်း တံခါးပေါက်ဆီသို့ ရှေးရှုသွား၏။ ကောသလမင်းကြီး မျက်နှာ မူရာသို့ ကျွန်ုပ်တို့ပါလိုက်၍ ကြည့်မိသောအခါ ပြုံးချင်စရာ ကောင်းသော မြင်ကွင်းကို မြင်ကြရပေသည်။

အိမ်ထောင် သားမွေး ခြံနွယ်မြေးသော ဘုံဘဝထဲမှ အလွတ် အကျွတ် ရုန်းထွက်လာခဲ့သော ထိုပုဂ္ဂိုလ်တို့လည်း ကျွန်ုပ်တို့ ကဲ့သို့ ပင် ပဗ္ဗဇိတ အနွယ်ငင်တို့ ဖြစ်ကြ၏။ ကိုယ်ပိုင်ဥစ္စာ လယ်ယာ ချောင်းမြောင်း မရှိပဲ၊ ဒကာဒကာမတို့က သဒ္ဓါကြည်ဖြူ ပေးလှူ

သမျှဖြင့် အသက်မွေးနေသူများ ဖြစ်ကြ၏။ သားမယား အိုးအိမ် ဟူ၍ မရှိပဲ ရပ်တကာ နယ်တကာ လှည့်လည် ပေါပြောနေသူတို့ ဖြစ်ကြ၏။ သံသရာဝဋ်မှ လွတ်ရာ လွတ်ကြောင်း တရားကောင်းပင် မဟုတ်စေကာမူ မိမိယုံကြည်ရာကို စိုက်လိုက် မတ်တတ် ကျင့်သုံးလာခဲ့သော သူတို့ဇွဲသတ္တိသည် ချီးမွမ်းစရာ ဖြစ်ပါပေသည်။

သို့ပါလျက် သူတို့ကို မြင်လိုက်တိုင်း ကျွန်ုပ်တို့မှာ ချီးမွမ်းဖို့ထက် ပြုံးဖို့ကို ဦးစားပေးမိကြ၏။ သူတို့၏ အသွင်အပြင်နှင့် သူတို့၏ နေပုံ ထိုင်ပုံတို့ကလည်း ပြုံးချင်စရာ ကောင်းပါဘိ။

## အသွင်ဆိုးသည် အမြင်ဆိုးသည်

ကိုယ်တော်မြတ်တို့၏ သပ္ပာယ်ပုံကဖြင့် မျိုးစုံလှပါပေသည်။ ဆံကေသာက လက်လေးသစ်၊ မုတ်ဆိတ်ဗလပြစ်။ ဝတ်ရုံထားသည့် သင်္ကန်းကြီးများကလည်း မနိုင်သမျှ မဲကြပါ၏၊ ညစ်နိုင်သမျှ ညစ်ကြပါ၏။ မဲညစ်ညစ် သင်္ကန်းကြီးများကြားမှ နီကြောင်ကြောင် အဆင်းဖြင့် ဖွာလန်ကြဲကာ ပေါ်ထွက်နေသည်ကား - ချိုင်းမွေးကြီးများ ဖြစ်ကြပါ၏။ ခြေသည်း လက်သည်းကြီးများကလည်း ကြက်ခြေထောက်နှင့် အပြိုင်အဆိုင်။ ကိုယ်ပေါ်က ချေးများကိုပင် ရေချိုး၍ သုတ်သင်လေ့ မရှိသော ကိုယ်တော်ကြီးများအဖို့ သွားမတိုက်သည့်အတွက် အပြစ်တင်ရန် မရှိပါ။ ကိုယ်ပေါ်မှာရော၊ သွားပေါ်မှာရော အညစ်အကြေး ထူနိုင်သလောက် ထူပါမှ တကယ့်သူတော်စင် စာရင်းဝင်နိုင်သော ဟူ၏။

## စေတနာတော့ မဆိုးကြပါ

ကျွန်ုပ်တို့ဘက်က အကြည့်ရ အမြင်ရ ဆိုးနေသော်လည်း သူတို့ဘက်ကတော့ ဤလိုနေနိုင်လေ ဂုဏ်ရှိလေပင်။ တကယ်တော့ဖြင့် သူတို့၏ စေတနာရင်းမှာလည်း ဆိုးရွားလှသည်တော့ မဟုတ်ပါ။ ရေမချိုးပဲ၊ သန့်ရှင်းရေး မလုပ်ပဲ နေကြသည်မှာ ပိုးမွှားများကို သနား၍ ဖြစ်၏၊ ကိုယ်ခန္ဓာပေါ်မှာ ပိုးများ အိမ်ခြေ ရာခြေ ဘည်ကာ သားစဉ် မြေးဆက်နေလာကြသော ပိုးမွှားများကို မနှိပ်စက်လို၍၊ မဖျက်ဆီးလို၍ ဖြစ်၏။ မူရင်း စေတနာကောင်းပါလျက် စေတနာနောက်မှာ ဉာဏ်ပညာကပ်လျက် မပါကြသဖြင့် ညစ်တီး ညစ်ပတ် ဖြစ်နေကြရရှာပေသည်။ ပိုးမွှားများကို မနှိပ်စက်လိုမှု ကြောင့် ကိုယ့်ကိုယ်ကိုနှိပ်စက်သည့် တဘက်စွန်းသို့ ရောက်မှန်းမသိ ရောက်နေကြရရှာပေသည်။

မည်းလှစွာသော၊ ညစ်လှစွာသော ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ရသေ့များသည် ပုဗ္ဗာရုံ ကျောင်းဝင်းဝမှ အစုလိုက် အပြုံလိုက် ဖြတ်ကျော်သွားကြ၏။ သူတို့နောက်မှာ နိဂဏ္ဌများ၊ ကိုယ်တုံးလုံး ကိုယ်တော်များ၊ ခါးဝတ်တထည်သာ ဝတ်ဆင်သော ကိုယ်တော် များ၊ ပရိဗိုဇ်များသည် ကိုယ့်အစုနှင့်ကိုယ် အစဉ်မပျက် လိုက်ပါ လာကြ၏၊ တစုတစုလျှင် ခုနစ်ပါးစီ၊ ခုနစ်ပါးစီ ပါလာကြပေ သည်။ ထိုင်ခုံငယ်၊ သုံးခွတောင်ဝှေး၊ ဥဒေါင်းတောင်၊ မြေသပိတ်၊ အိုးငယ်၊ ရေကရား စသော သူတို့၏ ပရိက္ခရာ များ သည် လည်း ထမ်းပိုးမှာ တိုးလို့ တွဲလောင်း ချိတ်ဆွဲလျက် ပါလာကြပေသည်။

## ကိုယ်ကြည်ညိုလျှင် ရဟန္တာ

ထိုပုဂ္ဂိုလ်တို့သည် ကျွန်ုပ်တို့အဖို့ ပြုံးရုံမျှသာ ဖြစ်ကြ၏။ သို့သော် ပသေနဒီ ကောသလမင်းကြီးကား ကျွန်ုပ်တို့လို မပြုံးနိုင်ပါ။ ထို ပုဂ္ဂိုလ်များသည် သူ့အဖို့ ပြုံးစရာ ရယ်စရာ မဟုတ်။ ရိုသေ မြတ်နိုး ရှိခိုးအပ်သော ပုဂ္ဂိုလ်များ ဖြစ်နေပေသည်။ ထို့ကြောင့်ပင် ကျောင်းဝင်းတံခါးအနီးထိ လျှောက်သွား၍ ယာဘက်ဒူးဖြင့် မြေမှာ ထောက်လျက် လက်အုပ် ချီမိုးရှိခိုးကာ–

"အရှင်ဘုရား။ တပည့်တော်သည် ပသေနဒီ ကောသလမင်း ဖြစ်ပါသည် ဘုရား"

သုံးကြိမ်တိုင်တိုင် လျှောက်ထားလိုက်၏။ သည်တွင်မကသေးပဲ ဘုရားရှင့် ရှေ့တော်မှောက်မှာလည်း–

"အရှင်ဘုရား။ လောကမှာရှိကြသော ရဟန္တာနှင့် အရဟတ္တမဂ် ရောက်ဆဲ ပုဂ္ဂိုလ်တို့တွင် ထိုပုဂ္ဂိုလ်တို့လည်း အပါအဝင် ဖြစ်ပါသည် ဘုရား"

သူ့ကိုယ်တော်များကို အားပါးတရ ချီးကျူး လိုက်ပါသေးသည်။

## ကောသလမင်းကြီး၏ ရည်ရွယ်ချက်

ရုတ်တရက်အားဖြင့် ကျွန်ုပ် မင်သက်မိ၍ သွားရပါသည်။ လုံးဝ မျှော်လင့် မထားသော အပြုအမူကို မြင်လိုက်ရသဖြင့် တအံ့တသြ ဖြစ်သွားရပါသည်။

ဘုရားရှင်နှင့် စတင် တွေ့ဆုံစဉ်က ကောသလ မင်းကြီးသည် ပုရာဏ ကဿပစသော ဆရာကြီးခြောက်ဦး၏ အကြောင်းကို စကားစပ်၍ လျှောက်ခဲ့ဖူး၏။ ထို ဆရာကြီးများသည် ဘုရားရှင် ထက် အသက်ရော၊ သိက္ခာပါ ကြီးကြ၏။ တပည့် ပရိသတ် တောင့် တင်းလှ၏။ 'ဆရာကြီးများက မိမိကိုယ်ကို ဘုရားဟု ဝန်မခံရဲကြပါ ပဲလျက် ငယ်ရွယ်သူဖြစ်သော အရှင်ဘုရားက ဘုရားဟု ဝန်ခံပါ သလော'ဟု လျှောက်ထားခဲ့၏။

တပည့်ပရိသတ် မြောက်မြားစွာဖြင့် အရှိန်အဝါ ကြီးလှသော ဆရာကြီးခြောက်ဦးက ဘုရားဟု ဝန်မခံကြသည်ကိုသိပြီး ဖြစ်ပါ လျက် အရှိန်အဝါ မရှိသော ထိုပုဂ္ဂိုလ်များကိုမှ ကောသလ မင်း ကြီးက ရဟန္တာများဟု လျှောက်လာပြန်၏။ တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူတို့သည် မိမိတို့ နိုင်ငံမှာ ရှိကြသော ဘာသာရေး အဖွဲ့ အစည်း အမျိုးမျိုးကို စောင့်ရှောက် အားပေးရစမြဲ ဖြစ်၏။ ထို ပုဂ္ဂိုလ်တို့ဆီသွား၍ ရှိခိုးပူဇော်ခဲ့ခြင်းမှာ ဤသို့သော တာဝန် ဝတ္တရားအရ ဖြစ်ကောင်း ဖြစ်ပေမည်။ သို့သော် ဘုရားရှင်၏ ရှေ့ တော်မှာ ထိုပုဂ္ဂိုလ်များကို ချီးကျူးထောမနာ ပြုလိုက်ခြင်းကား- အဘယ်ရည်ရွယ်ချက်ကြောင့်ပါနည်း။

## ဉာဏ်ဦးစီးကာ စောင့်ကြည့်ပါ

ထူးခြားလှသော အပြုအမူကြောင့် ကျွန်ုပ် အတွေးရ ကျပ်နေဆဲ တွင်ဘုရားရှင်က ကောသလမင်း၏လျှောက်ထားချက်ကို ငြိမ်သက် စွာ နားဆင်တော်မူပြီးကာမှ တည်ငြိမ်လှစွာသော အသံတော်ဖြင့် ပြန်လည် မိန့်ကြားတော်မူပေသည်။

"မင်းကြီး။ သင်တို့လို အိမ်ထောင် သားမွေး ခြနွယ်မြူးနေသူတို့အဖို့ ရဟန္တာပုဂ္ဂိုလ် ဟုတ်မဟုတ်ကို သိနိုင်ရန် မလွယ်ပေ"

ထူးခြားလှသော အပြုအမူကြောင့် ကျွန်ုပ်၏ရင်ထဲမှာ အတွေးများစွာ ရောက်ယှက်ခတ်နေဆဲတွင် တည်ငြိမ်လှစွာသော အသံတော် ပေါ်ထွက်လာနှင့်၏။ တည်ငြိမ်လှသော အသံတော်က ဆက်လက်၍-

"မင်းကြီး။ အကျင့်သီလရှိ မရှိကို ပေါင်းသင်း ဆက်ဆံကြည့်မှ သိနိုင်၏။ သီလစင်ကြယ် မစင်ကြယ်ကို ရှေ့စကားနှင့် နောက်စကား ညီညွတ်မှုရှိ မရှိကို ထောက်ချင့်၍ သိနိုင်၏။ ဉာဏ ခွန်အား ရှိ မရှိကို ဘေးအန္တရာယ်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင် မစွမ်းဆောင်နိုင်ကို ကြည့်၍ သိနိုင်၏။ လောကုတ္တရာ အသိဉာဏ်ရှိ မရှိကို ဆွေးနွေး မေးမြန်းကြည့်၍ သိနိုင်၏။

"မင်းကြီး။ ဤသို့ သိရာတွင် အချိန်ကြာမြင့်စွာ စောင့်ကြည့်ပြီးမှသာ သိနိုင်၏။ ယခု ကြည့်ရုံနှင့် ယခုသိနိုင်သည် မဟုတ်ပေ။ အချိန်ကြာမြင့်စွာ ပေါင်းသင်းလာသူ ဖြစ်သော်လည်း ဂရုတစိုက် နှလုံးသွင်းမိပါမှသာ သိနိုင်၏။ ဂရုတစိုက် နှလုံးမသွင်းမိလျှင် မသိနိုင်ပေ။ ဂရုတစိုက် နှလုံးသွင်းပြန်ပါသော်လည်း မိမိမှာ ဉာဏ်ပညာ ပြည့်ဝနေပါမှ ဟုတ်တိုင်းမှန်စွာ သိနိုင်၏၊ ဉာဏ်ပညာ မပြည့်ဝလျှင် မသိနိုင်ပေ"

## ကောသလမင်းကြီး၏ ပုံးမျက်နှာ

တည်ငြိမ်သော အသံတော် အဆုံးဝယ် ကောသလမင်းကြီး၏ ကောင်းချီးပေးသံများ ထွက်ပေါ်လာ၏။ သူ့မျက်နှာကြီးသည်

လည်း မိုးဆမ်းပန်းသို့ လန်းဆန်းလျက်ရှိနေ၏။ စိတ်ရော ကိုယ်ပါ လန်းဆန်းနေသော ကောသလမင်းကြီးသည် ရထားပေါ်ရောက် သည်တွင်လည်း ဘုရားရှင်ရှိရာသို့ လှမ်း၍ လက်အုပ် ချီလိုက်ပါ သေးသည်။

အခြားသော ဂိုဏ်းဂဏများအပေါ် မနာလို ဝန်တိုစိတ် မရှိ ခြင်းသည် ကောသလမင်းကြီး၏ အပြုံးပန်းကို ရေဖြန်း၍ပေးလိုက် ပါလိမ့်မည်။ အခြားသော သမဏဂိုဏ်းဝင် ပုဂ္ဂိုလ်တို့ကို ထိပါး ပုတ်ခတ်မှု မရှိခြင်းသည် ကောသလမင်းကြီး၏ လက်အုပ် ကြာပဒုံ ထဲမှာ ပါဝင်လိမ့်မည်၊ ပုဂ္ဂိုလ်တဦးဦး၏ အကြောင်းကို အတွင်း ကျကျ မသိရသေးပဲ အကြည်ညိုစောလျှင် မှားယွင်းတတ်သော သဘောကိုသာ ဟောပြတော်မူလိုက်သဖြင့် ကောသလမင်းကြီး နှစ်ခြိုက် ကျေနပ်သွားခြင်း ဖြစ်ပါလိမ့်မည်။

ယခုတော့ ကျွန်ုပ် သဘောပေါက်သွားပါပြီ။ ကျွန်ုပ်ရင်ထဲက အတွေးဂယက်များ ငြိမ်သက်၍ သွားကြပါပြီ။ တကယ်တော့ဖြင့် ကောသလမင်းကြီးက ဘုရားရှင့် ရှေ့တော်မှောက် လျှောက်ထား ခဲ့ခြင်းသည် ရှင်တော်မြတ်၏ စိတ်အလိုကို စမ်းကြည့်ခြင်းသာပါ ဘကား။

[သဂါထာဝဂ်၊ ကောသလသံယုတ်၊ သတ္တဇဋိလသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

* * *

# နိဂဏ္ဌ ဆရာ တပည့်များ

## ဘုရားကိုယ်စီ တရားကိုယ်စီ

ဆရာကြီးခြောက်ဦးတို့သည် ကောသလမင်းကြီး ရှေ့မှာ ဘုရားဟု ဝန်မခံခဲ့ကြဟု ဆို၏။ အဘယ့်ကြောင့် ဝန်မခံသည်ကိုမူ သူတို့ကိုယ်တိုင်မှ တိတိကျကျ သိကြပေလိမ့်မည်။ သို့ရာတွင် ဤသို့ ဝန်မခံဘူး ဆိုကာမျှဖြင့် သူတို့ဆရာကြီးများအပေါ်ငယ် ကြည်ညိုကိုးစားမှု လျော့ပါး မသွားနဲ့ပါ။ ဤကိစ္စနှင့် ပတ်သက်၍ သူတို့ဆရာကြီးများ၏ ဖြေရှင်းချက်က အရံသင့် ရှိနေပါပြီ။

"တပည့်တို့။ ငါတို့က ဘုရားဟု ဝန်ခံလိုက်လျှင် ကောသလမင်းကြီးသည် ဘုရားနှင့် ဆိုင်သော ပြဿနာတို့ကိုမေးပေလိမ့်မည်။

မေးလာသော ပြဿနာကို ငါတို့က ဘုရားဉာဏ်ဖြင့် ဖြေဆိုသော်လည်း မင်းကြီးနားလည်မည် မဟုတ်ပေ။ သူ့ဘာသာ ဉာဏ်မမီ၍ နားမလည်ရာမှ ငါတို့အပေါ် စိတ်ပြစ်မှား၍ လာပေလိမ့်မည်။ သည်အခါတွင် မင်းကြီးမှာ အကုသိုလ်များစွာ ဖြစ်ရှာပေလိမ့်မည်။ ဤသို့ မင်းကြီးအပေါ် သနားကြင်နာ၍ပင် ငါတို့ အဖြေမပေးခဲ့ကြခြင်း ဖြစ်ပေသည်''

နဂိုကတည်းက ကြည်ညိုသင်း၊ လေးစားယင်းရှိပြီး ဖြစ်သော တပည့် ပရိသတ်သည် ဤဖြေရှင်းချက်ကို ချင်းချက်မရှိ လက်ခံကြ၏။ သူတို့ဆရာကြီး စကားကို လုံး၀ ဥဿုံ ယုံကြည်ကြ၏။ ထို့ကြောင့် ထိုပရိသတ် အသီးသီးသည် သိုက်သိုက်၀န်း၀န်း ရှိမြဲ ရှိနေကြပေသည်။ ကိုယ့်ဘုရားနှင့်ကိုယ်၊ ကိုယ့်တရားနှင့်ကိုယ် ကြည်ညိုဆည်းကပ်လျက် နေကြပေသည်။

[သဂါထာ၀ဂ်၊ ကောသလသံယုတ်၊ ဒဟရသုတ်အဋ္ဌကထာ]

## မငြိမ်းချမ်းသော သမဏများ

တရားအမြင် စင်ကြယ်သည် မစင်ကြယ်သည်ကို တပိုင်းထား၍ ကြည့်သော် ထိုဆရာကြီးတို့လည်း ကျွန်ုပ်တို့လိုပင် ပဗ္ဗဇိတာ အနွယ်၀င်များပင် ဖြစ်၏။ အိုးအိမ်ထောင်မရှိ။ လယ်ယာချောင်းမြောင်းမရှိ။ မိမိတို့နှင့် မကွဲ မကွာ အတူပါသော ပရိက္ခရာတို့ဖြင့် အတိုင်းတိုင်း အပြည်ပြည် လျှောက်သွားနေကြ၏။ ရပ်တကာ ရွာတကာ လှည့်လည် နေကြ၏။ ရောက်လေရာ အရပ်တွင် သူတို့ လက်သုံး ဟောမြဲထုံးတရားကို ဟောကြားကြ၏။ အယူအဆ မတူမျှသူချင်း

ဆုံမိကြသောအခါ အချင်းချင်း နှီးနှော ကြည့်ကြ၏။မတူညီသော ဝါဒများကို ညှိနှိုင်း၍ ကြည့်ကြ၏။သူ့ဘက် ကိုယ့်ဘက် အလျှော့ အတင်း လုပ်ကြည့်ကြ၏၊ဤသို့ လုပ်ကြည့်ရာမှ နှစ်ဂိုဏ်းက တဂိုဏ်း တည်း ပူးပေါင်း သွားတတ်၏၊ သို့သော် ဤအဖြစ်မျိုးမှာ ရှားပါး လှ၍ တရားဆွေးနွေးရာမှ ငြင်းခုံပွဲကြီး ဖြစ်ရသည်က များပေ သည်။ ဘယ်သူ့ဘက်ကမှ အလျှော့မပေးနိုင်ကြ၍ ဖြစ်ပေသည်။

## သူတို့နှင့် ကျွန်ုပ်တို့

မပြီနိုင်၊ မဆုံးနိုင်သော ဝါဒစစ်ပွဲများကို သားစဉ် မြေးဆက် ဆင်နွှဲလာခဲ့ကြသော ပုဂ္ဂိုလ် များသည် သာသနာ တော်ကြီး ပေါ်ထွန်းလာပြီးသည့် နောက်ဘက်တွင် ကျွန်ုပ်တို့ဘက်သို့ မျက်နှာမူ လာကြ၏၊ သူတို့ထက် အသက်ရော၊သိက္ခာပါ ငယ်သေး၊နုသေး ပါလျက် သူတို့အချိန်အခါကို ကျော်လွှားသွားသော ဘုရားရှင် အား သူတို့၏ အဓိကပြိုင်ဘက်အဖြစ် သဘောထားလာကြ၏။ ဝါဒချင်းပြိုင်၍ အနိုင်ယူရန် ကြိုးစားလာကြ၏၊ သို့ရာတွင် ထို ခေါင်းဆောင်ဆရာကြီးများ ကိုယ်တိုင်ကား ဘုရားရှင်နှင့် လာ၍ မတွေ့ဆုံကြပါ။ကိုယ့်အကြောင်းနှင့်ကိုယ် ခပ်ခွာခွာ နေကြသူများ ထံသို့လည်း ဘုရားရှင် ကြွ၍သွားတော်မမူပါ။သို့ရာတွင် သူတို့နှင့် ကျွန်ုပ်တို့ကြားတွင် အဆက်အသွယ် ပြတ်သည်ဟုကား မရှိပါ။ မြေချင်းဆက်၍ ရေချင်းယှက်နေသော ဤ မဇ္ဈိမ ဒေသဝယ် ဝါဒရှင်များအချင်းချင်း တနည်းနည်းနှင့် ဆက်သွယ်နေကြသည် သာ ဖြစ်ပေသည်။

'ဘုရား' ဟူသော ဘွဲ့နာမံဖြင့် ထင်ရှား ကျော်ကြားသော ဆရာကြီး ခြောက်ဦးအနက် ကျွန်ုပ်တို့နှင့် အဆက်အသွယ်အများဆုံးမှာ နိဂဏ္ဌဆရာကြီး ဖြစ်၏။ ကျွန်ုပ်တို့နှစ်ဘက်ကြား တံတားခင်းပေးသူတဦးကား လိစ္ဆဝီအမျိုးသား အဘယဖြစ်၏။ သို့သော် အဘယသည် ကျွန်ုပ်တို့ဘက်သား မဟုတ်။ နိဂဏ္ဌ ဆရာကြီး၏ တပည့်တဦး ဖြစ်ပေသည်။

## ဆရာကြီး၏ ခြေတလှမ်း

သူတို့ဘက်က ကြည့်သော် ကျွန်ုပ်၏ နောင်တော် မြတ်သည် 'နောက်မှပေါ်ထင် ရွှေကြာပင်' ဖြစ်နေပါလိမ့်မည်။အရှိန်အဟုန်နှင့် ထင်ပေါ်လာသည့် ရွှေကြာပင်ကို ဝါရင့်၊ သမ္ဘာရင့် တရားဆရာကြီး နိဂဏ္ဌက ဝါဒချင်းပြိုင်၍ အနိုင်ယူချင်ပါလိမ့်မည်။ ကျွန်ုပ်တို့ကျောင်းသို့ အဘယ ထူးထူးခြားခြား ရောက်လာခြင်းသည် ဤသို့သော ခြေလှမ်းများ၏ တစိတ်တဒေသ ဖြစ်ပါလိမ့်မည်။

သူနှင့်အတူ ပါလာသော ပဏ္ဍိတ မင်းသားကား- ကျွန်ုပ်တို့ သာသနာမှာ သက်ဝင်ပြီးသူဖြစ်၏။ ယုံကြည်မှုချင်း မတူကြသော်လည်း သူငယ်ချင်းတို့၏ ချစ်ခြင်းမေတ္တာကား ဆက်လက်ရှင်သန်လျက်သာ ရှိ၏။ထို့ကြောင့်ပင် အဘယ ကျွန်ုပ်တို့ကျောင်းတော်သို့ လာရာတွင် ရွှေဆောင်ရွှေရွက် ပြုလာခဲ့ခြင်း ဖြစ်၏၊ တဘက်သို့ တိမ်းညွတ်နေသော သူ့ သူငယ်ချင်းသည် ကျွန်ုပ်တို့နှင့် တွေ့ပြီးသည်ဘက်သို့ပြန်ပါလာမည်ဟုမျှော်လင့် ထားသလား မဆိုနိုင်ပါ။

မည်သို့ပင်ဖြစ်စေ၊ အဘယသည် ကျွန်ုပ်ရှေ့မှောက်တွင် သူ့သူငယ်ချင်းနည်းတူ ရှိခိုးဖော်ကား ရပါ၏။ လူမှုဆက်ဆံရေးတွင် လိမ္မာယဉ်ကျေးပြီးသူ ဖြစ်သည့်အတိုင်း သူမေးလိုရာ ပြဿနာကို လိမ္မာယဉ်ကျေးစွာပင် မေးလျှောက်ပါပေသည်။

## ဆရာကြီး၏ ဝါဒ

"အရှင်ဘုရား။ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် ကြွင်းမဲ့ဥဿုံ အလုံးစုံကို သိနိုင် မြင်နိုင်သော သဗ္ဗညုပုဂ္ဂိုလ်ဟူ၍ဝန်ခံပါသည်။ သွား ရပ်- အိပ် နိုး အမျိုးမျိုးသော အချိန်တို့တွင် အစဉ်အမြဲ သိလျက် မြင်လျက်သာ ရှိနေသည်ဟု ဆိုပါသည်။ ထိုဆရာကြီး၏ ဝါဒမှာ ဤသို့ ဖြစ်ပါသည်။ ဘဝ ဘဝက ပါလာသော ကံတို့ ကင်းစင်သွားစေရန် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်သောအကျင့်ကို ကျင့်ကြရပါသည်။ အသစ် အသစ်ဖြစ်သော ကံတို့ကိုလည်း မပြုရပါ။ ဤသို့အားဖြင့် ကံကုန်သောကြောင့် ဒုက္ခကုန်ပါသည်။ ဒုက္ခကုန်သောကြောင့် ဝေဒနာကုန်ပါသည်။ ဝေဒနာကုန်လျှင် ဒုက္ခ ဟူသမျှ ကုန်ဆုံးပါလိမ့်မည်။ ဤသည်လျှင် ဆင်းရဲဒုက္ခ ဟူသမျှမှ လွတ်မြောက်စေကြောင်း အကျင့်ကောင်း ဖြစ်သည်ဟု ဟောကြားပါသည်။ဤသို့သောအကျင့်နှင့်ပတ်သက်၍ ဘုရားရှင်သည် မည်သို့ မိန့်တော်မူပါသလဲဘုရား"

[အင်္ဂုတ္တရ၊ တိကနိပါတ်၊ အာနန္ဒဝဂ်၊ နိဂဏ္ဌသုတ်]

အဘယ၏လျှောက်ထားသံကို နာခံယင်း ကျွန်ုပ်သည် သဗ္ဗညုပုဂ္ဂိုလ်ဆိုသော နိဂဏ္ဌဆရာကြီး၏ ဖြစ်အင်ကို ပြေးမြင်လိုက်မိ၏။

ကြွင်းမဲ့ဥဿုံ အလုံးစုံကို သိပါသည်ဆိုသော ထိုဆရာကြီးသည် လူမရှိသောအိမ်ကိုလည်း ဆွမ်းခံဝင်ခဲ့ဖူး၏။ လူရှိပါလျက် ဆွမ်းမရခဲ့သည်လည်း ရှိ၏။ ခွေးကိုက်ခံရသည့်အခါလည်း ရှိ၏။ ကြမ်းတမ်းလှသော ဆင်များ၊မြင်းများ၊နွားများနှင့် လမ်းမှာဆုံရဖူး၏။ ယောကျ်ား-မိန်းမတို့၏ အမျိုးအမည် ကိုလည်း မေးကြည့်ရ၏။ ရွာနာမည်နှင့် လမ်းတို့ကိုလည်း မေးကြည့်မှ သိရ၏။ သဗ္ဗညူပုဂ္ဂိုလ်ကြီး ဖြစ်ပါလျက် အဘယ့်ကြောင့် ဤသို့ဖြစ်ရပါသနည်းဟု မေးကြည့်သောအခါ "ဤသို့ မလွှဲမသွေ ဖြစ်ကိန်းကြုံနေ၍ ဖြစ်ရပါသည်"ဟု သူက ဖြေကြားပေသည်။

[မဇ္ဈိမ ပဏ္ဏာသ၊ သန္ဒကသုတ်]

## အသိမှန်မှ အကျင့်မှန်သည်

သူ့အဆိုနှင့် သူ့ဝန်ခံချက် မဟပ်ပုံကို တွေး၍ ပြုံးချင်ချင် ဖြစ်မိသော်လည်း သူ၏ ရည်ရွယ်ချက်ကိုကား ကျွန်ုပ် ပြက်ရယ်မပြုနိုင်ပါ။ အခြားသော အချက်များသည် ကျွန်ုပ်တို့ သာသနာတော်ကြီးနှင့် မနီးစပ်သော်လည်း မကောင်းမှုကို စွန့်ပစ်ခြင်း ဟူသော အချက်တခုမှာကား - သာသနာတော်ကြီးနှင့် လာ၍ ဟပ်မိနေပေသည်။

ကောင်းပါပြီ။ သာသနာတော်ကြီးနှင့်မဟပ်မိသော အချက်များကို အမှားစာရင်း သွင်းပြီးပါလျက် သာသနာတော်ကြီးနှင့် ဟပ်မိနေသော ဤတချက်ကိုပါ အဘယ့်ကြောင့် အမှားစာရင်းထဲ ထည့်ရပြန်ပါသနည်း။ ဤသို့မေးလာသူ ရှိပါက ကျွန်ုပ်မှာ

ဖြေရန် အသင့်ရှိနေပါသည်။ ရည်ရွယ်ချက် မှန်သော်ငြားလည်း ကျင့်သုံးပုံ မမှန်သောကြောင့် ဖြစ်ပါသည်။ ကျင့်သုံးပုံမမှန်ခြင်း မှာလည်း အသိအမြင် မသန့်ရှင်းသောကြောင့် ဖြစ်ပါသည်။

## အနတ္တကို အတ္တလုပ်၍

သူတို့ ရည်ရွယ်ချက်မှာ မကောင်းမှုကို ပယ်စွန့်ရန် ဖြစ်ပါ၏။ သို့ရာတွင် သူတို့မှာ အကုသိုလ်ကို ဓမ္မသန့်သန့် အဖြစ်ဖြင့် မသိမမြင်နိုင်ကြပေ။ သတ္တဇီဝ မနေ့ာ တရားသက်သက်မျှသာပါကလားဟု သဘောမပေါက်ကြပေ။ ပိုင်သူ ဆိုင်သူ အတ္တဟူ၍ မြူမျှ မရှိသော ပြုသူ မရှိ၍ ပြုခြင်း ကြိယာသက်သက်မျှသာ ဖြစ်သော တရားပါကလားဟု မခံယူနိုင်ကြပေ။

ဤသို့ မခံယူနိုင်ကြ၍ပင် ပြုခြင်း ကြိယာသက်သက်မျှသာ ဖြစ်သော အကုသိုလ် တရား အပေါ် မှာ ပြုသူကို ဖန်တီးကြ၏။ ပိုင်သူဆိုင်သူ အတ္တဟူ၍ မြူမျှ မရှိသော အနတ္တတရားအပေါ်ဝယ် အတ္တ အယူဖြင့် ပိုင် သူဆိုင်သူ လုပ် လာ ကြ၏။ သတ္တဇီဝမနေ့ာ သဘောသက်သက်မျှ အပေါ်ဝယ် သတ္တတွေ ဇီဝတွေ သယ် ယူလာကြ၏။ ဤသို့ဖြင့် ငါပြုသော၊ ငါပိုင်သော အကုသိုလ်ကို ပယ်စွန့်ရန် ပင်ပန်း ဆင်းရဲသော အကျင့်မျိုးစုံကို ကျင့်ကြရ၏။ အကုသိုလ်မျိုးစုံကို ပြုခဲ့ပြီး ယခုထက်တိုင် အသက် ရှင်နေသော နောက်နောင်လည်း ရှင်နေဦးမည်ဖြစ်သော သတ္တဇီဝကို အမျိုးမျိုး အဖုံဖုံ ဒဏ်ခတ်ကြရ၏။ သူတို့က တရားခံ အဖြစ် ဖြင့် သတ္တဇီဝကို သဲကြီးမဲကြီး ဒဏ်ခတ်ကြသော်လည်း ဒဏ်ခတ်စရာ

သတ္တဇီဝကား-မရှိပေ။မရှိသော သတ္တဇီဝကိုယ်စား အငှားလိုက်၍ ဒဏ်ခံနေရသည်ကား-ဝိပါကဝဋ် ခန္ဓာကြီးသာတည်း။ အကုသိုလ် မဟုတ်သော ကဗျာကတ ခန္ဓာကြီးသာတည်း။

## ပဟာနကိစ္စ

အကုသိုလ်ကို ပယ်စွန့်ခြင်း ဟူသော စကားဝယ် အကုသိုလ်သည် ကမ္မကရကအဖြစ်ဖြင့် ပါဝင်သော်လည်း စင်စစ်အားဖြင့် အကုသိုလ်နှင့် ဘာမျှ မဆိုင်ပေ။ အကုသိုလ် ဟူသမျှကို ကြွင်းမဲ့ ဉဿုံ စွန့်ရာ ခွာရာဖြစ်သော နိရောဓသစ္စာကို မျက်မှောက်ပြုလိုက်သည် နှင့် တပြိုင်နက် အကုသိုလ်ပေါင်း ကြွေးဟောင်း အနန္တကို ပယ်စွန့်ခြင်း ဟူသော ပဟာနကိစ္စလည်း တပါတည်း ပြီးစီးသွားပုံကို ပြဆိုထားခြင်းသာ ဖြစ်၏။ တနည်းအားဖြင့် ပယ်အပ်သော အကုသိုလ်တွေကို ဟိုလို သည်လို လုပ်နေမည့်အစား ပယ်တတ်သော ဉာဏ်ပေါ်ရေးသာ လိုရင်းဖြစ်၏။ ဉာဏ်ရောက်လျှင် အကုသိုလ်ကံ ဟူသမျှ ပျောက်ကြရမည်သာ။

သို့ရာတွင် နိဂဏ္ဌဆရာကြီးတို့မှာ ဉာဏ်မဖက်ပဲ ကံပယ်ရေး သက်သက်ကိုသာ အလေးထား၍ နေကြ၏။ကံပယ်ရေး သက်သက် လုပ်နေသော သဘောသည်ပင် ကံပါကလား၊ ကံပေါ် ကံဆင့် နေခြင်းပါတကား-ဟူ၍လည်း ဉာဏ်မရှိ၍ မသိကြပေ။အသိအမြင် မစင်ကြယ်ကြပေ။ထို့ကြောင့်ပင် သာသနာတော်ကြီးနှင့် တစိတ် တဒေသ တူမျှသော ရည်ရွယ်ချက်ကိုပင် အမှားစာရင်းထဲ သွင်း ကြရပေသည်။

[သီလက္ခန္ဓဝဂ်၊သာမညဖလသုတ်၊နိဂဏ္ဌနာဋပုတ္တဝါဒ အဖွင့်အဋ္ဌကထာနှင့် ဋီကာ]

## ကိုယ့်တရားကိုသာ ဟောပါသည်

နိဂဏ္ဌဆရာကြီး၏ ဝါဒကို ဤသို့သာ ခြေခြေမြစ်မြစ် နားလည်ထားပါလျှင် အဘယအဖို့ သာသနာတော်ကြီး၏ အပြင်ဘက်မှာ ရောက်နေရန် မရှိပါချေ။ သို့ရာတွင် သူ့ခမြာ အသက်အရွယ်က နုသေးသည်။ တရားမွေ့ လေ့လာ လိုက်စားကာစတွင်မှ နိဂဏ္ဌဆရာကြီးနှင့် ဆုံဆည်းခဲ့ရသည်။ နိဂဏ္ဌ ဆရာကြီးသည် သူ့လိုပင် လိစ္ဆဝီ အမျိုးသား ဖြစ်၏။ သူ့လိုပင် ဝေသာလီမြို့တော် ဖွားလည်း ဖြစ်၏။ ထို့ကြောင့် နိဂဏ္ဌဆရာကြီး၏ အရှိန်အဝါသည် အဘယအပေါ် ဘက်ပေါင်းစုံမှ လွှမ်းခြုံလျက် ရှိနေပါလိမ့်မည်။

ငယ်ဆရာကြီးအပေါ်မှာ အစွဲနာလှသော အဘယအား ငယ်ဆရာကြီး၏ အဖြစ်မှန်များကို ပြောပြလိုက်လျှင် ဆတ်ဆတ်ခါမျှ နာသွားရှာမည် ဖြစ်၏။ ထို့ကြောင့် သဗ္ဗညုအမည်ခံ ဆရာကြီး၏ ကိုးယို့ကားယား ဖြစ်ရပုံကို ကျွန်ုပ် ထုတ်ဖော် မပြောတော့ပါ။ သူ့တရား အမှားစာရင်း ဝင်နေကြောင်းကိုလည်း စကားမစပ်တော့ပါ။ သံသရာဝဋ်မှ လွတ်မြောက်ရေးအတွက် ဘုရားရှင် ချမှတ်တော်မူခဲ့သော လမ်းစဉ်သုံးရပ်ကိုသာ ကျွန်ုပ် ဟောခဲ့ရ၏။ သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော တရားတို့ကိုသာ အကျယ် ဝေဖန်၍ ပြခဲ့၏။

### မကောင်း၍ ခေါ်လိုက်ရသော သာဓု

ကျွန်ုပ်တရားအချုပ်တွင် အဘယသည် တွေ၍ နေ၏။ ရှေ့တူရူမှာသာ ငေးစိုက်၍ နေ၏။ သူ့ဆရာကြီး၏ တရားများကို ကျွန်ုပ်တို့ သာ

သနာတော်ကြီး၏ လမ်းစဉ် သုံးရပ်နှင့် နှိုင်းယှဉ်ပြီး သုံးသပ် နေဟန် တူပါသည်။

"သူငယ်ချင်း အဘယ။ အရှင်အာနန္ဒာ ဟောကြားသော တရားကို အဘယ့်ကြောင့် သာဓု မခေါ်ပဲ နေပါသလဲ"

သူငယ်ချင်း၏ မျက်နှာကဲကို အားမလို အားမရ ဖြစ်မိသဖြင့် ပဏ္ဍိတက သတိပေးလိုက်ရ၏။ ဤသို့ သတိပေးလိုက်ခါမှ အဘယ ဆတ်ကနဲ ဖြစ်သွားကာ-

"ဘယ်မှာ သာဓု မခေါ်ပဲ နေပါမည်လဲ သူငယ်ချင်း ပဏ္ဍိတ။ အရှင်အာနန္ဒာဟောကြားသော တရားကို ဘယ်သူ သာဓုမခေါ်ပဲ နေရပါမည်လဲ။ သာဓု မခေါ်ပဲ နေလျှင် ကျွန်ုပ်၏ ဦးခေါင်း မြေမှာ ကြွေကျမည် မလွဲပါ"

သူငယ်ချင်းရှေ့မှာမို့ အားနာ ပါးနာ သာဓုခေါ်လိုက်ရသော အဘယသည် ရိုးရိုးတန်းတန်း သာဓု မခေါ်လိုက်ပဲ ဝေ့သီ ဝေ့သီ ကလေးများ စွက်လိုက်ပါသေး၏။ သူ တွေဝေနေစဉ်က ဝါဒ နှစ်ရပ်ကို နှိုင်းယှဉ် သုံးသပ်နေရော့သလားဟု ကျွန်ုပ် ထင်စားခဲ့မိ၏။ သို့သော် ကျွန်ုပ် အထင်လွဲခဲ့ပေပြီ။ အဘယ တွေ၍ ဝေနေသည်မှာ ဘာတွေ ညာတွေမှ နှိုင်းယှဉ် စဉ်းစားနေ၍ မဟုတ်ပေ။ သူ့ဆရာကြီး၏ ဝါဒကို ထောက်ခံချက်မပေးလိုက်သဖြင့် ကျွန်ုပ် အပေါ် မကျေမနပ် ဖြစ်နေခြင်းသာပါ တကား။ ။

[အင်္ဂုတ္တရ၊ တိကနိပါတ်၊ အာနန္ဒဝဂ် နိဂဏ္ဌသုတ်]

⁂ ⁂ ⁂

# အပါယ်ဘေးက ဝေးလိုလျှင်

## နိဂဏ္ဌတို့ နယ်မြေမှာ

လိစ္ဆဝီအမျိုးသား အဘယ ရောက်လာတုန်းက ကင်းထိုး စမ်းရုံမျှ ဖြင့် ပြီးခဲ့၏။ သူတို့ဝါဒနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဘက်က ဘယ်လို အသံထွက်မည်လဲဟု တီးခေါက်ကြည့်ရုံသာ ဖြစ်ခဲ့၏။ ဝါဒတိုက်ပွဲ ဆင်သည့် အဆင့်သို့ကား မရောက်ခဲ့ချေ။

ဤမျှဖြင့် ပြီးခဲ့ရခြင်းတွင် အကြောင်းအမျိုးမျိုးရှိနိုင်ပေသည်။ ရောက်လာသူ အဘယသည် ကျွန်ုပ်နှင့် ယှဉ်ပြိုင်နိုင်လောက်အောင် အရည်အချင်း မရှိသေး၍လည်း ဖြစ်နိုင်၏။ အခြားမြို့ရွာများမှာ

ကဲ့သို့ သာဝတ္ထိမြို့တော်တွင် သူတို့၏ဂိုဏ်းများ မပေါသေးသော ကြောင့်လည်း ဖြစ်နိုင်၏။

နာဠန္ဒာမြို့ကား သူတို့ အသင်းအပင်းတွေ များလှ၏။ မြို့ပေါ်တွင် မက ပတ်ဝန်းကျင်ကျေးရွာများမှာလည်း ရှိကြ၏။ ရွာသူကြီး များစွာပင် နိဂဏ္ဌဆရာကြီးကို ဘုရားတဆူ ဂုတလုံးအဖြစ် ကိုး ကွယ်လျက် ရှိကြ၏။ ထို့ကြောင့် ဤမြို့မှာ ဝါဒတိုက်ပွဲတခု ဖြစ် ပေါ်လာခဲ့ပေသည်။

## နိဂဏ္ဌတို့ တိုက်ကွက်တခု

ထိုဥဥ်က ဘုရားရှင်နှင့် ကျွန်ုပ်တို့တတွေ ထိုမြို့ရှိ ပါဝါရိကသဋ္ဌေး၏ သရက်တောကျောင်းမှာ နေခဲ့ကြ၏။ နိဂဏ္ဌဆရာကြီးလည်း သူ့ တပည့် နိဂဏ္ဌ ပရိသတ်နှင့်အတူ အုတ်အုတ်ကျက်ကျက် ရောက် လာခဲ့၏။ ကာရန်မသင့်ချင်တော့ ကျွန်ုပ်တို့ ရောက်နေခိုက်တွင် နာဠန္ဒာတစိုက်မှာ ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်လျက်ရှိပေသည်။ ပတ်ဝန်းကျင် တပြင်လုံးရှိ ကောက်ပင်များ ကောက်နာကျကုန် သဖြင့် ရှိရှိသမျှ စားနပ်ရိက္ခာများကို မဝရေစာ မျှဘ၍ စားနေ ကြရ၏၊ ဤသို့သော အခြေအနေဆိုးကိုပင် နိဂဏ္ဌအသိုက်အဝန်း က တိုက်ကွက်တခုအဖြစ်ဖြင့် အသုံးချခဲ့ပါပေသည်။

"အရှင်ဘုရား။ အရှင်ဘုရားသည် မြောက်မြားလှစွာသော ဒေသနာတော်တို့ဖြင့် တကာ-တကာမတို့အား ငဲ့ညှာထောက်ထား မှုကို ချီးမွမ်းတော်မူသည်မှာ ဟုတ်မှန်ပါသလား ဘုရား"

ယဉ်ယဉ်ကလေးနှင့် တေင်လိုက်သော တိုက်ပွဲတခုပင်ဖြစ်ပါ၏။ ဤတိုက်ပွဲ၌ ရွှေတန်းသို့တက်၍ ကိုယ်တိုင် တိုက်လာသူမှာ အသိဗန္ဓကပုတ္တမည်သော ရှာသူကြီးတဦး ဖြင်၏။ ကိုယ်တိုင် မတိုက်ပဲ နောက်တန်းမှနေ၍ ညွှန်ကြားသူကိုကား ကျွန်ုပ် ဖော်ပြနေရန် လိုမည်မထင်ပါ။

"ဟုတ်ပေသည် ရှာသူကြီး။ ငါဘုရားသည် မြောက်မြားလှစွာသော ဒေသနာတော်တို့ဖြင့် တကာ-တကာမတို့အား သနားကြင်နာ ငဲ့ညှာထောက်ထားမှုကို ချီးမွမ်းခဲ့ပေသည်"

တိုက်ပွဲဆင်လာမှန်း သိလျက်ပင် ဘုရားရှင်က စင်း၍ အဖြေပေးတော်မူလိုက်၏။

"ဤသို့ သနားကြင်နာ ငဲ့ညှာတော်မူရိုးမှန်ပါလျှင် ငတ်မွတ်ခေါင်းပါးနေသော ဤမြို့တွင် သံဃာပေါင်းမြောက်မြားစွာနှင့် အဘယ့်ကြောင့် ဆွမ်းခံရက်ပါသနည်း။ ဤသည်မှာတကာ-တကာမများ သေကြေပျက်စီးအောင် ပြုကျင့်ခြင်းပင် မဟုတ်ပါလော။ တကာ-တကာမတို့ကိုမငဲ့မကွက် နှိပ်စက်ခြင်းပင်မဟုတ်ပါလော"

ဘုရားရှင်၏စကားတစကို အမိဖမ်းကာ စနစ်တကျ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ပေသည်။ သည်ဘက်ကို တိုက်ခိုက်ယင်း ကပ်ကြီးဆိုက်နေသော ဒကာ-ဒကာမ အပေါင်းကိုလည်း သူ့ဘက်ကို ညွှတ်ပါလာအောင် စည်းရုံးလိုက်ပါသေးသည်။

## တိုက်ကွက်ကို ဖျက်လိုက်ပြီ

"ရှာသူကြီး။ အိမ်သူအိမ်သားများအတွက် ချက်ထားပြီးသော ထမင်းထဲမှ တလုတ်စာကို လောင်းလှူကာမျှဖြင့် ဆုတ်ယုတ်

ပျက်စီးသွားသော တကာ-တကာမဟူ၍ မရှိဖူးချေ။ စင်စစ်သော်ကား - စည်းစိမ်ဥစ္စာ ရွှေငွေရတနာပြည့်စုံသူတို့သည် ဒါနအကျိုးခံစားနေသူတို့သာ ဖြစ်ပေသည်။ တဇွန်း တယောက်မမှ စ၍ သဒ္ဓါတတ်အားသမျှ လောင်းလှူခဲ့သော ဒါန၏အကျိုးတို့လည်း ဖြစ်ကြ၏၊ သစ္စာ၏ တန်ခိုးရှိန်စော် အာနုဘော်တို့ ဖြစ်ကြ၏။ တရားနှင့်လျော်ညီစွာ ကျင့်သုံးလာခဲ့သော ကောင်းမှုကုသိုလ်၏ အကျိုးတရားတို့ ဖြစ်ကြ၏''

ထွေး၍မရ၊ မျို၍မကျနိုင်သော အရိုးစသဖွယ် ဖန်တီးပေးလိုက်သော ပြဿနာကို ဘုရားရှင်ကတော့ တည်ငြိမ်စွာပင် အဖြေပေးတော်မူပါသည်။

## ပျက်စီးကြောင်း ရှစ်ပါး

'ရှာ သူကြီး။ တကာ - တကာမတို့ ပစ္စည်းဥစ္စာ ပျက်စီးရသောအကြောင်းတို့မှာ ရှစ်မျိုးရှိပေသည်။ တရားမစောင့်သော မင်း၊ သူခိုးဒမြ၊ မီးနှင့်ရေတို့က ဖျက်ဆီးခြင်း၊ မြေမှာ မြှုပ်ထားသော ဥစ္စာနေရာ ရွှေ့သွား၍ ရှာမတွေ့တော့ခြင်း၊ လုပ်ငန်းဆောင်တာများ မှားယွင်းချွတ်ချော်ခြင်း၊မိသားစုထဲမှာ ဟော့ဟော့ရမ်းရမ်း ဖြုန်းတီးသူ ပေါ်လာခြင်းနှင့် နောက်ဆုံး ရှစ်ခုမြောက်အကြောင်းကား အနိစ္စသဘောပင် ဖြစ်ပေသည်။

''ရှာသူကြီး ။တကာ-တကာမတို့၏ ပစ္စည်းဥစ္စာပျက်စီးရာတွင် ဤအကြောင်းရှစ်ပါး ထင်ရှားစွာ ရှိနေပါလျက်တကာ-တကာမများ သေကြေအောင် ပြုကျင့်သည်၊ မင့်မကွက် နှိပ်စက်သည်ဟု ငါဘုရားကို ဆိုသင့်ပါသေးသလော''

"မဆိုသင့်ပါဘုရား။တပည့်တော်ပြစ်မှားမိသည်ကို ခွင့်လွှတ်၍ တပည့်တော်အား အရှင်ဘုရား၏ တပည့်တယောက်အဖြစ် အသိအမှတ် ပြုတော်မူပါ ဘုရား"

အပေါ်ယံ ယဉ်ကျေးမှုဖြင့် စတင်ခဲ့သော တိုက်ပွဲတခုသည် အတွင်းယဉ်ကျေးမှုဖြင့် ပြီးဆုံးသွားပေသည်။

[သဠာယတနဝဂ်၊ ဂါမဏိသံယုတ်၊ ကုလသုတ်]

## စိတ်မချရသော သရဏဂုံ

ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သူအဖြစ် လျှောက်ထားခြင်းသည် သရဏဂုံဆောက်တည်ခြင်း တမျိုးပင်ဖြစ်၏။ သို့ရာတွင် ထိုနေ့က အသိဗန္ဓကပုတ္တ ဆောက်တည်သွားခဲ့ခြင်းမှာ ဒိဋ္ဌသရဏဂုံ မဟုတ်သေးပေ။ တရားသဘောကို ကိုယ်တိုင်၊ ကိုယ်ပိုင် မသိရသေးသမျှ ဘုရားရှင်ကိုယ်တော်တိုင်၏ရှေ့မှောက်မှာဆောက်တည်သော်လည်း ဒိဋ္ဌသရဏဂုံ မဖြစ်နိုင်ပေ။ သုတ သရဏဂုံ အဆင့်မျှသာ ရှိနိုင်ပေသည်၊

အသိဗန္ဓကပုတ္တသည် ဘုရားရှင့် အပေါ် ပုဂ္ဂိုလ်ရေး အရ ကြည်ညိုသွားခဲ့၏။ မိမိက စကားတစကို အမိဆွဲ၍ တိုက်ပွဲဝင်ခဲ့သော်လည်း ဘုရားရှင်က ပြန်၍ဒဏ်မခတ်ပုံ၊ ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ရန် အကွက်ဆင်လာသောပြဿနာကို အကျိုးသင့်အကြောင်းသင့် ဖြေရှင်းပေးလိုက်ပုံမှာ ကျေနပ်လောက် စရာပင် ဖြစ်ပါပေသည်။

သာသနာတော်တွင် မသက်ဝင်သေးသူများနှင့် စာလျှင်သုဘာသရကာဂုံသည် အဆင့်အတန်း မြင့်လှပါ၏။ သို့သော် သုတမ္ဒိဋ္ဌသို့ မရောက်သေးသမျှ စိတ်မချရသေးပေ။ ဖွဲ့ပုံပေါ်မှာ စိုက်ထားသော ဒုတ်ကဲ့သို့ လေတချက် လှုပ်ရုံနှင့် လဲကျသွားနိုင်ပေသည်။ ထို့ကြောင့်ပင် ဘုရားရှင်က သူနှင့် နောက်တခါ ဆုံလာရာတွင်–

"ရှာသူကြီး၊ နိဂဏ္ဌနာဋပုတ္တသည် သူ့တပည့်များကို ဘယ်ကဲ့သို့ တရားဟောပါသလဲ"ဟု ထုတ်ဖော်၍ မေးတော်မူရ၏။

## နိဂဏ္ဌတို့ တရားတပုဒ်

"အရှင်ဘုရား၊ သက်သတ်ခိုးမှု၊ ကာမေသုနှင့် မုသား ပြောဆိုခြင်းတည်း ဟူသော မကောင်းမှု ပြုသူတိုင်းသည် တယောက်မကျန် အပယ်ကျရပါသည်။ အနေများရာကိုလိုက်၍ ကျရောက်ရပါသည်။ နိဂဏ္ဌဆရာကြီးသည် ဤသို့ ဟောကြားခဲ့ပါသည်ဘုရား"

နိဂဏ္ဌဆရာကြီး၏ တရားဒေသနာတို့ထဲက ကြားနေကျ၍ နားရေဝသော တရားတကွက်ကို အသိဗန္ဓကပုတ္တက လျှောက်ထားပေသည်။

## သူတို့တရားကို စိစစ်ကြည့်ပါ

"ရှာသူကြီး။ အနေများရာကိုလိုက်၍ ကျရောက်ရသည် ဟူသော နိဂဏ္ဌနာဋပုတ္တ၏ စကားမှန်ခဲ့လျှင် ဤလောကဝယ် တစုံ တယောက်မျှ အပါယ်ကျရန် မရှိတော့ပေ"

ဟိုနေ့တုန်းက အသိဗန္ဓက ပုတ္တသည် သည်ဘက်က စကားတစ ကို အမိဆွဲ၍ တိုက်ပွဲဝင်ခဲ့၏။ ယနေ့တော့ သူ့အတိုက်ခံလှည့် ကြုံ ချေပြီ။ အနေများရာကိုလိုက်၍ ကျရောက်ရသည် ဟူသော စကား တခွန်းက မိမိတို့ ဝါဒကို ဖျက်လို ဖျက်ဆီး ပြုနေပါလျက် ဝါဒ ရှင်များ ကိုယ်တိုင်က ဖျက်မှန်း မသိကြချေ။ ဤစကားတခွန်းကို အဆွဲအကိုင် ခံရလိမ့်မည်ဟုလည်း မထင်ခဲ့ချေ။ မမျှော်လင့်သော အချက်ကိုမှ အဆွဲအကိုင် ခံလိုက်ရသဖြင့် သူ့ ခမြာ ပါးစပ်ဟောင်း လောင်း ဖြစ်သွားရရှာပေသည်။ ထိုစဉ်ခိုက်မှာပင် ဘုရားရှင်က—

"ရှာသူကြီး။ ငါဘုရား မေးမြန်းသည့် ပုစ္ဆာကို သင်သဘော ပေါက်သလို ဖြေနိုင်သည်။ တစုံတယောက်သော သူသည် သက် သတ်ခိုးမှု၊ ကာမေသု စသော မကောင်းမှုများကိုပြု၏။ နေ့မှာ ဖြစ် စေ၊ ညမှာ ဖြစ်စေ အချိန်နှင့် အချိန်ချင်း နှိုင်းယှဉ် ကြည့်လျှင် မကောင်းမှုပြုသော အချိန်နှင့် မပြုသောအချိန် ဘယ်သင်းကများ ပါသနည်း"

"မပြုသော အချိန်က များပါသည် ဘုရား"

အသိဗန္ဓကပုတ္တမှာ မိမိအရေး မလှတော့သည်ကို သိသော် လည်း မလွဲသာ မရှောင်သာတော့သဖြင့် စင်း၍ အဖြေပေး လိုက် ရ၏။

"ရှာသူကြီး။ နိဂဏ္ဌနာဋပုတ္တ ဟောကြားထားသည့် အတိုင်း အနေများရာကိုလိုက်၍ကျရောက်ရမည်ဆိုလျှင်ဤပုံစံအရအပါယ် ကျမည့်သူ ဟူ၍ ရှိနိုင်ပါဦးမည်လော"

"မရှိနိုင်တော့ပါ ဘုရား"

## အစွဲမလွတ်သမျှ အပါယ်မလွတ်နိုင်

ဤသို့ မိန့်တော်မူရခြင်းမှာ နိဂဏ္ဌဆရာကြီး၏ အဆိုယူတ္တိ မတန် ပုံကို သိစေလို၍သာ ဖြစ်၏။ မကောင်းမှု မပြုသော အချိန်က ပြု သော အချိန်ထက်များ၍ရုံမျှဖြင့် အပါယ်တံခါး ပိတ်ပြီဟု မဆိုလို ပေ။ စင်စစ်အားဖြင့် အပါယ်တံခါးပိတ်ခြင်း မပိတ်ခြင်းသည် အချိန်အပိုင်း အခြားနှင့် ဘာမျှ မဆိုင်ပေ။အနတ္တတရားကို အနတ္တ တရားအတိုင်း သိမှု မသိမှုနှင့်သာ ဆိုင်ပေသည်။ တခါက ပြုမှားခဲ့ မိသော အကုသိုလ် တရားအပေါ် ဝယ် သတ္တဝါမနေ့ ပိုင်သူ ဆိုင် သူ မရှိ၊ ပြုသူ လုပ်သူ မရှိ၊ ပြုခြင်း ကြိယာမျှသာ ရှိပါကလားဟု သဘောမပေါက်၊ ဉာဏ်မရောက်သေးသမျှ အပါယ်တံခါး မပိတ် နိုင်ပေ။ ထို့ကြောင့်–

"ရွာသူကြီး။ သက်သတ်ခိုးမှု၊ ကာမေသု စသော မကောင်းမှု ပြုသူတိုင်းသည် 'ချွင်းချက်မရှိ အပါယ်ကျ၏' ဟု တရားဆရာကြီး တဦးက အယူရှိ၏။ တစုံတယောက်သော သူသည် ထိုဆရာကြီး အပေါ်၌ သက်ဝင် ယုံကြည်၏။ ထိုဆရာကြီး၏ အယူကို လက်ခံ စွဲမြဲထား၏။ ထိုသူသည် ဤသို့ စဉ်းစားမိရာ၏၊

"ငါ့ဆရာကြီးသည် မကောင်းမှုပြုတိုင်း ချွင်းချက်မရှိ အပါယ် ကျ၏ဟု ဟောကြားခဲ့၏။ငါသည်လည်း သက်သတ်ခိုးမှု ကာမေသု စသော မကောင်းမှုကို ပြုမှားခဲ့မိ၏။ငါသည်လည်း အပါယ်လေး ပါး ကျရတော့မှာပါကလား။ ငရဲကြီးရှစ်ထပ်မှာ ချီးကပ်ရတော့ မှာပါကလား"

"ရှာသူကြီး။ ထိုသူသည် ဤသို့သော အတွေးကြောင့် ဤသို့သော အစွဲအလမ်းကို မစွန့်လွှတ်နိုင်လျှင် ငရဲသို့ ဧကန် မုချ ကျရမည်သာတည်း"

နိဂဏ္ဌဆရာကြီး၏ လောင်းရိပ်မှ ကောင်းကောင်း မလွတ်ချင်သေးသော အသိဗန္ဓကပုတ္တအား သည်တခါတော့ တည့်တည့် လင်းလင်းမိန့်တော်မူလိုက်ပေပြီ။

နိဂဏ္ဌဂိုဏ်းဝင်များသည် မိမိကိုယ်ကို အမျိုးမျိုးအဖုံဖုံ နှိပ်စက်ညှဉ်းပန်းခြင်းဖြင့် အပါယ်တံခါးပိတ်ရန် ကြိုးစားကြ၏။ ကြိုးစားမှုတွင် ဉာဏ်ယှဉ်ထားလျှင်ကား-အပြစ်ဆိုရန် မရှိပါ။ ဉာဏ်ယှဉ်လျှင် အပါယ်လွတ်ရေးအတွက် ဤမျှလောက် ဒုက္ခရောက်ရန် မရှိပါ။အပါယ်ခလေးပါး မကျရောက်လိုလျှင် အပါယ်ကျစေကြောင်း မကောင်းမှုကို မပြုပဲ ကုသိုလ်တရားများ ပွားများနေရုံမျှသာ ရှိပေသည်။ အပါယ်လွတ်ရာကိုသိ၍ သိသလို ကျင့်သုံး နေထိုင်သွားရန်သာ ရှိပေသည်။

သို့ရာတွင် သူတို့ခမြာ ဤလို သိခွင့် မကြုံရှာကြပေ။ အပါယ်လွတ်အောင် ကျင့်နေသည့်ကြားကပင် အပါယ်မျိုးစေ့ကို စိုက်ပျိုးမိလျက်သား ဖြစ်နေ၏ "ငါလုပ်ခဲ့သော မကောင်းမှုကြောင့် ငါ အပါယ်ကျရတော့မည်" ဟူသော ငါစွဲနှင့် ငါ့ဟာ စွဲသည်ပင် အပါယ်မျိုးစေ့ ဖြစ်နေပေသည်။

ဤသို့အားဖြင့် အသိဗန္ဓကပုတ္တရှာသူကြီးအား အပါယ်ကျစေကြောင်း မကောင်းသော အစွဲတရားကို ပြတော်မူပြီးလျှင် လွတ်ကြောင်း နည်းလမ်းကောင်းကို ဆက်လက်၍ ညွှန်ပြတော်မူပေသည်။

## အပါယ်လွတ်ရန် နည်းလမ်းမှန်

"ရှင်သူကြီး။ ငါဘုရားသည် သက်သတ်ခိုးမှု ကာမေသု စသော မကောင်းမှုများမှ ရှောင်ကြဉ်ရန် ဟောကြား၏။ ဤတွင် ငါ ဘုရားအပေါ်မှာ ကြည်ညို လေးစားသော တပည့်သည် ဤသို့ စဉ်းစားမိရာ၏။

"ဘုရားရှင်သည် မကောင်းမှုများမှ ရှောင်ကြဉ်ရန် ဟော ကြားတော်မူခဲ့၏၊ဘုရားရှင် ဟောကြားသည့် ကြားကပင် ငါပြုမိ ခဲ့သော မကောင်းမှုတို့ကား–ဤရွေ့ဤမျှ ရှိနေချေပြီ။မကောင်းမှု ဟူသည်မှာ ပြုစဉ်ကလည်း မကောင်းပါ။ ပြုပြီး ချိန် မှာ လည်း မကောင်းပါ။ ထိုမကောင်းမှုများကို အကြောင်းပြု၍ နှလုံးမသာ ဖြစ်နေလျှင် ပြုမိပြီးသား မကောင်းမှုတို့က ပပျောက်သွားမည် မဟုတ်ပေ။ မကောင်းမှုပေါ်တွင် မကောင်းမှုတို့သာ ထပ်ဆင့်၍ လာပေလိမ့်မည်"

"ရှင်သူကြီး။ ထိုသူသည် ဤသို့ ဆင်ခြင်၍ ထို မကောင်းမှုကို ပယ်စွန့်၏။ နောက်နောင်မှာလည်း မကောင်းမှုမှ ရှောင်ကြဉ်၏။ ဤသို့အားဖြင့် မကောင်းမှုမှ လွတ်မြောက်နိုင်ပေသည်"

ပြုမိခဲ့သော မကောင်းမှုတွေကြောင့် အပါယ်ကျမည့် အရေး ကို တွေးကြောက်နေမည့်အစား လက်တွေ့ လွတ်မြောက်နိုင်သော နည်းကို ညွှန်ပြတော်မူလိုက်ခြင်းဖြစ်ပေသည်။ကြောက်စရာ မဟုတ် သည်ကို မဟုတ်သည့်အတိုင်း သိမြင်ပြီးနောက်၊အပါယ်ရောက်ေ ကြောင်း မကောင်းမှုတို့ကို မပြုပဲ ကုသိုလ်တရားနှင့် နေတတ် သူတိုင်း အပါယ်ဘေးမှ လွတ်မြောက်နိုင်ပေသည်။

ဤသို့ လွတ်မြောက်နိုင်သော လမ်းပေါ်မှာ ရောက်လာပြီးနောက် မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာ ဘာဝနာပွားများခြင်းဖြင့် အကုသိုလ် ဟူသမျှကို တစမကျန် ပယ်စွန့်ရန် မိန့်ကြားတော်မူပေသည်။

ဤဒေသနာတော်အပြီးတွင်လည်း အသိဗန္ဓကပုတ္တသည် ထပ်မံ၍ သရဏဂုံဆောက်တည်ပါသေးသည်။ သည်တခါတော့ ဒိဋ္ဌသရဏဂုံ ဖြစ်နိုင်လောက်ပါပြီ။

[သဠာယတနဝဂ်၊ ဂါမဏိသံယုတ်၊ သင်္ခဓမ္မသုတ်]

* *

# မလုပ်ဝါဒနှင့် အလုပ်ဝါဒ

ဆရာကြီးကို ငွေ့ညွှာခဲ့သည်

ကျေးဇူးရှင်ကြီး၏ ဖြစ်တော်စဉ်များမှ ရှေးပိုင်း တနေရာကို ကျွန်ုပ်တို့ ပရိသတ်များ သတိရကောင်း ရကြပါလိမ့်မည်။ ဓမ္မစကြာတရား ဟောပြတော်မူရာတွင် ကာမဂုဏ် အာရုံခံစားမှုနှင့် မိမိကိုယ်ကို ညှဉ်းပန်း နှိပ်စက်မှု ဟူသော အယုတ်တရား နှစ်ပါးကို ရှေးဦးစွာ ဟောကြားတော်မူခဲ့၏။ ထိုတရားနှစ်ပါးတွင် ကာမဂုဏ် အာရုံခံစားခြင်းအတွက် (ဟီနော)ယုတ်ညံ့လှစွာ ဟူသော ဝိသေသန စကားလုံးကို အသုံးပြုတော်မူသော်လည်း မိမိကိုယ်ကို ညှဉ်း

ပန်း နှိပ်စက်မှုတွင်ကား-ဤစကားလုံးကို ရှောင်ကွင်း၍ ထားခဲ့ပေသည်။

ကာမဂုဏ်အာရုံ ခံမင်လိုက်စားနေခြင်းသည် မဂ်ဖိုလ် နိဗ္ဗာန်နှင့် ဝေးကွာစေကြောင်း ဖြစ်၏။ မိမိကိုယ်ကို နှိပ်စက် ညှဉ်းပန်းခြင်းသည်လည်း ထိုအတူပင်ဖြစ်၏။အယူတ်တရားနှစ်ပါးလုံးမှာပင် လောကုတ္တရာ အကျိုးစီ ပွားနှင့် လုံးဝ မစပ်ဆိုင်ပေ။ သို့ပါလျက် ဘုရားရှင်သည် ကာမဂုဏ် အာရုံခံစားမှုကိုသာ ယုတ်ညံ့လှစွာဟူသော စကားလုံးကို သုံးတော်မူခဲ့၏။ မိမိကိုယ်ကို ညှဉ်းပန်းမှုအတွက်ကား-ထိုစကားလုံးကို ရှောင်ရှားတော်မူခဲ့၏။ဤသို့ ရှောင်ရှားခဲ့ရခြင်း၏ အကြောင်းကား - ယခု တင်ပြနေဆဲ ဖြစ်သော နိဂဏ္ဌ ဆရာကြီးအား ငဲ့ညှာတော်မူခြင်းပင် ဖြစ်ပေသည်။

နိဂဏ္ဌဆရာကြီး၏ ဂုဏ်သိက္ခာကို ချိုးပွဲ ဖျက်ဆီးရန် စိတ်မသန်သဖြင့် ဘုရားရှင်ဘက်က နူတ်စောင့်စည်းတော် မူခဲ့ပါ၏။ ဆရာကြီး၏ ကျင့်စဉ်များနှင့် ပတ်သက်၍ လိုအပ်သမျှထက်ပို၍ ပြစ်တင်ရှုတ်ချမှု မပြုပဲ နေတော်မူခဲ့ပါ၏။ သို့ရာတွင် ဟိုတဘက်ကား-ဘုရားရှင်နှင့် မတူပါချေ။

## သူတို့အလုပ်နှင့် ကျွန်ုပ်တို့အလုပ်

ဘဝအသချေ် ကမ္ဘေကမ္ဘာက ပါလာကြသော အကုသိုလ်များကို ပယ်သတ်ရန် ဘုရားရှင်သည် သူတို့ကဲ့သို့ဆောင့်ကြောင့်ထိုင်သော အကျင့်ကို မကျင့်။ကျင့်ရန်လည်း ဟောကြားတော်မမူ။ကိလေသာငြိမ်းရေးအတွက် သူတို့လို အရှင်လတ်လတ် ကျပ်တင်ခံရသော

အကျင့်များကို မကျင့်။ သာဝကတို့ ကျင့်ရန်လည်း ဟောကြား တော်မမူ။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့ သာသနာတော်ကြီးမှာ သူတို့ ကဲ့သို့ အလုပ်မရှိတော့ပြီလော။

သူတို့မှာ ရှိသကဲ့သို့ ကျွန်ုပ်တို့မှာလည်း အလုပ် ရှိပါသည်။ သို့သော် ကျွန်ုပ်တို့၏ အလုပ်သည် သူတို့အလုပ်နှင့် မတူပါ။ သူတို့ ကဲ့သို့ ကိုယ့်ကိုယ်ကို နှိပ်စက်သော အလုပ်မျိုး မဟုတ်ပါ။ အလုပ် ရှေ့မှာ ဉာဏ်ပညာဦးစီးထားသဖြင့် သမ္မာဝါယာမဟု အမည်တပ် ထားရပါသည်။

## ဉာဏ်ဦးစီးသောအလုပ်

မဂ္ဂင်ရှစ်ပါးမှာ အပါအဝင်ဖြစ်သော ဤမဂ္ဂင်၏ ရှေ့၌ သမ္မာ သဒ္ဒါ ကပ်ပါနေခြင်းမှာ အဓိပ္ပာယ် အပြည့်နှင့် ဖြစ်၏။ ဝါယာမ ဟူသော စကား၏ အဓိပ္ပာယ်မှာ အလုပ်ဖြစ်၏။ သို့သော် ထို အလုပ်သည် သာမန် အလုပ်မျိုး မဟုတ်ပါ၊ ဉာဏ်မပါ၊ ဘာလာ သက်သက် သူများခိုင်းတိုင်းလုပ်နေရသော အလုပ်မျိုး မဟုတ်ပါ။ ကိုယ့်စိတ်သန္တာန် ပြန်ကာကြည့်၍ မှန်စွာသိသော ဉာဏ်ဦးစီးထား သော အလုပ်ဖြစ်ပါသည်။

ဝိပဿနာကို အခြေခံ၍ ဟုတ်တိုင်းမှန်စွာ ရှုမြင်တတ်သော ဉာဏ်၏ ရှေ့မှောက်တွင် နိဗ္ဗာန်တရားကြီးသည် အသိခံ အမြင်ခံရန် အရံသင့် ရှိနေပါ၏။ ဉာဏ်၏ အရှေ့မှာ ထင်ရှားစွာ ရှိနေသော ဤနိဗ္ဗာန်တရားသည် ယခုမှ ဘွားကနဲ ပေါ်လာသည် မဟုတ်ပါ။ ဘယ်ကစ၍ ဘယ်မှာ ဆုံးသည်ဟု မရှိပါ။ ဖြစ်ခြင်း၊ ပျက်ခြင်း

သဘောမရှိမှု၍ ကိလေသာဟူ အပူခပ်သိမ်းတို့၏ ငြိမ်းအေးသော သဘောဖြစ်၏။အစဉ်ထာဝရ တည်ရှိနေသော ဤ နိဗ္ဗာန်ကို ဉာဏ် မပေါ်မီက မသိနိုင်၊မမြင်နိုင်။ ဉာဏ်ပေါ်လာမှသာ ဘွားကနဲ မြင် လိုက်ရတော့သည်။အရှိအမှန် တရားအပေါ်မှာ ဤသို့ အသိဉာဏ် ရောက်လိုက်သည်နှင့် တပြိုင်နက် အကုသိုလ်ပေါင်းကြွေးဟောင်း အနန္တတို့လည်း ကင်းလွတ်ပြီး ဖြစ်သွားပေသည်။

## သိ ပယ် ဆိုက် ပွား

နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဉာဏ်သည် မဂ်ဉာဏ်ဖြစ်၏။ မဂ် ဉာဏ်၏ အရင်းခံ အကျဆုံးသော ကိစ္စသည် နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းတည်း ဟူသော သစ္ဆိကရဏကိစ္စသာဖြစ်၏။ ဤကိစ္စကို ပြု လိုက်သည်နှင့် တပြိုင်နက် အခြား ကိစ္စသုံးခုတို့လည်း တမင်တကာ လုပ်မနေရပဲ အလိုလို ပြီးစီးသွားကြ၏။ ထိုကိစ္စတို့မှာ-

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း- ပရိညာကိစ္စ။

သမုဒယသစ္စာနှင့်တကွ သက်ဆိုင်ရာ ကိလေသာတို့ကို ပယ်စွန့် ခြင်း-ပဟာနကိစ္စ။

အေးရာကိုသိ၍ အေးသလို ဆက်လက် ကျင့်သုံးပွားများသော ဘာဝနာကိစ္စတို့ ဖြစ်ပေသည်။

ဤသို့အားဖြင့် သမ္မာဝါယာမ ဟူသော အလုပ်သည် ဉာဏ် ပညာရှေ့သွားရှိသဖြင့် လုပ်သင့်လုပ်ထိုက်သောကိစ္စများကို တချက် တည်းဖြင့် ပြီးစီးအောင် လုပ်လိုက်၏။ဉာဏ်ဦးစီးကာ အချက်ကျကျ လုပ်လိုက်သည့်အတွက် အတောမသတ် ဒလစပ် နှိပ်စက်တတ်သော

ကိလေသာတို့မှ လွတ်ငြိမ်းခွင့်ရသည်ကို မိမိတို့ကိုယ်တိုင် သိကြရ၏။တရားတော်၏ သန္တရသကို မြိန်ယှက်စွာ ခံစားကြရ၏။

## မလုပ်တရား ဟောကြားပါသလား

သို့ရာတွင် သာသနာ့ပြင်ဘက်က ပုဂ္ဂိုလ်များမှာ ကျွန်ုပ်တို့ ခံစားရသော သန္တရသကို နားမလည်။ ကိလေသာမှ လွတ်ငြိမ်းမှုကို သဘောမပေါက်ကြ။ သူတို့သဘောပေါက်နေသည်မှာ သူတို့လို အပင်ပန်းခံ၍ မလုပ်ပဲ နေခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့်ပင် နိဂဏ္ဌဆရာကြီး၏ တပည့်တဦးသည် ရှေတော်မှောက် ဝင်ရောက်ကာ–

"အရှင်ဘုရား။ ရဟန်းဂေါတမသည် မလုပ်ရ ဟူသော ဝါဒ ရှိ၏၊ မလုပ်ရေးတရားကို ဟောကြား၏။ မလုပ်ရေး တရားဖြင့် တပည့်များကို ဆုံးမ၏။ ဤသို့ တပည့်တော်တဆင့် စကားကြားရဖူးပါသည်။တပည့်တော် ကြားခဲ့သည့်အတိုင်း ဟုတ်သည်၊ မဟုတ်သည်ကို အမိန့်ရှိတော်မူပါ။ တပည့်တော်တို့ အနေနှင့်တော့ ဘုရားရှင်ကို မစွပ်စွဲလိုပါဘုရား"ဟု လျှောက်ထားခဲ့ပေသည်။

## နိဂဏ္ဌသာဝက သီဟ

ကျွန်ုပ်တို့ နေထိုင်ရာ ကူဋာဂါရကျောင်းတော်သို့လာ၍ လျှောက်ထားသူမှာ သီဟစစ်သူကြီးဖြစ်၏။ လိစ္ဆဝီ အမျိုးသား အားလုံး၏ ကိုယ်စား ဝဇ္ဇီတိုင်း၏ စစ်ရေးစစ်ရာကိစ္စများကို တာဝန်ယူ ဆောင်ရွက်နေရသူ ဖြစ်ပေသည်။

သီဟ စစ်သူကြီးသည် ဝေသာလီမြို့တော်ထဲမှာ နေပါလျက် ကျွန်ုပ်တို့ ကျောင်းတော်သို့ တခါတခေါက်မျှ မရောက်ခဲ့ဖူးချေ။ သို့ဖြစ်၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးများကို သူသည် တဆင့်စကားဖြင့်သာ ကြားခဲ့ရ၏။ လွှတ်တော်ထဲမှာ စည်းဝေးလာသော လိစ္ဆဝီတို့ထံမှ ကြားရပြီးနောက် ကျောင်းတော်သို့လာမည် ပြင်ပြန်တော့လည်း သူ့မှာ လာခွင့်မသာခဲ့။ ကျွန်ုပ်တို့ ကျောင်းတော်လာတော့မည်ပြင်လိုက်သည်နှင့် သူ့ဆရာကြီးကတားမြစ်လိုက်သည်ဟူ၍ ပါ၏။

## အဆီးအတား ကျော်လွှားခဲ့ပြီ

တားမြစ်ရာမှာ အသုံးပြုမည့် စကားတို့ကို ယခုလျှောက်ထားသည့် စကားထဲမှာပင် ကျွန်ုပ် သဲလွန်စ တွေ့ထားပါပြီ။ နိဂဏ္ဌဆရာကြီးအနေနှင့် သူ့ကျင့်စဉ်နှင့် မတူလျှင် ရန်သူဟု သတ်မှတ်ထားပြီးဖြစ်ရာ ရန်သူ့ဘက်သို့ သူ့တပည့်တဦး ပါသွားမည့် အရေးကို ရင်လေးရှာပေလိမ့်မည်။

သဒ္ဓါနောက်မှာ ပညာကပ်၍လာသေးသော သီဟစစ်သူကြီးအား သူ့ဆရာကြီးသည် တကြိမ်တားမြစ်၍ ရပါ၏။ နှစ်ကြိမ်မြောက်လည်း တားမြစ်နိုင်စွမ်း ရှိပါသေး၏၊ သုံးကြိမ်မြောက်တွင် ကား-သူတားမြစ်ခွင့် မရှိတော့ပါ။ ယခင်အခေါက်များကဲ့သို့ သူ့ထံမှာ ပန်ကြားမနေတော့သောကြောင့် ဖြစ်ပါ၏။

## အသိထဲမှာ အလုပ်ပါ

သီဟစစ်သူကြီး လျှောက်ထားချက်ကို ကျွန်ုပ်သာ ဖြေလိုက်ရလျှင်-

“သီဟ။ သင်တို့ ဆရာကြီးသာလျှင် ကိလေသာ လွတ်ငြိမ်းရာ တရားကြီးကို မသိပဲ ငါလွတ်အောင်၊ငါငြိမ်းအောင်ဆိုပြီး ပင်ပန်းကြီးစွာ လုပ်နေဘိ၏။ ငါတို့သည်ကား-လွတ်ငြိမ်းရာ တရားကြီးကို ကိုယ်ပိုင် ကိုယ်တိုင်သိမြင်ပြီးပြီမို့ သူအရှိ ငါအရှိထား၍ ကျားကုပ်ကျားခဲလုပ်ရန် မလိုတော့၊ ‘တရားမသိသေးသမျှ’ အတောမသတ်အောင်လုပ်နေရဦးမည့် အလုပ်တွေဟာ ယခုတော့ အကုန်လုံး ပြီးစီးသွားပြီ။အသိထဲမှာ အလုပ်တွေ ပါသွားပြီ၊ထို့ကြောင့် မလုပ်ရဟု ဝါဒရှိကြောင်း သင်ကြားရသော စကားဟုတ်မှန်လှပါပေသည်” ဟု ဖြစ်ပါလိမ့်မည်။

သို့ရာတွင် ဤစကားလုံးများသည် ကျွန်ုပ်၏ နှုတ်ဖျားမှ ထွက်ကြမသွားဖြစ်ကြပါ။ သဒ္ဓါတရား သက်သက်ဖြင့် ချဉ်းကပ်လာသော ပုဂ္ဂိုလ်များသည် ဤသို့သော ပိဿာလေးနှင့် နံဘေးပစ်သကဲ့သို့သော စကားမျိုးကို ခံနိုင်စွမ်း ရှိကြလိမ့်မည် မဟုတ်ပါ၊ ထို့ကြောင့်ပင် ဘုရားရှင်က ကျွန်ုပ်ကို တာဝန်မပေးပဲ ကိုယ်တော်တိုင် ဖြေကြားတော်မူဟန် ရှိပါသည်။

## ခေါ်လိုရာ ခေါ်နိုင်သည်

“သီဟ။ငါဘုရားကို(အကိရိယဝါဒီ)မလုပ်ရဝါဒရှိသူ ဟူ၍လည်း အကြောင်းအားလျော်စွာ ခေါ်လိုရာ ခေါ်ဆိုနိုင်ပေသည်။

“သီဟ။ ငါဘုရားသည် ကာယ၊ဝစီ၊မနောအားဖြင့် သုံးပါးသော ဒုစရိုက်များနှင့်တကွ အကုသိုလ် အမှုမိုက်ဟူသမျှကို မလုပ်ရ

ဟု ဟောကြား၏၊ ထို့ကြောင့် ငါဘုရားကို 'မလုပ်ရ ဝါဒရှိသူ' ဟူ၍ ခေါ်လိုက ခေါ်နိုင်ပေသည်။

"ထိုမှတပါး ငါဘုရားသည် ကာယ၊ ဝစီ၊ မနော အားဖြင့် သုံးပါးသော သုစရိုက်များနှင့်တကွ ကုသိုလ်ကောင်းမှု အစုစုကို လုပ်ရမည်ဟု ဟောကြား၏။ ထို့ကြောင့် ငါဘုရားကို 'အလုပ် ဝါဒရှိသူ'ဟူ၍လည်း ခေါ်လိုက ခေါ်နိုင်ပေသည်"

သာသနာပြု ပုဂ္ဂိုလ်တိုင်း ရသက်ပန် မှတ်သားထိုက်သော စကားတော်များ ဖြစ်ပါ၏။ တဘက်သားက အားနှင့်ဖိ၍ စွပ်စွဲလာသော စကားကိုပင် ဘုရားရှင်သည် ပြတ်ပြတ်တောင်းတောင်း မငြင်းပယ်ပဲ အလိုက်သင့် ဖြေကြားတော်မူပုံမှာ အတုယူဖွယ် ကောင်းလှပါ၏။ သီဟစစ်သူကြီး၏ အမေးကို ဖြေဆိုတော်မူယင်း အကျိုးရှိ၍ ဟုတ်မှန်သော စကားကို သူတဘက်သား နားဝင် ချောအောင် ပြောတတ်စေရန် ကျွန်ုပ်တို့အား သွန်သင်လိုက်ခြင်း လည်း ဖြစ်ပါ၏။

ဗုဒ္ဓသာဝက သီဟ

ဆုံးမသွန်သင်ရာတွင် အထူးပြတ်ဆုံးဖြစ်တော်မူသော ဘုရားရှင်၏ ရှေတော်မှောက်၌ သီဟ စစ်သူကြီးသည် ရှိသေစွာ ရှိခိုးလျက် ဘုရားရှင့် တပည့်သားတဦးအဖြစ် ခံယူ လျှောက်ထားလိုက်၏။ ဤတွင် ဘုရားရှင်က -

"သီဟ။ ဆင်ဆင်ခြင်ခြင် ပြုပါဘိ။ သင်ကဲ့သို့ ထင်ရှားသူ၊ ကျော်ကြားသူတဦးသည် ဆင်ဆင်ခြင်ခြင် ပြုနိုင်မှ ကောင်းပေ သည်"

အခြားတဘက်မှ မိမိဘက်သို့ ကူးပြောင်းလာသူကိုပင် အားပါးတရ လက်မခံသေးပဲ ဤသို့ မိန့်တော်မူရာတွင်-

"အရှင်ဘုရား။ ဤသို့ မိန့်ကြားတော်မူသဖြင့် တပည့်တော်ပို၍ပင် ကြည်ညိုပါသည် ဘုရား"

သဒ္ဒါပေါ်မှာ သဒ္ဒါဆင့်၍ ပွင့်ဖူးရန် အသင့်ငုံလင့်နေသော ကြာပဒုမ္မာသည် တရားတည်းဟူသော နေအာရုံကြောင့် ထိုနေရာမှာပင် ငွားငွားစွင့်စွင့် ပွင့်လာပါတော့သည်။

## ဆရာဟောင်းတို့၏ ကြွေးကြော်သံ

တရားအသိနှင့်ယှဉ်သော အဓိဂမသဒ္ဒါဖြင့် သီဟာစစ်သူကြီးသည် နောက်တနေ့နံနက်ဘွင် ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့ကို ဆွမ်းပင့်၍ ကပ်၏။ ခါတိုင်းနေ့များ၌ နိဂဏ္ဌ ဆရာကြီးနှင့် သူ့ဂိုဏ်းဝင် တပည့်များသာ ဝင်ခဲ့၊ ထွက်ခဲ့ကြသော တံခါးပေါက်မှ ယနေ့ ဘုရားရှင် ဝင်တော်မူလိုက်ပေပြီ။ ဘုရားရှင်၏နောက်မှ သံဃာတော်များလည်း ထေရ်စဉ်ဝါစဉ်လိုက် ဝင်ခဲ့ကြပေပြီ။ မွန်မြတ်လှစွာသော ဘောဇဉ်များကို ကျွန်ုပ်တို့ ငြိမ်သက်စွာစားသောက်နေကြစဉ် ဝေသာလီမြို့တော်၏ လမ်းမများမှ ကြွေးကြော်သံများ ကြားကြရပေသည်။

'အို....ဝေသာလီ မြို့တော်သူ မြို့တော်သား အပေါင်းတို့။ ဤယနေ့မှာ သီဟာစစ်သူကြီးသည် ရဟန်း ဂေါတမအတွက် ဆူဖြိုးလှသော အမဲကောင်ကို သတ်ဖြတ်၍ ဆွမ်းကျွေး၏။ ရဟန်း

ဂေါတမကလည်း မိမိကို ရည်ရွယ်၍၊ မိမိကို အကြောင်းပြု၍ သတ်ဖြတ်သော အသားကို စားသောက်ဘိသည် တကား”

မစားရတော့သည့်အမဲကို သဲနှင့်ပက်နေကြခြင်းသာ ဖြစ်ပေသည်။ သီဟစစ်သူကြီးကဲ့သို့ ထင်ရှားကျော်ကြားသော၊ တန်ခိုးအာဏာ ကြီးမားသော၊ လူနိုင် တန်းနိုင်စွမ်း ရှိသော ဒကာတယောက်ကို လက်လွှတ်ခံလိုက်ရသည့်အတွက် သူ့ခမြာ အခံရခက်ရှာပေလိမ့်မည်။

## ဆူညံခြင်းနှင့် ငြိမ်သက်ခြင်း

မခံချင်စိတ်တို့ဖြင့် သူတို့ဘတွေ ပေါက်တတ်ကရ လျှောက်အော်နေကြသော်လည်း ကျုပ်တို့မှာ ဆွမ်းစားမပျက်ပါ။ ကျုပ်တို့ဘက်က ငြိမ်သက်စွာ ဘုဉ်းပေးနေကြသလိုပင် ဆွမ်းဒကာကြီးမှာလည်း အနည်းငယ်မျှ အိန္ဒြေမပျက်ပါ။ ဤဆွမ်းကျွေးပွဲအတွက် ဆွမ်းဒကာကြီးသည် ပံ့သကူသားကို ရှာ၍ ချက်ပြုတ်စီမံထား၏။ ကျုပ်တို့ကလည်း ဤအကြောင်းကို ကောင်းကောင်းသိပြီးဖြစ်၍ သံသယကင်းစွာ စားသောက်နိုင်ကြခြင်း ဖြစ်ပေသည်။

[အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ်၊ သီဟသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

# အမှားလမ်းမှ အမှန်လမ်းသို့

## ဆရာအရှာ မှားခဲ့သူများ

နိဂဏ္ဌ ဆရာကြီးသည် နေ့ခင်းတော်မြတ်ထက် အသက်ကြီး၏၊ ရဟန်းသိက္ခာလည်း ကြီး၏။ နေ့ခင်းတော်မြတ်ထက် စောစီးစွာပင် သူ့ဝါဒကို တိုင်းနိုင်ငံအနှံ့ ဖြန့်ကျက်ထားပြီးပြီဖြစ်၍ အနယ်နယ် အရပ်ရပ်တွင် သူ့တပည့်တွေ၊ ဒကာတွေ ပေါလှပေသည်။ သူတို့ အထဲမှ ထင်ရှားသူ သုံးဦးမှာ ဝေသာလီတွင် သီဟစစ်သူကြီး၊ နာဠန္ဒာမြို့တွင် ဥပါလိသူကြွယ်။ နောက်တဦးကား ကျွန်ုပ်တို့ မွေးရပ်မြေမှ ဖြစ်ပေသည်။

## ကျွန်ုပ်တို့၏ ဘထွေးတော်တယောက်

မွေးရပ်မြေသို့ ပထမဦးစွာ နောင်တော်မြတ် ပြန်ကြွလာစဉ်က ဆွေစုံ မျိုးစုံလာ၍ ကန်တော့ကြ၏။ဟောကြားသော တရားတော်ကို နာခဲ့ကြ၏၊ နောင်တော်မြတ်နှင့် ကျွန်ုပ်တို့ ဘထွေးတော် ဝပ္ပလည်း ထိုပရိသတ်ထဲမှာ ပါဝင်ခဲ့ပါ၏။ သို့သော်လည်း သူ့ခမြာ တရားမပေါက်ခဲ့ရှာ။ တရားသိရေး၊ကျင့်သုံးရေးကို စိတ်မဝင်စားပဲ ဆွေဘုရား၊ မျိုးဘုရားအဖြစ်ဖြင့်သာ သူများနှင့် ရော၍ ပါလာခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့ သာသနာတော်ကြီးသည် ဘုရားရှင် ကြွချီလာကာမှ ကပိလဝတ်မြို့တော်မှာ စတင် ထွန်းကားလာခဲ့၏။နိဂဏ္ဌဆရာကြီး၏ ဝါဒကား-ထို့ထက် စောစီးစွာပင် ရောက်နေနှင့်ပြီးဖြစ်၏။ဝပ္ပလို ထင်ရှားသော သကျအမျိုးသားများပင် နိဂဏ္ဌတပည့်အဖြစ်ကို လိုလိုလားလား ခံယူခဲ့ကြ၏။ ဘုရားရှင့်ရှေ့မှာ ပထမအကြိမ် တရားနာစဉ်က ကျွတ်တမ်းမဝင်ခဲ့သည်မှာ အခြားတဘက်သို့ စိတ်ညွတ်နေ၍ ဖြစ်ပါလိမ့်မည်။

သည်တုန်းက ပရိသတ်အများကို ဟောရသဖြင့် ဘုရားရှင်သည် သူ့ဘထွေးတော်ကို ကယ်ခွင့် မကြုံခဲ့ပေ။ ဘထွေးတော်၏ စိတ်ဓာတ် မရင့်ကျက်သေး၍ လွှတ်ပေးခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ သည်တုန်းက ဘုရားကို ရှိခိုးလျက်၊ ဝတ်ချလျက် သူ့ဆရာကြီးကို လက်မလွှတ်ခဲ့သော ဘထွေးတော်သည် အချိန်တန်တော့ လည်း လွှတ်ရသည်သာ ဖြစ်ပါသည်။

## ဘထွေးတော် ကျွတ်တမ်းဝင်ခြင်း

ဘထွေးတော်နှင့် ဦးစွာ ပထမ တရားဆွေးနွေးသူမှာ အရှင်မဟာမောဂ္ဂလာန် ဖြစ်၏။ အရှင်မဟာမောဂ္ဂလာန် တင်ပြသော တရားသဘောကို ဘထွေးတော်က သူ့ဆရာကြီး ထံမှ ရရှိထားသော နည်းနိဿယဖြင့် ပြေဆို၏။ သူတို့နှစ်ဦး၏စကား ဤမျှဖြင့် ရပ်တန့်သွားချိန်တွင် ဘုရားရှင် ကြွတော်မူလာခဲ့ပေသည်။

ယခင်တုန်းက ကျွန်ုပ်တို့၏ ဘထွေးတော်သည် နိဂဏ္ဌဆရာကြီးကို ကြည်ညိုခဲ့၏။ ဘဝဘဝက ပါလာသော အကုသိုလ် အနန္တကို ပယ်သတ်ရန် မိမိကိုယ်ကို ညှဉ်းပန်း နှိပ်စက်သော အကျင့်ဖြင့် ပြင်းထန်စွာ ကျင့်နိုင်မှ ဖြစ်မည်ဟု တထစ်ချ မှတ်ယူခဲ့၏။ ဆရာ့ တပည့် ပီသစွာ ပင်ပန်းကြီးစွာ အားမထုတ်နိုင်သေးသော်လည်း ဤလမ်းမှလွဲ၍ အခြားလမ်းမရှိဟု ဆုံးဖြတ်ထားခဲ့၏။

ယခု ဘုရားရှင်နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံရသည်တွင်ကား– သူ့ဆုံးဖြတ်ချက်ကို ပြင်ရပေပြီ။ အကုသိုလ်ဟောင်း ကြွေးဟောင်း အနန္တမှ လွတ်မြောက်ရေးအတွက် အကျိုးမဲ့ ခန္ဓာကြီးကို နှိပ်စက်နေရန် မဟုတ်။ အကြောင်းဖြစ်သော ကိလေသာ ခန္ဓာတို့၏ လွတ်ရာကို သိ၍ သိသလို နေ ထိုင် သွား ခြင်း သာ ဖြစ်ကြောင်း သဘောပေါက်သွားပေပြီ။ ဆရာကြီးထံမှာလို စမ်းတဝါးဝါးနှင့် အရမ်းသွားမနေရတော့ပဲ ကိုယ်ပိုင် ကိုယ်တိုင် သိမြင်သော သော တာပန် အဆင့်သို့ ရောက်ရှိသွားပေပြီ။

[အင်္ဂုတ္တရ၊ စတုက္ကနိပါတ်၊ ဝပ္ပသုတ်]

## နိဂဏ္ဌတို့၏ ရေချိုးတွင်း

ဝေသာလီမြို့တော်သား သိဟစစ်သူကြီးနှင့် ကျွန်ုပ်၏ ဘထွေးတော် ဝပ္ပတို့သည် နိဂဏ္ဌဆရာကြီး၏ ဒကာရင်းများ ဖြစ်ခဲ့ကြ၏။ ထိုအတူပင် နာဠန္ဒာ မြို့တော်သား ဥပါလိသူဌေးသည်လည်း နိဂဏ္ဌဆရာကြီး၏ လက်ရုံးတဆူ ဖြစ်ပေသည်။ ဥပါလိ၏ ဝင်းတံခါးသည် နိဂဏ္ဌ ဆရာတပည့်များအတွက် အမြဲတစေ ဖွင့်ထား၏။ ဥပါလိ၏ အိမ်ဂေဟာသည် နိဂဏ္ဌ ပရိသတ်ကြီးအဖို့ သောက်၍ ချိုး၍ မကုန်ခန်းနိုင်သော ရေချိုးတွင်းသဖွယ် ဖြစ်ပေသည်၊

အကယ်၍သာ နိဂဏ္ဌဆရာကြီးသည်တပည့်ကြီး ဒီဃတပဿီ၏ စကားကို လက်ခံခဲ့လျှင် ခပ်တိုင်းရသော ဤ ရေချိုးတွင်းကို လက်လွှတ်ခံရမည် မဟုတ်ပါ၊ သူနှင့်တကွ သူ့ ပရိသတ်ကြီးပါ ရေသက်ပန် သောက်သုံးသွားကြရမည် ဖြစ်ပေသည်။

## သူတို့ဆရာ တပည့်

မိမိကိုယ်ကို ဘုရားတဆူ သတ်မှတ်ထားသော နိဂဏ္ဌဆရာကြီးသည် သူ့တသက်တာတွင် ဘုရားရှင်နှင့် တခါမျှ မျက်နှာချင်း မဆုံဖူးပေ၊ တင့်တယ်လှစွာသော ရုပကာယကျက်သရေကို မဖူး မမြင်ရဖူးပေ။ လွတ်မြောက်ရာစခန်းဆီသို့ ကျမ်းကျမ်းကျင်ကျင်ပို့ဆောင်နိုင်သော ဒေသနာတော်ကို မကြားမနာရသေးချေ။ ဒီသူ့တပည့် ဒီဃတပဿီကား-သူ့လို မဟုတ်ပေ။ ကျွန်ုပ်တို့ရှိရာသို့ ရံဖန် ရံခါ ရောက်လာတတ်၏။ ဘုရားရှင်နှင့် စကားစမြည် ပြောဆိုခဲ့၏။

## သူတို့၏ ဒဏ်သုံးပါးတရား

နောက်ဆုံးအခေါက် ရောက်လာစဉ်က ဘုရားရှင်နှင့် သူနှင့် ဆွေးနွေးခဲ့ကြသည်မှာ ကံသုံးပါးဆိုင်ရာဖြစ်၏။ ဤသည်မှာ ကျွန်ုပ်တို့ သာသနာ့ ဝေါဟာရအားဖြင့် သုံးနှုန်းလိုက်ခြင်းသာ ဖြစ်၏။ နိဂဏ္ဌဂိုဏ်းဝင် ဒီဃတပဿီကား-ကျွန်ုပ်တို့ကဲ့သို့ သုံးနှုန်းမှု မပြုပဲ-

“အရှင်ဂေါတမ။ နိဂဏ္ဌဆရာကြီးသည် ကံဟူ၍ ဟောကြားလေ့ မရှိပါ။ ဒဏ်ဟူ၍သာ ဟောကြားလေ့ ရှိပါသည်” ဟု လျှောက်၏။

ဘုရားရှင်သည် ဒီဃတပဿီ၏အဆိုကိုလိုက်လျောတော်မူကာ-

“တပဿီ။ နိဂဏ္ဌ ဆရာကြီးသည် မကောင်းမှု ဖြစ်ပေါ်ရေး အတွက် အဘယ်မျှသောဒဏ်တို့ကို သတ်မှတ်ပါသနည်း”

“ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ် ဟူ၍ ဒဏ်သုံးပါးကို သတ်မှတ်ပါသည်”

“ထိုဒဏ်သုံးပါးသည် အတူတူလော၊ တခြားစီလော”

“တခြားစီ ဖြစ်ပါသည်”

“တခြားစီဖြစ်သော ဤ ဒဏ် သုံးပါးတို့တွင် ဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ နိဂဏ္ဌဆရာကြီးသတ်မှတ်ပါသနည်း”

“ကာယဒဏ်ကို အပြစ်အကြီးဆုံး ဟူ၍ သတ်မှတ်ပါသည်”

“တပဿီ။ ကာယဒဏ်ဟု ဆိုပါသလား”

“အရှင်ဂေါတမ။ ကာယဒဏ်ဟု ဆိုပါသည်”

အရေးကြီးသော အဆစ်အပိုင်းသို့ ရောက်လာပြီဖြစ်၍ ဘုရားရှင်က သုံးကြိမ်သုံးခါ ထပ်၍ မေးတော်မူပေသည်။

ဒီဃတပဿီကလည်း သုံးကြိမ်တိုင်တိုင်ပင် ဝန်ခံလျှောက်ထား ကာ ဘုရားရှင်ကို တုံ့ပြန် မေးမြန်းပေသည်။

"အရှင်ဂေါတမ။ မကောင်းမှု ဖြစ်ပေါ်ရေးအတွက် အရှင် ဂေါတမသည် အဘယ်မျှသော ဒဏ်ကို သတ်မှတ်ပါသနည်း"

## ဘုရားရှင်၏ ကံသုံးပါးတရား

"တပဿီ။ ဘုရားရှင်သည် ဒဏ်ဟူ၍ ဟောကြားလေ့ မရှိပေ။ ကံဟူ၍သာ ဟောကြားလေ့ ရှိပေသည်"

"သို့ဖြစ်လျှင် မကောင်းမှု ဖြစ်ပေါ်ရေး အတွက် အရှင် ဂေါတမသည် အဘယ်မျှသော ကံကို သတ်မှတ်ပါသနည်း"

"ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ ကံသုံးပါးကို သတ်မှတ် ပေသည်"

"ကံသုံးပါးသည် အတူတူလော၊ တခြားစီလော"

"တခြားစီ ဖြစ်ပေသည်"

"တခြားစီဖြစ်သော ဘယ်ကံကို အဆိုးရွားဆုံးဟူ၍ အရှင် ဂေါတမ သတ်မှတ်ပါသနည်း"

"မနောကံကို အပြစ်အကြီးဆုံးဟူ၍ သတ်မှတ်ပေသည်"

"မနောကံဟု ဆိုပါသလား အရှင်ဂေါတမ"

"တပဿီ။ မနောကံဟု ဆိုပေသည်"

ဒီဃတပဿီလည်း ဘုရားရှင်ကဲ့သို့ ဤစကားကို သုံးကြိမ် သုံးခါ အတည်ပြုချက် ရယူ၏။ ထို့နောက် ဤစကားကို ဆက်

လက်၍ မဆွေးနွေးပဲ ကျောင်းတော်မှ ပြန်သွားပေသည်။ သူ့ဆရာကြီးထံ တဆင့် တင်ပြရန် ဖြစ်ပေလိမ့်မည်။

## ရိပ်စားမိလျက် အကူးခက်

တရားသဘောရေးရာ ကွာခြားမှုရှိသော်လည်း ဒီဃတပဿီသည် ဘုရားရှင်၏ အရှိန်အဝါကိုကား ကောင်းကောင်း အကဲခတ်မိ၏။ ဘုရားရှင်၏ တရားသဘောကို လက်မခံ နိုင် သေး သော် လည်း တင့်တယ်လှစွာသော ရုပ်သွင်တော်ကိုကား မဖူးပဲ မနေနိုင်။ တကြိမ်တခါ ဖူးမြင်ပြီးနောက် ထပ်ကာထပ်ကာ ရောက်လာခြင်းက ဤအဖြစ်ကို သက်သေထူလျက် ရှိ၏။ ထို့ပြင် ဦးတည်ထားရာသို့ မရောက်ရောက်အောင် ပို့ဆောင်နိုင်သော ဒေသနာစွမ်းကိုလည်း ရိပ်စားမိ၏။ သို့ရာတွင် သူ့ခမြာ ဆရာဟောင်းနှင့် ပတ်ဝန်းကျင်ဟောင်းကို သံယောဇဉ် မပြတ်နိုင်ရှာ။ ထို့ကြောင့်ပင် စကားလက်စ မသတ်ပဲ ကျောင်းတော်မှ ပြန်သွားရပေသည်။

## လာခြင်းကောင်းသော ဥပါလိ

ဤသို့ ကိုယ်တိုင်ကိုယ်ကျလေ့လာဖူးသူကဘားမြစ်ပါလျက် နိဂဏ္ဌဆရာကြီးသည် တကာရင်း ဥပါလိကို လွှတ်ပေးခဲ့၏။ ယခင်တခါ အသိဗန္ဓကပုတ္တကို လွှတ်ခဲ့တုန်းကလည်း တကာတယောက်ဆုံးရှုံးခဲ့ဖူး၏။ ဤသည်ကို အမှတ်သညာ မထားရှိလား၊ သို့မဟုတ် ရှာသူကြီးထက် မြို့သားသဌေးက စကားရေးသာမည်ဟုတွက်ဆ၍

လား။ မည်သို့သော အမြော်အမြင်နှင့် လွတ်သည် ဖြစ်စေ၊ ဥပါလိတယောက် ကျွန်ုပ်တို့ကျောင်းတော် ရောက်လာခြင်းကား ကောင်းသောလာခြင်းပင် ဖြစ်ပေသည်။

ကောင်းသော လာခြင်းဖြင့် ရောက်လာခဲ့သော ဥပါလိသည် ဘုရားရှင့်ရှေ့တော် အရောက်တွင် အရိုအသေ မပေးပဲ မနေနိုင်။ ရှိခိုးဦးချ မပြုပဲ မနေနိုင်။ ရုပ်သွင်တော်ကို ဖူးမြော်ရရုံနှင့်ပင် အလိုလို ကိုင်းညွတ်ပြီး ဖြစ်သွားရ၏၊ ကိုင်းညွတ်သော လေသံဖြင့် ဒီဃတပဿီနှင့် ဆွေးနွေးခဲ့သော အကြောင်းခြင်းရာများကို မေးလျှောက်၏။ ဘုရားရှင်ကလည်း စောစောက ဆွေးနွေးခဲ့သော အကြောင်းခြင်းရာများကို ပြန်လည်မိန့်ကြားတော်မူလိုက်၏။

## လာလာခြင်းတော့ မရောက်သေးပါ

"အရှင်ဘုရား။ တပဿီ၏ တင်ပြချက်ကောင်းလေစွ၊ ကောင်းလေစွ။ ဆရာကောင်းတပည့်ပီသပေစွ။ကြီးမားလှသော ကာယဒဏ်နှင့် ယှဉ်ကြည့်လိုက်သောအခါ သေးနုတ်လှသော မနောဒဏ်သည် အဘယ်မှာ အရာရောက်ပါဦးမည်နည်း။ စင်စစ်အားဖြင့် မကောင်းမှုဖြစ် ပေါ် ရေး တွင် ကာယဒဏ်သည် သာလျှင် အပြစ်ကြီးဆုံး ဖြစ်ပါပေသည်"

သူ့ဆရာကြီး၏ ဩဝါဒကို ယုံကြည်ချက်အပြည့်ဖြင့် လျှောက်ထားလိုက်၏။ ဤတွင် ဘုရားရှင်က-

"အိမ်ရှင် သင်္ဌေး။ စကားသစ္စာ တည်ကြည်ကြမည် ဆိုလျှင် ဤအကြောင်းခြင်းရာနှင့်ပတ်သက်၍ သင်နှင့် ငါတို့ ဆွေးနွေးရန် ရှိပေသည်"

"အရှင်ဘုရား။ တပည့်တော်သည် စကားသစ္စာတည်ကြည်စွာ ရှိပါမည်"

ဤသို့ ဝန်ခံကတိထားခဲ့သည့် ကြားကပင် ဥပါလိသည် နှစ်ကြိမ်တိုင်တိုင် ပြောင်ပြောင်ခဲ့သေး၏။ ရှောင်၍ တိမ်း၍ မရနိုင်တော့သော အခြေအနေ ရောက်ပါလျက်နှင့် ဝန်ခံချက်မပေးပဲ နေခဲ့၏။ "ဤသို့ နေခဲ့ခြင်းမှာ ဘုရားရှင်ကို မကြည်ညို၍မဟုတ်ပါ။ ဟောကြားသောတရားတော်ကို လက်မခံနိုင်၍မဟုတ်ပါ။ချက်ကျလက်ကျ တင်ပြတော်မူသော ဥပမာများကို ထပ်ကာ ထပ်ကာ ကြားနာလို၍သာ ဖြစ်ပါသည်"ဟု ဥပါလိက လျှောက်ထားခဲ့ပေသည်။

## စိတ်သာရှင်စေ ဘုရားဟော

ဥပါလိ နှစ်သက်စွာ ကြားနာခဲ့ရသောဥပမာများအနက်မှတခုကို ဖော်ပြရသော်-

"အိမ်ရှင်သူဌေး။နိဂဏ္ဌဆရာကြီးသည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မုသားပြောဆိုခြင်း၊ ကာမဂုဏ်ငါးပါး ခံစားခြင်းတို့မှ ရှောင်ကြဉ်လျက် စတုယာမ သံဝရ အကျင့်ကိုကျင့်၏။ နည်းမျိုးစုံဖြင့် မကောင်းမှုကို တားမြစ်၏။ ထိုဆရာကြီးသည် အမှတ်တမဲ့ သွားလာယင်း သေးငယ်လှစွာသော သက်ရှိများကို နင်းချေမိ၏။ သတ်ဖြတ်မိ၏။ ဤအမှုအတွက် နိဂဏ္ဌ ဆရာကြီးသည် မည်သို့သော အကျိုးတရားကို သတ်မှတ်ပေးပါသနည်း"

F. 9

"အရှင်ဘုရား။ နိဂြောဓ ဆရာကြီးသည် စိတ်စေတနာ မပါပဲ အမှတ်တမဲ့ ဖြစ်သွားမိသော အမှုကို အပြစ်ကြီးသည်ဟု မသတ်မှတ်ပါ ဘုရား"

"အိမ့်ရှင်သငြေး။ အကယ်၍ စိတ်စေတနာ ပါခဲ့လျှင်ကော"

"အရှင်ဘုရား။ စိတ်စေတနာ ပါရိုးမှန်လျှင် အပြစ်ကြီးပါသည် ဘုရား"

"စိတ်စေတနာကို နိဂြောဓ ဆရာကြီးသည် မည်သည့်ဒဏ်မှာ သတ်မှတ်ပါသနည်း"

"မနောဒဏ်မှာ သတ်မှတ်ပါသည် ဘုရား"

ဤမျှဖြင့်ပင် ဥပါလိ၏ မာနတံခွန် လျှောကျခဲ့ရပေသည်။ မာနမကူ ကြည်ဖြူသော စိတ်နှလုံးဖြင့် ဆက်လက်ကြားနာရသဖြင့် 'ဥပါလိ'ဟူသောအမည်ဖြင့် အရိယာတယောက် စာရင်းတိုးလာရပေသည်။ ။

[မဇ္ဈိမပဏ္ဏာသ၊ ဥပါလိသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

# အမျိုးခြောက်ပါး ခွဲခြားရာတွင်

## ပန်းစုံပွင့်ရာ ဉျမြေချာ

မကောင်းမှုကို ပယ်စွန့်ရန်ဟူသော ဦးတည်ချက်ဖြင့် နိဂဏ္ဌဆရာကြီး၏ဝါဒသည် ကျွန်ုပ်တို့သာသနာတော်ကြီးနှင့် တစိတ်တဒေသ တူညီကြောင်း တနေရာမှာ တင်ပြခဲ့ပြီး ဖြစ်၏။ ထို့ပြင် နိဂဏ္ဌ ဂိုဏ်းဝင်များသည်လည်း ကျွန်ုပ်တို့နှင့် အဆက်အဆံ၊အထိအတွေ့ များကြ၏။ ထို့ကြောင့် ထိုဂိုဏ်းနှင့် ပတ်သက်သော ဖြစ်ရပ်ဇာတ်လမ်းများကို တော်တော်စုံအောင် ပြလိုက်ရပေသည်။

အခြားသော ဂိုဏ်းဂဏများမှာမူ ကျွန်ုပ်တို့နှင့် တူညီသော သဘောဟူ၍ မရှိပါ။ သို့သော် သူတို့သည် ကျွန်ုပ်တို့နှင့်အတူ

ဤမြေ၊ ဤရေမှာပင် ပေါ်ထွန်းလာကြရ၏။ ဤမြေ၊ ဤရေကိုပင် အခြေခံကာ မိမိတို့ယုံကြည်ရာ သာသနာကို ပြုစုပျိုးထောင်ကြရ၏။ ထို့ကြောင့်ပင် အယူဝါဒ မတူမျှပါပဲလျက် သူတို့နှင့် ကျွန်ုပ်တို့ တွေ့ကြုံဆုံစည်းကြရ၏၊ ပုဂ္ဂိုလ်ချင်းတွေ့ဆုံမှုနောက်ဝယ် တရားသဘောချင်း နှီးနှောမှုက ထက်ကြပ်မကွာ လိုက်ပါလာ၏။ ဤသို့ နှီးနှောရာမှ ကြားနာခဲ့ရသော အယူဝါဒ တရပ်ကို ရှေ့တော်မှောက်မှာ ကျွန်ုပ် လျှောက်ခဲ့ဖူးပါသည်။

## ပူရဏကဿပ၏ အမျိုး ၆ ပါး

"အရှင်ဘုရား။ ပူရဏကဿပ ဆရာကြီးသည် အမည်းမျိုး၊ အညိုမျိုး၊ အနီမျိုး၊ အဝါမျိုး၊ အဖြူမျိုး၊ အထူးအဖြူမျိုးဟူ၍ အမျိုးခြောက်ပါးကို ခွဲခြားသတ်မှတ်ထားပါသည်။

"ထို ခြောက်မျိုးတို့တွင် မုဆိုး၊ တံငါ၊ ခိုးသူ၊ ခိုးသူသတ်၊ ထောင်အမှုထမ်းများမှ စ၍ ရုန့်ရင်းကြမ်းတမ်းသော အမှုများ ပြုရသူများကို အမည်းမျိုးဟု သတ်မှတ်ပါသည်။

"အသက်မွေးမှု ပင်ပန်းဆင်းရဲသော ရဟန်းများနှင့် ကမ္မဝါဒ သမားများကို အညိုမျိုးဟု သတ်မှတ်ပါသည်။

"အရှက်လုံရုံမျှ အဝတ်ကလေးကို ခါးရှေ့မှာ တွဲလွဲချသားသော နိဂဏ္ဌများကို အနီမျိုးဟု သတ်မှတ်ပါသည်။

"အဝတ်မပါသော တက္ကဒွန်းများ၏ တပည့်ဖြစ်သော ရပ်သူရွာသားများကို အဝါမျိုးဟု သတ်မှတ်ပါသည်။

"အာဇီဝက အနွယ်ဝင် ယောကျ်ား-မိန်းမများကို အဖြူမျိုးဟု သတ်မှတ်ပါသည်။

"ဝစ္ဆအနွယ်ဖွား နန္ဒ၊ သံကိစ္စ အနွယ်ဖွား ကိသနှင့် မက္ခလိဂေါသာလတို့ကို အထူးအဖြူမျိုးဟု သတ်မှတ်ပါသည် ဘုရား"

နောက်ဆုံးစာရင်းမှာပါသော နန္ဒနှင့် သံကိစ္စတို့မှာ ပူရဏဆရာကြီး၏ အသင်းအပင်းထဲက ဖြစ်ပါသည်။ မက္ခလိဂေါ်သာလ ဆရာကြီးသည်လည်း သူနှင့် ဝါဒချင်းတူသူ ဖြစ်ပါသည်။ကောင်းတာ လုပ်လုပ်၊ မကောင်းတာလုပ်လုပ် ကုသိုလ်-အကုသိုလ် မဖြစ်ဟူသော အယူဝါဒရှင်ကြီးပင် ဖြစ်ပါသည်။သူ့ဝါဒနှင့် ဆင်တူရှိသူကြည်ဖြူသော ပုဂ္ဂိုလ်များ ဖြစ်နေသောကြောင့်ပင် အထူးအဖြူမျိုးထဲ ထည့်ထားပုံကို သဘောပေါက်သင့်ပါသည်။

## တရားမဝင်သော သတ်မှတ်ခြင်း

ဤအမျိုး ခြောက်ပါးကို သဘ်မှတ်ထားခြင်းဖြင့် ကျွန်ုပ်တို့အဖို့ အကျိုးကျေးဇူး တစုံတခု ဖြစ်လာရန် မရှိပါ။ သို့ရာတွင် ဤအမျိုးခြောက်ပါးကို ရှေးတော်မှောက်မှာ လျှောက်ထားလိုက်မိခြင်းမှာကား-သာသနာတော်ကြီးတခုလုံးအတွက် အကျိုးကျေးဇူးကြီးမားလှပေသည်။

"အာနန္ဒာ။ ဤသို့ အမျိုးခြောက်ပါး သဘ်မှတ်ရန် ပူရဏကဿပအား ကမ္ဘာ လောကကြီး တခုလုံးက ခွင့်ပြုထားပါသလော"

ကျွန်ုပ်၏လျှောက်ထားချက်ကို ဤသို့တုံ့ပြန်တော်မူလိုက်ခြင်း ကပင် ဒေသနာတော်တပုဒ်ကို စတင်လိုက်ခြင်းဖြစ်၍ ကျွန်ုပ်က 'ခွင့်ပြုမထားပါဘုရား' ဟုဝမ်းပန်းတသာ လျှောက်ထားလိုက်ရ၏။

"အာနန္ဒာ။ လှည်းသမားများ ရေးသွားယင်း နွားသေရာတွင် နွားရှင်အား နွားသစ်ဝယ်ရာ၌ အထောက်အကူဖြစ်စေရန် ကျန် လူများက နွားသေကိုဖျက်ကာ ဝေစုခွဲ၍ ဝယ်ယူကြရ၏။ ဤတွင် ဝယ်စရာငွေကြေး မတတ်နိုင်၍ ငြင်းပယ်နေသော သူအားလည်း အတင်း အကျပ် ဝေစုခွဲ၍ ပေးတတ်ကြ၏။ ပူရဏကဿပ၏ အမျိုး ခြောက်ပါး သတ်မှတ်ခြင်းမှာလည်း ဤသို့သာ ဖြစ်၏။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက်မရပဲ သတ်မှတ်ထားခြင်း သာဖြစ်၏"

## ဘုရားရှင်၏ အမျိုး၆ပါး

"အာနန္ဒာ။ ငါဘုရား သတ်မှတ်သော အမျိုး ခြောက်ပါးကို ကောင်းမွန်စွာ နာယူပေလော့။ ငါဘုရား ဟောကြားအံ့"

"ကောင်းပါပြီ အရှင်ဘုရား"

"အာနန္ဒာ။ အမည်းပေါ်မှာ အမည်းဆင့်သော အမျိုး၊ မည်း ရာမှ ဖြူလာသောအမျိုး၊ မည်းရာမှ အမည်းအဖြူလွတ်ရာ နိဗ္ဗာန် ရောက်သောအမျိုး၊ ဖြူရာမှ မည်းလာသောအမျိုး၊အဖြူပေါ် အဖြူ ဆင့်သောအမျိုး၊ ဖြူရာမှ အမည်းအဖြူလွတ်ရာ နိဗ္ဗာန်ရောက်သော အမျိုးဟူ၍ အမျိုးခြောက်ပါး သတ်မှတ်ထားပေသည်။

"အာနန္ဒာ။ ဤလောက၌ အချို့သော သူသည် ဆင်းရဲ နွမ်း ပါးသော အမျိုး၌ လူဖြစ်လာရ၏။ အရုပ်ဆိုး အကျည်းတန် ဖြစ်

ရ၏။ ထိုသူသည် မပြုထိုက်သော ဒုစရိုက်အမှုတို့ကိုပြုသောအားဖြင့် အမည်းပေါ်မှာ အမည်းဆင့်သော အမျိုးထဲ ပါဝင်ရ၏။

"ထိုကဲ့သို့သော သူသည် ပြုထိုက်သော သုစရိုက်အမှုတို့ကို ပြုသောအားဖြင့် မည်းရာမှ ဖြူလာသော အမျိုးထဲ ပါဝင်ရ၏။

"ထိုကဲ့သို့သော သူသည် သာသနာ့ဝန်ထမ်း ရဟန်းဘဝ တက်ရောက်ကာ နည်းမှန် လမ်းကျ ကျင့်သုံးသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။ ထိုသူသည် မည်းရာမှ အမည်းအဖြူလွတ်ရာ နိဗ္ဗာန်ရောက်သော အမျိုးထဲ ပါဝင်ရ၏။

"အချို့သော သူသည် ချမ်းသာကြွယ်ဝသော အမျိုး၌ လူဖြစ်လာရ၏။ရှုချင်စဖွယ် တင့်တယ် ထည်ဝါသော ကိုယ်ခန္ဓာရှိ၏။ ထိုသူသည် မပြုထိုက်သော ဒုစရိုက်များကို ပြုသောအားဖြင့် ဖြူရာမှ မည်းလာသော အမျိုးထဲ ပါဝင်ရ၏။

"ထိုကဲ့သို့သော သူသည် ပြုထိုက်သော သုစရိုက်များကို ပြုသောအားဖြင့် အဖြူပေါ် အဖြူဆင့်သော အမျိုးထဲ ပါဝင်ရ၏။

"ထိုကဲ့သို့သော သူသည် သာသနာ့ဝန်ထမ်း ရဟန်းပြုကာ နည်းမှန် လမ်းကျ ကျင့်သုံးခြင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။ ထိုသူသည် အမည်းအဖြူလွတ်ရာ နိဗ္ဗာန်ရောက်သော အမျိုးထဲ ပါဝင်ရပေသည်"

## လောကပေါ်မှာ အခြေပြုသည်

ပူရဏကဿပ ဆရာကြီး၏ အမျိုးခြောက်ပါး ခွဲခြားနည်းမှ လမ်းခွဲကာ တမျိုး တဖုံ ခွဲခြား၍ ပြတော်မူလိုက်ခြင်း ဖြစ်ပေသည်။

ဦးတည်ချက်မရှိသော ခွဲခြားနည်း၏ နေရာတွင်ဦးတည်ချက် အခိုင်အမာရှိသော ခွဲခြားနည်းကို အစားထိုး၍ ပေးတော်မူလိုက်ခြင်း ဖြစ်ပေသည်။

လောကလူသား အများစု၏ အလိုအရ ဆင်းရဲ နွမ်းပါးခြင်း၊ အရုပ်ဆိုး အကျည်းတန် ဖြစ်ရခြင်းမှာ အလိုမရှိအပ်၊ မနှစ်သက်အပ်သောကြောင့် အမည်းဟု ဆိုရ၏။ ချမ်းသာ ကြွယ်ဝခြင်း၊ ရုပ်ဆင်းအင်္ဂါ လှပခြင်းတို့ကား - အလိုရှိအပ်၊ နှစ်သက်အပ်သောကြောင့် အဖြူများ ဖြစ်ကြ၏။

ဤသို့အားဖြင့် လူတယောက်၏ မည်းခြင်း ဖြူခြင်းကို လောကသဘောအရ ပစ္စည်းဥစ္စာဖြင့် သတ်မှတ်ထား၏။ အဆင်းရုပ်ဝါဖြင့် ခွဲခြားထား၏။ ဘုရားရှင်၏ ခွဲခြားနည်းသည် လောက လူသား အများစု၏ သဘောထားပေါ်မှာ အခြေပြုလျက်ရှိ၏။ ပူရဏကဿပ ဆရာကြီးကဲ့သို့သော အခြားသော ဂိုဏ်းဂဏများ၊အခြားသော ဝါဒရှင်များ၏ အမည်နာမကို တပ်မထားသဖြင့် ပုဂ္ဂလ ဓိဋ္ဌာန်သဘော ကင်းစင်နေ၏။

## လောကမှ ဓမ္မသို့

ဗုဒ္ဓမြတ်စွာ၏ ခွဲခြားနည်းအရ ကံအားလျော်စွာ အမည်းမျိုးမှာ ဖြစ်လာရသော လူများအတွက်သည်း စိတ်ပျက် အားငယ်ရန် မရှိပါချေ။ မည်မျှပင် မည်းညစ်သော ဘဝသို့ ရောက်နေစေကာမူ- ပြုသင့် ပြုထိုက်သော ကောင်းမှု ကုသိုလ်များကို ကြိုးစား၍ ပြုလျှင် ဖြူစင်သော ဘဝသို့ ရောက်နိုင်ပေသည်။ ထို့ထက် စွမ်းနိုင်

လျှင် အမည်းအဖြူကင်းရာ နိဗ္ဗာန်တရားတော်ကိုပင် မျက်မှောက် ပြုနိုင်ပေသည်။

ထို့အတူ ကံကောင်းထောက်မ၍ အဖြူမျိုးမှာ လူဖြစ်လာသူများလည်း ငါတကောကောရန် မရှိပါချေ။ မည်းမျှပင် ဖြူစင်သော ဘဝသို့ ရောက်နေစေကာမူ-မပြုသင့် မပြုထိုက်သော မကောင်းမှု အကုသိုလ်များကို ပြုမှားမိလျှင် မည်းညစ်သော ဘဝသို့ ချက်ချင်း လက်ငင်း ရောက်သွားတော့၏။ ဖြူစင်သော ဘဝကလေးကို ရနေသည့် အခိုက် ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်များကို ပြုပါမှ အဖြူပေါ်အဖြူဆင့်ကာ မြင့်မြတ်သော သာသနာတော်မှာ အပါလိုက်နိုင်ကြမည် ဖြစ်ပေသည်။

အမျိုးခြောက်ပါး ခွဲခြားရာတွင် ဘုရားရှင်သည် ဦးစွာပထမ လောကသဘောကို လိုက်လျော၍ ပေးတော်မူလိုက်၏။ ထို့နောက်မှ လောကသဘောကို ဓမ္မသဘောဖြင့် ထိန်းကွပ်၍ထားတော်မူပုံမှာ လေးနက်လှပါပေသည်။ ကျွန်ုပ်၏ တပည့်ဒကာ-ဒကာမများ အတွက် ကျွန်ုပ် အနှစ်သက်ဆုံးသော ဓမ္မလက်ဆောင်များတွင် အပါအဝင် ဖြစ်ပေသည်။

[အင်္ဂုတ္တရ၊ ဆက္ကနိပါတ် ဆဠာဘိဇာတိသုတ်]

## နေရာတိုင်းမှာ ဝေဖန်တော်မမူပါ

ကျွန်ုပ် အနှစ်သက်ဆုံးသော ဓမ္မလက်ဆောင်တခုကို ပူရဏကဿပ ဆရာကြီး၏ အမျိုးခြောက်ပါး ခွဲခြားနည်းနှင့် ဆက်စပ်၍ ဘုရား

ရှင်ထံတော်မှ ကျွန်ုပ် ရရှိခဲ့၏။ ဤလက်ဆောင်ကို ပေးတော်မူရာတွင် ဘုရားရှင်သည် ပူရဏကဿပ ဆရာကြီး၏ ဝါဒကို ဝေဖန်တော်မူခဲ့၏။ ဤသို့ ဝေဖန်တော်မူခြင်းမှာ ပူရဏကဿပ ဆရာကြီး ဝါဒတခုကို ကျွန်ုပ်က ပိုင်းပိုင်းခြားခြား ထင်ရှားစွာ လျှောက်ထားခဲ့သောကြောင့် ဖြစ်၏။ ဤသို့ ပိုင်းပိုင်းခြားခြား မလျှောက်ထားပဲ ဝါဒအားလုံးကို သိမ်းကျုံး၍ လျှောက်ထားရာတွင်ကား- ဝေဖန်မှု ပြုတော်မမူပါ။

## အပြင်စကားများ ဖယ်ထားပါ

သည်တခါ သာသနာ့ပြင်ပက ဝါဒများကို သယ်ဆောင်လာသူကား ကျွန်ုပ် မဟုတ်ပါ။ ကြောင်ကြောင်ကျားကျား အသားအရေ ရှိသော 'ကောဋ္ဌ' ဟူသော ပုဏ္ဏား တယောက်သည် ကျွန်ုပ်တို့ရှိရာ ဇေတဝန်ကျောင်းတော်သို့ ရောက်လာလျက်—

"အရှင်ဘုရား။ ပူရဏကဿပ၊ မက္ခလိဂေါသာလ စသော ဆရာကြီးများ၏ ဝါဒများသည် သံသရာမှလွတ်မြောက်ကြောင်း ဟုတ်သည်၊ မဟုတ်သည် ခွဲခြား၍ မိန့်ကြားတော်မူပါ ဘုရား"

ဘုရားရှင့် ရှေ့တော်မှောက် ဝင်ရောက်လျက် သူ သိလိုရာကို မေးလျှောက်လိုက်၏။ သက်နှံရောင်ထိန်ထိန် ဝင်းနေသော သာဝတ္ထိမြို့တော်ကြီးမှာ ထို ဆရာကြီးများ၏ တပည့်သာဝကများလည်း ရှိနေကြသည်သာ။ ဤပုဏ္ဏားသည် ထိုပုဂ္ဂိုလ်များနှင့် သူ့ဘက်ကိုယ့်ဘက် အနိုင့်အထက်ငြင်းခုံရာမှ ဘုရားရှင်ထံ စစ်ကူတောင်းရန် ရောက်လာဟန် တူပေသည်။ ငြင်းခုံမှုကို ဝေးဝေးက ရှောင်

ရှားတော်မူသော ဘုရားရှင်သည် ပုဏ္ဏား၏လျှောက်ထားချက်ကို လက်ခံတော် မမူပဲ—

"ပုဏ္ဏား။ဤစကားများကို ထားပါတော့။ သင့်ကို ငါဘုရား တရားဟောမည်။ တရားကိုသာ ကောင်းမွန်စွာနာကြားပေတော့၊ နှလုံးသွင်းပေတော့"

ဤသို့ စကားလမ်းကြောင်း ပြောင်းတော်မူကာ တရားတပုဒ် ကို ဟောထုတ်တော်မူပေသည်။

## လမ်းကြောင်းဆုံးအောင် လျှောက်ကြစေ

ထိုနေ့က ဟောတော်မူသော တရားတော်မှာ ဥပမာအဆင့်ဆင့် ငါးခုမျှ ပါဝင်၏။ ဥပမာအဆင့် ငါးဆင့်သည် သစ်ပင်ပေါ်မှာ ချည့် အခြေခံထား၏။ပထမဦးစွာ ကိုင်းဖျားကိုင်းနား၊ထို့နောက် အပွေးအခေါက်၊ အကာနှင့် အနှစ်တို့ အစဉ်အတိုင်း ပါရှိ၏။

ဤ ဥပမာ ငါးဆင့်ကို ဥပမေယျ ငါးဆင့်နှင့် ယှဉ်စပ်လိုက် သောအခါ—

ကိုင်းဖျား ကိုင်းနားနှင့် ဘုန်းကြီးခြင်း။
အပွေး နှင့် သီလ။
အခေါက် နှင့် သမာဓိ။
အကာ နှင့် အောက်မဂ်၊အောက်ဖိုလ်။
အနှစ် နှင့် အရဟတ္တမဂ်၊အရဟတ္တဖိုလ်။

အနှစ်ကို အလိုရှိသော ယောကျ်ားသည် ကိုင်းဖျားကိုင်းနား၊ အပွေး၊ အခေါက်နှင့် အကာတို့မှာပင် တင်းတိမ်မနေပဲ အနှစ်ထိ အောင် တွင်းဖောက်၍ ယူရဘိသကဲ့သို့—

သာသနာ့ဝန်ထမ်း ရဟန်းတော်တက်လာသူတို့သည်လည်း ဘုန်းကြီးခြင်း၊ သီလစင်ကြယ်ခြင်း၊ သမာဓိ တည်ကြည်ခြင်းနှင့် အောက်မဂ်-အောက်ဖိုလ်မျှဖြင့် တင်းတိမ် အားရ၍ မနေကြပဲ အရဟတ္တဖိုလ် အရောက် ထွင်းဖောက်နိုင်ကြရမည် ဖြစ်ကြောင်း ဟောကြားတော်မူပေသည်။

အရဟတ္တဖိုလ်ဖြင့် အထွဋ်တပ်ထားသော ဤ ဒေသနာတော် သည် အခြေခံ ဉာဏ်ပညာ မရင့်မာသေးသော ပုဏ္ဏား အဖို့ သရေကာ့ တည်ရုံမျှသာ စွမ်းဆောင်နိုင်ပေသည်။ ။

[မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ စူဠသာရောပမသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

* * *

# အကျင့်ထဲမှာ အသိပါပါစေ

## အားထုတ်တချင်း တူပါလျက်

တရားကျင့်သုံးရေးနှင့် ပတ်သက်၍ တက်တက်ကြွကြွ လုံ့လဝီရိယ ရှိကြစေရန် ဘုရားရှင် မကြာခဏ မိန့်မှာတော်မူခဲ့၏။ ကြူပင် ကြူရိုးနှင့် ဆောက်လုပ်ထားသော တဲအိမ်ကို ဆင်ပြောင်ကြီး သည် စိစိညက်ညက်ကြေ နင်းချေဘိသကဲ့သို့ ကိလေသာတည်း ဟူသော ရန်စွယ်အပေါင်းကိုလည်း မကြောက်မရွံ့ နောက်မတွန့် သော လုံ့လဝီရိယဖြင့် နင်းချေဖျက်ဆီးကြရန် တိုက်တွန်းတော် မူခဲ့၏။ ဤသို့ တိုက်တွန်းတော်မူသဖြင့် ကျွန်ုပ်တို့ သာသနာတော် ဝယ် အာဇာနည် ပုဂ္ဂိုလ်များ ပေါ်ပေါက်၍ လာပေသည်။ ပိတ်

သို့ ကာဆီးတတ်သော တရားဟူသမျှမှ လွတ်လွတ်ကျွတ်ကျွတ်ကြီး ရှုန်းထွက်နိုင်ကြသော လောကုတ္တရာ သူရဲကောင်းများ များပြား၍ လာပေသည်။

ဤတွင် တခုမေးရန် ရှိလာပါသည်။ မတွန့်မဆုတ် မတုန်လှုပ်သော လုံ့လဝီရိယဖြင့် တရားအားထုတ်သူတိုင်း လွတ်ရေး ကျွတ်ရေး ရကြသလောဟု စောကြောရန် ရှိလာပါသည်။ ဤသို့ စောကြောလာပါက လွတ်သူ ကျွတ်သူ ရှိသလို မလွတ်ကျွတ်သူများလည်း ရှိနေပါသည်ဟု ဟုတ်တိုင်းမှန်စွာ အဖြေပေးရပါလိမ့်မည်။

ထိုအဖြေပေါ်မှာ တဖန် "လုံ့လစိုက်တာချင်း တူပါလျက် အဘယ့်ကြောင့် တချို့က တစ်လစ်ကျန်နေရစ်ပါသနည်း" ဟု ထပ်ဆင့်၍ မေးလာပါမူ "အကျင့်ထဲမှာ အသိမပါ၍" ဟု ဖြေကြား ရပါလိမ့်မည်။

## ဇွဲတင်းတင်းနှင့် ဆင်းရဲခံသူများ

မှန်ပါသည်။အရိုးကြေကြေ အရေခန်းခန်း မတွန့်တမ်း၊မဆုတ်တမ်း အားထုတ်ကြသူများမှာ ကျွန်ုပ်တို့ သာသနာတော်တွင်းမှာသာ ရှိသည် မဟုတ်ပါ။ အပြင်ဘက်မှာလည်း အမြောက်အမြား ရှိနေပါသည်။ လုံ့လဝီရိယ အရာရာမှာ ကျွန်ုပ်တို့ သာသနာ့ စန်ထမ်းများထက် သာသည်ဟူ၍ပင် ဆိုနိုင်ပါသည်။ သာမန် လူသားတို့ ခံစားနိုင်စွမ်း မရှိသော ဆင်းရဲ ဒုက္ခများကို ခံစား၍ ဇွဲတင်းဘင်းနှင့် အပြင်းအထန် အားထုတ်နေသူများ ရှိကြပါသည်။ စောစော

အခန်းများတုန်းက တင်ပြခဲ့သော နိဂဏ္ဌရဟန်းများသည် အပြင်းအထန် အားထုတ်မှုတွင် စံနမူနာတင်ရသူများ ဖြစ်ကြပေသည်။

တကယ်တော့ဖြင့် သူတို့သည် ရှာမှရှားသော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ သက်တောင့် သက်သာ ထည်ထည်ဝါဝါ နေလိုကြသော လောကအလယ်မှာ သူတို့က ပင်ပန်းမှုကိုမှ တမင်တကာ ရှာကြံကြ၏။ အဝတ်သာက်နန်းမှာ ကြမ်းပေ့၊ ညံ့ပေ့ ဆိုသည်ကိုမှ ကြံဖန်၍ ဝတ်ကြ၏။ သူတို့ထက် အဆင့်အတန်းမြင့်သူများကား အဝတ်မပါ၊ ကိုယ်တုံးလုံး နေကြ၏။ အစားအသောက်မှာလည်း ကြမ်းပေ့၊ ညံ့ပေ့ ဆိုသည်ကိုမှ ရှာကြံ၍ စားကြ၏။ ထိုသို့သော အစာမျိုးကိုပင် အငတ်ခံ၍ ကျင့်ကြသေး၏။ ဒုက္ခမျိုးစုံကို ဇွဲတင်းတင်းနှင့် ပြင်းပြင်းထန်ထန် အားထုတ်ပုံများကို ကျွန်ုပ်၏ ပရိသတ်များ တွေ့ဖူး၊ မြင်ဖူးကြပြီးဖြစ်၍ လုံးစေ့ ပါဌ်စေ့ တင်ပြမနေလိုပါ။ သည်အကြောင်းများကို တင်ပြခြင်းဖြင့် ပီတိသောမနဿဖြစ်ရန်လည်း မရှိပါ။ ထို့ကြောင့် သူတို့နှင့် ပဘ်သက်၍ ဘုရားရှင် ဟောကြားတော်မူခဲ့သော ဒေသနာတော်တပုဒ်ကိုသာ တင်ပြပါတော့မည်။

## ရသေ့ရဟန်းတို့ကို မျိုသောတောင်

ဤဒေသနာတော်ကို ဦးစွာပထမ ဟောကြားသည့်ဌာနကား - ဂိဇ္ဈကုဋ်တောင် ဖြစ်ပေသည်။ ဤတောင်၏ တောင်ထွဋ်များသည် လင်းတခေါင်းနှင့် တူသဖြင့် ဤနာမည် တွင်နေခြင်း ဖြစ်၏။ ဤတောင်မှာ သစ်ပင် တောတောင် မထူထပ်၍ လူသွား လူလာ မရှိသလောက် ဖြစ်၏။ တောင်ယာ ပဲခင်း လုပ်ကိုင်စား၍လည်း မဖြစ်

နိုင်။ ထို့ကြောင့် သာသနာ့ ဝန်ထမ်း ရဟန်းတို့၏ သီးသန့် နေရာ သဖွယ် ဖြစ်နေပေသည်။ လူသူပရိသတ် ကင်းဆိတ်ရာမှာ အေး ချမ်းစွာ နေတော်မူလိုလျှင် ဘုရားရှင်သည် ထိုနေရာသို့ ကြွတော် မူနေကျ ဖြစ်၏။ ဤသို့ ကြွတော်မူရာပင် ကျွန်ုပ်တို့အားလုံး ယူကျုံး မရ ဖြစ်ကြရသော ကိစ္စကြီးတခုကိုကား-သူ့ အခန်းကျမှ တင်ပြ ချပါဦးမည်။

ဂိဇ္ဈကုဋ်တောင် အနီးဝယ် ဣသိဂိလိမည်သော တောင်တလုံး လည်းရှိ၏။ ထိုတောင်၏ လိုဏ်ဂူတခုထဲသို့ တောနေ ရသေ့ ရဟန်း များ ဝင်ရောက်ကြရာတွင် အဝေးမှ ကြည့်နေသူများအဖို့ တောင် ကြီးက ရသေ့ ရဟန်းများကို မျိုနေသကဲ့သို့ ထင်ကြရ၏။ ထို့ ကြောင့် ထိုတောင်ကို ဣသိဂိလိဟု အမည်ပေးထားကြ၏။ ထို တောင်ခြေရှိ နက်မှောင်သော ကျောက်ဖျာကြီးပေါ်မှာကား - တာဘက်စွန်းရောက် ပုဂ္ဂိုလ်များ ရှိနေကြပေသည်။

နိဂဏ္ဌဂိုဏ်းဝင်ဖြစ်သော ထိုရဟန်းတို့သည် ထိုင်ခြင်း ဣရိယာ ပုထ်ကို လုံးဝ ပယ်စွန့်ကာ မတ်တပ်ရပ်လျက်သာရှိကြ၏။ ဣရိယာ ပုထ် မပြောင်းမရွေ့ရသဖြင့် ပြင်းစွာသော ဒုက္ခဝေဒနာကို ခံစား နေရ၏။ သို့သော် ဒုက္ခကို သူတို့က မညည်းညူကြပေ။ အနာခံမှ အသာစံရမည်ဟု နာဋ္ဌပုတ္တ ဆရာကြီး ဟောပြထားသည့်အတိုင်း ဒုက္ခခံစားရေး ကျင့်စဉ်ကို ဖွဲကောင်းကောင်းနှင့် ကျင့်လျက် ရှိ ကြပေသည်။ ဤသို့ ဆင်းရဲကြီးစွာ ဝေဒနာ ခံစား၍ ကျင့်ခြင်းဖြင့် ဘဝ ဘဝက ပါလာသော ကံဟောင်းများကို ခြေဖျက်ရန် ဖြစ် ပေသည်။

## မှောင်ထဲသို့ ခဲပစ်နေသူများ

တဖက်စွန်းရောက် ပုဂ္ဂိုလ်များရှိရာသို့ ညချမ်းအခါမှာ ဘုရားရှင်ကြွသွားတော်မူခဲ့၏။ ဆရာ့စကားကို လှေနံဓားထစ် မှတ်ယူထားသော ထိုရဟန်းတို့အား မေးခွန်းများ ထုတ်တော်မူခဲ့၏။

"ငါ့ရှင် နိဂဏ္ဌတို့၊ သင်တို့သည် ရှေးရှေးဘဝများမှာ မုချကေန် ဖြစ်ဖူးခဲ့ကြသည်ဟု ကိုယ့်ကိုယ်ကို သိနိုင်ကြကုန်သလော"

"အရှင်ဂေါတမ၊ ငါတို့မသိနိုင်ကြပါ"

တရားရေးရာ အယူအဆ မတူမျှကြသော်လည်း ပုဂ္ဂိုလ်ရေးအရ ဘုရားရှင်ကို လေးစားကြသဖြင့် ဟုတ်တိုင်းမှန်စွာ ဖြေကြရပေသည်။

"ငါ့ရှင် နိဂဏ္ဌတို့၊ သင်တို့သည် ရှေးရှေး ဘဝများတုန်းက မကောင်းသော ကံများကို ကေန်မုချ ပြုခဲ့ကြဖူးသည်ဟု သင်တို့ကိုယ်တိုင် သိနိုင်ကြကုန်သလော"

"အရှင် ဂေါတမ၊ မသိနိုင်ကြပါ"

"ဤသို့ဆိုလျှင် ရှေးရှေး ဘဝများတုန်းက မည်သို့ မည်သို့သော မကောင်းမှုကို ပြုခဲ့ကြသည်ဟု သင်တို့ သိနိုင်ကြကုန်သလော"

"ငါတို့ မသိနိုင်ကြပါ"

"ဤသို့ ဆင်းရဲကြီးစွာ ခံစားသော အကျင့်ဖြင့် မကောင်းသော ကံတွေ မည်ရွေ့မည်မျှ ချေဖျက်ပြီးပြီ၊ နောက်နောင် ချေဖျက်စရာကံတွေ မည်မျှလောက် ကျန်သေးသည်၊ မည်မျှ

လောက်သော ကံတွေကို ချေဖျက်ပြီးလျှင် ဒုက္ခဇာတ်သိမ်း ချုပ်ငြိမ်းမည်ဟု သင်တို့ သိနိုင်ကြကုန်သလော”

“ငါတို့ မသိနိုင်ကြပါ”

“နောင်ခါကာလ နောင်ဘဝကို ရည်စူး၍ မကောင်းမှုကို ချေဖျက်နိုင်သော သင်တို့သည် ယခု မျက်မှောက်ဘဝမှာပင် မကောင်းမှုတို့ ပျောက်ကင်းခြင်းကို သိနိုင် ကြကုန် သလော။ ကောင်းမှု၏ပြည့်စုံခြင်းကို သိနိုင်ကြကုန်သလော”

“မသိနိုင်ကြပါ အရှင်ဂေါတမ”

မေးလေသမျှကို နိဂဏ္ဌတို့က ခေါင်းရမ်း၍သာ ဖြေကြပေသည်။ဤသို့အားဖြင့် သူတို့၏အကျင့်များသည် မှောင်ထဲသို့ယမ်း၍ ခဲပစ်သူနှင့် မခြားတော့ပါ”

## မစွဲ မပယ် အလယ် အလတ်

ဤမေးခွန်းများကို အကြောင်းပြု၍ ဘုရားရှင်က ဘဝသံသရာကို ပစ်ပယ်သည်၊ ကံကို ပစ်ပယ်သည်ဟု ကောက်ချက် မချမိကြရန် သတိပြုကြစေလို၏။ ‘မဇ္ဈိမ ပဋိပဒါ’ဟူသောလမ်းစဉ်ကို ဘုရားရှင် ချမှတ်တော်မူခဲ့၏။ ထိုလမ်းစဉ်ပါ ဉာဏ်အမြင်ဖြင့် ရှုမြင်ပါသော် ယခု ဘဝ ကြုံရလေသမျှ ရှေးကံကြောင့်ချည်းဟု ရှေးကံကို တထစ်ချ စွဲယူထားခြင်း သည်လည်းကောင်း၊ ပစ်ပယ်ခြင်းသည် လည်း ကောင်း တဘက်စွန်းရောက် တရားများသာ ဖြစ်နေကြပေသည်။

## မသိတာထား သိတာပွား

ဤမေးခွန်းများ ထုတ်တော်မူရခြင်းမှာ ကိုယ်တိုင် မသိနိုင်ပါပဲ လျက် ပြောသံကြားနှင့် ဒုက္ခများနေရပုံ ထင်ရှားလာစေရန်သာ ဖြစ်၏။ ကိုယ်တိုင် မသိနိုင်၊ မမြင်နိုင်ပုံ ထင်ရှားလာစေရန် ဆစ်၍ ဆစ်၍ မေးတော်မူရခြင်းဖြစ်၏။ ဆရာစွဲ၊ ဂိုဏ်းစွဲ မနာသေးသူများ ဖြစ်ပါက ဤမေးခွန်းများဖြင့်ပင် ကျွတ်တမ်းဝင်နိုင်လောက်ပေ သည်။ မိမိကိုယ်တိုင် မသိနိုင်၊ မမြင်နိုင်သော ကိစ္စများကို အသာ ထား၍ သိနိုင်၊ မြင်နိုင်သော အကျင့်ကိုသာ ပွားများ ကျင့်သုံး နိုင်လောက်ပေသည်။

အကုသိုလ်ကံများ ပပျောက်ရေး၊ ကုသိုလ်ကံတို့ ပြည့်စုံရေး အတွက် ကျွန်ုပ်တို့အခြေပြုရမည်မှာ ဤမျက်မှောက်ဘဝပင်ဖြစ်၏။ အတိတ်က ဘဝတွေ အသချေအနန္တ ရှိချင်ရှိပါစေ၊ မရှိချင်နေပါ စေ။ အတိတ်ဘဝတုန်းက ကံတွေ ရှိချင်ရှိပါစေ၊မရှိချင်နေပါစေ။ လွန်လေပြီးသောကိစ္စများကို ကျွန်ုပ်တို့ မည်သို့မျှ မတတ်နိုင်ပါ။ ထိုကိစ္စများနှင့် ပတ်သက်၍ ရှိ–မရှိ စဉ်းစားနေခြင်းဖြင့် လည်း ကောင်း၊ ရှိ–မရှိငြင်းခုန်နေခြင်းဖြင့်လည်းကောင်း အကျိုးစီးပွား ဖြစ်ထွန်းလာမည် မဟုတ်ပါ။ အယူအဆ မတူမျှသူနှင့် တွေ့လျှင် ရန်မီးပွားစေရန်သာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဘုရားရှင်က နိဂဏ္ဌတို့အား ယခု မျက်မှောက် ဘဝမှာပင် မကောင်းမှုတို့၏ ပျောက်ကင်းခြင်း၊ ကောင်းမှုတို့၏ ပြည့်စုံခြင်းကို သိစေလို၍ မေးစစ်တော်မူခြင်းဖြစ်၏။

## ဤဘဝ ဤခဏ

ကျွန်ုပ်တို့ ပြုပြင်နိုင်စွမ်းရှိသော ဘဝသည် ပစ္စုပ္ပန်ဘဝသာဖြစ်၏။ ကာမာဝစရကုသိုလ်ဖြင့် အနာဂတ်ဘဝသံသရာကို ပြုပြင်နိုင်သည်ဟု ဆိုရသော်လည်း ဂတိမြဲသောအဆင့်သို့ မရောက်သေးသမျှ စိတ်မချရသေးပါ။ အနာဂတ်ဘဝနှင့် ပတ်သက်၍ စွဲလမ်းခြင်းသည်လည်း အတိတ်ကို စွဲလမ်းသကဲ့သို့သာ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပစ္စုပ္ပန်ဘဝ၊ ယခု ပစ္စုပ္ပန်တခဏမှာ မိမိစိတ်သန္တာန် ပြန်ကာကြည့်ကြလျှင် လောဘ၊ ဒေါသစသော မကောင်းစိတ်များ ဖြစ်ပေါ်နေလျှင်လည်း ဖြစ်ပေါ်နေသည့်အတိုင်း ရှုမြင်မိကြမည် ဖြစ်၏။ မဖြစ်ပေါ်လျှင်လည်း မဖြစ်ပေါ်သည့်အတိုင်း ရှုမြင်မိကြမည် ဖြစ်၏။

## မသိလျှင်ပတ် သိလျှင်ရပ်

ဘဝနာဉာဏ် အထွတ်အထိပ်မရောက်သေးပါက မည်သူ့မှာမဆို မကောင်းစိတ်များ ဖြစ်ပေါ်ကြမည်သာ။သို့ရာတွင် တဦးနှင့်တဦး တူကြမည်ကား မဟုတ်ပေ။တချိန်နှင့်တချိန် တူကြမည်မဟုတ်ပေ။ သတိကပ်၍ ကြည့်တတ်သူများအဖို့ မကောင်းစိတ်ကို မကောင်းစိတ်မှန်း သိလိုက်သည်နှင့် တပြိုင်နက် မကောင်းစိတ် အစဉ် ရပ်တန့်သွား၏။ မကောင်းစိတ်များ နေရာတွင် ကောင်းစိတ်များ ဝင်ရောက်လာ၏။သတိကပ်၍ကြည့်တတ်လျှင် ကြည့်တတ်သည်နှင့် အမျှ မကောင်းစိတ်များမှ လွတ်မြောက်နိုင်ခွင့်ကို မြန်မြန်ကြီး

ရနိုင်ကြ၏။ မကြည့်ဘတ်သူများမှာကား- မကောင်းစိတ်နောက်မှာ မကောင်းစိတ်များသာ အတောမသတ် ဖြစ်ပေါ်လာကြပေလိမ့်မည်။

ဤသို့ လွတ်မြောက်ခွင့် ရခြင်းသည် မကောင်းမှုကို စွန့်ပယ်ခြင်း ဖြစ်၏။ ကောင်းမှုကုသိုလ်၏ ပြည့်စုံခြင်းလည်းဖြစ်၏။ ဤသို့သော ဝိပဿနာစခန်း တက်လှမ်းမိလျှင် သည့်ထက်သည့် အဆင့်အတန်း မြင့်မားရန်သာ ရှိကြပေတော့သည်။

## သင်တို့ ဘယ်က လာခဲ့ကြသနည်း

သို့ပါလျက် ဆရာစွဲ၊ဂိုဏ်းစွဲနှာနေသော နိဂဏ္ဌများကား- ဘုရားရှင့် အာဘော်ကို မရိပ်မိကြပါ။မသေမချင်း ကိုယ့်ကိုယ်ကိုညှဉ်းဆဲနေရသော ဒုက္ခမှ ကယ်တင်ရန် ကြွလာသော ကျေးဇူးရှင်ကို ကျေးဇူးတင်ရကောင်းမှန်း မသိပါ။ ထို့ကြောင့် ဘုရားရှင်က သူတို့ကို မညှာမတာ မိန့်တော်မူရ၏။

"နိဂဏ္ဌတို့။ သင်တို့သည် ရှေးဘဝတုန်းက ဘာတွေ ဖြစ်ခဲ့သည်၊ ဘာတွေပြုခဲ့သည် ဟူ၍ပင် သင်တို့ကိုယ်တိုင်မသိ။ မသိပါပဲလျက် နှင့်လည်း ပြုခဲ့မိသော မကောင်းမှုတွေ ကင်းပြတ်ရန်ဟု ဆင်းရဲကြီးစွာ ဝေဒနာခံစား၍ ကျင့်နေကြဘိ၏။ ဤသည်ကို သောက်၍ ဆိုရလျှင် လောက၌ ကြမ်းတမ်း ယုတ်မာသောသူ၊ မညှာရက်စက် သူ့အသက်ကို သတ်ဖြတ်သူတို့သည် လူ့ဘဝရလာကြပြီးလျှင် သင်တို့ နိဂဏ္ဌများထံမှာ ရဟန်းပြုလာကြလေယောင် တကား"

အသိခေါက်ခေါက် အဝင်နက် သူများမို့ နာလောက်အောင် မိန့်တော်မူလိုက်ရပေသည်။ အတိတ်က မကောင်းသောကံများကို ချေဖျက်ရန် ဆင်းရဲကြီးစွာ ဝေဒနာခံစား၍ ကျင့်နေရပါသည် ဆိုသော သူတို့အား ဤသို့ မှတ်ချက်ချရန်မှတပါး အခြားလမ်း မရှိပါချေ။

## အနာခံမှ အသာစံရမည်လော

ဘုရားရှင် မိန့်တော်မူသည်မှာ သူတို့ဘာသာ အမှားမှန်း သိ၍ သည်ဒုက္ခမှ လွတ်မြောက်နိုင်ကြရန် ဖြစ်ပါ၏။ သို့သော် မလွတ် ချင်၍ ဇွတ်အပင်ပန်းခံနေကြသူတို့ကား- မဟာကရုဏာတော်ကို ခံယူနိုင်စွမ်း မရှိကြပါ။ သူတို့၏ အယူဝါဒကို သူတို့ကျင့်သုံးပုံဖြင့် ကာကွယ်၍ မရနိုင်တော့သည်တွင် အခြားက အထောက်အကူကို လှမ်း၍ ယူကြပေသည်။

"အရှင်ဂေါတမ။ အရှင်ဂေါတမက မည်သို့ပင် အပြစ်တင် သော်လည်း အနာခံမှ အသာစံရသော လမ်းစဉ်ကား-ဟုတ်မှန်မြဲ ဟုတ်မှန်နေသည်သာ ဖြစ်၏။ အရှင်ဂေါတမ အလိုကျအတိုင်း ချမ်းသာစွာ ကျင့်သုံးခြင်းဖြင့် ချမ်းသာရကို ရမည်ဆိုပါက မဂဓတိုင်းကြီးသခင် ဘုရင်ဗိမ္ဗိသာရသည် ချမ်းသာခြင်းကို ရပေ ရာ၏။ စစ်တပ်ကြီးစွာ အခိုင်အမာရှိသော ဗိမ္ဗိသာရမင်းကြီးသည် အရှင်ဂေါတမထက် ချမ်းချမ်းသာသာ နေထိုင်ပေရာ၏။

## ကာမဂုဏ် ချမ်းသာဟူ၍ မရှိ

ဗိမ္ဗိသာရမင်းကြီး၏ ချမ်းသာသော အကျင့်ဆိုသည်မှာ မင်းကြီးကိုယ်တိုင်ရရှိထားသော သောတာပတ္တိဖိုလ်ကို ဆိုလိုခြင်း မဟုတ်ပါ။ မဂ်တရား ဖိုလ်တရားများကို သူတို့က အသိအမှတ် မပြုပါ။ အနာခံမှ အသာစံရသည် ဟူသော သူတို့ဝါဒကို အသေဆုပ်ကိုင်ထားရန် လောကုတ္တရာ ချမ်းသာနှင့် ကာမဂုဏ် ချမ်းသာကို ရောထွေး ပစ်လိုက်ခြင်းသာ ဖြစ်ပေသည်။

ချမ်းသာသော အကျင့်ဖြင့် ချမ်းသာခြင်းကို ရနိုင်သည်ဆိုခြင်းမှာ ကာမဂုဏ် ချမ်းသာ ခံစား၍ ကျင့်ရန် မဟုတ်ပါ။ ကာမဂုဏ်အာရုံ ဟူသည်မှာ ခံစားစဉ် တခဏ ချမ်းသာသည်ဟု ထင်ရသော်လည်း တကယ်တမ်း ချမ်းသာသည် မဟုတ်ပါ။ ထင်ရုံသာ ထင်ရသော တခဏ ချမ်းသာလေးနှင့် မမျှလောက်အောင် မြားမြောင်လှသော ဒုက္ခတွေအတွက် လမ်းခင်းပေးခြင်းသာ ဖြစ်၏။ နိဂဏ္ဌတို့၏ အနာခံလမ်းစဉ်မှာကား - ထို့ထက်ပင် ဆိုးသေး၏။ ကျင့်နေဆဲမှာလည်း ပင်ပန်းကြီးစွာ ဆင်းရဲလှ၏။ နောက်နောင်မှာလည်း ချမ်းသာဖို့ လမ်းမမြင်ပါချေ။

ထို့ကြောင့် ဘုရားရှင် ညွှန်ပြတော်မူလိုသော လမ်းစဉ်ကား- ထိုအစွန်းနှစ်ဘက်အနက် ဘယ်ဘက်ကိုမှ မချဉ်းကပ်သော မဇ္ဈိမပဋိပဒါ လမ်းစဉ်ဖြစ်၏။ ထိုလမ်းစဉ် အတိုင်း မကွေ့မကောက် တောက်လျှောက် လာခဲ့ပြီးမှ စိတ်ချမ်းသာခြင်းတို့၏ အထွတ်အထိပ်သို့ ရောက်တော်မူခဲ့ပေပြီ။

## မင်းစည်းစိမ်နှင့် သမဏစည်းစိမ်

ဤအကြောင်းကို အထင်အရှား ပြတော်မူလိုသဖြင့် ဘုရားရှင်က နိဂဏ္ဌတို့၏ဆင်ခြေကို တမျိုးပြင်ပေးတော်မူလိုက်ရ၏။သူ့ဘာသာ အခြေမခိုင် ယိမ်းယိုင်နေပြီးသော ဆင်ခြေကို ချေဖျက်မနေတော့ပဲ လိုအပ်ရာသို့သာ ပဲ့ကိုင်၍ ပေးတော်မူလိုက်၏။

"နိဂဏ္ဌတို့။ သင်တို့သည် တဘက်သတ်အားဖြင့် အဆော တလျှင် မဆင်ခြင်ပဲ စကားဆိုခဲ့ကြဘိ၏။ စင်စစ်မှာမူ ဤသို့ မဆို သင့်ပေ။ဗိမ္ဗိသာရမင်းကြီးနှင့် အရှင်ဂေါတမတို့တွင် အဘယ်သူက ပို၍ ချမ်းချမ်းသာသာ နေရသနည်းဟူသော ငါ့ကို သင်တို့ မေး သင့်ပေသည်။"

"ကောင်းပါပြီ အရှင်ဂေါတမ။ အရှင်ဂေါတမကိုပင် ငါတို့ မေးပါ၏။ ဗိမ္ဗိသာရမင်းကြီးနှင့် အရှင်ဂေါတမတို့တွင် အဘယ် သူသည် ပို၍ ချမ်းချမ်းသာသာ နေရပါသနည်း"

ဘုရားရှင် ပဲ့ကိုင်ရာသို့ နိဂဏ္ဌများ ပါလာကြပေပြီ။

## မလှုပ်မယှက် ငြိမ်သက်သော ချမ်းသာ

"ငါ့ရှင် နိဂဏ္ဌတို့။ ဤမေးခွန်းအတွက် သင်တို့ကိုပင် ပြန်၍ မေး ပါဦးအံ့။ သင်တို့ ကြိုက်သလို ဖြေကြပါဘိ။ ဗိမ္ဗိသာရမင်းကြီး သည် ကိုယ်မလှုပ်ရှား စကားမပြောပဲ ခုနစ်ရက်ပတ်လုံး ချမ်းသာ သက်သက် ခံစား၍ နေနိုင်မည်လော"

"မနေနိုင်ပါဘုရား"

ထို့မှ တရက်ချင်း လျှော့၍ လျှော့၍ မေးရာတွင်လည်း ထို့အတူ ပင် ဖြေကြရ၏။ ဤတွင် ဘုရားရှင်က ဆက်လက်၍–

''ငါ့ရှင် နိဂဏ္ဌတို့။ ငါသည်ကား–ကိုယ်မလှုပ်ရှား စကားမဆို ပဲ ချမ်းသာသက်သက်ချည့် ခုနစ်ရက်တိုင်တိုင် ခံစား၍ နေနိုင်၏။ ဤသို့ဆိုသော် ဗိမ္ဗိသာရမင်းနှင့် ငါတို့တွင် ဘယ်သူကပို၍ ချမ်း ချမ်း သာသာ နေရပါသနည်း''

''အရှင်ဂေါတမ။ မဂဓတိုင်းကြီးရှင်၊ စစ်တင်ကြီးစွာ အခိုင် အမာရှိသော ဗိမ္ဗိသာရမင်းကြီးထက် အရှင်ဂေါတမက ပို၍ ချမ်း ချမ်း သာသာ နေရပါသည်''

ဤသိဂိလိတောင်ခြေက နက်မှောင်သော ကျောက်ဖျာ ထက် ဝယ် ဤသို့သော ဖြေကြားသံ ထွက်ပေါ်စဉ်က သာဓုခေါ်မည့်သူ တယောက်မျှ မရှိပေ။ ငြင်းကွက်မမြင်၍ ထောက်ခံချက် ပေးလိုက် ရသော်လည်း သူတို့တတွေက သူတို့ဝါဒကို အသေအလဲ ဆုပ်ကိုင် မြဲ ဆုပ်ကိုင်ထားကြသည်သာ ဖြစ်၏။

## ကျေးဇူးသိလျှင် ကျေးဇူးတင်

ထိုစဉ်က သာဓုခေါ်သံ မထွက်ခဲ့သော ထိုဒေသနာတော်သည် မွေးရပ်မြေရောက်ခါမှ သာဓုသံဖြင့် အဆုံးသတ်ရ၏။ နိဂြောဓာရုံ ကျောင်းတော်ရောက်ခိုက် နောင်တော်ကြီး မဟာနာမ်အား နောက်ကြောင်းပြန်၍ ဟောကြားသံ အဆုံးဝယ် နောင်တော်ကြီး နှင့်တကွ ကျွန်ုပ်တို့တတွေက သာဓုနှုမော် ခေါ်လိုက်ကြပေသည်။

ဆရာစွဲ၊ ဂိုဏ်းစွဲနာလှသော နိဂဏ္ဌတို့အတွက် အကျိုးသက်ရောက်မှု မရှိခဲ့သော ဤဒေသနာတော်သည် ကျွန်ုပ်တို့ သာသနာတော်ကြီးအတွက်ကား-အကျိုးကျေးဇူး ကြီးမားလှပါ၏။ အတိတ်ကံ၊ အတိတ်အကြောင်းများကို အသေအလဲ စွဲယူကာ ပစ္စုပ္ပန်တရားလမ်းကြောင်းမှ တိမ်းစောင်းမည့်ဆဲဆဲ ဖြစ်နေသူတို့အား မတိမ်းမစောင်းရအောင် ထိန်းကျောင်းပေးသောကြောင့် ဖြစ်ပါသတည်း။

[မူလပဏ္ဏာသ၊ စူဠဒုက္ခန္ဓသုတ်]

* * *

# မဆုံးနိုင်သော စစ်ပွဲများ

## မွေးကတည်းက နိဂဏ္ဌဖြစ်လာသူ

ဣသိဂိလိတောင်ခြေက နိဂဏ္ဌပရိဗိုဇ်များသည် နာဋပုတ္တဆရာကြီး၏ ဩဝါဒကို တသွေမတိမ်း လိုက်နာလျက်သာ ရှိကြ၏။ ဤသို့သော အကျင့်ဖြင့် ကံဟောင်းတွေကို ဘယ်ရေး ဘယ်မျှ ပယ်ပြီးပြီ၊ နောက်ထပ် မည်မျှ ပယ်ရဦးမည်ဟု ကိုယ်ပိုင်ကိုယ်တိုင် မသိကြသော်လည်း စွဲလမ်းကြီးသော အလေ့အကျင့်ကို မဖျောက်နိုင်ကြပေ။ သို့ရာတွင် သူတို့ ဂိုဏ်းဝင်အားလုံး သူတို့လိုချည့် မဟုတ်ကြပါ။ အသေအလဲ ဇွဲကောင်းကောင်း အားထုတ်မှုထက် ဝါဒစစ်ပွဲ

ဆင်နွှဲရခြင်းကို ပိုမို၍ နှစ်သက်သူများလည်း ရှိနေပါ၏။သူတို့ထဲက အထင်ရှားဆုံးမှာ သစ္စကပရိဗိုဇ် ဖြစ်ပေသည်။

အခြားသော ပရိဗိုဇ်များသည် နိဂဏ္ဌ အယူဝါဒကို ကြိုက်နှစ်သက်၍ နိဂဏ္ဌဂိုဏ်းဝင်အဖြစ် ခံယူခဲ့ကြ၏။ သစ္စကမှာကား- ဤသို့ ခံယူနေရန် မလိုပါ။ လူ့လောက အတွင်းသို့ ဆင်းသက်လာစဉ်ကတည်းက နိဂဏ္ဌဂိုဏ်းထဲမှာ ပါဝင်ပြီး ဖြစ်၏။သူ၏ မိခင်ရော၊ ဖခင်ပါ နိဂဏ္ဌ ပရိဗိုဇ်များ ဖြစ်သောကြောင့်တည်း။

## သစ္စကတို့ မိသားစု

ဝေသာလီမြို့တော်တွင်း၌ နိဂဏ္ဌဂိုဏ်းဝင် ပရိဗိုဇ် ယောကျ်ားနှင့် ပရိဗိုဇ် မိန်းမတို့ ဝါဒပြိုင်ပွဲ ကျင်းပကြရာ နှစ်ယောက်လုံး ပညာရည်တူ ဖြစ်နေကြ၏။ ဤတွင် လိစ္ဆဝီ မင်းသားတို့က သူတို့နှစ်ယောက်လုံးကို တခြားသို့ မသွားရအောင် အိမ်တဆောင် ဆောက်ပေးကြ၏။ အိမ်တဆောင်ထဲမှာ အတူနေရာက အိမ်ထောင်သည်ဘဝရောက်ကာ နာမည်ကျော် သစ္စကကို မွေးဖွား လာပေသည်။ သူ့အထက်မှာလည်း သမီးလေးယောက် ပေါက်ဖွားခဲ့သေးသည်။

မိစစ် ဖစစ်ဖြစ်ကြသည့်အတိုင်း သမီးလေးယောက်တို့မှာလည်း ဝါဒရေးရာ နာမည်ကြီးသူများ ဖြစ်ကြ၏။ ချိန်တန် ရွယ်ရောက်လူလားမြောက်ကြပြီမို့ ရွာတကာ ရပ်တကာလှည့်၍ ဝါဒပြိုင်ပွဲဆင်နွှဲရန် မိဘများထံ ခွင့်ပန်ကြ၏။ ဤတွင် မိဘများက သူတို့ကို ဝါဒချင်းပြိုင်၍ အနိုင်ရသူသည် လူဝတ်ကြောင် ယောကျ်ားတယောက် ဖြစ်ပါက မယားအဖြစ်ဖြင့် ရသက်ပန် ပြုစု လုပ်ကျွေး

ရန်၊ အကယ်၍ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ပါက သူ့တပည့်အဖြစ်ဖြင့် ရဟန်းပြုကြရန် မှာလိုက်ကြ၏။

## သပြေထွန်းသည့် ကျွန်းဒီပါ

ရှေးသူဟောင်းတို့၏ စကားစဉ်အရ ဤ ဇမ္ဗူဒီပါကျွန်းမြေတွင် သပြေ့ပင်သည် အထွတ်အမြတ်ဆုံးဖြစ်၏။ ကျက်သရေ မင်္ဂလာ ရှိသော သစ်ပင်ဟု သမုတ်ကြ၏။သပြေပင်ထွန်းသော ကျွန်းဖြစ်၍ ရှေးအစဉ်အဆက်ကတည်းက ဇမ္ဗူဒီပဟု ခေါ်လာကြရ၏။ ထို့ကြောင့် ညီအစ်မလေးယောက်တို့သည် ကျွန်း၏အထိမ်းအမှတ် ဖြစ်သော သပြေခက်ကို ကိုင်ဆောင်ကာ သာဝတ္ထိမြို့တော်ဆီသို့ လာခဲ့ကြပေသည်။

မြို့သို့ဖြစ်စေ၊ ရွာသို့ဖြစ်စေ ဝင်ရောက်တော့မည်ဆိုလျှင် ရွာတံခါးဝတွင်ပါလာသော သပြေခက်ကို စိုက်ထောင်ထားခဲ့ကြ၏။ ဤသည်မှာ ဤမြို့-ဤရွာ ဤပတ်ဝန်းကျင်ကို စိန်ခေါ်လိုက်ခြင်းပင် ဖြစ်၏။ သူတို့နှင့် ဝါဒချင်း ယှဉ်ပြိုင်ရဲသူ ရှိပါက ဤသပြေခက်ကို နင်းခြေ ဖျက်ဆီးရန် ဖြစ်ပေသည်။

## သပြေခက်ကို ချေဖျက်လိုက်ပြီ

အခြားအခြားသော မြို့ရွာများတွင်က ဘေးမသီ ရန်မခခဲ့သော သပြေခက်သည် သာဝတ္ထိမြို့တော်မှာကား-အနင်းအခြေ ခံလိုက်

ရ၏။နှင်းခြေရန် စေခိုင်းလိုက်သူကား-တရားစစ်သူကြီးအရှင်မဟာ သာရိပုတ္တရာပါတည်း။

တလူလူဘလွင့်လွင့်နှင့် ပါလာခဲ့သော သင်္ကြေခက်သည် အနင်း အခြေခံလိုက်ရသကဲ့သို့ ဝင့်ဝင့်ထည်ထည်စွာ ကျယ်ကျယ်နိုင်လှ သော ညီအစ်မများမှာလည်း လူသူပရိသတ် အလယ်မှာ အရှုံးကြီး ရှုံးသွားကြရပေသည်။ သို့ရာတွင် ဤအရှုံးသည် သူတို့အဖို့ တန်ဖိုး အနဂ္ဃထိုက်တန်လှသော ဆုထူးဆုမြတ် ဖြစ်ပါသည်။မိဘများ မှာ ကြားလိုက်သည့်အတိုင်း ညီအစ်မလေးယောက်လုံးသာသနာတော် တွင်း ဝင်လာကြကာ ရဟန္တာ အရှင်မကြီးများဖြစ်သွားပေသည်။

## သံခွေစွပ် ပညာရှိကြီး

ညီအစ်မလေးယောက်၏ မောင်ငယ်ဖြစ်သော သစ္စကမှာ အစ်မ များထက်ဝါဒပညာသာလွန်ထက်မြက်၏။အစ်မများလို ရပ်တကာ ရွာတကာ မလှည့်လည်ပဲ ဝေသာလီမြို့တော်မှာ အခြေကျကျ နေ ထိုင်၏။မင်းသားငယ်များအား ပညာသင်ပေးနိုင်သူဖြစ်၍ မျက်နှာ ပွင့်လန်းလှ၏။ဘဘက်သားတို့ ကြားမဝင်နိုင်အောင် စီကာပတ်ကုံး ပြောဆိုတတ်၏။သူ့ကို ယှဉ်ပြိုင်ရဲသူ မတွေ့လေတိုင်း "ငါပညာရှိ" ဟူသော စကားလုံးကို တွင်တွင်ကြီး သုံးတတ်၏။ နက္ခတ်ပညာ အခြေခံ၍ သူဟောကိန်းထုတ်သမျှလည်း မှန်ကန်သည်က များ သဖြင့် လူအပေါင်း၏ ကောင်းချီးပေးမှုကိုလည်း ခံယူရပေသည်။

ဘဝအကျိုးပေးသန့်၍ ဟန်ကျပန်ကျ ဖြစ်နေသော သစ္စကကို ကျွန်ုပ်တို့က မနာလိုဝန်တိုဖြစ်ရန် လုံးဝ မရှိပါ။သူ့မှာ အကျိုး

ပေးသန့်နေသဖြင့် ကျွန်ုပ်တို့အဖို့ ထိခိုက် နစ်နာဖွယ်လည်း လုံးဝ မရှိပါ။ သို့သော် ကျွန်ုပ်တို့ဘက်က အမြင်ဖြင့် ရယ်ချင် ပြုံးချင်စရာ အချက်တခုကားရှိပါ၏။ထိုအချက်ကား-အခြားမဟုတ်ပါ။သူ့ဗိုက် မှာ ပတ်ထားသော သံပြားခွေကြီးပင် ဖြစ်ပါသည်။ ပညာမျိုးစုံ စုပြုံ သိုသိပ်ထားသော သူ့ဗိုက်ကြီးမှာ ပညာများပွားသည်ထက် ပွားသာသဖြင့် ကွဲထွက်သွားမှာ စိုးသောကြောင့် ဤသံပြားခွေ ကြီး ပတ်ထားရသည်ဟု ဆိုပေသည်။ထွင်သည့်သူကလည်း ထွင်ပါ ပေ့၊ ယုံသည့်သူကလည်း ယုံပါပေ့ဟုသာ ဆိုရပါတော့မည်။

သံခွေစွပ်ပညာရှိကြီးသည် တနေ့မှာတော့ အရှင်အဿဇိနှင့် တွေ့ဆုံခဲ့၏။ အရှင်အဿဇိက ဝေသာလီမြို့တော်ထဲ ဆွမ်းခံအလာ သစ္စကက အညောင်းပြေ လမ်းလျှောက်ယင်း မျက်နှာချင်း ဆိုင်မိ ကြ၏။ ဤတွင် သစ္စကသည် အရှင်အဿဇိအား နှုတ်ဆက်စကား ပြောကြားပြီးလျှင်–

''အို–အဿဇိ။ ရဟန်း ဂေါတမသည် တပည့် သာဝကတို့ကို အဘယ်သို့ ဆုံးမပါသနည်း၊ များသောအားဖြင့် အဘယ်သို့ ဟော ကြားပါသနည်း''ဟု မေးမြန်း၏။

## အနိစ္စနှင့် အနတ္တ

''အရှင်မဟာ သာရိပုတ္တရာ အလောင်း – ဥပတိဿ ပရိဗိုဇ်အား ယခုမှ ဟောတုပ္ပဘဝါ အစရှိသော ဂါထာဖြင့် သစ္စာ၄လေးပါး အကျဉ်းတရားကို ဟောကြားခဲ့သော အရှင်အဿဇိသည် သစ္စက ကိုလည်း အကျဉ်းနည်းဖြင့်သာ ဖြေကြားခဲ့ပေသည်။

"အဂ္ဂိဝေဿန၊ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့သည် အမြဲမရှိ။ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့သည်အတ္တမဟုတ်။ ဤသို့ မြတ်စွာဘုရားသည် တပည့်သာဝကတို့အား ဆုံးမတော်မူ၏။ များသောအားဖြင့် ဤသို့ ဟောကြားတော်မူ၏"

အဂ္ဂိဝေဿနဟု ဦးစွာပထမ ခေါ်လိုက်သော အာလုပ်ပုဒ်မှာ သစ္စကၡ၏ မျိုးနွယ်အမည် ဖြစ်ပါသည်။

## ဒုက္ခကို ချန်ထားရသည်

အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ လက္ခဏာသုံးပါး ထင်ရှားစွာ ရှိပါလျက် ဒုက္ခကို တမင်ချန်ထားခဲ့ရ၏။ ဒုက္ခလက္ခဏာကို သစ္စက ကြားရပါက သည်အကွက်က လက်ကြား လျှိုလာမည် ဖြစ်၏။ လောကုတ္တရာ စိတ်တို့၏ အထွတ်အထိပ် အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ကိုပင် ဖြစ်ပျက် နှစ်ဝ သင်္ခါရ မကင်းသေးသောကြောင့် ဒုက္ခစာရင်း သွင်းကြရသေး၏။ ကျွန်ုပ်တို့အားလုံး၏ နောက်ဆုံး ပန်းတိုင်မှာလည်း အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြစ်၏။ ဤတွင် ကတ်သီးကတ်သတ် စကားတတ်လှသော သစ္စကသည် ကျွန်ုပ်တို့အားလုံးကို စကား တလုံးတည်းဖြင့် ထိုးနှက်တော့မည် ဖြစ်၏။ "ရဟန်း ဂေါတမ၏ တပည့်သာဝက အားလုံးသည် ဒုက္ခအတွက် ကျင့်သုံးနေကြသည် တကား"ဟု ဝေသာလီ တမြို့လုံးကြားအောင် ပြောတော့မည် ဖြစ်၏။ ထို့ကြောင့် ဒုက္ခကို ချန်ထားခဲ့ရသည်ဟု အရှင်အဿဇိက တဆင့် မိန့်ကြားခဲ့ပေသည်။

## သကာပျားကို အခါးထင်သည်

အဂ္ဂိဝေဿနအနွယ်ဝင် ပညာရှိကြီးသည် အရှင်အဿဇိ စကား ဆိုးသည်နှင့်—

"အဿဇိ။ သင်တို့ဆရာ ရဟန်းဂေါတမသည် သာဝကတို့ကို ဤသို့ ဆုံးမဘိ၏။ ဤစကားသည် မကြားကောင်း မနာသာပါ တကား။ ငါတို့သည် ရဟန်းဂေါတမနှင့် တကြိမ်တခါ တွေ့ချင် စမ်းပါဘိ။ ရဟန်းဂေါတမနှင့် အပြန်အလှန် စကားပြောချင် စမ်းပါဘိ။ မှားယွင်းသော သူ့အမြင်ကို စင်ကြယ်အောင် ချွတ် ပေးချင်စမ်းပါဘိ"

အရှင်အဿဇိထံမှ တဆင့်ကြားရရုံနှင့်ပင် ဘုရားရှင့်အပေါ် အထင်သေးသော မျက်နှာထားဖြင့် ရှုံ့ရှုံ့မဲ့မဲ့ကြီးပြော ကြားနေ နေသည့် သူ့ရုပ်သွင်ကို ကျွန်ုပ်တို့ မြင်ယောင်မိပါသည်။

စင်စစ်အားဖြင့် သစ္စကသည် ဘုရားရှင်၏ အဆုံးအမကို လိုက်နာကျင့်သုံးလို၍ မေးခြင်းမဟုတ်ပါ။ ဘုရားရှင်နှင့် ဝါဒပြိုင်ပွဲ ဆင်နွှဲလို၍သာ ဖြစ်ပါသည်။ အရှင်အဿဇိသည် သာသနာ တော်မှာ ထင်ရှားကျော်ကြားသူ ဖြစ်၏။ အရှင် မဟာ သာရိ ပုတ္တရာသည် သူ့ရှိရာအရပ်သို့ အမြဲတမ်း ခေါင်းပြုကျိန်းစက်ရ၏။ သာသနာတော်တွင်းက တရားသဘော ဟူသမျှကို ကျွမ်းကျင် နှံ့စပ်၏။ ဤသို့သော ရဟန်းတပါးထံမှ ကြားသိရသော အချက် အလက်ကို အသေချည်ကာ ဝါဒတင်၍ စစ်ပွဲဆင်တော့မည် ဖြစ်ပေသည်။ အပွဲပွဲမှာ အနိုင်ကျဲလာခဲ့သော နည်းစနစ်ဖြင့် ဤ တပွဲမှာလည်း အောင်လံလွှင့်နိုင်မည်ဟု မျှော်လင့်ပေလိမ့်မည်။

# အခါးထင်သူ၏ ပရိသတ်များ

ထိုနေ့ နေ့လယ်တွင် ဘုရားရှင်သည် မဟာဝုန် တောကြီးထဲ ရောက်နေတော်မူပါသည်။ ရေပူရေချမ်း ကမ်းလှမ်းရန် ကျွန်ုပ် လည်း လိုက်လာခဲ့ပါသည်။ ပရိသတ် တသိုက်ကြီးနှင့် သစ္စက ရောက်လာမည့် အရေးကို မြင်တော်မူပြီးဖြစ်၍ ဘုရားရှင်က ဤ နေရာမှ စောင့်နေတော်မူခြင်း ဖြစ်ပါသည်။ပါလာသမျှ ပရိသတ် ကြီး အတွက် နေစရာ၊ ထိုင်စရာ ကျယ်ကျယ်ပြန့်ပြန့် ရှိစေရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့ စောင့်နေရာသို့ သစ္စက လိုက်လာခဲ့ပါပြီ။သူ့နောက် မှာလည်း လိစ္ဆဝီမင်းသား ငါးရာမျှ ပါလာကြ၏။ သူတို့ ဆရာ ကြီးက ပွဲကြီးပွဲကောင်း ကြည့်ရှုရန် လှုံ့ဆော်စည်းရုံးသဖြင့် ပါ လာကြခြင်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် သူတို့အထဲမှာ စကား နှစ်မျိုး ထွက်နေ၏။ တချို့က ဘုရားရှင့်အပေါ် သစ္စက အနိုင်ရ လိမ့်မည်ဟု ထင်ကြေးပေးကြ၏။ တချို့ကတော့ သစ္စကလိုလူစား မျိုးက ဘုရားကို နိုင်မည်လောဟု တင်းဘင်းမာမာ ငြင်းဆိုနေ ကြ၏။

ရှေ့တော်မှောက်သို့ ရောက်သောအခါ အချို့သော လိစ္ဆဝီ မင်းသားတို့သည် ဘုရားရှင်ကို ရိုသေစွာရှိခိုးကြ၏။တချို့ကတော့ ရှိမခိုးပဲ နှုတ်ဆက်စကား ဆိုကြ၏။ တချို့က သူများလို ထိခြင်း ငါးပါးဖြင့် ရှိမခိုးပဲ လက်အုပ်ချီရုံ ချီကြ၏။ တချို့က မိမိတို့၏ အမျိုးအမည်ကို ထုတ်ဖော်လျှောက်ထားကြ၏။ တချို့မှာတော့ ဘာဆိုဘာမျှမပြုပဲ ငုတ်တုတ်ထိုင်နေကြ၏။ရတနာသုံးပါးအပေါ်

ထားရှိသော စိတ်သဘောထား ခြားနားမှုအရ ဖြစ်ပေသည်။ သူတို့၏ခေါင်းဆောင်ကြီး သစ္စက က ဘုရားရှင့်ထံ လက်အုပ်မျှ မချီကြောင်းကိုကား အထူးတင်ပြရန် လိုမည်မဟုတ်တော့ပါ။

## မောက်မာသူနှင့် တည်ငြိမ်သူ

အားလုံး နေထားတကျ ဖြစ်သောအခါ သစ္စက တစခန်းထပါတော့သည်။

"အရှင် ဂေါတမ။ အရှင်က ခွင့်ပြုပါလျှင် ပြဿနာတခု မေးချင်ပါသည်"

လိစ္ဆဝီမင်းသားတို့ ရှေ့မှောက်ဘွင် ဦးခေါင်းမော့မော့၊ ရင်ကော့ကော့ဖြင့် တိုက်ပွဲခေါ်သံ ပေးလိုက်ပါ၏။ ယဉ်ကျေးသော အမူအရာကို တမင်လုပ်ထားသည့် ကြားကပင် သူ့မျက်နှာမှာ မခန့်လေးစား သဘောထားပုံက ပေါ်လွင်နေပါသည်။ သိမ်မွေ့သော လေသံနှင့် တမင်ပြောနေသည့် ကြားကပင် သူ့လေသံမှာ တင်းတင်းမာမာ ရှိနေပါသည်။

"အဂ္ဂိဝေဿန။ သင် မေးလိုလျှင် မေးပါလော့"

တင်းမာသောလေသံကို ဘုရားရှင်က တည်ငြိမ်စွာပင် တုံ့ပြန်တော်မူပေသည်။ ဤဘွင် သစ္စကသည် ဟန်ဆောင်ပန်ဆောင် လုပ်မနေတော့ပဲ သူ့စိတ်ရှိသည့်အတိုင်း မောက်မောက်မာမာ ပင် မေးမြန်းပါတော့သည်။ မောက်မာသော အမေးနှင့် တည်ငြိမ်သော အဖြေတို့မှာ အရှင်အသျှင်နှင့် တွေ့ဆုံစဉ်အတိုင်းပင် ဖြစ်ပေသည်။

## ပြုလုပ်မှုဟူသမျှ၏ နောက်ကွယ်မှာ

ဤတွင် သစ္စကဓါ်မျက်နှာကြီး ပြုံးယောင်ယောင် ဖြစ်လာကာ–

"အရှင် ဂေါတမ။ ဥပမာ တခုကို ဆောင်လိုပါ၏" ဟု လျှောက်၏။

အရှင်အဿဇိ ပြောကြားခဲ့သော စကားကို အသေကိုင်ကာ အနိုင်ယူရန် စိမ်ထားပါမှ ဘုရားရှင်က သည်အတိုင်း ဖြေလိုက်သဖြင့် သစ္စကကြီး အားပါးတရ ဖြစ်သွားဟန် ရှိပေသည်။ ထို့ကြောင့်ပင် ကိုယ်ရောနှုတ်ပါ တက်ကြွနေခြင်း ဖြစ်ပါလိမ့်မည်။

"အရှင် ဂေါတမ။ မျိုးစေ့ဟူသမျှ၊ သစ်ပင်ဟူသမျှတို့သည် မြေကိုမှီ၍၊ မြေမှာတည်၍ ရှင်သန်ကြီးထွားကြရ၏။ ကာယ စွမ်းအားဖြင့် ပြုအပ်သမျှ အမှုကိစ္စတို့ကိုလည်း မြေကိုမှီ၍၊ မြေမှာ တည်၍ ပြုလုပ်ကြရ၏။ ထို့အတူပင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို အတ္တဟူ၍ စွဲယူသောပုဂ္ဂိုလ်သည် မိမိစွဲယူသော ခန္ဓာငါးပါးမှာ တည်၍ ကုသိုလ်-အကုသိုလ်တို့ကို ပြုလုပ်ရသည် မဟုတ်ပါလော။

"အရှင်ဂေါတမ။ အတ္တဟူသည်မှာ သာမန်မျက်စိဖြင့် မြင်ရသည်ကား မဟုတ်ပါ။ သို့သော် ဤသို့သော ဥပမာသာဓကတို့ဖြင့် ပြုလေသမျှ၊ လုပ်လေသမျှ အမှုကိစ္စတို့ နောက်ကွယ်မှာ အတ္တဟူ၍ အခိုင်အမာ ရှိနေကြောင်းကား အထင်အရှား သိနိုင်ပါသည်။ ပုဂ္ဂိုလ် သတ္တဝါ မှန်သမျှတို့သည် အတ္တ၏ အလိုကျ၊ အတ္တ၏ အမိန့်အာဏာအရ ပြုမှုလုပ်ရှားနေကြပါသည်။ သို့ပါ

လျှော် အရှင်ဂေါတမသည် ထင်ရှား ရှိနေသော အတ္တကို ငြင်းပယ်ကာ အနတ္တဟူ၍ ဇွတ်တရွတ် ဟောပြောနေဘိသည်တကား”

အနတ္တ သာသနာတော်ကြီးကို ဖြိုလှဲနိုင်ရန် အတ္တ လက်နက်ကြီးကို အချက်ကျကျ အသုံးပြုလိုက်ရသဖြင့် သစ္စကကြီး ကျေနပ်နေပေသည်။

သူ့ လက်နက်မှာ တကယ်လည်းအားကိုးလောက်ပါပေသည်။ ဆိုလိုသော အနက်သဘောနှင့် ပေးထားသော ဥပမာတို့ အံဝင်ခွင်ကျ ရှိပါပေသည်။ အကျိုးအကြောင်း ဆီလျော်ပါပေသည်။ သာမန် ပုဂ္ဂိုလ်များအဖို့ သူ့အဆိုကို ချေဖျက်ရန် မလွယ်ပါ။ ဤသို့ တွက်မိကြသဖြင့် သူ့ ဘက်တော်သားတို့ ပျော်တပြုံးပြုံး ဖြစ်နေကြပေသည်။

## ကိုယ့်ဟာကိုယ်သာ ဖြေစမ်းပါ

“အဂ္ဂိဝေဿန။ ခန္ဓာငါးပါးကို အတ္တဟူ၍ သင်ဆိုပါသလော”

အောင်ပွဲခံချပြီဟူသော အသိဖြင့် မိန့်မိန့်ကြီး ပြုံးနေသော သစ္စကသည် ဘုရားရှင့်အမေးစကားကြောင့် ရုတ်တရက် ကြောင်သွားရ၏။ ပြီးမှ သတိရ၍ ဣန္ဒြေဆည်ကာ-

“အရှင်ဂေါတမ။ ခန္ဓာငါးပါးကို အတ္တဟူ၍ ကျွန်ုပ်ယူပါ၏။ ပါလာသော ဤလူ အပေါင်းလည်း ဤသို့ပင် အယူရှိကြပါ၏”

အမေးကို အဖြေပေးရမှာပင် ရိုးရိုးစင်းစင်းမဖြေပေ။ ပါလာသော ပရိသတ်ကို အဖေါ်ညှိလိုက်ပါသေး၏။ သူ့အဆိုမှာ အပြစ်

တင်စရာ တခုခု ပေါ်လာလျှင် သူ့တယောက်ထဲကို မဲ၍ မဖိနိုင်ရန် အင်အားစုထားခြင်း ဖြစ်ပါလိမ့်သည်။ သူများအပေါ် ထိုးစစ်ဆင်နိုင်သည်နှင့်အမျှ သူ့ဘက်ကိုလည်း ကာကွယ်တတ်လှပါပေသည်။ သို့သော် ခြေလှမ်းကို အထင်းသား၊ အရှင်းသား မြင်ထားပြီးသော ဘုရားရှင်က သူ့အဖြေကို လက်ခံတော်မမူပါ။

"အဂ္ဂိဝေဿန။ ပါလာသော လူအပေါင်းကို မေးသည်မဟုတ်၊ သင့်တယောက်တည်းကိုသာ မေးခြင်းဖြစ်၏။ ထို့ကြောင့် သူများကို ဆွဲမထည့်ပဲ ကိုယ့်ဝါဒကိုသာ သင် ဖြေရှင်းလော့"

"အရှင်ဂေါတမ။ ခန္ဓာငါးပါးကို အတ္တဟူ၍ ကျွန်ုပ်ယူပါ၏"

မတတ်သာတော့သည့်အဆုံး ရိုးရိုးပင် အဖြေပေးလိုက်ရ၏၊ ဤသို့ဖြေရ၍လည်း သူ့မျက်နှာ မပျက်သေးပါ။ သူ့ဝါဒကို သူ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားနိုင်သေး၍ သူ့ကိုယ်သူ ကျေနပ်၍ နေ၏။ သို့သော် ဘုရားရှင်က သူ့ကို ကြာရှည်သဖြင့် ကျေနပ်ခွင့် ပေးထားတော်မမူပါ။

## အစိုးရသူတို့၏ အမိန့်အာဏာ

"အဂ္ဂိဝေဿန။ ဤနေရာမှာ သင့်ကိုပြန်မေးဦးအံ့။ ဤမေးခွန်းကို သင်ကြိုက်သလို ဖြေနိုင်ပါသည်။ ကောသလ, မဂဓတိုင်းကြီးများကို အစိုးရသော မင်းဧကရာဇ်များမှာ သတ်သင့်သူကို သတ်ရန်၊ နှိပ်စက်သင့်သူကို နှိပ်စက်ရန်၊ ပစ္စည်းဥစ္စာ ဆုံးရှုံးသင့်သူကို ဆုံးရှုံးစေရန်၊ တိုင်းပြည်မှ နှင်ထုတ်သင့်သူကို နှင်ထုတ်ရန် အာဏာ ရှိပါသလော"

"ရှိပါသည် အရှင်ဂေါတမ။ ထို မင်းကောရာဇ်များကို မဆို ထားပါနှင့်။ စုပေါင်းအုပ်ချုပ် မင်းလုပ်ရသော လိစ္ဆဝီမင်း၊မလ္လာ မင်းများမှာပင် ထိုသို့သော အာဏာများ ရှိနေပါသည်"

ပင်ရင်းဖြစ်သော အတ္တ၊အနတ္တ ပြဿနာမှတဆင့် တိုင်းရေး ပြည်ရေးဘက် ရောက်သွားသဖြင့် သစ္စကက ပေါ့ပေါ့ပင် အဖြေ ပေးလိုက်၏။ သို့သော် ဘုရားရှင်တို့ မည်သည့် ကြောင်းကျိုး ဆက်စပ်မှုမရှိသော စကားမျိုးကို ဆိုလေ့မရှိ။ တိုင်းရေးပြည်ရေး ပင် ဖြစ်စေကာမူ ယခု ဆွေးနွေးနေသော ပြဿနာနှင့် တနည်း တဖုံ ဆက်စပ်၍သာ နေပါလိမ့်မည်။ သိချင်စရာ စွပ်ထားရ လောက်အောင် အပြည့်အသိပ် ရှိနေသော ပညာများသည် ဤ အကြောင်းကိုတော့ သိနိုင်စွမ်းမရှိပါချေဘာကား။

## ခန္ဓာငါးပါးကို အနိုင်ရသလော

"အဂ္ဂိဝေဿန။ချပ်ကို ငါ၏ အတ္တတည်းဟု သင်ဆိုခဲ့၏။ အတ္တအလို ကျ၊ အတ္တ၏ အမိန့်အာဏာအရ ပြုမူလှုပ်ရှားနေရသည်ဟုလည်း သင်ဆိုခဲ့၏။ သို့ဆိုလျှင် အတ္တယူစွဲထားသော ထိုရုပ်၌ ကိုယ်ဖြစ် ချင်တိုင်း ဖြစ်စေရန် သင်အာဏာထားနိုင်ပါမည်လော"

သစ္စက မည်သို့ ဖြေပေလိမ့်မည်နည်း။

အတ္တ၊အနတ္တ ပြဿနာနှင့် မဆိုင်ဘူး ထင်မှတ်၍ အလိုက်သင့် အဖြေပေးခဲ့ပြီး အရေးမကြီးဘူး ထင်မှတ်၍ အပိုအမိုလေးပင် ဖြည့်စွက်လိုက်သေးသည်။ ယခုတော့ ကိုယ့်သတ်မည့် လက်နက်ကို ကိုယ်တိုင်သွေးပေးမိသလို ဖြစ်သွားပေပြီ။

အထင်အရှား ပြောကြားပြီးသော စကားကိုလည်း ပြန်နုတ်ရန် မလွယ်ကူ။ ရှေ့စကားကို နုတ်ပယ်ရန် မလွယ်ကူ၍ နောက်စကားကို ငြင်းပယ်ရန်ကလည်း အခက်။ မိမိက အတ္တ ဟု ယူစွဲထားသော ရုပ်ကို ကိုယ်ဖြစ်စေချင်သလို ဖြစ်နိုင်ပါသည်ဟု ဆိုလိုက်သည်နှင့် တပြိုင်နက် ပရိသတ်အားလုံး၏ မျက်လုံးများက သူ့ဆီသို့ စုပြုံလာကြမည်ဖြစ်၏။အကျည်းတန်သော ခန္ဓာကိုယ်ကို ကြည့်ကာ ပြက်ရယ်ပြုကြတော့မည်ဖြစ်၏။

"အဂ္ဂိဝေဿန။ ရုပ်ကို ငါ၏ အတ္တဘည်းဟု သင်ဆိုခဲ့၏။ အတ္တအလိုကျ၊အတ္တ၏အမိန့်အာဏာအရပြုမူလှုပ်ရှားနေရသည်ဟုလည်း သင်ဆိုခဲ့၏။ သို့ဆိုလျှင် အတ္တဟု ယူစွဲထားသော ထိုရုပ်၌ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်စေရန် သင်အာဏာထားနိုင်ပါမည်လော"

စကားတိတ်ဆိတ် နှုတ်ပိတ်နေသော သစ္စကအား နောက်တကြိမ်ထပ်၍ မေးတော်မူရ၏။ ရှုံးနေပြီ ဖြစ်ပါလျက် ဝန်ခံရခက်နေသော သစ္စကကား နှုတ်ဆိတ်မြဲ ဆိတ်လျက်သာ ရှိနေ၏။ ဤတွင် ဘုရားရှင်က ရှင်းလင်းပြတ်သားလှသော အသံတော်ဖြင့်-

"အဂ္ဂိဝေဿန။ ယခုချက်ချင်း ဖြေကြားပါလော့။ ယခုအခါ နှုတ်ပိတ်နေခွင့် မရှိတော့ပြီ။ကြောင်းကျိုးဆီလျော်သော မေးခွန်းကို ငါဘုရားက သုံးကြိမ်တိုင်အောင်မေးပါလျက် အဖြေမပေးပဲ နေငြားအံ့။ ထိုသူ၏ ခေါင်းသည် ဤနေရာ၌ပင် ခုနစ်စိတ်ကွဲလိမ့်မည်တည်း"

## အတ္တသမား၏ ကိုးကွယ်ရာ

ဘုရားရှင်ကတော့ အနာဂတ် ကြိယာပုဒ်ဖြင့် မိန့်ကြားတော် မူ လိုက်၏။ သို့သော် သစ္စကမှာကား-ယခုချက်ချင်းပင် ခေါင်းခုနစ် စိတ် ကွဲရတော့မတတ် အကြောက်ကြီး ကြောက်သွားရရှာ၏။ တကိုယ်လုံး တုန်လှုပ်ကာ-ချွေးသီး ချွေးပေါက်ကြီးများ ကျလာ ရ၏။ ပြူးကျယ်နေသော မျက်လုံးကြီးများဖြင့် ထိတ်လန့်တကြား ကြည့်နေပုံကို ထောက်သဖြင့် ကြောက်စရာ လန့်စရာ အာရုံတခုခု ကိုတော့ မြင်နေရဟန် တူပါသည်။

ကြုံသာရသော ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သူကား - သူ အနိုင်ကျင့်ရန် စိတ်ကူးခဲ့သော ဘုရားရှင်သာ ဖြစ်၏။ သို့ကြောင့် ဘုရားရှင် ခြေတော်ရင်းသို့ အားကိုးတကြီး ချဉ်းကပ်တိုးဝင်ကာ-

"အရှင်ဂေါတမ။ ကျွန်ုပ်ကို မေးတော်မူပါ။ ကျွန်ုပ်အဖြေပေး ပါတော့မည်" ဟု လျှောက်ရ၏။ ဤတွင် ဘုရားရှင်က သုံးကြိမ် မြောက်သပ်၍ မေးတော်မူရပေသည်။

## ခန္ဓာငါးပါးသည် အနတ္တ

"အဂ္ဂိဝေဿန။ ရုပ်ကို ငါ၏ အတ္တဘည်းဟု သင်ဆိုခဲ့၏။ အတ္တ အလိုကျ၊ အတ္တ၏ အမိန့်အာဏာအရ ပြုမူ လှုပ်ရှားနေရသည်ဟု လည်း သင်ဆိုခဲ့၏။ သို့ဆိုလျှင် အတ္တဟု ယူစွဲသားသော ထိုရုပ်၌ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်စေရန် သင်အာဏာထားနိုင်ပါမည်လော"

"မထားနိုင်ပါ အချင်ဂေါတမ"

"အဂ္ဂိဝေဿန။ စဉ်းစားပါဘိ၊ စဉ်းစဉ်းစားစား ပြောကြားပါဘိ။ သင်၏ ရှေ့စကားနှင့် နောက်စကား မညီညွတ်ပါတကား"

ယခုတော့ သစ္စကဘက်က ကျသမျှဒဏ် ငုံခံဖို့သာ ရှိပါတော့သည်။ ဘုရားရှင်က စဉ်းစားဖို့ မိန့်ကြားသော် သစ္စကမှာ စဉ်းစားရန် အခွင့်မရှိတော့ပါ။ မေးတော်မူသမျှကို ဝင်း၍ ဖြေရုံသာ ရှိပါတော့သည်။

"အတ္တဟု သူစွဲထားသော ဝေဒနာမှာကော ကိုယ်ဖြစ်ချင်တိုင်း ဖြစ်စေရန် အာဏာထားနိုင်ပါမည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"သညာမှာကော ထားနိုင်မည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"သင်္ခါရမှာကော ထားနိုင်မည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"ဝိညာဉ်မှာကော ထားနိုင်မည်လော"

"မထားနိုင်ပါ အရှင်ဂေါတမ"

"အဂ္ဂိဝေဿန။ ဤသို့ဆိုလျှင် ခန္ဓာငါးပါးတို့သည် မြဲသလော၊ မမြဲသလော"

"မမြဲပါ အရှင်ဂေါတမ"

"မမြဲသော ခန္ဓာငါးပါးသည် ချမ်းသာသလော၊ ဆင်းရဲသလော"

"ဆင်းရဲပါသည် အရှင်ဂေါတမ"

"မမြဲသော၊ ဆင်းရဲသော ခန္ဓာငါးပါးကို ငါပိုင် ဟူ၍လည်း ကောင်း၊ ငါဖြစ်၏ ဟူ၍လည်းကောင်း၊ ငါ၏ အတ္တဟူ၍ လည်း ကောင်း၊ ရှုမြင်ထိုက်ပါသလော"

"မရှုမြင်ထိုက်ပါ အရှင်ဘုရား"

## ဒုက္ခကို တွယ်တာသူ

"အဂ္ဂိဝေဿန။ အကြင်သူသည် ဒုက္ခကို တွယ်တာလျက်၊ ဒုက္ခသို့ ကပ်ရောက်လျက်၊ ဒုက္ခတွင်းသို့ သက်ဆင်းနေလျက်ကပင် ဒုက္ခကို ငါပိုင်တည်း၊ ငါတည်း၊ ငါ၏ အတ္တတည်းဟု ရှုမြင်၏။ ဤသို့ဆို လျှင် ထိုသူသည် ဒုက္ခကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြား၍ သိနိုင်ပါ မည်လော။ ဒုက္ခကုန်ရာ မြတ်ချမ်းသာ တရားသို့ မိမိစိတ်ကို ဆောင် ပို့၍ကော နေနိုင်ပါမည်လော"

"မသိနိုင်ပါ။ မနေနိုင်ပါ အရှင်ဂေါတမ"

"အဂ္ဂိဝေဿန။ ဤသို့ဆိုလျှင် သင်သည် ဒုက္ခကို တွယ်တာ လျက်၊ ဒုက္ခသို့ ကပ်ရောက်လျက်၊ ဒုက္ခတွင်းသို့ သက်ဆင်းလျက် ကပင် ဒုက္ခကို ငါပိုင်တည်း၊ ငါတည်း၊ ငါ၏အတ္တတည်းဟု ရှုမြင် ရာရောက်နေသည် မဟုတ်ပါလော"

"ရှုမြင်ရာရောက်ပါသည် အရှင်ဂေါတမ"

## အနှစ်မပါသော ဝါဒ

"အဂ္ဂိဝေဿန၊ ဥပမာအားဖြင့် အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာဖွေလိုသော ယောကျ်ားသည် ထက်စွာသောဓားမကို ကိုင်စွဲလျက် တောသို့ဝင်ရာ၏။ တောထဲ၌ ဖူးတံမထွက်သေးသော ငှက်ပျောပင် နုနုကို တွေ့မြင်ပြီးလျှင် အရင်းမှ ဓားဖြင့် ခုတ်လှဲရာ၏။အဖျားကိုလည်း ဖြတ်ရာ၏။ တဖတ်ချင်း တဖတ်ချင်း ခွာကြည့်ရာ၏။ ငှက်ပျောဖက်များသာ ခွာ၍ ကုန်ပေမည်။ ထိုယောကျ်ားသည် အကာကိုမျှ ရမည်မဟုတ်။ အနှစ်ကား ဆိုဖွယ်ရာ မရှိပြီတည်း။

"အဂ္ဂိဝေဿန။ ဤဥပမာအတိုင်းပင် သင်သည် သင့်ဝါဒ၌ ငါက စိစစ်သော်၊ မေးမြန်းသော် သင်သည် အနှစ်မပါ ဗလာ သက်သက် ဖြစ်လေစွတကား။ အနိုင်မရှိ အရှုံးကြီး ရှုံးဘိသည် တကား"

## ထောင်လွှားတက်ကြွ ရှိလွန်းကလည်း

"အဂ္ဂိဝေဿန။ ဝေသာလီ၏ ပရိသတ်ဗိုလ်ပုံ အလယ်တွင် သင် ကြွားကြွားဝင့်ဝင့် ဆိုခဲ့ဖူး၏။'သံဃာထဲမှာ ဖြစ်စေ၊အသင်းအဖွဲ့ထဲမှာ ဖြစ်စေ၊ဂေါဏ်းဆောင် ဆရာကြီးထဲမှာ ဖြစ်စေ၊ဘုရားဟု ဝန်ခံထားသော ပုဂ္ဂိုလ်ကြီးထဲမှာ ဖြစ်စေ ငါ့စကားဒဏ် ခံနိုင်သူဟူ၍ မရှိချေ။ ငါက စကားစဉ်ဖြင့် ဝါဒတင်လိုက်သော် မယိမ်းမယိုင် ကြံ့ကြံ့ခံနိုင်သူဟူ၍ မရှိချေ။ ချွေးကြွားက ချွေးမထွက်သူ ဟူ၍ မမြင်ဖူးချေ။အသိစိတ် မရှိသော တိုးတိုင်ကိုပင် ငါက စကားစဉ်ဖြင့် ဝါဒတင်လိုက်သော် ယိမ်းယိုင်လှုပ်ရှားလာရသေး၏။အသက်ရှိသော လူသားမှာ ပြောစရာမရှိ'ဟု ကြုံးဝါးခဲ့၏။

“အဂ္ဂိဝေဿန။ ယခုကြည့်လော့။ သင့်မှာသော နဖူးမှ ကျလာသော ချွေးသီး ချွေးပေါက်တို့သည် အပေါ်ရုံကို ဖောက်၍ မြေကြီးတိုင်ရောက်ကုန်၏။ ငါဘုရား၏ ကိုယ်မှာကား–ချွေးတစက်မျှ မရှိချေတကား”

အခွင့်ကြုံလာတော့လည်း ပြည့်ပြည့်စုံစုံကြီးပင် မိန့်တော်မူရှာပေတော့သည်။ ကောသီသင်္ကန်းကို အတန်ငယ်လှပ်ကာ ရွှေအဆင်းသို့ ဝါဝင်းသော အသားတော်ကို ပြတော်မူလိုက်ရပေသည်။

အတ္တနှင့် အနတ္တတို့၏ တိုက်ပွဲတခုသည် ဤနေရာမှာ ပြီးဆုံး၍ သွားပါ၏။ အတ္တသည် မရှုမလှ ရှုံးနိမ့်သွား၍ အနတ္တက အောင်ပွဲလှလှကြီး ခံလိုက်ရ၏။ သို့သော် အတ္တသည် ဤနေရာမှာ ရှုံးသွားသော်လည်း နောက်တပွဲ မနွှဲပဲနေတော့မည်ကား – မဟုတ်ပါ။ သည်နေရာမှာ အရေးနိမ့်လျှင် ဟိုတနေရာက ခေါင်းထောင်လာဦးမည်သာ ဖြစ်၏။ ကမ္ဘာမှာ လူဟူ၍ ရှိနေသေးသည်နှင့် အမျှ အတ္တသမား အစားစားတို့သည် သစ္စက၏ ဥပမာမျိုးကို ရေလဲနှင့် သုံးနေကြဦးမည်သာ ဖြစ်၏။ သစ္စက၏ အကြောင်းပြချက်ကို လက်နက်သဖွယ် ဆက်ကာဆက်ကာ အသုံးပြုနေကြဦးမည်သာ ဖြစ်၏။ ထိုအခါ ကျွန်ုပ်တို့၏ အဆက်အနွယ်တို့ကလည်း ဤသို့သော အနတ္တ ဒေသနာတော်ကြီးဖြင့် အချက်ကျကျ ချေဖျက် ကြရဦးမည်သာ ဖြစ်သတည်း။ ။

[မူလပဏ္ဏာသ၊ စူဠသစ္စကသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

* * *

# အမှောင်ခွင်း၍ အလင်းဆောင်သည်

## ပိုက်ထဲက ငါးများ

ဂိုဏ်းဆရာကြီး အသီးသီး၏ အယူအဆဝါဒ ပေါင်းစုံကို စာရင်းချုပ်ကြည့်ပါလျှင် အတိတ်အကြောင်းကို စွဲ၍ယူသော ဒိဋ္ဌိ ၁၈ မျိုး၊ အနာဂတ်အကြောင်းကို စွဲ၍ယူသော ဒိဋ္ဌိက ၄၄ မျိုး။ ပေါင်း ၆၂ မျိုးအထိ ရှိနေသည်ကို တွေ့ရ၏။ ၆၂ မျိုးသော ထိုဒိဋ္ဌိတို့ကိုပင် ဘုရားရှင်က အကုန်အစင် ဟောပြထားပြီးဖြစ်ရာ ဘယ်ဂိုဏ်းဆရာကြီးကပင် ဟောဟော ဤဒိဋ္ဌိနယ်ပယ်ထဲမှ မလွတ်နိုင်တော့ပါ။ ဥပမာအားဖြင့် ကန်နှင့်အပြည့် ပိုက်ကြီးဖြန့်၍ အုပ်ထား

လိုက်သောအခါ ကန့်ထဲမှာ ရှိရှိသမျှ ငါးတို့သည် ပိုက်ထဲမှာပင် ငုပ်ကြရ၊ ပေါ်ကြရသကဲ့သို့ပင် ဖြစ်ပေသည်။

ဒိဋ္ဌိ ၆၂ မျိုးကို တခုချင်း တခုချင်း ဝေဖန်၍ ပြတော်မူထားသဖြင့် ကျွန်ုပ်တို့အဖို့ အကျိုးကြီးမားလှပါ၏။ ရဟန်းငယ်၊ ရှင်ငယ်များအား ဝါဒမျိုးစုံတို့နောက် မျက်စိလည်၍ ပါမသွားရအောင် ဤဒေသနာတော်များက တားဆီး၍ ထားပေသည်။

## ဟိုအနောက်ဖျားက ဆူညံသံ

ဤမျှလောက် အကျိုးကြီးမားလှသော ဒေသနာတော်များ ကြားနာရန် ဖန်တီးလိုက်သူကား – သုပ္ပိယတို့ ဆရာတပည့် ဖြစ်ပါ၏။ ထိုနေ့တုန်းက ကျွန်ုပ်တို့သည် ဘုရားရှင့် နောက်တော်ပါးမှ အစဉ်လိုက်ပါလာခဲ့ကြ၏။ ရာဇဂြိုဟ် မြို့တော်တွင် ဆွမ်းခံဝင်၍ ဆွမ်းစားခဲ့ပြီးနောက် နာဠန္ဒာမြို့ဆီသို့ ခရီးရှည် ထွက်လာခဲ့ကြ၏။ ရှေ့ဆုံးမှာ ဘုရားရှင် ကိုယ်တော်တိုင် ရှိနေသည်မို့ သံဃာတန်းကြီး တခုလုံး ဆိတ်ဆိတ်စွာ လိုက်ပါလာကြမည်ကို အထူးတင်ပြရန် လိုမည် မထင်ပါ။ သို့သော် သံဃာတန်းကြီး၏ နောက်ဖျားမှကား–ဆူညံဆူညံအသံများ ထွက်ပေါ်လျက် ရှိပေသည်။

ဆူညံဆူညံ ပြောလာသူတို့မှာ ကျွန်ုပ်တို့ ရဟန်းပရိသတ်ထဲမှ မဟုတ်ပါ။ ကျွန်ုပ်တို့ ခရီးစဉ်အတိုင်း ဖဝါးခြေထပ်လိုက်ပါလာသော သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့ဖြစ်ပါသည်။ ကိုယ်ရောနှုတ်ပါ စောင့်စည်း၍ သိက္ခာရှိစွာ လှမ်းကြွလျက် ရှိကြသော ရဟန်း ပရိသတ်ကို လည်းကောင်း၊ မနိုင်းယှဉ်အပ်သော ဂုဏ်

ကျက်သရေဖြင့် တည်ကြည်ခန့်ညားစွာဦးဆောင်လှမ်းကြွတော်မူ နေသော ဘုရားရှင်ကိုလည်းကောင်း သုပ္ပိယတို့ လှမ်းမျှော်၍ မကြည့်ပဲ မနေနိုင်ပါ။အကယ်၍ သူ့စိတ်သန္တာန်မှာ အခုအခံများ ရှိမနေနှင့်ပါက အခွင့်ကြုံ၍ဆုံတွေ့ရသော ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးမိပေလိမ့်မည်။ တည်ကြည်ငြိမ်သက်၍ ကျက်သရေရှိစွာ ကြွလှမ်းလာသော သံဃာပရိသတ်ကို ကြည်ညိုသဒ္ဓါ ပွားများမိပေလိမ့်မည်။ သို့ရာတွင် သူ့ခမြာ ဤသို့သော အထူး ဆုမြတ်ကို ခူးဆွတ်ခွင့် မသာခဲ့ပါ။ သူ့စိတ်သန္တာန်မှာ ကြိမ်ဖန်များစွာ ပေါ်လာကြသော အခုအခံများက မှန်မြတ်လှသော ထိုအခွင့်အရေးကို တားဆီးပိတ်ပင်၍ ထားကြဟန် တူပါသည်။

## အခုအခံကြောင့် ဆူညံသည်

သူသည်ကား သိဉ္စည်းဆရာကြီး၏ တပည့်တဦးဖြစ်၏။အရှင်မဟာသာရိပုတ္တရာတို့ ခွဲထွက်လာကတည်းက သူ့ဆရာကြီး၏ အသိုက်အအုံ နည်းပါးလာခဲ့၏။ဘုရားတည်းဟူသော ရတနာအစစ်အမှန် ထွန်းကားလာပြီးမှ ဂိုဏ်းဂဏ၏အရှိန်အဝါ လျော့ကျလာခဲ့၏။ ဤသို့သောအကြောင်းများကြောင့် သူ့စိတ်သန္တာန်မှာ အခုအခံများ ဖြစ်ပေါ်ခဲ့ပေလိမ့်မည်။

ဤသို့ဖြင့် သုပ္ပိယသည် ကျွန်ုပ်တို့နောက်မှာ လိုက်ပါယင်း ဘုရားရှင်ကို မဟုတ်မမှန် လုပ်ကြံစကား ပြောလျက်ရှိ၏။ တရားတော်ကို ကဲ့ရဲ့ရှုတ်ချလျက်ရှိ၏။ သံဃာတော်များကို စော်ကားပုတ်ခတ်လျက်ရှိ၏။ သုပ္ပိယ၏စကားကို ကျွန်ုပ်တို့နည်းတူ ဘုရား

ရှင်လည်း ကြားပါလိမ့်မည်။ သို့ပါလျက် ဘုရားရှင်၏ ခြေလှမ်းများက ရပ်တန့်မသွားကြပါ။ မနှေးမမြန် ခပ်မှန်မှန် လှမ်းကြလျက်သာ ရှိကြ၏။ မျက်နှာတော်သည် ရွှေတုရုပ်သို့သာ ဦးတည်လျက် ရှိ၏။ အကြောင်းရှိလျှင် ကြည်လင်စွာ ကြားနာရတတ်သော အသံတော်သည် ယနေ့တော့ တိတ်ဆိတ်လျက်ရှိပါသတိ၏။ ရှေ့ဆုံးက အသံတော် တိတ်ဆိတ်နေသဖြင့် ကျွန်ုပ်တို့ အားလုံးလည်း ဝစီတံခါး ပိတ်ထားရခြင်း ဖြစ်ပေသည်။

## ခြောင့်ထောင်သူနှင့် ခြောင့်နုတ်သူ

ကျွန်ုပ်တို့က စကားမဆိုရန် မလိုကြသော်လည်း သုပ္ပိယကို ဆန့်ကျင်သူ တယောက်ကား ရှိနေပါသည်။ သာမန်မျှသာဆန့်ကျင်သူ မဟုတ်၊ ဆရာဖြစ်သူနှင့် ဖြောင့်ဖြောင့်ကြီးပင် ဆန့်ကျင်နေသူ ဖြစ်ပါသည်။ ထိုသူမှာ အခြားမဟုတ်၊ သုပ္ပိယ၏အတူနေတပည့် ဗြဟ္မဒတ်လုလင် ဖြစ်ပေသည်။ သုပ္ပိယက ရတနာမြတ်သုံးပါးကို ချိုးချိုးဖွဲ့ဖွဲ့ ပြောဆိုနေရာတွင် ဗြဟ္မဒတ်လုလင်က ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို ချီးကျူး ထုတ်ဖော်၍ နေပေသည်။ ဥပမာအားဖြင့်ဆိုရသော်– ဆရာဖြစ်သူက သစ်သားကြမ်းပြင်ဝယ် အဆိပ်ခြောင့်များ စိုက်ထောင်ထားရာ တပည့်ဖြစ်သူက ရွှေငွေကျောက်သံပတ္တမြားး စီခြယ်ထားသော စို့ဖြင့် ထွင်းထုတ်နုတ်ပစ်သကဲ့သို့ ဖြစ်နေပေသည်။

ဤသို့ပင် အမ္ဗလဋ္ဌိကာ ဥယျာဉ်သို့ ကျွန်ုပ်တို့ ဆိုက်ရောက်လာကြ၏။ နေဝင်ခါနီးပြီမို့ ဥယျာဉ်ထဲက မင်းကွန်းမှာပင် ည

အိပ်ရန် ပြင်ဆင်ကြ၏။ ကျွန်ုပ်တို့နှင့်အတူတူပင် သူပုံယတို့ ဆရာတပည့်များလည်း ညအိပ် တည်းခိုကြ၏။ ကိုယ့်နေရာနှင့်ကိုယ် ကျိန်းစက်ရန် ပြင်ဆင်ပြီးချိန်တွင် လမ်းမှာတုန်းက ကြားခဲ့ရသော စကားသံများကို တကျော့တဖန် ကြားကြရပြန်ပေသည်။ တမိုးတယာမ်ထဲမှာကျိန်းစက်တော်မူသော ဘုရားရှင်လည်း ကြားရပါလိမ့်မည်။

## လောကဓံကို ရာနှုန်းပြည့် မခံနိုင်သေးပါ

ဘုရားရှင်အဖို့ နားမှာ ကြားရသော အသံသည် နားမှာပင် လမ်းဆုံးသွားပါလိမ့်မည်။ နားက ကြားရသောအသံကို အကြောင်းပြု၍ စိတ်တော် တုန်လှုပ်လာရန် အကြောင်းမရှိ။ အားကောင်းလှစွာသော ဘာဝနာဖြင့် လွှမ်းခြုံထားသော စိတ်တော်အစဉ်သည် ပကတိ ကြည်လင်လျက်သာ ရှိပေလိမ့်မည်။ သို့သော် ကျွန်ုပ်မှာကား ဘုရားရှင့် ခြေတော်ရာကို ထပ်တူထပ်မျှ မနင်းနိုင်သေးပါ။ ဘာဝနာစွမ်းအား အထွတ်အထိပ်သို့မရောက်သေးပါ။ထို့ကြောင့် သူတို့နှစ်ဦး၏ စကားလုံးများနှင့်အတူ ကျွန်ုပ်၏ စိတ်နှလုံးများ ယိမ်းယိုင် လှုပ်ရှားလာရပါသည်။ အထူးသဖြင့် ကျွန်ုပ် ချစ်မြတ်နိုးလှစွာသော နောင်တော်မြတ်အား ပြောကြားသော စကားလုံးများနှင့် ပတ်သက်၍ အခံရ ခက်လှပါသည်။ ထိုမှတဖန် ဗြဟ္မဒတ်လုလင်၏ ချီးမွမ်းသံများ ကြားရသည်တွင်ကား ကျွန်ုပ် အားရ ကျေနပ်ရပြန်ပေသည်။

ဤသို့ နှစ်သက်နှစ်တန် အပြန်အလှန် ခံစားရသူမှာ ကျွန်ုပ် တပါးတည်းတော့ မဟုတ်ပါ။ ဘာဝနာကိစ္စ မပြီးဆုံးသေးသော

ရဟန်းများလည်း ကျွန်ုပ်နည်းတူခံစားရကြောင်း နံနက်သင်းခါမှ သိရှိရပါသည်။ ဥယျာဉ်အတွင်းရှိ ဇရပ်ကြီး၌ စည်းဝေးလာကြသော ရဟန်းများလည်း ဤအကြောင်းကိုပင် ပြောဆိုကြပေသည်။

## အပြစ်မရှိကြောင်း ဖြေရှင်းပါ

ဤတွင် ဘုရားရှင်သည် ကျွန်ုပ်တို့ထံ ကြွတော်မူကာ သုပ္ပိယတို့ ဆရာတပည့် ပြောကြားချက်များနှင့် ပတ်သက်၍ တသက်တာ မှတ်သားလောက်သော မိန့်ခွန်းတော်ကို မြွက်ကြားတော်မူပေသည်။

"ရဟန်းတို့။ သူတပါးတို့က ငါဘုရား၏ အပြစ်ကိုဖြစ်စေ၊ တရားတော်၏ အပြစ်ကို ဖြစ်စေ၊ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောကြ ဆိုကြလျှင် သင်တို့သည် ထိုစကားတို့ အပေါ်မှာ ရန်မျက်သိုခြင်း၊ နှလုံးမသာခြင်း၊ အခံရခက်ခြင်း မဖြစ်ကြစေနှင့်၊ ထိုတရားတို့ ဖြစ်ပွားလျှင် သင်တို့မှာသာ အန္တရာယ် ဖြစ်ရာ၏။

"ရဟန်းတို့။ သူတပါးတို့က ငါဘုရား၏ အပြစ်ကို ဖြစ်စေ၊ တရားတော်၏ အပြစ်ကို ဖြစ်စေ၊ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောကြ ဆိုကြရာ၌ သင်တို့ကလည်း ရန်မျက်သိုကြလျှင်၊ နှလုံးမသာကြလျှင်၊ အခံရခက်နေကြလျှင် သူတပါးတို့၏ စကားအမျိုးမျိုးကို အကောင်းအဆိုး ခွဲခြား၍ သိနိုင်ကြပါမည်လော"

"မသိနိုင်ကြပါ အရှင်ဘုရား"

"ထို့ကြောင့် သင်ရဟန်းတို့သည် အပြစ် ပြောလာသူတို့ အပေါ် ရန်မျက်သိုခြင်း၊ နှလုံးမသာခြင်း၊ အခံရခက်ခြင်း မဖြစ်

စေပဲ မဟုတ် မမှန်သည်ကို မဟုတ် မမှန်မှန်း သိအောင် ဖြေရှင်းကြရမည်။ ဤစကားသည် ဤသို့သော အကြောင်းကြောင့် မဟုတ် မမှန်၊ စင်စစ်အားဖြင့် ဤအပြစ်သည် ငါတို့မှာ မရှိဟု အတည့်အလင်း ဖြေရှင်းကြရမည်"

## နှုတ်ဆိတ်နေတိုင်း အကျိုးမရှိ

မလိုလား သူတို့၏ ပုတ်ခတ် စွပ်စွဲမှု များနှင့် ပတ်သက်၍ တဘက်စွန်းမရောက်သော ညွှန်ကြားချက် ဖြစ်ပါ၏။ပုတ်ခတ်စွပ်စွဲမှု ဟူသမျှ နောက်သို့ မိမိတို့က ကောက်ကောက်ပါအောင် လိုက်ကာ စိတ် မချမ်းမသာ ဖြစ်နေလျှင် တစွန်းတဘက် ရောက်ကြမည် ဖြစ်၏။ တဖန် 'ဘယ်သူတွေ ဘာပဲပြောပြော – ကိုယ် မဟုတ်လျှင် ပြီးစတမ်း' ဟူသော သဘောဖြင့် လုံးဝ နှုတ်ဆိတ်နေလျှင်လည်း အကျိုး မရှိသေးပါ။ ဟုတ်၍သာ နှုတ်ဆိတ်နေသည်ဟု အများတကာ အထင်မှားစရာဖြစ်နိုင်၏။ အခြားတဘက်က သည့်ထက် ရောင့်တက်၍လာနိုင်၏။ ထို့ကြောင့် ခိုင်မာသော အကြောင်းပြချက်ဖြင့် မဟုတ်မှန်သည်ကို မဟုတ်မှန်ကြောင်း ဖြေရှင်းကြရန် မိန့်ကြားတော်မူရပေသည်။

## ဂုဏ်ကျေးဇူးရှိကြောင်း ဝန်ခံပါ

ပုတ်ခတ် စွပ်စွဲမှုများနှင့် ကြုံသောအခါ လိုက်နာရန် အချက်များကို ညွှန်ကြားတော်မူပြီးနောက် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ထုတ်ဖော် ချီးကျူးရာ၌ လိုက်နာရမည့် အချက်များကိုလည်း ဆက်လက်၍ ညွှန်ကြားတော် မူပေသည်။

"ရဟန်းတို့။ သူတပါးတို့က ငါဘုရား၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ ချီးကျူး ပြောဆိုကြလျှင် သင်တို့သည် ထိုစကားတို့ အပေါ်မှာ နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ စိတ်တက်ကြွခြင်း မဖြစ်စေနှင့်။ ထိုတရားတို့ ဖြစ်ပွားလျှင် သင်တို့မှာသာ အန္တရာယ် ဖြစ်ရာ၏။

"ရဟန်းတို့။ သူတပါးတို့က ငါဘုရား၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ။ သံဃာ၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ ချီးကျူး ပြောဆိုကြရာ၌ သင်တို့ကလည်း နှစ်သက်နေကြလျှင် သူတပါးတို့၏ စကား အမျိုးမျိုးကို အကောင်း အဆိုး ခွဲခြား၍ သိနိုင်ပါအံ့မည်လော"

"မသိနိုင်ကြပါ အရှင်ဘုရား"

ထို့ကြောင့် သင်ရဟန်းတို့။ ချီးကျူး ပြောဆိုသာ သူတို့အပေါ် နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ စိတ် တက်ကြွခြင်း မဖြစ်စေပဲ ဟုတ်မှန်သည်ကို ဟုတ်မှန်သည့် အတိုင်း ဝန်ခံကြရမည်။ ဤစကားသည် ဤသို့သောအကြောင်းကြောင့် ဟုတ်မှန်၏။ စင်စစ် အားဖြင့် ဤသို့သော ဂုဏ်ကျေးဇူးသည် ငါတို့မှာ ထင်ရှားရှိ၏ဟု အတည့်အလင်း ဝန်ခံကြရမည်။

ဘုရားရှင် မိန့်တော်မူသည့် အတိုင်း မိမိတို့မှာ အဟုတ်တကယ် ထင်ရှား ရှိသော ဂုဏ်ကျေးဇူးကို ဝန်ခံခြင်းဖြင့် ကြည်ညို သဒ္ဓါဖြင့် ချဉ်းကပ်လာသော ပရိသတ်များ ခိုင်ခိုင်မြဲမြဲ စိတ်ရှိကြမည် ဖြစ်ပေသည်။

## ဒိဋ္ဌိများစွာ ပညာတပါး

ဤသို့ ဗြဟ္မဒတ်လုလင်က ချီးကျူးသော စကားနှင့် အနုသန္ဓေ ဆက်စပ်ကာ ကိုယ်တော်မြတ်၏ဂုဏ်ကျေးဇူးများကို အဆင့်ဆင့်သော သီလခန်းတို့ဖြင့် ဟောကြားတော်မူ၏။ သီလဂုဏ်မှတဆင့် ပညာဂုဏ်များကို ပြဆိုရာတွင်ကား ဉာဏ်တော်ကွန်ယက်အတွင်းမှ သက်ဝင်နေသော မိစ္ဆာဒိဋ္ဌိများကို အကျယ်ဝေဖန်၍ပြတော်မူပေသည်။

အကျယ်အားဖြင့် ၆၂ ပါးတိတိရှိနေသော ထိုမိစ္ဆာဒိဋ္ဌိတို့ကို တပြုံလုံး အမြင်ပြုတ်အောင် ပယ်သတ်နိုင်သော တရားကား- ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်၏။ မျိုးမည် စုံစွာသော အယူများ အစွဲတို့ဖြင့် ဒုက္ခကြီးစွာ တွေ့ကြုံနေရသော သတ္တဝါများကို မြင်ရလေလေ၊ ကျွန်ုပ်ကိုယ်တိုင် ရရှိထားသော သမ္မာဒိဋ္ဌိမဂ္ဂင်ကို ကျေးဇူးတင်လေလေ။

## ငါမဟုတ်သော ငါ

အမျိုးမျိုး အဖုံဖုံ ယူကြ၊စွဲကြလေသမျှသည် အတ္တဟူသော အယူ အစွဲပေါ်မှာ အခြေခံသည်ချည့် ဖြစ်၏။ အတ္တဟူ၍ ယူစွဲသော မိစ္ဆာဒိဋ္ဌိသည် တကယ်စင်စစ်အားဖြင့် အနတ္တသာဖြစ်၏။ သည် မိစ္ဆာဒိဋ္ဌိသည် 'ငါ' ဟူ၍လည်းကောင်း၊ 'ငါ့ဟာ' ဟူ၍လည်း ကောင်း တွေးကြံ ဖန်တီးတတ်၏။ သို့သော် ဤသို့ တွေးကြံ ဖန်တီး၍ ပေါ်လာသော မိစ္ဆာဒိဋ္ဌိမှာကား ငါစွမ်းသတ္တိကြောင့်

ဖြစ်သည်မဟုတ်ပါ။ ငါတည်းဟူသော တရားတခုသည်ပင် မုချ ကေန် မရှိသောတရားဖြစ်၍ မိစ္ဆာဒိဋ္ဌိဖြစ်စေနိုင်သောအကြောင်း တရားများတွင် မပါဝင်ပါ။ ဆရာကောင်းထံ နည်းမခံခြင်း၊ အလွဲအမှားတရား ကြားနာမှတ်သားရခြင်း စသော အကြောင်း တရားများကြောင့်သာ ဖြစ်ပေါ်လာရ၏။ 'ငါ' မဟုတ်သော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသော ထိုအကျိုးတရား သည် ငါဟူ၍ ဖြစ်နိုင်ပါမည်လော။ ဤသို့ ငါ လုပ်သော စိတ် ကိုယ်ဘိုင်ပင် ငါ မဟုတ်ပါကလားဟု သိမြင်လိုက်ခြင်းသည်ပင် မိစ္ဆာဒိဋ္ဌိ ဟူသမျှကို စတင်ဖြိုခွင်းလိုက်ခြင်း ဖြစ်ပါ၏။

သမ္မာဒိဋ္ဌိ အလင်းရောင်က မိစ္ဆာဒိဋ္ဌိ အမှောင်ထုတ်များကို ပယ်ရှား၍ ပေးခဲ့ပေသော ကျွန်ုပ်၏ဆရာအရှင် ပုဏ္ဏားအား ဤ နေရာမှ လက်အုပ်ချီမိုးရှိခိုးလိုက်ရပါသည်။ ။

[သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

* * *

# အမြွတ်ဆုံး တရားနှစ်ပါး

## ဗြဟ္မဏတို့ အဆက်အနွယ်

ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှ အယူအဆ မတူမျှသော ပုဂ္ဂိုလ်တို့ အကြောင်းကို တော်တော် စုံအောင် တင်ပြခဲ့ပါပြီ။ သူတို့၏ အယူဝါဒ မျိုးစုံကိုလည်း သာသနာ့ အသိအမြင်ဖြင့် ဝေဖန် သုံးသပ်၍ ပြခဲ့ပါပြီ။

တင်ပြခဲ့ပြီးသော ပုဂ္ဂိုလ်တို့ အားလုံးလိုလို သမဏအနွယ်ဝင် ဖြစ်ကြ၏။ ကိုယ်ပိုင်အိုးအိမ်၊ ကိုယ်ပိုင်ပစ္စည်းဟူ၍ မရှိပဲ ဒကာ ဒကာမတို့ထံ အလှူခံ၍ စားသောက်နေသူတို့ ဖြစ်ကြ၏။ ကျွန်ုပ်တို့ သာသနာတော်ကြီး ပေါ်ထွန်းလာချိန်တွင် သူတို့၏အရှိန်အဝါ

သည် ယခင်ကလောက် မတွေ့ကပ်နိုင်တော့ပါ။ သို့သော် သူတို့ အုပ်စုနှင့် သူတို့ အစဉ်မပျက် ရပ်တည်လျက်ကား ရှိပေသည်။ ထို့ကြောင့် နောက်နောင် အကြောင်းသင့်သော အခါ သူတို့ အကြောင်းကို ထပ်မံတင်ပြရပါဦးမည်။

နိဂဏ္ဌများ၊အခြားသော ပရိဗိုဇ်များကဲ့သို့ အိုးအိမ်လယ်ယာ မစွန့်ခွာပဲ၊ သူတို့လို ဆင်းရဲဒုက္ခမခံပဲ အယူတခု လက်ကိုင်ပြုထား ကြသူတို့ကား ပြဟ္မဏနွယ်ဖွား ပုဏ္ဏားတို့ဖြစ်၏။ သူတို့၏ဝါဒကို ဦးစွာပထမ မျိုးစေ့ချပေးခဲ့သူတို့ကား တကယ့်သူတော်စင်ရသေ့ ကြီးများဖြစ်၏။ ရှေးဦးပထမ ပေါ်ထွန်းခဲ့သော ပြဟ္မဏဂိုဏ်းဝင် တို့မှာ သူတော်စင်များသာ ဖြစ်ကြ၏။ သားမယား၊ အိုးအိမ် စည်းစိမ်ဥစ္စာ ဘာတခုမျှ အတွယ်အတာ မထားပဲ တရားနှင့် ပျော်ခဲ့ကြသူများ ဖြစ်၏။

သို့သော် ကျွန်ုပ်တို့လက်ထက်တွေ့ကြုံရသော အဆက်အနွယ် များ၏ အကျင့်သီလကား အခြားသူများထက် သာသည်ဟု မပြောနိုင်ပါ။ သူများနည်းတူပင် သူတို့လည်း သားနှင့်မယားနှင့် ဖြစ်ကြ၏။ အိုးတွေအိမ်တွေ ပိုင်ဆိုင်ကြ၏။ တချို့မှာ ကျိကျိတက် ချမ်းသာသော စည်းစိမ်ရှင်ကြီးများ ဖြစ်ကြ၏။ သူတို့လောက် မကြွယ်ဝသူတို့မှာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကြ၏။ တချို့ တလေမှာ မွေးမြူရေး လုပ်ကြ၏။ အနည်းငယ်မျှသော ပုဏ္ဏားတို့ ကား ရွာတကာ၊ ရပ်တကာ လှည့်လည်၍ အလှူခံ စားသောက် ကြ၏။ သူတို့ နောက်ပိုင်းမှာလည်း သားမယားများ ရှိနေကြ ပေသည်။

## သူတို့ကျမ်းဂန် သူတို့အကျင့်

ဤသို့အားဖြင့် ပုဏ္ဏားတို့သည် အကျင့်သီလ အားဖြင့်လည်း ကောင်း၊ အသက်မွေးမှုအားဖြင့်လည်းကောင်း အခြား မျိုးနွယ် များနှင့် မထူးခြားလှပါ။လူထဲကလူများ ဖြစ်ပါလျက် သူများနှင့် ထူးခြားအောင် ဖန်တီးပေးသည်မှာကား ဝေဒ ကျမ်းဂန်များ ဖြစ်ပေသည်။

ဝေဒကျမ်းဂန်များ၏ အရှိန်အဝါဖြင့် သူတို့သည် သူတို့၏ မျိုးရိုး မတိမ်ကောအောင် စောင့်စည်းကြ၏၊ အခြား မျိုးနွယ် များနှင့် မရောမယှက် မဆက်ဆံပဲ သီးသန့်နေထိုင်ကြ၏။ဖန်ဆင်း ရှင်၊ တန်ခိုးရှင် နတ်ဗြဟ္မာများကို ကိုးကွယ် တင်မြှောက်ကြ၏။ တမလွန် မျှော်လင့်ချက်ဖြင့် ယဇ်ပူဇော်ကြ၏။ ကုသိုလ်နှင့် မိသော မကောင်းမှုကို ရှောင်ကြ၏။ ထို့ပြင် လောကဆိုင်ရာ အသိ ပညာ ဟူသမျှကိုလည်း ဝေဒကျမ်းများမှ ရရှိကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့ခေတ်အခါအရ သူတို့သည် ပညာတတ်လူတန်းစားများ ဖြစ်နေကြပေသည်။

## သူတို့အစွဲ သူတို့အဆို

ဤ အခြေအနေများမှာ ကိုယ့်ဝါသနာနှင့်ကိုယ်၊ ကိုယ့်ပတ်ဝန်း ကျင်နှင့်ကိုယ် လေ့လာကျင့်ကြံနေခြင်းဖြစ်၍ ကျွန်ုပ်တို့က ရှုတ်ချ ပြစ်တင်နေရန် မလိုပါ။ ဤသို့သော အလေ့အကျင့်များကြောင့် လည်း ကျွန်ုပ်တို့အဖို့ ထိခိုက်နစ်နာရန် အကြောင်းမရှိပါ။သို့သော်

သူတို့ဘာသာ ယူရှုံးစွဲရှုံမက အခြားသူများအပေါ် စော်ကားရာ ရောက်သော အယူတခုက ရှိနေဘိ၏။ ထိုအယူကား–သူတို့ကိုယ် သူတို့ ဇာတ်ကြီးသည်ဟု ယူစွဲထားခြင်းပင် ဖြစ်ပေသည်။

ဇာတ်ကြီးသည်ဟု ယူစွဲရာ၌ သူတို့ကိုယ်သူတို့ အမွှမ်းတင်ရုံ သက်သက်သာ ဆိုပါက အပြစ်တင်ရန် မရှိပါ။ သို့သော် သူတို့က ဤမျှနှင့် မကျေနပ်ပါ။ သူတို့ကို ဗြဟ္မာကြီး၏ပါးစပ်မှ ပေါက်ဖွားလာသူဟု ဆိုကာ အခြားသူများကိုတော့ ဗြဟ္မာကြီး၏ ခြေဖျားမှ ပေါက်ဖွားလာသူများဟု ဆိုကြ၏။ မိမိကိုယ်ကို ဗြဟ္မာကြီးနှင့် ပင်း၍ ချီးမြှောက်ကာ မျိုးရိုးမတူသူများကို နှိမ့်ချလိုက်ခြင်း ဖြစ်ပေသည်။

## ဗြဟ္မဏ မြို့စားကြီး

သောဏဒဏ္ဍ ပုဏ္ဏားသည် ဤမျှလောက် ယုတ္တိမတန်သော အစွဲ အလမ်းမျိုးကို လက်မခံပါ။ သို့သော် သူများ နည်းတူပင် မျိုးရိုး စင်ကြယ်မှုကိုကား အထွတ်အမြတ် ထား၏။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် မပျက်မကွက် မျိုးရိုးမပျက် ဆင်းသက်လာရုံမျှ မက မျိုးရိုးနှင့်ပတ်သက်၍ လုံးဝ အမည်းစက်မထင်ခဲ့၍ ဂုဏ်ယူ မဆုံး ဖြစ်နေပေသည်။

မျိုးရိုးဂုဏ် ကြီးလှသော သောဏဒဏ္ဍသည် ပစ္စည်းဥစ္စာ ကြွယ်ဝ၏။ ဝေဒ ကျမ်းစာများကို နှုတ်တက်ရွရွ ရွတ်ဖတ် သရဇ္ဈာယ်နိုင်၏။ အလင်္ကာ၊ သဒ္ဒါ၊ ရာဇဝင်ဟူသော ကျမ်းဂန်

များကို တဘက်ကမ်းခတ် တတ်မြောက်၏။ ယောကျ်ားပီပီ ခန့်ခန့်သန့်သန့် ချောမွေ့သူ ဖြစ်၏။ အကျင့်သီလ ဖြူစင်၏။ ညင်ညင်သာသာ စကားပြောတတ်၏။ တပည့်ပေါင်း များစွာ၏ ဆရာကြီး ဖြစ်၏။ ဘုရားရှင်ထက် အသက်ကြီး၏။ မဂဓတိုင်း ရှင် ဘုရင်ကြီး ဗိမ္ဗိသာရ ကိုယ်တိုင်က လေးစားကြည်ညိုသဖြင့် စမ္ပာမြို့ကို အပိုင်စား ပေးသွားရ၏။ နာမည်ကြီးသော အမ္ဗဋ္ဌ၏ ဆရာ ပေါက္ခရသာတိ ပုဏ္ဏားကြီးသည်ပင် သောဏဒဏ္ဍကို အလေးအမြတ် ထားရ၏။

## ဂုဏ်ရှိသူထက် ဂုဏ်ကြီးသူ

ဤရွေ့ဤမျှ အချိန်အခါ ကြီးလှသဖြင့် သောဏဒဏ္ဍမှာ ဘုရားရှင့် ရှေ့တော်မှောက်သို့ တော်တော်နှင့် မရောက်သာနိုင်ပေ။ သူ့လက်အောက်မှာ ရှိကြသော ပုဏ္ဏားများက ဝိုင်းဝန်း တားဆီးခြင်းကို ခံနေရ၏။ အင်မတန်မှ အချိန်အခါ ကြီးလှသော သောဏဒဏ္ဍ ဆရာကြီးက ဘုရားရှင့်ထံ ဝင်ရောက် ဖူးမြော်လျှင် ဘုရားရှင့် ဂုဏ်ဘက်က သူတို့ ဆရာကြီး ဂုဏ်နိမ့်သွားမည် ထင်နေကြ၍ ဖြစ်ပေသည်၊

မိမိဘက်ကလိုက်ပါ၍ ပြောကြမှန်း သိသော်လည်း သောဏဒဏ္ဍက သူတို့စကားကို လက်မခံပါ။ မိမိတွင် ရှိရှိသမျှသော ဂုဏ်များထက် ဘုရားရှင် ဂုဏ်တော်များက သာလွန်ပုံကို အကျယ်တဝင့် ရှင်းပြလိုက်၏။ ဤတွင် တားမြစ်သော ပုဏ္ဏား ငါးရာပါ သူနှင့် အတူတူ လိုက်ပါလာကြရပေတော့သည်။

## ဂုဏ်ရှိသူ၏ အခက်အခဲ

ဘုရားရှင့် ဂုဏ်တော်များကို ကြည်ညို သဒ္ဓါ ထက်သန်စွာဖြင့် ဂဂ္ဂရာ ရေကန်အနီးသို့ လာခဲ့ပါ၏။ ကျွန်ုပ်တို့ရှိရာ တောရ ကျောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါ၏။ သို့ပါလျက် ကျောင်းထဲ ရောက်ခါမှ သောဏဒဏ္ဍ၏ မျက်နှာ ချက်ပျက်ပျက် ဖြစ်လာရ၏။ ခပ်မှုန်မှုန် လှမ်းလာခဲ့သော ခြေလှမ်းများပင် တုံ့နှေး လေးဖင့်လာကြ၏။ လာစဉ်တုန်းက ရွှင်လန်းခဲ့ပါလျက် ရှေ့တော်မှောက် ရောက်ခါမှ ညှိုးနွမ်း သွားရသည်မှာ အဘယ် အကြောင်းကြောင့် ပါနည်း။

"ပုဏ္ဏား။ ပုဏ္ဏားဟူ၍ အများက ခေါ်နိုင်ရန် အဘယ်မျှ သော အင်္ဂါများ ရှိရပါမည်နည်း။ မိမိကိုယ်ကို ပုဏ္ဏားဟူ၍ အမှန်အကန် ခေါ်ဆိုနိုင်ရန် မည်မျှသော အင်္ဂါနှင့် ပြည့်စုံရပါ မည်နည်း"

ကျွန်ုပ် အဖြေ ရှာနေဆဲတွင် ဘုရားရှင်က မေးခွန်း ထုတ် တော် မူလိုက်ပါပြီ။ ဤမေးခွန်းကို ကြားလိုက်ရခါမှ သောဏ ဒဏ္ဍ ပုဏ္ဏားကြီး၏ မျက်နှာသည် ညှိုးနွမ်းရာမှ လန်းဆန်း၍ လာ ခဲ့ပေသည်။ ဤတွင် ကျွန်ုပ် စမ်းတဝါးဝါးနှင့် ရှာဖွေနေရသော အဖြေလည်း ဘွားကနဲ ပေါ်လာပါပြီ။

ထက်သန်လှသော သဒ္ဓါစိတ်ဖြင့် ချဉ်းကပ် လာခဲ့ရသော် လည်း သောဏဒဏ္ဍမှာ ဘုရားရှင်နှင့် စကားပြောရန် မဝံ့မရဲ ဖြစ်နေပါလိမ့်မည်။ သူ မဖြေနိုင်သော အချက် အလက်များ ဘုရားရှင်က မေးတော်မူလျှင် ပရိသတ်အလယ် အရှက်ကွဲမှာ

ကြောက်နေပါလိမ့်မည်။ ယခု သူ ပိုင်ပိုင်ကြီး ဖြေနိုင်သော မေးခွန်းကြောင့် ပြုံးပြုံးရွှင်ရွှင်ဖြစ်လာပုံကို ထောက်၍ စောစောက မျက်နှာ ညှိုးခဲ့ရပုံကို ကျွန်ုပ် အလွယ်တကူ မှန်းဆနိုင်ပါပြီ။ တဘက်သား၏ အခက်အခဲကို ချက်ချင်းသိ၍ ချက်ချင်း ဖြေရှင်းပေးနိုင်စွမ်းသော ဉာဏ်တော်ကို ကျွန်ုပ် အလေးအမြတ် မှတ်ဘမ်း တင်လိုက်ရပေသည်။

## ပုဏ္ဏားတို့၏ ဂုဏ်အင်္ဂါ

"အရှင်ဘုရား။ ပုဏ္ဏားဟူ၍ အများက ခေါ်နိုင်ရန်၊ မိမိကိုယ်ကို ပုဏ္ဏားဟူ၍ အမှန်အကန် ခေါ်နိုင်ရန် အင်္ဂါငါးပါးနှင့် ပြည့်စုံရပါသည်။ ထို အင်္ဂါငါးပါးမှာ-

၁။ မျိုးရိုးစင်ကြယ်ခြင်း၊

၂။ ဝေဒကျမ်းဂန် တတ်ကျွမ်းခြင်း၊

၃။ အဆင်းသဏ္ဌာန် လှပချောမောခြင်း၊

၄။ သီလ လုံခြုံခြင်း၊

၅။ ဉာဏ်ပညာ ထက်မြက်ခြင်းတို့ ဖြစ်ပါသည် ဘုရား"

သူ ပိုင်နိုင်သော အချက်များ ဖြစ်၍ သောဏဒဏ္ဍ ပုဏ္ဏားကြီးက ရဲရဲကြီး ဖြေကြားလိုက်၏။ ဤတွင် ဘုရားရှင်က သူ့အဖြေကို ထပ်၍ ဆစ်တော်မူလိုက်ပြန်ပေသည်။

## အကာကိုပစ် အနှစ်ကိုယူ

"ပုဏ္ဏား။ ထိုအင်္ဂါငါးပါးတို့တွင် တပါးပါးကို ချန်လှပ်၍ ကျန်သော အင်္ဂါလေးပါးဖြင့် ပုဏ္ဏားဟူ၍ ခေါ်နိုင်ပါသေးသလော"

"ခေါ်နိုင်ပါသေးသည် ဘုရား။ အဆင်းလှခြင်းကို ချန်လှပ်၍ ကျန်အင်္ဂါ လေးပါးဖြင့်လည်း ပုဏ္ဏားဟု ခေါ်နိုင်ပါသေးသည် ဘုရား"

ဘုရားရှင် လမ်းကြောင်းရာနောက်သို့ သောဏဒဏ္ဍပုဏ္ဏားကြီး လိုက်ပါလာခဲ့ပေပြီ။

"ပုဏ္ဏား။ ထိုလေးပါးသော အင်္ဂါတို့တွင်လည်း တပါးပါးကို ချန်လှပ်ထား၍ ရပါဦးမည်လော"

"ရပါသေးသည် အရှင်ဘုရား။ ဝေဒကျမ်းစာကို ချန်ထား၍ ရနိုင်ပါသေးသည်"

အစွဲဘခု အခြေပြုထားပြီးဖြစ်သော ပုဏ္ဏားတယောက်အား ရုတ်တရက် ဆန့်ကျင်ဘက် ဟောမချလိုက်သေးပဲ တဖြည်းဖြည်း ဆွဲဆောင်လာပုံမှာ အတုယူဖွယ် ကောင်းလှပါသည်။

"ပုဏ္ဏား။ ထိုအင်္ဂါသုံးပါးတို့တွင်လည်း တပါးပါးကို ချန်လှပ် ထား၍ ရပါဦးမည်လော"

"ရပါသေးသည် အရှင်ဘုရား။ မျိုးရိုးကိုချန်လှပ်ထား၍ ရနိုင် ပါသေးသည်"

အဆင်းလှခြင်းနှင့် ဝေဒကျမ်းစာကို ချန်လှပ်စဉ် ကတည်းက မငြင်းမကျေမနပ် ဖြစ်နေခဲ့သော ပုဏ္ဏားပရိသတ်သည် မျိုးရိုးကို ချန် လှပ်ထားလိုက်သည်တွင်ကား ပွက်ပွက်ညံ၍လာကြပေတော့သည်။

## အမျိုးထိ၍ မခံချိအောင်နာသည်

"ဆရာသောဏဒဏ္ဍ။ ဤသို့မဆိုပါနှင့်၊ ဤသို့မဆိုပါနှင့်။ ဆရာ သည် ပဌမဦးစွာ အဆင်းလှခြင်းကို ပစ်ပယ်၏။ နောက်တခါ

ဝေဒကျမ်းကို ပစ်ပယ်၏။ယခု မျိုးရိုးကိုပစ်ပယ်လိုက်၏။ဆရာသည် ရဟန်းဂေါတမ၏ ဝါဒနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားချေသည် တကား”

သူတို့ တန်ဖိုးထားသော အချက်များကို သူတို့ဆရာကြီးက တန်ဖိုးမထားသဖြင့် အကြောက်အကန် ငြင်းဆန်ကြခြင်း ဖြစ်ပေသည်။ ဤတွင် ဘုရားရှင်က—

“ပုဏ္ဏားတို့။ သောဏဒဏ္ဍပုဏ္ဏားကို ငါဘုရားနှင့် စကား မပြောတတ်ဟု သင်တို့ယူဆလျှင် သောဏဒဏ္ဍပုဏ္ဏား အသာ နေပါစေ။ သင်တို့နှင့်သာ ငါဘုရား စကားပြောအံ့။ သို့မဟုတ် သောဏဒဏ္ဍပုဏ္ဏားသည် ဗဟုသုတရှိ၏၊ ပညာဉာဏ်ကြီးမား၏၊ ငါဘုရားနှင့် စကားပြောနိုင်စွမ်းရှိ၏ဟု သင်တို့ ယုံကြည်ကြလျှင် သင်တို့ အသာနေလိုက်ကြ။သောဏဒဏ္ဍနှင့်သာ ငါဘုရား စကား ပြောလိုသည်”

အမျိုးထက် မြတ်သောဆရာ

“အရှင်ဘုရား။ ဆိတ်ဆိတ်နေတော်မူပါ၊ဆိတ်ဆိတ်နေတော်မူပါ။ ထိုပုဏ္ဏားတို့ကို တပည့်တော်ဘာသာ ချက်ကျလက်ကျ ချေပလိုက်ပါမည်”

နှုတ်သရမ်းသော ပုဏ္ဏားတို့အတွက် သောဏဒဏ္ဍ ပုဏ္ဏားကြီး ရှက်သွားဟန်ရှိပါသည်။ထို့ကြောင့်ပင် ဘုရားရှင်ကိုတားမြစ်ကာ သူ့ပရိသတ်ကို သူ့ဘာသာ နှိမ်နင်းရန် ဟန်ပြင်လိုက်ရပါတော့သည်။

"ဆရာတို့။ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ငါ၏တူ အင်္ဂကလုလင်ကို သင်တို့ မြင်ကြပါ၏လော"

"မြင်ပါသည် ဆရာကြီး"

"ဤလုလင်သည် အကယ်၍ သူ့အသက်ကို သတ်ငြားအံ့၊ သူ့ဥစ္စာကို ခိုးငြားအံ့၊ သူ့မယားကို ပြစ်မှားငြားအံ့၊ မဟုတ်မမှန်သော စကားကို ပြောဆိုငြားအံ့၊သေအရက်များသောက်စားငြားအံ့။ ဆရာတို့။ ဤသို့သီလဆောက်တည်မှု ကျိုးပေါက်သည် ရှိသော် လှပသောအဆင်း၊ ဝေဒကျမ်းစာနှင့် မျိုးရိုးဇာတိတို့မှာ အရာရောက်ပါဦးမည်လား"

ဤသို့ အချက်ကျကျ ငြိမ်းသတ်လိုက်သဖြင့် ပူညံပူညံ အသံများ တိတ်ဆိတ်သွားရ၏။ ဤတွင်မှ ဘုရားရှင်က စောစောက စကားစကို ပြန်ကောက်တော်မူကာ—

"ပုဏ္ဏားတို့။ ထိုနှစ်ပါးသော အင်္ဂါတို့တွင်ကော တပါးပါးကို ချန်ထား၍ ရပါဦးမည်လော"

## လက်နှစ်ဘက်နှင့် ခြေနှစ်ချောင်း

"မရနိုင်တော့ပါ အရှင်ဘုရား။လက်တဘက်ဖြင့် အခြားတဘက်ကို ဆေးကြောရသကဲ့သို့၊ ခြေတဘက်ဖြင့် အခြား ခြေတဘက်ကို ဆေးကြောရသကဲ့သို့ ပညာကို သီလဖြင့် ဆေးကြောရပါသည်။ သီလကို ပညာဖြင့် ဆေးကြောရပါသည်။ သီလရှိသောပုဂ္ဂိုလ်မှာ ပညာရှိပါသည်။ ပညာရှိသောပုဂ္ဂိုလ်မှာ သီလရှိပါသည်။ သီလ၊ ပညာကို လောက၌ အမြတ်ဟု ဆိုထိုက်ပါသည် ဘုရား"

သောဏဒဏ္ဍ ပုဏ္ဏားကြီး လျှောက်ထားသော ဤစကားကို ဘုရားရှင်ကလည်း ထောက်ခံချက်ပေးတော်မူပါသည်။ ထို့ကြောင့် ဘုရားရှင် စကားအဖြစ် လေးလေးမြတ်မြတ် မှတ်ယူနိုင်ပါသည်။

ဤ ဒေသနာတော်ကို ကြားနာရသဖြင့် သောဏဒဏ္ဍပုဏ္ဏားကြီးမှာ တမင်္ဂတဖိုလ် ရမသွားရှာပါ။ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သော ဒကာအဖြစ်ကိုကား ခံယူသွားပေသည်။

အနီးအပါးမှာ တရားနာနေသော ကျွန်ုပ်အဖို့ကား အဆင်းဂုဏ်၊ ပညာဂုဏ်၊ မျိုးရိုးဂုဏ်မောက်သူတို့အတွက် အချက်ကျကျ ဆုံးမနိုင်သော ဒေသနာတော်တပုဒ်ရလာသဖြင့် မပျောက်မပျက် ရအောင် ကျက်မှတ်၍ ထားလိုက်ရပါသည်။ ။

[သီလက္ခန္ဓဝဂ်၊ သောဏဒဏ္ဍသုတ်]

# နမောတဿကို မကြားချင်သူ

## အမြွတ်ဆုံး ပုဏ္ဏားမျိုး

ရှေးအခန်းမှာတုန်းက ဗြဟ္မဏနွယ်ဖွားပုဏ္ဏားအများစု၏ မျိုးရိုးဇာတိ အစွဲအလမ်းတခုကို တင်ပြခဲ့၏။လောကီထုံပွတ် လူတို့ဇာတ်ကို ခြေခြေမြစ်မြစ် လေ့လာထားသူ မှန်သမျှ ထိုအယူအစွဲ ယုတ္တိမတန်ပုံကို သဘောပေါက်ကြပါလိမ့်မည်။ ထို့ကြောင့် သမာသမတ် သဘောထားရှိသော ဗြဟ္မဏနွယ်ဖွားတို့က ထိုအယူအစွဲကို လက်မခံကြပါ။အစွဲသန်လွန်းလှသောပုဏ္ဏားတို့လည်း မကြာမီသူတို့လို သဘောပေါက်လာကြလျှင် ကောင်းလေစွ။ သို့သော်

ဓနုဋ္ဌာနီမျိုးနွယ်တို့၏ အယူအစွဲကို စဉ်းစားမိသောအခါတွင်ကား ထို တောင့်တချက်ကို ကျွန်ုပ် စွန့်လွှတ်လိုက်ရပါတော့သည်။

ဗြဟ္မဏနွယ်ဖွား အများစုကြီးက မိမိကိုယ်ကို ဗြဟ္မာကြီး၏ ခံတွင်းမှ ပေါက်ဖွားလာသည်ဟု ဆိုကြ၏။ ဓနုဋ္ဌာနီ နွယ်ဖွားတို့ကား သူတို့ထက်သာပေသေးသည်။အခြားပုဏ္ဏားများလို ခံတွင်းမှ ပေါက်ဖွားလာသည် မဟုတ်ပဲ ဦးခေါင်းထိပ်မှ ဖောက်၍ ထွက်လာကြသော ဟူ၏။ ထို့ကြောင့် ပုဏ္ဏားတကာတို့ထက် သူတို့က မြတ်သည်ဟု သတ်မှတ်ထားကြပေသည်။ ထိုမျှလောက် အစွဲအလမ်း ကြီးလွန်းလှသော အမျိုး အနွယ်ထဲမှ ပုဏ္ဏေးမကြီး တယောက် ကျွန်ုပ်တို့ သာသနာတော်သို့ သက်ဝင်လာခြင်းကား ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတခုဟုသာ ဆိုရပါတော့မည်။

## အသွင်မတူသော အိမ်သူများ

မျိုးရိုးအမည်ကိုအထွတ်အမြတ်ထား၍ခေါ်ဝေါ်ရသော လောကထုံးစံအရ ထို ဒကာမကြီးကို 'ဓနုဋ္ဌာနီ' ဟုပင် ကျွန်ုပ်တို့ ခေါ်ဝေါ်ကြရပါသည်။ သူ၏ခင်ပွန်းသည်ကား ဘာရဒွါဇ။ မျိုးရိုးအမည်ပင် ဖြစ်၏။ ပုဏ္ဏေးမကြီးသည် အရိယာဉာဏ် အမြင်သန်ပြီးသော သာဝကတယောက်ဖြစ်၏။ ပုဏ္ဏားကြီးကား - ရတနာသုံးပါးနှင့်ပတ်သက်လာလျှင် လေသံမျှပင် မကြားလိုသူပါတည်း။

အရိယာစာရင်းဝင်ပြီးသော ဒကာမကြီးသည် ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့အား မကြာမကြာပင့်ဖိတ်၍ ဆွမ်းကျွေးတတ်၏။ သဒ္ဓါရေ၊ ဥစ္စာပါ ပြည့်စုံကုံလုံလှသဖြင့် စားကောင်း သောက်-

ဖွယ် မျိုးစုံစွာ စီမံချက်ပြုတ်၍ ကပ်တတ်၏။ ဤသို့သောနေ့များမှာ ဆိုလျှင် ပုဏ္ဏားကြီးသည် အိမ်မှာ မနေနိုင်တော့ပေ။ နံနက် လင်းကတည်းက တော်ရာလျှော်ရာ ရှောင်ခွာ၍နေခဲ့၏။

## အရိယာ အိမ့်ရှင်မ

ရတနာသုံးပါးကို ပုဏ္ဏားကြီးက မျက်နှာ လွှဲနေသော်လည်း ပုဏ္ဏေးမကြီးကတော့ သူ့ အသင်းအပင်းများကို မပစ်ပယ်ပါ။ သူတို့အလှည့်ကျသောနေ့တွင် ငါးရာမျှသော ပုဏ္ဏားတို့အား ရေမရောသော နို့ဃနာ့ထမင်းတို့ဖြင့် ကျွေးမွေးပြုစု၏။ သာသနာ့ ဘော်ကို ကြည်ညိုနေသော်လည်း ခင်ပွန်းသည်၏ အသင်းအပင်း များကိုလည်း ဝန်တိုခြင်း မရှိပါ။ လင့်အလိုလိုက်၍ အကြိုက် ဆောင်ရသော မယားတို့ ဝတ္တရားဘက်က ကြည့်ကြည့်၊ သတ္တဝါ အနန္တတို့အပေါ်မှာ တူညီမျှသော မေတ္တာစေတနာ ထားရှိရ သော ဘုရား တပည့်မ တယောက် အနေနှင့် ကြည့်ကြည့် အကြည့်ခံနိုင်သော စံပြ ဒကာမကြီးပင် ဖြစ်ပါပေသည်။

ဤသို့ အဘက်ဘက်မှ အရည်အချင်း ပြည့်ဝလှသော ဒကာမ ကြီးမှာ ပုဏ္ဏားကြီးအမြင်အားဖြင့် ချို့တဲ့ချက်တခုကား ရှိနေပေ သည်။ ထိုအချက်ကား အခြားမဟုတ်၊ မကြာခဏ ဘုရားရှိခိုး တတ်ခြင်းပင်ဖြစ်၏။ သူ့ဘုရားရှိခိုးမှာ အကျယ်ဘဝင့်မဟုတ်ပါ။ အကျဉ်းချုပ်မျှဖြစ်၍ သုံးကြိမ်သုံးခါ ပြန်၍ ရွတ်ဆိုရပေသည်။ အလေးအမြတ်ပြုသော သဘောလည်း ပါပေသည်။ ကိလေသာ ဟူသမျှမှ ဝေးကွာတော် မူပြီးထသော၊ သစ္စာလေးတန် တရား

မှုန်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သိတော်မူပြီးထသော ထို ဘုရားရှင်အား ရှိခိုးပါ၏ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

## အမင်္ဂလာအသံများ

ဒကာမကြီးသည် ဤဘုရားရှိခိုးကို ရပ်လျက်လည်း ရှိခိုး၏။ ထိုင်လျက်လည်း ရှိခိုး၏။ နှာချေ၍ ချောင်းဆိုးပြီးသော အခါပင် ရှိခိုးတတ်သေးသည် ဟူပါ၏။ ဒကာမကြီးဘက်က နှစ်သက် မြတ်နိုးလှ၍ ရွတ်ဆိုသော ဤအသံသည် ပုဏ္ဏားတို့ အဖို့ကား မကြားကောင်း မနာသာ အသံဆိုးကြီး ဖြစ်နေရ၏။ သူတို့လို ဗြဟ္မာကြီးကို မကိုးကွယ်သော၊ သူတို့လို ယဇ်ပူဇော်မှုမပြုသော၊ သူတို့လို မကောင်းမှုမျှောချရေးအတွက် တရက်နှစ်ခါ ရေမချိုးသော၊ သူတို့လို ဦးစွန်းဆံမြိတ်မထားသော ရဟန်းဦးပြည်းများကို မြင်ရခြင်းသည် သူတို့အဖို့ အမင်္ဂလာဖြစ်၏။ ရဟန်းတို့နှင့် ပတ်သက်သော အသံကို ကြားရခြင်းသည် သူတို့၏ ဂုဏ် ကျက်သရေ ယုတ်လျော့စေဖို့ ဖြစ်သည်ဟူ၏။ ထို့ကြောင့် ပုဏ္ဏားတို့အား နှိုးဆော်နာထမင်း ကျွေးမွေးလည့်မရောက်မီ တနေ့တွင် ပုဏ္ဏားကြီးက ဒကာမကြီးနှင့် တိုင်ပင်ယင်း–

"အို–ရှင်မ။ ရှင်မသည် ဘာကိစ္စကိုပဲလုပ်လုပ် ဦးပြည်းရဟန်း ဂေါတမကို ရှိခိုးခဲ့၏။ သည်အသံကို ငါတို့ ပုဏ္ဏားများက လုံးဝ မကြားချင်။ သို့ဖြစ်၍ ပုဏ္ဏားအများစုနှင့် ငါတို့အကြား ကွဲပြားအောင် မလုပ်ပါနှင့်၊ နက်ဖြန် တနေ့တာလောက် ရှိမခိုးပဲ နေစမ်းပါ"

## သည်တခုတော့ မလိုက်လျောနိုင်ပါ

ပုဏ္ဏားကြီးနားချသည်ကို ဒကာမကြီးက သူ့စကားကိုလက်မခံပါ။ "ရတနာသုံးပါးအသံ မကြားချင်၍ မလာချင်လျှင်လည်း မတတ်နိုင်ပါ။ ကျမအနေနှင့် ဘုရားရှင်ကို သတိရတိုင်း ရှိမခိုးပဲ မနေနိုင်ပါ"

"အို-ရှင်မ။ အိမ်ခြေ တရာရှိသော ရွာ၏ တံခါးမကြီးကိုပင် အလွယ်တကူ ပိတ်နိုင်ကြသေး၏။ ပုဏ္ဏားများ စားသောက်နေဆဲမှာ လက်နှစ်ချောင်းနှင့် ပိတ်ရုံနှင့် ဖြစ်နိုင်သော သင့်ပါးစပ်ကို ပိတ်မထား နိုင်တော့ပြီလော"

"အို-အရှင်။ ကျမ ပိတ်မထားနိုင်ပါ"

ပုဏ္ဏားကြီးပြောလေသမျှ သဲထဲသွန်သော ရေပမာ ဖြစ်ကုန်ရ၏။ အစစအရာရာ လင့်အလိုလိုက်၊ လင့်အကြိုက်ဆောင်ခဲ့ပါလျက် ဤတကွက်ကျခါမှ တင်းခံနေသဖြင့် ပုဏ္ဏားကြီး ဒေါသထွက်လာကာ-

"ကဲ-ရှင်မ။ သည်တခါတော့ အကြောင်းသိကြရစိမ့်မည်။ ညီညာဖြဖြပုဏ္ဏားတွေထိုင်လာကြတုန်းမှာ ဦးပြည်းရဟန်းယုတ်ကို ရှိခိုးသံကြားလျှင် သင့်တကိုယ်လုံးကို သည်ဓားနှင့် နုတ်နုတ် စဉ်းတော့မည်။ ဟောသည်မှာ သည်ဓားကို ကြည့်ထားစမ်း"

ခေါင်းအုံးဘေးက ဓားကိုဆွဲယူကာ ဒကာမကြီး၏ မျက်နှာရှေ့မှာ ဝင့်ပြလိုက်၏။

## တရားထက်ထက် ဓားထက်ထက်

ဒကာမကြီးကလည်း အသွားထက်သော ဓားကို ကြည့်ပါ၏။ မြင်ပါ၏။ သည်ဓားနှင့် တချက်ခုတ်လိုက်ရုံနှင့် အသက်ခန္ဓာ ဆုံးရှုံးရတော့မည်ကို သိပါ၏။ သို့သော် ပုဏ္ဏားကြီး၏ အလိုကို ကား မလိုက်လျောနိုင်ပါ။ သာသနာတော်ကို မိမိအသက်ထက် မြတ်နိုးသော ဘုရားသမီးတော် မဟုတ်ပါလား။

"အို-အရှင်ပုဏ္ဏား။ စဉ်းလိုလျှင် စဉ်းပါ။ ပြုလိုရာ ပြုပါလော့။ ဘုရားရှင် သာသနာတော်နှင့်ကား ကျွန်မ ခွဲခွာ၍ မနေနိုင်ပါ"

ဒကာမကြီး စကားဆုံးသည်နှင့် ပုဏ္ဏားကြီး၏ လက်ထဲက ဓားထက်ထက်သည် ဒုတ်ကနဲ အသံမြည်သွား၏။ ဒကာမကြီး၏ ကိုယ်ပေါ်သို့ ကျလာ၍ မဟုတ်ပါ။ ပုဏ္ဏားကြီးက စိတ်ပျက် လက်ပျက်နှင့် အိပ်ရာပေါ် ပစ်ချလိုက်၍ ဖြစ်ပါသည်။ တကယ် တမ်းကျတော့ ပုဏ္ဏားကြီးသည် ဒကာမကြီးကို နှိပ်စက်ကလူ ပြုဝံ့သည် မဟုတ်ပါ။ နေဥဗ္ဘာနိ အမျိုးက သူတို့ ဘာရဒွါဇ အမျိုးထက် အဆင့်မြင့်နေသည် မဟုတ်ပါလော။

## ခလုတ်ထိ၍ ဘုရားက

ကြိုတင် ဖိတ်ကြားထားသည့် အတိုင်း နောက်တနေ့တွင် သူတို့ အိမ်သို့ ပုဏ္ဏား ငါးရာ စုဝေးလာကြ၏။ နွားချေးစိမ်းစိမ်း လိမ်း ကျံထားသော မြေပြင်ထက်ဝယ် ရေမစွက်သော နို့ဃနာထမင်း များကို မြိန်ရှက်စွာ စားသောက်နေကြ၏။ ထိုစဉ်ခိုက်တွင် သူတို့

မကြားချင်ဆုံးသော အသံဆိုးကြီးကို နားနှင့်ဆတ်ဆတ် ကြား
လိုက်ကြရပေသည်။

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ဤအသံကို မကြားချင်ဘူး ဆိုကာမှ သုံးကြိမ်သုံးခါ ဆက်တိုက်
ကြီး ကြားကြရ၏၊ ဒကာမကြီးသည် အိမ်ရှင်မတို့ ဝတ္တရား
ရှိသည့်အတိုင်း ခင်ပွန်းသည်၏ အသင်းအပင်းများကို မငြိုမငြင်
ပြုစုပါ၏။ ဧည့်သည်တို့ကို လေးစားသော သဘောဖြင့် အဝတ်
သစ်များ ဝတ်ဆင်ထား၏။ လက်ဝတ်တန်ဆာ အပြည့်အစုံ
ဝတ်ဆင်ထား၏။ ပုဏ္ဏားတို့ ထမင်းခွက်ထဲသို့ နို့ဃနာထမင်းများ
ကို ရွှေဇွန်းနှင့် လိုက်ထည့်ပေးနေစဉ် ခလုတ်တိုက်မိ၍ လဲကျ
၏။ သို့သော် သတိကောင်းသူဖြစ်၍ နို့ဃနာခွက် မဖိတ်စဉ်ရ
အောင် ထိန်းကာ မြေပေါ်မှာ ထိုင်ချလိုက်နိုင်၏။ ခလုတ်တိုက်
သောဒဏ်၊ လဲကျသော ဒဏ်ကြောင့် အခံရခက်ရာတွင် ဘုရားရှင်
ကို တမ်းတမိ၏။ ဤတွင် ပုဏ္ဏား ငါးရာတို့အလယ်မှ ဝေဠုဝန်
ကျောင်းတော်ရှိရာသို့ လှမ်း၍ လက်အုပ်ချီကာ ပုဏ္ဏားတို့ နား
ခါးလှသော စကားလုံးများကို ရွတ်ဆိုလိုက်ခြင်း ဖြစ်ပေသည်။
ထိုစဉ်ခိုက်တွင် အချို့ပုဏ္ဏားများက စားပြီးကြပြီ။ တချို့မှာ
စားဆဲ။ တချို့မှာ နှိုက်ခါစ။ တချို့ ရှေ့မှာတော့ ယခုမှ စားစ
ရာ ချကာစ ရှိသေး၏။ ဤသို့သော မင်္ဂလာ အခါကောင်း
တွင်မှ မကြားစကောင်းသော အသံဆိုးကို ကြားလိုက်ရသဖြင့်
ထမင်းဝိုင်းကြီး ပျက်သွားရပေတော့သည်။ လေသံကြား၍ လှစ်
ကနဲ ပျံပြေးသော ကျီးများကဲ့သို့ ပုဏ္ဏားများ သောသော
ရှုတ်ရှုတ် ပြန်ပြေးကြပေတော့သည်။

## မယားမှ ဘုရားသို့

"အို–ရှင်မ။ ယမန်နေ့ကပင် ဤဘောင်းကို မြင်၍ ငါတို့မျှား တားခဲ့၏။ တားပါလျက် ယခုတော့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရပါပကော"

ဒကာမကြီးကို စိမ်းစိမ်းကြည့်လျက် ပုဏ္ဏားကြီးက ရေရွတ်ကြိမ်းမောင်းလိုက်၏။ သည့်ထက်ကား သူ ဘာမှမစွမ်းနိုင်ပါ။ သူ့ထက် မျိုးရိုးမြင့်မြတ်သော ဒကာမကြီးကို စိတ်ရှိတိုင်း လက်စားမချေဝံ့သော ပုဏ္ဏားကြီး၏ ဒေါသသည် ဘုရားရှင်ထံသို့ ဦးလှည့်လာတော့၏။ သမီးတော်ကိုမျှ အနိုင်ကျင့်၍ မရခဲ့သော ပုဏ္ဏားကြီးသည် သူ့မေည်းတော်ကိုကော အနိုင်ယူ၍ ရပါဦးမည်လော။

ဒေါသ မျက်မာန် ပြင်းထန်နေဆဲမို့ ဤသဘောကို ပုဏ္ဏားကြီး မရိပ်မိရှာ။ ဒကာမကြီး၏ သတိပေးစကားကို နားမဝင်ရှာ။ သူ မျှော်လင့်ထားသည်မှာ အစွန်းနှစ်ဘက်မလွတ်သော သူ့ပြဿနာထဲမှာ မလှုပ်သာ မရှက်သာ ပိတ်မိနေသော ဘုရားရှင်ကို တမျိုးပြီး တမျိုး စကားလုံးများဖြင့် ထိုးဆွနေရခြင်း ဖြစ်၏။ ဤသို့သော စိတ်ရှိလက်ရှိ နှိပ်စက်ခန်း ဖွင့်လိုက်ရပါလျှင် သူ့ အသင်းအပင်းများကလည်း သူ့ကိုပြန်၍ ဆေးဖော်ကြောဖက် လုပ်လာကြမည် မဟုတ်ပါလော။ သူ့အပေါ် စိတ်ဆိုးခဲ့ကြသည်နှင့်အမျှ ဝါဒ သူ့ရဲကောင်းကြီးအဖြစ်ဖြင့် ဩဘာ ပေးလာကြမည် မဟုတ်ပါလော။

## သူရဲကောင်းကြီး၏ ဝါဒမှ လက်နက်

သူ့ ဟန်ပန်၊ သူ့ လေသံများထောက်၍ သူ့ အတွင်းစိတ်ဓာတ်ကို ကျွန်ုပ် အကဲခတ်၍ ရပါသည်။ ရှေ့ပိုင်းက ကြောင်းခြင်းရာများကိုတော့ ကျွန်ုပ်တို့ ဆွမ်းအမကြီးထံမှ ကြားရသည့်အတိုင်း အကြောင်းသင့်ရာက တင်ပြခဲ့ရပါသည်။

ဘုရားရှင် ရှေ့တော်မှောက်၌ ဒေါသကို အနိုင်နိုင်ထိန်း၍ တင်ပြသော ဝါဒမှာ ဤသို့ဖြစ်၏။

"အို–အရှင် ဂေါတမ။ ဘာကိုဖြတ်လျှင် ချမ်းသာစွာ အိပ်ရသနည်း။ ဘာကိုဖြတ်လျှင် မစိုးရိမ်မပူဆွေးရသနည်း။ အရှင် ဂေါတမ သတ်ဖြတ်လိုသည်ကား အဘယ်နည်း"

ထိန်း၍ ပြောနေသည့်ကြားကပင် သူ့လေသံများ တစထက် တစ ပြင်းထန်လာသည်ကို ကျွန်ုပ် အကဲခတ်မိပါ၏။ တကယ်တော့ဖြင့် သူသည် ဘုရားရှင်ကို တွေ့ကရာ စကားလုံးများဖြင့် ဆဲရေးကြိမ်းမောင်း လိုလှ၏။ သို့သော် ဤသို့ကား သူ မစွမ်းသာ။ တိုင်းရေးပြည်ပါ၊ မြို့ရွာရေးကျန် ပူဇော် ဆည်းကပ်နေကြသော ပုဂ္ဂိုလ်ကြီးဖြစ်၍ နှစ်ဘက်စွန်းမလွတ်သော ပြဿနာကို ကြံစည်လာခဲ့ရ၏။

## သုံး၍မရသော လက်နက်

သူ့ဘက်ကသာ သူ့ပြဿနာကို ဟုတ်လှပြီထင်နေ၏။ ဤသို့သော ပြဿနာကိုသာမက ဘုရားရှင်၏ အဖြေကိုပါ ကျွန်ုပ်တို့ ကြားခဲ့

ဖူးပြီဖြစ်၏။ သူ စိတ်ကူးထဲမှာတော့ ဘုရားရှင်က 'မည်သူ့ကို သတ်ဖြတ်လိုသည်'ဟု ပုဂ္ဂလဓိဋ္ဌာန် သဘောဖြင့် ဖြေကြားတော်မူလျှင် 'သင်သည် သင်မနှစ်သက်သူတိုင်းကို သတ်လိုပါသလော၊ လူ့လောကကြီးကို သတ်ဖြတ်ဖို့ သင် လူဖြစ်လာသလော။ ဤသို့ဆိုလျှင် သင့်မှာ ရဟန်းပြု၍ ဘာ အကျိုးရှိဦးတော့မည်နည်း'ဟု ပက်ပက်စက်စက် ဆိုလိုက်ရန် မျှော်လင့်နေပါလိမ့်မည်။ တဖန် 'ဘာကိုမှ မသတ်ဖြတ်လို'ဆိုပါကလည်း'သင်သည် ရာဂစသည်ကို မသတ်ဖြတ်၊ မစွန့်ပယ်လိုတော့ပြီလော၊ ဤသို့ဖြစ်လျှင် အဘယ်ကြောင့် ရဟန်း ပြုနေရပါသေးသနည်း'ဟု ပိုင်ပိုင်ကြီး ဆိုလိုက်ရန် ရည်သန်နေပါလိမ့်မည်။ သူ ရည်သန်သမျှကား ဘာတခုမျှ အကောင်အထည် ပေါ်လာရန်မရှိပါ။

"ပုဏ္ဏား။အမျက်ကိုဖြတ်လျှင် ချမ်းသာစွာ အိပ်ရ၏။အမျက်ကို ဖြတ်လျှင် မစိုးရိမ်ရ-မပူဆွေးရပေ။ ငါဘုရား ပယ်သတ်လိုသည်ကား အမျက်ဘုရားဘပါးပင် ဖြစ်ပေသည်"

မေးသူဘက်က တကယ် အခက်အခဲကြီး လုပ်ထားသော ပြဿနာကို ဘုရားရှင်က လွယ်လွယ်ကလေးသာ ဖြေကြားတော်မူလိုက်ပေသည်။ ဤသို့ဖြင့် ပုဏ္ဏားကြီးက အားကိုးတကြီး ကိုင်စွဲ၍ ပစ်လွှတ်လိုက်သော လက်နက်ကြီး ပျက်စီး သွားရပေတော့သည်။

## ဒုက္ခိတ သတ္တဝါများ

အမျက်ဒေါသ၏ ကျေးကျွန်အဖြစ်ဖြင့် မတန်မရာ ယုံ့ဉ်ပြိုင်လာသော ပုဏ္ဏားကြီးကို ဘုရားရှင်က မဟာကရုဏာ လွှမ်းခြုံထား

သော အသံတော်ဖြင့် ဖြေကြားတော်မူပါ၏။ ကရုဏာဟူသည် ဒုက္ခိတ သတ္တဝါတို့အပေါ် ဖြန့်ကျက်တည်နေသော ဗြဟ္မစိုရ်တရား ဖြစ်ရာ၊ထိုကရုဏာ စေတသိက်၏ ဖြန့်ကျက်တည်ရှိရာ ပုဏ္ဏားကြီးသည် ဒုက္ခိတ သတ္တဝါ ဖြစ်နေရှာပေသည်။ထိုဒုက္ခကို ဘုရားရှင်က လုပ်ပေးထားသည်လည်း မဟုတ်။ ကျွန်ုပ်တို့ တတွေက လုပ်ပေးထားသည်လည်း မဟုတ်၊ သူ၏ မသင့်တင့်သော နှလုံးသွင်းမှု ကြောင့်သာ ဆင်းရဲနေရခြင်း ဖြစ်ပေသည်။

အမျက်ဒေါသ ယှက်သန်းနေသော မျက်စိဖြင့် ကြည့်သဖြင့် ဘုရားရှင်၏ ရုပ်သွင်တော်သည် သူ့အဖို့ အမျက်ထွက်စရာ ဖြစ်နေဘိ၏။သဒ္ဓါကြည်ညို ဆည်းကပ်လိုသော သူတို့အဖို့ကား ဤရုပ်သွင်တော်သည် အလွန်တရာ နှစ်သက်ဖွယ်သော အာရုံဖြစ်၏။ ဤသည်မှာ ဘုရားရှင်၏ ရုပ်သွင်တော်က ပြောင်းလဲသွား၍ မဟုတ်ပါ။ စိတ်သဘောထား ကွဲပြားသည်နှင့်အညီ အရိပ်နိမိတ်များ ထွက်ပေါ်လာရခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ပရိယတ်သဘောအားဖြင့် နာမည်တပ်ပေးရလျှင် အမျက်ထွက်စရာ အရိပ်နိမိတ်ကို ပဋိဃနိမိတ်ဟု ခေါ်ရ၍ ချစ်ခင်တွယ်တာ မက်မောစရာဟူသော အရိပ်နိမိတ်ကား- သုဘနိမိတ်ဖြစ်ပေသည်။

သတ္တဝါအများတို့ မဆင်းရဲသင့်ပဲ ဆင်းရဲနေရသည်မှာ အရိပ်ကို အကောင်ထင်နေကြ၍သာ ဖြစ်၏။ ပဋိဃနိမိတ် ဟူသည်မှာ တကယ်တော့ အရိပ်မျှသာ ဖြစ်၏။ အမျက်ထွက်တတ်သော စိတ်ကို ကြဉ်ထား၍ အမျက်ထွက်စရာ ဟူ၍ တမျိုးတဖုံ ရှိနေသည် မဟုတ်ပါ။အမျက်ထွက်စရာ ဟူသည် အမျက်စိတ် တည်းဟူသော

အကောင်၏ အရိပ်မျှသာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အရိပ်ပေါ်မှာ မနေမည့်အစား အကောင်ပေါ်မှာ သတိကပ်၍ သုံးသပ်ကြရန် လိုပါသည်။

## အရိပ်ကိုအကောင်ထင်လျှင်

ပုဏ္ဏားကြီး စိတ်ကူးထဲမှာတော့ နှစ်ဘက်စွန်းထွက်သော ပြဿနာကို တင်ပြလိုက်လျှင် ဘုရားရှင်သည် မမြိုနိုင် မထွေးနိုင် ဒုက္ခရောက်သွားလိမ့်မည် ထင်နေပါလိမ့်မည်။ သို့သော် သူ၏ အမျက်စိတ်သည် ပဋိဃာနိမိတ်ဖြစ်သော အရိပ်ကိုကား-မည်သို့မျှ ဆင်းရဲသွားအောင် မတတ်နိုင်။ အမျက်စိတ်၏ မှီခိုရာဟဒယ နှလုံးအိမ်ကိုသာ လောင်မြိုက်နေ၏။ ထို့ကြောင့်ပင် သူ့လေသံများ ခက်ထန်လာရ၏၊ ဣန္ဒြေဆည်ထားသည့်ကြားမှ ကတုန်ကယင် ဖြစ်လာရ၏။ ဤသို့ မရှုမလှ ဒုက္ခခံနေရသည်မှာ မသင့်တင့်သော နှလုံးသွင်းမှုကြောင့် ဖြစ်ပေသည်။

အရိပ်ကို အကောင်ထင်နေခြင်းသည် မသင့်တင့်သော နှလုံးသွင်းမှု ဖြစ်၏။ ထို နှလုံးသွင်းမှုကြောင့်လည်း အကောင်တို့သည် အသစ်အသစ် ပေါက်ဖွားလာကြရ၏။ ပေါက် ဖွား ပြီး နောက် အတောမသတ်နိုင်အောင် ကြီးထွားလာကြရ၏။ ပေါက်ဖွားလာပြီးသောအကောင်များ မကြီးထွားလာစေရန်၊ ပေါက်ဖွားမလာသေးသော အကောင်များ ပေါက်ဖွားမလာစေရန်ကား-အရိပ်ကို ဖောက်ထွင်း၍ အကောင်ကို လက်ရဖမ်းနိုင်ရမည်ဖြစ်ပေသည်။

မသင့်တင့်သော နှလုံးသွင်းမှုကြောင့် ကိုယ်တိုင် ဆင်းရဲနေရသည်ကို သိရမည် ဖြစ်ပေသည်။ အမျက်ထွက်သောအခါ ဆင်းရဲ ဒုက္ခကြီးစွာ ခံစားရသည်နှင့် နှိုင်းယှဉ်ကာ ဒေါသ အမျက် မထွက်သေးခင်က ဆင်းရဲမရှိ ပကတိအတိုင်း ချမ်းသာစွာ နေခဲ့ရသည်ကို မျက်ဝါးထင်ထင် သိမြင်လာကြရမည် ဖြစ်ပေသည်။

## အမုန်းနိဂုံးချုပ်

ဤသို့ အမျက် ဒေါသကို ပညာဖြင့် ဖြတ်ဘတ်ပါလျှင် သွားယင်းလည်း ချမ်းသာ၏။ ရပ်လျက်လည်း ဘေးကင်း၏။ ထိုင်နေစဉ်မှာလည်း အေးမြ၏။ အိပ်စက်ရာတွင်သည်း ငြိမ်းချမ်း၏။ ပုဏ္ဏား၏ အမေးစကားနှင့် လိုက်လျောအောင် ချမ်းသာစွာ အိပ်ရ၏ဟု ဘုရားရှင် ဖြေကြားတော်မူရာတွင် ဤသို့ ဣရိယာပုထ် လေးမျိုး စလုံး အကျုံးဝင်၍ နေပေသည်၊

အမျက်ဒေါသမရှိ ပကတိ အေးငြိမ်းရာသို့ ရောက်ရာ ရောက်ကြောင်း တရားကောင်းကို ဘုရားရှင်က ခန္ဓာမှာ မှန်စွာ ပြနေသည့်အတိုင်း ရှုမြင်ရန် ဟောကြားတော်မူ၏။ ဘုရားရှင် ဟောပြတော်မူသော တရားတော်ကို ဘာရဒွါဇ ပုဏ္ဏားကြီးကလည်း လွယ်လင့်တကူ ကြည်ဖြူစွာ လက်ခံခဲ့၏။ ဤသို့ဖြင့် နမောတဿ အသံကို နားကြားပြင်း ကပ်ခဲ့သော ပုဏ္ဏားကြီးတယောက် ကျွန်ုပ်တို့ သာသနာ့ဘောင်အတွင်း ရောက်လာခဲ့ပေသည်။

ဘာရဒွါဇ ရဟန်းကြီးသည် မကြာမီမှာပင် စိတ်ညစ်စိတ်ဆွေးစိတ်ဘေး ဟူသမျှ ကင်းကွာ၍ ရဟန္တာ အရှင်မြတ်ကြီး ဖြစ်သွား၏။ ဤသို့ ဖြစ်ရသည်မှာ ဘုရားရှင် ဟောပြတော်မူခဲ့သည့်အတိုင်း ခန္ဓာမှာ မှန်စွာ ပြနေသော တရားကို သတိကပ်လျက် သုံးသပ် ပွားများသော ဘာဝနာ ကျေးဇူးကြောင့် ဖြစ်ပေသည်။

[သဂါထာဝဂ်၊ ဗြဟ္မဏသံယုတ်၊ ဓနဉ္ဇာနိသုတ်
ပါဠိတော်နှင့်အဋ္ဌကထာ။]

# တရားသော စစ်ပွဲများ

## အဆဲသန်သော ဘာရဒွါဇ

နမောတဿ ဆိုလျှင် လေသံမျှ မကြားချင်သော အစ်ကိုကြီး တယောက် ကျွတ်တမ်းဝင်သွားချိန်တွင် သူ့ညီများကား ဒေါသပုန်ထလျက် ရှိကြ၏။ သူတို့ အမြင်အားဖြင့် ဘုရားရှင်သည် သူတို့၏ အသင်းအပင်းကို ဖြိုခွင်းသူ ဖြစ်၏။ မိမိအသိုက်အအုံ ကြီးပွားအောင် လုပ်သူဖြစ်၏။ ထို့ကြောင့် ညီများထဲမှ အကြီးဆုံး ပုဏ္ဏားတယောက်သည် ကျောင်းတော်သို့ ဒေါနှင့် မောနှင့် ရောက်လာကာ ဘုရားရှင်ကို မကြားဝံ့ မနာသာ ဆဲရေးပါတော့သည်။ မျိုးရိုးအမည်ဖြင့် ဘာရဒွါဇဟုပင် ခေါ်ဝေါ်ကြရသော

ထိုပုဏ္ဏားကို ယခင် ဘာရဒွါဇနှင့်ကွဲပြားစေရန် ယာယီအားဖြင့် အက္ကောသဘာရဒွါဇ ဟူ၍ ကျွန်ုပ်တို့ နာမည်တပ်ထားကြရပါဦးမည်။

ဆဲရေးတတ်သော ဂုဏ်သကတ်ကြောင့် အက္ကောသဘာရဒွါဇ အမည်ရသော ပုဏ္ဏားသည် ဘုရားရှင်ကို အမျိုးမျိုး အဖုံဖုံ ဆဲရေး၏။ စိတ်ကူး၍ ရနိုင်သမျှ စကားလုံးမျိုးစုံဖြင့် ရေရွတ်၏။ မင်းပြစ်မင်းဒဏ်ဖြင့် ခြိမ်းခြောက်၏။ သူ့ဘက်က ဆူပွက်နေသည်နှင့်အမျှ ဘုရားရှင့် နှုတ်တော်ကား တိတ်ဆိတ်လျှက်ရှိ၏။ ကျွန်ုပ်တို့အားလုံးမှာလည်း ဘုရားရှင့် မျက်နှာကဲကိုကြည့်ကာ နှုတ်ဆိတ်လျက်သာ နေကြရ၏။ နှုတ်ဖျားမှာ တိတ်ဆိတ် နေသော်လည်း စိတ်ထဲကတော့ ငြိမ်သက်လှသည် မဟုတ်ပါ။ အဆဲသန်လှသော ပုဏ္ဏားကို ကျောင်းထဲက ဆွဲထုတ်ချင်စိတ်များပင် ပေါ်ပေါက်မိ၏။ သို့သော် ကျွန်ုပ်တို့စိတ်ထဲကအမျက်သည် အပြင်သို့ ထွက်ချိန်မရလိုက်တော့ပါ။ မနောကံမှတဆင့် ကာယကံသို့ ကူးချိန် မရနိုင်တော့ပါ။ ဆဲစကားမျိုးစုံ အသုံးပြုပြီး၍ ပုဏ္ဏားကြီးက နောက်ထပ် စကားအသစ် ရှာဖွေနေဆဲတွင် ဘုရားရှင့် မိန့်တော်သံ ထွက်လာပါတော့သည်။

## သင့်ဧည့်သည်ကို ငါတို့လက်မခံ

"အို-ပုဏ္ဏား။ သင့်အိမ်သို့ မိတ်ဆွေသင်္ဂဟာ ဧည့်သည်များ၊ ဆွေမျိုးသားချင်း ဧည့်သည်များ တခါ တခါ အလည်လာကြပါသလော"

ဟိုတဘက်က ဒေါတွေ မာန်တွေ ပြင်းပြသည်နှင့် ဆန့်ကျင် ဘက် အသံတော် ဖြစ်ပါ၏။ တည်ကြည် အေးမြလှသော အသံ တော်၏ အလွှမ်းမိုး ခံလိုက်ရသဖြင့် ပုဏ္ဏားကြီး၏ လေသံ လျော့ သွားရကာ-

"အရှင်ဂေါတမ။ တခါတခါ ဧည့်သည်များ အလည် လာ တတ်ကြပါသည်"

"ဧည့်သည်တွေလာသောအခါ စားဖွယ်သောက်ဖွယ်ရာများ ကျွေးမွေးပါသလော"

"ကျွေးမွေးပါသည် အရှင်ဂေါတမ"

"အို-ပုဏ္ဏား။ အကယ်၍ ဧည့်သည်များက လက်မခံကြလျှင် ထို စားဖွယ် သောက်ဖွယ်တို့သည် မည်သူ့ဥစ္စာ ဖြစ်ပါမည်နည်း"

"အရှင်ဂေါတမ။ ဧည့်သည်တို့ကလက်မခံလျှင် တပည့်တော် ကျွေးမွေးသော စားဖွယ် သောက်ဖွယ်များသည် တပည့်တော်၏ ဥစ္စာသာ ဖြစ်ပါသည်"

"ပုဏ္ဏား။ ဤဥပမာအတိုင်းသာ မှတ်လေလော့။ သင်သည် ငါတို့ကို မဆဲရေး သင့်ပါပဲလျက် ဆဲရေးဘိ၏။ မချုပ်ချယ် သင့် ပါပဲလျက် ချုပ်ချယ်ဘိ၏။ မငြင်းခုံ ထိုက်ပါပဲလျက် ငြင်းခုံဘိ ၏။ သင်၏ ဆဲရေးစကားကို ငါတို့များ လက်မခံပါ။ ထို့ကြောင့် သင် ဆဲရေးစကားသည် ငါတို့များထံ မရောက်။ သင့်ဥစ္စာဖြစ်၍ သင့်ဆီသို့သာ ရောက်ချေပြီဘည်း"

အဆဲသန်လွန်းလှသော ပုဏ္ဏား ခေါင်းငိုက်စိုက် သွားပါချေ ပြီ။ တင်းသားလေသမျှသော မာန်တွေ လျှော့ကျ သွားချေပြီ။ ကျောင်းတော် လာစဉ်တုန်းကတော့ မဆဲရလျှင် မနေနိုင်။ဆဲရမှ

အေးမည် ဟူသော ဟန်ပန်မျိုးနှင့် ဖြစ်၏။ ယခုတော့ ဆဲရာမှ ရင်ပူ၍ နေရချေပြီ။ အဆဲခံရသူက မခံယူသဖြင့် သူ့ဥစ္စာကို သူ ပြန်၍ ယူနေရချေပြီ။

## လက်ခံသူနှင့် လက်မခံသူ

ဤတွင် တခု နားထွေးစရာ ရှိနေပါသည်။ ဒေါသတကြီးဖြင့် ဆဲရေးသော အသံတို့ကို ဘုရားရှင့် နားနှစ်ဘက်မှာ မကြားပဲ မနေနိုင်ပါ။ နားနှင့် ဆတ်ဆတ် ကြားနေရပါလျက် ထိုဆဲသံကို လက်မခံပဲ မည်သို့ နေနိုင်ပါမည်နည်း။ ဤသို့သော အရေးကို မမေးမီက ကြိုတင် သိတော်မူသဖြင့် ဘုရားရှင်က ဆက်လက်၍ ဖြေရှင်းတော် မူထားခဲ့ပါပြီ။

"ပုဏ္ဏား။ အကြင်သူသည် ဆဲရေးသူကို ပြန်၍ ဆဲရေး၏၊ ချုပ်ချယ်သူကို တုံ့ပြန် ချုပ်ချယ်၏။ ငြင်းခုံသူကို အားကျမခံ ပြန်လည် ငြင်းခုံ၏။ ထိုသူသည် အတူစားသည် မည်၏။ အတုံ့ အလှယ် ကျွေးမွေးသည် မည်၏။ ငါတို့များသည် သင်ပုဏ္ဏားနှင့် အတူလည်း မစားကြ။ အတုံ့အလှယ်လည်း မကျွေးမွေးကြ ပေ၊ ထို့ကြောင့် သင်ဆဲရေးသော စကားသည် ငါတို့များထံ မရောက်။ သင့်ဥစ္စာဖြစ်၍ သင့်ဆီသို့သာ ရောက်ချေပြီတည်း"

ဆဲရေးခြင်းကို လက်မခံ ဟူသည်မှာ မကြားရအောင် နား ပိတ်နေခြင်းကို မဆိုလို။ ဆဲရေးသူကို တုံ့ပြန်၍ မဆဲရေးပဲ အဆဲ အေးသော စိတ်နှလုံးဖြင့် ကျင့်သုံးရန်သာ ဖြစ်ပေသည်။ ဤသို့ သော ဆုံးမစကားကို အခြေခံ၍ ကျွန်ုပ်တို့ သာသနာတော်ဝယ်

ဘာရဒွါဇ ရဟန္တာကြီးတပါး ထပ်၍ တိုးလာ ပြန်ပေသည်။ တရားတော်ကို နာကြားပြီးချိန်မှစ၍ အင်္ကောသဟူသော အထူးပြု နာမ်ပုဒ် ပြုတ်ကျသွားပေတော့သည်။

## နောက်တယောက် လာပြန်ပြီ

အဆဲသန်ခဲ့ဖူးသော ဘာရဒွါဇ နောက် ဆဲလာပြန်သူတယောက်မှာလည်း ဘာရဒွါဇ မျိုးနွယ်ထဲကပင် ဖြစ်၏။ သူ့ကိုလည်း မတင့်မတယ် မဖွယ်ရာသော အပြုအမူများကို အစွဲပြုကာ အသုန္ဒရိက ဘာရဒွါဇဟု ကျွန်ုပ်တို့ ယာယီအားဖြင့် ခေါ်ထားရပေသည်။

နာမည်နှင့် လိုက်အောင်ပင် အသုန္ဒရိက ဘာရဒွါဇသည် ဘုရားရှင်ကို ရိုင်းစိုင်းစွာ ဆဲရေး၏။ ဘုရားရှင်ကား နဂိုမူအတိုင်းသာ ရှိ၏။ နောက်ဆပ် သီဘင်းသုံးဖော်တဦး တိုးလာဦးမည်မို့ ကျွန်ုပ်တို့ တဒေတွကလည်း ယခုတော့ စိတ် မလှုပ်ရှားတော့ပါ။ ဘယ်အချိန်မှာ ဘယ်ကဲ့သို့ ကျွတ်တမ်း ဝင်သွားမည်နည်းဟုသာ သိချင်စိတ်စောနေကြ၏။

ဆဲရေး တိုင်းထွာလေသမျှကို ဘုရားရှင်က တခွန်းမျှ ပြန်၍ မိန့်တော်မမူပဲ ဆိတ်ဆိတ်နေတော်မူ၏။ သူ့ အစ်ကိုလတ်တုန်းက ကဲ့သို့ ဥပမာပြ၍ နားချတော် မမူပေ။ ဤတွင် အသုန္ဒရိက ဘာရဒွါဇ အားတက်သရောဖြစ်ကာ- "အသင်ရဟန်း။ သင်ရှုံးပြီ။ အသင်ရဟန်း။သင်ရှုံးပြီ" ဟု ကြွေးကြော်လိုက်၏။တကယ်တော့ဖြင့်

"သင်ရှုံးပြီ"ဟူသော ကြွေးကြော်သံသည်ပင် သူ ရှုံးစေရန် ဖန်တီးလိုက်ခြင်း ဖြစ်ပေသည်။

## ရှုံးသူနှင့် နိုင်သူ

"ပုဏ္ဏား။ ကြမ်းတမ်းယုတ်မာ ဆဲဆိုလာသောသူကို သူမိုက်ကသာ အောင်နိုင်သူဟု ထင်မှတ်၏။ အမှန်မှာမူ ထိုအောင်ပွဲသည် သူ့အတွက် မဟုတ်ပေ။ ပညာဖြင့် ဆင်ခြင်၍ သည်းခံနိုင်စွမ်းသော အာဇာနည် ပုဂ္ဂိုလ်၏ အောင်ပွဲသာလျှင် ဖြစ်ပေသည်"

"ပုဏ္ဏား။ အကြင်သူသည် အမျက်ထွက်သူကို တုံ့ပြန်၍ အမျက်ထွက်၏။ ထိုသို့ အမျက်ထွက်ခြင်းဖြင့် ထိုသူသည် ပထမ အမျက်ထွက်သူထက် ပိုမို၍ ယုတ်မာ၏။ အမျက်ထွက်သူကို တုံ့ပြန် ရန်မူခြင်း မရှိသော သူသည်ကား–အောင်နိုင်ခဲ့သော စစ်ပွဲကြီးကို အောင်နိုင်သူ ဖြစ်၏။

"ပုဏ္ဏား။ အကြင်သူသည် သူတပါးက အမျက်ထွက်သည်ကို သိပါလျက် သတိတရား လက်ကိုင်ထား၏။ အမျက်မထွက်စိတ်ငြိမ်သက်စွာရှိ၏။ ထိုသူသည် မိမိ သူတပါးနှစ်ဦးသားတို့၏ အကျိုးဆောင်သူ ဖြစ်ပေသည်"

ဤဒေသနာတော် အဆုံးတွင်လည်း အသုန္ဒရိက ဟူသော ဝိသေသနနာမ်ပုဒ်ကြီး ပြုတ်ကျသွားပြန်ပါ၏။ ဤဒေသနာတော်သည် ရဟန္တာကြီးတပါး တိုးပွားလာစေသော ဒေသနာတော်တပုဒ် ဖြစ်ရုံမက ထစ်ကနဲရှိလျှင် စိတ်ဆိုးချင်တတ်သော ပုဂ္ဂိုလ်များအတွက် စိတ်ငြိမ်ဆေးတခွက်လည်း ဖြစ်ပါပေသည်။

## သည်တခါ သူ့အလှည့်

ဘုရားရှင်ကိုဆဲရေးသော မကောင်းမှုကြောင့် ဘာရဒွါဇနွှယ်ဖွား ပုဏ္ဏားတယောက်ကို အသုန္ဒရိကဟု ယာယီနာမည် တပ်ခဲ့ရ၏။ သို့သော် သူ့ကိုယ်သူ သုန္ဒရိကဟု နာမည်တတ်ထားနှင့်သော ဘာရဒွါဇ တယောက်မှာလည်း ကောင်းသည်ဟု မဆိုနိုင်ပါ။ သုန္ဒရိက မြစ်နားမှာ ယဇ်ပူဇော်နေကျဖြစ်သောကြောင့်သာ ဤ နာမည်တပ်ထားရခြင်း ဖြစ်၏။သူသည်လည်း ဘုရားတရား ကြည်ညိုသူ မဟုတ်ပါ။ သူတို့ ကိုးကွယ်သည်မှာ သူတို့တခါမျှ မမြင်ဖူးသော ဗြဟ္မာကြီးသာ ဖြစ်ပါသည်။ ဗြဟ္မာကြီးကို ရည်စူး၍ ထောပတ် ထမင်းဖြင့် ယဇ်ပူဇော်ခြင်းသည် သူ၏ နေ့စဉ် ကျင့်ဝတ် ဖြစ်ပေသည်။

ထိုနေ့က သုန္ဒရိကသည် ထုံးစံအတိုင်း သုန္ဒရိက မြစ်နားဝယ် ယဇ်မီးပူဇော်ပြီးနောက် ယဇ်ပူဇော်ရာမှ ကျွင်းကျန်သော ထောပတ် ထမင်းကို ကျွေးမွေးရန် ဗြဟ္မဏ အမျိုးတူတယောက်ကို ရှာဖွေယင်း ဘုရားရှင်ထံ ရောက်လာခဲ့၏။သို့သော် သူသည် ဘုရားရှင်မှန်းသိ၍ မဟုတ်ပါ၊ သစ်ပင်ရင်းဝယ် ဖန်ရေဆိုးသော အဝတ်ဖြင့် ခေါင်းပါ ခြုံထားသော ပုဂ္ဂိုလ်တဦး အမှတ်ဖြင့် ချဉ်းကပ်လာခြင်းသာ ဖြစ်၏။

## ဦးပြည်းကတုံး မုန်းစရာလော

ထိုစဉ်က ဘုရားရှင်ခေါင်းပါခြုံ၍ထားတော်မူခြင်းမှာ အကြောင်းနှစ်မျိုးကြောင့်ဟု ကျွန်ုပ်တို့ သဘောပေါက်ထားကြ၏။ ဆောင်း

နှင်းဒဏ် ခံနိုင်ရေးသည် ပထမအကြောင်းဖြစ်၍သုန္ဒရိကချဉ်းကပ်လာရေးသည် ဒုတိယအကြောင်းဖြစ်၏။ ဦးပြည်း ရဟန်းဆိုလျှင် မတွေ့မမြင်ချင်သော သုန္ဒရိကသည် စောစောကသာ အဖြစ်မှန်သိလျှင် ဝေးဝေးက ရှောင်သွားတော့မည် မဟုတ်ပါလော။

ဘုရားရှင်မှန်း မသိသဖြင့် သုန္ဒရိကသည် ယဇ်ကျင်း ထမင်းကိုတဘက် ရေကရားကို တဘက်ကိုင်လျက် ချဉ်းကပ်လာခဲ့၏။အနားရောက်လာမှ ဘုရားရှင်က ခေါင်းပါခြုံထားသော သင်္ကန်းကိုဖွင့်၍ ကြည့်တော်မူလိုက်ရာ။ "ဦးပြည်းရဟန်းပါကလား၊ ဦးပြည်းရဟန်းပါကလား"ဟု ပုဏ္ဏားရဲ့ နှုတ်မှ ရေရွတ်သံများ ထွက်ပေါ်လာကြ၏။ ရွံရှာ စက်ဆုပ်စွာ ရေရွတ်လျက် ပုဏ္ဏားသည် နောက်ပြန်လှည့်မည် ပြုသေး၏။ သို့သော် အကြံတခု ပေါ်လာသဖြင့် ရုတ်တရက် မပြန်ဖြစ်သေးပဲ "အိုအရှင်။ အရှင်သည် မည်သည့်မျိုးနွယ်ဖွား ဖြစ်ပါသနည်း"ဟု မေးလိုက်၏။ ဦးပြည်းကတုံးနှင့် ပုဏ္ဏားအချို့ ရှိဘတ်၍ မေးစစ်ရခြင်း ဖြစ်ပေသည်။

## အကျင့်သည်သာ ပဓာန

"အို ပုဏ္ဏား။ အမျိုးအနွယ်ကို မမေးပါနှင့်။ အကျင့်ကိုသာ မေးပါ။ ထင်းဆိုလျှင် မည်သို့သော ထင်းကဖြစ်ဖြစ် မီးတောက်နိုင်သည်သာ ဖြစ်၏။သင်တို့က အမျိုးယုတ်ညံ့သည်ဟု သတ်မှတ်ထားသော သူတို့သည်လည်း ပညာရှိများဖြစ်နိုင်၏။ တည်ကြည်သူများဖြစ်နိုင်၏။ အာဇာနည် ပုဂ္ဂိုလ်ထူးများ ဖြစ်နိုင်၏။ မကောင်းမှုမှ ရှက်တတ်သူများ ဖြစ်နိုင်၏"

ကိုယ့်အမျိုးမှ အမျိုးဟု စွဲလမ်းထားသည်ကို ဘုရားရှင်က ဦးစွာပထမ ဖြိုခွင်းတော်မူလိုက်ရ၏။ ဤတွင်မှ ပညာအခြေခံရှိပြီး ဖြစ်သော သုန္ဒရိက ကျေနပ်သွားကာ ယဇ်ကျွင်းထမင်းကို ဘုရားရှင်ထံ ဆက်ကပ်၏။ သို့သော် ဘုရားရှင်က အလှူခံတော်မမူပါ။ ခိုက်ခိုက်တုန်မျှ ချမ်းအေးလှသော ဆောင်းဒဏ်ကို သည်းခံ၍ ထိုင်နေတော်မူခြင်းမှာ သူ့ယဇ်ကျွင်း ထမင်းကို ခံယူရန် မဟုတ်။ မမြင်ရသော ဗြဟ္မာကြီးအား ရည်မှန်း၍ အကျိုးမဲ့စွာ ယဇ်ပူဇော်ရသော ဒုက္ခမှ ကယ်တင်ရန်သာ ဖြစ်ပေသည်။

## ထူးဆန်းလှသော မြင်ကွင်း

ဘုရားရှင်က လက်ခံတော်မမူသဖြင့် သုန္ဒရိကသည် ယဇ်ကျွင်း ထမင်းကို ပိုးကောင် မွှားကောင် မရှိသော ရေထဲမှာသွား၍ သွန်လိုက်ရ၏။ ထေ၁ပတ်နှင့် မတွေ့သော ပိုးကောင် မွှားကောင်များ ရှိနေပါကသေကျေ ပျက်စီးကြမည်ဖြစ်၍ ဘုရားရှင်က ညွှန်ကြား တော် မူထား၍ ဖြစ်ပေသည်။

ရေထဲမှာ သွန်လိုက်သည်နှင့် ယဇ်ကျွင်းထမင်းသည် တစိဘ်စိတ် မြည်ကာ အခိုးအလျှံများ ထသာတော့၏။ တနေကုန် အပူပေးထားသော သံတွေခဲကို ရေထဲမှာ ပစ်ချလိုက်သကဲ့သို့ ဖြစ်၏။ မမြင်စဖူး ထူးကဲလှသော မြင်ကွင်းကြောင့် သုန္ဒရိက ထိတ်လန့်တကြား ဖြစ်သွားရ၏။ ကြက်သီးမွေးညှင်း ထသွားရ၏။ သည်ဘွင်မှ ဘုရားရှင်ကို အားကိုးရမှန်း သိလာကာ အနားမှာ

ထိုင်လာသဖြင့် ဘုရားရှင်က ကျွတ်တမ်းဝင် တရားတော်ကို ဟောတော်မူရပေတော့သည်။

## အတွင်းမီးကို ပူဇော်ပါ

"ပုဏ္ဏား။ သင်သည် ယဇ်မီး ပူဇော်ကာမျှဖြင့် ငါ့မှာ မကောင်းမှု ဟူသမျှ စင်ကြယ်ပြီဟု မယူမှတ်နှင့်။ ထို ယဇ်မီး ပူဇော်ခြင်း သည် အပြင်အပမှသာ ရှိသေး၏။ မှန်လှ၏။ အပြင်အပမှာ ယဇ်မီး ပူဇော်၍ စင်ကြယ်လိုသောသူကို ပညာရှိတို့က မကောင်း မှုမှ စင်ကြည်သည်ဟု မဆိုကြကုန်။

"ပုဏ္ဏား။ ငါသည် အပြင်အပက ယဇ်မီးပူဇော်ခြင်းကိုပယ်၍ အတွင်း သန္တာန်၌သာလျှင် ဉာဏ်မီးကို ထွန်းလင်း တောက်ပ စေ၏။ အမြဲတစေ တောက်ပနေသော ဉာဏ်မီးဖြင့်၊ အမြဲတစေ တည်ကြည်နေသော သမာဓိဖြင့် ရဟန္တာဖြစ်သော ငါဘုရား သည် မြတ်သောအကျင့်ကို ကျင့်သုံးလျက် ရှိပေသည်"

ဤသို့စသော ဒေသနာတော်ဖြင့် သုန္ဒရိကသည် အပြင်အပ က ယဇ်မီး ပူဇော်မှု ဟူသမျှကို ပယ်စွန့်ကာ ဉာဏ်မီး တောက် ပသော ရဟန္တာ အရှင်မြတ်တပါး ဖြစ်လာပြန်ပေသည်။

## သူကတော့ ရေမှန်မှန် ချိုးသည်

ဤသို့ဖြင့် ဘာရဒွါဇ ညီအစ်ကိုများ ကျွတ်တမ်း ဝင်သွားရပုံမှာ ဘုရားရှင့် ရွှေတော်မှောက် ရောက်လာ ကြခြင်းမှ အခြေခံ

လျက်ရှိ၏။ လာစဉ်က ဒေါနှင့်မောနှင့် ဖြစ်သော်လည်း သူတို့ စိတ်ဓာတ်နှင့် ဟပ်မိသော တရားတော်တပုဒ် ကြားနာရသည်နှင့် ကိလေသာ ဝဋ်မှ လွတ်မြောက်ကာ ရသွားကြ၏။ သူတို့တတွေ ကျောင်းတော် လာမိ၍ ကျွတ်တမ်း ဝင်ရပုံကို အားကျကာ ကျွန်ုပ်၏ဆွမ်းဒကာ ပုဏ္ဏားတယောက်လည်း ဇေတဝန် ကျောင်း တော် ရောက်လာလျှင် ကောင်းလေစွဟု တောင့်တမိ၏။ မကောင်းမှုပင် ဖြစ်လင့်ကစား မြန်မြန် ကျွတ်တမ်း ဝင်နိုင်ရန် သူတို့လို အမျက်ထွက်ပါစေတော့ဟု ဆုတောင်းမိ၏။ သို့သော် သင်္ဂါရဝ အမည်ရသော ထိုပုဏ္ဏားသည် ဘာရဒွါဇ ညီအစ်ကို များကဲ့သို့ ဘုရားရှင့်ကို အမျက်မထွက်။ ကျောင်းတော်သို့လည်း မလာခဲ့။ နံနက်တခါ ညနေတခါ ရေချိုးသော ကျင့်ဝတ်ဖြင့် ကိုယ့်ဘာသာ ကျေနပ်ကာ သာဝတ္ထိ မြို့တော်တွင်းမှာ နေထိုင် လျက် ရှိ၏။ ထိုပုဏ္ဏားမှာ ကျောင်းတော်သို့ မလာသော်လည်း ကျွန်ုပ်နှင့် အကျွမ်းတဝင်ကား ရှိပါ၏။ တရားတော်ကို လက်မခံ သေးသော်လည်း ကျွန်ုပ်တို့ကိုကား ဆွမ်းလောင်းဖော် ရပါ၏၊ ထို့ကြောင့် သူ့အတွက်ငဲ့ကွက်ကာ သူ့အိမ်သို့ ဘုရားရှင်ကိုပင့်ချီ၍ သွားရပေသည်။

## ရေချိုးရသော အကျိုးအားဖြင့်

သင်္ဂါရဝပုဏ္ဏား၏ အိမ်ဦးခန်းမှာ ထိုင်တော်မူပြီးလျှင် ဘုရားရှင် က စကားစ၍ မေးမြန်းတော်မူလိုက်၏။

အို-ပုဏ္ဏား။ သင်သည် ရေချိုးခြင်းဖြင့် မကောင်းမှုမှ စင် ကြယ်၏ဟု အယူရှိ၏။ရေချိုးခြင်းဖြင့် မကောင်းမှုမှ စင်ကြယ်၏ဟု

ယုံကြည်၏။ နံနက်တခါ ညနေတခါ နေ့တိုင်း ရေချိုးသော ကျင့်ဝတ်ကို ကျင့်နေသည်ဟု ကြားရ၏။ ကြားရသည့်အတိုင်း မှန်ပါ၏လော”

“မှန်ပါသည် အရှင်ဂေါတမ”

“ပုဏ္ဏား။ ဤသို့သော ကျင့်ဝတ်ဖြင့် မည်သို့သော အကျိုးတရားများ ရနိုင်ပါသနည်း”

“အရှင်ဂေါတမ။ နေ့ခင်းမှာ ပြုမိသော မကောင်းမှုများကို ညနေခင်း ရေချိုးခြင်းဖြင့် မျှောလိုက်နိုင်ပါသည်။ ညကာလမှာ ပြုမိသော မကောင်းမှုများကို နံနက်ခင်း ရေချိုးခြင်းဖြင့် မျှောလိုက်နိုင်ပါသည်။ ဤသို့ဖြင့် မကောင်းမှုဟူသမျှ စင်ကြယ်ခြင်း အကျိုး ရှိပါသည်”

သူ့အယူအဆကို ရိုးသားစွာပင် တင်ပြလိုက်၏။ ဘုရားရှင်က သင်္ဂါရဝ၏ရေချိုးကျင့်ဝတ်ကို ရှုတ်ချကဲ့ရဲ့မှုမပြုပဲ သာသနာတော်အတွင်းက ရေချိုးနည်းတနည်းကို ထုတ်ဖော်တော်မူပေသည်။

## ရေမစိုသော ရေချိုးနည်း

“ပုဏ္ဏား။ ပညာရှိတို့ ရေချိုးရာကား တရားဘည်းဟူသော ရေအိုင်တည်း။ ထိုရေအိုင်ဝယ် သီလသည် ရေချိုးဆိပ်ဖြစ်၏။ အနောက်အကြို လုံးဝ ကင်းစင်၏။ သူတော်ကောင်းတို့ နှစ်ထောင်းအားရ ချီးမွမ်းကြ၏။ ထိုရေအိုင်ဝယ် ရေချိုးကြသော သူတော်ကောင်းတို့သည် ကိုယ်ပေါ်မှာ ရေမစိုပဲ သံသရာတဘက်ကမ်းသို့ တက်လှမ်းနိုင်ကြပေသည်”

ဘာရဒ္ဒါဇတို့ အဆင့်လောက် မရောက်သော်လည်း ကျွန်ုပ်၏ဆွမ်း ဒကာ သင်္ဂါရဝသည် သာသနာတော်ကို ကြည်ညို ဆည်းကပ်သူ တဦးကား ဖြစ်လာခဲ့ပေသည်။

## ပုဏ္ဏားဟူလျှင် အတူတူချည့်

ဆိုခဲ့ပြီးသော ပုဏ္ဏားများကို ပြန်လည် သုံးသပ် ကြည့်ပါက မဂဓ၊ ကောသလတိုင်းကြီးများမှ ဖြစ်ကြောင်း သိနိုင်ပါသည်။ ဗြဟ္မဏနည်းဖွား ပုဏ္ဏားတို့သည် ထိုနိုင်ငံကြီးများ၌သာ ရှိကြသည်မဟုတ်၊ ကျွန်ုပ်တို့ ဇာတိဌာနေ သကျတို့နယ်မြေမှာလည်း ရှိကြသည်သာ ဖြစ်၏။အခြား နိုင်ငံက ပုဏ္ဏားများ ကဲ့သို့ပင် ကျွန်ုပ်တို့ နယ်မြေက ပုဏ္ဏားများကလည်း ကိန်းကြီး ခန်းကြီး နိုင်ကြသည်သာ ဖြစ်၏၊ သူတကာနှင့် မရောစွက်ပဲ သူတို့ချည့် သီးသန့် နေကြသည်သာ ဖြစ်၏။ ဗြဟ္မဏမျိုးနွယ် သူဌေး သူကြွယ် အများစုတို့ နေထိုင်ရာကား- ဒေါ်မဒုဿရွာကြီး ဖြစ်ပေသည်။

## ယခင်လို မဟုတ်တော့ပြီ

ထိုရွာကြီးနှင့် ပတ်သက်၍ အမှတ်တရ တင်ပြရမည့် နေ့တနေ့ကား-မိုးဦးကျ ရာသီမှာ ကြုံခဲ့ရ၏။ ထိုနေ့တုန်းက ဘုရားရှင်နှင့် ကျွန်ုပ်တို့ ဒေါ်မဒုဿ ရွာတွင်းသို့ ဆွမ်းခံ ဝင်ခဲ့ရာ ရွာလယ် အရောက်တွင် မိုးကလေးတဖွဲဖွဲ ဖွဲကျ ရွာချလာ၏။ ဤတွင် ဘုရားရှင်သည် ခေတ္တမျှ မိုးခိုရန် အစည်းအဝေး ခန်းမကြီးသို့

ကြွဝင်တော်မူရာ ကျွန်ုပ်လည်း နောက်တော်ပါးမှ လိုက်ပါခဲ့၏။ အစည်းအဝေး ခန်းမထဲတွင်ကား - ဒေါ်မဒုသာရှာ၏ မျက်နှာဖုံး ပုဏ္ဏား သခင်္ဂြိုဟ်သူကြွယ်များ အပြည့်အသိပ် ရှိနေကြ၏။ ရွာရေး ရပ်တာ ကိစ္စတခုအတွက် မျက်နှာစုံညီ အစည်းအဝေး ထိုင်နေ ကြခြင်း ဖြစ်၏။

မင်းညီမင်းသား ဘဝတုန်းကသာဆိုလျှင် ကျွန်ုပ်တို့ကို ပျာပျာ သလဲ ခရီးဦး ကြိုဆိုကြမည် ဖြစ်၏။ သူ့ထက်ငါသာ နှုတ်ဆက် လာကြမည် ဖြစ်၏။ယခုတော့ ကျွန်ုပ်တို့က ခန္ဓာမပြောင်းပဲ ဘဝ ပြောင်းခဲ့ကြပြီမို့ သူတို့နေရာမှ မထတော့ပါ။တစုံတယောက်ကမျှ နှုတ်မဆက်လာတော့ပါ။တချို့များဆိုလျှင် မျက်နှာလွှဲ၍ပင် နေ လိုက်ပါသေး၏။ တချို့ကတော့ ကျွန်ုပ်တို့ ဝင်လာရာသို့ မနှစ်မြို့ သော မျက်လုံးများဖြင့် ကြည့်ကာ "ဦးပြည်းကတုံးနှင့် ရဟန်းယုတ် တို့သည် အစည်းအဝေး သဘောကို နားမလည်ကြချေတကား" ဟု ပစ်ပစ်ခါခါ ရေရွတ်လိုက်ကြ၏။

ယခင်က ကျွန်ုပ်တို့ကို ရိုသေ ဦးညွှတ်ခဲ့ကြခြင်းမှာ ကျွန်ုပ်တို့ ပိုင်စိုးသော နယ်မြေပေါ်မှာ နေကြသောကြောင့် ဖြစ်၏။ ဇာတိ မာန်တွေ၊ ပညာမာန်တွေ မည်မျှပင် ထင်ကြပါစေ၊သကျတို့ နယ် မြေပေါ်မှာ နေကြလေသမျှ သကျတို့ရှေ့မှောက်မှာ ဦးညွှတ်ကြ ရသည်သာ ဖြစ်၏၊ကျွန်ုပ်တို့ ကိုယ်တိုင်ပင် အာဏာပိုင်စိုးသူအဖြစ် ဖြင့် သူတို့၏ ဦးညွှတ် အရိုအသေပေးခြင်းကို ခံခဲ့ရ၏။ ယခုသော် ကား-ကျွန်ုပ်တို့သည် ရှေးကနှင့် မတူတော့ပြီ။ သကျမျိုးနွယ်တို့၏ ဟူသမျှကို စွန့်လွှတ်ခဲ့ကြပြီ။ ငါပိုင်သည်၊ ငါဆိုင်သည် ဟူသော မာန်မာနကို ခွာချပြီး၍ သူတို့အိမ်ရှေ့မှာ မျက်လွှာချလျက် ဆွမ်း

ရပ်နေကြရပြီ။ သူတို့ပေးဆက်မြဲ အခွန်ဘဏ္ဍာအစား သူတို့သဒ္ဓါ သမျှ လောင်းလှူကြသော ဆွမ်းတဗွန်းစာကိုကို စုဆောင်း၍ စား သောက်နေကြရပြီ။

## ချစ်လေသမျှ ဆင်းရဲစွ

ကောင်းပါပြီ။ ကိုယ့်သဘောနှင့်ကိုယ် လွတ်ရာ ကျွတ်ရာ စွန့်ခွာ ခဲ့ကြပြီမို့ သူတို့သဘောထား ပြောင်းသွားသည့်အတွက် ကျွန်ုပ်တို့ ဘက်က စိတ်ထိခိုက်ရန် မရှိပါပြီ။ လောက သဘော၊ လူ့သဘော သည် ဤသို့ပါတကားဟု သံဝေဂယူရန်သာ ရှိပါသည်။ သို့ပါ လျက် ဤနံနက်မှာတော့ သူတို့အပေါ် ကျွန်ုပ် စိတ်ခုမိပေသည်။ ကျွန်ုပ် ချစ်မြတ်နိုးလှသော နောင်တော်မြတ်ကိုပါ သိမ်းကျုံး၍ ဦးပြည်း ရဟန်းယုတ်ဟု ရေရွတ်လိုက်သောကြောင့် ဖြစ်ပေသည်။

## ထိုနေ့က အစည်းအဝေး တရားတော်

ကျွန်ုပ် စိတ်ထဲ၌ ချစ်ခြင်း သမုဒယကို အကြောင်းပြု၍ စိတ်ခု မိ သော ဒုက္ခဘရားဘို့ ပွားစည်းနေခိုက်ဝယ် ဘုရားရှင်ကတော့ အစည်းအဝေး ခန်းမထဲသို့ တည်ငြိမ်စွာပင် ကြွဝင်တော်မူခဲ့၏။ ဤသို့ ဆိုပြန်တော့လည်း ပုဏ္ဏားတို့ မနေသာပါ။ ယခင်က ရှိသေ ဦးညွှတ် အရှိန်အဝါတွင် ယခုမှာကား-ရှိသေ လေးစားလောက် သော ဂုဏ်တော်။ ဤ အကြောင်းနှစ်ခု ပေါင်းစုလာ ခိုက် မို့ အစည်းအဝေး သဘာပတိသည် နေရာမှ ဖယ်ပေးရတော့၏။ ထို

နေရာတွင် အဖိုးထိုက်တန်သော ကမ္ဗလာကို ခင်းပေးကြရတော့၏။ ဘုရားရှင်သည် သဘာပတိ နေရာမှာ ထိုင်တော်မူလိုက်၍ စည်းဝေးလာကြသော ပုဏ္ဏား ပရိသတ် အားလုံးကို ကရုဏာ မျက်လုံးဖြင့် သိမ်းကျုံး၍ ကြည့်တော်မူကာ–

"ပုဏ္ဏားတို့။ သူတော်ကောင်းတယောက်မျှ မပါဝင်သော အစည်းအဝေးသည် စည်းဝေးရာ မရောက်ပေ။ တရားကို တရားအတိုင်း မဟောတတ်၊ မပြောတတ် သူတို့သည်လည်း သူတော်ကောင်းများ မဟုတ်ပေ။ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ခွာ၍ ထိုက်လေသောတို့၏ ကုန်ရာ ကုန်ကြောင်း တရားကောင်းကို ဟောပြနိုင်စွမ်းသော ပုဂ္ဂိုလ်တို့သာလျှင် သူတော်ကောင်းများ ဖြစ်ကြပေသည်"

ကျွန်ုပ်၏ စိတ်ဒုက္ခနှင့် ရင်းနှီး၍ အရယူခဲ့ရသော ဓမ္မရတနာတဆူပါပေတည်း။ ဤရတနာကို ဖူးတွေ့ရကာမှ မခန့်လေးစားပြုခဲ့ကြသော ပုဏ္ဏားတို့ ခန့်ညားလာကြပေသည်။ သရဏဂုံသုံးပါးကို လေးစားစွာ ဆောက်တည်၍ တပည့်ခံလာကြပေသည်။

## သာသနာတော်တွင်းက ဆူးတချောင်း

ဤသို့အားဖြင့် ဘုရားရှင်သည် တရားသော စစ်ပွဲများကို တပွဲပြီးတပွဲ ဆင်နွှဲတော်မူခဲ့ရ၏။ ပူရဏကဿပ အစရှိသော ဆရာကြီးများ၏ တပည့်များ၊ နိဂဏ္ဌ ရဟန်းများ၊ သစ္စက စသော ပရိဗိုဇ်များ၊ မာန်မာန ခက်ထန်သော ပုဏ္ဏားများနှင့် ဝါဒစစ်ပွဲများ ဆင်နွှဲတော်မူခဲ့ရ၏။ စစ်ပွဲတိုင်းမှာပင် ဘုရားရှင်သည် တရားသော

နည်းဖြင့်သာ အောင်ပွဲခံတော်မူခဲ့ရ၏။ ဤသို့ အပြင်အပက ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ စစ်ပွဲတရာ အောင်ပွဲတရာ ခံယူတော်မူခဲ့ရသော ဘုရားရှင်သည် မိမိ၏ သာသနာဝတော်တွင်းက ဆူးငြောင့်ခလုတ်တခုကိုကား—အကြောင်းအမျိုးမျိုးကြောင့် လျစ်လျူ ရှုထားရသဲ ဖြစ်၏။ ဘုရားရှင် လျစ်လျူ ရှုထားသည်ကို အခွင့်ကောင်းယူကာ – ဆူးငြောင့် ခလုတ်ကလည်း ရ နိုင် သမျှ သော အသင်းအပင်းများကို စုရုံး သိမ်းသွင်းလျက် ရှိနေပေသည်။ ။

[သဂါထာဝဂ်၊ ဗြာဟ္မဏသံယုတ်၊ ဓနဉ္စာနိသုတ် အက္ကာသသုတ်၊ အသုန္ဒရိကသုတ်၊ သုန္ဒရိကသုတ်၊ သင်္ဂါရဝသုတ်၊ ခေါမဒုဿသုတ် ပါဠိတော်များနှင့် အဋ္ဌကထာ]

* * *

# နှောင်တ၏ နိဒါန်း

## ကျောင်းမြဲလှသော ရဟန်းတပါး

ရာဇဂြိုဟ် မြို့တော်က ဝေဠုဝန်ကျောင်းတော်ကြီးတွင် ဥယျာဉ် ဗိမာန် ရေတွင်း ရေကန်များ ပြည့်စုံစွာရှိ၏။သဒ္ဓါလက်ကိုင် ခိုင်မြဲပြီးသော ဒကာ ဒကာမများသည် ရာဇဂြိုဟ် မြို့တော်မှာ ပေါများလှ၏။သို့ရာတွင် ဘုရားရှင်သည် ဤကျောင်းမှာချည့် ကျောက်ချ ရပ်တည်တော် မမူပါ။ ခြေခင်း လက်ခင်းသာလျှင် သာသလို ထိုထိုမြို့ရွာ နယ်ပယ်များသို့ သာသနာပြု ကြွချီတော်မူသည်သာ ဖြစ်၏။နေ့ချင့်စဖွယ် တင့်တယ် သာယာသော ကျောင်းတော်ကြီးကို ကျောခိုင်း၍ ထားတော်မူသည်သာ ဖြစ်၏။ ကျောင်းဒကာ

ဘုရင်ကြီး ဗိမ္ဗိသာရသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ရည်စူး၍ ဆောက်လုပ်ခဲ့၏။ လှူဒါန်းခဲ့၏။ သို့သော် သူရည်စူးထားသော ဘုရားရှင်က ဤကျောင်းဘော်မှာ အစဉ်ထာဝရ နေတော်မမူ။ မရည်မှန်းသော ပုဂ္ဂိုလ်ကသာ သံစွဲထားသကဲ့သို့ အမြဲတစေ နေလာခဲ့၏။

ဘုရားရှင်နှင့် သံဃာတော်များ သာသနာပြု ကြွချီတော်မူကြရာတွင် ဒေဝဒတ်ကား–ဘယ်တော့မှ မလိုက်ပါပေ။ သူ့အုပ်စုနှင့်အတူ ဝေဠုဝန် ကျောင်းတော်မှာပင် နေရစ်ခဲ့၏။ အကယ်၍ ဒေသစာရီ ကြွချီရာ လိုက်ပါခဲ့လျှင် ခရီးကြမ်းကို လှမ်းရမည်။ နေပူမရှောင် မိုးရွာမရှောင် သွားကြရမည်။ လေနှင့် ရေနှင့် ရင်ဆိုင်ရမည်။ တောလက်ကျေးရွာများတွင် အစားအသောက် ရှားပါးလှသည်။ တတ်စွမ်းသမျှ သူတို့ လောင်းလှူကြသည်မှာလည်း တောသဘာဝမို့ ကြမ်းတမ်းလှသည်။ ဝေဠုဝန်ကျောင်းတော်မှာကား–အစစပြည့်စုံနေသည်။အစစ လုံခြုံနေသည်။ နောက်ပြီးတော့ သူ့ ညာလက်ရုံး၊ သူ့ အားအကိုးရဆုံး ဒကာတယောက်ကလည်း ဤ မြို့တော်မှာ ရှိနေသည် မဟုတ်ပါလော။

## သူ့ဆရာနှင့် သူ့ဒကာ

အိမ်ရှေ့ မင်းသား အဇာတသတ်သည် သူ့ဆရာသခင် ထံတော်မှောက်သို့ နေ့စဉ်နှင့်အမျှ လာရောက်ပူဇော်၏။ နေ့စဉ်နှင့် အမျှဆိုရာတွင် တနေ့မှာ တခေါက်ကျ မဟုတ်ပါ။ နံနက်တခေါက်၊ ညနေတခေါက်၊ တနေ့မှာ နှစ်ခေါက် နှစ်ခေါက် ရောက်လာခဲ့၏။

ရောက်လာသည့် အခါတိုင်းမှာလည်း လူမသိ သူမသိ မဟုတ်ပေ။ ရှေ့မှာ-နောက်မှာ ရထားငါးရာ ခြံရံလျက် တခမ်းတနား ထွက်လာခဲ့၏။ထိုရထားငါးရာပေါ်တွင် နံနက်ခင်းမှာ ဆွမ်းအုပ်တအုပ်စီ၊ ညနေခင်းမှာကား-အခြားအခြားသော လှူဒါန်းဖွယ် ပစ္စည်းများ ပါလာကြ၏။

အဇာတသတ် မင်းသားကို အရအမိ သိမ်းသွင်းထားနိုင်ခြင်းသည် ဒေဝဒတ်၏ အောင်မြင်မှုကြီး ဖြစ်၏။ ဤသို့သော အောင်မြင်မှုမျိုးကို မည်သည့် ရဟန်းမျှ မရနိုင်ပေ။ သူတပါးတည်းသာ ဘုန်းနှင့် သမ္ဘာ ထက်ကြပ်ပါ၍ ရလာခဲ့ခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဤအောင်မြင်မှုသည် မည်သည့် စခန်းသို့ ဦးတန်းနေပါသနည်း။

[ စူဠဝဂ်၊သံဃဘေဒကက္ခန္ဓက ]

## သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး

လာဘ်ပေါများခြင်း၊ နာမည်ကြီးခြင်းတို့သည် ရဟန်းများ အဖို့ မီးနှင့်ပမာ တူ၏။ လူ့လောကကြီး သက်ရှင် တည်တံ့ရေးအတွက် မီးသည် မရှိမဖြစ်သော လိုအပ်ချက်ဖြစ်၏။မီးကို အမှီပြု၍သာလျှင် စားသောက် နေထိုင်ရေး ကိစ္စအဝဝကို ဆောင်ရွက် ကြရ၏။ သို့ရာတွင် မီးသည် ကောင်းကျိုးတခုတည်းကိုသာ ဆောင်ရွက်သည် မဟုတ်ပေ။ ကောင်းကျိုးကို ဆောင်နေယင်းကပင် အိုးအိမ်တိုက်တာများကို ရက်ရက်စက်စက် ဝါးမျိုပစ်တတ်ပေသေးသည်။

ထို့အတူပင် လာဘ်ပေါများခြင်း၊နာမည်ကြီးခြင်းတို့သည် သုံးတတ်လျှင်၊ ဆေးဖြစ်၍ မသုံးတတ်လျှင် ဘေးဆိုးကြီးများ ဖြစ်လာတတ်၏။ သုံးတတ်သူအဖို့ ရလာသမျှ အသုံးအဆောင်များသည် သာသနာတော်ကြီး အတွက်သာ ဖြစ်၏။ မိမိကဲ့သို့ ပြည့်ပြည့်စုံစုံ မရှိရှာကြသော သီတင်းသုံးဖော်များနှင့် အတူ ထပ်တူ ထပ်မျှ ဝေငှ သုံးဆောင်ရန်သာ ဖြစ်၏။ ဤသို့ သုံးရုံသာ သုံးရမည့် ပစ္စည်းများကို သုံးရုံမျှမက တော့ပဲ အစွဲဝင်လာလျှင်ကား–အသုံးမဘက်သည့်ဘက်သို့ ရောက်သွား ချေတော့သည်။ ထို့ကြောင့် ရှင်တော်မြတ်ဘုရားက ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ဘေးမသိ ရန်မခ သုံးတတ် စားတတ်ကြစေရန် ဤသို့ မိန့်မှာတော်မူခဲ့ပေသည်။

## သုံးရုံသုံးပါ မစွဲပါနှင့်

"ရဟန်းတို့။ အမွေးရှည်သော သိုးသည် ဆူးချုံထဲသို့ တိုးဝင်ရာတွင် မိမိအမွေးနှင့် ဆူးချုံကပ်ငြိ၍ အချုပ်အနှောင် ခံရကာ အသက်ဆုံးရှုံးရ၏။ ထို့အတူပင် လာဘ်ပေါများခြင်း၊ နာမည်ကြီးခြင်းကို တပ်မက်မောသော ရဟန်းသည် ရွာသို့ လည်းကောင်း၊ နိဂုံးသို့ လည်းကောင်း ဆွမ်းခံဝင်ရာတွင် မိမိ၏ တပ်မက်မောမှုနှင့် ဒကာဒကာမများအပေါ် ကပ်ငြိကာ၊ အချုပ်အနှောင်ခံရကာ ရဟန်းတရားများ လက်လွှတ် ဆုံးရှုံးရပေသည်။

"ရဟန်းတို့၊ဤသို့အားဖြင့် လာဘ်ပေါများခြင်း၊ နာမည်ကြီးခြင်းသည် ခက်ထန်မာကြော၏။ လွှသွားထက်ထက် ကဲ့သို့ဖြစ်၏။

ရောက်လာသည့် အခါတိုင်းမှာလည်း လူမသိ သူမသိ မဟုတ်ပေ။ ရှေ့မှာ–နောက်မှာ ရထားငါးရာ ခြံရံလျက် တခမ်းတနား ထွက်လာခဲ့၏။ ထိုရထားငါးရာပေါ်တွင် နံနက်ခင်းမှာ ဆွမ်းအုပ်တအုပ်စီ။ ညနေခင်းမှာကား–အခြားအခြားသော လှူဒါန်းဖွယ် ပစ္စည်းများ ပါလာကြ၏။

အဇာတသတ် မင်းသားကို အရအမိ သိမ်းသွင်းထားနိုင်ခြင်းသည် ဒေဝဒတ်၏ အောင်မြင်မှုကြီး ဖြစ်၏။ ဤသို့သော အောင်မြင်မှုမျိုးကို မည်သည့် ရဟန်းမျှ မရနိုင်ပေ။ သူတပါးတည်းသာ ဘုန်းနှင့် သမ္ဘာ ထက်ကြပ်ပါ၍ ရလာခဲ့ခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဤအောင်မြင်မှုသည် မည်သည့် စခန်းသို့ ဦးတန်းနေပါသနည်း။

[ စူဠဝဂ်၊ သံဃဘေဒကက္ခန္ဓက ]

## သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး

လာဘ်ပေါများခြင်း၊ နာမည်ကြီးခြင်းတို့သည် ရဟန်းများ အဖို့ မီးနှင့်ပမာ တူ၏။ လူ့လောကကြီး သက်ရှင် တည်တံ့ရေးအတွက် မီးသည် မရှိမဖြစ်သော လိုအပ်ချက်ဖြစ်၏။ မီးကို အမှီပြု၍သာလျှင် စားသောက် နေထိုင်ရေး ကိစ္စအဝဝကို ဆောင်ရွက် ကြရ၏။ သို့ရာတွင် မီးသည် ကောင်းကျိုးတခုတည်းကိုသာ ဆောင်ရွက်သည် မဟုတ်ပေ။ ကောင်းကျိုးကို ဆောင်နေယင်းကပင် အိုးအိမ် တိုက်တာများကို ရက်ရက်စက်စက် ဝါးမျိုပစ်တတ်ပေသေးသည်။

ထို့အတူပင် လာဘ်ပေါများခြင်း၊နာမည်ကြီးခြင်းတို့သည် သုံးတတ်လျှင်၊ ဆေးဖြစ်၍ မသုံးတတ်လျှင် ဘေးဆိုးကြီးများ ဖြစ်လာတတ်၏။ သုံးတတ်သူအဖို့ ရလာသမျှ အသုံးအဆောင်များသည် သာသနာတော်ကြီး အတွက်သာ ဖြစ်၏။ မိမိကဲ့သို့ ပြည့်ပြည့်စုံစုံ မရှိရှာကြသော သီတင်းသုံးဖော်များနှင့် အတူ ထပ်တူ ထပ်မျှဝေ၍ သုံးဆောင်ရန်သာ ဖြစ်၏။ ဤသို့ သုံးရုံသာ သုံးရမည့် ပစ္စည်းများကို သုံးရုံမျှမကတော့ပဲ အစွဲဝင်လာလျှင်ကား-အသုံးမတတ်သည့်ဘက်သို့ ရောက်သွား ချေတော့သည်။ ထို့ကြောင့် ရှင်တော်မြတ်ဘုရားက ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ဘေးမသီ ရန်မခ သုံးတတ် စားတတ်ကြစေရန် ဤသို့ မိန့်မှာတော်မူခဲ့ပေသည်။

## သုံးရုံသုံးပါ မစွဲပါနှင့်

''ရဟန်းတို့။ အမွှေးရှည်သော သိုးသည် ဆူးချုံထဲသို့ တိုးဝင်ရာတွင် မိမိအမွှေးနှင့် ဆူးချုံကပ်ငြိ၍ အချုပ်အနှောင် ခံရကာ အသက်ဆုံးရှုံးရ၏။ ထို့အတူပင် လာဘ်ပေါများခြင်း၊ နာမည်ကြီးခြင်းကို တပ်မက်မောသော ရဟန်းသည် ရွာသို့ လည်းကောင်း၊ နိဂုံးသို့ လည်းကောင်း ဆွမ်းခံဝင်ရာတွင် မိမိ၏ တပ်မက်မောမှုနှင့် ဒကာဒကာမများအပေါ် ကပ်ငြိကာ၊ အချုပ်အနှောင်ခံရကာ ရဟန်းတရားများ လက်လွှတ် ဆုံးရှုံးရပေသည်။

''ရဟန်းတို့၊ဤသို့အားဖြင့် လာဘ်ပေါများခြင်း၊ နာမည်ကြီးခြင်းသည် ခက်ထန်မာကြော၏။ လွှသွားထက်ထက် ကဲ့သို့ဖြစ်၏။

ကြမ်းတမ်း၏။ ယောဂကုန်ရာ မြတ်လှစွာသော နိဗ္ဗာန်တရားကို မရ၊မရောက်စေရန် နှောင့်ယှက်တတ်၏။ထို့ကြောင့် သင်ရဟန်းတို့သည် လာဘ်ပေါများလိုသော၊နာမည်ကြီးလိုသော အလိုတဏှာကို ပယ်စွန့်နိုင်ရန် ကျင့်သုံးကြကုန်လော့။ လာဘ်ပေါများခြင်း၊ နာမည်ကြီးခြင်းတို့က မိမိစိတ်ကို ပိတ်ဆို့ဖုံးကွယ် မသွားစေရန် ကျင့်သုံးကြကုန်လော့"

[နိဒါနဝဂ်၊လာဘသက္ကာရသံယုတ်၊ဒီဃလောမိကသုတ်]

## ကမ္ဘာ့နိယာမ တမျိုးပေလော

ရှေးအလားအလာကို အသေအချာသိတော်မူပြီးသော ဘုရားရှင်က ကြိုကြိုတင်တင် မိန့်မြွက်တော်မူခဲ့သည် မှန်ပါ၏။ဉာဏ်တော်နှင့် ယှဉ်၍ မိန့်မြွက်တော်မူသည်ကို စိတ်အစဉ်မှာ ဉာဏ်ယှဉ်နိုင်သော အရှင်မြတ်များက ဦးထိပ်ရွက် ပန်ဆင်ထားကြပြီးလည်း ဖြစ်ပါ၏။ သို့ရာတွင် သူတို့ကဲ့သို့ နားနှင့်ဆတ်ဆတ်ကြားနာထားသော တရားကို နှလုံးသားထိအောင် ပို့ဆောင်တတ်သူတို့မှာ အနည်းငယ်မျှသာ။ နားနှင့် ကြားနာပြီးနောက် နားမှာသာ လမ်းဆုံးသွားသူတို့ကား ပေါများလှ၏။ ဤသည်မှာ ကမ္ဘာလောကကြီး၏ နိယာမတမျိုး ဖြစ်နေမည်လား မဆိုနိုင်ပါ။

နားမှာလမ်းဆုံးသော ရဟန်းတို့တွင် တချို့သည် ဝေဠုဝန်ကျောင်းတော်မှာ ကျန်ရစ်ကြ၏။ဘုရားရှင် ဒေသစာရီလှည့်လည်တော်မူရာ နောက်သို့လည်း တချို့ လိုက်ပါလာကြ၏။ ကျန်ရစ်သူ

တို့သည် ဒေဝဒတ်၏ ဘုန်းရိပ် ကံရိပ်ကို ခိုလှုံကာ အရှင်ဒေဝဒတ်ကို အားကျနေသူများ ဖြစ်ကြ၏။သို့ဖြစ်၍ သူတို့ကို အထူးဆိုဖွယ်မရှိပါ။ နောက်တော်ပါးမှ ဖဝါးခြေထပ် လိုက်ပါခဲ့ပါလျက် ဟိုတဘက်သို့ စိတ်ညွတ်၍သွားကြရသောရဟန်းတို့ကိုကား ဆိုခွင့်ရှိသမျှ ဆိုရဦးမည်။

## ဘုန်းမရှိ၍ ဘုန်းပိသူများ

သူတို့သည် ရဟန်းငယ်များ ဖြစ်ကြ၏။ဝေဠုဝန်ကျောင်းတော်မှ ထွက်ခွာလာစဉ်က သူတို့သည် အခြားရဟန်းများနှင့်အတူ စိတ်ပါလက်ပါ လိုက်လာခဲ့ကြ၏။ လမ်းတလျှောက်မှာ တွေ့လာ၊ကြုံလာရသော ဒုက္ခများကို မညည်းမညူ ခံယူခဲ့ကြ၏။ ရောက်လေရာအရပ်တွင် ရတတ်သမျှနှင့် ရောင့်ရဲနိုင်ခဲ့ကြ၏။ သို့ပါလျက် ဝေဠုဝန်ကျောင်းတော်ပြန်လျင်ကား-သူတို့စိတ်များ ထွေပြား၍လာကြပေသည်။ မိန့်ကြားတော်မူခဲ့သည့်အတိုင်း ကျင့်သုံးမှုမရှိကြလေသောကြောင့် လာဘ်ပေါများခြင်း နာမည်ကြီးခြင်းတို့က သူတို့စိတ်ကို ပိတ်ဆို့ဖုံးကွယ်သွားကြပြီဖြစ်၏။ကျောင်းနေရဟန်းများထံမှ ကြားရသော သတင်းစကားကို ဘုရားရှင်ထံ တဆင့်လျှောက်ထားရမှာပင် သူတို့သည် သူတို့၏ဇာတိရုပ်ကို မဖုံးကွယ်နိုင်ကြပေ။ သူတို့အသံ၊ သူတို့ဟန်ပန်များတွင် ဟိုတဘက်ကို အထင်ကြီးနေသော စိတ်အစဉ်၏အရိပ်များ ထင်ဟပ်လျက်ရှိကြပေသည်။

## ဘုန်းပိသူများကို ကယ်တင်ရန်

ဘုရားရှင်အဖို့ ဒေဝဒတ်၏ ဘုန်းကံကြီးမားခြင်းကို မနာလိုစရာ လုံးဝ မရှိပါ။ အရှင်သီဝလိတို့လို သာသနာတော်အား ကျေးဇူး များသူတို့အတွက် ဝမ်းမြောက် ဝမ်းသာ ချီးမွမ်းတော်မူသော်လည်း ကျေးဇူးမများသော သူနှင့် ပတ်သက်၍ကား ဝမ်းနည်းစရာ လုံးဝမရှိပါ။သို့ရာတွင် သူ့ကိုအားကျ၍ သူ့လမ်းစဉ်လိုက်ရန် ဟန်ပြင်နေကြသော ရဟန်းငယ် ကလေးများကိုကား အချိန်မီ တားမြစ်ရပါလိမ့်မည်။ ထို့ကြောင့် ဘုရားရှင်က–

"ရဟန်းတို့၊ ငှက်ပျောပင်သည် မိမိကိုယ်ကို သတ်ရန် အသီး သီး လေဘိသကဲ့သို့ ဒေဝဒတ်၏ လာဘ်ပေါများခြင်း၊ နာမည် ကြီးခြင်းသည် မိမိကိုယ်ကို သတ်ချန် ပေါ်ပေါက်လာ၏။ကောင်း မြတ်သော ဂုဏ်အင်္ဂါများ ပျက်စီးသွားစေရန်သာ ဖြစ်ဘိ၏"

ဒေဝဒတ်အဖို့ ဘယ်နည်းနှင့်မျှ နှစ်သက်နိုင်မည် မဟုတ်သော စကားလုံးတို့ကိုပင် ရဟန်းငယ်များ အကျိုးကို ရှေးရှု၍ မိန့်ကြား တော်မူလိုက်ရ၏။ ရဟန်းငယ်တို့၏ ယောက်ယက်ခတ်နေသော စိတ်အလျဉ်ကို စင်စင်ကြယ်ကြယ် ဖြတ်တောက်ပစ်နိုင်ရန် ခပ် ပြတ်ပြတ် မိန့်တော်မူလိုက်ရပေသည်။

## အစကောင်းလျက် ဘုန်းကံပျက်

ဤဒေသနာတော်ကို ဤနေ့ဤရက်မှ စကားစပ်လာ၍ ဘုရားရှင် မိန့်ကြားတော်မူခြင်း ဖြစ်၏။ သို့သော် ဤသို့ မိန့်ကြားတော်

မနူမိကပင် ဒေဝဒတ်၏ ပျက်စီးခန်းများက နိဒါန်းချီ၍ နေခဲ့ကြပါပြီ။

ရဟန်း ဖြစ်ခါစက ဒေဝဒတ်သည် လောကီစျာန် အဘိညာဏ်ကို ရခဲ့၏။အခြား ပုဂ္ဂိုလ်များသည် ရရှိထားသော လောကီစျာန်ကို အခြေပြုကာ လောကုတ္တရာစခန်းသို့ တက်လှမ်းကြ၏။ဒေဝဒတ်၏ လောကီစျာန်များကား လာဘ်ပေါများခြင်း၊ နာမည်ကြီးခြင်းမှာသာ လမ်းဆုံးသွားကြ၏။ အဇာတသတ်မင်းသား၏ ထောက်ခံအားပေးမှုဖြင့် သံဃာ့ပရိသတ်ကြီးကို ဘုရားရှင်ထံမှ လက်ပြောင်းယူကာ သူကိုယ်တိုင် ဦးဆောင် ဦးရွက် ပြုတော့မည်ဟု စိတ်ကူးလိုက်သည်တွင်ကား ရရှိထားသော လောကီစျာန်ကလေးပင် ကွယ်ပျောက်၍ သွားခဲ့ရပေသည်။

ဤ အကြောင်းအရာ ဖြစ်ပေါ်လာစဉ်ကပင် အရှင်မဟာမောဂ္ဂလာန်က ဘုရားရှင်ထံ လျှောက်ထားခဲ့ရာ–

"မောဂ္ဂလာန်။ ဤစကားကို နှုတ်လုံပါစေ။ မောဂ္ဂလာန်။ ဤစကားကို နှုတ်လုံပါစေ။ သင့်နှုတ်ဖျားမှ ဤစကားကို တခြားမှာ မထွက်ပါစေနှင့်။သာသနာတော်မှ အချည်းနှီးဖြစ်သော ထိုယောကျ်ားသည် သူ့အမူနှင့်သူ ထင်ရှားလာပါလိမ့်မည်"

ဤသို့ ပိတ်ပင်တော်မူခဲ့သဖြင့် ဒေဝဒတ်၏ စိတ်အကြံကို အများတကာ မသိနိုင်ကြပါ။ ဟန်သာရှိ၍ အဆန်မရှိတော့သော အဖြစ်ကိုသည်း သူ့ဒကာရင်း မင်းသားကိုယ်တိုင်ပင် မသိခဲ့ပါ။ သို့ဖြင့်၍ သူ့အခြေအရံတို့သည် ရှိမြဲတိုင်း ရှိနေကာ သူ့ဘုန်းတန်ခိုးများလည်း တိုးမြဲတိုင်း တိုးနေခဲ့ကြပေသည်။

[စူဠဝဂ်၊ သံဃဘေဒကက္ခန္ဓက၊ ပဌမ ဘာဏဝါရ]

## ကြီးထွားလာသော အဖျက်အုပ်စု

အရှိန်အဟုန်မပျက် တိုးတက်နေသော ဘုန်းတန်ခိုးများသည် သူ့အလိုဆိုးကိုကား-အမှီလိုက်နိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့ဘက်က နှုတ်စောင့်ထားကြသော်လည်း သူကတော့ သူ့လမ်းစဉ် အတိုင်း မှန်မှန်ကြီး ချီတက်လျက်သာ ရှိ၏။ အဇာတသတ် မင်းသား လျှူဒါန်းလေသမျှသည် သူ့အသင်းအပင်းများ အလျှံပယ် စားသောက်ရန်၊ မကုန်နိုင် မခန်းနိုင်လျှင် ဖြုန်းတီးပစ်ရန်သာ ဖြစ်ပေသည်။ တိုင်းသူပြည်သားတို့က ချွေးနှင့် သွေးနှင့် ရင်းနှီးကာ ထုတ်လုပ်ထားရသော ဤပစ္စည်းများကို စားသုံးရာတွင် သီလဂုဏ် ရှိရန်မလို။ သမာဓိဂုဏ်၊ ပညာဂုဏ်များလည်း အလိုမရှိ။ အဖိုးထိုက်တန်လှသော ဤ ပစ္စည်းလေးပါးတို့ကို စား သုံး နိုင် ရေး အတွက် ရှိသင့် ရှိထိုက်သော အရည်အချင်းမှာ တခုတည်းသာ ဖြစ်၏။ ထိုတခုတည်းကား-အခြားမဟုတ်။ ဒေဝဒတ်ကို ကိုးကွယ်ဆည်းကပ်ရေးပင် ဖြစ်ပေသတည်း။

ကောင်းကောင်းမွန်မွန် စားရ သောက်ရ၊ နန်းတွင်းသူ နန်းတွင်းသားတို့နှင့် ရင်းနှီးခွင့် ရကြသဖြင့် တစတစ တိုးပွားလာသော ပရိသတ်များတွင် ရဟန်းမများလည်း ပါဝင်လျက် ရှိကြ၏။ သူတို့အထဲက နှုတ်စောင်းထက်ထက်နှင့် နေရာတိုင်း ဝင်စွက်တတ်သူကား – အရှင်မထုလ္လနန္ဒာဖြစ်၏။ သူစွက်လေသမျှလည်း ပြဿနာတက်ရသည်ချည့် ဖြစ်ပေသည်။ သကျသားတော် အရှင်ဥပနန္ဒနှင့် မောင်နှမ တော်သည်ဆိုလျှင် လူတိုင်းက ယုံကြမည် ထင်ပါ၏။

## ထုလ္လနန္ဒာ၏ စကားနှစ်မျိုး

ထိုနေ့က ရာဇဂြိုဟ် မြို့တော်တွင်းသို့ ကျွန်ုပ် ဆွမ်းစား ကြွခဲ့ကြ၏။ ကျွန်ုပ်၏ ရှေ့တွင် အရှင်မဟာ သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလာန်၊ အရှင်မဟာ ကစ္စာန၊ အရှင်မဟာ ကောဋ္ဌိက၊ အရှင်မဟာ ကပ္ပိန၊ အရှင်မဟာ စုန္ဒ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတနှင့် အရှင် ဥပါလိတို့ ကြွသွားကြ၏။ရဟုလာသည် ကျွန်ုပ် နောက်က လိုက်ပါလာ၏။ဆွမ်းဒကာ၏ အိမ်ဝသို့အရောက်တွင် အရှင်မထုလ္လနန္ဒာနှင့် ကျွန်ုပ်တို့ ဆုံမိကြ၏။ဤအိမ်သည် အရှင်မ၏ ဆွမ်းဒကာအိမ်ဖြစ်၏။သာမည ဆွမ်းဒကာ မဟုတ်၊ နေ့စဉ် နေ့တိုင်း မပျက်မကွက် လောင်းလှူသော အိမ်ဖြစ်၏။ ရဟန်းမများသည်လည်း ကျွန်ုပ်တို့ နည်းတူ သပိတ်ပိုက်၍ ဆွမ်းခံကြရသည်ဖြစ်ရာ ဤအိမ်ဝတွင် ဤအရှင်မနှင့် ဆုံရသဖြင့် ကျွန်ုပ်တို့အဖို့ မထူးဆန်းပါ။ သို့သော် ဤအရှင်မ၏ နှုတ်ဖျားမှ ထွက်လာသော စကားတို့ကား-ထူးခြားသကဲ့သို့ ဖြစ်ကြရပေသည်။

"ဒကာကြီး။ ဒကာကြီး ပင့်ထားသော ပုဂ္ဂိုလ်များသည် ရဟန္တာ အစစ်အမှန်ကြီးများ ဖြစ်ကြပါပေသည်"

ဤအသံကို ကြားရုံနှင့် သဘောရိုး မဟုတ်ကြောင်း ကျွန်ုပ် ကောင်းကောင်း သိလိုက်ပါသည်။ ဤအသံ၏ နောက်ကွယ်မှာ တစုံတခုသော အကြောင်းတခုခုတော့ ရှိနေမည်သား။ သို့ရာတွင် ကျွန်ုပ်တို့သည် မည်သို့မျှ နှုတ်မဟပဲ အိမ်ထဲသို့ ဝင်ခဲ့ကြ၏။ ခင်းကျင်းထားသော နေရာ၌ ကျွန်ုပ်တို့ ထိုင်မိသည့်တိုင်အောင် ဆွမ်း

ဒကာကြီး ဝင်မလာသေးပါ။ သူ့အရှင်မနှင့် စကားပြောနေဆဲ ဖြစ်ပါ၏။

"အရှင်မသည် စကားမတည်လေစွဘကား။ စောစောတုန်းကတော့ အရှင်ဒေဝဒတ်၊ အရှင်ကောကာလိက စသော ပုဂ္ဂိုလ်များကိုသာ ရဟန္တာကြီးများဟု ဆိုခဲ့၏။ အရှင်မဟာ သာရိပုတ္တရာတို့ကိုသာမည ရဟန်းများဟု သင်ဆိုခဲ့၏။ ယခု လောလောဆယ် ဆိုထားသော စကားကို ယခုပင် သင်သည် တပြောင်းကပြန် လုပ်ဘိ၏။ မျက်နှာချင်းဆိုင်မိကာမှ သာမည ရဟန်းဟု ဆိုထားသည်တို့ကို ရဟန္တာကြီးများဟု သင်ပြောလာပြန်၏။ သည်က ရွှေမှာ ဘပည့်တော်တို့ အိမ်ရိပ်ကို မနင်းလာနှင့်တော့"

ဤသို့ ဒေါနှင့် မောနှင့် ပြောပြီးကာမှ သူ့ကိုယ်သူ ဣန္ဒြေဆည်ကာ ဆွမ်းဒကာကြီး ဝင်ရောက်လာပေသည်။

## မြင်ပါလျက်နှင့် ပြောခွင့်မရှိ

ဤသည်ကိုထောက်သောအားဖြင့် ဒေဝဒတ်၏ ခြေလှမ်းများကို ကျွန်ုပ်တို့ အကဲခတ်နိုင်ပေသည်။ ရဟန်းဖြစ်ကာစက ရခဲ့သော စျာန်တန်ခိုးဖြင့် အတွေ့အကြုံမရင့်ကျက်သေးသော အဇာတသတ်မင်းသားကို သိမ်းသွင်း၍ ထားနိုင်ခဲ့၏။ အဇာတသတ် လျှို့ဒါန်းသော ပစ္စည်းများဖြင့် သဘောလွယ်သော ရဟန်းများ၊ ရဟန်းမများကို စည်းရုံး၍ ထားနိုင်ခဲ့၏။ သို့ရာတွင် ဒေဝဒတ်သည် ဤမျှဖြင့် ကျေနပ် ချိမ့်မည်လော။ အဇာတသတ် မင်းသားထံမှ နေ့စဉ်ဆွမ်းအုပ်ငါးရာ ကပ်လာသည့်ကြားမှ မြို့တွင်း ဆွမ်းစားလိုက်နေ

ခြင်းက သူ့အတွင်းစိတ်ကို ဖော်ပြထားပေသည်။မင်းညီ မင်းသား၊ မှူးမတ်များသာမက၊ ရဟန်း–ရဟန်းမများသာမက မြို့တော်ထဲက လူတန်းစားပေါင်းစုံကိုပါ ဆွဲဆောင် စည်းရုံးလို၍ ဖြစ်ပေသည်။

ဤခြေလှမ်းတို့ နောက်ဆုံး ပန်းတိုင်သည် သူ့အချိန်ရောက်မှ ဘွားကနဲ ပေါ်လာမည်ဖြစ်၍ ယခု လောလောဆယ်မှာ ကျွန်ုပ်က တစုံတရာ စကားဦးသမ်းထားရန် မသင့်သေးပါ။ အမြော်အမြင်ကြီးစွာ ဘုရားရှင် ပိတ်ပင်ထားတော်မူခဲ့သည့် အတိုင်း ကျွန်ုပ် နှုတ်ဆိတ်၍ နေရပါဦးမည်။

## ပရိပါစိတ သိက္ခာပုဒ်

မည်သို့ပင်ဖြစ်စေ၊ ရဟန်းမတပါးက နိုးဆော် တိုက်တွန်း၍ ကျွေးသော ဆွမ်းကို ရဟန်းတပါးက စားသောက်ခြင်းသည် သာသနာတော် ပျက်စီးကြောင်းဖြစ်၍ ဘုရားရှင်က ဤ အပြုအမူကို ပိတ်ပင်တော် မူရပေသည်။ သိက္ခာပုဒ် ပညတ်တော်မူရပေသည်။

"စောစောက လူတို့စီမံထားပြီးသည်မှတပါး ရဟန်းမစီမံပေးသော ဆွမ်းကို စားသော ရဟန်းအား ပါစိတ်အာပတ်သင့်စေ"

## မတတ်သာ၍ ငုံ့ခံနေသည်

ဤသိက္ခာပုဒ် ပညတ်တော်မူစဉ်က ဒေဝဒတ်သည် ရှေ့တော်မှောက်မှာ ရှိနေ၏။ ဤအမှု၏လက်သည် အဖြစ်ဖြင့် ဟုတ်တိုင်းမှန်စွာ အငမ်းအစစ် ခံယူရ၏။ ပညတ်တော်မူသော သိက္ခာပုဒ်

ကိုလည်း ပယ်လှန်တားမြစ်ခြင်းမရှိ၊ ဦးခေါင်း ငိုက်စိုက်ဖြင့် ခံယူခဲ့၏။ သို့ရာတွင် ဤသိက္ခာပုဒ်ကို အဟုတ်ဘာကယ် သူ ကျင့်သုံးလိမ့်မည်မထင်ပါ။ ဘုရားရှင်၏ အရိပ်ကို ခိုနေရပါလျက် ဘုရားရှင်ကို တုဖက်လိုစိတ် ရှိနေသူတဦးအဖို့ ဘာဆေးမှ စွမ်းနိုင်မည် မဟုတ်ပါ။ ရွှေတော်မှောက်၌ ငြိမ်ခံနေခြင်းမှာ ဘုရားရှင်၏ အရှိန်အဝါကြောင့်လည်း ဖြစ်ပါလိမ့်မည်။ နောက်ခံအင်အား မပြည့်ဝသေး၍လည်း ဖြစ်ပါလိမ့်မည်။

## တနေ့သောအခါ တော်လှန်မည်

လိုအပ်သော နောက်ခံအင်အားသည် ရာဇဂြိုဟ် နန်းတော်တခုထဲနှင့် မပြည့်စုံသေးပါ။ ရာဇဂြိုဟ် မြို့တော်ကြီးနှင့်တကွ မဂဓတိုင်း တခွင်လုံး သိမ်းကျုံးထားနိုင်သည့်တိုင်အောင်ပင် သူ့ လိုအင်ဆန္ဒ ပြည့်ဝဦးမည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်ကို ကြည်ညိုဆည်းကပ်သော သူတို့သည်တိုင်းအစုံစုံ၊ မြို့အလီလီ၊ ပြည့်အဝဝ၊ နေရာဒေသ အနှံ့အပြား ရှိနေကြသည်ဖြစ်ရာ သူတို့၏ သဒ္ဓါတရား ပျက်ပြားသွားခါမှ သူ့လိုဘပြည့်မည်ဖြစ်၏။ နောက်လိုက် နောက်ပါ သာဝကများ မရှိတော့ခါမှ ဘုရားရှင်ကို အလွယ်တကူ တော်လှန်နိုင်မည် မဟုတ်ပါလော။

ဘုရားရှင်ကို အောင်မြင်စွာ တော်လှန်နိုင်ရေးအတွက် ဒေဝဒတ်၏ လက်ကိုင်တုတ်များသည် ဇာတိချက်ကြွေ မွေးရပ်မြေမှာလည်း ရှိနေကြပေပြီ။ သူတို့အထဲက တယောက်သောသူကို ယခု တင်ပြလိုပေသည်။

## သွားလေရာရာ တုတ်ကလေးပါသူ

သီတင်းသုံးဖော်များ၏ နှုတ်ဖျားက 'သကျသားတော်-သကျသားတော်'ဟူသော ချီးကျူးသံများ ကြားရလေတိုင်း ကျွန်ုပ် စိတ်အာရုံထဲမှာ မကြာမကြာ ပေါ်လာတတ်သော ရုပ်ပုံလွှာကား ဒဗ္ဗပါလကို ဖြစ်ပါ၏။

ဒဗ္ဗပါလကိုဟုဆိုသဖြင့် ဝှေတောင်ဝှေးတချောင်းဖြင့် တလှုပ်လှုပ်သွားနေရသော အဖိုးအိုဘဦးဟု မထင်မှတ်စေလိုပါ။ ဤအမည်ကို ခံယူထားသော အသက် ၂၀ ပတ်ဝန်းကျင် လူပျိုရွယ် တဦးမျှသာ ဖြစ်ပေသည်။ ရွှေပြားကွပ်ထားသော တုတ်ကလေးကို ရမ်းကာ ရမ်းကာ လမ်းတကာ လျှောက်တတ်သူ လူပေါ်ကြော့ တယောက်ဖြစ်၍ ဤအမည်သည် သူနှင့်လိုက်ဖက်လှပါပေသည်။

ထိုစဉ်က ကျွန်ုပ်တို့သည် ဇာတိနယ်မြေက နိဂြောဓာရုံကျောင်းတိုက်မှာ ရောက်နေကြ၏။ ဆွမ်းကိစ္စများ ပြီးစီးလျှင် ဘုရားရှင်သည် နိဂြောဓာရုံ ကျောင်းတိုက်မှ မဟာဝုန်တောကြီးသို့ တပါးတည်း ကြွသွားတတ်၏။ နေ့သယ် နေ့ခင်းတွင် လူသံသူသံ တိတ်ဆိတ်ရာ၌ သက်တောင့် သက်သာ တပါးတည်းနေတော်မူတတ်သည်မှာ ကိုယ်တော်မြတ်၏ အလေ့အလာ ဖြစ်ပေသည်။

မဟာဝုန်တောကြီးအဘွင်းက အရွက်စိပ်သောဥသျှစ်ပင်ရိပ်၌ ထိုင်နေတော်မူစဉ် ဒဗ္ဗပါလကိုသည် သူ့လက်စွဲတော်တုတ်ကလေး

တရမ်းရမ်းဖြင့် ဘုရားရှင်ထံ ချဉ်းကပ်လာ၏။ တရားနာရန်၊ ဘုရားဖူးရန် တမင်တကာ လာခဲ့ခြင်း မဟုတ်ပါ။ရောက်တတ်ရာရာ တောတကာ၊တောင်တကာ လှည့်လည်ယင်းက ဘုရားရှင်ကိုမြင်၍ ခရီးသွားဟန်လွှဲ ချဉ်းကပ်လာခြင်းသာဖြစ်၏။

## တုတ်တရမ်းရမ်းနှင့် နှုတ်ကြမ်းသူ

တခြားသူတွေက သကျမျိုးနွယ်ကို ဂုဏ်တင်နေကြချိန်တွင် သည်သကျ တဦးမှာကား - ဘုရားရှင်ကိုတွေ့၍မျှ ဝပ်ချသူ မဟုတ်ပါချေ။ ရိုရိုသေသေ ချဉ်းကပ်ရကောင်းမှန်း မသိပါချေ။ရှေ့တော်မှောက်သို့ ရောက်လာသည်နှင့် သူသည် သူ့လက်စွဲတော်တုတ်ကို ထောက်လျက်၊ တုတ်ဖျားမှာ လက်နှစ်ဘက် ထပ်၍တင်လျက်၊ လက်ဖမိုးပေါ်မှာမှ မေးကိုထောက်လျက် တကယ့် နွားကျောင်းသား တယောက်ကဲ့သို့ ရိုင်းစိုင်းသော အမူအရာဖြင့် မေးမြန်းလိုက်၏။

"အသင်ရဟန်း၊ သင်သည် မည်ကဲ့သို့ ဆိုလေ့ ရှိပါသလဲ၊ ဘယ်ကဲ့သို့ ဟောကြားလေ့ ရှိပါသလဲ"

ကိုယ်အမူအရာတွင် ရိုသေကိုင်းညွှတ်မှု မပါလာသကဲ့သို့ပင် နှုတ်က ထွက်လာသော စကားတို့မှာလည်း ရင့်ရင့်သီးသီး ရှိကြပါဘိ၏။ ရိုင်းရိုင်းစိုင်းစိုင်း ရှိကြပါဘိ၏။ ဘယ်သူ့ကြောင့် ဤမျှ ရိုင်းစိုင်းနေသည်ကို အထူး တင်ပြနေရန် မလိုပါ။ ရာဇဂြိုဟ်မြို့တော်က ထိုးနှက်လိုက်သော လှံရှည်ကြီးပင် ဖြစ်ပေသည်။

## အမေးရှိလျှင် အဖြေရှိမည်

မည်သူ့ကြောင့် မည်မျှလောက် ရှိင်းစိုင်းသည်ဖြစ်ပါစေ၊မေးလာသူ ရှိလျှင်ကား ဘုရားရှင်တို့မှတ‌ာ အဖြေပေးရပါလိမ့်မည်။ ထို့ကြောင့်–

''ဒကာလေး ဒဏ္ဍပါဏိ။ ငါဘုရားသည် ဤလောကမြေတွင် မည်သူ့နှင့်မျှ ရန်လိုစကား မပြောကြားပေ။ ကာမဂုဏ် အာရုံ မခံမင်သောစိတ်ဖြင့် နေထိုင်သော၊တရားသဘောနှင့်ပတ်သက်၍ ယုံမှားသံသယ လုံးဝကင်းပြီးသော၊ ဘဝကြီးငယ် အသွယ်သွယ်၌ တွယ်တာမှု ကင်းဆိတ်လေပြီးသော ငါဘုရားကို ကိလေသာ အပေါင်းတို့ မကပ်လာနိုင်တော့ပေ။

''ဒကာလေး ဒဏ္ဍပါဏိ။ ဤသို့လျှင် ငါဘုရားသည် ဤသို့ ဆိုလေ့ရှိပေသည်။ ဤသို့ ဟောကြားလေ့ရှိပေသည်''

မေးမြန်းသူက လိုလိုချင်ချင် မရှိသော်လည်း ဖြေကြားသော ပုဂ္ဂိုလ်ကြီးကတော့ တရားဓမ္မအပေါ် လေးစားစိတ် အပြည့်ဖြင့် ဖြေကြားတော်မူပေသည်။

### အမှန်တရားသည် ရန်စကားမဟုတ်

အကယ်၍သာ ဒဏ္ဍပါဏိသည် စဉ်းစားတတ်သူဖြစ်ပါက ဤနေရာမှာပင် အရှင်ဒေဝဒတ်နှင့် ပတ်သက်၍ အမြင်မှန် ရရှိသွားမည် ဖြစ်၏။ 'ငါဘုရားသည် မည်သူနှင့်မျှ ရန်လိုစကား မပြော

F. 16

ကြားပေ’ဟူသော စကားထဲ၌ သူ့ဆရာ ဒေဝဒတ်လည်း အပါ အဝင် ဖြစ်ကြောင်း သူ သဘောပေါက်စရာ ရှိပေသည်။

ရာဇဂြိုဟ်မြို့တော်၌ ဘုရားရှင်မိန့်တော်မူခဲ့ခြင်းမှာ ဒေဝဒတ်၏ လာဘ်လာဘကို မနာလို၍ မဟုတ်ပါ။ သူ့ကို တမင်သက်သက် နှိမ်တော်မူလို၍လည်း မဟုတ်ပါ။ နောင်လာမည့် အရေးအခင်း များကို ကြိုကြိုတင်တင် မြင်တော်မူထားသည့် အလျောက် မထောက်မညှာ မိန့်တော်မူရခြင်းသာ ဖြစ်ပေသည်။

ဤသို့အားဖြင့် ဘုရားရှင်သည် မှန်ကန်ရာကိုသာ ဟောကြား တော်မူ၏။ မည်သူနှင့်မျှ ရန်လိုစကား ပြောကြားတော်မမူပေ။

ဤအနက်အဓိပ္ပာယ်ကို ဒဏ္ဍပါဏိတယောက် သဘောပေါက် ခဲ့ပါသလော။

ဝေးလေစွ၊ ဝေးလေစွ ဟူ၍ပင် ဆိုရပါလိမ့်မည်။

ဘုရားရှင်က ဤသို့ ဖြေကြားတော်မူလိုက်လျှင်ပင် ဒဏ္ဍပါဏိ သည် ပြက်ရယ်လှောင်ပြောင်သောသဘောဖြင့်ခေါင်းကိုခါယမ်း လိုက်၏။ လျှာကို ထုတ်လိုက်၏။ ထို့နောက် နဖူးရေများ တွန့်ရှုံ့ ယင်းက တုတ်တရမ်းရမ်းနှင့် ထွက်သွားပေတော့သည်။ သူသည် လည်း ဒေဝဒတ်သည် နောင်တကို နိဒါန်းပျိုးသူ တယောက်ပါ ပေတည်း။

## နိဒါန်းပျိုးချိန် မာန်သွင်းချိန်

‘နောင်တ’ဟူသည်မှာ နောင်အခါကျမှ စုပ်တသပ်သပ်နှင့် တ,နေ ရသော သဘောဖြစ်၏။ သို့သော် အချိန်အခါ မရောက်လာသေးမီ

မှာကား သူ၏ဇာတိရုပ်ကို မပြတတ်ပါ။ နောင်တ၏နိဒါန်းတွင် မာန်မာနတံခွန်သည် တလူလူလွင့်လျက်ရှိနေ၏။ တန်ခိုးဩဇာ အရှိန်အဝါ ကောင်းလျက် ရှိနေ၏။ အဇာတသတ် မင်းသား၏ အရှိန်အဝါဖြင့် ကျွန်ုပ်တို့ ညီတော်၏ အာဏာစက်သည် မဂဓ နန်းတော်ထဲထိ ဖြန့်ကျက်လာရာက ယခု ကျွန်ုပ်တို့ဇာတိနယ်မြေ ထိ ကျယ်ပြန့်လာချေပြီ။

ကျွန်ုပ်တို့ညီတော် ဒေဝဒတ်သည် ရုပ်တန်းက ရုပ်လိုက်လျှင် ကောင်းလေစွ။ သို့သော် သူ့နောင်တော်ကြီးဘုရား ကိုယ်တော် ဘိုင်က မျက်နှာလွှဲထားသော ကိစ္စတခုကို ကျွန်ုပ် မည်သို့တတ်နိုင် ပါမည်နည်း။ တမျိုးပြီးတမျိုး ပျိုးလာသော နိဒါန်းများကိုသာ ခေါင်းငုံ့ထိုင်ပိတ် ကြည့်နေခဲ့ရပါတော့သည်။ ။

[မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်နှင့် အဋ္ဌကထာ]

* * *

# သာဝတ္ထိ နန်းတော်တွင်းဝယ်

## အကောင်းရော အဆိုးပါ

ရွှေအခန်းများမှာတုန်းက ကောသလမင်းကြီး သဒ္ဓါတရား ထက်သန်ပုံကို တင်ပြခဲ့ပါပြီ။ ယခု ကောသလမင်းကြီး နန်းတော်သို့ ကျွန်ုပ် အဝင်အထွက် ပြုလာရပုံကို တင်ပြပါဦးမည်။

တကယ်တော့ဖြင့် ပြည့်ရှင်မင်းတို့၏နန်းတော်ဟူသည် ကျွန်ုပ်တို့နှင့် မအပ်စပ်။ 'ပြည်ထဲအရေး ပေါက်နှင့်ကျေး'သို့ ရှုပ်ထွေးလှသော အရပ်သို့ မကြာခဏ မသွားသင့်ပါ။ ရဟန်းတို့တုံးစိဆွမ်းခံ ဆွမ်းရပ်ရုံမှ အပ ကြာရှည်သဖြင့် မနေသင့်ပါ။သို့ပါလျက် အကြောင်းတရားများ ဖန်တီးမှုကြောင့် ကျွန်ုပ် မကြာခဏ

ရောက်ခဲ့ရ၏။ ဆွမ်းခံခြင်း၊ ဆွမ်းရပ်ခြင်းမျှဖြင့် မပြီးနိုင်ပဲ နန်းတော်တွင်းမှာ ကြာမြင့်စွာ နေခဲ့ရ၏။ဤသို့နေခဲ့ရသဖြင့် ကောင်းသော အဖြစ်များနှင့် တွေ့ခဲ့ရသလို၊ မကောင်းသော အဖြစ်များနှင့်လည်း မလွဲသာ မရှောင်သာ ကြုံခဲ့ရ၏။ ကျွန်ုပ်၏ တသက်တာကာလ အတွေ့အကြုံကို မှတ်တမ်းတင်နေခိုက်မှာ အကောင်းရော အဆိုးပါ ကျွန်ုပ်တင်ပြရပါဦးမည်။ကောင်းသည်ကို သာဓုခေါ်၍ မကောင်းသည်ကို ရှောင်ရှားနိုင်ကြရန် ဖြစ်ပါသည်။

သာဝတ္ထိနန်းတော်တွင်းသို့ ကျွန်ုပ်ရောက်ခဲ့သော အကြောင်းရင်းမှာ အကောင်းပကတိ ဖြစ်ပါသည်။ သက်ဦးဆံပိုင် ဘုရင်ကြီးသက် ဘုရားရှင်ကို ပို၍လေးစားသော အနာဂါမ် ပုဂ္ဂိုလ်ကြီးဘယောက်က ပို့ဆောင်ပေးလိုက်၍ ဖြစ်ပါသည်။

## ဘုရင့် ဥယျာဉ်တော်ဝယ်

ထိုနေ့က ဘုရားရှင်သည် ကောသလမင်းကြီး၏ ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူခဲ့၏။ မင်းသုံးသော ဥယျာဉ်ဝယ် အများပြည်သူတို့ အခွင့်အလမ်းမပွင့်ရသဖြင့် လူသံသူသံဘိဘိဆိတ်သုဉ်၏။ ထို့ကြောင့် ထိုဥယျာဉ်သို့ ဘုရားရှင် တခါတခါ ကြွတော်မူရာ ကျွန်ုပ်လိုက်ပါ၍ နေရာခင်းပေးခဲ့ရ၏။ထိုနေ့မှာတော့ ကျွန်ုပ်ကိုယ်စား အနာဂါမ်ဒကာကြီး ပါသွားပေသည်။

ဒကာကြီး၏ အတွေ့အကြုံကို ကျွန်ုပ်ကတဆင့် တင်ပြရသော် ဘုရားရှင်သည် အရိပ် ကောင်းလှသော သစ်ပင် အောက်ဝယ် ဒကာကြီးခင်းပေးသောနေရာမှာ ငြိမ်သက်စွာ ထိုင်နေတော်မူ၏။

ဒကာကြီးကလည်း ရှေ့တော်မှောက်မှာ တုပ်ဝပ်လျက်ရှိ၏။ ဆရာ ရော၊ တပည့်ပါ တရားနှလုံးသွင်း၍နေကြခိုက်တွင် ဥယျာဉ်စောင့် ရောက်လာခဲ့၏။ ဥယျာဉ်စောင့်သည် ဘုရားရှင်ကို အဝေးက အရိပ်အခြေပြုကာ အသာပြန်လှည့်သွား၏။ သူ ပြန်သွား၍ တော်တော်ကြာလျှင် ကောသလမင်းကြီး ရောက်လာပေတော့သည်။

ဥယျာဉ်စောင့် စောစောက ရောက်လာခြင်းမှာ ကောသလ မင်းကြီးက လွှတ်လိုက်၍ ဖြစ်ပါလိမ့်မည်။ ဥယျာဉ်ထဲမှာ အရပ်သူ အရပ်သားများ မတော်တဆ ရောက်နေပါက ရှင်းလင်းထားနှင့် ရန် ဖြစ်ပါလိမ့်မည်။ ဤတွင် ဘုရားရှင် ရှိနေမှန်း သိ၍ လုံးဝ အရှင်းမခိုင်းတော့ပဲ ဝမ်းမြောက်ဝမ်းသာ ထွက်လာခဲ့ပါလိမ့်မည်။

## ဘုရင်ကြီးကို အရေးမလုပ်သူ

မိမိ ဥယျာဉ်ထဲမှာ ဘုရားရှင်ကို ဖူးမြင်ရတော့မည်ဟု စိတ်၌ ဝမ်းမြောက်ဝမ်းသာ ထွက်လာခဲ့သော ကောသလ မင်းကြီးသည် ဘုရားရှင်နား ရောက်ခါမှ ခြေလှမ်းများ တုံ့ဆိုင်းသွားရ၏။ ဘုရားရှင့် ရှေ့တော်ဝယ် သူ မမြင်ဖူးသေးသော ဒကာကြီးကို မြင်လိုက်ရ၍ ဖြစ်၏။ သို့ရာတွင် မင်းကြီးသည် ချက်ချင်းပင် ဇွေနွေ ဆည်ကာ ဘုရားရှင်ထံချဉ်းကပ်၍ ရှိခိုးလိုက်ပါသည်။ ဘုရားရှင့် ရှေ့တော်မှောက် ရောက်နေသည်ကို ထောက်ကာ လူဆိုး သူဆိုး မဖြစ်နိုင်ဟု သဘောပေါက်သွား၍ ဖြစ်ပါလိမ့်မည်။

ကောသလတိုင်းကြီးတခုလုံးကို အုပ်ချုပ်နေသူ၊ တိုင်းသူပြည် သား အပေါင်း၏ အသက်ဦးဆံ ပိုင်စိုးနေသူ ဘုရင်ကြီးတပါး

မိမိအနားမှာ ရောက်နေပါလျက် ဒကာကြီးသည် လှည့်၍မျှ မကြည့်ပေ။ ဘုရားရှင်ထံဦးချိထားသောလက်အုပ်ကို မဖျက်ပေ။ မကြုံစဖူး ထူးခြားလှသော ထိုအဖြစ်ကို ကောသလမင်းကြီး အခံရခက်လှပေလိမ့်မည်။

မင်းကြီး၏ မျက်မာန်ဒေါသကို ဘုရားရှင် သိပါလိမ့်မည်။ ထို့ကြောင့်ပင် အမျက်ဖြေသော သဘောဖြင့်-

"မင်းကြီး။ ဤဒကာသည် အကြားအမြင် များ၏။ တရားဒေသနာ မြောက်မြားစွာကို နှုတ်တက်ရထား၏။ ရာဂ ကင်းကွာပြီးသော အနာဂါမ်ပုဂ္ဂိုလ်တဦး ဖြစ်ပေ၏"

ဤသို့ မိန့်တော်မူလိုက်မှ ကောသလမင်းကြီး ကျေနပ်သွားကာ "အလိုရှိရာ တောင်းဆိုပါလှည့်"ဟု ဖိတ်ကြားပေသည်။ ဒကာကြီးကလည်း "ကောင်းပါပြီ အရှင်မင်းကြီး"ဟု လက်ခံထားလိုက်ပေသည်။

## ဒကာကြီးထံမှ တဆင့်

ဤသို့ဖြင့် ရက်အတန်ကြာသွား၏။ တနေ့သ၌ အနာဂါမ်ဒကာကြီး အကြောင်းတခုဖြင့် နန်းတော်အနီးက ဖြတ်သွားရာတွင် ကောသလမင်းကြီးက လှမ်း၍မြင်လိုက်၏။သူ့ ရုပ်သွင်ကို ကောင်းကောင်း မှတ်မိသည်မို့ မင်းချင်းများကို လွှတ်၍ ခေါ်ယူကာ နန်းတွင်းသူများအား တရားဓမ္မ ဟောပြောပို့ချရန် အပ်နှင်းပါတော့သည်။ "အလိုရှိရာ တောင်းဆိုပါ"ဟု ဖိတ်ကြားတုန်းက လက်ခံခဲ့သော ဒကာကြီးသည် ဤတာဝန်ကိုကား လက်မခံပါ။

"အရှင်မင်းကြီး။ ကျွန်ုပ် တတ်ကျွမ်းထားလေသမျှ အရှင်မြတ်တို့ ပို့ချထား၍သာ ဖြစ်ပါသည်။ အရှင်မြတ် တို့ကိုသာ တောင်းပန်သင့်ပါသည်"

ဤသို့ အကြောင်းပြကာ ပယ်လှန်လိုက်သဖြင့် ကောသလ မင်းကြီးက ဘုရားရှင်ထံ ဦးတိုက် လျှောက်ထားရာတွင် ကျွန်ုပ်အား တာဝန်ပေးတော်မူလိုက်ပါတော့သည်။

[ပါစိတ်ပါဠိတော်၊ အဋ္ဌကထာ သိက္ခာပုဒ်]

## ကျွန်ုပ်၏ အကျိုးပေးတခု

ဤတာဝန်ကို လက်ခံလိုက်ရသည်မှာ ဘုရားရှင်၏ အမိန့်တော်ကို လေးစား၍ ဖြစ်၏။ သို့သော် နန်းတော်သူများနှင့် အသိအကျွမ်း ဖြစ်ပြီးချိန်မှာကား-သူတို့ကိုယ်တိုင်က ကျွန်ုပ်ကို အားလုံးသဘောတူ ဆန္ဒပေး၍ ရွေးချယ်ခဲ့ကြသည် ဟူပါ၏။သူတို့က တညီတညွတ်တည်း တောင်းဆိုကြ၍သာ ကောသလမင်းကြီးက ဘုရားရှင်ထံ နာမည်တပ်၍ လျှောက်ထားခြင်း ဖြစ်ပါသည်။

သာသနာ့အရိပ်တော်ထဲဝယ် ရဟန်း၊ရဟန်းမ၊ဒကာ၊ဒကာမ ဟူ၍ အဓိကအားဖြင့် ပရိသတ်လေးမျိုးရှိရာ လေးမျိုးလုံးကိုပင် ကျွန်ုပ် မေတ္တာရှေ့ထား၍ ဆက်ဆံပါ၏။ ကျွန်ုပ်ဆီက မေတ္တာ အသွား ရှိသကဲ့သို့၊ ထို ပရိသတ်များကလည်း ကျွန်ုပ်အပေါ် မေတ္တာတုံ့ပြန်ကြပါ၏။ ထိုအထဲက ထူးထူးခြားခြား အကျိုးပေးသည်ကား - ရောက်လေရာရာ တွင် အမျိုးသမီး ပရိသတ်နှင့် အကျွမ်းတဝင် ခင်မင်ရခြင်း ဖြစ်ပေသည်။

## ကျွန်ုပ်၏ စိတ်နေစိတ်ထား

ဤအကျိုးပေး၏ အကြောင်းတရားကို ရှာသောအခါ အဓိက အားဖြင့် ကျွန်ုပ်၏စိတ်နေစိတ်ထားကြောင့်ဖြစ်ကြောင်း သဘော ပေါက်ပါ၏။ နောင်တော်မြတ်နှင့် နီးနီးကပ်ကပ် နေလာခဲ့သော်လည်း နောင်တော်မြတ်၏ တိကျ ခိုင်မာသော စိတ်သဘော ကျွန်ုပ်မှာ မရှိသေးပါ။ ထို့ကြောင့်ပင် စိတ်နှလုံးထိခိုက်ဖွယ် ကိစ္စ တခုခု ကြုံလာလျှင် ကျွန်ုပ်သည် စိတ်ထားမခိုင်၊ယိမ်းယိုင်ခဲ့ရ၏။ မသင့် မတော်လွန်း၍ ချုပ်တည်းထားသည့် ကြားမှ မျက်ရည် ဖြိုင်ဖြိုင် ကျတတ်၏။ ထို့ပြင် အရှင်မဟာကဿပစသော မထေရ် ကြီးများကဲ့သို့ ကျွန်ုပ်သည် 'မ'ဆိုလျှင် ဝေးဝေးကရှောင်တတ်သူ မဟုတ်ပေ။ လူ့သမိုင်း အစဉ်အဆက် အနှိမ်ခံလာခဲ့ရသူများမို့ ပိုမို၍ပင် ကရုဏာ ထားမိပါသေးသည်။

ဤသို့ဖြင့် အမျိုးသမီးအများစု၏ စိတ်နေစိတ်ထားနှင့် နီးစပ် ခြင်း၊ သူတို့အပေါ် အလေးတမူ အရေးယူ ဆက်ဆံခြင်းများ ကြောင့် အမျိုးသမီးများက ကျွန်ုပ်အပေါ် မေတ္တာတုံ့ပြန်ကြခြင်း ဖြစ်ပါလိမ့်မည်။ အမျိုးသမီးများ သာသနာ့ဘောင် မရောက် ရောက်အောင် ပို့ဆောင်လိုက်ကတည်းကပင် ကျွန်ုပ်အပေါ် အာရုံ စူးစိုက်မိကြဟန် တူပါသည်။

ဤတွင် ကျွန်ုပ်၏ပရိသတ်များ တခုသတိပြုကြရန် ရှိပါသည်။ အမျိုးသမီးများအလယ် ကျွန်ုပ်စန်းပွင့်ခဲ့ပုံများ တင်ပြနေခြင်းမှာ လွန်လေပြီးသော အရသာကို စားမြုံ့ပြန်နေခြင်း မဟုတ်ပါ။ ဤ အကျိုးပေးများကို အများတကာ အားကျလာအောင် သွေး

ဆောင်နေခြင်း မဟုတ်ပါ။တသက်တာမှတ်တမ်းကြီး ဆုံးခါနီးမှာ မလှဲမရှောင်သာ တင်ပြရမည့် အကြောင်းအရာများမှာ ဤအကျိုးပေးများတွင် အခြေခံလျက်ရှိသဖြင့် အကြောင်းသင့်ခိုက် သိသင့်သိထိုက်သော အချက်များမှ တင်ပြနေခြင်း ဖြစ်ပါသည်။

## တနန်းတော်လုံး ကြိမ်မီးအုံးမျှ

ဤသို့စကားခံခဲ့ပြီးနောက် ကျွန်ုပ်ပရိသတ်များအတွက် ရယ်စရာ၊ ပြုံးစရာ ဇာတ်လမ်းတကွက်ကို တင်ပြရပါဦးမည်။ ကျွန်ုပ်တို့ ရဟန်းများနှင့် မပတ်သက်သော ကိစ္စတခုကို ဆောင်ရွက်လိုက်ရ၍ သာ ရယ်စရာဟု ဆိုရပါသည်။အမှန်မှာတော ဤဇာတ်လမ်းမှာ စုံထောက်ဇာတ်လမ်း ဖြစ်ပါသည်။ သဲထိတ်ရင်ဖိုအမျိုးအစားထဲ ကလည်း ဖြစ်ပါသည်။ တနန်းတော်လုံး ကြိမ်မီးအုံးမျှ ခံစားနေရသော ဒုက္ခကြီးကို ကျွန်ုပ်၏ ဖြတ်ထိုးဉာဏ် တချက်ကြောင့် သက်သာရာ ရခဲ့ကြပါသည်။

ထိုဇာတ်လမ်း ဖြစ်ပုံကား ဤသို့ပါတည်း။ ကျွန်ုပ် နန်းတော်တွင်း ဝင်ထွက်မိ၍ မကြာမီမှာပင် မင်းကြီး၏ ပတ္တမြားရတနာ ပျောက်ဆုံးခဲ့၏။ သာမန်ပတ္တမြား မဟုတ်ပဲ မင်းကြီး၏ဆံထုံးမှာ ပန်ဆင်နေကျ ပတ္တမြားကြီးမို့လည်းအမတ်များ ပို၍ အလုပ်ရှုပ်ကြရ၏။မင်းကြီး၏အမိန့်တော်အရ နန်းတွင်းသူများ၊အမှုထမ်းများပါ မကျန် စစ်ဆေး၍ပြီးပေပြီ။ လူကုန်အောင် စစ်ဆေးပြီးပါသော်လည်း ပတ္တမြားကြီးကား ပြန်မရသေး။ပြန်မရသေးလေ၊မင်းကြီး မဲလေ။ မင်းကြီးက မဲလေ၊ အမတ်များက ပို၍နှိပ်စက်လေ။

ကျွန်ုပ်ရောက်သွားသောအခါတွင် တချို့တလေ တော်တော် နာနေချေပြီ။တရားခံ မပေါ်လျှင် သူတို့ပါ ဒဏ်ခတ်ခံရမည်စိုး၍ နန်းတွင်းနေသူ ဟူသမျှကို သဲသဲမဲမဲနှိပ်စက်နေကြ၍ ဖြစ်ပါသည်။ နန်းတွင်းသူများမှာကား ဘုရင့်အချစ်တော်များဖြစ်၍ အရိုက် အနှက် မခံကြရသေးပါ။ သို့သော် ဤအမှုကြီးသာ မပေါ်ပဲ နေပါက သူတို့လည်း သက်သာမည် မဟုတ်ပါ။ အနေမတတ်၊ အပြောမတတ်၍ သံသယ တကွက် ဝင်လာလျှင် အသက်ပါ ပျောက်ကြရမည် ဖြစ်၏။ထို့ကြောင့် ကျွန်ုပ်လာတိုင်း ရှင်ရှင်ပျပျ ရှိနေသူများ ယနေ့ မှိုင်တွေနေကြခြင်းဖြစ်ပေသည်။

## ကျွန်ုပ် နန်းတွင်းစုံထောက်

ကျွန်ုပ် အကဲခတ်မိသမျှ ဤအမှုကို ဤအတိုင်းသာ စစ်ဆေးနေ ပါက နာရာမှ သေကြရုံသာ ရှိတော့မည်။ ခိုးထားသော သူမှာ လည်း အမှုပေါ်လျှင် သေရတော့မှာ တူတူမို့ သူ့ တယောက် တည်း အသေခံမည့် အစား အများနှင့်အတူ သေတော့မည့်ပုံ ပေါ်နေ၏။ ထို့ကြောင့် လတ်တလောပေါ်လာသော ဉာဏ်ဖြင့် ကျွန်ုပ်က မင်းကြီးထံ နည်းပရိယာယ်တခုကို တင်ပြလိုက်၏။

ကျွန်ုပ်၏ အကြံပေးချက်ဖြင့် သက်သမကင်းဖွယ်ရာ လူများကို ရွှံ့ခဲများ ပေးထား၏။ ထိုရွှံ့ခဲများကို မိမိအိမ်မှာ၊ တညသိပ်ထား ကာ နံနက်လင်းခါမှ သတ်မှတ်ထားသောနေရာသို့ပစ်ချထားရန် ဖြစ်၏။ သုံးရက်တိုင်တိုင် ဤနည်းကိုသုံးသော်လည်း အမှုမပေါ် သေးပေ။ ဤတွင်မှ ကျွန်ုပ် နောက်ဘမျိုးထွင်ရပြန်ပေသည်။

ယခင်နည်းတူနန်းက တယောက်၏ အပြုအမူကို တယောက်က မြင်နေ၍ ရွှံ့ထဲမှာ ပတ္တမြားထည့်၍ မပစ်သာအောင် ရှိုခဲ့၏။ ယခုနည်းမှာကား တယောက်ကို တယောက် မမြင်နိုင်တော့ပြီ။ ရေအိုးကြီးတလုံးကို တင်းတိမ်များ ကာရံထားလိုက်ပြီး ဘုရင့် အမိန့်တော်ဖြင့် ထိုအိုးရှိရာဝင်၍ တယောက်ချင်း လက်ဆေး၍ ပြန်လာကြရန် ခိုင်းစေရာ နောက်ဆုံးတွင်ကား ပတ္တမြားကြီးကို ရေအိုးကြီးထဲက ပြန်ရပေတော့သည်။

[ကေကနိပါတ်၊ မဟာသာရဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]

## နန်းတွင်းသူတို့ စေတနာ

ပတ္တမြားကြီး ပြန်ရပြီးနောက် မကြာမီမှာပင် ကောသလ မင်းကြီးထံသို့ အထည်စ တထောင် အပို့အဆက်ရောက်လာ၏။ အသားမှာ ညက်ညော၍ အရောင်အသွေးကား တလက်လက် တောက်ပနေ၏။ ရှုချင့်စဖွယ်တင့်တယ်သောအထည်စများထဲက စိတ်တိုင်းကျ အထည်စ ငါးရာကို ရွေးထုတ်ကာ သူ့ နန်းတွင်းသူ ငါးရာကို ပေးလိုက်၏။ ဘုရင်ကြီးက အနုအယဉ် မြင်လို၊ ရှုလို၍ ပေးမှန်း သိပါလျက် နန်းတွင်းသူများက သူတို့ကိုယ်မှာ မဝတ်ဆင်ကြပေ။ ဆုတော် လာဘ်တော် ရသမျှကို ကျွန်ုပ်ထံ ယူလာခဲ့ကြ၏။ သူတို့ကိုယ်ပိုင် ပစ္စည်းကလေးများဖြင့် တရားတော်ကို ပူဇော်ကြ၏။ ကျွန်ုပ်ကလည်း သင်္ကန်းရှားပါးသောရဟန်းများကို ထောက်ပံ့ရန် ရှိနေ၍ အထည်စ ငါးရာလုံးကိုပင် အလှူခံ၍ လာခဲ့ရပေသည်။ အထည်စများနှင့်အတူကျောင်းတော်ပြန်လာစဉ် လမ်းတလျှောက်

မှာလည်း ဤအလှူ၏ နောက်ဆက်တွဲဇာတ်လမ်းတခု ပေါ်လာဦးမည်ဟု မျှော်လင့်ခဲ့၏။

ကျွန်ုပ် မျှော်လင့်ခဲ့သည့်အတိုင်းပင် ထိုနေ့နံနက်စာ စားပြီးချိန်မှာပင် ကောသလမင်းကြီး ကျောင်းတော်သို့ ပေါက်လာ၏။ ပျောက်ဆုံးသောပတ္တမြားကြီး ပြန်ရစဉ်က အားပါးတရ ချီးမြှင့်ပြုံးခဲ့သော မျက်နှာကြီးသည် ယခုတော့ ပြုံးတော့မည့်မိုး၊ ထိုးတော့မည့် ဆင်နှယ် ဖြစ်နေချေပြီ။ သူ့အချစ်တော်များကို လှလှပပ ကြည့်လို၊ မြင်လိုပါလျက် ကျွန်ုပ်အတွက် အရသာ ပျက်ရသဖြင့် သူ့ခမြာ ခံပြင်းရှာပေလိမ့်မည်။

## ကျွန်ုပ်၏ သက်နိုင်းတရား

ခံပြင်းသောဒေါသနှင့် လာခဲ့သော်လည်း ကျွန်ုပ်တို့ သာသနာတော်ကြီးကိုကား သူ လေးစားမြဲ လေးစားပါ၏။ ထို့ကြောင့်ပင် စိတ်ဆိုးလျက်က ကျွန်ုပ်ကို ရှိခိုးကန်တော့ပါ၏။ကန်တော့ပြီးခါမှ သူ့ဒေါသ စေတသိက်များကို တစချင်း၊ တစချင်း အန်ထုတ်ပါတော့သည်။

"အရှင်ဘုရား။ တပည့်တော်၏ နန်းတွင်းသူများသည် အရှင်ဘုရားထံမှာ တရားနာကြ၊ တရားသင်ကြရာက တစုံတရာ လှူကြသေးသလော"

"လှူကြသည် မင်းကြီး။ သင်္ကန်းလျာ အထည်ငါးရာ လှူလိုက်ကြပါသည်"

"ငါးရာလုံးကို အရှင်ဘုရား အလှူခံပါသလော"

"အလှူခံခဲ့သည် မင်းကြီး"

"တကယ်တော့ဖြင့် ဘုရားရှင်က နှစ်ထပ်၊ကောသ၊သင်းပိုင်ဟူ၍ ဤသင်္ကန်းသုံးထည်ကိုသာ ခွင့်ပြုတော်မူသည် မဟုတ်ပါလော"

"မှန်ပေသည် မင်းကြီး။ ကိုယ်တိုင်ဝတ်ရုံသုံးစွဲရန် ဘုရားရှင်က ဤသင်္ကန်း သုံးထည်ကိုသာ ခွင့်ပြုထားတော်မူသည်။ အလှူခံရာ တွင်ကား အတိုင်းအဆ မရှိပါ။ ထို့ကြောင့်ပင် သင်္ကန်း နွမ်း ပါးသော ရဟန်းများကို ပေးလှူရအောင် အလှူခံခဲ့ရပေသည်"

"ထို ရဟန်းတို့ကကော သင်္ကန်းဟောင်းများကို မည်သို့ပြုကြ ပါသနည်း"

"မင်းကြီး။ နှစ်ထပ်သင်္ကန်းဟောင်းမှ ရတတ်သမျှကို ထုတ် ယူကာ ကောသ ချုပ်ဝတ်ကြပါသည်"

"ကောသဟောင်းများကိုကော ဘုရား"

"ကောသ ဟောင်းများထဲကလည်း ကောင်းသေးသည်များကို စပ်ဟပ်ကာ သင်းပိုင်ချုပ်ဝတ်ကြရပါသည်"

"သင်းပိုင်ဟောင်းများကိုကော ဘုရား"

"သင်္ကန်းအရာ မလောက်တော့လျှင် အိပ်ရာခင်း လုပ်ကြရ ပါသည်"

"အိပ်ရာခင်းများ ဟောင်းသွားတော့ကော ဘုရား"

"သည်တော့လည်း မြေအခင်း လုပ်ရပါသေးသည်"

"မြေအခင်းက ဟောင်းသွားတော့ကောဘုရား"

"ခြေသုတ်ပုဆိုးတော့ လုပ်နိုင်ပါသေးသည်"

"ခြေသုတ်ပုဆိုးက သုံးမရအောင် ဆွေးမြေ့သွားတော့ကော ဘုရား။ မည်သို့ သုံးနိုင်ပါသေးသနည်း"

"သည်တော့လည်း မင်းကြီး။ သဒ္ဒါတရားဖြင့် လှူထားသော ပစ္စည်းကို အလဟဿ အပျက်စီး မခံနိုင်ပါ။ ခြေသုတ်ပုဆိုး အဆွေးကို ဓားနှင့် နုပ်နုပ် စဉ်းကာ မြေညက်နှင့် ဖျော်လျှင် ကျောင်းတိုက်တာ လိမ်းကျံ၍ ရနိုင်ပါသေးသည်"

"ဩော်....ကောင်းသေစွဘကား။ တနိုင်ငံလုံး ဤနည်းစနစ် အတိုင်း လိုက်နိုင်သော် ကောင်းလေစွ။သာသနာ့ဝန်ထမ်း ရဟန်း တော်များထံ ပေးလှူသော ပစ္စည်းမှန်လျှင် ခြေသုတ်ပုဆိုးဖြစ်သည့် တိုင်အောင် အလဟဿပစ်လိုက်ရသည်ဟူ၍ မရှိပါချေတကား"

ဒေါသမျက်မာန်များ လျော့ကျသွားချိန်တွင် ကောသလ မင်းကြီး၏ သဒ္ဒါတရားများက ပြန်လည် ကွန့်မြူးလာပေသည်။ ထို့ကြောင့်ပင် နန်းတော်မှာကျန်ရစ်သေးသော အထည်စ ငါးရာ ပါ ကျွန်ုပ်တို့ သာသနာတော်တွင်းသို့ သက်ဆင်းလာခဲ့ပါတော့ သည်။

[ဒုက နိပါတ်၊ ဂုဏဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]

## အသွားမတော် တလှမ်း

ဘင်ပြခဲ့ပြီးသော အကြောင်းအရာများမှာ ကောင်းတဝက်၊ဆိုး တဝက် ရောနှောနေသည်ကိုတွေ့ကြရပါလိမ့်မည်။ကောင်းသည်ကို ဆောင်၍ မကောင်းသည်ကို ရှောင်ကြရန်သာ ရှိပါတော့သည်။

ယခု ဆက်လက် တင်ပြဦးမည့် အကြောင်းအရာကား ရှောင်ရန် သက်သက်သာ ဖြစ်ပါသည်။

နန်းတွင်းသူတို့၏ဆရာတော်အဖြစ်ဖြင့် ကျွန်ုပ်သည် သာဝတ္ထိ နန်းတော်တွင်းမှာ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာနေခဲ့ရာ တနေ့မှာတော့ ကောသလမင်းကြီး၏ခန်းဆောင်သို့ ရောက်သွား မိ၏။ မင်းကြီးသည် မလ္လိကာမိဖုရားကြီးနှင့်အတူ သလွန်ထက်မှာ မွေ့စက်၍နေ၏။စောစောကသာ ဤအဖြစ်ကိုသိခဲ့လျှင် သိသော နေရာမှ ပြန်လှည့်သွားနိုင်မည် ဖြစ်၏။ ယခုတော့ ကျွန်ုပ်က အမှတ်တမဲ့ ဝင်လာခဲ့မိပေပြီ။ မင်း-မိဖုရားတို့ လွတ်လပ်စွာ စံပျော်နေသည့် ခန်းဆောင်ထဲကိုမှ စွပ်စွပ်ရွတ်ရွတ် ဝင်လာခဲ့မိ ပေပြီ။ ဝင်လာပြီးမှ ရုတ်တရက် ပြန်လှည့်သွားရန်လည်း အခက်။ နန်းတွင်းရေးရာ မတော်မလျော် လုပ်ကြံမည်လောဟု တွေးတော လိုက်လျှင် မခက်ပါလော။

## ကြုံရ ဆုံရ ထိုခဏ

ကျွန်ုပ် ဝင်လာသည်ကို မွေ့စက်နေသောမင်းကြီး မမြင်သေးပါ။ သို့သော် မိဖုရားကြီးကတော့ မြင်သွားပါပြီ။ ကျွန်ုပ်အပေါ် ကြည်ညိုလေးစားသဖြင့် သူ့ခမြာ စက်ရာမှ အလျင်အမြန်ထရှာ ပါသည်။ သို့သော် အကြောင်းမသင့်ချင်တော့ လျော့တိလျော့ရဲ ဝတ်ဆင်ထားသော အဝတ်များ သူ့ကိုယ်ပေါ်မှ လျှောကျသွား ပါသည်။

မိဖုရားခေါင်းကြီး၏ အဝတ်အစားမှ အင်မတန်မှ နူးညံ့လှသည်ဟု ကျွန်ုပ်က အထူးတင်ပြနေရန် လိုမည်မထင်ပါ။နောက်ပြီး သူတို့ခန်းဆောင်ကလည်း အခြားသူများနှင့် လုံးဝ မပတ်သက်။ သက်ဆိုင်ရာအမှုထမ်းများမှာ သတ်မှတ်ထားသော အချိန်မှာမှ ဝင်ခွင့်ရှိကြ၏။ သုတ်သင်ရှင်းလင်းစရာ၊ နေရာထိုင်ခင်း ပြုပြင်စရာ တို့ကို သူ့အချိန်နှင့်သူသာ လုပ်ကြရ၏။သည်အချိန်ကား နေ့လယ် ထမင်းစားပြီး၍၊ မင်း မိဖုရား နှစ်ပါးတို့ ခေတ္တခဏ မှေးစက်ချိန် စည်းစိမ်ရှင်ကြီးတို့ စည်းစိမ်ယစ်၍ ကောင်းသောအချိန်။ သည် အချိန်ကြီးမှာမှ ကျွန်ုပ်က အလိုက်မသိ ဝင်ခဲ့မိပေပြီ။ကျွန်ုပ်အပေါ် ကြည်ညိုလေးစားရှာသော မိဖုရားကြီး မည်သို့ရှိရှာမည်နည်း။

## အပြစ် ၁၀ ပါး သတိထားရန်

အတွေ့အကြုံ တစုံတခု ရှိလာလျှင် ကျွန်ုပ် မြုံ၍ မထား တတ်ပါ။ ဦးစွာပထမ ဘုရားရှင်ကို လျှောက်ထား၏။ သီတင်း သုံးဖော်များကိုလည်း ဖြစ်ကြောင်းကုန်စင် တင်ပြခဲ့၏။ ဤတွင် သီတင်းသုံးဖော်များက ကျွန်ုပ်ကို ကဲ့ရဲ့ရှုတ်ချကြတော့သည်။ 'မင်း မိဖုရားနှစ်ပါးတည်း အိပ်စက်ရာသို့ စောစော အသိပေးမထားပဲ တံခါးခုံလွန်အောင် မဆင်မခြင် ဝင်ရသလော' ဟု အပြစ်တင်ကြ ပါသည်။ ဘုရားရှင်ကလည်း နန်းတော်တွင်းမှာ ဝင်ထွက်သည့် အတွက် ရနိုင်သောအပြစ် ၁၀ မျိုးကိုဟောကြားတော်မူပါသည်။

၁။ ရဟန်းတို့။ မင်းနှင့်မိဖုရားတို့ တတူတကွ ထိုင်နေ ရာသို့ ရဟန်း ဝင်ရောက်လာ၏။မိဖုရားက ရဟန်းကို

ကြည့်ကာ ပြုံးမိရာတွင်လည်းကောင်း၊ ရဟန်းက မိဖုရားကိုကြည့်ကာ ပြုံးမိရာတွင် လည်းကောင်း-မင်းစိတ်ထဲမှာ သက်ာမကင်း ဖြစ်လာတတ်၏။

၂။ ရဟန်းတို့။ အလုပ်ကိစ္စများပြားသော မင်းတို့သည် နန်းဆောင်တခုခုကို ဝင်ပြီးနောက် မေ့မေ့ ပျောက်ပျောက် ဖြစ်တတ်၏။ သူ့ကြောင့် ရလာသော ကိုယ်ဝန်ကို သူ့ဟာဟူ၍ မယုံနိုင်ပဲ နန်းတော်ထဲ ဝင်ခွင့်ရသော ရဟန်းအပေါ် အထင်မှားတတ်၏။

၃။ နန်းတော်တွင်းမှာ ရတနာပစ္စည်း တခုခုပျောက်သောအခါ ရဟန်းအပေါ် အထင်မှားတတ်၏။

၄။ နန်းတော်တွင်းက အရေးကြီးသော လျှို့ဝှက်ချက်များ ပေါက်ကြားရာတွင် ရဟန်းအပေါ် အထင်မှားတတ်၏။

၅။ နန်းတွင်းလုပ်ကြံမှုများ ပေါ်ပေါက်လာလျှင် ရဟန်းအပေါ် အထင်မှားတတ်၏။

၆။ ဘစုံတယောက် ရာထူးတက်သွားသောအခါ မနာလို သူတို့က ရဟန်းကို အထင်မှားတတ်၏။

၇။ တစုံတယောက် ရာထူးကျသွားသောအခါ မကျေနပ်သူတို့က ရဟန်းအပေါ် အထင်မှားတတ်၏။

၈။ အခါမဟုတ်ပဲ စစ်တိုက်ထွက်ရာတွင် မကျေနပ်သူများက ရဟန်းကို အထင်မှားတတ်၏။

၉။ အချိန်အခါကျ၍ စစ်တပ်များချီတက်လာပြီး လမ်းတဝက်မှ ပြန်ဆုတ်လာရာတွင် မကျေနပ်သူတို့က ရဟန်းအပေါ် အထင်မှားတတ်၏။

၁၀။ မင်းတို့၏ နန်းတော်ဟူသည် ဆင်သံ မြင်းသံ ရထားသံ ဆူညံလှ၏။ ရဟန်းတို့နှင့် မလျော်ကပ်သော ကာမဂုဏ် အာရုံတို့ ပေါများလှ၏။

ဤသို့ အပြစ်(၁၀)ပါးကို ထုတ်ဖော်တော်မူပြီးမှ–

"အဘိသိက် သွန်းပြီးသော မင်းနှင့်မိဖုရားတို့ စံပျော်ရာ နန်းဆောင်အတွင်းသို့ စောစောက အကြောင်းကြားမထားပဲ တံခါးခုံလွန်အောင် ဝင်ရောက်သော ရဟန်းအား ပါစိတ်အာပတ် သင့်စေ"ဟု သိက္ခာပုဒ် ပညတ်တော် မူပေသည်။

[ပါစိတ်ပါဠိတော်၊ 'အန္တေပုရ သိက္ခာပုဒ်]'

* * *

# သကျတို့၏ ညနေခင်း

## မာန်မာန၏ နယ်နိမိတ်

ကျွန်ုပ်တို့၏ ဆွေတော် မျိုးတော်များ အားလုံးသည် ခတ္တိယ အနွယ်ဝင်များချည့် ဖြစ်ကြပါ၏။ ရေမြေပိုင်စိုး တန်ခိုးထွားသူတို့ချည့် ဖြစ်ကြပါ၏။ ဤကမ္ဘာမြေပေါ်တွင် သူတို့နှင့် မျိုးတူရိုးတူ ဦးစီး ခေါင်းဆောင်များမှတပါး အခြားသော ဘုန်းသမ္ဘာရှင် တဦးဦးကို ဦးညွှတ်ရန်မရှိပါ။ သူတို့၏ အသက် ဦးဆံကို ပိုင်စိုးသူဟူ၍ လုံးဝမရှိပါ။ မိမိတို့နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို တမျိုးလုံး တဆွေလုံးက စုပေါင်းပိုင်ဆိုင်ထားကြသည် မဟုတ်ပါလော။

မှန်ပါသည်။ဘိုးဘေးဘီဘင် အစဉ်မပျက် ဆက်ကာဆက်ကာ နေထိုင်လာခဲ့ကြသဖြင့် မျိုးရိုးဂုဏ်မောက်သည်ကို ခွင့်လွှတ်လိုက ခွင့်လွှတ်နိုင်ပါသည်။ မောက်ထိုက်၍ မောက်သည်ဟု ဆိုလိုက ဆိုနိုင်ပါသည်။ သို့သော် ထိုသို့သော ဂုဏ်မောက်မှုသည် မိမိတို့ ပိုင်နက်အတွင်းမှာသာ ရှိသင့်၏။ မိမိတို့၏ နယ်နမိတ်ထက် ကျော်လွန်၍ မာနတံခွန် ထူမြှင့်ကြလျှင်ကား အန္တရာယ်ကို ဖိတ်ခေါ်လိုက်ခြင်းပင် ဖြစ်ပေလိမ့်မည်။

## ခမည်းတော်ကြီး၏ အရှိန်အဝါ

ဘကယ်တော့ဖြင့် သကျနိုင်ငံကလေးသည် ဆူးကြားမှာ သီးရသော ဗူးခါးသီးကလေးမျှသာ ဖြစ်ပေသည်။ ပမာဏအားဖြင့် မနှိုင်းယှဉ်လောက်အောင် ကြီးမား၍ စစ်မက်အင်အား တောင့်တင်းလှသော ကောသလတိုင်းကြီးသည် မိမိတို့နှင့် နယ်နမိတ် ချင်းစပ်လျက် ရှိနေ၏။ တိုင်းကြီး၏ အရှင် ပသေနဒီ ကောသလမင်းကလည်း စစ်မက်ရေးရာ ဝါသနာထုံသူ၏။ ကောသလတိုင်း၏ အချက်အချာသာဝတ္ထိမြို့တော်တွင် အနေကြာလာသည်နှင့်အမျှ သည်နိုင်ငံနှစ်ခု၏ ကွာခြားချက်များကို မျက်ဝါးထင်ထင် တွေ့မြင်သာခဲ့ရ၏။ ဤသက်နက်နိုင်ငံကြီး အနီးအပါးက ဂဏအုပ်ချုပ်ရေး နိုင်ငံကလေးတခု ဘေးမသီရန်မခ တည်ရှိခွင့်ရနေခြင်းမှာ ခမည်းတော်ကြီး သုဒ္ဓေါဒန၏ ခေါင်းဆောင်မှု အရည်အချင်းများကြောင့် ဖြစ်ပေသည်။ ယခုဘော့ သည်ခေါင်းဆောင်ကြီးက သကျနိုင်ငံကလေးနှင့်တကွ တလောကလုံးကို မျက်ကွယ်ပြု၍ သွားခဲ့လေပြီ။

လူကြီးများနေရာကို ဆက်ခံနိုင်မည့် မဟာနာမ်ကား ရှိပါ၏။ သို့ရာတွင် ကျွန်ုပ်၏ နောင်တော်ကြီးမှာ ဦးစီးခေါင်းဆောင် လုပ်၍မှမကြာမီ နောက်ကြောင်း မအေးမည့် ရာဇပရိယာယ်တခုကို ပြုမိမှားခဲ့ရှာပေသည်။

## သာဝတ္ထိ၏ နံနက်ခင်း

ထိုစဉ်က ကျွန်ုပ်တို့သည် ဒေသစာရီ လှည့်လည်ရာမှ ကပိလဝတ်မရောက်မီ ဇေတဝန်ကျောင်းတော်မှာ တထောက်နားကြရ၏။ သည်ကျောင်းတော်ကြီး ရောက်လာလျှင်ကား ချက်ချင်းပြန်၍မရတော့ပါ။ ကျောင်းဒကာကြီးများနှင့်တကွ ဒကာ ဒကာမများ၏ သူမတူအောင် ထက်သန်လှသော စေတနာ သဒ္ဓါတရားတို့ကို ထောက်ထားကာ တလတန်သည်၊ နှစ်လတန်သည် နေခဲ့ကြရပေသည်။

ဇေတဝန်ကျောင်းတော်၌ အစဉ်တစိုက် စောင့်ရှောက်နေထိုင်သော သံဃာများနှင့် ကျွန်ုပ်တို့ ခရီးသွားသံဃာများ ပေါင်းမိသဖြင့် သာဝတ္ထိ၏ နံနက်ခင်းများတွင် သင်္ကန်းရောင်ရှိန် ထိန်ထိန်ဝင်း၍ နေပေသည်။ အထူးသဖြင့်ကျောင်းဒကာကြီး အနာထပိဏ်၊ ကျောင်းအမကြီး ဝိသာခါတို့အိမ်များတွင် ဆွမ်းခံ သံဃာ ပို၍များပေသည်။ ဤသို့များခြင်းမှာလည်း အကြောင်းရှိ၍ အကျိုးပေါ်ခြင်းသာ ဖြစ်ပါ၏။

[ဓမ္မပဒ အဋ္ဌကထာ ပုပ္ဖဝဂ် ဝိဋူဋဘဝတ္ထု]

## ဒကာ ဒကာမတို့၏ စံပြအင်္ဂါများ

သည်ဒကာကြီး ဒကာမကြီးတို့သည် သံဃာတော်များအား-

၁။ ပျူပျူငှာငှာ ကြိုဆိုကြ၏။

၂။ မြတ်မြတ်နိုးနိုး ရှိခိုးကြ၏။

၃။ ရိုရိုသေသေ နေရာပေးကြ၏။

၄။ လှူဖွယ်ဝတ္ထု ရှိသမျှကို တံခါးဖွင့်၍ထားကြ၏။

၅။ များများရှိလျှင် ရှိသလိုလှူကြ၏။

၆။ အကောင်းရှိလျှင် အကောင်းကိုသာ လှူကြ၏။

၇။ လှူရာ၌လည်း ဂရုတစိုက်ရှိကြ၏။

၈။ တရားနာရန် ရိုသေစွာချဉ်းကပ်ကြ၏။

၉။ ဟောသောတရားကို လိုလိုချင်ချင် နားဆင်ကြ၏။

ဤသို့အားဖြင့် ဟောန်း သံဃာတို့ ချဉ်းကပ်ထိုက်သော ဂုဏ်အင်္ဂါ ၉ ပါးနှင့် ပြည့်စုံသဖြင့် သူတို့အိမ်များ၌ သက်နိုးရောင် ထိန်ထိန်ဝင်းနေခြင်း ဖြစ်ပေသည်။

[အင်္ဂုတ္တရနဝနိပါတ်၊ သီဟနာဒဝဂ်၊ ကုလသုတ်]

## နန်းတော်သည် သဋ္ဌေးအိမ်နှင့် မတူနိုင်

စောစောပိုင်း ရက်များတုန်းကတော့ ပသေနဒီကောသလမင်းကြီးကလည်း ဤအင်္ဂါ ၉ ပါးနှင့် ပြည့်စုံခဲ့ပါ၏။ ကျော

လူကြီးများနေရာကို ဆက်ခံနိုင်မည့် မဟာနာမ်ကား ရှိပါ၏။ သို့ရာတွင် ကျွန်ုပ်၏ နောင်တော်ကြီးမှာ ဦးစီးခေါင်းဆောင် လုပ်၍မှမကြာမီ နောက်ကြောင်း မအေးမည့် ရာဇပရိယာယ်တခုကို ပြုမိမှားခဲ့ရှာပေသည်။

## သာဝတ္ထိ၏ နံနက်ခင်း

ထိုစဉ်က ကျွန်ုပ်တို့သည် ဒေသစာရီ လှည့်လည်ရာမှ ကပိလဝတ်မရောက်မီ ဇေတဝန်ကျောင်းတော်မှာ တထောက်နားကြရ၏။ သည်ကျောင်းတော်ကြီး ရောက်လာလျှင်ကား ချက်ချင်း ပြန်၍မရတော့ပါ။ ကျောင်းဒကာကြီးများနှင့်တကွ ဒကာ ဒကာမများ၏ သူမတူအောင် ထက်သန်လှသော စေတနာ သဒ္ဓါတရားတို့ကို ထောက်ထားကာ တလတန်သည်၊ နှစ်လတန်သည် နေခဲ့ကြရပေသည်။

ဇေတဝန်ကျောင်းတော်၌ အစဉ်တစိုက် စောင့်ရှောက်နေထိုင်သော သံဃာများနှင့် ကျွန်ုပ်တို့ ခရီးသွားသံဃာများ ပေါင်းမိသဖြင့် သာဝတ္ထိ၏ နံနက်ခင်းများတွင် သင်္ကန်းရောင်ရှိန် ထိန်ထိန်ဝင်း၍ နေပေသည်။ အထူးသဖြင့်ကျောင်းဒကာကြီး အနာထပိဏ်၊ ကျောင်းအမကြီး ဝိသာခါတို့အိမ်များတွင် ဆွမ်းခံ သံဃာ ပို၍များပေသည်။ ဤသို့များခြင်းမှာလည်း အကြောင်းရှိ၍ အကျိုးပေါ်ခြင်းသာ ဖြစ်ပါ၏။

[ဓမ္မပဒ အဋ္ဌကထာ ပုပ္ဖဝဂ် ဝိဋဋူဘဝတ္ထု]

## ဒကာ ဒကာမတို့၏ စံပြအင်္ဂါများ

သည်ဒကာကြီး ဒကာမကြီးတို့သည် သံဃာတော်များအား-

၁။ ပျူပျူငှာငှာ ကြိုဆိုကြ၏။

၂။ မြတ်မြတ်နိုးနိုး ရှိခိုးကြ၏။

၃။ ရိုရိုသေသေ နေရာပေးကြ၏။

၄။ လှူဖွယ်ဝတ္ထု ရှိသမျှကို တံခါးဖွင့်၍ထားကြ၏။

၅။ များများရှိလျှင် ရှိသလိုလှူကြ၏။

၆။ အကောင်းရှိလျှင် အကောင်းကိုသာ လှူကြ၏။

၇၊ လှူရာ၌လည်း ဂရုတစိုက်ရှိကြ၏။

၈။ တရားနာရန် ရိုသေစွာချဉ်းကပ်ကြ၏။

၉။ ဟောသောတရားကို လိုလိုချင်ချင် နားဆင်ကြ၏။

ဤသို့အားဖြင့် ဟောန်း သံဃာတို့ ချဉ်းကပ်ထိုက်သော ဂုဏ် အင်္ဂါ ၉ ပါးနှင့် ပြည့်စုံသဖြင့် သူတို့အိမ်များ၌ သက်နိုးရောင် ထိန်ထိန်ဝင်းနေခြင်း ဖြစ်ပေသည်။

[အင်္ဂုတ္တရနဝနိပါတ်၊ သီဟနာဒဝဂ်၊ ကုလသုတ်]

## နန်းတော်သည် သဌေးအိမ်နှင့် မတူနိုင်

စောစောပိုင်း ရက်များတုန်းကတော့ ပသေနဒီကောသလ မင်းကြီးကလည်း ဤအင်္ဂါ ၉ ပါးနှင့် ပြည့်စုံခဲ့ပါ၏။ ကျော

ဒကာကြီးများကို အားကျစိတ်ဖြင့် ဘုရားရှင်ထံတော်တွင် ဆွမ်းခံသံဃာ ရရှိရန် ကိုယ်တိုင်ကိုယ်ကျ လျှောက်ထားခဲ့သည့် အတိုင်း ရိုရိုသေသေ လောင်းခဲ့လှူခဲ့ပါ၏။ သို့သော် ရက်ကလေး တော်တော်ရလာလျှင်ကား မင်းမှုကိစ္စများ ပေါလာသဖြင့် ဆွမ်းကိစ္စမှာ ကိုယ်တိုင်လာ၍ မစီမံမိ။ စီမံနိုင်မည့်သူကိုလည်း တာဝန်ပေး၍ မထားမိ။

ကျောင်းဒကာကြီးများ အိမ်မှာသာဆိုလျှင် ဤလို ကိစ္စမျိုးအတွက် ကြောင့်ကြနေစရာ မရှိပါ။ အိမ်သူ အိမ်သားများနှင့် အလုပ်သမားများမှာ သံဃာ ဝေယျာဝစ္စ ဆောင်ရွက်နေကျဖြစ်၍ ကောက်ကာ ငင်ကာ လုပ်သွားကြသည်သာ ဖြစ်၏။ ဘယ်သူခိုင်းမှ ဘယ်ဝါခိုင်းမှဟူသော ပြဿနာမျိုး မရှိပါချေ။

ရှင်ဘုရင်တို့၏ နန်းတော်မှာကား ဤကဲ့သို့ မဖြစ်နိုင်ပါ။ မင်းကြီး ကိုယ်တိုင်က တာဝန်မပေးပဲ လုပ်လျှင် မင်းပြစ်မင်းဒဏ် သင့်ပေမည်လားဟု ကြောက်နေရသဖြင့် ရဟန်းများ သပိတ်ချည့် ပြန်ခဲ့ကြရ၏။ ကျွန်ုပ်မှာသာ တာဝန် ပေးတော်မူသော ရွှေမျက်နှာတော်ကို ထောက်ထားရသဖြင့် ဝတ်မပျက်တမ်း သွားနေရပေသည်။

## ဆွမ်းမလောင်းရသော ဆွမ်းဒကာကြီး

တနေ့မှာတော့ ဆွမ်းဒကာ ကောသလမင်းကြီးသည် စောစော စီးစီး ညီလာခံပြီးဆုံးသဖြင့် ဆွမ်းလောင်းရာသို့ ရောက်

လာ၏။ သံဃာတော် ငါးရာအတွက် ချက်ပြုတ်ထားလေသမျှ ဆွမ်း-ဆွမ်းဟင်းများမှာကျွန်ုပ်တသပိတ် လောင်းရုံမျှဖြင့် အရာမျှ မယွင်းပါချေ။ ဆွမ်းလောင်း စင်ပေါ်တွင် သည်အတိုင်းပင် ရှိနေကြ၏။

ကျွန်ုပ် ထင်ထားသည့်အတိုင်း ဆွမ်းစားပြီး၍ မကြာမီပင် ကောသလမင်းကြီး ကျောင်းတော် ရောက်လာပါ၏။ ကျွန်ုပ်မှ တပါး အခြား ရဟန်းများ မလာရောက်ကြခြင်း အကြောင်းကို မေးလျှောက်ပါ၏။

''အရှင်ဘုရား။ တပည့်တော်သည် နေ့စဉ်နေ့တိုင်း သံဃာတော်ငါးရာ ဆွမ်းလောင်းရန် ဖိတ်ကြားထားပါသည်။ ဖိတ်ကြားထားသည့် အတိုင်းလည်း ဆွမ်းများ၊ ဟင်းများ အပြည့်အစုံ စီမံထားပါသည်။ သို့ပါလျက် အရှင် အာနန္ဒာ တပါးဘည်းသာ ကြွတော်မူပါသည်။ တခြား ရဟန်းများမှာ တပည့်တော်၏ နန်းတော်မှာ ဆွမ်းခံဖို့ စိတ်ကူးကလေးမျှ ရှိကြမည်မထင်ပါဘုရား''

ရာဇပလ္လင်ဖြင့် တည်ငြိမ်အောင် ကြိုးစား၍ လျှောက်သည့် ကြားကပင် သူ့အသံမှာ ရာဇမာန်များ စွက်သာကြသေး၏။

## မလောင်းရသော်လည်း ကျေနပ်သည်

ကျွန်ုပ် အမြင်အရ တင်ပြရလျှင် ကောသလမင်းကြီး စိတ်မျက်မာန် ပွားခြင်းမှာ ပွားထိုက်၍ ပွားရသည်ဟုပင် ဆိုချင်ပါ၏၊

ဘုရားရှင် ရှေ့တော်မှောက် ရောက်ထားသဖြင့် ဘုရားရှင် ကိုယ်တော်တိုင်က ဟောတော်မူခြင်း ဖြစ်ရာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဝတ်မပျက်တမ်း သွားကြရမည်သာ ဖြစ်၏။သို့ရာတွင် ဘုရားရှင်က ထိုရဟန်းများကို ပြစ်ဆင်ရှုံ့ချ ပြုတော်မမူပါ။ဆွမ်းဒကာကြီး၏ စိတ်မျက်မာန်ကို အားပေး အားမြှောက် ပြုရာရောက်မည့်စိုး၍ ဖြစ်ပါလိမ့်မည်။

"မင်းကြီး။ ရဟန်းတို့ မလာမရောက်ကြခြင်းမှာ သင်မင်းကြီးကို စိတ်ကွက်ကြ၍ မဟုတ်ပေ။ သူတို့နှင့် သင်မင်းကြီးတို့ အကျွမ်းတဝင် မဖြစ်ကြသေး၍ပင် ဖြစ်သည်"

ဟုတ်မှန်သော အကြောင်းတရပ်တခုကို နားခံသာအောင် မိန့်တော်မူလိုက်သဖြင့် စိတ်မျက်မာန် အစိုင်အခဲများ ကျေပျက်၍ သွားကြ၏။ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့တတွေအား ကျေကျေနပ်နပ်ကြီး ပပ်ချ၍ ပြန်သွား၏။ ချိုချိုမြမြ ပြုံးပန်းပွင့်နေသော သူ့မျက်နှာကြီးသည် ရဟန်းတို့နှင့် အကျွမ်းတဝင် ဖြစ်လာနိုင်မည့် အကြောင်းတခုခုကို စဉ်းစား၍ ရှုံ့ထားဟန် တူပေသည်။

## ကျေနပ်ရခြင်း အကြောင်းရင်းကား

သို့နှင့် ဘုရားရှင်သည် ရည်ရွယ်ရင်းရှိထားသည့်အတိုင်း သာဝတ္ထိမှ ကပိလဝတ်ဆီသို့ ဒေသစာရီ ကြွချီတော်မူခဲ့၏။ ရောက်လေရာ အရပ်တွင် သက်တောင့်သက်သာ နားနေယင်း သိရေး-မြင်ရေး-တရားပေး၍ လာခဲ့ကြရ၏။

ရှာတရှာတွင် ကျွန်ုပ်တို့သည် ကောသလမင်းကြီး၏ အမတ်ကြီးများနှင့် ဆုံမိကြ၏။ မင်းကြီး၏ စေခိုင်းချက်အရ ကပိလဝတ်သို့ သွားကြသူများ ဖြစ်၏။ ကျွန်ုပ်နှင့် အကျွမ်းတဝင် ရှိသူများဖြစ်၍ ဦးချွန်တွဆက်လာကြယင်းက သူတို့ သွားယင်းကိစ္စကို သိလိုက်ရပေသည်။လက်စသတ်တော့ ဘုရားရှင်နှင့် ဆွေမျိုးတော်ချင်၍ပါတကား။ ကျောင်းတော်က ပြန်သွားစဉ် မြင်လိုက်ရသော ပြုံးမျက်နှာကြီးက သည်အကြောင်းပါတကား။

[ဓမ္မပဒ အဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ဝိဋူဍဘ ဝတ္ထု]

## စိတ်ကူးယဉ်သော ရှင်ဘုရင်ကြီး

ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါ ထက်သန်သည်ကား ဟုတ်ပါ၏။ သို့သော် ကြည်ညိုစိတ်များမှာပင် ရပ်တန့်ကာ မရပ်ပဲ ဘုရားရှင်နှင့် ဆွေမျိုးတော်ချင်သည်အထိ ရောက်လာခြင်းကိုကား ကျွန်ုပ်ဘဝင်မကျ နိုင်ပါချေ။ ဘုရားရှင်နှင့် နီးစပ်ရေးတွင် သေးသားတော်စပ်မှုသည် အဓိကမဟုတ်။အသိဉာဏ်ချင်း ဆက်သွယ်နိုင်ရေးသာ လိုရင်းဖြစ်ကြောင်း ကျွန်ုပ် မကြာခဏ ပြောဆိုခဲ့ပေသည်။

သူ့ဘက်ကတော့ သူ့စိတ်ကူးနှင့်သူ ဖြောင့်ဖြူး၍ နေပေသည်။ သကျနွယ်ရင်း မင်းသမီး တပါးပါးကို တောင်း၍ မိဖုရားမြှောက်လိုက်လျှင် ရဟန်း သံဃာတွေ၊ သာမဏေတွေ နန်းတော်မှာ ဝင်ရဲ ထွက်ရဲ ရှိလာကြတော့မည်။ သည် မင်းကြီးသည် တစိမ်းပြင်ပြင်မဟုတ်၊ ဘုရားရှင်၏ ဆွေတော်မျိုးတော် ဖြစ်လာပြီဟု ဆိုကာ အကျွမ်းတဝင် ခင်မင်၍လာကြပေတော့မည်။

## ကိုယ့်အမျိုးစိတ်ဓာတ် ကိုယ်သိသည်

သူ့စိတ်ကူးထဲမှာတော့ ဟုတ်ပါ၏။ သည်စိတ်ကူးကို လက်တွေ့ အကောင်အထည်ဖော်ရေးကိုကား ကျွန်ုပ် တွေးရုံမျှမတွေးရဲပါ။ ကျွန်ုပ်တို့ အမျိုးအနွယ်များ၏ စိတ်ဓာတ်ကို ကျွန်ုပ်က ကောင်း ကောင်းကြီး သိ၍ထားပေသည်။သကျအမျိုးသားတို့၏ သည်တိုင်း သည်ပြည် တည်ထောင်တုန်းကပင် သူများနှင့် အမျိုးမစပ်လို၍ မောင်နှမအချင်းချင်း လက်ဆက်၍လာခဲ့ကြရာ သည်စိတ်ဓာတ် က ယခုထက်တိုင် ခိုင်မြဲနေသေး၏။ ကူးသန်း ရောင်းဝယ်ရေး၊ သူမှုရေးကိစ္စတခုခုဖြင့်သာ အခြားဘိုင်းသားများနှင့် ဆက်ဆံချင် ဆက်ဆံမည်။ အိမ်ထောင်ရေးကိစ္စကား ကိုယ့်အမျိုးအနွယ်ထဲက လုံးဝ မထွက်လိုကြပေ။ အခြား အမျိုးအနွယ် ဆိုပါက မင်း ခကာဇာခ်ကြီးပင် ဖြစ်ပါစေ၊ သူတို့နှင့်ထိုက်တန်သော အိမ်ထောင် ဖက် ဟူ၍ မသတ်မှတ်ကြသူများပါပေတည်း။

## ဆွေရေး မျိုးရေး ကြုံလာလျှင်

ယခုတော့ ကျွန်းနှင့်ဆင် လယ်ပြင်မှာ တွေ့ကြပေပြီ။ ခမည်း တော်ကြီး နေရာကို ဆက်ခံရသော နောင်တော်ကြီး မဟာနာမ် သာ ရာဇပရိယာယ် ကြွယ်ဝပါလျှင် သည်ပြဿနာကို နောက် ကြောင်းအေးအေးနှင့် ဖြေရှင်း၍ရနိုင်ပါ၏။ သကျမျိုးနွယ် သမီး ငယ် တယောက်ကိုမျှ မပေးရပဲ စစ်ဘေး စစ်ဒဏ်ကို ရှောင်ရှားနိုင်

မည့် နည်းလမ်းများကို ရှာလျှင် ရနိုင်ပါ၏။နောက်ဆုံး ဘုရားရှင်ထံ ခြေမြန်တော်လွှတ်၍ ဩဝါဒခံယူလျှင်လည်း ဖြစ်နိုင်ပါ၏။ သာသနာရေးကိစ္စ မဟုတ်စေကာမူ ဆွေတော် မျိုးတော်များနှင့် ပတ်သက်လျှင် ဘုရားရှင် လျစ်လျူရှုထားမည် မဟုတ်ပါ။ ဖြစ်နိုင်သည့် ကိစ္စဆိုလျှင် ကိုယ်တော်တိုင် ပါဝင်ဆောင်ရွက်ခဲ့ရသေးသည် မဟုတ်ပါလော။

## မဟာနာမ် ခြေလှမ်းမှားလေပြီ

ရောဟိဏီမြစ်ရေကို အကြောင်းပြု၍ နှစ်ပြည်ထောင် ရန်မီးပွားခဲ့ရာမှ လက်မဘင်ကလေး လွှတ်မြောက်ခဲ့ကြရသော ဤကိစ္စကို နောင်တော်ကြီး မဟာနာမ် သတိရတန်ကောင်းပါ၏။ ဆွေတော် မျိုးတော်တို့၏ အရေးကိစ္စ ကြုံလာလျှင် ရှေ့တန်းက ရပ်တည်၍ ပေးတော်မူသော ဘုရားရှင်ထံသို့ အထောက်တော် တယောက် ယောက် ရောက်လာတန်ကောင်းပါ၏။ တရွာဝင် တရွာထွက် ခရီးဆက်လာယင်း ရှေ့တူရူမှ ဆုံလာမည့် သူကို မျှော်လင့်ခဲ့ပေသည်။

သကျတို့နယ်မြေပေါ် ခြေချလိုက်သည်နှင့် ကျွန်ုပ်၏မျှော်လင့်ချက်များ ပျက်ပြားခဲ့ရပါတော့သည်။ သကျတို့၏ ဦးစီးဦးကိုင်ဖြစ်နေသော နောင်တော်ကြီး မဟာနာမ်သည် ဝါသဘခတ္တိယာ မည်သော ကျွန်မကို မိမိ၏သမီးလုပ်ကာ သာဝတ္ထိမြို့တော်က သံတမန်များထံ အပ်နှံလိုက်ကြပြီတဲ့။

ရာဇဂြိုဟ်မြို့တော်က သကျသားတော် တပါးသည် ပြုပြင်၍ မရနိုင်သော နောင်တကို အစပျိုးနေချိန်တွင် ကပိလဝတ်မြို့တော်မှ ကျွန်ုပ်၏ ဆွေတော် မျိုးတော်များကသည်း အင်အားကြီးမားသာ ရန်သူကို လက်ယပ်၍ ခေါ်လိုက်မိကြချေပြီ။

သကျတို့၏ ညနေခင်းသည် ကျွန်ုပ် မျှော်လင့်ထားသည်ထက် စောစီးစွာ ရောက်လာခဲ့ချေပြီတကား။

[ဓမ္မပဒ အဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ဝိဋူဋဘ ဝတ္ထု]

* * *

# သကျသားတော်များ

## သာသနာ့ဆွေမျိုးများ

ရှေးပိုင်းကဘင်ပြခဲ့ဖူးသည့်အတိုင်း 'သကျ'ဟူသည်မှာ ကျွန်ုပ်တို့၏ မျိုးရိုးအမည်ဖြစ်၏။ ကျွန်ုပ်တို့ ဆွေတော် မျိုးတော်များ၏ ဂုဏ်ထူးဆောင် အမွေအနှစ် ဖြစ်၏။ ရေမြေပိုင်စိုးသည့် မင်းမျိုး မင်းနွယ်တို့အတွက် တလုလုလှင့်ထူသားသောတံခွန်ဖြစ်၏။ဤတံခွန်ကို ရှေးယခင် ဘိုး, ဘေး, ဘီ, ဘင်များ လက်ထက်မှ စ၍ ကျွန်ုပ်တို့ ဆွေတော် မျိုးတော်များချည့်သာ လွှင့်ထူခဲ့ကြ၏။ ယခုမှာကား ကျွန်ုပ်တို့ ဆွေတော် မျိုးတော်များချည့် မဟုတ်တော့ပါ။ သကျ ဟူသော ဤတံခွန်ကို အမျိုးအနွယ်ပေါင်းစုံ၊ လူတန်းစားပေါင်းစုံ

အသုံးပြုခွင့် ရနေကြပါပြီ။ သာသနာ့ဘောင် ဝင်ရောက်လာသူ တိုင်းသည် 'သကျပုတ္တိယ'(သကျသားတော်)ဟူသော ဘွဲ့နာမံကို ခံယူနိုင်ခွင့် ရနေကြပါပြီ။

'သကျသားတော်'ဟူသော ဘွဲ့နာမံကို ခံယူကြရာတွင် မျိုးရိုး ဇာတိကို စွဲလမ်းသော သဘောကား မပါရှိပေ။ ဘိုး၊ဘေး၊ ဘီ၊ ဘင် အဆက်အနွယ်များကို ကုတ်ကုတ်ကတ်ကတ်ရှာဖွေ၍ သကျ တို့နှင့် အမျိုးစပ်လာကြခြင်းမဟုတ်ပေ။ သကျတို့နှင့် အမျိုးတော် သည်ဟု ဂုဏ်ဖော်လို၍ မဟုတ်မဟပ် လုပ်ဇာတ်ခင်းကြခြင်းလည်း မဟုတ်ပေ။ သကျနွယ်ဖွား ဖြစ်တော်မူသော ဆရာသခင် အရှင် မြတ်ကြီး၏ ကျေးဇူးဂုဏ် အနန္တကို ဦးထိပ်ရွက် ပန်ဆင်သော သဘောသာ ဖြစ်ပေသည်။ သာသနာ့အသီး၊သာသနာ့အမြစ်ဖြင့် မိမိတို့လည်း ဘုရားရှင်နှင့် အမျိုးတော်စပ်လာကြကြောင်း ဖော် ကျူးကြခြင်းသာ ဖြစ်ပေသည်။

ကျွန်ုပ်၏ သီတင်းသုံးဖော်များသည် ဤအမည်၏ နောက် ကွယ်တွင် ဘာတွေရှိနေသည်။ သည်အမျိုး သည်အနွယ်ဝင်တို့၏ စိတ်နေသဘော မည်သို့ရှိသည်ဟု စောကြောခြင်း မပြုကြချေ။ သူတို့အဖို့ သူတို့ကျေးဇူးရှင်ကြီး၏ မျိုးရိုးအမည်ကို သကျဟု သိရ လျှင်ပင် ပြည့်စုံလုံလောက်ပေပြီ။ သည် အမျိုးအမည်ကို ကြားရ သိရသည်နှင့်ပင် သူတို့ဦးခေါင်းထက်မှာ နှစ်သက်မြတ်နိုးစွာ ပန်ဆင်ကြတော့သည်။

ဤသို့ သီတင်းသုံးဖော်များက သကျတို့ကို အမွမ်းတင်လေ၊ ကျွန်ုပ်မှာ စပ်ကြားက အနေရ အထိုင်ရခက်လေ။ဆွေထဲ မျိုးထဲက

အပိုးမသေသော ရဟန်းများ ပေါ်ထွက်လာလေ ကျွန်ုပ်မှာ မျက်နှာပူရလေ။

## ဆွေဂုဏ် မျိုးဂုဏ် မဆောင်သူ

အခြားရဟန်းများသည် သာသနာတော်တွင်း ရောက်ခါမှ 'သကျသားတော်' ဖြစ်ရ၏။ အရှင်ဟတ္ထကမှာကား ထိုသို့မဟုတ်ပေ။ အမိသကျနှင့် အဖသကျတို့မှ မွေးဖွားလာသည့် နေ့မှာပင် သည်အမည်ကို ပန်ဆင်ခွင့် ရခဲ့၏။ ဤသို့ သကျသားတော် နှစ်ထပ်ကွမ်း ဖြစ်ခဲ့သည့်အတိုင်း ကိုယ်နှုတ်နှလုံး စောင့်စည်းမှု ရှိခဲ့ပါသော် ကျွန်ုပ်တို့ ဂုဏ်ယူစရာပင် ဖြစ်ပါလိမ့်မည်။ သို့သော် ဟတ္ထကကား ဆွေဂုဏ် မျိုးဂုဏ်ကို မဆောင်ပါ။ သာသနာတော်ကြီး၏ ကျက်သရေကို မဆောင်ပါ။ ရောက်တတ်ရာရာ သွားတတ်၍ ပေါက်တတ်ကရ ပြောတတ်ဆိုတတ်သူသာ ဖြစ်ပေသည်။ ဤသို့သော အမှုအကျင့်ကြောင့် 'သကျသားတော်များ'ဟူသော ဂုဏ်ထူးဆောင် နာမည်သည် ကဲ့ရဲ့ရှုတ်ချသူတို့၏ နှုတ်ဖျားသို့ သက်ဆင်း၍ သွားခဲ့ရပေသည်။

## အရှင်ဟတ္ထက သွားလေရာ

ကျွန်ုပ်တို့ အများဆုံး နေထိုင်ရာ သာဝတ္ထိမြို့တော်ကြီးတွင် နံနက်ခင်းဆိုလျှင် သင်္ကန်းရောင် ထိန်ထိန်ဝင်း၍ နေပါ၏။ သို့သော် သည်မြို့ကြီးမှာ ကျွန်ုပ်တို့ချည်း မဟုတ်ပါ။ အခြား

အခြားသော ဂိုဏ်းဆရာကြီးများလည်း မျိုးမည်စုံစွာ ရှိနေကြ၏။ သူ့ဆရာနှင့် သူ့ဒကာအသီးသီး ရှိနေကြ၏။ ထိုဂိုဏ်းဆရာကြီးများကို 'တိတ္ထိ'ဟု ကျွန်ုပ်တို့ ခေါ်ဝေါ် သုံးနှုန်းကြရ၏၊ ဤဝေါဟာရကို အသံထွက်ချင်းနီးစပ်သော 'ဒိဋ္ဌိ'နှင့် နားထွေးမသွားဖို့လိုပေသည်။ ဤဝေါဟာရသည် သူတို့ကို ချိုးနှိမ်လိုသောသဘောဖြင့် ဆိုင်းဘုတ်တပ်ပေးထားခြင်း မဟုတ်ပေ။ တိတ္ထိဟူသည်မှာ မိမိတို့ခံယူထားသော တရားသဘောပင် ဖြစ်၍ထိုတရားသဘောကို ခံယူဟောပြောသော ပုဂ္ဂိုလ်များအပေါ်မှာ တင်စား၍ ခေါ်ဝေါ်ထားခြင်းမျှသာ ဖြစ်ပေသည်။

ဘုရားရှင်သည် တိတ္ထိများနှင့် လုံးဝမဆက်ဆံရဟူ၍ တားဆီးပိတ်ပင်မှုပြုတော်မမူပါ။ ဘုရားရှင်ကိုယ်တော်တိုင်ပင် ထိုဆရာကြီးများနေထိုင်ရာသို့ ကြွတော်မူကာ တရားဆွေးနွေးတော်မူတတ်၏။ သို့ဖြစ်၍ တိတ္ထိများထံ ဝင်ထွက်ဆက်ဆံမှုဖြင့် အရှင်ဟတ္ထကအား အပြစ်တင်ရန်မရှိပါ၊ သို့သော် ပက်ကျိများသွားလေရာ အရာနှင့်အကြောင်းကြောင်း ဖြစ်နေတတ်သကဲ့သို့ ဟတ္ထကသွားလေရာမှာလည်း ပြောစရာဆိုစရာတွေ ကျန်နေရစ်၏။ မဲ့စရာ ရွဲ့စရာတွေ ဒုနှင့်ဒေး ဖြစ်နေရစ်၏။

သကျသားတော် အရှင်ဟတ္ထကသည် ငါနှင့်အတူ တရားဆွေးနွေးရာတွင် ကပြောင်းကပြန် လုပ်ဘိ၏။ စကားတခွန်းကို အပြစ်မြင်ကာ ငြင်းပယ်ပြီးကာမှ တဖန်ပြန်၍လက်ခံဘိ၏။ စကားတခွန်းကို အကောင်းထင်ရာ လက်ခံပြီးခါမှ တဖန်ပြန်၍ ငြင်းပယ်ဘိ၏။ စကားတခွန်းဖြင့် အခြားတခွန်းကို ဖုံးလားဖိလား လုပ်တတ်၏။ ကိုယ်တိုင်သိပါလျက် အရှက်မရှိ မုသားဆိုတတ်၏။

သကျတို့၏ သားတော်ဖြစ်သော ဟတ္ထကသည် အဘယ့်ကြောင့် ဤသို့ မဖွယ်မရာ ပြုကျင့်ရပါသနည်း”

တိတ္ထိတို့၏ ကဲ့ရဲ့သံ၊ ရှုတ်ချသံများဖြစ်ပေသည်။ တွေ့ကရာ မြင်ကရာ တရားငြင်းခုံမှု၏ ရလဒ် ဖြစ်ပေသည်။

[ပါစိတ်၊ မုသာဝါဒသိက္ခာပုဒ် ပါဠိတော်နှင့် အဋ္ဌကထာ]

## သံသရာ တဘက်ကမ်းသို့

ဘုရားရှင်သည် မိမိဟောကြားသော တရားတော်ကို ဖောင်နှင့် ဥပမာ ပြုတော်မူခဲ့ဖူးပေသည်။

“ရဟန်းတို့။ ခရီးသွား ယောကျ်ားတယောက်သည် အပြော ကျယ်စွာသော မြစ်ကမ်းပါးမှာရပ်၍ သုံးသပ်လိုက်သောအခါ သူရှိရာဘက်၌ အန္တရာယ် ရန်စွယ်တွေ ပေါများလှ၏။ အခြား တဘက်မှာမူကား အန္တရာယ်ရန်စွယ်များ လုံးဝမရှိပေ။ထိုမြစ်ပြင် ကျယ်မှာ ဖြတ်ကူးစရာလှေလည်းမရှိ၊ တံတားလည်းမရှိ။ ဤတွင် ခရီးသွားယောကျ်ားသည် သစ်တိုဝါးစမြက်မှစ၍ ရတတ်သမျှကို စုစည်း၍ ဖောင်ဖွဲ့ပြီးလျှင် ထိုဖောင်ပေါ်မှာ မေးမှီလျက် လက်နှင့်ကူးကာ ခြေနှင့်ခတ်ကာ တဘက်ကမ်းသို့ ချမ်းသာစွာရောက်ရှိ သွား၏။ ထို ခရီးသွား ယောကျ်ားသည် ဖောင်ကို တစိမ့်စိမ့် ကြည့်ကာ ‘ဤဖောင်သည် ငါ့အပေါ်မှာ ကျေးဇူးများပေစွ တကား။ ဤဖောင်ကိုအမှီပြုကာ ငါသည် ကမ်းဘက်သို့ လှမ်းတက် နိုင်ခဲ့ပြီ။ ငါသည် ဤဖောင်ကို ခေါင်းပေါ်မှာရွက်၍ ဖြစ်စေ၊ ပခုံးပေါ်မှာ ထမ်း၍ဖြစ်စေ သွားလေရာရာ ယူသွားရသော် ကောင်းလေစွတကား’ဟူ၍ စဉ်းစားရာ၏။

"ရဟန်းတို့။ ခရီးသွားယောကျ်ားသည် ထိုသို့စဉ်းစားမိသည့်အတိုင်း ပြုလုပ်ပါလျှင် ထိုဖောင်အပေါ်မှာ ပြုသင့်ပြုထိုက်သောကိစ္စကို ပြုရာရောက်ပါမည်လော"

"မရောက်နိုင်ပါ အရှင်ဘုရား"

## ကူးမြောက်ရန်အတွက်သာ

"ရဟန်းတို့။ တဘက်ကမ်းသို့ ကူးမြောက်ပြီးသော ထိုယောကျ်ားသည် ထိုဖောင်ကို ကုန်းပေါ်မှာ ဆယ်တင်၍သော်လည်းကောင်း၊ ရေထဲမှာ မျှောလိုက်၍သော်လည်းကောင်း သွားလိုရာသို့ ထွက်သွားပါလျှင် ထိုဖောင်ပေါ်မှာ ပြုသင့်ပြုထိုက်သော ကိစ္စကို ပြုရာရောက်ပါ၏လော"

"ရောက်ပါသည် အရှင်ဘုရား"

"ရဟန်းတို့။ ဤသို့သာလျှင်ဖြစ်၏။ ငါဘုရား ဟောကြားသော တရားသည် ဖောင်နှင့်တူ၏။ ညွှန်သလေးဖြာ သံသရာမှ ကူးမြောက်ရေးအတွက်သာ ဖြစ်၏။ သိမ်းပိုက် စွဲလမ်းထားကြရန် မဟုတ်ပေ။ ဖောင်ကို ဥပမာပြု၍ ငါဘုရား ဟောကြားခဲ့သော တရားကို ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် သမထ ဝိပဿနာ တရားကိုပင် အစွဲအလမ်း မထားသောအားဖြင့် ပယ်စွန့်သင့်၏။ သမထ ဝိပဿနာ ဘောင်မဝင်သော တရားကိုကား ဆိုဖွယ်ရာ မရှိတော့ပြီတည်း"

[မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမာသုတ်]

## မကူးခင်က ရွက်နှင့်သည်

ဤဒေသနာတော်အရ တရားဟူသည်မှာ သံသရာတဘက်ကမ်းသို့ ကူးမြောက်ရေးအတွက်သာ ဖြစ်၏။ အတို အရှည် ထိုထို ဤဤ ရွေးချယ်နေရန်မလိုပေ။ မိမိ၏ခန္ဓာမှာ မှန်စွာပြနေသောတရားကို ဘာသားအတိုင်းသိမြင်ရေးသာ အဓိက ဖြစ်၏။ မိမိသဘော ဉာဏ် သက်ဝင်နိုင်သော တရားတပုဒ် ပုဒ်ကို အထောက် အကူပြုကာ ကူးမြောက်ပြီးသော အခါမှာလည်း ဤတရားကိုအစွဲအလမ်း ဖြစ် နေစရာမလို။ ရရှိထားသော လောကုတ္တရာ စည်းစိမ်ကို မြိန်မြိန်ကြီး ခံစား၍ သွားလိုရာ သွားကြဖို့သာ ရှိပေသည်။ အရှင် ဟတ္ထက သည် တဘက်ကမ်းသို့ ကူးမြောက်ရန်ဟူ၍ အများနည်းတူဖောင် ကိုကားဖွဲ့ထားပါ၏။ သို့သော်သူကား တဘက်ကမ်းသို့ မကူးနိုင် သေးပေ။ ဤသို့ မကူးမြောက် နိုင်ခြင်းမှာ ဖောင်၏ အပြစ် မဟုတ်ပါ။ မိမိကစီး၍ကူးရမည့် ဖောင်ကို မကူးရသေး ခင်က ခိုခိုခေါင်းပေါ် ရွက်ထားသောကြောင့် ဖြစ်ပါ၏။

## သွားလေရာရာ ဖောင်ပါ၍

ဖောင်ကြီးကို ခေါင်းပေါ်မှာ ရွက်လျက် ဟတ္ထကသည် ကျောင်း ရှိသမျှ လျှောက်၍လည်း၏။ တွေ့ကရာ မြင်ကရာ ရဟန်းများနှင့် ဖောင်ချင်းပြိုင်၏။ ရဟန်းအများမှာ ဖောင်ကိုယ်စီ ရှိထားကြသော် လည်း ကူးမြောက်ရေးအတွက်သာ အသုံးပြုလျက် ရှိကြ၍ သူနှင့် ပြိုင်စရာ မရှိကြပေ။ ဤတွင် ဟတ္ထကသည် ဇေတဝန် ကျောင်း တော်မှသည် တိတ္ထိများကျောင်းသို့ ရောက်သွားပေတော့သည်။

အကယ်၍ အရှင်ဟတ္ထက သည် ဒေသနာအရာ ကျွမ်းကျင်လိမ္မာသူဖြစ်လျှင် ဤမျှလောက်အရုပ်ဆိုးမည် မဟုတ်ပါ။ မိမိ၏တရားသဘောကိုထင်ရှားအောင် ပြဆိုကာ တဘက်က တင်လာသောပြဿနာတို့ကို ပြေလည်အောင် ဖြေရှင်းနိုင်မည်ဖြစ်ပါ၏။ သို့သော် ဟတ္ထကကား ဝ,မရှိပဲ ငိုလုပ်သူ ဖြစ်၏။ ငိုလုပ်မိ၍ အကျဉ်းအကျပ် တွေ့ပြန်တော့လည်း ဒေသနာ အရာမိမိကျွမ်းကျင်မှုမရှိသေးကြောင်း ရိုးသားစွာဝန်မခံချင်။ ဝန်မခံချင်တော့လည်း ရှေ့တိုးစရာ လမ်းစက မရှိ။ လမ်းစမရှိပဲ ဇွတ်တရွတ် ဆက်၍ပြောလေသမျှ ဝေ့လည် ကြောင်ပတ် ဖြစ်ရ မည်ပင်။ ဤတွင် "သကျသားတော်" အစချီကာ မဲ့သံရွဲ့သံများ ထွက်ပေါ်လာရပေသည်။

ဤသို့သောအသံများ ဆက်ကာ ဆက်ကာ ထွက်မလာစေရန် "သိလျက်နှင့် မုသားဆိုသော် ပါစိတ်အာပတ်သင့်စေ" ဟူသော ပညတ်တော်တခု ထွက်ပေါ်လာရပေသည်၊

[ပါစိတ်၊ မုသာဝါဒသိက္ခာပုဒ်]

## နာမည်ကျော် ဓမ္မကထိက

ဤသို့အားဖြင့် သကျသားတော် အရှင်ဟတ္ထကသည် ဘာချာန်၊ ဘာတန်ခိုး တခုကိုမျှ မရရှိပဲ နာမည်ကြီးလာခဲ့၏။ သကျသားတော် နှင့်ထပ်ကွမ်းများထဲမှ သူ့နည်းတူ နာမည်ကြီးလာသူကား အရှင်ဥပနန္ဒ ဖြစ်ပါ၏။

တကယ်တော့ဖြင့် အရှင်ဥပနန္ဒသည်နာမည်ကျော်ကြားသော ဓမ္မကထိက တပါးဖြစ်၏။ ရုပ်လက္ခဏာမှာ တစုံတရာ ထူးခြားမှု မရှိသော်လည်း သူ့အသံက ကောင်းလှ၏။ ကြားနာရသူတိုင်း နားဝင်ချိုစရာဖြစ်၏။ မှင်မောင်းကောင်းကောင်းနှင့် ဟောကြားသော တရားသည် အားရစရာဖြစ်၏။ အရှင်ဥပနန္ဒသည် သကျသားတော်အများစုကို ဤအရည်အချင်း များဖြင့် ကျော်လွန်ထင်ရှား လာကာ ဤ အရည် အချင်း များနှင့်ပင် ဆက်စပ်၍ နှာခေါင်းရှုံ့စရာ ဖြစ်လာရပေသည်။

သာဝတ္ထိမြို့ဘော်တွင်းမှ လူတယောက်သည် အရှင်ဥပနန္ဒ၏ တရားကို ကြားနာကာ သဒ္ဓါစိတ်များ ကွန့်မြူးလာသဖြင့် ''အရှင်ဘုရား-အလိုရှိရာ မိန့်တော်မူပါ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလေးပါးသော ပစ္စည်းတို့ကို တပည့်တော် လှူဒါန်းပါ၏ဘုရား' ဟု လျှောက်ထား၏။အခြားဓမ္မကထိကများသာဆိုလျှင်ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံထား လိုက်မည် ဖြစ်၏။ အဟုတ် တကယ် လိုအပ်ခါမှ လျှောက်ထားသူ၏ပစ္စည်းအင်အား၊ သဒ္ဓါအင်အားကို ချင့်ချိန်ကာ အလှူခံလာကြမည် ဖြစ်၏။

## လာလာချင်း ဆောက်နဲ့ထွင်း

အရှင်ဥပနန္ဒကား ဤသို့ မဟုတ်ပါချေ။

''တကာ။ လှူလိုသည့် စေတနာ ရှိရိုးမှန်လျှင် ဝတ်လာသော အဝတ်နှစ်ထည်ထဲက တထည်ကို လှူခဲ့ပေတော့''

လျှောက်ထားသူ၏ စကား ဆုံးသည်နှင့် တပြိုင်နက် အလှူခံလိုက်ပါတော့သည်။

အရှင်ဉပနန္ဒမှာ တရားကျင့်သုံးဖို့၊ စာပေပရိယတ် သင်ယူဖို့ ကိုသာ နေ့ရွေလရွေ့ ရွေလာခဲ့၏။ ဤလိုကိစ္စမျိုး ကိုကား—အချိန်မရွေ့တတ်ပါ။ အလှူခံရာမှာလည်း ဘာတွေ ညာတွေချင့်ချိန်နေစရာ မလိုပါ။ တစုံတခုကို အလိုရှိ လာလျှင်ပင် အလှူခံစရာ အကြောင်း ယုတ္တိလုံလောက်ပြီ ဖြစ်ပေသည်။ အလှူခံချိန် ရောက်လာပြီ ဖြစ်ပေသည်။

## အိမ်ရောက်အောင် မဆိုင်းနိုင်

အရှင်ဘုရား။ တပည့်တော်တို့မှာ ဂုဏ်သိက္ခာနှင့်နေရသူများ ဖြစ်ပါ၍ အဝတ်တထည်တည်းနှင့် သွားရလျှင် ရှက်စရာ ကောင်းလှပါသည်။ သို့ဖြစ်၍ အိမ်ရောက်အောင် ဆိုင်းငံ့တော် မူပါ။ အိမ်ရောက်လျှင် ဤ နှစ်ထည်မှ တထည်ကို ဖြစ်စေ၊ သည့်ထက်သာ၍ ကောင်းသော အသည်ကို ဖြစ်စေ အပို့အလှူ လှူတ်လိုက်ပါမည် ဘုရား”

အလိုက်ကမ်းဆိုးမသိ အလှူခံ၍ပင် သဒ္ဓါ မပျက်နိုင်ရှာသော ဒကာ သဌေးက အကျိုးသင့်အကြောင်းသင့် လျှောက်ထားပါ၏။ သို့သော် အရှင် ဉပနန္ဒကား လက်မခံပါလေ။ စိုင်ရှင်က ဘယ်လောက်ပင် ဝဖြိုးနေနေ၊ စိုင်သေကို လက်မလွှတ်သော မုဆိုးကွဲသို့ ဖြစ်နေပေသည်။

ဆရာဒကာ နှစ်ဦးသားတို့သည် သုံးချီသုံးလားမျှ အားစမ်း၍ နေကြ၏။ ဆရာက ချက်ချင်းလက်ငင်း လူ့ဖိုအရေးဆို၏။ ဒကာက ခေတ္တခဏ ဆိုင်းငံ့ပါရန် လျှောက်ထား၏။ နောက်ဆုံးမှာကား–

"တကာ။ သင်သည် အဟုတ်လိုလို လျှောက်ထားပြီးခါမှ မလူပဲ နေဘိ၏။ အဟုတ်တကယ် မလူလိုပဲ အတုအယောင် လျှောက်ထားခြင်းဖြင့် ဘာအကျိုး ရှိပါမည်နည်း"

ဤသို့ ဆရာက အကျပ်ကိုင်လိုက်သဖြင့် ဒကာ့ဘက်က လက်လျှော့လိုက်ရ၏။ ဂုဏ်သရေရှိ အမျိုးကောင်းသားတယောက် ဖြစ်ပါလျက် အပေါ်ဝတ်မပါ။ ခါးဆီးဘလွှာတည်းဖြင့် သူ့ခမြာ ပြန်သွားရရှာပေသည်။

## ပုဂ္ဂိုလ်နှင့် တရားခွဲခြားနိုင်လျှင်

ဤအခြေအနေ ရောက်သည့်တိုင်အောင်ပင် သဒ္ဓေး၏ စေတနာ ပျက်မသွားသေးပါ။ ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား နိမ့်ကျသည်ကို သိရသော်လည်း တရားကိုကြည်ညိုသဖြင့် ပုဂ္ဂိုလ်အပေါ်မှာလည်း သဒ္ဓါသက်ကိုင် ခိုင်မြဲလျက်သာ ရှိပေသည်။ သို့ဖြစ်၍ လမ်းမှ မေးကြမြန်းကြသူများအား အဖြစ်မှန်ကို ပြောရုံသာ ပြောပြခဲ့၏။ တစုံတရာဝေဖန်မှု၊ ကဲ့ရဲ့ရှုတ်ချမှု မပြုခဲ့ပါချေ။ သို့သော် သူ့အသိုက်အဝန်းမှ ပုဂ္ဂိုလ်များကား သူလို ငြိမ်ခံမနေနိုင်ကြပါ။ 'သကျသားတော်များ' ဟူသော ဝေါဟာရဖြင့် အစချီကာ အရှင်ဥပနန္ဒာ၏ အပြုအမူကို ကဲ့ရဲ့ရှုတ်ချသံများ ညံညံစီ၍ လာ

ကြတော့၏။ သူတို့အား ပုဂ္ဂိုလ်နှင့်တရားကို ခွဲခြားလိုက်ကြဟန် တူပေသည်။

## နိဿဂ္ဂိ ပါစိတ်အာပတ်

ဤတွင် ဘုရားရှင်က–

"ဆွမ်းမတော်သော ဒကာကိုလည်းကောင်း၊ ဒကာမကို လည်းကောင်း အဝတ်သင်္ကန်း တောင်းသော ရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်သင့်စေ" ဟု ပညတ်တော်မူရ၏။ ရိုးသားစွာ လျှောက်ထားလာသော သဒ္ဓါတရားကို အလွဲသုံးစား မပြုနိုင်ကြရန် အကာအကွယ် ပေးတော်မူလိုက်ရပေသည်။

နိဿဂ္ဂိ ပါစိတ်အာပတ် ဟူသည်မှာ ရိုးရိုးပါစိတ် အာပတ် များကဲ့သို့ ဒေသနာကြားရုံနှင့် မပြေပျောက်ပေ။ အလှူခံထားသည့် ပစ္စည်းကို ဝိနည်းတော် ညွှန်ပြထားသည့်အတိုင်း ဦးစွာ ပထမ စွန့်ပစ်ပြီး ဒေသနာကြားမှ အာပတ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရပေသည်။

## ပညတ်တော်သည် တရားသေမဟုတ်

အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သော ဤသိက္ခာပုဒ်ကို အခြေအနေအရ တဖန်ထပ်၍ ပညတ်တော်မူပြန်၏။ မူလ ပညတ်ပေါ်မှ ထပ်မံ ပညတ်တော်မူရာတွင် အချို့မှာ မူလက ထက် တင်းကျပ်လာ၏။ တချို့မှာကား မူလကထက် သက်သာ

ခွင့်ရလာ၏။ ဤသည်မှာ ဝိနည်းတော်၏ ဂုဏ်အင်္ဂါပင် ဖြစ်၏။ မူလ ပထမ ပညတ်စဉ်ကာ:င် ဆယ်ပါးသော အကျိုးတရားတို့ တိုးပွားစေရန်ဖြစ်ရာ၊ ထိုအကျိုးတရားတို့နှင့် ဆန့်ကျင်လာလျှင် ပြုပြင်တော်မူရမည်ပင် ဖြစ်ပေသည်။ ယခုလည်း သင်္ကန်း အလု အယက် ခံရသောရဟန်း၊ သင်္ကန်း ပျောက်ဆုံးသော ရဟန်းများ အတွက် သက်ညှာခွင့်ပေးရန် လိုအပ်သဖြင့် ထပ်မံ၍ ပညတ် တော်မူရပေသည်။

[နိဿဂ္ဂိပါစိတ်၊ အညာတက ဝိညတ္တိသိက္ခာပုဒ်]

## နေရာတိုင်းမှာ သူ့လက်ရာ

ဤကား သကျသားတော် အရှင်ဥပနန္ဒ၏ စိတ်ဓာတ် သရုပ် ဖော်တကွက် ဖြစ်၏။ မဟုတ်တာ မဟပ်တာကိုမှ ကုတ်ကုတ် ကပ်ကပ် ကြံကြံ ဖန်ဖန် လုပ်တတ်သည်မှာ သူ့ဝါသီဟုပင် ဆိုရ ပါမည်။ ဝါသီဆိုသော်လည်း အကောင်းတခုမှမပါ။အဆိုးကြီးနှင့် အဆိုးကလေးများသာ ဖြစ်ပါသည်။ သူ့ဝါသီဆိုးများကို ဝိနည်း ဆောင် ပုဂ္ဂိုလ်များထံမှ ကျွန်ုပ်တို့ တမျိုးပြီးတမျိုး ကြားနာ ရ၏။ အမှုသည်ထပ်သော်လည်း အမှုမထပ်ဟု ဆိုရပါတော့မည်။ ပွဲတိုင်းကျော်သည့် ဆဗ္ဗဂ္ဂီတို့ကို အားကျလေသလား မဆိုနိုင်ပါ။

## ဟိုတခါက လူယုံတော်

ဆီလို အပေါက်ရှာတတ်သော အရှင်ဥပနန္ဒနှင့် ဆက်စပ်ကာ အခြောက်တိုက် ဘဝင်မြင့်နေသော ရဟန်းတပါးနှင့် ကျွန်ုပ်၏

ပရိသတ်ကို မိတ်ဆက်ပေးရပါဦးမည်။ သို့သော် သူကား ကျွန်ုပ်၏ ပရိသတ်များအဖို့ မျက်နှာသစ်ကား မဟုတ်ပါ။ အလောင်းတော် မင်းသား ဘဝမှာတုန်းက ဆန္နအမတ်အဖြစ်ဖြင့် သူ့အကြောင်း တချို့တဝက်ကို ပရိသတ်များ ကြားနာဖူးပြီ ဖြစ်ပေသည်။

ဆန္နသည် ကျွန်ုပ်တို့ အမျိုးအနွယ်ထဲကတော့ မဟုတ်ပါ။ အာကာပိုင် အတန်းအစားထဲက မဟုတ်ပါ။ ကျွန်ုပ်၏ အမှုထမ်း အမျိုးအနွယ်ထဲကသာ ဖြစ်ပါသည်။ သို့သော် အလောင်းတော် နှင့်ကား ကျွန်ုပ်တို့ထက် ပို၍ရင်းနှီး၏။ အကျွမ်းတဝင်ရှိ၏။ အလောင်းတော်မင်းသား သွားလေရာသို့ ထက်ကြပ်မကွာ လိုက် ပါရ၏။ အနော်မာသောင်ခြေတွင် သူသည် အလောင်းတော် မင်းသားနှင့် နောက်ဆုံး ခွဲခွာခဲ့ရပေသည်။အမိန့်တော်ကို ဦးထိပ် ရွက်ပန်ဆင်ကာ မျက်ရည်စက်လက် ထွက်ခွာသွားခဲ့ရပေသည်။

## ရဟန်းဖြစ်တော့ ခပ်ခွာခွာ

ပေါင်းဆုံခြင်းသည် ခွဲခွာခြင်း၏ အစဖြစ်သကဲ့သို့ အနော်မာ သောင်ခြေမှာ ခွဲခွာရခြင်းသည်လည်း ပေါင်းဆုံခြင်း၏ အစ ဖြစ်ပေသည်။ မလွဲသာ၍ ခွဲခွာခဲ့ရသူနှစ်ဦးတို့သည် ယခုတော့ သာသနာ့ဘောင်မှာ အတူတကွ ဆုံလာကြပြန်ချေပြီ။တဦးကား ကျွန်ုပ်၏ ကျေးဇူးတော်ရှင်။ တဦးကား ကျွန်ုပ်၏ သီတင်းသုံး ဖော် ရဟန်းတော် ဆန္န။

အလောင်းတော် မင်းသားဘဝက အတွင်း လူယုံတော် ဖြစ်ခဲ့ သော ဆန္နသည် ယခုအချိန်မှာကား ဘုရားရှင်၏ ယုံကြည် စိတ်

ချမှုကို မခံယူနိုင်တော့ပါ။ ဝါတော် နှစ်ဆယ်အတွင်းမှာ ဘုရားရှင်ကို အလျဉ်းသင့်သလို ပြုစုလုပ်ကျွေးသော ရဟန်းများထဲမှာလည်း သူ မပါဝင်ပါ။ ဤသည်မှာ သူက မပါချင်၍ မဟုတ်ပါ။ ဘုရားရှင် ကိုယ်တော်တိုင်က မျက်နှာသာ ပေးတော်မမူသော ကြောင့် ဖြစ်ပေသည်။

လူ့ဘဝတုန်းက အသုံးတည့်ခဲ့သော ဆန္ဒသည် ရဟန်းဘဝ ရောက်ခါမှ အသုံးမကျသော အမှိုက်သရိုက် ဖြစ်လာရ၏။ ရဟန်းများနှင့် မသင့်လျော်သော အမှုများကို မကြာခဏ သူ ပြုတတ်၏။ ကာယကံထဲကရော၊ ဝစီကံထဲကပါ မကောင်းတာဆိုလျှင် မျိုးစုံအောင် ကျူးလွန်ခဲ့၏။ ကုစား၍ မရနိုင်သော အမှုကြီးများ မဟုတ်သေး၍သာ တော်တော့သည်။

## ငါတို့ဘုရား ငါတို့တရား

ယခု လောလောဆယ် မည်သို့ပင်ရှိရှိ ကျေးဇူးရှင်ကြီး အပေါ်မှာ ဟို ယခင်က ပြုခဲ့ဖူးသော သူ့ကျေးဇူးများကို ထောက်ထားကာ သိတင်းသုံးဖော်များက သူ့ကို စိတ်ရှည်လက်ရှည် ပြုပြင် ပေးကြပါ၏။ အမြင်မတော်သော အမှိုက်ပုံများကို ဝိုင်းဝန်း၍ ရှင်းပေးကြပါ၏၊ သို့သော် ဆန္ဒက အပြုပြင်မခံ။ အမှိုက် ရှင်းလာကြသော ရဟန်းများကိုပင် သူက ကြိမ်းလိုက် မောင်းလိုက်ပါသေး၏။

"ငါ့ရှင်တို့။ ပြောတိုင်း ဆိုတိုင်း ငုံ့ခံမည့်သူ ဟူ၍ ငါ့ကို သင်တို့ အဘယ်ကြောင့် မှတ်ထင်နေကြသနည်း။ ပြောချင်း

ပြောလျှင် ငါကသာ သင်တို့ကို ပြောခွင့်ရှိ၏။ ငါတို့၏ အရှင့် သားသည် တရားကိုထိုးထွင်း၍ သိတော်မူခဲ့၏။ ထို့ကြောင့် ဘုရားဟူသည်မှာ ငါတို့၏ ဘုရားတည်း။ တရားဟူသည်မှာ ငါတို့၏ တရားတည်း။နေရာတကာ လှည့်လည်လုပ်တတ်သော သင်တို့ အတွက် ခိုင်းနိုင်စရာကား ဤသို့ဖြစ်၏။ လေမုန်တိုင်းကြီး ပြင်း သန်စွာ တိုက်လာသည့်အခါ တောတကာ တောင်တကာမှ သစ် ရွက်များ လိုက်ပါ၍ စုပုံလာကြသကဲ့သို့၊ တောင်ကျ ချောင်း ရေမှာ မှော်ပင်ကြီးငယ်တို့ စုဝေးလာကြသကဲ့သို့ ဤအတူပင် အမျိုးအနွယ်ပေါင်းစုံ အဆင့်အတန်းပေါင်းစုံမှ ရဟန်း ပြုလာ ကြသော သင်တို့သည် သာသနာတော်မှာ စုပုံလာကြ၏”

မိမိကိုယ်တိုင် မင်းမှုထမ်းဘဝမှ လာခဲ့ရသည် ဖြစ်ပါလျက် အခြား ရဟန်းများကို နှိုင့်ထက်စီးနင်း ဆိုခဲ့သေး၏။ လူ့ဘဝမှာ ဘုန်းကံလို သခင်ဘုန်းကြီးရှိနှင့် ကျွန်ခဲ့ပြီးသည်ဟု မှတ်ထင် နေသလား မသိပါ။

## ဆေးကု၍မရသော ရောဂါ

သူ့စကားထဲမှာ ပါသည့်အတိုင်း သူ့အတွက် သခင်သည် တရားကို ထိုးထွင်း၍ သိခဲ့သည်မှန်ပါ၏။ ဤသို့ အရှင်သခင်က တရား သိကာ ဘုရားဖြစ်သည်နှင့် သည်ဘုရားသည် သူတပါးတည်းပိုင် ဖြစ်ပါမည်လော။ သည်တရားသည် သူတပါးတည်းအတွက် ဖြစ် ပါမည်လော။သာမန် စဉ်းစားဉာဏ် ရှိသူတိုင်းပင် သူ့အကြောင်း ပြချက် မခိုင်လုံသည်ကို သိနိုင်ကြပေသည်။ အရှင်သခင့်အတွက်

အခြောက်တိုက် ဘဝင်မြင့်နေသည်ကို သဘောပေါက်နိုင်ကြပေသည်၊

လောကဥ္ မျက်စိမှာ တိမ်သလ္လာ ဖုံးနေသူများကို သမားတော်ကြီးများ ကုစားရဲ့ ပေးနိုင်ကြ၏။ တိမ်သလ္လာကို ဖယ်ရှားကာ အမြင်အာရုံ သန့်ရှင်းကြည်လင်လာအောင် ဆောင်ရွက်ပေးနိုင်ကြ၏။သို့သော် မမြင်ချင်၍ တမင်မှိတ်ထားသော သူများကိုကား သမားတော်ကြီးများ မတတ်နိုင်ပါ။ကျွန်ုပ်တို့၏ ဆန္ဒမှာသည်း တမင်မှိတ်ထားသူ ဖြစ်ပေသည်။

## ရှေ့တော်မှောက်သို့ ပို့ရပြီ

မျက်စိမှိတ်ကာ သွားလိုရာသွားသဖြင့် ခလုတ်ကန်သင်း တိုက်မိသည်မှာ အဆန်း မဟုတ်ပါ။ သို့သော် သူသည် သာသနာတော်ကြီးမှာ အထီးတည်း နေသူမဟုတ်ပေ။ ရှိရှိသမျှ ရဟန်း သံဃာတော်များသည် တသွေးတည်း တသားဘည်းအဖြစ်ဖြင့် ရပ်တည်နေကြရ၏။ အချင်းချင်း ပြောဆိုဆုံးမမှု၊ အာပတ်များကို ဝိုင်းဝန်းကုစားပေးမှုဖြင့် သံဃာ့ပရိသတ်ကြီး တိုးတက်ကြီးထွားလာရ၏။ ယခု ဆန္ဒ၏ အပြုအမူကား သံဃာ့ပရိသတ် ကြီးထွားဖို့မဟုတ်ပေ။ တနေ့တခြား ဆုတ်ယုတ်လျော့ပါးစေဖို့သာ ဖြစ်၏။

ဤသို့သော အခြေအနေကို သိထားကြသဖြင့် သီတင်းသုံးဖော်များသည် ဆိုနိုင်ခက်သော ဆန္ဒအား ရှေ့တော်မှောက်သို့ အရောက်ပို့ကြရာ ဘုရားရှင်က 'သုံးကြိမ် သုံးခါ ဆုံးမပါလျက်

ဆက်လက်ခက်ထန်နေလျှင် သံဃာ ဒိသိသ်အာပတ် သင့်စေ’ဟု ပညတ်ချက် ထုတ်ပြန်တော်မူရပေသည်။

သံဃာ့ ဒိသိသ်ဟူသည်မှာ သည်အာပတ် ကုစားရာတွင် တာရှည်လှ၏။ တာဝန်ကြီးလေးလှ၏။ အစ အလယ် အဆုံး သုံးပါးလုံးတွင် သံဃာက ဝိုင်းဝန်းကူညီပါမှ အာပတ်မှ လွတ်ငြိမ်းခွင့် ရ၏။ ထို့ကြောင့် သံဃာ ဒိသိသ်ဟု အမည်တွင်ခြင်း ဖြစ်၏။ ပါရာဇိက အာပတ်ကြီးများအပြီးတွင် အဖြစ် အကြီးဆုံးသော အာပတ်များ ဖြစ်ပေသည်။

[ပါရာဇိကကဏ္ဍ၊ သံဃာဒိသိသ်၊ ဒုဗ္ဗစသိက္ခာပုဒ်]

## သည်ဘက်ကပိတ် ဟိုဘက်ကထွက်

ဤအမိန့်တော် ထုတ်ပြန်လိုက်သဖြင့် အရှင်ဆန္နမှာ ယခင်ကလို နိုင့်ထက်စီးနင်း မပြောနိုင်တော့ပါ။ သို့သော် သူလည်း အရှင်ဥပနန္ဒနှင့် မခြားလှပေ။ သည်လမ်းကပိတ်ထားလျှင် ဟိုနေရာက ဖောက်ထွက်သူသာ ဖြစ်၏။ သူဖောက်လေသမျှကို ဘုရားရှင် လိုက်၍ ပိတ်တော်မူရသည်မှာ ကုသိနာရုံ အင်ကြင်းစုံမှ ညောင်စောင်းပေါ် ရောက်တော်မူသည်အထိ ဖြစ်၏။ ဤအကြောင်းကို ထိုနေရာရောက်မှ ဆက်လက်၍ တင်ပြပါတော့မည်။

အခြားရဟန်းများက သကျသားတော်အဖြစ်ကို ဂုဏ်ယူနေကြစဉ်တွင် ဤ အရှင်သုံးပါးကား သကျသားတော် နှစ်ထပ်ကွမ်း

ဖြစ်ပါလျက်၊ သကျတို့နှင့် အရင်းနှီးဆုံး ဖြစ်ပါလျက် သကျ. ဂုဏ်ကို မဆောင်ကြပေ။သို့သော် သူတို့ကား သာသနာတော်ကြီး လက်လွှတ် ဆုံးရှုံးသည်အထိကား ရောက်မသွားကြပါ။ သူတို့ အမှုကို သူတို့ကိုယ်တိုင်က မှားမှန်း သိလာသောအချိန်တွင်ကား သူတို့ဘာသာ ပြုပြင်၍ သွားကြမည် ဖြစ်၏။ မိမိအမှုကို မိမိ ကိုယ်တိုင်က မှားမှန်းသိပါလျက် ပြုပြင်ခွင့် မရတော့သူနှင့်စာလျှင် သူတို့ကို တော်သေးသည်ဟု ဆိုရပေပါလိမ့်မည်။ ။

* * *

# ကျောင်းကြီးပေါ်က တံစူးဝါးများ

## ဝင်လာတုန်းက အကောင်းသား

သာသနာ့ဝန်ထမ်း ရဟန်းဘဝ ရောက်လာပါလျက် စိတ်နှလုံး မငြိမ်သက်သော ရဟန်းများကို ဘုရားရှင်က တံစူးဝါးနှင့် ဥပမာ ပေး၍ ရှုတ်ချတော် မူခဲ့ပေသည်။

"ရဟန်းတို့။ အသက်မွေးမှု ဟူသမျှတွင် ခွက်လက်စွဲ၍ တောင်းစားရခြင်းသည် အယုတ်နိမ့်ဆုံး ဖြစ်၏။ ထို့ကြောင့်ပင် လူတို့ ရပ်ရွာတွင် 'သင်သည် ခွက်လက်စွဲ၍ တောင်းစား ရပါစေ သတည်း' ဟု ကျိန်ဆဲတတ်ကြ၏။ ထိုမျှလောက် ယုတ်နိမ့်သော

အသက်မွေးမှုကိုပင် အမျိုးကောင်းသားတို့သည် အကျိုးတရားကို မျှော်ရှု၍ အမှန်အမြတ် ထားကြကုန်၏။

"သူတို့တတွေ သပိတ်လက်စွဲ၍ ဆွမ်းခံစားနေကြခြင်းမှာ မင်းဘေးကြောင့်လည်း မဟုတ်။ ခိုးသား ဒမြ နှိပ်စက်၍လည်း မဟုတ်။ သူ့ကြွေး သူ့မြီ မပေးဆပ်နိုင်၍လည်း မဟုတ်။ ကူးစက်ရောဂါ စသော ဘေးကြီးသင့်၍လည်း မဟုတ်။ အသက်မွေးမှု ကျပ်တည်းသောကြောင့်လည်း မဟုတ်။စင်စစ်သော်ကား သံသရာဘေး အပေါင်းမှ လွတ်ကြောင်း ရှာကြခြင်းသာ ဖြစ်၏။ ဤသို့ ကျင့်သုံးခြင်းဖြင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ကိုယ်ရောစိတ်ပါ ဆင်းရဲ ပင်ပန်းရခြင်း တည်းဟူသော ဘေးဒုက္ခအပေါင်းမှ လွတ်ရာ လွတ်ကြောင်း ရလိမ့်မည်ဟု မျှော်လင့်ကာ သာသနာတော်တွင်း ဝင်လာကြခြင်းဖြစ်၏"

## ကျောင်းပေါ်ရောက်မှ အသုံးမကျ

"ဝင်လာစဉ်တုန်းက ဤသို့သော စိတ်သဘောအမှန်ဖြင့် ဝင်လာခဲ့သော အမျိုးကောင်းသားသည် သာသနာတော်တွင်း ရောက်သည့်နောက်မှာကား လူဝတ်တုန်းက စိတ်ထားများနှင့် မခြားပဲ ရှိနေပြီအံ့။ လောဘတွေ၊ ဒေါသတွေ ပွားစည်းနေပြီအံ့။ သတိသမ္ပဇဉ်ဉာဏ် မယှဉ်ပဲ နေပြီအံ့။ စိတ်မတည်ငြိမ် ဣန္ဒြေမရပဲ နေပြီအံ့။ ထိုအမျိုးကောင်းသားသည် လူ့စည်းစိမ်ကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရ၏။ရဟန်း စည်းစိမ်ကိုလည်း ပြည့်ပြည့်

ဝဝ အရမယူနိုင်။ ဥပမာအားဖြင့် လူသေကောင်ဖုတ်ကျည်း သင်္ဂြိုဟ်ရာတွင် အသုံးပြုသော တံစူ ဝါးသည် အရင်းရော အဖျားပါ မီးလောင်ထား၏။ အလယ်မှာလည်း မစင်လူးလျက် ရှိ၏။ ထိုတံစူးဝါးသည် ရွာထဲမှာ ထင်းဆိုက်ဖို့လည်း အသုံးမကျ၊ တောထဲမှာ တဲထိုးဖို့လည်း အသုံးမဝင်။ ထို့အတူပင် ရဟန်း ဖြစ်ပါလျက် စိတ်နှလုံး မငြိမ်သက်သော ရဟန်းသည် လူ့စည်းစိမ်၊ ရဟန်းစည်းစိမ် နှစ်ဘက်လုံးမှ ဆုံးရှုံးရသည်သာဖြစ်ပေသည်"

[ဣတိဝုတ်၊ တိကနိပါတ်၊ ဇီဝိကသုတ်]

## ဆဗ္ဗဂ္ဂီ အုပ်စုဝင်များ

ရှေ့အခန်းမှာတုန်းက သကျနွယ်ဖွား ဖြစ်ပါလျက်၊ သကျတို့နှင့် လက်ပွန်းတတီး နေခဲ့ရပါလျက် အကျိုးနှစ်ဘက်လုံး ဆုံးရှုံး ခဲ့ရ သူများကို တင်ပြခဲ့ပါပြီ။ ယခု အကြောင်းဆက်သည့် အလိုက် သူတို့၏ အသင်းအပင်းများကို တင်ပြရပါဦးမည်။ စံနမူကောင်း ပြခဲ့ကြသော ပုဂ္ဂိုလ်ကြီးများကို အတုယူကြပြီးလျှင် အဆိုးဘက် ကို ရှောင်ကြဉ်နိုင်ကြရန် ဖြစ်ပါသည်။

သာသနာတော်တွင်းက အဆိုးအုပ်စုကို ပြောကြစို့ဆိုလျှင် ဆဗ္ဗဂ္ဂီများအကြောင်း မပါပဲ မဖြစ်နိုင်ပါ။ သူတို့ ခြောက်ပါး အုပ်စုထဲမှ မေတ္တိယနှင့်ဘုမဇကတို့ တတွဲကို စောစော တနေရာမှာ တုန်းက တင်ပြခဲ့ပါပြီ။ မလ္လမျိုးနွယ် အရှင် ဒဗ္ဗအား မဟုတ် မတရား စွပ်စွဲမှုနှင့်ပတ်သက်၍ ဖြစ်ပါသည်။ သူတို့အထဲ နောက်

ထပ် တင်ပြရမည့်သူတို့မှာ ပဏ္ဍုကနှင့်လောဟိတကတို့ အတွဲ ဖြစ်ပါသည်။

## တို့မီး ရှို့မီး မလုပ်ကြရန်

သူတို့နှစ်ပါး ကျော်ကြားသည်ကား တို့မီး ရှို့မီး လုပ်တတ်ကြ၍ ဖြစ်၏။ သူတို့သည် တွေ့ကရာ ရဟန်းများနှင့် ရန်ဖြစ်ကြ၏။ငြင်းခုံကြ၏။ စကားများကြ၏။ သံဃာတော်များ အေးချမ်းစွာ မနေရအောင် နှောင့်ယှက်ကြ၏။ ထို့ပြင်မက သူတို့နည်းတူ ဆူပူတတ်သော ရဟန်းများကိုလည်း မြှောက်ထိုးပင့်ကော် လုပ်တတ်ကြသေး၏။

"အရှင်ဘုရားတို့၊ ဤရဟန်းကို အရှင်ဘုရားတို့ အရှုံးမပေးကြစမ်းပါနှင့်။ 'အင်အားရှိသမျှ ရဟန်းအပေါင်းကို တိုင်ပင်ကြပါဦး၊ ဤရဟန်းထက် အရှင်ဘုရားတို့က ဉာဏ်ပညာ ကြီးမားကြပါသည်၊ အကြားအမြင် များကြပါသည်။ စွမ်းရည်သတ္တိရှိကြပါသည်။ အရှင်ဘုရားတို့ မကြောက်ကြပါနှင့်။ တပည့်တော်တို့က အရှင်ဘုရားတို့ဘက်မှာ ပါကြပါမည်"

ဤကဲ့သို့ အားပေး အားမြှောက် ပြုကြသဖြင့် အမှုသစ်များ သပ်ခနားတမ်း ပေါ်ပေါက်လာကြရ၏၊ ငြိမ်းခါနီးသော အမှုဟောင်းများသည်လည်း ထိန်းမနိုင် သိမ်းမရဖြစ်အောင် ကြီးထွား လာကြရ၏၊ ဤတွင် ဘုရားရှင်က သူတို့နှစ်ပါးကို ခေါ်ယူ၍ ရှုတ်ချကဲ့ရဲ့တော်မူကာ တဇ္ဇနီယကံဖြင့် သူတို့နှစ်ပါးအား ဒဏ်ခတ်ရန် အမိန့် ချမှတ်တော်မူရပေသည်။

[စူဠဝဂ်၊ ကမ္မက္ခန္ဓက၊ တဇ္ဇနီယကမ္မ]

## ရဟန်းသတင်း ရဟန်းချင်ဆောင်

ပဏ္ဍုကတို့အတွဲမှာ ကျွန်ုပ်တို့နှင့်အတူ ဇေတဝန်ကျောင်းတော်မှာ ရှိခိုက်မို့ သူတို့အမှုကို အချိန်မကြာပဲ ငြိမ်းသတ်နိုင်ကြ၏။ အသင်နှင့် ပုနဗ္ဗသုကတို့၏ အမှုကိုကား တော်တော်နှင့် မငြိမ်းနိုင်ပါ။ သူတို့ ကျောင်းထိုင်သော ကိဋာဂိရိရွာကြီးသည် ဇေတဝန်ကျောင်းတော်နှင့် ဝေးကွာလှ၏။ ချောင်ကျလွန်းသော အရပ်ဖြစ်၍ အရှင်မဟာသာရိ ပုတ္တရာ စသော မထေရ်ကြီးများလည်း အရောက်အပေါက် မရှိလှပေ။ ဤသို့သော အခြေအနေကြောင့် ပင် ထိုရွာကို အသဉ်တို့က တမင်တကာ ရွေးချယ်၍ ကျောင်းထိုင်နေကြခြင်း ဖြစ်ပေသည်။

သံဃာတော်များ၏ မျက်ကွယ်မှာ တသက်တာလုံး ထင်ရာ စိုင်းနေရန် ရည်မှန်းထားကြသော်လည်း သူတို့ ရည်မှန်းချက် မအောင်မြင်ပါ။ ကာသိတိုင်းက ရွာတရွာမှာ ဝါဆိုခဲ့သော ရဟန်းတပါးထံမှ သူတို့၏ သတင်းဆိုးများ ဇေတဝန် ကျောင်းတော်အရောက် ပေါက်ကြား လာပါတော့သည်။

## ရဟန်းတော်ကို မကြည်ညို

ထိုရဟန်းသည် သာဝတ္ထိမြို့တော်သို့ ဘုရားဖူးရန် အလာတွင် ထိုရွာမှာဝင်၍ ဆွမ်းခံခဲ့သည် ဆိုပါ၏။ ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်၍ လေးတောင်ခန့်မျှသာ မြင်သာအောင် မျက်လွှာချ၍ ဆွမ်းခံ

ဝင်ခဲ့သည်ဆိုပါ၏။သာဝတ္ထိမြို့တော်ကြီးဝယ် ဤလို ဗုဒ္ဓသိက္ခာပြည့်ဝသော ရဟန်းမျိုးအတွက် ဆွမ်းရရေး မခက်ပါ။ ဗုဒ္ဓသိက္ခာကို ကြည်ညိုတတ်ပြီးသော ဒကာ-ဒကာမ အပေါင်းက သူ့ထက်ငါ လောင်းလှူကြပါလိမ့်မည်။ သို့သော် အဿဇိတို့ စိုးရိမ်ရာ ကိဋာဂိရိရွာမှာကား ဤသို့ ဗုဒ္ဓသိက္ခာရှိနေလျှင် ငတ်ဖို့သာ မြင်ပေတော့။

''သည်ရဟန်းက ဘယ်လိုကြီးပါလိမ့်၊ သူ့ အမူအရာက မသွားချင့်သွားချင်။ အားအင်ချိနဲ့သော လူမမာနှင့် တူလှ၏။ နောက်ပြီး သူ့ မျက်မှောင်ကြီးကလည်း ကုပ်နေလိုက်သေး၏။ ဤလို ရဟန်းမျိုး ဆွမ်းခံကြွရဲကော မည်သူက လောင်းချိမ့်မည်နည်း။ ငါတို့မျာ ကိုယ်တော်အရှင် အဿဇိတို့မှာ သူ့လို မဟုတ်ပါ။ သိမ်သိမ် မွေ့မွေ့ နေကြ၏။ ပြေပြေ ပြစ်ပြစ် ဆက်ဆံကြ၏၊ ချိုချို သာသာ ပြောဆိုကြ၏။ လူချင်းတွေ့လျှင် သူတို့က ဦးအောင် ပြုံးနှင့်ကြ၏။ 'လာပါဦး၊ ဝင်ပါဦး' ဟု လောကွတ်ကျေပွန်ကြ၏။ သူလိုလည်း မျက်မှောင်ကြီး ကုပ်မထားပါ။ သွားလေရာရာ မျက်နှာမော့ထားကြ၏။ သူတို့က ဦးအောင် နှုတ်ဆက်ကြ၏။ သူတို့လို အရှင်မျိုးကိုမှ ဆွမ်းလောင်းဖို့ ကောင်းပါသည်''

ကိဋာဂိရိ ရွာသူတို့သည် သူတို့ကိုယ်တော်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော ရဟန်းအား ဆွမ်းလောင်းမည့်အစား ကဲ့ရဲ့ရှုတ်ချသော စကားများကိုသာ အိမ်ပေါက်စေ့ လောင်းလိုက်ကြ၏။

## တယောက်တော့ ရှိပါသေးသည်

သို့သော် ကိဠာဂိရိ တရွာလုံးကား သူတို့လိုချည့် မဟုတ်သေးပါ။ ရဟန်တို့၏ ကျင့်ဝတ်သိက္ခာကို နားလည်သော ဒကာကြီး တယောက်ကား ရှိပါသေးသည်။ အများအားကို မလွန်ဆန်နိုင်၍ ခတ်မဆိတ် နေခဲ့ရသော်လည်း ဣန္ဒြေသိက္ခာ ရှိသော ရဟန်း တပါးကိုကား သူမျှော်လင့်လျက်သာ နေခဲ့၏။ မျှော်တုန်း မျှော်ခိုက် ဆွမ်းတဇွန်းမျှ မချသေးသော ရဟန်းကို အိမ်မှာပင့်၍ ဆွမ်းကျွေးလိုက်ရ၏။ ထိုမှ စကားစပ်မိ၍ ဇေတဝန် ကျောင်း တော်သို့ သွားမည့်အကြောင်း သိရလျှင် ကိဠာဂိရိ ကျောင်း တော်ကြီးမှ အရှုပ်တော်ပုံ ဇာတ်လမ်းစုံကို ရွှေနားတော် အရောက် လျှောက်ထားရန် ပန်ကြားလိုက်ပါတော့သည်။

## တပည့်မကောင်း ဆရာ့ခေါင်း

အဿဇိတို့ အရှုပ်တော်ပုံကို ဇာတ်စုံခင်းရန်ပင် ခက်လှပါသည်။ ရွာထဲက ဒကာမများနှင့် ရောရိပ်ကပ်စက်နေကာ စိတ်ကူး၍ ရနိုင် သမျှ ပျော်ပွဲရွှင်ပွဲ မျိုးစုံအောင် ဆင်ယင်ကျင်းပ၍ နေကြပါ သည်။ ခြုံမိအောင် ပြောရသော် ပါရာဇိက အာပတ်ကြီး လေး ပါးမှလွဲလျှင် မတော်တာ မသင့်တာ မှန်သမျှအားလုံး ကုန်အစုံ လုပ်နေကြသည်ဟုပင် ဆိုရပါတော့မည်။

ဤသို့သော ရဟန်းဆိုးများကို နှိမ်နင်းရန် တာဝန်သည် မည်သူ့အပေါ် ကျပါလိမ့်မည်နည်း။ ဤကိစ္စအတွက် အထူး

တလည်း ရွေးချယ်နေရန် မလိုပါ။ အာဂန္တုရဟန်းလျှောက်ထား သံ နားထောင်နေကြသော ရဟန်းအပေါင်းတို့က အရှင်မဟာ သာရိပုတ္တရာ ထံနှင့် အရှင်မဟာ မောဂ္ဂလာန်တို့ထံ လှမ်းကြည့် မိကြပြီးဖြစ်ပါသည်။ အဿဇိတို့ အပါအဝင် ဆဗ္ဗဂ္ဂီရဟန်း၆ပါး လုံးကို သူတို့ကိုယ်တိုင် ခေါင်းဆောင်၍ ရဟန်းခံ ပေးခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့် ဘုရားရှင်က-

"သာရိပုတ္တရာနှင့် မောဂ္ဂလာန်။ သင်တို့ ကိဋ္ဌာဂိရိသို့ သွား ချေကြ။ ကိဋ္ဌာဂိရိ ကျောင်းတိုက်မှ အဿဇိ ပုနဗ္ဗသုက အပါ အဝင် ရဟန်းဆိုးအားလုံးကို နှင်ထုတ်ချေကြ"

ကိုယ်ဖော်သောဆေးကို ကိုယ်တိုင်စားကြရန် မိန့်တော်မူလိုက် ပါတော့သည်။ သို့ရာတွင် အရှင်မဟာသာရိပုတ္တရာမှာ ဤဆေး ခါးကြီးကို အစားရ ခက်နေရှာသဖြင့်-

"အရှင်ဘုရား။ အဿဇိ ပုနဗ္ဗသုက ရဟန်းများက ကြမ်းတမ်း လှပါသည်။ ရိုင်းစိုင်းလှပါသည်ဘုရား။ သူတို့ကို နှင်ထုတ်သော ပဗ္ဗာ ဇနီယကံကို တပည့်တော်တို့ မည်သို့ ပြုရပါမည်နည်း"

မိမိကိုယ်တိုင် မွေးထုတ်ထားသော သားဆိုးများကို ဆုံးမနှိပ် ကွပ်ရန် ခက်ခဲနေသော မိဘများကဲ့သို့ ဖြစ်နေရှာပါသည်။

## ရဟန်းဆိုးများ နှင်ထုတ်ရန်

"သာရိပုတ္တရာတို့။ ထိုသို့ ဖြစ်လျှင် ရဟန်းများစွာ အလုံး အလောက် ခေါ်၍သွားချေကြ။ ပဗ္ဗာဇနီယကံ ပြုသောအခါ ဤသို့ စနစ်တကျ ပြုလုပ်ကြ။ အဿဇိ ပုနဗ္ဗသုက ရဟန်းများကို

ပထမဦးစွာမေးစစ်ကြ။ မေးစစ်ပြီး အဖြစ်မှန်ကိုသိအောင် ပြောပြကြ။ အမှုအား လျော်သော အာပတ်ကို မငြင်းသာအောင်ပြဆိုကြ။ ဤသို့အဆင့်ဆင့်ပြုပြီးမှ သံဃာ့အမိန့်ဖြင့် ဤကျောင်းတိုက်မှ နှင်ထုတ်သော ပဗ္ဗာဇနီယကမ္မဝါစာကို ရွတ်ဖတ်ကြ”

ဤသို့ စနစ်တကျ ညွှန်ကြားတော်မူသဖြင့် အဿဇိ ပုနဗ္ဗသုက ရဟန်းများ ကိဋာဂိရိ ကျောင်းကြီးပေါ်မှ ဆင်းသွားကြရပါ၏။ သို့သော် သံဃာ့အားကိုမတော်လှန်နိုင်၍သာ ခံကြရသည်။ ဤကိစ္စကို ကျေနပ်ကြသည်ကား မဟုတ်ပါ။ ထို့ကြောင့်ပင် တချို့က အခြားဆရာကြီးများ၏ ဂိုဏ်းထဲသို့ ပြောင်းဝင်သွားကြ၏။ တချို့က လူထွက်သွားကြ၏။ ခေါင်းဆောင် ပဏ္ဍုလ် နှစ်ပါးတို့ကားကံပြုသော သံဃာတော်ကြီးများ ကြားလောက်သော နေရာမှ အသံမျိုးစုံ လွှင့်ထုတ်နေကြ၏။ ချစ်သဖြင့်မပြုသင့်ပဲ ပြုမိသော ဆန္ဒာဂတိ၊မုန်းသဖြင့် မပြုသင့်ပဲ ပြုမိသောဒေါသာဂတိ၊ကြောက်သဖြင့် မပြုသင့်ပဲ ပြုမိသောဘယာဂတိ၊ မကျွမ်းကျင်သဖြင့် မပြုသင့်ပဲ ပြုမိသော မောဟာဂတိ “ဤဂတိလေးပါးတို့ဖြင့် အမှားကို ပြုကြကြောင်း အရပ်တကာ လျှောက်ပြောနေကြ၏။

ဤတွင်မှ ဘုရားရှင်က ရဟန်းအားလုံးကို ဆင့်ခေါ်တော်မူကာ မဟုတ်မတရား မစွပ်စွဲနိုင်အောင် တားဆီးသော အားဖြင့် သံဃာ ဒိသိသ်အာပတ်များတွင် ၁၃ ခုမြောက် နောက်ဆုံး သိက္ခာပုဒ်ကို အကျယ်တဝင့် ပညတ်တော်မူရပေသည်။

[ပါရာဇိက ကဏ္ဍ၊ ကုလ ဒူသက သိက္ခာပုဒ်]

## သိက္ခာပုဒ်ကို မလေးစားသူများ

ဤသည်တို့မှာ ဆဗ္ဗဂ္ဂီရဟန်းတို့၏ အမှုပေါင်း သောင်းခြောက်ထောင် အနက်မှ အမြွက်မျှသာဖြစ်ပါ၏။ သာသနာတော်ကြီးထဲတွင် သီလသိက္ခာ စင်ကြယ်ကြသော သံဃာတော်များကြားဝယ် ဘယ်ဘက်မှာမှ အသုံးမကျသော တံစူးဝါးများလည်း မလွဲသာမရှောင်သာပါနေရပုံတင်ပြရခြင်းဖြစ်ပါသည်။ သူတို့မှတပါးအခြားသော ပုဂ္ဂိုလ်တို့ ပြုကျင့်သမျှကိုကား စေတနာ သဒ္ဓါတရား ပွားစည်းဖွယ်မဟုတ်သဖြင့် အစုံအစေ့ မတင်ပြလိုတော့ပါ။ ရှင်တော်မြတ်၏ တသက်တာတွင် အရေးအကြီးဆုံးသော အပြောင်းအလဲတခု ဖြစ်လောက်အောင် လှုံ့ဆော်လိုက်သော ကိစ္စ တခုကိုသာ တင်ပြပါတော့မည်။

ဆိုခဲ့ပြီးသည့်အတိုင်း လူတို့၏ သဒ္ဓါတရား ပျက်ပြားလောက်အောင် ပြုမှားမှုများကို တားဆီးရန် သိက္ခာပုဒ်များ ထုတ်ဆင့်တော် မူခဲ့ရ၏။ အချို့သိက္ခာပုဒ်များမှာ လျော့သေး၍ ထပ်တင်းပေးရ၏။ တချို့မှာတော့ တင်းလွန်းသွား၍ ရဟန်းများ နေသာထိုင်သာရှိရန် ပြန်လျော့ပေးရ၏။ ဤသို့ သိက္ခာပုဒ်များဖြင့် ဘောင်ကန့်ပေးထားသဖြင့် ရဟန်းကောင်းများစိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြရ၏။ ရဟန်းဆိုးများ အနေ ကျုံ့သွားကြ၏။ သို့သော် သူတို့တတွေ သာသနာတော်ကြီးထဲက လွတ်လွတ်ကြီး ထွက်သွားသည်ကား မဟုတ်သေးပါ။ ကုစား၍ မရနိုင်တော့သော ပါရာဇိက အာပတ်ကြီး သင့်ထားပါလျက် ကျောင်းပေါ်က မဆင်းပဲ နေသူ ရှိခဲ့ပါ၏။ သံဃာ့ ပရိသတ်ကို မဆိုထားပါနှင့်

ဘုရားရှင့် ရွှေတော်မှောက်မှာပင် မျက်နှာပြောင်တိုက်၍ နေရဲသူ တို့ ရှိခဲ့ပါ၏။

## တိတ်ဆိတ်သော အစည်းအဝေး

ထိုနေ့ညက ကျွန်ုပ်တို့သည် ပုဗ္ဗာရုံ ကျောင်းတော်ထဲမှာ သံဃာ့ ဥပုသ် ပြုရန် တစုတဝေး ထိုင်နေကြ၏။ သံဃာ့ ပရိသတ်အလယ် တွင် ဘုရားရှင် ကိုယ်တော်တိုင် ရှိနေတော်မူ၏။ ကျောင်းတိုက်ကြီး တခုလုံးကို သိမ်အဖြစ် သမုတ်ထားသဖြင့် သံဃာ့ကံများ ပြုရန် ခဏ္ဍသိမ်ဟူ၍ တသီးတခြား ဆောက်ထားခြင်းမရှိပါ။ သံဃာ အားလုံး စုဝေးနေကျ ဓမ္မာရုံမှာပင် ဥပုသ်ပြုနေကျ ဖြစ်ပါသည်။

သည်တုန်းက သံဃာ့ကံများ ပြုရာတွင် ဘုရားရှင် ကိုယ်တော် တိုင် ပါဝင်တော် မူပေသည်။ ဘုရားရှင် ကိုယ်တော်တိုင် ဦးစီး ညွှန်ကြားတော် မူသည်မို့ ပြုရသမျှ သံဃာ့ကံများ အခက်အခဲ မရှိပဲ ပြီးစီးကြရပါသည်။ သို့သော် ထိုညကဥပုသ်ကံမှာကား မည် သို့သော အဖုအထစ်ရှိနေသည်မသိပါ။ ညဥ့်ဦးယံ ကုန်ဆုံးသည့် တိုင်အောင် ဥပုသ်ကံကို မပြုနိုင်သေးပဲ ရှိနေကြ၏။ ဘုရားရှင်ကိုယ် တော်တိုင်က ဆိတ်ဆိတ် ထိုင်နေတော်မူသဖြင့် သံဃာတော် အပေါင်းကလည်း ချောင်းဟန့်သံမျှ မကြားရအောင် နှုတ်ဆိတ်၍ နေကြရပေသည်။ ဤတွင် ကျွန်ုပ်သည် ထိုင်ရာမှ ထ၍ လက် ကတော့ ထိုးထားသော သင်္ကန်းကို သပ်ယပ်အောင်ပြုကာ ဘုရား ရှင်ထံ လက်အုပ်ချီလျက်—

"အရှင်ဘုရား။ ယနေ့ညသည် သာယာလှပါသည်။ ညဉ့်ဦးယံ ကုန်ဆုံးခဲ့ပါပြီ။ သံဃာတော်များထိုင်နေရသည်မှာလည်း ကြာလှပါပြီ။ ရဟန်းတို့အား ပါတိမောက် ပြတော်မူပါဘုရား"

ဤသို့ လျှောက်ထားသော်လည်း ဘုရားရှင်က လုံးဝ မလှုပ်ရှားပေ။ ဤသို့ဖြင့် သန်းခေါင်ယံ ကုန်ဆုံးတော့လည်းတခါလျှောက်၏။ ယခင်အတိုင်းပင် ဆိတ်ဆိတ်နေတော်မူ၏။ ညဉ့်ကာလ ကုန်ဆုံး၍ အရုဏ်တက်လာသည်တွင် ကျွန်ုပ် တတိယ အကြိမ်ထပ်၍ လျှောက်ထား၏။ သည်တော့မှ-

"အာနန္ဒာ။ ပရိသတ် မစင်ကြယ်ပေ"ဟု မိန့်ကြားတော်မူပေသည်။

## ဘုရားကိုယ်တော်တိုင် အံ့သြရသူ

ဘုရားရှင် အမိန့်တော်အရ မစင်ကြယ်သောသူ မည်သူဖြစ်မည်နည်းဟု ကျွန်ုပ် အကဲခတ်ကြည့်ပါ၏။ အယောင်ဆောင်ထားသူသည် ယခု အချိန်အထိအောင် ဟန်ကောင်းနေ့ဆဲမို့ ကျွန်ုပ် မခွဲခြားနိုင်ခဲ့ပါ။ ဤလို ကိစ္စမျိုးမှာ ကျွန်ုပ်ထက် အရှင် မဟာမောဂ္ဂလာန်က ပို၍စွမ်းပါသည်။ ဘုရားရှင် မိန့်တော်မူပြီးသည့်နောက် မကြာမီမှာပင် ထိုပုဂ္ဂိုလ်ထံ ချဉ်းကပ်သွားကာ-

"ငါ့ရှင် ထလော့။ သင့်ကို ဘုရားရှင် မြင်တော်မူပြီ။ ရဟန်းတို့နှင့် ကံအတူတကွ ကံဆောင်ခွင့် သင့်မှာမရှိတော့ပြီ"

သံဃာ့ပရိသတ် ကြားလောက်အောင် အတည့်အလင်း ပြောချလိုက်၏။ သို့ပါလျက် ထိုပုဂ္ဂိုလ်မှာ တုတ်တုတ်မျှ မလှုပ်ပေ။

ဘကြိမ်ပြောသည်ကို နား မ လည် သေး ၍ လော ဟု အရှင်မောဂ္ဂလာန်က ဒုတိယအကြိမ် ထပ်ပြောသေး၏။ ထိုရဟန်းကား ဆိုင်ရာကမထသေး။ သုံးကြိမ်မြောက် ပြောပြီးသည့်တိုင်အောင်ပင် ထိုရဟန်းမှာ မျက်နှာပြောင် တိုက်နေဆဲ ဖြစ်၏။ ဤတွင် ၁င်ကိုယ်စိတ်ခါတ် မာကြောလှသော အရှင်မြတ်ကြီးက ထိုရဟန်းဘကို လက်မောင်းဆွဲ၍ တံခါးပြင်ဘက်သို့ တွန်းထုတ်ကာ တံခါးကို ကန့်လန့်ထိုး၍ ပိတ်လိုက်ပါတော့သည်။ ပြီးတော့မှ ဘုရားရှင်ထံ ရိုသေစွာ လက်အုပ်ချီလျက်-

''ပရိသတ် စင်ကြယ်သွားပါပြီ အရှင်ဘုရား။ရဟန်းများအား ပါတိမောက် ပြတော်မူပါ''ဟု လျှောက်ထား၏။

''မောဂ္ဂလာန်။ အံ့ဩဖွယ်ရှိပေစွ။ မောဂ္ဂလာန် မဖြစ်စဖူး ထူးကဲပေစွ။ သာသနာတော်မှ အချည်းနှီးသော ဤယောကျ်ားသည် လက်မောင်းကို ဆွဲထုတ်ခံရအောင် စောင့်ဆိုင်း၍ နေရဲပေစွဘကား''

မကောင်းသည့်ဘက်တွင် ဘုရားရှင် ကိုယ်တော်တိုင်က ဩချယူရလောက်အောင် ထူးကဲသော ပုဂ္ဂိုလ်ပါပေတည်း။

## ဝါ ၂၀ ပြည့် အမှတ်တရ

ဘုရားဖြစ်တော်မူသည်မှစ၍ ဝါနှစ်ဆယ်ပြည့်လာသော ထိုနှစ်ဆိုလ ထိုဥပုသ်ကား ဘုရားရှင် ကိုယ်တော်တိုင် နောက်ဆုံးအကြိမ် ပါဝင်သော ဥပုသ်ကံပါတည်း။ ထို့မှ နောက်တွင်ကား သံဃာ့ကံဘူသမျှတွင် ဘုရားရှင်ကို အရေအတွက် မပြုရတော့ပါ။

သံဃာတပါး လိုနေရာတွင် ဘုရားရှင်ကို အစားထိုး၍ မရတော့ပါ။ ဘုရားရှင် ရှိနေတော်မူသည့် အတွက်လည်း သံဃာ့ကံများတွင် အနှောင့်အယှက် ဖြစ်မလာပါ။ သံဃာ့ကံဟူသမျှကို သံဃာတော်များသာလျှင် အစိုးတရ ပြုလုပ်ကြရပါတော့သည်။

ပထမ ဗောဓိဟူသော ရွှေပိုင်း ဝါတော်နှစ်ဆယ်မှ ပစ္ဆိမဗောဓိသို့အကူးတွင် ဤသို့ အမှတ်တရ ပြောင်းလဲမှုကြီး ဖြစ်ပေါ်ခဲ့ပါသည်။သို့သော် ထိုသည်နှစ်ထဲမှာပင် ကျွန်ုပ်တို့အားလုံး စိတ်နှလုံးတုန်လှုပ်ကြရသော ပြောင်းလဲမှုကြီးလည်း ဖြစ်ပေါ် လာခဲ့ပါသေးသည်။ ။

[ဥဒါန်း၊ ဥပေါသထသုတ်]

* * *

# ခရီးတဝက် ကျိုးလေသော်

## ပထမ ဗောဓိ

ထိုထို မြို့ရွာနယ်ပယ်များသို့ ကျွန်ုပ်တို့ ခရီးရှည် ထွက်ခဲ့ဖူးပေါင်း များလှပေပြီ။ ဘုရားရှင် နောက်တော်ပါးမှ ပါခဲ့သည်လည်း ရှိ၏။ ရံဖန်ရံခါ ကျွန်ုပ်တို့ချည့် ထွက်လာခဲ့သည်လည်း ရှိ၏။ မြေပြင်မှာ ခြေကျ လှမ်းလာကြရမှ အရိပ် အာဝါသ ကောင်းလှသော တောင်ကုန်းတခုပေါ် ရောက်လာလျှင် အလိုလို ရပ်နားမိခဲ့ကြ၏။ ရှုခင်သာယာသော တောရိပ် တောင်ရိပ်များကြားမှ မိမိတို့ လှမ်းလာခဲ့ရသော ခရီးတာကို ပြန်၍ကြည့်ခဲ့ကြ၏။ ယခုလည်း

ရှုခင်းကောင်းသော တောင်ကုန်းတခု၏ တနေရာသို့ ရောက်လာခဲ့ပြန် ပါပြီ။

ကျွန်ုပ်တို့၏ လက်ရှိသက်တမ်းမှာ နှစ်တရာတမ်း ဖြစ်သည်ဟု ပညာရှင်များ သတ်မှတ်ထားကြ၏။ ယေဘုယျနည်းအားဖြင့် များရာသို့ လိုက်၍ သတ်မှတ်ထားသော ဤသက်တမ်းဖြင့် စိစစ်ကြည့်လျှင် ကျွန်ုပ်တို့ ဘဝသက်တမ်းတဝက် ကျိုးခဲ့ပေပြီ။ ဘာလိုလိုနှင့် အသက် ငါးဆယ်ကျော်တွေ ဖြစ်လာကြပေပြီ။ ဘုရားရှင်၏ ဝါတော်သည် ရဟန်းပြုသည်မှစ၍ ရေတွက်လျှင် ၂၆ ဝါ၊ အသသဝက္ခယ ဉာဏ်တော် ရသည်မှစ၍ ရေတွက်သော် ဝါ ၂၀ ပြည့်လာပေပြီ။ ဤ ဝါ ၂၀ ကာလကို ပထမ ဗောဓိဟူ၍ ကျွန်ုပ်တို့ ခေါ်ဝေါ်ထားကြပေသည်။

## ဘဝ၏ ရှုခင်းသာများ

ပထမ ဗောဓိ ပြည့်ရောဖြစ်သော ဤတောင်ကုန်းထက်မှ လှမ်းလာခဲ့သော ခရီးတာကို ပြန်၍ကြည့်လိုက်ရာတွင် ဦးစွာပထမ တွေ့ရသည်မှာ အေးမြသာယာသော ရှုမျှော်ခင်းများ ဖြစ်ပေသည်။

လူ့ဘဝမှာကဘည်းက လူတန်းစားပေါင်းစုံနှင့် တွေ့ဆုံဆက်ဆံလာခဲ့သည်မို့ ကျွန်ုပ်မှာ သူများလို မျိုးရိုးစွဲမရှိပါ။ သို့ရာတွင် ကျွန်ုပ်၏ ဘဝခရီးမှာ အရိပ်အာဝါသ ပေးခဲ့ကြသော ဆွေမျိုးများကိုကား ကျေးဇူးတင်ရပါမည်။ နောင်တော် သိဒ္ဓတ္ထ မင်းသားနှင့်အတူ ကြည်ဖြူစွာ ကျွေးမွေးပြုစုခဲ့ကြသော လူကြီး

မိဘများ၏ မေတ္တာစေတနာကို သာဓု ခေါ်ရပါမည်။ ချိန်တန်ရွယ်ရောက် လူလားမြောက်သည်တွင်လည်း ကျွန်ုပ်သည် လူကြီးမိဘများ၏ အရိပ်အာဝါသကို ခိုလှုံမြဲ ခိုလှုံရပါသည်။ ကူးသန်းရောင်းဝယ်ရေးဖြင့် အနယ်နယ် အရပ်ရပ် ရောက်ရာတွင် ကျွန်ုပ်မျက်နှာငယ်ရသည်ဟူ၍ မရှိပါ။ အမိတောဒနာ၏ သားဟု သိရလျှင်ပင် တွေ့သမျှ ဆုံသမျှ လူများက လိုလို ချင်ချင် ဆက်ဆံလာခဲ့ကြ၏။ ဩဒနည်းအစ်ကိုများ၏ ဂုဏ်သတင်းသည် သက်တို့၏နယ်နိမိတ်ကို ကျော်လွန်ဖြန့်ကျက်၍ နေကြသည် မဟုတ်ပါလော။

လူကြီး မိဘများ၏ အရိပ်ကို ခိုလှုံယင်း လူတလုံး သူတလုံးလုပ်နေရာမှ ကျွန်ုပ်၏ဘဝသည် တဆစ်ချိုး ပြောင်းလာခဲ့၏။ ဤသို့ ပြောင်းလာရသည် အခြားသူများ၏ ပယောဂ မပါဝင်ပါ။ တလျှောက်လုံးက ချစ်ခင်လေးစားလာခဲ့ရသော နောင်တော်မြတ်နှင့် နီးနီးကပ်ကပ် နေလို၍သာ ဖြစ်ပါသည်။ နောင်တော်မြတ်၏ သာသနာပြု လုပ်ငန်းကြီးတွင် ပါဝင် ထောက်ကူလို၍သာ ဖြစ်ပါသည်။

## ဝမ်းမြောက်စရာ ရုပ်ပုံလွှာများ

ကျွန်ုပ်က နောင်တော်မြတ်ကို ချစ်ခင်လေးစားသကဲ့သို့ပင် နောင်တော်မြတ်ကလည်း ကျွန်ုပ်အပေါ် ငဲ့ညှာတော် မူခဲ့ပါပေသည်။ ကိုယ်တော်တိုင်က ခြောက်ကြိမ်တိုင်တိုင် ပိတ်ထားတော်မူခဲ့သော

တံခါးရွက်ကိုပင် ကျွန်ုပ်က ဖွင့်တရွတ်တွန်းဖွင့်သဖြင့် အလျော့ပေးတော် မူခဲ့ ဖူးပါသည်။

ဤကိစ္စကို အကြောင်းပြု၍ နောင်တော်မြတ်၏ အကြိမ်းအမောင်းကို ခံခဲ့ရ၏။ ကျောက်ထိုး တန္တု အလေးပြုအပ်သော မဟထေရ်မြတ်ကြီးတို့၏ ငြိုငြင်မှုကိုလည်း ခံယူခဲ့ရ၏။ သို့သော်လည်း ကျွန်ုပ် ဝမ်းမနည်းပါ။ ငြိုငြင်ကြသော မထေရ်မြတ်ကြီးများကိုလည်း မကျေမနပ် မဖြစ်ပါ။ သာသနာတော်ကြီးတွင် လစ်လပ်နေသော နေရာတခုကို ဖြည့်ပေးလိုက်နိုင်သည့်အတွက် ယနေ့ထက်တိုင် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ထို့ထက်ပို၍ဝမ်းမြောက်စရာကောင်းသည်ကား ကျွန်ုပ်၏ တရားပြ ဆရာနှင့် ကျွန်ုပ်တို့သည် ရှင်တော်မြတ်၏ ထံတော်ပါးဝယ် မကြာခဏ ဆုံဆည်းမိကြခြင်း ပါတည်း။

## ကျွန်ုပ်၏ ကျေးဇူးရှင်

ဤသာသနာတော်ဝယ် တပည့်သာဝကများထဲမှဦးစွာပထမကျွတ်တမ်းဝင်သူမှာ အရှင်အညာသိကောဏ္ဍည ဖြစ်၏။ အဖဘုရားရှင်က ဓမ္မစကြာ တရားတော်ဖြင့် မွေးမြှူး သန့်စင်၍ ပေးလိုက်သောသည် သားတော်သည် အသက်အရွယ်အားဖြင့် ဇရာဘက်သို့ သက်ဆင်းခဲ့ပေပြီ။ သို့ဖြစ်၍ အဖဘုရားရှင်အား သားတော်တို့ ပြုစုသင့်၊ ပြုစုထိုက်သော ဝတ္တရားများကို ဆက်လက်ပြုစုနိုင်ရန် သူ၏ တူတော် အရှင်ပုဏ္ဏအား ဘုရားရှင်ထံ ထားရစ်ကား မထေရ်မြတ်ကြီးကိုယ်တိုင်ကား လူသူ ကင်းရှင်းရာသို့ ထွက်ခွာသွားခဲ့၏။

ဦးရိုးတော် အရှင်မြတ်ကြီးက လွှဲအပ်ထားခဲ့သည့်အတိုင်း မန္တလေးမြို့ သံတော်ဆင့်ဝန် ပုဏ္ဏားမ၏သား အရှင်ပုဏ္ဏသည် ဘုရားရှင်ကို ပြုစုလုပ်ကျွေးခဲ့၏။ ဒေသစာရီ ကြွရာ၊ ဆွမ်းခံရာတို့တွင် နောက်တော်ပါးမှလိုက်ပါခဲ့၏။ ရေပူ ရေချမ်း ကမ်းလှမ်းခဲ့၏။ ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့၏။ ဦးရိုးတော် အရှင်မြတ်ကြီးအမိန့်ကို ရိုသေလေးစားရှုသာမဟုတ်၊ သူကိုယ်တိုင်က ဘုရားရှင်အပေါ် စေတနာ သဒ္ဓါထက်သန်လှ၍ ဖြစ်ပေသည်။

ထက်သန်လှသော စေတနာဖြင့် ကျေးဇူးတော်သခင် အရှင်မြတ်ကြီးကို ကျေးဇူးဆပ်နေသည်ကား မှန်ပါ၏။ သို့သော် ဤပုံဤနည်း တခုတည်းဖြင့်သာ ပေးဆပ်ရမည်ဟု မဆိုလိုပါ။ လောက လူသား အများစုတို့အား မယဉ်ကျေးသေးသည်ကို ယဉ်ကျေးလာအောင်၊ မလိမ္မာသေးတာကို လိမ္မာလာအောင်၊ မသိသေးတာကို သိလာအောင် အကျိုးဆောင်ခြင်း သည်လည်း ကျေးဇူးဆပ်ခြင်းပင် ဖြစ်၏။ ထို့အပြင် အရှင်ပုဏ္ဏသည် အထူးချွန်ဆုံးသော ဓမ္မကထိက တပါးဖြစ်၏။ သူရောက်လေရာ နေရာအနှံ့အပြား တရားစည်ကြီး မြည်ဟည်းသံကို ကျွန်ုပ်တို့ ကြားကြရ၏။ ထို့ကြောင့် တရားစည်သံ တရံမနား မြည်ဟည်းနေစေရန် ကျွန်ုပ်ကြံစည် ရခဲ့ပါသည်။ ယင်းအကြံကား အခြားမဟုတ်။ ဘုရားရှင်ထံတော်ပါးဝယ် ပြုဖွယ်ရှိသမျှ ဝတ္တရားများကို အရှင်မြတ် မကြွလာမီ ကျွန်ုပ်က ပြည့်စုံအောင် ပြုစုထားလိုက်ခြင်းပင် ဖြစ်ပါ၏။

# ကျေးဇူးရှင်နှင့် ဆုံလေတိုင်း

ရှေ့တော်မှောက်၌ ကျွန်ုပ်နှင့်ဆုံမိတိုင်း အရှင်မြတ်သည် ကျွန်ုပ်ကို ပြုံးမျက်နှာဖြင့် အခါခါ ရှုစားတတ်၏။ ကျွန်ုပ်၏ စိတ်ဖြစ်စဉ်ကို ကြည်လင်စွာသိ၍ အချက်ကျကျ တရား ပြတော်မူခဲ့သော ဆရာသခင်သည် ယခု စိတ်သဘောထားကိုလည်း သိရှိပြီး ဖြစ်ပါလိမ့်မည်။ အသိဉာဏ်ယှဉ်၍ ပြုံးရွှင်သော မျက်နှာတော်ကို ကျွန်ုပ်က ရိုသေစွာပြန်၍ ပြုံးရပေသည်။

ထို့နောက်တွင်ကား အရှင်မြတ်သည် ထံတော်ပါးသို့ နေ့စဉ် မလာတော့ပါ။ တရားဟောစရာအားလပ်ပါမှ ရောက်လာတတ်၏၊ ဤအချိန်လု၍ လာသည်တွင်ကား ကျွန်ုပ်က အလိုက်တသိ ဦးစားပေးရ၏။ ဤသို့ဦးစားပေးယင်းပေးယင်းနှင့်ဦးစားပေးရမည့် စာရင်းများ တိုးလာခဲ့၏။ ရံဖန်ရံခါ အရှင်နာဂသမာလသည် ဘုရားရှင်၏ သပိတ်သင်္ကန်းများ သယ်ပိုးလျက် လိုက်ပါ၏။ ထို့အတူ အရှင်နာဂိတ၊ အရှင်ဥပဝါဏ၊ အရှင်သုနက္ခတ္တ၊ စုန္ဒသာမဏေ၊ အရှင်သာဂတနှင့် အရှင်မေဃိယတို့လည်း အကြောင်းသင့်လျှင် သင့်သလို ပြုစုလုပ်ကျွေးကြ၏။ နောက်တော်ပါးမှာ ထက်ကြပ်မကွာ လိုက်ပါ၍ အမြဲတစေ ပြုစုလုပ်ကျွေးသော ရဟန်းဟူ၍ သီးသန့် သတ်သတ်မှတ်မှတ် မရှိသေးပါ။

[သုတ်မဟာဝါ၊ မဟာပဒါနသုတ် အဋ္ဌကထာ]

## ကိုယ်ရော စိတ်ပါ ကြီးထွားသူ

နောက်ပါ ရဟန်းများထဲမှ ထူးထူးခြားခြားထင်ရှားသူမှာ အရှင် ဥပဝါဏဖြစ်၏။ ကြီးမားထွားကြိုင်းလှသောခန္ဓာကိုယ်ကြီးကြောင့် သူငယ်ချင်းများက သူ့ကို ဆင်ပေါက်ဟု ခေါ်ခဲ့ကြ၏။ လူလား မြောက်၍ ရဟန်းဘဝ ရောက်လာသည်တွင် ခန္ဓာကိုယ် ကြီးထွား ရသည့်အထဲ အထပ်ထပ် အလွှာလွှာ စပ်ကာဟပ်ကာချုပ်လုပ်ထား ရသော ပံ့သကူ သင်္ကန်းကြီးများ ဝတ်ရုံထားသဖြင့် ပို၍ကြီးမား နေရ၏၊ ပို၍ ဝဖြိုးနေရ၏။ ကိုယ်ခန္ဓာကြီးမား ဖြိုးသည်နှင့်အမျှ အတွင်းစိတ်တန်ခိုးကလည်း ကြီးမားသော ပုဂ္ဂိုလ်ထူးကြီးတပါး ပေတည်း။

[မဟာဝဂ်၊ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၊ ဥပဝါဏထေရဝတ္ထု]

## သွားတော့မြန်မြန် ပြန်တော့ သုတ်သုတ်

ကြီးမားလှသော၊ ဝဖြိုးလှသော အရှင် ဥပဝါဏသည် ဘုရားရှင် ကို ပြုစုရန် ရှိသည်တွင်ကား ပေါ့ပေါ့ပါးပါး ဖြစ်လာပါ၏။ ထကြွလုံ့လ ဝီရိယရှိလှ၏။ တရံရောအခါက ဘုရားရှင်မှာလေနာ ရောဂါထလာရာ ဤအရှင်မြတ်ကြီးသည် ခဏမဆိုင်း သပိတ် လွယ်၍ ထွက်လာခဲ့၏။ ဘုရားရှင်၏ လေနာရောဂါအတွက် ရေနွေး ဆူဆူကလည်း ကျောင်းတော်မှာ မရှိပေ။ အပ်စပ်သော နည်းဖြင့် တည်နေလျှင်လည်းအချိန်က ကြာဦးမည်။ ဘုရားရှင်

ခံစားနေရသော လေနာရောဂါကိုလည်း တခဏ တဗိဇနာမျှ အချိန်ပိုမကြာစေချင်။ သို့ဖြစ်၍ သာဝတ္ထိ မြို့တော်တွင်းတို့ စိတ်မြန် ကိုယ်မြန် ထွက်သွားခဲ့ပေသည်။

ထွက်သွားတုန်းက မြန်မြန်ထက်ဆက်ရှိသကဲ့သို့ပင် ပြန်လာတော့လည်း သူ့ ခြေလှမ်းများသွက်လှပါ၏။ သူ့နောက်က ပါလာသော ဆိုင်းထမ်းယောကျ်ားသည် သူ့ ခြေလှမ်းများကို မှီရန် အမောတကော လိုက်လာရ၏။ ဆိုင်းထဲရှိ အိုးများထဲမှ အငွေ့တလူလူ တက်လာသည်မှာ ရေနွေးများ ပါလာသောကြောင့် ဖြစ်ပေလိမ့်မည်။

မှန်ပါသည်။ ဘုရားရှင်အတွက် လိုအပ်နေသော ရေနွေးအိုးများ အိုးနှစ်လုံးအပြည့် ပါလာပါသည်။ အရှင်ဥပဝါဏသည် ပါလာသော ရေနွေးများကို အနည်းငယ်ချန်ကာအားလုံး ရေချိုးအိမ်သို့ ပို့ဆောင်၏။ ဘုရားရှင်လည်း ရေချိုးအိမ်သို့ ကြွသွား၏။ တပါး၏ စိတ်အလိုကို တပါးက သိထားကြ၍ နှုတ်ကထုတ်ဖော်ပြောဆိုမနေရပဲ၊ လျှောက်ထား မနေရပဲ လုပ်သင့်လုပ်ထိုက်သော ကိစ္စများကို လုပ်ကိုင်သွားကြပေသည်။

## အကြောင်းတမျိုး အကျိုးနှစ်ခု

ရေနွေးချိုး၍ အခိုးအငွေ့မှုင်သန်လာသော ဘုရားရှင်အား အရှင်ဥပဝါဏက နောက် တမျိုးဖြင့် ပြုစုပြန်၏။ သပိတ်ထဲမှာပါလာသော တင်လဲထုပ်ကို ဖြေကာ တင်လဲအနည်းငယ်ကို ရေနွေးနှင့် ဖျော်၍ ဆက်ကပ်၏။ သင့်တင့် လျောက်ပတ်သောဆေးကို သုံး

ဆောင်တော် မူရသဖြင့် ဘုရားရှင်၏လေနာရောဂါ ပျောက်သွား ပေသည်။

လေနာရောဂါ ပျောက်သွားချိန်တွင် ရေနွေးဒကာ၊ တင်လဲ ဒကာကြီးလည်း ကျောင်းတော်သို့ လိုက်လာ၏။ သူကား ဒေဝဟိတ အမည်ရသော ဗြာဟ္မဏ တယောက်ဖြစ်၏။ ဒေဝဟိတသည် အစက ရတနာသုံးပါး ဆည်းကပ်သူမဟုတ်ပေ။ အရှင်ဥပဝါဏ အိမ်ရှေ့မှာ ရပ်လာခါမှ စကားစမြည်ပြောယင်း ကြည်ညိုစိတ်ဝင် လာသူဖြစ်၏။ ကျောင်းတော်သို့ လိုက်လာ၍ မကြာမီပင် သူသည် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သော ဥပါသကာ တယောက် အဖြစ်ဖြင့် ပန်ကြား လျှောက်ထားလေတော့သည်။

အရှင် ဥပဝါဏ၏ ပြုစုမှုကြောင့် တနေ့ထဲမှာပင် အကျိုး တရားနှစ်ပါးလုံး ပြီးစီးသွားပေသည်တကား။

[သဂါထာဂ်၊ ဗြာဟ္မဏသံယုတ်၊ ဒေဝဟိတသုတ်]

## အကောင်းထဲမှာ အဆိုးပါ

သာသနာပြု ခရီးတလျှောက်၌ ဘုရားရှင်သည် ဤကဲ့သို့သော တပည့် လိမ္မာများနှင့် တွေ့ရသကဲ့သို့ပင် တခါတရံမှာမူ တပည့် မလိမ္မာများနှင့် တွေ့ခဲ့ရပေသည်။

စာလိကာမြို့အနီး၊ စာလိကာတောင်မှာ သီတင်းသုံးတော် မူစဉ်က ဖြစ်ပါ၏။ ထိုစဉ်က နောက်တော်ပါ အလုပ်အကျွေး ဖြစ်သော အရှင်မေဃိယသည် ဇန္တုရွာမှာ ဆွမ်းခံ၍ ဘုရားရှင်ကို ပြုစုလုပ်ကျွေးလျက် ရှိ၏။

တခုသော နေ့လယ်ခင်းတွင် အရှင်မေဃိယသည် ကိမိကာဠာ မြစ်ဆီသို့ တပါးတည်း လမ်းလျှောက်ထွက်ခဲ့၏။ လမ်းလျှောက် ရာမှ ပြန်လာသည်တွင်ကား-

"အရှင်ဘုရား။ ကိမိကာဠာမြစ်ကမ်းပါးအတိုင်း တပည့်တော် လျှောက်၍ ကြည့်ရာတွင် သာယာတင့်တယ် ပျော်မွေ့ဖွယ် ကောင်းလှသော သရက်တောကို တွေ့ခဲ့ရပါသည်၊ ဘုရားရှင် ခွင့်ပြုတော်မူပါလျှင် ထိုသရက်တောသို့သွား၍ တရားအားထုတ် လိုပါသည် ဘုရား"

ဘုရားရှင့်အထံတော်တွင် မိမိမှတပါး အခြား ရဟန်း မရှိ သည်ကို သိပါလျက် မငဲ့မကွက် လျှောက်သားလိုက်၏။

"မေဃိယ။ ခဏစောင့်ဦး၊ ငါဘုရား တပါးတည်း ရှိနေ သေး၏။ အခြား ရဟန်းတပါး ရောက်လာသည်ထိ စောင့်ပေဦး လော့"

ရှေးအသားအသာကို သိတော်မူသော ဘုရားရှင်က မိမိအပေါ် ငဲ့ညှာစိတ်ကလေး ပေါ်လာကာ နေမြဲ နေပါစေတော့ဟု မိန့်တော်မူလိုက်ရ၏။ သို့ရာတွင် ဘုရားရှင်၏ စကားကို အရှင် မေဃိယ နားမဝင်တော့ပါ၊ ဘာကိုမျှ ငဲ့မနေနိုင်တော့ပါ။

## တရားကို ဘုရားက လေးစားသည်

"အရှင်ဘုရား။ ဘုရားရှင်မှာ ဆက်၍ ပြုဖွယ်ကိစ္စ မရှိတော့ပါ။ ပြုပြီးသောကိစ္စကို ပြုလည်း တဖန် ဆည်းပူးဖွယ် မရှိတော့ပါ။ တပည့်တော်မှာကား ပြုဖွယ်ကိစ္စ ရှိပါသေးသည်။ ပြုပြီးသော

ကိစ္စကိုလည်း တဖန် ဆည်းပူးဖွယ် ရှိပါသေးသည်။ ဘုရားရှင် ခွင့်ပြုတော်မူပါလျှင် ထိုသရက်တောသို့ သွား၍ တရားအား ထုတ်လိုပါသည်ဘုရား။

မိမိစိတ် အလိုမှတပါး ဘာကိုမျှ မငဲ့နိုင်တော့သဖြင့် ဘုရားရှင် တားနေတော်မူသည်ကြားမှ သုံးကြိမ်တိုင်တိုင် ဇွတ်တိုး လျှောက် ထားခဲ့ပေသည်။ ဤတွင် ဘုရားရှင်က–

"မေဃိယ။ တရား အားထုတ်လိုပါသည်ဆိုသောသူကို ငါ ဘုရား တားမြစ်၍ ဖြစ်ပါတော့မည်လော။ သင် သွားရမည့် အချိန်ကို သင်သာလျှင် သိပေသည်"

တားဆီး၍မရတော့ပြီမို့ ခွင့်ပြုတော်မူလိုက်ရ၏။ ခွင့်ပြုတော် မူသော စကားရပ်တွင် ကိုယ်ရေး ကိုယ်တာထက် တရားရေးကို အလေးထားသော စိတ်သဘောကို အကဲ ခတ်နိုင်ကြပါလိမ့်မည်။

## အရှုံးနှင့် ပြန်လာရပြီ

ခွင့်ပြုချက်ကို မရအရ တောင်းယူပြီးလျှင် အရှင် မေဃိယသည် သူမြင့်လျော်ရာ သရက်တောသို့ ဝင်ရောက်သွား၏။ သွားစဉ် တုန်းက သည်နေရာ သည်ဌာနမှာ တရားမရမချင်း ဇွဲတင်း၍ အားထုတ်နေမည်ဟု သူ ရည်ရွယ်ထားခဲ့၏။ ဘယ်နှစ်ရက်–ဘယ် နှစ်သကြာကြာ တရားမရမချင်း သည်တောက မထွက်ဟု ဆုံးဖြတ် ထားခဲ့၏။ သို့ပါလျက် တနေမကုန်ခင်မှာပင် အရှင် မေဃိယ ပြန်လာခဲ့ရ၏။ သူ့ အပြန်ခရီးမှာ မျက်နှာပန်း မလှပါလေ။ သရက်တော၊ စစ်မြေပြင်မှာ သူ ဘာတွေ ဖြစ်လာခဲ့ပါသနည်း။

"အရှင်ဘုရား။ ထိုတောအုပ်မှာ တရားအားထုတ်နေသော တပည့်တော်အား သုံးမျိုးသော စိတ်အကြံတို့ ဖြစ်ပေါ်လာကြပါသည်။ ထိုသုံးမျိုးတို့မှာ ကာမဂုဏ် ခံစားလိုသော စိတ်အကြံ၊ သူတပါးကို ပြစ်မှားလိုသော စိတ်အကြံနှင့် သူတပါးကို ညှဉ်းဆဲလိုသော စိတ်အကြံတို့ ဖြစ်ပါသည်။ သဒ္ဓါတရားဖြင့် ရဟန်းပြုလာခဲ့သည် ဖြစ်ပါလျက် ဤစိတ်အကြံတို့ ပေါ်လာရသည့်အတွက် တပည့်တော် အံ့ဩမိပါသည် ဘုရား"

သရက်တော စစ်မြေပြင်မှ မရှမလှ ထွက်ပြေးလာခဲ့ရပုံကို သူကိုယ်တိုင်က လာရောက် လျှောက်ထားခဲ့ရပါသည်။ ဆရာ့စကား နားမထောင်ပဲ တိုက်ပွဲဝင်သူအဖို့ အရှုံးမှလွဲ၍ အခြားလမ်း ရှိပါဦးမည်လော။

သုံးကြိမ်တိုင်တိုင် တားသည့်ကြားမှ ဇွတ်ထွက်သွား၍ အမှားတွေ့လာရသော တပည့်မိုက်ကို ဘုရားရှင် အပြစ် တင်တော်မမူပါ။ အရေးကြုံကာမှ ခိုလှုံလာသည်ကိုလည်း ကန့်ကွက်တော်မမူပါ။ သွားချင်ပါသည် ဆိုတုန်းက ကြည်ဖြူစွာ ခွင့်ပြုတော်မူသလိုပင် လာချင်ပြန်တော့လည်း အသာတကြည် လက်ခံတော် မူသည်သာ ဖြစ်ပေသည်။

## ဝိမုတ္တိ ပရိပါစနီယတရား ၅ ပါး

ထို့နောက် ဘုရားရှင်က ဖိုလ်ပညာ အဆင့်ဆင့်ကို ရင့်ကျက်စေတတ်သော တရား ၅ ပါးကို ဟောကြားတော်မူ၏။

ထိုတရား ၅ ပါးမှာ-

၁။ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရခြင်း၊

၂။ အကျင့်သီလနှင့် ပြည့်စုံခြင်း၊

၃။ တရားစကား ကြားနာရခြင်း၊

၄။ လုံ့လဝီရိယ ရှိခြင်း၊

၅။ ထက်မြက်သော ဉာဏ်ပညာရှိခြင်းတို့ ဖြစ်ပေသည်။

ထိုတရား ၅ မျိုးတို့အနက် အမှတ်(၁) တရားသည် လိုရင်း အကျဆုံး ဖြစ်၏၊ထိုတရားရှိသူအဘို့က် ကျန်သောတရားတို့လည်း ပြည့်စုံလာရမည်သာ ဖြစ်၏၊ ပြည့်စုံပြီးသား ဖြစ်၏။တခင်တကာ တခြားမှာသွား၍ ရှာနေစရာမလို၊ သူ့အနီးအပါးမှာ ဘုရားရှင် ရှိနေတော်မူ၏။ဘုရားရှင်ထက် ပို၍ ပေါင်းထိုက် သင်းထိုက်သော မိတ်ဆွေကောင်းဟူ၍ ရှိပါဦးမည်လော။

[အင်္ဂုတ္တရ နဝနိပါတ်၊ မေဃိယသုတ်]

## ခရီးဝေးက လာခဲ့သူ

အတုမရှိသော မိတ်ဆွေကောင်းကြီးနှင့် အကြောင်းသင့်စွာ ပေါင်းမိနေပါလျက် အရှင် မေဃိယသည် ဤ အခွင့်အရေးကို လက်လွှတ် ခံခဲ့ဘိ၏၊ အရှင် ပုက္ကုသာတိတို့တွင်းက ဆိုလျှင်ဖြင့် ဘုရားရှင်နှင့် တွေ့ဆုံခွင့်ရရန် ဝေးလံလှစွာသော တက္ကသိလာ ပြည်ကြီးမှ မဂဓတိုင်းသို့ တကူးတကန့် လာခဲ့ရ၏။ ယူဇနာ

နှစ်ရာကျော် ခရီးကို ဖြတ်သန်းလာခဲ့ရ၏။ ဗိမ္ဗိသာရ မင်းထံမှ ရတနာသုံးပါးအကြောင်း သဝဏ်လွှာများ ဖတ်ရှုကာ ဘုရားရှင်ကို ကြည်ညိုစိတ် ပြင်းပြသဖြင့် သူ့ဘာသာ ရဟန်းပြု၍ လာခဲ့၏။

ဘုရားရှင်ကို ရည်မှန်း၍ သက်န်းဝတ်လာခဲ့သော အရှင် ပုက္ကုသာတိသည် တကယ်တမ်း ဘုရားရှင်နှင့် တွေ့ဆုံရသည့်တွင် ကား ဘုရားရှင်မှန်း မသိခဲ့ပါချေ။ သူတို့နှစ်ပါး ဆုံမိကြသော နေရာကား ဘဂ္ဂဝမည်သော အိုးထိန်းသည်၏ တည်းအိမ်ဖြစ်၏။ ရပ်ဝေးမှလာကြသော ခရီးသည်များ၊ ရဟန်းများ ညအိပ်ညနေ တည်းခိုရန် ဆောက်ထားသော တည်းအိမ်ဖြစ်၏။ နေဝင်ခါနီး အချိန်တွင် ထိုတည်းအိမ်သို့ ဘုရားရှင် ရောက်တော်မူလာကာ ပိုင်ရှင်ဖြစ်သော ဘဂ္ဂဝထံမှတဆင့် အရှင်ပုက္ကုသာတိထံ ကြွလာ တော်မူပြီးလျှင်-

"ရဟန်း။ အကယ်၍ သင့်မှာ ဝန်မလေးပါလျှင် တည်းအိမ်၌ တညဘာ တည်းခိုလိုပါသည်"ဟု ခွင့်တောင်းတော် မူခဲ့၏။

ဤတွင် အရှင်ပုက္ကုသာတိက-

"ငါ့ရှင်....အိုးထိန်းသည်၏ တည်းအိမ်သည် ကျယ်ဝန်းပါ၏။ ချမ်းသာသလို သာ နေပါလေ"

ဘုရားရှင်မှန်း မသိသေးသဖြင့် 'ငါ့ရှင်'ဟူသော အသုံးအနှုန်း ကို သုံးခဲ့မိ၏။ ခုတုဝိဘင်္ဂသုတ်ကို ဟောတော်မူပြီးသည့်တွင်မှ ဘုရားရှင်မှန်းသိ၍ ဝန်ချတောင်းပန် ခဲ့ရပေသည်။

အရှင် ပုဏ္ဏသာတိသည် ဤသုတ်ကို ကြားနာ၍ အနာဂါမ် အဆင့်သို့ ရောက်ပြီး၍ ဘုရားရှင်ထံတော်တွင် ရဟန်းပြုလိုကြောင်း လျှောက်ထားသော်လည်း အသ မပြောက်ခဲ့ရှာပေ။ ပံ့သကူသက်နှိး ရှာရန် သုသာန်သို့အသွားတွင် နွားမတွေ့သဖြင့် ပျံလွန်တော်မူခဲ့ရပေသည်။

[ဥပရိပဏ္ဏာသ ဓာတုဝိဘင်္ဂသုတ်]

## မိတ်ဆွေကောင်းနှင့် ပေါင်းမိလျှင်

ဤသို့အားဖြင့် မိတ်ဆွေကောင်းနှင့် မတွေ့ရသေးသူက မတွေ့တွေ့အောင် ရှာယူရ၏။ ကာရန်တသင့် တွေ့ရ ပြီ ဖြစ်သော အရှင်မေဃိယမှာကား တားသည့်ကြားမှ ကျော်ခိုင်းခဲ့၏။ တခြားမှာ သွား၍ တခမ်းတနား တရားရှာခဲ့၏။ သို့သော် သူရှာသောတရားကား မတွေ့။ မဟား ဒသား စိတ်၏ အနှိပ်စက်ကိုသာ ခံခဲ့ရ၏။ ဤသည်မှာ အရှင် မေဃိယ၏ အပြစ်ပင် ဖြစ်ပေသည်။ တွေ့ပြီးသည်ကို ကျော်လွှားကာ မရှာသင့်သည်ကို ရှာမိသောကြောင့် ဖြစ်ပေသည်။

တရားပြသ ဆုံးမနိုင်သော မိတ်ဆွေကောင်းနှင့် မတွေ့ရသေးလျှင်ကား အရှင် ပုဏ္ဏသာတိကဲ့သို့ တကူးတကန့် ရှာကြရမည်သာ ဖြစ်၏။ ယခုသော် အရှင် မေဃိယအဖို့ မရှာပဲနှင့် တွေ့နေရပြီ၊ မိတ်ဆွေကောင်းနှင့် ပေါင်းမိနေပါလျှင် တရားကို တခြားမှာ လိုက်ရှာနေစရာမလို။ မိတ်ဆွေကောင်းထံ ပန်ကြားလျှင် နိဗ္ဗာန်ရောက်ကြောင်းတရားကို အလွယ်တကူ ရနိုင်သည်သာ

ဖြစ်၏။ ထိုပါလျက် အရှင် မေဃိယသည် မိတ်ဆွေကောင်းကို ပစ်ပယ်ခဲ့၏။ လမ်းညွှန်သူမရှိပဲလျက် အရမ်းသွား၊ အကန်းသွား သွားခဲ့၏။ အသွားမတော်၍ ခလုတ်ထိကာမှ မိတ်ဆွေကောင်းထံ ပြန်လာခဲ့ပေသည်။

## ကျင့်ရန် ပွားရန် နည်းလမ်းမှန်

ပြန်လာသူ အမိုက်အမဲကို ခွင့်လွှတ်တတ်သော မိတ်ဆွေကောင်းက လက်ခံတော် မူခဲ့ပါသည်။ ကရုဏာဖြင့် လက်ခံတော်မူရာမှ ဆက် လက်၍-

''မေဃိယ-နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော ထိုရဟန်းသည် ဝိမုတ္တိ ပရိပါစနိယ တရားငါးပါးတို့၌တည်လျက် ဆက်လက်၍ တရားလေးပါးကို ပွားများသင့်၏။ ရာဂကိုပယ်ရန် အသုဘတရား ပွားများသင့်၏။ ဒေါသကိုပယ်ရန် မေတ္တာတရား ပွားများသင့်၏။ အတွေးအကြံများ ဖြတ်တောက်ရန် အာနာပါနသတိကို ပွား များသင့်၏။ ငါတည်းဟူသော မာန်မာန ခွာထုတ်ရန် အနိစ္စ သညာကို ပွားများသင့်၏''

''မေဃိယ-အနိစ္စသညာ ထင်လာပြီးသောသူအား အနတ္တ သညာ တည်လာ၏။ အနတ္တသညာ တည်လာသောသူသည် ငါ တည်းဟူသော မာန်မာနကို ခွာထုတ်လျက် လက်ငင်း လက်တွေ့ နိဗ္ဗာန် ရောက်လေတော့သတည်း။''

[အင်္ဂုတ္တရ နဝနိပါတ်၊ မေဃိယသုတ်]

# ဘုရားနှင့် လမ်းခွဲသွားသူ

နောက်တော်ပါးမှ ဖဲခွာသွားခဲ့သော်လည်း တရားအားထုတ်ရန် ဟူသော အကြောင်းပြချက် ရှိနေသဖြင့် အရှင် မေဃိယမှာ ဤသို့သော တရားကို ကြားနာခွင့် ရသေး၏။ ကျင့်သုံးခွင့် ရသေး၏။ အရှင် နာဂသမာလမှာကား ဘာအကြောင်းပြချက်မှ မပါပဲ ဖဲခွာသွားခဲ့သဖြင့် ဒမြတို့ နှိပ်စက်ခြင်းကိုသာ ခံခဲ့ရပေသည်။

ကောသလတိုင်းအတွင်း ဒေသစာရီ လှည့်လည်တော်မူစဉ် ဘုရားရှင် နောက်တော်ပါးဝယ် အရှင် နာဂသမာလ လိုက်ပါလာ၏။ ဘုရားရှင်၏ သပိတ်နှင့် နှစ်ထပ်သင်္ကန်းကြီးကို သယ်ဆောင်လာခဲ့၏။ အရှင် နှစ်ပါးတည်း တရွာဝင် တရွာထွက် လှမ်းလာခဲ့ရာ လမ်းခွတ်လတ်တနေရာတွင် လမ်းနှစ်ခွကို တွေ့ကြရသည်တွင် အရှင် နာဂသမာလက–

“အရှင်ဘုရား။ လက်ဝဲလမ်းမှ ကြွကြပါစို့ ဘုရား”ဟု လျှောက်၏။ လျှောက်ထားချက်ကို ဘုရားရှင်က လက်ခံတော်မမူပဲ–

“နာဂသမာလ။ လက်ယာလမ်းမှ သွားကြမည်”ဟု မိန့်တော်မူလိုက်၏။

လာမည့်ဘေးကို မပြေးပဲနှင့်သိ၍ မိန့်တော်မူသည်ကို အရှင် နာဂသမာလ လက်မခံနိုင်ပါ။ လက်ဝဲလမ်းကိုမှ လိုက်လိုလှသော အာသာဆန္ဒ ငမ်းငမ်း ထနေသဖြင့် သုံးကြိမ် သုံးခါ လျှောက်ထား၏။ ဘုရားရှင်ကလည်း သုံးကြိမ်တိုင်တိုင် ပယ်တော်မူ၏။

ဤတွင် အရှင် နာဂသမာလသည် ဘုရားရှင်၏ သပိတ်နှင့် နှစ်ထပ်သင်္ကန်းကြီးကို မြေကြီးပေါ်မှာချလျက် ထွက်ခွာ သွားခဲ့ပေသည်။

## လမ်းခွဲသူ၏ ကံကြမ္မာ

ဘုရားရှင်ကို တပါးတည်း ပစ်ထားခဲ့သော အရှင် နာဂသမာလသည် သူ သွားလိုလှသော လက်ဝဲလမ်းသို့ကား သွားခဲ့ရပါ၏။ ဘုရားရှင်၏ သပိတ်နှင့် နှစ်ထပ်သင်္ကန်းကြီးများ သယ်မလာရတော့သဖြင့် ပေါ့ပေါ့ ပါးပါးလည်း ရှိပါ၏။ သို့သော် သူ့ကံကြမ္မာက ကြာရှည်မကောင်းခဲ့ပါ။ တောအုပ်တခုသို့ ဝင်မိသည်နှင့် ဒမြတဖွဲ့နှင့် တိုးခဲ့ပါတော့သည်။ ဘုရားရှင် ရှေ့တော်သို့ ပြန်ရောက်လာသောအခါ သူ့တကိုယ်လုံး အညိုအမဲစွဲလျက်။ သူ့သပိတ်သည် ကွဲလျက်။ သူ့ နှစ်ထပ်သင်္ကန်းကြီးသည် အစိတ်စိတ်အမွှာမွှာ စုတ်ပြဲလျက်။ ဆရာ့စကား နားမထောင်မှု၏ ရလဒ်များ ပေတကား။

[ဥဒါန်း ဋ္ဌကထာ]

## ခရီးတဝက်၏ အဆုံး

ဤအကြောင်းအရာများမှာ ကျွန်ုပ် ထိန်းသိမ်းထားရသော တရားဘဏ္ဍာများတွင် အပါအဝင် ဖြစ်ပါ၏။ တရားဘဏ္ဍာစိုး ဖြစ်သော ကျွန်ုပ်က တသက်တာ ကာလပတ်လုံး မပျောက် မပျက် ထိမ်း

ရှုက်ထားရမည် ဖြစ်ပါ၏။နှောင်လာ နောက်သားတို့ထံသို့ လုံးစေ့ပါဒ်စေ့ လက်ဆင့်ကမ်းထား ခဲ့ရမည် ဖြစ်ပါ၏။ သို့ပါလျက် ဤအကြောင်း အရာကို ကိုယ်တော်မြတ်၏ နှုတ်တော်ဖျားမှ ရုတ်တရက် ကြားလိုက်ရသည်တွင် ကျွန်ုပ် ကြက်သီးမွေးညှင်း ထသွားရပါသည်။ 'ဘုရားရှင်အပေါ် သည်မျှလောက် စိမ်းကား ကြလေရော့သလား'ဟု အံ့သြတကြီး ဖြစ်ရပါတော့သည်။

အော်... တသက်တာ ခရီးရှည်၏ တဝက်သည် ယူကျုံးမရ ဆင်းရဲလှသောစိတ်ဝေဒနာများဖြင့်အဆုံးသတ်ခဲ့ရပါပြီကော။ ။

# ကျွန်ုပ်၏ အမွန်မြတ်ဆုံး ဆု

## ကိုယ်တော်မြတ်၏ လောကဓံ

ကျွန်ုပ်၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်၊ နှစ်သိမ့်တတ်သော အို....သူတော် သူမြတ်အပေါင်းတို့။ လာခြင်းကောင်းသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့်တကွ တပည့်သာဝက အပေါင်း၏ ကောင်းသတင်း အဖုံဖုံကို ဇာတ်စုံခင်း၍ လာခဲ့ရာတွင် ယခု မကောင်းသတင်းများလည်း မလွဲသာ မရှောင်သာ ပါဝင်ခဲ့ရပါပြီ။ ဤသည်မှာ လောကကြီး၏ သဘော ဖြစ်ပါသည်။ လောကကြီးတွင် အကောင်းချည်းသက်သက် မရှိနိုင်။ အဆိုးကို ချည်း တဘက်သတ် ကြည့်၍မရ။ လောကြီးနှင့် မကင်းကွာသေး

သမျှ အကောင်း အဆိုး နှစ်မျိုးသော လောကဓံများနှင့် တွေ့ရကြုံရမည်သာ ဖြစ်ပေသည်။

ဘုရားရှင် ကိုယ်တော်မြတ်သည် လောကမှ လွန်မြောက်ရာ တရားကို မျက်မှောက် ပြုထားပြီး ဖြစ်၏။ လောကမှ လွန်မြောက်ရာ တရားကို အထက်မြက်ဆုံးသော ဘာဝနာ စွမ်းအားဖြင့် ပွားများထားသဖြင့် ရှင်တော်မြတ်၏ စိတ်အစဉ်သည် အကောင်း အဆိုး နှစ်မျိုးသော လောကဓံတို့ကြောင့် စိုးစဉ်းမျှ တုန်လှုပ်ရန် မရှိပါ။ သို့ရာတွင် ဤ အရှင်မြတ်ကြီး၏ ဝိပါက်ခန္ဓာ တရားစုကား လောကထဲမှာသာ ရှိကြ၏။ လောကထဲမှာ အကျုံးဝင်နေသဖြင့် ကိုယ်ခန္ဓာနှင့်ပတ်သက်သော လောကဓံကို ခံစားရ၏။ အဆိုး လောကဓံကို ခံစားရာတွင် သက်တော် ဝါတော် မကြီးရင့်သေးခင်က အကြောင်း မဟုတ်။ အကြောင်း မဟုတ်၍ ထုတ်ဖော်မိန့်ကြားခြင်း ပြုတော်မမူခဲ့သော ဤဇာတ်ကြောင်းများကို ယခုတော့ ရွှေနှုတ်တော်မှ ထုတ်ဖော်တော် မူရချေပြီ။ အစိုးမရသော ဝိပါက်ခန္ဓာကိုယ်ကြီးက မထုတ်ဖော်ပဲ မနေနိုင်အောင် တောင်းဆိုခဲ့ပြီး မဟုတ်ပါလော။

“ရဟန်းတို့။ ယခုအခါ ငါဘုရား အိုမင်းရင့်ရော်၍ လာချေပြီ။ အချို့သော ရဟန်းတို့သည် ငါဘုရားနှင့် လမ်းခွဲ၍ သွားခဲ့ကြ၏။ အချို့သော ရဟန်းတို့သည် ငါဘုရား၏ သပိတ်သင်္ကန်းတို့ကို မြေပေါ်မှာ ချထားခဲ့ကြ၏။ ငါဘုရားအား အမြဲတမ်း လုပ်ကျွေးပြုစုမည့် ရဟန်းတပါးကို ရွေးချယ်ကြကုန်လော့”

ရဟန်းအပေါင်းတို့ ခေါင်းငိုက်စိုက် ချသွားကြရသော မိန့်ခွန်းတော်ကြီး ဖြစ်ပါ၏။

## မည်သူမျှ ဝမ်းမသာနိုင်

ခနရာကား ဇေတဝန် ကျောင်းတိုက်အတွင်း၊ ဘုရားရှင် သီတင်းသုံးတော်မူရာ ရာဂန္ဓကုဋီတိုက်၏ ဉပစာ။ အချိန်ကား နေ့အကုန် ညအကူး တောင်လေမှူးသည့် မိုးဦးရာသီ။ ဤနေရာ ဤဌာနတွင် အမိုက်ဘမြင် မြက်တပင်မျှမရှိ။ သဲဖြူဖြူ ဖြန့်ခင်းထားသော မြေပြင်ညီညီတွင် ရဟန်းတို့သည် သင် ဖြူး ပိုင်း က လေး ကိုယ် စီ ခင်းထိုင်လျက် ရှိကြ၏။ အချိန်မှာလည်း တနေ့တာလုံး ခံစားခဲ့ရသော အပူဒဏ် အအိုက်ဒဏ်များ သက်သာလာချိန် ဖြစ်၏။ သို့ပါလျက် ကျွန်ုပ်တို့ စိတ်နှလုံး ရွှင်ပြုံးမလာနိုင်ကြပါ။ မမျှော်လင့်ပဲ ကြားလိုက်ရသော ဖြစ်ရပ်ဇာတ်လမ်းနောက်သို့ အတွေးကိုယ်စီဖြင့် လိုက်ပါလျက် ရှိနေကြ၏။ တရားလက်ကိုင် ခိုင်မြဲသူနှင့် မခိုင်မြဲသူသာ ကွာခြားပါလိမ့်မည်။ အသင့်အတင့် နှလုံးသွင်းနိုင်သူနှင့် နှလုံးမသွင်းနိုင်သူသာ ကွာခြားပါလိမ့်မည်။ ကြားလိုက်ရသော သတင်းနှင့်ပတ်သက်၍ ဝမ်းမြောက် ဝမ်းသာ မဖြစ်လာသော အချက်ကား အားလုံး တူညီကြပါလိမ့်မည်။ ရဟန်းအားလုံး၏ မျက်နှာထားများက သက်သေခံကြပါလိမ့်မည်။

## သာဝကကြီးများကို လက်မခံ

“အရှင်ဘုရား။ ဤယနေ့မှစ၍ အသက်ရှင်သမျှ ကာလပတ်လုံး ဘုရားရှင်ကို တပည့်တော် ပြုစုလုပ်ကျွေးပါတော့မည်ဘုရား”

တိတ်ဆိတ်နေသော ပရိသတ်ထဲမှ ဦးစွာပထမ ထ၍ လျှောက်ထားသူကား အရှင်မဟာ သာရိပုတ္တရာ ဖြစ်၏။ တပည့် သာဝက အပေါင်းတွင် အမြင့်မြတ်ဆုံးဖြစ်သော တပည့်ကြီး၏ လျှောက်ထားချက်ကို ဘုရားရှင် လက်ခံတော်မမူပဲ-

"သာရိပုတ္တရာ။ မနကျွေးမွေးနှင့်၊ မပြုစုနှင့်၊ သင့်ရှိလေရာ အရပ်မှာ တရားသံ တိတ်ဆိတ်သည်ဟူ၍ မရှိ။ သင်၏ အဆုံးအမသည် ငါဘုရား ဆုံးမတော်မူသည်နှင့် ထပ်တူဖြစ်၏။ သို့ဖြင့်၍ ငါဘုရားအား ပြုစုလုပ်ကျွေးရန် သင့်မှာတာဝန်မရှိပေ"

အကျိုးသင့် အကြောင်းသင့် မိန့်တော်မူကာ ငယ်လျှန်တော်မူလိုက်၏။ အရှင်မဟာ မောဂ္ဂလာန်၊အရှင် မဟာကဿပ စသော သာဝကကြီးများလည်း အားလုံး အပယ်ခံရသည်ချည်းဖြစ်ကုန်၏၊ ဤတွင် ရဟန်းအားလုံး၏ မျက်နှာများက ကျွန်ုပ်ထံ ရှေးရှုလာကြတော့၏။ မထေရ်ကြီးများ တပါးပြီးတပါး ထ၍ လျှောက်ထားပြီးသည့်နောက်၊ မလျှောက်ထားရသေးသောသူမှာ ကျွန်ုပ်တပါးတည်းသာ ကျန်နေသောကြောင့် ဖြစ်ပေသည်။

## ရှေ့တခေါ် မျှော်ကြည့်လိုက်လျှင်

မှန်ပါသည်။ ကျွန်ုပ်ထက် သိက္ခာကြီးသော မထေရ်ကြီးများ လျှောက်ထားစဉ်က ကျွန်ုပ် ဆိတ်ဆိတ်နေခဲ့၏။ သိက္ခာကြီးသော မထေရ်များ ကုန်သွားတော့လည်း ကျွန်ုပ် ထိုင်ရာမှ မထသေး။ ကျွန်ုပ်၏ အရိပ်အခြေကိုကြည့်ကာ သိက္ခာငယ်သော ရဟန်းများလည်း အသီးသီး ထ၍ လျှောက်ထားကြ၏။ အားလုံးလျှောက်

ထား၍ အားလုံး အပယ်ခံရသည်တိုင်အောင် ကျွန်ုပ်ကား ထိုင်မြဲ ထိုင်၍ နေခဲ့ပါသည်။

မမျှော်လင့်သော သတင်းကို ရုတ်တရက် ကြားလိုက်ရစဉ်က ကျွန်ုပ်မှာ ကြက်သီး မွေးညှင်းများ ထခဲ့ရ၏။ 'နောင်တော်မြတ် အပေါ် သည်မျှလောက် စိမ်းကားကြလေရော့ သလား' ဟု တအံ့ တသြ ဖြစ်ခဲ့ရ၏။ယူကျုံးမရ ဆင်းရဲလှသော စိတ်ဝေဒနာများကို ခံစားရ၏။ ဤသို့ ခံစားရာမှ ရှေ့တခေါ် မျှော်ကြည့်လိုက်သည် တွင် ကျွန်ုပ်၏ ရာသက်ပန် တာဝန်ကို အထင်းသား အရှင်းသား မြင်လိုက်ရပါတော့သည်။

## နောင်တော်ကြီးနှင့် ညီငယ်ထွေး

အသက်ချင်းမကွာလှသော်လည်း နောင်တော်မြတ်နှင့် ကျွန်ုပ်တို့ မှာ စိတ်ဓာတ်ချင်း ကွာခြားလှ၏။ ရင့်ကျက်သော စိတ်နေ စိတ် ထားနှင့် တည်ငြိမ်သော ဂုဏ်သိက္ခာများကြောင့် နောင်တော် မြတ်ကို ကျွန်ုပ် လေးလေး စားစား ဆက်ဆံခဲ့ရ၏။ အသက်ချင်း ကွာခြားသော နောင်တော်ကြီးနှင့် ညီငယ်ထွေးကဲ့သို့ပင် ကျွန်ုပ် စိတ်မှာ ခံစားခဲ့ရ၏။လူ့ဘောင်လောကမှ အသိုက်အဝန်းများကို လွတ်လွတ် ကျွတ်ကျွတ် စွန့်ခွာနိုင်ခြင်းတွင် နောင်တောင်မြတ် အပေါ် ထားရှိခဲ့သော မေတ္တာဓာတ်များက အဓိက အကြောင်း များ ဖြစ်ပါသည်။

မေတ္တာအရင်းခံဖြင့် ထံတော်ပါးသို့ ရောက်လာခဲ့သော ကျွန်ုပ်သည် နောင်တော်မြတ်နှင့်ကား အစဉ်အမြဲ တွဲ၍ မနေ

ဖြစ်ခဲ့ပါ။ အခြား အခြားသော ရဟန်းများကို အခွင့် ပေးလို ခြင်းကြောင့်လည်းကောင်း၊ လူတန်းစား ပေါင်းစုံနှင့် တွေ့ဆုံ ဆက်ဆံ၍ နေတတ်သော ကျွန်ုပ်၏ ဝသီကြောင့်လည်းကောင်း ရံဖန်ရံခါ နှောင်းတော်မြတ်နှင့် ကင်းကွာမှုများ ရှိခဲ့ပါသည်။ သည်က. နွှေမှာတော့ ကင်းကွာ၍ မဖြစ်တော့ပါပြီ။

ယခု မမျှော်လင့်ပဲ ကြားလိုက်ရသော သတင်းမှာ ရင်နှင့် စရာကောင်းသည် မှန်ပါ၏။ သမ္မာသမ္ဗုဒ္ဓဟူသော ဘွဲ့နာမံတော် ဖြင့် တရားစည်ကြီး ရိုက်ခတ်ဆော်ဟည်း နေပါလျက် နောက်ပါ တပါးမျှ မရှိသောအဖြစ်သို့ ရောက်တော်မူခဲ့ရသည် မှာဝမ်းနည်း ဖွယ် ကောင်းလှပါ၏။ သို့သော် ဤလိုဝမ်းနည်းဖွယ်၊ ရင်နှင့်ဖွယ် ကောင်းသော သတင်းကိုပင် တဘက်ကကြည့်ပြန်တော့ ဝမ်း မြောက်စရာ၊ နှစ်သက်စရာ ဖြစ်လာရ၏။ ဤသို့သော ခံစားချက် များက သတိပေးလိုက်၍သာ ရွှေခရီးလမ်းကို လှမ်း မြင်လိုက်ရ သည် မဟုတ်ပါလော။

## မတောင်းပဲနှင့် ရချင်သည်

"ငါ့ရှင် အာနန္ဒာ။ ရဟန်းအပေါင်းသည် အလုပ်အကျွေး တာဝန် ကို တောင်းနေကြပြီ။ သင်တပါးသာ ကျန်တော့သည်။ သူများ နည်းတူ တောင်းယူပါတော့လား"

ကျွန်ုပ်၏ အတွေးစများကို သီတင်းသုံးဖော်တို့၏ အသံများက ဖြတ်တောက်ပစ်လိုက်ကြ၏။ သို့ရာတွင် အတွေးစများကို ဖြတ် တောက်သော ထိုအသံများမှာပင် အတွေးဝင်စရာများက ရှိနေ သေးသဖြင့်—

"အရှင်ဘုရားတို့။ တောင်းခါမှ ရလာသော အလုပ်အကျွေး တာဝန်သည် တန်ဖိုးရှိပါဦးမည်လော။ တပည့်တော်ကိုကော ဘုရားရှင်မမြင်ပဲ နေတော်မူပါမည်လော။ အကယ်၍ ဘုရားရှင် ကိုယ်တော်တိုင်က နှစ်သက်တော် မူပါလျှင်- 'အာနန္ဒာ။ ငါ့ကို လုပ်ကျွေးလော့' ဟူ၍ ရွှေနှုတ်တော်က ထုတ်ဖော်တော် မူပါ လိမ့်မည်"

ကျွန်ုပ်က ဤသို့ တွေးတွေးဆဆ ပြန်လျှောက်လိုက်ရ၏။

## မတောင်းပဲနှင့် ရပါပြီ

ဤကိစ္စသည် ကျွန်ုပ်၏ တသက်တာတွင် အရေးအကြီးဆုံးဖြစ်၏။ ဤတာဝန်သည်ကျွန်ုပ်၏ တသက်တာတွင် အမြတ်နိုးဆုံး ဆုလာဘ် ဖြစ်၏။ ဤဆုလာဘ်နှင့်ပတ်သက်နေသောဤကိစ္စတွင် ရုတ်တရက် ချက်ချင်း မှန်ကန်သော ဆုံးဖြတ်ချက်ကို ချလိုက်ရသဖြင့် မိမိ ကိုယ်ကို ကျေနပ်မိပါသည်။

"ရဟန်းတို့။ အာနန္ဒာကို အခြားသူက တိုက်တွန်းစရာမလိုပါ။ သူ့တာဝန်ကို သူ့ဘာသာသိ၍ ငါဘုရားကို လုပ်ကျွေးပါ လိမ့်မည်"

ကျွန်ုပ်၏ ဆုံးဖြတ်ချက် မှန်ကန်ကြောင်း ကိုယ်တော်တိုင်က ထောက်ခံတော် မူလိုက်ချေပြီ။

"အာနန္ဒာ။ ထပါလော့- အာနန္ဒာ။ထပါလော့- ဘုရားရှင်ကို အလုပ်အကျွေး တာဝန်တောင်းပါလော့"

ဘုရားရှင် လက်ခံတော်မူတော့မည်ဟု သိကြသဖြင့် သီတင်းသုံးဖော်များက အဒူးရဝမ်းသာ တိုက်တွန်းကြ၏။ သို့ရာတွင် ကျွန်ုပ်ကတော့ အလုပ်အကျွေး တာဝန်ကို တောင်းခံခြင်းမပြုပါ။ ဤတာဝန်ကို ကိုယ်တော်တိုင် မိန့်ကြားတော်မူသော စကားအရ ကျွန်ုပ်ရရှိပြီးဖြစ်သည်ဟု သဘောပေါက်ထားပါသည်။ ကျွန်ုပ်တောင်းရန် ရှိသည်ကား အမြတ်နိုးဆုံး ဆုကြီးထဲက ဆုကလေးများသာဖြစ်ပါသည်။

## ပယ်အပ်သော ဆု ၄ ခု.

တသက်နှင့်တကိုယ်ဝမ်းအသာဆုံးသောစိတ်၊ အရှင်လန်းဆုံးသောမျက်နှာဖြင့် ကျွန်ုပ်သည် သံဃာ့ပရိသတ်ထဲမှ ထလိုက်ပါသည်။ ကိုယ်တော်မြတ်၏ ခြေတော်ရင်းသို့ ရှိသေလေးမြတ်စွာ ချဉ်းကပ်လိုက်ပါသည်။ ရဟန်းတို့၏ လူ့ဖွယ်ဝတ္ထုဖြစ်သော လက်အုပ်ကြာပဒုံဖြင့် ခြေတော်အစုံကို ပူဇော် လှူဒါန်းလိုက်ပါသည်။ ထို့နောက်မှ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီကာ—

"အရှင်ဘုရား။ အကယ်၍ဘုရားရှင်သည် မိမိရသောအဖိုးထိုက်အဖိုးတန် သင်္ကန်းကိုမပေးပဲ နေတော်မူပါလျှင်—

"မိမိရရှိသော ဆွမ်းခဲဖွယ်ကို မပေးပဲ နေတော်မူပါလျှင်—

'ဘုရားရှင် ကျိန်းစက်တော်မူရာ ကျောင်း၌ အတူတကွ နေထိုင်ခွင့် မပေးပဲ နေတော်မူပါလျှင်—

"ဘုရားရှင်အား ပင့်ဖိတ်၍ ကျွေးမွေးလှူဒါန်းရာသို့ တပည့်တော်ကို မခေါ်ပဲ ထားတော်မူပါလျှင်—ဘုရားရှင်ကို တပည့်တော်လုပ်ကျွေး ပြုစုပါမည် ဘုရား"

ပယ်ရမည့် ဆုလေးမျိုးကို ဦးစွာ ပထမ တောင်းလိုက်ရာတွင်-

"အာနန္ဒာ။ ဤလေးဌာနတွင် မည်သို့သော အပြစ်ကို မြင်မိပါသနည်း" ဟု မေးတော်မူ၏။

## ပယ်ရခြင်း အကြောင်းရင်း

"အရှင်ဘုရား။ ဤအခွင့်အရေးလေးမျိုးကို တပည့်တော် ရရှိပါက ဆိုစရာ၊ ပြောစရာများ ဖြစ်ပေါ်လာပါလိမ့်မည်။ အာနန္ဒာသည် ဘုရားရှင် ရရှိသောအဖိုးထိုက် အဖိုးတန် သင်္ကန်းကို ဝတ်ရုံရ၏။ ဆွမ်းကောင်း ဟင်းကောင်းကို စားသောက်ရ၏။ တကျောင်းတည်းမှာအတူနေရ၏။ ဘုရားရှင် ပင့်ဖိတ်လျှင် သူပါလိုက်ပါရ၏။ ဤသို့သော အခွင့်ထူး-လာဘ်ထူးကို ရသဖြင့် ဘုရားရှင်ကို သူ ပြုစုလုပ်ကျွေးခြင်းဖြစ်၏။ ဤလို ပြုစုလုပ်ကျွေးရသူမှာ ဘာများ ဝန်လေးစရာ ရှိပါမည်နည်း- ဤသို့ မနာလိုသူတို့က ပြောလာကြပါလိမ့်မည်ဘုရား"

"အာနန္ဒာ။ ကောင်းလေစွ၊ ဤဆုလေးမျိုးကို အပြည့်အဝ ယူပေလော့"

## ပန်အပ်သော ဆု ၄ ခု

"အရှင်ဘုရား။ ပေးတော်မူသော ဆုလေးမျိုးကို ဝမ်းမြောက်စွာ လက်ခံပြီးနောက် ဆက်လက်၍ လျှောက်ထားပါရစေ ဘုရား၊

အကယ်၍ ဘုရားရှင်သည် တပည့်တော် လက်ခံထားသော ဖိတ်ကြားရာသို့ လိုက်တော်မူပါလျှင်-

"အကယ်၍ အဝေးရပ်ရွာမှ ရောက်လာကြသော ပရိသတ်အား ရောက်လာသော အချိန်မှာပင် ဘုရားရှင်ထံသို့ ပို့ဆောင်ခွင့်ရပါလျှင်—

"အကယ်၍ တပည့်တော်မှာ ယုံမှား သင်္ကာ တစုံ တရာ ပေါ်လာခဲ့သော် ပေါ်လာသောအချိန်မှာပင် ဘုရားရှင်ထံချဉ်းကပ်ခွင့် ရပါလျှင်-

"အကယ်၍ တပည့်တော်၏ မျက်ကွယ်မှာ ဟောကြားတော်မူခဲ့သော တရား ဒေသနာများကို ကျောင်းပြန်ရောက်သောအခါ တပည့်တော်အား ထပ်မံ ဟောကြားတော်မူပါလျှင်-ဘုရားရှင်ကို တပည့်တော် ပြုစုလုပ်ကျွေးပါမည် ဘုရား"

ပယ်ရမည့် ဆုများနှင့်တူ ပန်ဆင်လိုသော ဆုများလည်း လေးပါးတိတိ ရှိနေလေရာ-

"အာနန္ဒာ။ ဤ အခွင့်အရေးလေးမျိုးတွင် မည်သို့သော အကျိုးကျေးဇူးကို မြင်ထားပါသနည်း"

## ပန်ရခြင်း အကြောင်းရင်း

"အရှင်ဘုရား။ သဒ္ဓါထက်သန်သော အမျိုးသားတို့သည် ဘုရားရှင်နှင့် တွေ့ဆုံခွင့် မရကြ၍ နောက်တနေ့မှာ ဘုရားရှင်နှင့်အတူ သူတို့အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွရန် ပင့်ဖိတ် တတ်ကြပါသည်။ ထိုဖိတ်ကြားရာသို့ အကယ်၍ ဘုရားရှင် လိုက်ပါတော် မမူပါ

လျှင်။ အလိုရှိသော ခဏမှာ ပရိသတ်ကို ဘုရားဖူး ပို့ခွင့်မရပါလျှင်။ ယုံမှားသံသယကွာရှင်းရန် ချဉ်းကပ်ခွင့်မရပါလျှင်။ ပြောစရာ ဆိုစရာများ ပေါ်လာပါလိမ့်မည် ဘုရား။ အာနန္ဒာသည် ဘုရားရှင်ကို မည်သို့များ ပြုစုပါသနည်း။ သူ့ကို ဘုရားရှင်က ဤမျှလောက်ပင် ချီးမြှောက်မှု ပြုတော်မမူပါချေ၊ တကားဟု အများတကာ အပြစ်တင်လာကြပါလိမ့်မည် ဘုရား”

“နောက်တမျိုးလည်း ရှိပါသေးသည်။ ဟောကြားတော်မူခဲ့သော ဒေသနာတော် တခုခုနှင့်ပတ်သက်၍ ဘုရားရှင် မျက်ကွယ်ရာမှာ မေးလာကြသောအခါ တပည့်တော် မဖြေနိုင်လျှင် အပြစ်တင်ကြပါလိမ့်မည်။ သင်သည် ဘုရားရှင် နောက်တော်ပါးမှ အရိပ်ပမာ လိုက်ပါခဲ့၏။ နှစ်ရှည်လများ ပြုစု လုပ်ကျွေးခဲ့၏။ သို့ပါလျက် သင်သည် ဤမျှလောက်ပင် မသိလေတကား-ဟု ဆိုလာကြပါလိမ့်မည်။

“ဤသို့သော အပြစ် အနာအဆာများ ကင်းစင်၍ စိတ်နှလုံးရှင်လန်းစွာ ပြုစုနိုင်သော အကျိုးတရားတို့ကို တပည့်တော် မြင်မိပါသည် ဘုရား”

“အာနန္ဒာ။ ကောင်းလေစွ၊ ဤ ဆုလေးမျိုးကိုလည်း အပြည့်အဝ ယူပေလော့”

ဝမ်းနည်းစရာ သတင်းဆိုးဖြင့် အစပျိုးခဲ့ရသော ထိုအစည်းအဝေးသည် တခဲနက်သော သာဓုသံဖြင့် ပြီးဆုံး ခဲ့ပါသတည်း။ ။

[သုတ်မဟာဝဂ် မဟာပဒါနသုတ်အဋ္ဌကထာ]

* * *

# အရပ်တော်နှင့် အရိပ်

### ကျေးဇူး သိတတ်ကြပါစေ

ပယ်လည်းလေးတန်၊ ပန်လည်းလေးခု၊ ရှစ်မျိုးသော ဆုများကို ခံယူလျက် ကျွန်ုပ်၏ ဘဝခရီးသစ် စတင်ခဲ့ပါသည်။ ယခင်ကလို ပူးတွန်၊ ခွာတွန် မပြုတော့ပဲ နောက်တော်ပါးမှ အရိပ်ပမာ လိုက်ပါ ပြုစုရပါသည်။

ဘုရားရှင်နှင့် ကျွန်ုပ်တို့မှာ ကိုယ်ခန္ဓာအားဖြင့် နှစ်ပါး ဆိုရပါသည်။ စိတ်အလိုအားဖြင့်ကား နှစ်ပါးမကွဲ တပါးထဲသာ ဖြစ်ပေသည်။ကျွန်ုပ်၏ ကာယကံ၊ ဝစီကံတို့သည် ကျွန်ုပ်၏ စိတ်အလိုဖြင့် ပြုမူလှုပ်ရှားခြင်း မရှိကြပါ။ ဘုရားရှင်၏ စိတ်တော်ကျ

အတိုင်းသာ ပြုမူလုပ်ရှားကြပါသည်။ ဘုရားရှင် စိတ်တော်ကျကို လိုက်နာရသဖြင့် ကျွန်ုပ်၏မနောကံကလည်း အားရကျေနပ်လျက် ရှိပေသည်။

ဤ အကြောင်းအရာများကို တခမ်းတနား ထုတ်ဖော် တင်ပြနေရခြင်းမှာ မိမိကိုယ်ကို ချီးမြှောက်လို၍ မဟုတ်ပါ။ တပည့်သာဝက အပေါင်းတွင် ဘုရားရှင်နှင့် ငါ့လောက် ရင်းနှီးကျွမ်းဝင်သူ မရှိဟု ဝင့်ဝါလိုသောကြောင့်လည်း မဟုတ်ပါ။ ယခုကြားနာမှတ်သားသူများမှတဆင့် နောင်လာ နောက်သားများ၏ လက်သို့ ကျွန်ုပ်၏အတွေ့အနှစ်များကို ပေးထားခဲ့ချင်၍ ဖြစ်ပါသည်။ အေးရာ ငြိမ်ရာ မြိုက်ချမ်းသာ ပေးတော်မူခဲ့သော ကျေးဇူးရှင်ကြီးအား ကျွန်ုပ်တို့ ကျေးဇူးဆပ်ခဲ့ပုံများကို နမူနာယူနိုင်ကြရန် ဖြစ်ပါသည်။ ပြုခဲ့ဖူးသော သူ့ကျေးဇူးကို ကောင်းစွာ သိသည်ဖြစ်၍ သိသည့်အတိုင်း ကျေးဇူး တုံ့ပြန်သောအားဖြင့် ကတညုတ မင်္ဂလာ ပွားနိုင်ကြရန် ဖြစ်ပါသည်။

## ကျွန်ုပ်၏ နေ့တာဝန်များ

အမြဲတမ်း လုပ်ကျွေးရန် တာဝန်ကျလာသည်မှစ၍ ကျွန်ုပ်သည် ဘုရားရှင် ထံတော်ပါးမှ မခွဲမခွာ နေလာခဲ့ပါသည်။ ရေပူရေချမ်း ကမ်းလှမ်းခဲ့ပါသည်။ ကြိုက်နှစ်သက်ရာ ယူငင် အသုံးပြုနိုင်စေရန် သုံးမျိုး သုံးစားသော ဒန်ပူများကို ကိုယ်တိုင်ပြုလုပ်၍ ဆက်ကပ်ခဲ့ပါသည်။ ခြေဆုပ် လက်နယ် ပြုခဲ့ပါသည်။ ကျောအောင့်သော ရောဂါ မကြာ မကြာ ပေါ်လာလေတိုင်း

ကျွန်ုပ် နှိပ်နယ်ပေးခဲ့ပါသည်။ ဤရောဂါမှာ ဟိုယခင်က ဒုက္ကရစရိယာ အကျင့်များ၏ အကျိုးဆက် ဖြစ်မည်ထင်ပါသည်။ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီအနီးဝယ် အမှိုက် တမြင်မျှ မရှိရအောင် တံမြက်လှည်းပါသည်။ ပေါင်းပင် မြက်ပင်များ ရှိလာသော် သာမဏေများအား ကပ္ပိခိုင်း ရပါသည်။

ဤသို့သော ဝေယျာဝစ္စ အမှုများကို ပြုစုရင်းကပင် စားရေး သောက်ရေး ကိစ္စများကိုလည်း မလစ်ဟင်း စေရပါ။ ဆွမ်း စားချိန်တန်လျှင် ကောင်းနိုးရာရာ ဆွမ်း ဘောဇဉ်များ ပြင်ဆင်၍ ဆက်ကပ်ပါသည်။ ဆွမ်းပြီးလျှင် မုန့် ခဲဖွယ်များ ဆက်ကပ်ပါသည်။ ညနေချမ်းကျလျှင် ကိုယ်တော်တိုင် ခွင့်ပြုတော်မူသော အဖျော် ၈ မျိုးထဲက တမျိုးမျိုးကို ဆက်ကပ်ပါသည်။ငှက်ပျော, သရက်, မုဒရက်, ဖက်သက် စသော အသီးများထဲမှ ရာသီအားလျော်စွာ ပေါ်လာသော အသီးမှည့်များကို ရေမှာနယ်ဖတ်ကာ ပုဝါသန့်သန့်ဖြင့် အဖတ်မပါအောင် စစ်ယူလိုက်သော အခါ ညနေပိုင်းမှာ ရဟန်းတို့ သောက်ကောင်းသော အဖျော် ရပါသည်။မှတ်သိပ်မှုကို ပယ်ဖျောက်ယင်း ဆေးဝါးကိစ္စလည်း တပါတည်း ပြီးစီးသွားစေရန် စီမံထားတော် မူပေသည်။

## ကျွန်ုပ်၏ ညတာဝန်များ

နေ့ခင်းတုန်းက ပြုအပ်ရာရာကို မလစ်မလပ်ရအောင် ပြုပြီးခဲ့သော်လည်း ကျွန်ုပ်၏ တာဝန်များ မကုန်သေးပါ။ နေ့တာဝန် အပြီးတွင် ည့တာဝန်ကို ဆက်၍ယူရပါသေးသည်။ တညတည-

လျှင် ကိုးကြိမ်တိုင်တိုင် မီးဒုတ်ကိုင်စွဲလျက် ဘုရားရှင် ကျောင်းဆောင်ကို လှည့်လည်ရပါသေးသည်။ ဤသို့ လှည့်လည်ရခြင်းမှာ ဘုရားရှင်အပေါ် အန္တရာယ် တစုံတရာ ကျရောက်မည်စိုးရသောကြောင့် မဟုတ်ပါ။ အရေး အကြောင်းရှိ၍ ဘုရားရှင်ခေါ်တော်မူလျှင် ချက်ချင်း လက်ငင်း ထူးနိုင်ရန် ဖြစ်ပါသည်။ ဘုရားရှင် ကျိန်းစက်တော် မမူသေးခင် မိမိက အိပ်ချင်မူးတူးဖြစ်မနေနိုင်ရန် ဖြစ်ပါသည်။

ဤသည်တို့မှာ ကျွန်ုပ်၏ ကတညုတ မင်္ဂလာများ ဖြစ်ပါသည်။ အေးရာ၊ ငြိမ်းရာ၊ မြိုက်ချမ်းသာကို ပေးသနားတော်မူခဲ့သော ကျေးဇူးတော်များအတွက် အတုံ့အလှည့် ပြုစုရခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဤသို့ပြုစုလိုက်ရသဖြင့် ရှိခဲ့ဖူးသော ကျေးဇူးတော်များတွင် မည်ရွေ့ မည်မျှ ကျေသွားပြီ။ ကုန်သွားပြီဟူ၍ သတ်မှတ်၍ မရနိုင်ပါ။ ကျေးဇူး ဂုဏ်အနန္တကို ကမ္ဘာသချေ မြှမ်းဆပ်သော်မှ ကုန်နိုင်မည်မဟုတ်ပါ။ မကုန်နိုင်သော ကျေးဇူးတော်ကို မိမိကိုယ်အားရှိသမျှ ဉာဏ်အားရှိသမျှဖြင့် ပေးဆပ်ရင်းကပင် ဤသို့ ပေးဆပ်ခွင့် ရနေသည့်အတွက် ကျေးဇူးတင်ရပါသေးသည်။

[အင်္ဂုတ္တရ ဧကက နိပါတ် အဋ္ဌကထာ အနန္ဒတ္ထေရ ဝတ္ထု]

## အလိုက်မသိသော နှောင်တော်ကြီး

ကျေးဇူးရှင်ကို ကျေးဇူးတင်ယင်း ပြုစုလုပ်ကျွေးလာခဲ့သော ကျွန်ုပ်သည် တခါတရံမှာကား အလုပ်အကျွေးဘဝမှ အစောင့်အရှောက်ဘဝသို့ ကူးပြောင်းရပါသေးသည်။

မွေးရပ်မြေရှိ နိဂြောဓာရုံ ကျောင်းတော် ရောက်စဉ်ခိုက်ဝယ် ဘုရားရှင် ဖျားနာတော်မူရ၏။ သင့်တင့် လျောက်ပတ်သော ဆေးဝါးများ၊ လိုလေသေးမရှိအောင် ပြုစုမှုများကြောင့် ဘုရားရှင်၏ အဖျားရောဂါ မကြာမီသက်သာလာပါ၏။ သို့သော် ဝေဒနာဒဏ်ကြောင့် ရုပ်ခန္ဓာ၏ အားနည်းမှုကားကျန်နေပေသေးသည်။ သက်တောင့်သက်သာ အတန်ကြာ အနားယူပါမှ မူလအခြေအနေပြန်ရောက်ရန် ရှိပေသည်။ တရားဟောခြင်း ကိစ္စများကို ခေတ္တခဏ ရပ်နားထားတော်မူမှ ဖြစ်ပေလိမ့်မည်။ ဤအခြေအနေတွင်မှ ကျွန်ုပ်တို့၏ နောင်တော်ကြီး မဟာနာမ်သည် နက်နဲလှစွာသော ပြဿနာကြီး တခုကို မေးလျောက်လာပေသည်။

"အရှင်ဘုရား။ လွန်လေပြီးသော တချိန်တုန်းက ဘုရားရှင် တရားတပုဒ် ဟောတော်မူခဲ့ပါသည်။ သမာဓိရှိသူအား ဉာဏ်ဖြစ်ပေါ်၏။ သမာဓိမရှိသူအား ဉာဏ်မဖြစ်ပေါ်နိုင်ဟူသော ဒေသနာတော်ကို ယခုတဖန်ပြန်လည် သုံးသပ်သောအခါ ပြဿနာတခု ထွက်ပေါ်လာပါသည်။ သမာဓိနှင့် ပညာ ဤတရားနှစ်ပါးတို့တွင် ဘယ်သင်းက ရှေ့ကျ၍ ဘယ်သင်းက နောက်ကျပါသနည်းဟူသည်ပင်ဖြစ်ပါသည်။ ဤပြဿနာကို တပည့်တော်ဘာသာမဆုံးဖြတ်ရဲပါ၍ ဘုရားရှင် ဆုံးဖြတ်ပေးတော်မူပါဘုရား"

မဟာကရုဏာတော် ဒီ့ရှိန်အဟုန်

လျှောက်ထားသူအဖို့တော့ လွယ်ပါ၏။ ဖြေရမည့် ပုဂ္ဂိုလ်မှာတော့ မသက်သာလှပါ။ ဤလိုခက်ခဲလွန်း၊ နက်နဲလွန်းသော ပြဿနာ

တို့ကို ဆုံးဖြတ်တော့မည်ဆိုလျှင် ဘုရားရှင်၏ ဒေသနာတော်သည် တိုတိုကျဉ်းကျဉ်းနှင့် ပြီးဆုံးမည် မဟုတ်ပေ။ ဒေသနာတော်သည် ဘဟုန်းထိုး တက်လာသော ဒီရေကဲ့သို့ ဖြစ်လာတတ်၏။ ဒီရေသည် ကမ်းပါနှစ်ဘက်မှ အရာဝတ္ထုများကို အရှိန်အဟုန်နှင့် ဘိုက်ယူလာသကဲ့သို့ပင် အရှိန်အဟုန် ကောင်းလှသော ဒေသနာတော်တွင်လည်း ဤတရားနှစ်ပါးနှင့် သက်ဆိုင်သော တရားများ၊ အနုလုံ ပဋိလုံ ဝေဖန်သုံးသက်ချက်များ၊ ဝတ္ထု သက်သေသာဓကများလည်း အင်နှင့်အားနှင့် ပါလာကြမည်ဖြစ်၏။

ကိုယ်ခန္ဓာပင်ပန်းမှုကို အကြောင်းပြု၍ ဘုရားရှင်၏ ဒေသနာတော် အင်အားသည် လျော့ပါးရိုး ထုံးစံမရှိပေ။ သတ္တဝါဝေနေယျတို့အား မဟာကရုဏာတော်နှင့် တွဲလျက် သိစေချင် မြင်စေချင်သော ဆန္ဒတော်တို့လည်း မည်သည့်အခါမှ တွန့်ဆုတ်သွားသည်မရှိပါ။

## နောင်တော်ကြီးဘက်ကို မလိုက်နိုင်

မှန်ပါသည်။ ထက်သန်လှစွာသော စေတနာ, မြင့်မြတ်လှသော ဆန္ဒတော်ဖြင့် ဒေသနာတော်တပုဒ် ဟောထုတ်တော်မူလျှင် နောင်တော်ကြီး မဟာနာမ်အမြင် ရှင်း၍ အလင်းရမည် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်အနေနှင့် သူ့ဘက်ကိုချည့် တဘက်သတ် မလိုက်နိုင်ပါ။ သူ့အဖို့ ယခု မနာရသေးလျှင် နောက်နောင်မှာ နားချိန်တွေ အများကြီးရှိနေ၏။ သို့အတွက် သူ့မှာ တစုံတရာ ဆုတ်ယုတ်သွားသည်ဟု မရှိနိုင်။ သူ့အတွက် ငဲ့ကွက်ပြီး ဟောကြားသော

ဘုရားရှင်မှာသာ အားကုန်ခန်း၍ ပင်းပန်းတော် မူမည်ဖြစ်ပေသည်။

နောင်တော်ကြီး မဟာနာမ် လျှောက်ထားနေစဉ် တခဏအတွင်း ကျွန်ုပ်သည် ဤကြောင်းခြင်းရာများကို ခြုံငုံစဉ်းစားကာ ဆုံးဖြတ်ချက်ဘခုကိုချမှတ်လိုက်ပါသည်။ ထိုဆုံးဖြတ်ချက်အရ နောင်တော်ကြီး မဟာနာမ်ကို ရှေတော်မှောက်မှ ဆွဲထုတ်လာခဲ့ရပါသည်။ မိမိနေရာ ရောက်ခါမှ သီလ,သမာဓိ, ပညာ သုံးဖြာသော တရားတို့ကို ကျင့်သုံးဆဲနှင့် ကျင့်သုံးပြီး ပုဂ္ဂိုလ်တို့ အစွမ်းဖြင့် ခွဲခြမ်း စိတ်ဖြာ၍ ဟောလိုက်ရပါသည်။

[အင်္ဂုတ္တရ တိက နိပါတ် အနန္ဒဝဂ် မဟာနာမ သက္ကသုတ်]

## သည်ရောဂါနှင့် သည်ဆေးဝါး

ဤသည်တို့မှာ ကျွန်ုပ်၏ စေတနာ, ကျွန်ုပ်၏ မေတ္တာအရ ဆောင်ရွက်လိုက်သော ကိစ္စများ ဖြစ်ပေသည်။ ဘုရားရှင် ကိုယ်တော်တိုင်ကလည်း ကျွန်ုပ်၏ စေတနာ၊ ကျွန်ုပ်၏ မေတ္တာတို့ကို အသိအမှတ်ပြုတော်မူမည် မလွဲပါ။ သို့ရာတွင် ဤစေတနာ ဤမေတ္တာဖြင့် ဆောင်ရွက်သော ကိစ္စတိုင်းကိုကား လက်ခံတော် မမူပါချေ။ ဝိနယဓမ္မ နှစ်ဌာနအားဖြင့် သင့်လျော်သော ကိစ္စကိုသာ လက်ခံတော်မူ၍ မသင့်လျော်လျှင်ကား ချက်ချင်းပင် ငြင်းပယ်တော်မူပေသည်။

ဤအကြောင်းအရာ တင်ပြနိုင်ရေးအတွက် ရာဇဂြိုဟ် မြို့တော်နှင့် နိဒါန်းချီရပါလိမ့်မည်။ မဂဓ တိုင်းတခွင် လှည့်လည်ပြီး၍

ရာဇဂြိုဟ် မြို့တော်အရောက်တွင် ဘုရားရှင်မှာ လေနာရောဂါ သလာခဲ့ပေသည်။ ဤရောဂါသည် ဘုရားရှင်အတွက် အသစ်အဆန်းမဟုတ်သကဲ့သို့ ကုသရသော ကျွန်ုပ်အတွက်လည်း အတွေ့အကြုံရှိခဲ့ပြီးဖြစ်ပါသည်။ ဟိုစဉ်အခါ ဘုရားရှင် ဤသို့လေနာရောဂါခံစားရစဉ်က ဒကာတယောက်လှူလာသော သုံးမျိုးစပ်ယာဂုနှင့် သက်သာရာ ရခဲ့ဖူးသည် မဟုတ်ပါလော။

## ကျွန်ုပ်၏ သုံးမျိုးစပ် ယာဂု

ဘုရားရှင်၏ ရောဂါကို တခဏချင်း ပျောက်ကင်းအောင် စွမ်းနိုင်သော ထိုယာဂုကို ကျွန်ုပ် ပြီးပြီးပျောက်ပျောက် မထားနိုင်ခဲ့ပါ။ ယာဂုဒကာမှတဆင့် ယာဂု၏ အဖက်အစပ်များကို လေ့လာမှတ်သားထားခဲ့ရာ ယခုလေနာရောဂါနှင့်ကာရန်အသင့် ဖြစ်နေပါပြီ။

သုံးမျိုးစပ်ယာဂုကျိုရန် လိုအပ်သော ပစ္စည်းများကား ခက်ခက်ခဲခဲများ မရှာရပါ။ နှမ်း, ဆန်နှင့် ပဲနောက်တို့မှာ မီးဖိုချောင်တိုင်းမှာ ရှိနေပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ခင်မင် ရင်းနှီးပြီးသော အိမ်တအိမ် ဝင်ရုံနှင့် သုံးမျိုးလုံး ရလာခဲ့ပါသည်။ ရလာသောပစ္စည်းများကို ကျောင်းမှာခေတ္တခဏ သိမ်းကာ ကျောင်းထဲမှာပင် ယာဂုကျိုခဲ့ပါသည်။ ဘုရားရှင်၏ ရောဂါ ပျောက်ရေးကိုသာ အလေးပေးထားခဲ့သဖြင့် မိမိလုပ်ဆောင်ခဲ့သော ကိစ္စများဝိနည်းတော်နှင့် ညီ-မညီကို သတိမထားခဲ့မိပါ။ ကျွန်ုပ်ကိုယ်တိုင်သတိမထားမိသော ကိစ္စကို ဘုရားရှင်ကတော့ လျစ်လျူရှုသွားတော်မမူပါ။

## မအပ်စပ်သောယာဂု

"အရှင်ဘုရား-သုံးမျိုးစပ် ယာဂုကို သောက်တော်မူပါ"

ဤသို့ဆက်ကပ်လိုက်သည်နှင့် ယာဂု၏ ဇာစ်မြစ်ကိုမေးတော်မူပါတော့သည်။ ကျွန်ုပ်အဖို့ ဟုတ်တိုင်းမှန်စွာ ဖြေရုံမှအပ အခြားလမ်း မရှိပါ။ ဤတွင်ဘုရားရှင်က ကျွန်ုပ်၏ ဆောင်ရွက်ချက်များကို ရှုတ်ချပြစ်တင်တော်မူကာ-

"အာနန္ဒာ။ အကပ္ပိယကုဋိ၌ စားသောက်ဖွယ်ပစ္စည်း သိုမှီးခြင်းသည် မအပ်။ အကပ္ပိယကုဋိ၌ ချက်သော အစားအစာသည် မအပ်" ရဟန်းကိုယ်တိုင် ချက်သော အစားအစာသည်မအပ်"

ဤသို့ဝိနည်းတော်နှင့်မညီသော အချက်များကို ထုတ်ဟတော်မူပြီးမှ-

"ရဟန်းတို့။ ဤသုံးမျိုးသော အစားအစာတို့ကို မစားအပ်၊ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"

ရဟန်း ပရိသတ်အားလုံးအတွက် ပညတ်တော်တခု ထုတ်ပြန်တော်မူလိုက်၏။ အကပ္ပိယကုဋိဟူသည်မှာ စားသောက်ဖွယ်ပစ္စည်းများ ထားသိုရန်၊ ချက်ပြုတ်ရန် ဝိနည်းတော်အရ အပ်စပ်အောင် ပြောဆို၍ မဆောက်ခဲ့ရသော အဆောက်အအုံဖြစ်ပေသည်။ မိမိ၏ ရောဂါပျောက်ရေးထက် ဝိနည်းတော်ကို ပို၍ အလေးထားတော်မူခြင်းသည် ကျွန်ုပ်တို့ အားလုံးအတွက် တသက်တာ မှတ်သားလောက်သော စံနမူနာ ဖြစ်ပါပေသည်။

[ဝိနည်းမဟာဝဂ်၊ ဘေသဇ္ဇခန္ဓက]

## ရှုခင်းသာ တောကျောင်းဝယ်

ဝိနည်းကြောင်းနှင့် ပတ်သက်၍ အတိမ်းအစောင်း ခံတော်မမူခဲ့သော ဘုရားရှင်သည် တရားသဘောရေးရာမှာလည်း အစွန်းထွက်ခံတော်မမူပါ။ အစွန်းတဘက်ဘက်သို့ ချဉ်းကပ်လာသော စကားတခွန်းထွက်လာသည်နှင့် ခဏမဆိုင်း တားမြစ်တော်မူသည်သာ ဖြစ်ပေသည်။

သည်တုန်းက ကျွန်ုပ်တို့သည် ကုရုတိုင်းအတွင်းရှိ ကမ္မာသဒမ္မ ရွာကြီးအနီး တောအုပ်ထဲမှာ ရောက်နေကြ၏။ သည်နေရာသည် ဌာနတွင် ကျောင်းအဆောက်အအုံဟူ၍ မရှိသော်လည်း သစ်ရိပ်ဝါးရိပ် ကောင်းလှ၏။ သောက်ရေသုံးရေပြည့်စုံ၏။ တောတောင်ရှုခင်း သာယာလှ၏။ ထိုကြောင့် ဘုရားရှင်နှင့် ကျွန်ုပ်တို့သည် ကမ္မာသဒမ္မ ရွာကြီးတွင် ဆွမ်းခံဝင်ကာ ဤတောအုပ်မှာပင် ကျောင်းအမှတ်ဖြင့် နေခဲ့ကြ၏။

တစုံတရာအကြောင်းထူး မရှိလျှင် ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးချိန်မှာတပါတည်း လျောင်းစက်နေတော်မူတတ်၏။ ထိုစဉ်ခိုက်သည် ကျွန်ုပ်သည် ကျွန်ုပ်၏နေရာသို့ပြန်ကာ ဆည်းကပ်လာသော တပည့်များအား ပရိယတ်စာပေများ ပို့ချရ၏။ စာဝါချပြီးအချိန်ကလေးမှာကား ကျွန်ုပ်၏ကိုယ်ပိုင်သက်သက် ဖြစ်ပေသည်။

## လွယ်လွန်းလှသော တရားတော်

ရရှိထားသော အချိန်ကလေးတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ နေရာကို ကျွန်ုပ်ဘာသာ တံမြက်လှည်းလိုက်၏။ သပ်ယပ်သန့်ရှင်းသော မြေ

ပြင်ထက်တွင် သားရေနွယ်ကို ခင်းလိုက်၏။ ရေအိုးထဲမှရေအနည်း ငယ်ဖြင့် ခြေလက်များကို အေးမြသွားအောင် ဆွတ်ဖြန်းကာ သား ရေနွယ်ပေါ်မှာ တင်ပလ္လင်ထိုင်လျက် ဖလသမာပတ် ဝင်စား၍ နေခဲ့၏၊ ကျေးဇူးရှင်ကြီး ပေးသနားတော်မူခဲ့သော သမဏစည်း စိမ်ကြီးကို မြိန်မြိန်ကြီးခံစားပြီးနောက် ကျွန်ုပ်သည် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဆင်ခြင်သုံးသပ်မိ၏။ အများတကာခက်ခဲလှပါ သည်၊ နက်နဲလှပါသည်ဟု ဆိုကြရသော ပဋိစ္စသမုပ္ပါဒ် တရား တော်သည် ကျွန်ုပ်အဖို့ လွယ်ကူလွန်းလှပါတကား။ ပေါ်လွင်လွန်း လှပါတကား-။

## ဝမ်းမြောက်စရာ ထိတ်လန့်စရာ

မိမိ အတွေ့အကြုံကို မြှုမထားတတ်သော ပုဂ္ဂိုလ်တို့တွင် ကျွန်ုပ် တပါး အပါအဝင် ဖြစ်၏၊ထို့အပြင် အရှင်မြတ်ကြီး ကိုယ်တော် တိုင်ကလည်း မေးရန်၊လျှောက်ရန်ရှိလေတိုင်း လာခဲ့စေ-ဝင်ခဲ့စေ မိန့်ဆိုးထားတော် မူ၏။ ညနေပိုင်း ရောက်လာပြီမို့ ဘုရားရှင် လည်း လျှောင်းစက်ရာမှ ထတော်မူလောက်ပေပြီ။ သို့ဖြစ်၍ ကျွန်ုပ်သည် သို့လော သို့လော တွေးတောမနေပဲ ရှေတော် မှောက်သို့ တန်းတန်းမတ်မတ် ဝင်ကာ-

"အရှင်ဘုရား။ အံ့ဩဖွယ်ရှိပေစွ။ အရှင်ဘုရား မဖြစ်ဖူးပဲ ဖြစ်လာလေစွ။ ပဋိစ္စ သမုပ္ပါဒ်တရားတော်သည် အတိုင်းသက် အလွန် နက်လည်းနက်နဲလှပါ၏။နက်နဲသော အရိပ်အရောင်လည်း

ရှိပါ၏။ သို့ပါလျက် ထိုတရားတော်သည် တပည့်တော် အဖို့မှာ တော့ အလွန့်အလွန် ပေါ်လွင် ထင်ရှားနေပါသည် ဘုရား"

"အာနန္ဒာ။ ဤသို့မဆိုလင့်၊ အာနန္ဒာ။ ဤသို့မဆိုလင့်"

ကျွန်ုပ်၏ လျှောက်ထားချက်ကို ဘုရားရှင်က ထပ်ဆင့်စကားဖြင့် ပယ်ရှားတော်မူပါ၏။

အမိန့်တော်သံ ကြားလိုက်ရသည့် ခဏဝယ် ကျွန်ုပ်သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်လိုက်ရ၏။ ဝမ်းမြောက်သည်နှင့် တဆက်တည်းပင် ထိတ်လန့်တကြားလည်း ဖြစ်ရပြန်ပါသည်။

## ကောင်းမှုများစွာ ဝမ်းမြောက်စရာ

ကျွန်ုပ်သည် ကြုံတောင့်ကြုံခဲလှစွာသော သာသနာတော်ကြီးနှင့် ကြုံရရုံမက သာသနာတော်ကြီးတခုလုံး၏ အချက်အချာကျသော နေရာမှာ တာဝန်ထမ်းဆောင်ခွင့် ရခဲ့၏။သူတကာတွေ ခက်ခဲလှပါသည်။နက်နဲလှပါသည်ဆိုရသော ပဋိစ္စ သမုပ္ပါဒ် တရားတော်ကို လွယ်သင့်ဘကူ သိသာရ၏၊ဤသည်ဘို့မှာ အကြောင်းမဲ့ သက်သက် ဖြစ်မလာနိုင်ပါ။

သူတကာတို့ထက် လွန်လွန်ကဲကဲ အကျိုးပေးကောင်းခြင်းမှာ အားကြီးလှစွာသော ရှေးကောင်းမှုကြောင့်ဟု ဆိုနိုင်ပါသည်။ ယခု မျက်မှောက်ဘဝမှာလည်း အကျိုးပေးကောင်းစေကြောင်း ကောင်းမှုသုံးမျိုးရှိပြီး ဖြစ်ပါသည်။

ပထမ ကောင်းမှုမှာ- ဤသို့သော ဒေသနာတော်တို့ကို သင်ယူခဲ့ခြင်း ဖြစ်၏၊ အရှင်မဟာ သာရိပုတ္တရာ စသော ဆရာ့ဆရာ

သာထက်သာ၍တို့ထံတွင် ကျွန်ုပ်သည် ပရိယတ် ဒေသနာတော်များ သင်ယူခဲ့၏။ ကြားနာခဲ့၏။ အကြေအလည် အပြန် အလှန် ဆွေးနွေးခဲ့၏။ နှုတ်တက်အာဂုံ ဆောင်ထားခဲ့၏။

ဒုတိယ ကောင်းမှုကား—သောတာပတ္တိဖိုလ်ဖြင့် အရိယာ စာရင်းဝင် ရောက်နေခြင်း ဖြစ်၏။ ကျွန်ုပ်တို့လို အရိယာဉာဏ် အမြင်သန့်ပြီးသူများအဖို့ ပဋိစ္စ သမုပ္ပါဒ် တရားတော်သည် ပေါ် လွင်ထင်ရှားသည်သာ ဖြစ်ပေသည်။

တတိယ ကောင်းမှုကား ဗဟုသုတ အမြားမြား လေ့လာ ဆည်းပူးခဲ့ခြင်း ဖြစ်ပေသည်။

ဤသို့သော ကောင်းမှုမျိုးစုံ ဝပြုံနေသော သာဂကတပါး အဖို့ ပဋိစ္စ သမုပ္ပါဒ် တရားတော်သည် ခက်ခက် ခဲခဲ ရှိပါဦးမည် လော။

ဘုရားရှင်၏ မိန့်ကြားချက်ဝယ် ဤအသံများ မပါရှိပါ။ အသံအားဖြင့် မပါသော်လည်း သဘော အဓိပ္ပါယ်အားဖြင့်ကား ချီးကျူး၍ ထားပေသည်။

## ကြိမ်းချင်စရာ မောင်းချင်စရာ

ချီးကျူးမှုကြောင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရသည်မှာ ဓမ္မတာ အတိုင်းပင် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်၏ မှော်တာသည် ကြာရှည်မတည်တံ့ခဲ့ပါ။ သဘော အဓိပ္ပာယ်အားဖြင့် ချီးကျူး ထားသည်ဟု ယူဆရသော ဤမိန့်ကြားချက်ကို တဘက်ကကြည့်

ပြန်သော် ကြိမ်းသံ မောင်းသံ အဖြစ်ဖြင့် ကျွန်ုပ် ကြားယောင် လာပါသည်။

ပူဇော်မခံ အေးမြလှစွာသော နိဗ္ဗာန်တရားတော်မြတ်ကြီးကို ကျွန်ုပ်၏ အစွမ်း သက်သက်ဖြင့် ရခဲ့ခြင်းမဟုတ်ပါ။ ဘုရားရှင် ပေးတော်မူခဲ့သော နည်းနာ နိဿယကို အမှူးပဏ္ဏထံမှ ကြားနာ ရ၍ သောတာပန်ခန်း တက်လှမ်းနိုင်ခဲ့၏။ သောတာပန်စခန်း တက်လှမ်းပြီး ဖြစ်နေသောကြောင့်ပင် ပဋိစ္စ သမုပ္ပါဒ် တရား တော်ကို လွယ်လင့်တကူ သဘောပေါက်ခဲ့၏။ သို့ပါလျက် ကျွန်ုပ် သည် အချက်အချာအကျဆုံးသော ကျေးဇူးတော်ကို ကျော်လွှား ကာ ကျေးဇူးရှင်ကြီးရှေ့မှာမှ သွား၍ ကိုယ်ရည်သွေးလိုက်မိ၏။ သည်လို ပုဂ္ဂိုလ်မျိုးမှ မကြိမ်းမောင်းလျှင် မည်သူ့ကို ကြိမ်းမောင်း ရပါတော့မည်နည်း။

## ဉာဏ်နုသူများ သနားလိုက်ပါဘိ

ကြိမ်းမောင်းစရာ နောက်တခုလည်း ရှိပါသေးသည်။ အခြား ကိစ္စများ၌ ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ်များအပေါ် စာနာထောက် ထားမှု ပြုလာခဲ့သော ကျွန်ုပ်သည် ဤကိစ္စမှာကား စာနာ ထောက်ထားမှု မပြုသကဲ့သို့ ဖြစ်သွားရ၏။

ခြောက်လတိုင်တိုင် စား ကောင်း သောက် ဖွယ် များ စား သောက်၍ အားမွေးထားခဲ့သော လက်ဝှေ့ကျော်သည် အား စမ်းစရာ ကျောက်တုံးကြီးကို အလွယ်တကူနှင့် ပစ်ပေါက်ကစား

နိုင်၏။ သို့သော် သူသို အားခွန်ဗလ မပြည့်ဝသူကား ကစားဖို့ နေနေ သာသာ မရုံမျှပင် မ-မနိုင်ပါပေ။

ထို့အတူပင် ဉာဏခွန်အား ကောင်းမွန်သော ကျွန်ုပ်အဖို့ ပဋ္ဌာန် သမုပ္ပါဒ် တရားတော် ပေါ်လွင် ထင်ရှားနေသော်လည်း ကျွန်ုပ်လောက် ဉာဏခွန်အား မကောင်းသူများမှာကား တရားသဘောကို ထိုးထွင်းသိဖို့ နေနေ သာသာ သရုပ်ကွဲရုံမျှပင် မထင်နိုင်ကြပေ။ သို့ပါလျက် ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်တို့ကို မစာနာပဲ တကိုယ်ကောင်းဆန်ဆန် လျှောက်ထားခဲ့မိ၏။ ထို့ကြောင့်-

"အာနန္ဒာ။ ပဋိစ္စသမုပ္ပါဒ်တရားတော်သည် နက်လည်းနက်နဲလှ၏။ နက်နဲသော အရိပ်အယောင်လည်းရှိ၏။ ဤတရားတော်ကို သုံးပါးသောပရိညာဖြင့် ပိုင်နိုင်စွာ မသိကြလေသောကြောင့် ဤသတ္တဝါအပေါင်းသည် ယက်ကန်းသည်တို့၏ ချည်ထွေးကဲ့သို့၊ စာပေါင်းသိုက်ကဲ့သို့၊ ဖြူဆံမြက်၊ ပြိန်းမြက်ထုံးကဲ့သို့ ရှုပ်ထွေ ကြကုန်လျက် အပါယ်လေးဖြာ သံသရာမှ မလွတ်နိုင်ပဲ ဝဲလည်၍ နေကြရပေသည်။

ဤသို့ ဘုရားရှင်ကဆက်လက်၍ မိန့်ကြားတော် မူပေသည်။

သိပြီးသူများ အဖို့ လွယ်ကူလှသည်ဟု ဆိုနိုင်သော ဤတရားတော်သည် သိခွင့်မကြုံသေးသူများ အဖို့မှာကား သံသရာကြီးနှင့် အမျှ ခက်ခဲ၍ နေရပေသည်တကား။ ။

(သုတ်မဟာဝဂ်၊ မဟာနိဒါနသုတ် ပါဠိတော်နှင့် အဋ္ဌကထာ)

* * *

# ပန်ခွဲသော ဆုတခု

## သာသနာ့ အကျိုးတော်ဆောင်

နေ့စဉ်နှင့်အမျှ ကျေးဇူးတင်၍ နေခဲ့ရသော ကျေးဇူးရှင်ကြီးသည် ကျွန်ုပ်ကိုလည်း လည်၍ ကျေးဇူးပြုတော် မူပေသည်။ ပယ်လည်း လေးဘန်၊ ပန်လည်းလေးခု ဆုရှစ်ခုစလုံးကို အပြည့်အဝ ချီးမြှင့် တော်မူပေသည်။ ပယ်အပ်သော ဆုလေးခုကြောင့် သဘောထား သေးသိမ်သူအချို့၏ နှုတ်ပြစ်တင်မှုမှ လွတ်လပ်ခွင့်ရခဲ့၏။ ပန်အပ် သော ဆုလေးမျိုးကို ရရှိထားသဖြင့် ကျွန်ုပ်အဖို့ သိလိုရာ အချိန် မရွေး လျှောက်ထားခွင့် ကြုံခဲ့ရ၏။ ဟောတော်မူလေသမျှ တရား တော်များကိုလည်း နာကြားခွင့် ရခဲ့၏။ ထို့ထက်ပို၍ဝမ်းမြောက်

စရာကောင်းသည်ကား ကြည်ညိုသဒ္ဓါချဉ်းကပ်လာသော ရဟန်းရှင်လူတို့အတွက် ကျွန်ုပ်တို့အကျိုးဆောင်ခွင့် ရနေခြင်းပေတည်း။ အခါအခွင့် သင့်နေခိုက် ကျွန်ုပ်ဆောင်လိုက်ရသော ကိစ္စတခုကို ဘင်ပြရပေဦးမည်။

တခုသော နံနက်ခင်း၊ သာဝတ္ထိမြို့တော်တွင်းသို့ ဆွမ်းခံဝင်ရာတွင် ဘုရားရှင့်နောက်တော်ပါးမှာ ကျွန်ုပ်ပါလာခဲ့၏။ သို့ရာတွင် ဆွမ်းဒကာကြီးတဦးက သိလိုသောအချက်ကို မေးလျှောက်သဖြင့် ကျွန်ုပ်အတန်ငယ် အလှမ်းကွာနေခဲ့၏။ ထိုစဉ်ခိုက်တွင် ဆွမ်းခံရဟန်းများစွာ ကျွန်ုပ်ထံ ချဉ်းကပ်လာကြကာ-

"အရှင်အာနန္ဒာ။ ဘုရားရှင့် တရားတော်ကို တပည့်တော်တို့ နာကြားခွင့် မရခဲ့သည်မှာ တော်တော်ကြာခဲ့ပါပြီ။ တောင်းပန်ပါသည် အရှင်အာနန္ဒာ။ ဘုရားရှင့် ရှေ့တော်မှောက်၌ တရားကြားနာခွင့် ရနိုင်ရန် အကျိုးဆောင် ပေးပါဘိ"

ဤသို့ အားကိုးတကြီး တောင်းပန်ကြ၏။

## တောကျေးလက်မှ ရဟန်းများ

ဤအခွင့်အရေးကို ရနိုင်ရန် သူတို့ခမြာ ဝေးလံ သီခေါင်လှစွာသော တောရွာများမှ တကူးတကန့် လာခဲ့ကြရ၏။ ကုန်းတတန်ရေတတန် ပင်ပန်းကြီးစွာ လှမ်းလာခဲ့ကြရ၏၊ ယမန်နေ့ ညချမ်းအချိန်က သူတို့တတွေ ဇေတဝန်ကျောင်းတော်ရောက်လာပြီး ရှေ့မျက်နှာတော် ဖူးမြော်ခွင့် ရကြပါ၏။

"ရဟန်းတို့။ ကျန်းခန့်သာ မာကြပါ၏လော။ ဆွမ်းရေးကိစ္စ မျှတကြပါ၏လော။နေ့ရေးထိုင်ရေး လျှောက်ပတ်ကြပါ၏လော"

ဤသို့သော နှုတ်ခွန်းဆက်စကားကိုလည်း ကြားနာကြရပါ၏။ တရပ်တခြားမှ ခြေတော်ရင်းသို့ ရောက်လာကြသော ရဟန်းတိုင်း ရဟန်းတိုင်း ဤသို့သော နှုတ်ခွန်းဆက်စကားကို ကြားကြရစမြဲဖြစ်၏။ မဟာကရုဏာတော် လွှမ်းခြုံထားသော စကားသံများ ကြားကြရသဖြင့် တောရွာနေရဟန်းများ အမောပြေကြပါ၏။ အပန်းပြေကြပါ၏။ သို့သော် သူတို့မှာ အားပါးတရ ကျေနပ်လှသောအဆင့်သို့ကား မရောက်နိုင်သေးပါ။ ရွှေတော်မှောက် ဝင်ရောက်ခွင့် ရသော်လည်း ကြားနာလိုလှသော တရားတော်ကို မကြားရ၊ မနာရသေးသောကြောင့် ဖြစ်ပေသည်။

## သူတို့ကို ကိုယ်ချင်းစာပါသည်

မိမိတို့ရပ်ရွာ မိမိတို့ကျောင်းမှ ထွက်လာစဉ်ကပင် ဘုရားဖူးရန်၊ တရားနာရန် ရည်စူးခဲ့ကြ၏။ ရွှေတော်မှောက်သို့ ရောက်သောအခါ တရားတကွင်း နားသွင်းလိုပါကြောင်း လျှောက်ထားမည်ဟုလည်း တိုင်ပင်ခဲ့ကြ၏။ သို့သော်လည်း ရွှေတော်မှောက် ရောက်အလှာတွင် သူတို့စီစဉ်ထားသော စကားလုံးများ ပျောက်ခြင်းမလှ ပျောက်ကုန်၏။ဘုရားရှင်နှုတ်ခွန်းဆက်စကားများကို အလိုက်သင့် ပြေကြားရုံမှလွဲ၍ ဘာတရားတပုဒ်ကိုမှ မတောင်း ဖြစ်ခဲ့ကြပေ။

တောကျေးလက်မှ ရဟန်းတို့၏ ဖြစ်အင်ကို ကျွန်ုပ်တို့ ကောင်းကောင်း သဘောပေါက်ပါသည်။ ကိုယ်ချင်းလည်းစာမိပါသည်။

တခြားတနေရာမှရောက်လာသူကို မဆိုထားပါနှင့်၊ ထတော်ပါး မှာ မကွေမကွာ နေလာခဲ့သော ကျွန်ုပ်ပင်လျှင် အကြောင်းမဲ့ သက်သက် ရှေတော်မှောက်သို့ မဝင်ဝံ့ပါ။ တစုံတရာပြုဖွယ်ကိစ္စ ရှိပါမှ၊ တစုံတရာ လျှောက်ထားရန် ရှိပါမှ ဝင်ရောက်ဝံ့ပေသည်။ သို့ဖြစ်၍ -

"ကောင်းပါပြီ အရှင်ဘုရားတို့။ ရမ္မကမည်သော ပုဏ္ဏား၏ ကျောင်းသခ်မ်းသို့ ကြွတော်မူကြပါ။ ထို ကျောင်းသခ်မ်းမှာ အရှင်ဘုရားတို့ ဘုရားရှင်နှုတ်တော်ဖျားမှ တရားတော်ကို ကြား နာကောင်း ကြားနာကြရပါလိမ့်မည် ဘုရား"

ကျွန်ုပ်ထံ အားကိုးတကြီးနှင့် တောင်းပန်လာကြသော ရဟန်း တို့အား တရားနာရန် နေရာ သတ်မှတ်ပေးလိုက်ရပေသည်။

## အလိုတော်ကို သိထား၍

"ကြားနာကောင်း ကြားနာကြရပါလိမ့်မည်"ဟု - လျှော့လျှော့ ပေါ့ပေါ့ လျှောက်ထားသော စကားကိုပင် အသေအချာ ဝန်ခံ လိုက်မိသကဲ့သို့ တောကျေးလက် ရဟန်းများ ကျေကျေနပ်နပ် ကြီး လက်ခံကြဘိ၏။ သူတို့တွင်လား ဆိုလျှင်တော့ မဟုတ်ပါ။ စကားအရာ လျှော့လျှော့ ပေါ့ပေါ့ လျှောက်ထားရင်းက စိတ် ထဲမှာ သေချာပေါက်အဖြစ် သတ်မှတ်ထားလိုက်သူကား ကျွန်ုပ် ကိုယ်တိုင် ဖြစ်ပေသည်။

ရမ္မကပုဏ္ဏား၏ ကျောင်းသခ်မ်းသည် ဇေတဝန် ကျောင်း တော်ထက် ပုဗ္ဗာရုံကျောင်းတော်နှင့် ပို၍နီး၏။ ယနေ့နံနက်တွင်

ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်မှ ဆွမ်းခံ ကြွတော်မူခဲ့၏။ ပုဗ္ဗာရုံ ကျောင်းတော်သို့ မရောက်ရသေး။ သို့ရာတွင် ကျွန်ုပ်က တော့ ပုဗ္ဗာရုံ ကျောင်းတော်သို့ ကေန်ရောက်တော်မူမည်ကို ကြို ကြိုတင်တင် သိထားရပြီမို့ ထိုနေရာသို့ ချိန်းလိုက်ရပေသည်။

ကြိုကြိုတင်တင် သိမြင်ခြင်းမှာ တစုံတခုသော စိတ်တန်ခိုး ကြောင့် မဟုတ်ပါ။ သူတပါးစိတ်ကို တပ်အပ်သေချာ သိနိုင် သော စေတောပရိယ အဘိညာဉ်ကို ကျွန်ုပ် မရသေးပါ။ မရ သေးပဲလျက် ဘုရားရှင် အလိုတော်ကို မည်သို့ သိနိုင်သနည်း ဆိုပါသော် ဂရုတစိုက် လေ့လာထားသောကြောင့်ဟု ဖြေရပါ လိမ့်မည်။

## အလိုတော်၏ သင်္ကေတများ

ဤနေ့နံနက် ဆွမ်းခံထွက်တော် မူခါနီးတွင် ဘုရားရှင်သည် အိပ် ရာခင်းများကို သိမ်းဆည်းလိုသော အမူအရာကို ပြတော်မူခဲ့၏။ ဤသို့ပြခြင်းသည် ဤနေ့အဖို့ ဤကျောင်းတော်မှ ပုဗ္ဗာရုံကျောင်း တော်သို့ ပြောင်းရွှေ့တော်မူဦးမည့် သဘောပင် ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ဆွမ်းခံမထွက်မီကပင် တံမြက်စည်း၊ အမှိုက် တောင်း စသော ပစ္စည်းများကို သိမ်းဆည်း၍ ထားခဲ့ပေပြီ။

အခြား အခြားသော နေရာများမှာလည်း ဘုရားရှင် အလို တော်ကို ဤသို့ပင် သောက်ဆ၍ သိရပေသည်။ တခါတရံ

ဘုရားရှင်သည် စော်စီးစွာထ၍ ကိုယ်လက်သုတ်သင်ကာ ဂန္ဓကုဋီ တိုက်တံခါးကို ပိတ်တော်မူ၍ ဖလသမာပတ် ဝင်စား၍ နေတော်မူ၏။ ဤနေ့တွင် ဘုရားရှင်သည် ခြေချုတ်ထိုက်သော ဝေနေယျ ပုဂ္ဂိုလ် တစုံတယောက်ကို မြင်တော်မူ၍ တပါးတည်း ဆွမ်းခံကြွတော်မူမည် ဖြစ်၏။ ဤတွင်ကျွန်ုပ်က-

“ငါ့ရှင်တို့။ ယနေ့ ဘုရားရှင်သည် တပါးတည်း ဆွမ်းခံကြွတော်မူလိမ့်မည်။ သင်တို့သည် မိမိဘာသာ ဆွမ်းခံကြွရန် စီစဉ်ကြကုန်လော့”

ဘုရားရှင်နှင့်အတူ ဆွမ်းခံလိုက်ရန် စောင့်ဆိုင်း နေကြသော ရဟန်းများအား အကြောင်းကြားခဲ့ရ၏။

တခါတရံ ဘုရားရှင်သည် ဂန္ဓကုဋီ တိုက်တံခါးကို တဝက်မျှသာ ပိတ်ကာ ဖလသမာပတ် ဝင်စား၍ နေတော်မူ၏။ ထိုနေ့မှာကား ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံ ထွက်တော် မူမည် ဖြစ်၏။ ဤတွင် ကျွန်ုပ်သည် ရဟန်းတို့အား သပိတ်သင်္ကန်းများ အရံသင့် ပြင်ဆင်ထားကြရန် အချက်ပြ၍ လျှောက်ထားခဲ့ရ၏။

တခါတရံ ဘုရားရှင်သည် ခါတိုင်း ဘုဉ်း ပေး နေ ကျ ထက် တလုတ်တန်သည်၊ နှစ်လုတ်တန်သည် ပို၍ ဘုဉ်းပေးတော်မူ၏။ သို့တည်းမဟုတ် စင်္ကြံလမ်းပေါ်မှာ အပြန်အလှန် စင်္ကြံကြွ၍လည်း နေတော်မူ၏။ ထိုနေ့တွင် ဒေသစာရီ လှည့်လည်တော်မူတော့မည်ဖြစ်၍ ကျွန်ုပ်က ရဟန်းများကို အသိပေးခဲ့ရပေသည်။

ထံတော်ပါးမှာ အနေကြာလာသည်နှင့်အမျှ ဘုရားရှင် အလို တော်များကို ကျွန်ုပ် ခွဲခြမ်း ဝေဖန်တတ်လာပေသည်။ ဤသို့ ခွဲခြမ်းဝေဖန်တတ်ရျပင် တော ကျေးလက် ရဟန်းတို့အား ကြိုကြို ဘင်တင် ချိန်းလိုက်ရခြင်း ဖြစ်ပေသည်။

## ဘုရားရှင်တို့၏ ရေချိုးဆိပ်

ချိန်းထားသည်နှင့် ကာရန်တသင့်ပင် ဖြစ်လာပါသည်။ဆွမ်းကိစ္စ ပြီးစီးချိန်တွင် ဘုရားရှင်နှင့် ကျွန်ုပ်တို့သည် ဇေတဝန် ကျောင်း တော်မှသည် ပုဗ္ဗာရုံ ကျောင်းတော်သို့ လှမ်းလာကြပြီး မိမိတို့ တိုက်ခန်းမှာ အပန်းဖြေ လဲလျောင်း နေခဲ့ကြပေသည်။ နေညိုညို ညနေချမ်းတွင် ကျွန်ုပ် မျှော်လင့်ထားသော မိန့်ကြားသံကို ကြား လိုက်ရပေတော့သည်။

''အာနန္ဒာ။ ငါဘုရား ရေ သုံးသပ်လိုသည်။ ပုဗ္ဗကောဋ္ဌက ရေချိုးဆိပ်သို့ သွားကြစို့''

ဤသို့ မိန့်ကြားသံ မကြားရမီကပင် ရေသနုတ် သင်္ကန်းကို အရံသင့် ပြင်ဆင်ထားပြီးပါပြီ။

အစိရဝတီမြစ်သည် သာဝတ္ထိမြို့တော်ကို ကွေ့၍ ဝိုက်၍ စီး ဆင်းလျက်ရှိ၏။ ပုဗ္ဗကောဋ္ဌက ရေချိုးဆိပ်သည် ထိုမြစ်ထဲသို့

ပြေပြေကလေး နိမ့်ဆင်း၍သွား၏။ ရှေးလူကြီးများ ပြောစကား အရ ဤရေချိုးဆိပ်သည် ကဿပဘုရားရှင် လက်ထက်တော်က ကျယ်ဝန်းလှစွာသော ကျောင်းတိုက်ကြီး၏ အရှေ့ဘက်တံခါးမုခ် နေရာ ဖြစ်ခဲ့ဖူး၍ ဤအမည် တွင်နေခဲ့သည် ဟူ၏။

သားစဉ်မြေးဆက် ပြောစားလောက်အောင်ပင် ဤ ရေချိုး ဆိပ်ကလည်း တင့်တောင်းတင့်တယ် ရှိပါဘိ၏။ သောင်ပြင်ထက် ဝယ် ငွေသဲဖွေးများ ဖြန့်ကြဲလျက်ရှိနေ၏။ မြစ်ရေသည် ဤနေရာ၌ အရှိန်ပြင်းပြင်းနှင့် စီးဆင်းမနေပေ။ ရေစီးကြောင်းနှင့် အလှမ်း ကွာသဖြင့် စီးသည့်ရေသည် စီးသည်ဆိုရုံမျှ စီးနေ၏။ ရေသည် ကမ်းစပ်မှ တဖြည်းဖြည်း နက်ရှိုင်းသွား၏။ ဤ ရေချိုးဆိပ်ကို ဘုရားရှင် အသုံးပြုနေကျ ဖြစ်မှန်းသိ၍ မြို့သူမြို့သားများ မလာ မရောက်ကြပေ။

## ဖူးမြော်၍ မဝနိုင်ပါ

ငွေသောင်သဲပြင်ပေါ် အရောက်တွင် ကျွန်ုပ်သည် အသင့်ပါလာ သော ရေသနုတ်သင်္ကန်းကို ဘုရားရှင်ထံ ကမ်းလင့်လိုက်၏။ ဘုရား ရှင် ဝတ်ရုံမြဲ သင်္ကန်းများကို လှမ်းယူလိုက်၏။ ထိုမှ တပြိုးကား ကျွန်ုပ်အဖို့ မဟာလာဘ်ကြီး တိုက်လာသည်ဟု ဆိုရပါတော့မည်။

နေဝန်းနီကြီးသည် အနောက်ဘက် ကောင်းကင်တခွင်လုံးကို လိမ်မော်ရည်များ ဖျန်းပေးလျက် ရှိ၏။ လိမ်မော်ရည်များသည် အနောက်ဘက် ကောင်းကင်မှ တဆင့် ငွေသောင်ပြင် ထက်သို့

စီးဆင်းလာကြ၏။ နဂိုတုန်းက သဲငွေသောင်သည် ယခုတော့ ရွှေရောင်တောက်၍ လာပေပြီ။

ရွှေရောင်တောက်သော သဲသောင်ပြင်သည် ရေစပ်မှာ ငုပ်ဆင်းသွား၏။ တဖြူးဖြူး တောင်လေကြောင့် မြစ်ရေပြင်ထက်တွင် လှိုင်းဂယက်များ တဖျပ်ဖျပ် မြူးနေကြ၏။ တဖျပ်ဖျပ် မြူးနေကြသော လှိုင်းဂယက်များတွင် ရွှေရောင်တလျှပ်လျှပ် ထင်ဟပ်နေကြ၏။ ဤ ရွှေရောင်သည် အဘယ်က ထင်ဟပ်၍ လာပါသနည်း။

ဤရွှေရောင်သည် နေရောင်နှင့် မကင်းပါ။ သို့သော် နေရောင်သည်း မဟုတ်ပါ။ သောင်ပြင်ထက်မှဖြာထွက်လာသော ရွှေရောင်သက်သက်ဖြင့် ဤမျှလောက် တောက်ပရန် မရှိပါ။ သို့ပါလျက် ရေကြည်ကြည်သည် သွင်သွင်စီးစီး ရွှေရည်စီးသကဲ့သို့ဖြစ်နေဘိ၏။ အကြောင်း မည်သို့ရှိပါသနည်း။

ရွှေအဆင်းသို့ ဝါဝင်းသည်ဖြစ်၍ ရေနှင့်နေနှင့် ပဏာတင့်လှသော ကိုယ်တော်မြတ်ကို ကျွန်ုပ်သည် တစိမ့်စိမ့် ဖူးမြော်နေမိ၏။ တစိမ့်စိမ့် ဖူးမြော်ယင်း တသိမ့်သိမ့် ကြည်နူးနေမိ၏။ ကျွန်ုပ်၏ တသက်ဘဝတွင် ကြိမ်ဖန်များစွာ ဖူးမြော်ရပါလျက် ဖူး၍မြော်၍ မဝနိုင်သော ရူပါရုံ တခုပါပေတည်း။

ဖူးမြော်၍မဝနိုင်သော ရူပါရုံသည် ရေထဲမှ သဲပြင်ပေါ်သို့ ပြန်ကြွလာခဲ့၏။ ဤတွင် ကျွန်ုပ်သည် ပွေ့ပိုက်ထားသော သင်းပိုင်ကို အရှင်မြတ်ထံ ကမ်းလင့်လိုက်၏။အရှင်မြတ်ထံမှ ရေသနုတ်

သင်္ကန်းကို လှမ်းယူ၍ ရေစဉ်စဉ်ညှစ်ကာ ပခုံးပေါ်မှာ အလိပ်လိုက် တင်ထားပြီးမှ ခါးပန်းကြိုးကို ကမ်းလင့်လိုက်ရ၏။ လျှပ်ပန်းနွယ် ကဲ့သို့ တင့်တယ်သော ခါးပန်းကြိုးကို နေရာတကျ ပတ်တော်မူပြီး ချိန်တွင် ဘုရားရှင်သည် ကောသီကို ချက်ချင်း ရုံတော်မမူသေးပဲ ကိုယ်ရေစစ်သွားအောင် အတန်ကြာ စောင့်ဆိုင်း၍နေတော်မူ၏။ ထိုတခဏ ဖူးမြင်ရသော ရူပါရုံသည် ရေ့ထဲမှာ တန်းက ကဲ့သို့ပင် သပ္ပာယ်လှပါဘိ၏။ ထိုစဉ်ခိုက်မှာ ကျွန်ုပ်သည် နံနက်က ချိန်း ထားခဲ့သည့် ကိစ္စကို စတင် ဆောင်ရွက်လိုက်ရပေသည်။

## ချိန်းထားသော နေရာသို့

"အရှင်ဘုရား။ မနီးမဝေးမှာ လှမ်းမြင်နေရသော အဆောက်အအုံသည် ရမ္မကပုဏ္ဏား၏ သင်္ခမ်းကျောင်း ဖြစ်ပါသည်။ ရမ္မကပုဏ္ဏား၏ သင်္ခမ်းကျောင်းသည် မွေ့လျော်ဖွယ် ဖြစ်ပါသည်။ တင့်တောင့် တင့်တယ် ရှုချင်စဖွယ် ဖြစ်ပါသည်။ သင်္ခမ်းကျောင်းမှာ စုဝေးနေကြသော ရဟန်းတို့အား သနားသောအားဖြင့် ထို သင်္ခမ်းကျောင်းသို့ ဘုရားရှင် ကြွချီတော်မူပါဘုရား"

ကျွန်ုပ်၏ လျှောက်ထားချက်ကို ဘုရားရှင် လက်ခံတော်မူပေသည်။ လက်မခံလိုသော ကိစ္စကို နှုတ်မြွက်၍ ပယ်တော်မူကာ၊ လက်ခံရန် ဖြစ်လျှင်ကား ဤသို့ပင် ဆိတ်ဆိတ်နေတော်မူမြဲ ဖြစ်ပေသည်။

ကျွန်ုပ်တို့ ရောက်ရှိချိန်တွင် သခ်မ်းကျောင်းတံခါး ပိတ်လျက် ရှိနေ၏။ ကျောင်းထဲက တရားဆွေးနွေးသံကို အတိုင်းသား ကြား နေရ၏။ ရဟန်းတို့၏စကားသံ ပြတ်စဲသွားအောင် စောင့်ဆိုင်းပြီး ခါမှ ဘုရားရှင်လည်း ချောင်းဟန့်၍ တံခါးခေါက်တော်မူ၏။ ဤတွင်မှ ရဟန်းများက ကပျာကယာ တံခါးဖွင့်၍ ကြိုဆိုကြပေ သည်။ အားရဝမ်းသာ ရှိခိုးပူဇော်ကြပေသည်။

## ယုတ်နိမ့်သော ရှာမှီးခြင်း

ဘုရားရှင်သည် ခင်းထားသောနေရာမှာ ထိုင်တော်မူ၍ အလ္လာပ သလ္လာပ စကား မြွက်ကြားတော်မူပြီးလျှင်—

"ရဟန်းတို့။ မြင့်မြတ်သောရှာမှီးခြင်း၊ ယုတ်နိမ့်သော ရှာမှီး ခြင်း ဟူ၍ ရှာမှီးခြင်း နှစ်မျိုး ရှိ၏။ ရဟန်းတို့။ ယုတ်နိမ့်သော ရှာမှီးခြင်းဟူသည် အဘယ်နည်း"

ဤသို့သော 'ကထေတုကမျတာ' ပုစ္ဆာဖြင့် စတင်လျက် တရား တပွဲ ဆင်နွှဲတော်မူပေသည်။

"ရဟန်းတို့။ ဤလောကဝယ် အချို့သောသူတို့သည် မိမိ ကိုယ်တိုင် ဇာတိသဘော ရှိပါလျက်၊ မိမိကိုယ်တိုင် အိုနာသေ သဘော ရှိနေပါလျက်၊ မိမိကိုယ်တိုင် ပူဆွေးခြင်း၊ ညစ်နွမ်းခြင်း သဘော ရှိပါလျက် ထိုသဘောရှိသော တရားကို ရှာမှီးကြ၏"

"ရဟန်းတို့။ ဇာတိသဘောရှိသော၊ အို၊နာ၊သေ သဘော ရှိသော၊ ပူဆွေးခြင်း၊ ညစ်နွမ်းခြင်း သဘောရှိသော တရားဟူ သည် အဘယ်နည်း။

"ရဟန်းတို့။ သားမယားနှင့် သက်ရှိသက်မဲ့ စီးပွားဥစ္စာတို့ မှာ ဇာတိသဘော၊ အိုနာ သေသဘော၊ ပူဆွေးခြင်း၊ ညစ်နွမ်း ခြင်းသဘော ရှိသော တရားတို့ဖြစ်ကြ၏။ ဤတရားတို့၌ မက် မောရ၍၊ တွေဝေ၍၊ ကပ်ငြိ၍ နေခြင်းဖြင့် ထိုထိုတရားတို့ကို ရှာမှီး ကြ၏"

## အသုံးနောက်မှာ အစွဲပါလျှင်

အမြော်ကြီး မြော်လာခဲ့ရသော ရဟန်းများအဖို့ မြော်ရကျိုးနပ် သော တရားတော်များ ဖြစ်ပါ၏။ ဤတရားတော်အရ ကျွန်ုပ်တို့ ရရှိထားသော ရုပ်နာမ် ခန္ဓာနှင့် ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ရှာမှီး၍ စုဆောင်း၍ ထားလေသမျှသည် ဇာတိမေ့ စသည်တို့သာ ဖြစ်၏။ သို့သော် ထိုတရားတို့ကို လက်ခံထားရုံမျှဖြင့် ယုတ်ညံ့ သော ရှာမှီးခြင်း ဖြစ်ပြီဟု ဘုရားရှင် မိန့်ဆိုတော်မူသည် မဟုတ်ပါ။ ထိုတရားတို့အပေါ်မှာ မက်မက် မောမော၊ မူးမူး မေ့မေ့ သဘောတွေ့ မနောခွေ့၍ နေခြင်းကိုမှ ယုတ်ညံ့သော ရှာမှီးခြင်းဟု မိန့်မြွက်တော်မူပေသည်။ တနည်းအားဖြင့် ရဟန်း ဖြစ်စေ၊ လူဖြစ်စေ အပြစ်ကင်းသောနည်းဖြင့် ရှာဖွေ၍ ရရှိထား သော ပစ္စည်းများကို သုံးရုံသုံးလျှင် အယုတ်စာရင်းထဲ မပါ။

သုံးရုံနှင့်မကျေနပ်ပဲ၊သုံးရုံတင်မရပ်တန့်ပဲ စွဲလမ်းလာပါမှ အယုတ်စာရင်းထဲ ပါဝင်ရပေသည်။

ဤသို့ ယုတ်ညံ့သော ရှာမှီးခြင်းကို ဖွင့်ဆိုတော်မူပြီးနောက် ဆက်လက်၍−

## မြင့်မြတ်သော ရှာမှီးခြင်း

"ရဟန်းတို့၊ မြင့်မြတ်သော ရှာမှီးခြင်းဟူသည် အဘယ်နည်း။ ရဟန်းတို့။ဤလောကဝယ် အချို့သောသူတို့သည် ဇာတိသဘော၊ အို နာ သေ သဘော၊ ပူဆွေးခြင်း၊ ညစ်နွမ်းခြင်းသဘော ရှိသော ရုပ်နာမ် ခန္ဓာတို့၏ အပြစ်ကို ပြက်ပြက် ထင်ထင် သိမြင်ကာ ထို သဘောတို့မှ လွတ်ရာ ငြိမ်းရာ နိဗ္ဗာန်တရားကြီးကို ရှာမှီးကြ၏။ နိဗ္ဗာန် မျက်မှောက် ပြုနိုင်ကြောင်း နည်းကောင်း လမ်းမှန် အတိုင်း ကျင့်သုံးကြ၏။ ဤသို့သော ရှာမှီးခြင်းသည် မြင့်မြတ် သော ရှာမှီးခြင်း ဖြစ်ပေတည်း"

ဤသို့သော ရှာမှီးခြင်း နှစ်မျိုးကို ပိုမို၍ထင်ရှားစေရန် ဘုရားရှင်က မိမိ၏ ဘဝဖြစ်စဉ်နှင့် ယှဉ်စပ်၍ ဟောတော်မူ၏။ကပိလဝတ် နန်းတော်ထက်မှာ ကာမဂုဏ်အာရုံများ ခံစားနေခြင်းနှင့် အနော် မာသောင်ယံသို့ ထွက်ခွာလာခဲ့ခြင်းများသည် ရှာမှီးခြင်းနှစ်မျိုး၏ စံနမူနာများ ဖြစ်ကြပေသည်။ ထို့နောက် ကာမဂုဏ် ငါးပါး မလိုက်စားရေး တရားတော်များ ဆက်လက်၍ ဟောကြား တော်မူ၏။

ခက်လက်ဝေဆာသော ဒေသနာတော်ကို ကြားနာရသဖြင့် တော ကျေးလက်မှ ရဟန်းများ အားပါးတရ သာခု ခေါ်ကြ၏။ ထိုအတူပင် ကျွန်ုပ်၏ ဘဏ္ဍာတိုက်မှာလည်း ရတနာ ကျောက်မြက်ရွှေများ တိုးလာသဖြင့် ဝမ်းမြောက် ဝမ်းသာ သိမ်းဆည်း၍ ထားလိုက်ရပေသည်။ ။

[မူလပဏ္ဏာသ၊ ပါသရာသိသုတ် ပါဠိတော်နှင့်အဋ္ဌကထာ]

* * *

# နောင်တော်မြတ်၏ မြတ်စံနမူ

ကျွန်ုပ်နှင့် ထပ်တူထပ်မျှ

ကျွန်ုပ်၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သော အို-သူတော် သူမြတ် အပေါင်းတို့။ ကျွန်ုပ်၏ တသက်တာမှတ်တမ်း ဇာတ်လမ်းရှည်ကြီးကို မည်းမည်း နာယူလာကြရာတွင် ယခု အလယ်ပိုင်းမှာ ရောက်နေပါပြီ။ ရှင်တော်မြတ်၏ နောက်တော်ပါးဝယ် အရိပ်သဖွယ် လိုက်ပါ၍ ပြုစုရပုံများကို ကြားနာကြရပါပြီ။ ဤသို့ နီးနီးကပ်ကပ်နေ၍ ပြုစုလုပ်ကျွေးယင်း အတုမရှိ မြင့်မြတ်လှသော နောင်တော်၏ အတုမရှိ မြင့်မြတ်လှသော စံနမူနာတို့ကို တခုပြီး တခု တွေ့လာရပါသည်။ကျွန်ုပ် တွေ့ရ မြင်ရ ခံစားရသမျှ ကျွန်ုပ်၏

ပရိသတ်များထံ ယခု လက်ဆင့်ကမ်းပါတော့မည်။ ဤစံနမူနာများကို တွေ့ရကြုံရစဉ်က ကျွန်ုပ်၏ စိတ်နှလုံးရွှင်ပြုံး ကြည်နူးရသကဲ့သို့ပင် ကျွန်ုပ်၏ ပရိသတ်များလည်း အားရဝမ်းသာ ဖြစ်ကြရပါလိမ့်မည်။

မြင့်မြတ်လှသော စံနမူနာများထဲမှ ဦးစွာပထမ ထုတ်ဖော်လိုသည်မှာ တရားတော်ကို ရိုးသေလေးစားခြင်း ဖြစ်ပါသည်။

## နာမည်ကျော် ဓမ္မကထိက

ထိုနေ့ညက ဇေတဝန် ကျောင်းတိုက်အတွင်းက ဆွမ်းစားကျောင်းပေါ်မှာ အရှင် နန္ဒက၏ တရားပွဲ ဖြစ်ခဲ့ပါသည်။သကျကောလိယနှစ်ဌာနမှ ဘိက္ခုနီ အရှင်မငါးရာကို ကျွတ်တမ်းဝင်အောင် ဟောကြားတော်မူခဲ့သော အရှင်နန္ဒကကို ကျွန်ုပ်၏ ပရိသတ်များကောင်းကောင်း အမှတ်ရကြဦးမည် ထင်ပါသည်။ မှန်ပါသည်။ ဤည တရားပွဲမှာလည်း ဓမ္မကထိက အကျော် အမော် ထိုအရှင်နန္ဒက၏ အလှည့် ဖြစ်ပါသည်။

ဆောင်းတွင်း ကာလဖြစ်၍ ဆွမ်းစားကျောင်းမှ တံခါးပေါက်များအားလုံးကို ပိတ်ထားကြ၏။ထိုတံခါး–ထိုနံရံတို့သည် ဆောင်းလေအေးကိုသာ ကာကွယ်၍ ပေးနိုင်၏။ အရှင်နန္ဒက၏ အသံကိုကား လုံခြုံအောင် ဖုံးကွယ်၍ မထားနိုင်ကြပါ။ တံခါး ပိတ်ထားသည့်ကြားကပင် အရှင်နန္ဒက၏ အသံများက ဂန္ဓကုဋိ တိုက်တော်အထိ ပျံ့လွင့်လာ၏။ ပျံ့လွင့်လာလေသမျှ အသံခြည်တာ မတွေ

မဟုတ်ပါ။ ကြည်ကြည် မြမြ ပီပီ သသကြီးပင် ကြားကြရပေသည်။

## တရားနာသော ဘုရားရှင်

"အာနန္ဒာ။ တရားဟောသံ ချိုမြိန်လှပါတကား။ ငါတို့လည်း တရားနာ သွားကြစို့"

တရားပွဲစတင်၍ မကြာမီမှာပင် ဘုရားရှင် မိန့်တော်မူလိုက်၏၊ တရားတော်၏ အရှင်သခင်သည်ပင် ချိုမြိန်လှသော တရားပွဲကို လျစ်လျူရှုတော် မမူပါချေတကား။

ဆွမ်းစားကျောင်းဆီသို့ ဘုရားရှင်နှင့် ကျွန်ုပ်တို့ လျှောက်လာကြရာ နီးလာသည်နှင့်အမျှ အသံများက ပို၍ ပီသလာကြ၏၊ ပိုမို၍ ကြည်မြလာကြ၏။ ဤတွင် ဘုရားရှင်သည် ပီပီ သသ ကြည်ကြည် မြမြ ကြားနာရသော တရားပွဲ ရပ်စဲသွားမှာ စိုးဟန် တူပါသည်။ ဆွမ်းစားကျောင်းတံခါးခေါက်၍ အဖွင့်မခိုင်းသေးပဲ တံခါးပြင်ဘက်မှာ ရပ်တော်မူနေပေသည်။တရားပွဲပြီးမှ ဝင်တော့ မည့်ဟန် တူပါသည်။

ဆောင်းတွင်းကာလမို့ မြောက်လေအေးကလည်း တသုန်သုန် တိုက်နေ၏။ တံစက်မြောင်းမှ နှင်း ပေါက် များ က လည်း တဖြောက်ဖြောက်ကျလျက် ရှိနေ၏။ သို့ပါလျက် ကျွန်ုပ်တို့မှာ အချမ်းဒဏ်ကို ကြီးကြီး ကျယ်ကျယ် မခံစားရပါ။မိုးသီးမိုးပေါက်

ရွှေချသည့်ပမာ ဝေဝေ ဆာဆာ ဟောတတ်လှသော အရှင်နန္ဒက၏တရားသံများ ကျွန်ုပ်တို့ကို ထွေးပိုက်ထား၍ ဖြစ်ပေသည်။

## ည့လုံးပေါက် တရားပွဲ

တရားသံမှာ စိတ်ဝင်စားနေ၍ ကျွန်ုပ်၏ကိုယ်မှာ အချမ်း သက်သာသည်ကား မှန်ပါ၏၊ သို့သော် နှောင်းတော်မြွတ်ကိုကား သည်အတိုင်း အချမ်းခံ၍ မနေစေလိုပါ။ ငယ်ရွယ်စဉ် မင်းသားဘဝတုန်းက သက်တောင့်သက်သာ နေလာခဲ့ရသည်မို့ အချမ်းဒဏ် မခံနိုင်မည်ကို ကျွန်ုပ် စိုးရိမ်မိပါသည်။ ထို့ကြောင့်-

"အရှင်ဘုရား။ ပထမယံ ကုန်ဆုံးသွားပါပြီ။ အနည်းငယ်မျှ အပန်းဖြေတော် မူပါဦး" ဟု လျှောက်ထားရ၏။ အထဲကတရားပွဲကို အနှောင့်အယှက် ဖြစ်မသွားစေလို၍ အသံထွက် လျှောက်ထားခြင်းကား မဟုတ်ပါ။ အမူအရာဖြင့် အသိပေးရုံသာ ပြုရပေသည်။ သို့သော် ဘုရားရှင်ကတော့ ရပ်မြဲရပ်လျက်သာ ရှိတော်မူ၏။ တရားသံကို နာမြဲနာတော် မူနေ၏။

ဤသို့ဖြင့် သန်းခေါင်ယံ ကျော်လာခဲ့၏။ ဤမျှကြာအောင် နာရပါလျက် အရှင်နန္ဒက၏ တရားသံကို ကျွန်ုပ် ငြီးငွေ့ မသွားသေးပါ။ လေတိုက်ထဲက နာရသူများပင် မငြီးငွေ့လျှင် အတွင်းက ပုဂ္ဂိုလ်များအတွက်ကား ဆိုစရာရှိမည် မဟုတ်ပါ။ ည့တရားပွဲသာ မဟုတ်လျှင် သူ့ပရိသတ် ရဟန်းမများလည်း အားပါးတရ နာယူကြ ပေလိမ့်မည်။

သန်းခေါင်ယံ ကုန်ဆုံး၍ ကျွန်ုပ် လျှောက်ထားသည်ကို လည်း ဘုရားရှင် ဂရုစိုက်တော် မမူပါ။ လေဒဏ် နှင်းဒဏ်ထက် တရားသံကိုသာ ပို၍ အာရုံစိုက်တော်မူလျက် ရှိပါသည်။ ဟောသည့် ပုဂ္ဂိုလ်ကလည်း ဟောနိုင်ပါပေ့။ နာသည့် ပုဂ္ဂိုလ် ကလည်း နာနိုင်ပါပေ့ဟုသာ ဆိုရပါတော့မည်။သုံးကြိမ်မြောက် ကျွန်ုပ် လျှောက်ထားလိုက်ချိန်မှာကား အရှေ့လောကဓာတ်က ရောင်နီသန်းလာပါပြီ။ ဤတွင်မှ အတွင်းက တရားချသံလည်း ကြားရပါသည်။ သည်တော့မှ ဘုရားရှင်ကလည်း တံခါး ခေါက် လိုက်၏။

## အပြစ်တင်ခြင်း မဟုတ်ပါ

"နန္ဒက။ သင့်တရားက ရှည်လှပါတကား။ သင့်တရားချသံ စောင့်ဆိုင်းနေရ၍ ငါဘုရား ခါးအောင့်လှချေပြီ"

ဆွမ်းစားကျောင်းအတွင်း ခင်းထားသောနေရာမှာ ထိုင်တော် မူမိသည်တွင် ဤသို့ မိန့်တော်မူလိုက်၏။ ဤစကားများသည် တရားရှည်၍ အပြစ်တင်ခြင်း မဟုတ်ပဲ ချီးမြှောက်တော်မူခြင်းသာ ဖြစ်၏။ ပြုံးပြုံးကြီး မိန့်တော်မူပုံကို ထောက်၍ ရဟန်းအားလုံး သဘော ပေါက်ကြပါ၏။ သို့သော် အချီးမွမ်းခံရသော အရှင် နန္ဒကမှာကား ရှက်စနိုး ဖြစ်သွားရကာ—

"တံခါးပြင်ဘက်တွင် ဘုရားရှင် ရှိနေမှန်းသိပါက ဤမျှ လောက် ဟောဖြစ်မည် မဟုတ်ပါ ဘုရား"ဟု လျှောက်ထားရ ပေသည်။

[အင်္ဂုတ္တရ၊ နဝကနိပါတ်၊ နန္ဒကသုတ်ပါဠိတော်နှင့်အဋ္ဌကထာ]

## ဖူးစင်ခြင်းနှင့် ကြည်လင်ခြင်း

မိမိက စတင်၍ ဟောကြားခဲ့သော တရားတော်ကို ရိုသေလေးစားစွာ ကြားနာခဲ့သော ဘုရားရှင်သည် မိမိကိုယ်တိုင် မွေးထုတ်ထားခဲ့သော ရဟန်း သံဃာတော်များကိုလည်း လေးစားစွာပင် ဆက်ဆံတော် မူပေသည်။

ထိုနေ့ကား သီတင်းကျွတ်လပြည့် ဥပုသ်နေ့ ဖြစ်၏။ သံဃာတော်များ၏ ပဝါရဏာကံ ဆောင်ရသော နေ့လည်း ဖြစ်၏။ မသင့်မလျော်သော အမှုပြုနေသည်ကို ကိုယ်တိုင် မြင်သော်လည်းကောင်း၊ တဆင့်စကား ကြားရသော်လည်းကောင်း၊ ယုံမှားသင်္ကာ ဖြစ်လာသော်လည်းကောင်း ပြောဆိုဆုံးမကြပါဟု သံဃာတော်များ အချင်းချင်း ဖိတ်ခေါ်ခြင်းကို ပဝါရဏာဟု ခေါ်ရပေသည်။

ပဝါရဏာ ပြုရာဌာနကား ပုဗ္ဗာရုံ ကျောင်းတိုက်အတွင်းက ဓမ္မာရုံမှာ ဖြစ်၏။ တနေ့တာကာလ ကိုယ့်ဘုရားနှင့်ကိုယ်၊ ကိုယ့်နေရာနှင့်ကိုယ် လွတ်လပ်စွာ နေခဲ့ကြသော သံဃာတော်များယခု ညဥ့်ဦးယံမှာကား သံဃာ့ကိစ္စဖြင့် စုဝေးလာကြရပေပြီ။ သံဃာ စည်းဝေးရာ ဓမ္မာရုံထဲဝယ် နေရောင်ခြည် အကြွင်းအကျန်များ တစနှင့်တစ မှေးမှိန် ကွယ်ပျောက်၍ သွားကြ၏။ သို့သော် ဆီမီးညှိထွန်းရန်ကား မလိုပါ။ နေရောင်ခြည်များ နေရာတွင် လရောင်များ ဝင်လာသောကြောင့် ဖြစ်ပါသည်။

ဖြူစင်အေးမြသော လရောင်များသည် ကြည်လင်အေးမြသော မျက်နှာတော်ကို ပူဇော်ဖြန်းပက်၍ နေကြပါသည်။

## အမြင့်ဆုံးသော အခွင့်အရေး

"ရဟန်းတို့" -

အရှေ့လောကဓာတ်မှ လမင်းကြီးနှင့် ခမ္မာရုံထဲမှ လမင်းကြီး တို့ကို နှိုင်းယှဉ်သုံးသပ်နေဆဲဝယ် လရောင်တမျှ အေးမြချိုသာ သော အသံတော် ထွက်ပေါ်လာပေသည်။

"သင်တို့ကို ယခု ငါဘုရားဖိတ်ကြားလိုက်ပါသည်။ ငါဘုရား၏ ကာယကံ၊ ဝစီကံများထဲမှ ကဲ့ရဲ့ရှုတ်ချဖွယ်များ သင်တို့တွေ့မိမြင်မိ ကြပါသလား။ အကယ်၍ တွေ့မိ မြင်မိကြလျှင် ပြောရန်၊ ဆိုရန် ဝန်မလေးကြနှင့်။ ရဟန်းအချင်းချင်းကိုပြောဆိုသကဲ့သို့ ငါဘုရား ကိုလည်း သင်တို့ ပြောခွင့်ဆိုခွင့် ရှိနေပေသည်"

သံဃာတော်များပဝါရဏာပြုပြီးမြို့ ဘုရားရှင်ကမိမိအတွက် မိန့်ကြားတော်မူလိုက်ပေသည်။ ဤသာသနာတော်ကြီး တခုလုံးကို တည်ထောင်ထားသူဖြစ်ပါလျက် "ငါကသာပြောမည်၊ ငါကသာ ဆိုမည်၊ လက်အောက်ငယ်သားများက ငါ့ကို ပြောရန်၊ ဆိုရန် မလို"ဟု ဘုရားရှင် သဘောထားတော်မမူပါ။ သာသနာ့ဝန်ထမ်း အားလုံးအား မိမိနှင့် ထပ်တူထပ်မျှ ပြောဆိုခွင့် ပေးထားတော် မူပေသည်။

## သူတပါးမနောကံ ကိုယ်မသိနိုင်

ဤတွင် ဘုရားရှင်၏ဖိတ်ကြားချက်ကို ပြန်လည်သုံးသပ်ရန် ရှိပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ သုံးပါးရှိသည့်အနက် ကာယကံနှင့်ဝစီကံအတွက် ပြောဆိုကြရန် ဖိတ်ကြားတော်မူခဲ့၏။ မနောကံကိုကား ချန်ထားခဲ့၏။ မနောကံအတွက် အဝေဖန်မခံရဲ၍များ ချန်ထားခဲ့လေသလား။ ဤကား မကြည်ညိုသောသူတို့ မေးခွင့်ရှိသော မေးခွန်းမျှသာ ဖြစ်ပါသည်။ မေးခွင့်ရှိ၍ မေးလာကြလျှင်လည်း ကျွန်ုပ်တို့ဘက်က ဖြေကြားရန် အသင့်ရှိပါသည်။ ဘုရားရှင်က မနောကံကို ချန်ထားသည်မှာ အဝေဖန် မခံရဲ၍ မဟုတ်ပါ။ ကာယကံမြောက်၊ ဝစီကံမြောက် ဖြစ်မလာလျှင် မနောကံ သက်သက်ကို ဘေးပုဂ္ဂိုလ်များ မသိနိုင်သောကြောင့် ဖြစ်ပါသည်။ မသိနိုင်သော မနောကံအတွက် ပြောရန်၊ ဆိုရန် မရှိနိုင်၍ ချန်ထားခဲ့ခြင်းသာ ဖြစ်ပေသည်။

## ပြောစရာ ရှာမတွေ့ပါ

ဘုရားရှင်က မိမိနှင့်တန်းတူ အခွင့်အရေး ပေးတော်မူလိုက်သော်လည်း ထိုအခွင့်အရေးကို ယူမည့်သူ တပါးမျှ ထ,မလာခဲ့ပါ။ သံဃာအားလုံး၏ နှုတ်ခမ်းများ ငြိမ်သက်လျက် ရှိကြပါသည်။ ခမ္မာရုံပြင်ဘက် သဲမြေတွင်းများမှ ပရစ်သံများသာ ညံညံစီနေပါသည်။ သံဃာတော်များ နှုတ်ဆိတ်နေကြခြင်းမှာ ဘုရားရှင်

အပေါ် ရှိသော ခန့်ညားသော အကြောင်း တခုတည်းကြောင့် မဟုတ်ပါ။ ဘုရားရှင် ပြောလေသမျှ၊ ပြုလေသမျှ အမှုကိစ္စများ တွင် ကွဲခွဲရှုတ်ချစရာဟူ၍ တစွန်းတစမျှ ရှာမရကြသောကြောင့် ဖြစ်ပေသည်။

ဤတွင် သံဃာတော်များအားလုံး၏ ကိုယ်စား အရှင်မဟာ သာရိပုတ္တရာက ရှိသေစွာထ၍ လျှောက်ထားရပါတော့သည်။

"အရှင်ဘုရား။ တပည့်တော်တို့သည် ဘုရားရှင်၏ ကာယကံ၊ ဝစီကံများထဲမှ ကွဲရှုရှုတ်ချစရာဟူ၍ ရှာမတွေ့ပါဘုရား။ ဘုရားရှင် သည် မည်သူမျှ မဟောသေးသော နိဗ္ဗာန် ရောက်ကြောင်းတရား ကောင်းကို ဟောပြတော်မူပါသည်။ နိဗ္ဗာန် ရောက်ကြောင်း တရားကောင်း၌ သူမတူအောင် ကျွမ်းကျင်တော် မူပါသည်။ တပည့်တော် အပါအဝင် သံဃာတော် အပေါင်းသည် အရှင် ဘုရား ကြွသွားတော်မူခဲ့သော လမ်းကြောင်းမှ ဖဝါးခြေထပ် လိုက်ပါသဖြင့် မဂ်ဖိုလ် အဆင့်ဆင့် ပြည့်စုံ လာကြရပါသည် ဘုရား"

[သဂါထာဝဂ်၊ ဝင်္ဂီသသံယုတ်၊ ပဝါရဏာသုတ်]

## ဟုတ်သည်ကို ဝန်ခံခဲ့သည်

ကောသလမင်းကြီးနှင့် စတင်တွေ့ဆုံစဉ်က သမ္မာသမ္ဗုဒ္ဓ ဘုရား ဟူ၍ ဝန်ခံပါသလောဟုမေးရာ ဘုရားရှင်က ဝန်ခံကြောင်း မိန့်

ကြားတော်မူခဲ့၏။ သစ္စာလေးတန် တရားမှန်ကို ဆရာမကူ သယမ္ဘူဉာဏ် ကိုယ်တော်တိုင်သိတော်မူသဖြင့် ဤသို့ ဝန်ခံတော်မူခဲ့ခြင်း ဖြစ်၏။ ဤတွင် ကောသလမင်းကြီး ရုတ်တရက် ဘဝင်မကျနိုင်အောင် ဖြစ်ခဲ့ရ၏။ ပူရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ဝါရင့် ဂိုဏ်းဆရာကြီးများကပင် သမ္မာသမ္ဗုဒ္ဓဘုရား ဟူ၍ ဝန်မခံရဲကြပါပဲလျက် ဝါနုသေးသော ပုဂ္ဂိုလ်က ဘုရားဟု ဝန်ခံလိုက်သောကြောင့် ဖြစ်၏။ ဤတွင် ဘုရားရှင်က ငယ်သော်လည်း မလေးမစား မပြုသင့်သော အရာဝတ္ထုလေးမျိုးကို ဟောပြတော် မူခဲ့ရ၏။

## မဟုတ်သည်ကို ငြင်းဆိုသည်

သည်တုန်းက ဟုတ်မှန်သောဂုဏ်ကို ဟုတ်မှန်သည့်အတိုင်း ဝန်ခံတော်မူခဲ့သော ဘုရားရှင်- မဟုတ်မမှန်သောဂုဏ်ကိုကား ပြတ်သားစွာ ပယ်ချတော် မူခဲ့ပေသည်။

"အရှင်ဂေါတမ။ ရဟန်း ဂေါတမသည် အလုံးစုံကိုသိ၏။ အလုံးစုံကို မြင်၏။ သွားနေသည်ဖြစ်စေ, ရပ်နေသည်ဖြစ်စေ, အိပ်ပျော်နေသည်ဖြစ်စေ, နိုးကြားနေသည်ဖြစ်စေ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏ဟု ကြားရဖူးပါသည်။ ကြားရဖူးသည့်အတိုင်း ဟုတ်မှန်ပါသလော"

ဝစ္ဆနွယ်ဖွား ပရိဗိုဇ်၏ မေးလျှောက်ချက် ဖြစ်ပေသည်။ ဝေသာလီမြို့တော်၊ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတော်မှာ

ဝစ္ဆပရိဗိုဇ်ရှိရာ ကြွသွားတော်မူခိုက် ဘုရားရှင်အား မေးလျှောက်ခြင်း ဖြစ်ပါသည်။

တဆင့်စကားဖြင့် လျှောက်ထားပါသည်ဆိုထားသည့်အတိုင်း သူ့ ကြားထားသော စကားများ အခြေအမြစ် မရှိပါ။ကျွန်ုပ်တို့ သာဝကများထဲမှ ဤသို့ ပြောမည့်သူ မမြင်ပါ။ အရာရာ ဘာမဆို သိသည်၊ အမြဲတစေ တသိထဲသိနေသည်ဆိုသော စကားများကို အများဆုံ အသုံးပြုသူမှာ နိဂဏ္ဌတို့ ဦးစီးခေါင်းဆောင် နာဋပုတ္တဆရာကြီးသာ ဖြစ်ပါသည်။ နာဋပုတ္တဆရာကြီး၏ စကားကို ဘုရားရှင် စကားတော်နှင့် ရောထွေးနေဟန် ရှိပါသည်။ ထို့ကြောင့် ဘုရားရှင်က-

"ဝစ္ဆ။ သင်ကြားထားသည့်အတိုင်း မဟုတ်မှန်ပါ"ဟု ပြတ်သားစွာဖြင့် ငြင်းဆိုတော် မူလိုက်ရ၏။

## ဟုတ်မှန်သော ဂုဏ်တော်

"အရှင်ဘုရား။တဆင့်စကား ကြားထားသည့်အတိုင်း မဟုတ်ပါမူ တပည့်တော်တို့သည် အရှင်ဂေါတမ၏ ဂုဏ်တော်ကို ဟုတ်တိုင်းမှန်စွာ ပြောဆိုလိုလျှင် မည်သို့ ပြောဆိုကြရပါမည်နည်း"

"ဝစ္ဆ။ ထိုသို့ဖြစ်လျှင် ရဟန်း ဂေါတမသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏ဟု ပြောဆိုပေလော့"

မဟုတ်မှန်သော ဂုဏ်ကိုပယ်ကာ ဟုတ်မှန်သောဂုဏ်ကို ထုတ်ဖော်၍ ပေးတော် မူလိုက်၏။

ဝိဇ္ဇာဉာဏ် သုံးပါးဟူသည်မှာ- ရှေးရှေးက ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ ကံအားလျော်စွာ သတ္တဝါတို့ လားရောက်ရပုံကို သိသော ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝ ဟူသမျှ ကင်းစင်ပသော အရဟတ္တဖိုလ် ဉာဏ်တို့ ဖြစ်ကြပေသည်။

[မဇ္ဈိမပဏ္ဏာသ၊ တေဝိဇ္ဇသုတ်]

## အဖော်မက်လျှင် တရားပျက်မည်

ဘုရားရှင်သည် သူတော်ကောင်းနှင့်ပေါင်းသင်းရန်၊ မိတ်ကောင်း ဆွေကောင်းများ ရှာမှီးရန် ဒေသနာတော် အမြောက်အများ ဟောကြားတော် မူခဲ့၏။ သူတော်ကောင်းနှင့် ပေါင်းသင်းမှုဟူ သော အနက် အဓိပ္ပာယ်ကို ကျဉ်းပ် အကောက်အယူ လွဲနေသဖြင့် ဘုရားရှင်က ဖြေရှင်း ပေးတော် မူခဲ့ရ၏။

ဤသို့ ဟောကြားတော် မူသည်မှာ သူတော်ကောင်းများ သွားလေရာသို့ ထက်ကြပ်မကွာ လိုက်ပါနေရန် မဟုတ်ပါ။ သူတော်ကောင်းများ ရရှိထားသော သစ္စာဉာဏ်မှတဆင့် မိမိ ခန္ဓာသို့ ဉာဏ်မီးကူးကာ အသိထူး အမြင်ထူး ရရှိရန်သာ ဖြစ်ပါ သည်။ ဤသို့မဟုတ်ပဲ အဖော်အပေါင်းများနှင့် ရယ်လား မောလား နေပါလျှင်ကား ဘုရားရှင် ခွင့်ပြုတော်မူမည်မဟုတ်ပါ။

ခွင့်မလွှတ်နိုင်သော ကိစ္စဖြစ်၍ ဘုရားရှင် ကြွလာတော်မူသည် မှာ သကျနွယ်ဖွား ဃဋ္ဋရဟာန်း၏ ကျောင်းသို့ဖြစ်၏။ ထိုကျောင်း

တွင် ရဟန်းများစွာတို့ သင်္ကန်းချုပ်ယင်းစုဝေးကြရာ ကျွန်ုပ်လည်း အကူအညီ ရောက်နေမိ၏။ လွတ်လပ်သော ကျောင်းကလေးတွင် ခင်မင်သော သီတင်းသုံးဖော်များ ဆုံမိကြသဖြင့် စကားလက်ဆုံ ပြောမကုန်အောင် ရှိနေကြ၏။ထိုစဉ်ခိုက်တွင်မှ ဘုရားရှင် ရောက်လာတော်မူကာ-

"အာနန္ဒာ။ ရဟန်းမည်သည် အဖော်အပေါင်းများနှင့် မွေ့လျော် ပျော်ပါးနေရန် မသင့်ပေ။ အဖော်အပေါင်းများနှင့် မွေ့လျော် ပျော်ပါးနေခြင်းဖြင့် ချမ်းသာ၊ မဂ်ချမ်းသာများ ရနိုင်ရန် အကြောင်းမရှိပေ"

ဤသို့ စသည်ဖြင့် အဖော်အပေါင်းများကြားမှာ ရယ်လား မောလား လုပ်နေခြင်း၏ အပြစ်ကို ပြတော်မူကာ တပါးတည်း နေထိုင်ကျင့်သုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးတရားများကို ညွှန်ပြတော်မူပေသည်။

[ဥပရိပဏ္ဏာသ မဟာသုညတသုတ်]

## ဆူညံသူများ မလာရ

ရယ်လား မောလား တဝါးဝါး လုပ်နေခြင်းကို မကြိုက်သကဲ့သို့ လူသံ သူသံ ဆူညံခြင်းကိုလည်း ဘုရားရှင် ခွင့်လွှတ်တော်မမူပါ။

ဤသည်ကို ခပ်ပေါ့ပေါ့လေး တွေးမိသဖြင့် ဟိုတခါတုန်းက အရှင်နာဂိတ အခက်တွေ့ရခဲ့ဖူးပါပြီ။

ထိုစဉ်က ဘုရားရှင်၏ အလုပ်အကျွေး တာဝန်ကို အရှင်နာဂိတ ထမ်းဆောင်နေ၏။ တနေ့တွင် ကောသလရွာမှ ပုဏ္ဏား သူကြွယ်များသည် စားကောင်း သောက်ဖွယ်များကို သယ်ပိုးကာ ဘုရားရှင်ရှိရာ တောရကျောင်းသို့ လာခဲ့ကြ၏။ လူစုလူဝေး တော်တော်များသည်မို့ ကျောင်းတံခါးဆီက သူတို့အသံကို အတိုင်းသား ကြားနေရ၏။ ဤတွင် ဘုရားရှင်က–

''နာဂိတ။ တံငါသည်များ ငါးလုရာတွင် ငြင်းကြခုံကြ သကဲ့သို့ ဆူဆူညံညံ လုပ်နေကြသည်ကား မည်သူတို့နည်း'' ဟု မေးတော်မူ၏။ အရှင်နာဂိတက အကြောင်းမှန်ကို လျှောက်ထား လိုက်သည်တွင်–

''နာဂိတ။ ငါဘုရားသည် လူတွေ သောသော ရုတ်ရုတ်နှင့် မနေလို။ သောသော ရုတ်ရုတ် လူအုပ်ကြီးသည်လည်း ငါ့ဆီ မလာစေနှင့်။

''နာဂိတ။ ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာမရခဲ့ သေးလျှင်သာ စားပြီးလျှင် မစင်စွန့်ရသော၊ စားပြီးနောက် ငိုက်မြည်းရသော အစားအသောက်ချမ်းသာ၊ သောသော ရုတ်ရုတ် လူအုပ်ကြီးနှင့် နေရသော ချမ်းသာကို မက်မောရာ၏။ ငါ

ဘုရားမှုကား—စျာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာများကို အလွယ်တကူ ရရှိနေပြီ ဖြစ်၍၊ ထိုချမ်းသာများကို မမက်မောတော့ပြီ”

ဤသို့ မိန့်တော်မူကာ သောသောညံမျှ အလူလာကြသော ပုဏ္ဏား သူကြွယ်တို့ကို အတွေ့မခံပဲ နေတော်မူခဲ့ပေသည်။

[အင်္ဂုတ္တရ ဆက္ကနိပါတ် ပထမပဏ္ဏာသက နာဂိတသုတ်]

## အလိုတော် မသိသေး၍

ဘုရား ဟောပြောရန်၊ ဆိုဆုံးမရန် အကြောင်းမရှိလျှင် ဘုရားရှင်သည် တိတ်တဆိတ်နေမှု သဘောကျ၏။ ရရှိထားသော လောကုတ္တရာချမ်းသာကို တိတ်ဆိတ်စွာပင် ခံစားနေတော်မူတတ်၏။ ဤချမ်းသာကို နှောင့်ယှက်ပါက ဇာတ္တာနဂ်လရွာမှ ဒကာဒကာမများကို မဆိုထားနှင့် အဂ္ဂသာဝကကြီး နှစ်ပါးကိုပင် ခွင့်လွှတ်တော်မမူပါ။

ထိုစဉ်က ဘုရားရှင်သည် ကျွန်ုပ် အပါအဝင် ရဟန်း အနည်းငယ်မျှကို အဖော်ပြုလျက် စာတုမရွာအနီးရှိ-ရှိရှားတောကျောင်းမှာ နေတော်မူ၏။ ဤစာတုမရွာသည် သကျဟို့၏ နယ်မြေအတွင်း

မှာ တည်ရှိ၏။ သကျတို့နယ်မြေပေါ်ဝယ် ကျွန်ုပ်တို့ နှစ်ပါးတည်း အေးချမ်းစွာနေခဲ့ရာ ရက်အတန်ကြာသော် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ရောက်လာကြပေသည်။ သူတို့ နောက်မှာလည်း တပည့်ရဟန်း ငါးရာမျှ ပါလာကြ၏။ သူတို့ အားလုံးမှာ ဖြစ်သစ်စ ရဟန်းများမို့ ဘုရား အလိုတော်ကို မသိကြသေးပါ။ ကျောင်းနေ ရဟန်းများနှင့် နှုတ်ဆက်ရာတွင်လည်းကောင်း၊ အိပ်ရာ နေရာ ပြင်ဆင်ရာတွင် လည်းကောင်း၊ သပိတ် သင်္ကန်းများ နေရာတကျ ထားကြရာတွင်လည်းကောင်း သူတို့အသံ သောသော ညံ၍ နေပေသည်။

## မသိမှုဒဏ် ခံကြရပြီ

မကြာမီ ဘုရားရှင် အမိန့်တော်ဖြင့် သူတို့ အားလုံး ရှေ့တော်မှောက် ရောက်လာကြရ၏။ အရှင်မဟာသာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့မှာ ဦးစီးခေါင်းဆောင်များပီပီ ရှေ့ဆုံးမှာ ရှိနေကြ၏။ အကြောင်းမှန်ကို သိပြီး ဖြစ်သော်လည်း မျက်နှာ စုံညီတွေ့သောအခါ ထင်ရှားအောင် ထပ်၍ မေးတော်မူပြီးမှ-

"ရဟန်းတို့-သွားကြ။ သင်တို့ကို ငါနှင်ထုတ်၏။ ငါဘုရားထံတွင် သင်တို့ မနေကြနှင့်တော့"

မျှော်လင့်မထားမိသော အမိန့်တော်ကြီး ထွက်ပေါ်လာပေသည်။ ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးနှစ်ပါး ပါနေ၍ မျက်နှာသာပေးခံရလိမ့်မည်ထင်နေသော ရဟန်းသစ်များ ဝမ်းနည်းပက်လက်ဖြစ်သွားကြရပါတော့သည်။အချို့ရဟန်းငယ်ကလေးများမှာမျက်ရည်စက်စက်ကျလာကြ၏။ သူတို့မြော်သည် မျက်နှာတော်ကို ဖူးမြော်လို၍၊ သည်တရားတော်ကို ကြားနာလို၍ ဝေးလံလှသော အရပ်မှ ပင်ပန်းကြီးစွာ လာကြရသည်။ ယခုတော့ ဘုရားရှင့် အလိုတော်ကို မသိသဖြင့် အနှောင့်အယှက် ပြုမိကြပြီ။ ပြုမိသည့် အပြစ်ဒဏ်ကို ကောင်းကောင်းကြီး ခံကြရပြီ။သူတို့ကိုမည်သူကဖေးမနိုင်မည်နည်း။

ဝမ်းပန်းတနည်း ဖြစ်နေရသော ရဟန်းသစ်များကို ကျွန်ုပ် ကိုယ်ချင်းစာမိပါ၏။ ဘုရားရှင် ကျေနပ်လောက်သော ဥပမာ တခုခုကိုသာ တွေးမိလျှင် သူတို့ဘက်က ဖေးမပေးနိုင်ပါ၏။ သို့ပါလျက် သည်တုန်းက ကျွန်ုပ်မှာ ဉာဏ်မထွက်ခဲ့ပါ။ အရှင်မြတ်ကြီး နှစ်ပါးမှာလည်း သူတို့ ကိုယ်တိုင် တရားခံဘဝ ရောက်နေပြီမို့ မည်သူမျှ မလျှောက်လဲသာ။

“ကောင်းပါပြီ အရှင်ဘုရား”

ချမှတ်လိုက်သော အပြစ်ဒဏ်ကို ရိုသေစွာ ခံယူ၍ လာလမ်းအတိုင်း ပြန်ကြရပါတော့သည်။

## အပင်ပေါက်နှင့် နို့စို့နွားငယ်

အရှင်မြတ်ကြီးနှစ်ပါး ကျောင်းထဲမှ ထွက်သွား၍ မကြာမီတွင် စာတုမရွာသား သကျအမျိုးသားတို့ ရောက်လာကြ၏။ အရှင်မြတ်ကြီးတို့ ဖြစ်အင်ကို ကြားကြရ၍ပင်ဖြစ်ပါလိမ့်မည်။ လူပေါင်းမြောက်မြားစွာ ပါသော်လည်း သူတို့ကတော့ အလိုတော် သိပြီးမို့ ပြဿနာ မပေါ်လာပါ။ အားလုံး တိတ်ဆိတ်စွာပင် ဝင်လာကြ၏။ တိတ်ဆိတ်စွာပင် ဘုရားထံ ချဉ်းကပ်ကြ၏။ ရှေ့တော်မှောက်မှာ ညီညာဖြူဖြူ ဦးချကန်တော့၍ပြီးကြသောအခါ ခေါင်းဆောင် ဒကာကြီးက ရိုးသေစွာ လက်အုပ်ချီလျက်–

"အရှင်ဘုရား။ ဘုရားရှင်သည် ရဟန်းများကို ကျေနပ်တော်မူပါလော့။ ရဟန်းများကို ပြန်လာခွင့် ပြုတော်မူပါလော့။ ရှေးယခင်က ချီးမြှောက်တော်မူသကဲ့သို့ ချီးမြှောက်တော် မူပါတော့။

"အရှင်ဘုရား။ ဥပမာအားဖြင့် နုနယ်သော အပင် ပေါက်ကလေးများသည် လုံလောက်သောရေကို မရသည်ရှိသော် ညှိုးခွေသေပျက် သွားကြရသကဲ့သို့၊ နုနယ်စွာသော နွားသားငယ် ကလေးသည် အမိနို့ကို မစို့ရသော် ညှိုးခွေ သေဆုံးသွားရသကဲ့သို့ ဖြစ်သစ်စ ရဟန်းများမှာလည်း ဘုရားရှင့်မျက်နှာတော် ဖူးမြော်ခွင့်

မရကြပါလျှင် ရရှိထားသော သဒ္ဓါတတ်ကလေးများ ညှိုးနွမ်း ပျက်စီးသွားကြပါလိမ့်မည်ဘုရား”

ဒကာကြီးများတင်ပြကြသည်မှာ ဟုတ်မှန်သော အကြောင်းအရာလည်းဖြစ်၏။ စကားတန်ဆာ ဥပမာများကလည်း ထိမိလှ၏။ ဤသို့သော ဥပမာများကို နေရာ တကျ အသုံး ပြုတတ်ကြ၍ ဘုရားရှင် ကျေနပ်တော် မူလိုက်ပေသည်။

ဤသို့ ကျေနပ်တော်မူလိုက်သည်ကို ထွက်သွားသော အရှင်မြတ်ကြီးများထံ မည်သူကမျှလိုက်၍မပြောပါ။ ဘုရားရှင်ကလည်း သွား၍ အခေါ် မခိုင်းပါ။ သို့ပါလျက် မကြာမီပင် အရှင်မြတ်ကြီးများ ပြန်ရောက်လာကြ၏။ အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးက ထက်သန်လှသော စိတ်တန်ခိုးကို နှိုးဆော်လိုက်၍ ဖြစ်ပါလိမ့်မည်။

## ကြောင့်ကြမဲ့ မနေပါနှင့်ဦး

လိုက်ခေါ်သူ၊ အကြောင်းကြားသူ မရှိပဲ အရှင်မြတ်ကြီးများ ပြန်ရောက်လာသောအခါ—

“သာရိပုတ္တရာ။ ရဟန်းများကို ငါနှင်ထုတ်ဥက သင့်စိတ်ထဲမှာ မည်သို့ ဖြစ်ပေါ်ခဲ့ပါသနည်း”

ဘုရားရှင်က မေးမြန်းတော်မူလိုက်၏။

"အရှင်ဘုရား။ မြတ်စွာဘုရားသည် ရဟန်းများကို နှင်ထုတ်တော်မူလိုက်ပြီ။ ယခုအခါ တပါးတည်းဖြင့် ကြောင့်ကြမဲ့စွာ ဖလသမာပတ်ဝင်စားနေတော်မူလိမ့်မည်။ ငါတို့လည်းကြောင့်ကြမဲ့စွာ ဖလသမာပတ် ဝင်စား၍ နေကြတော့မည်။ ဤသို့ စိတ်အကြံ ဖြစ်ပေါ်ခဲ့ပါသည် ဘုရား"

"သာရိပုတ္တရာ။ ကြောင့်ကြမဲ့စွာ သမာပတ် ဝင်စားခြင်းကို ဆိုင်းငံ့ဦးလော့-ဆိုင်းငံ့ဦးလော့"

ညာလက်ရုံးကြီးတဆူအဖြစ်ဖြင့် သာသနာတော်ကြီးကို စောင့်ရှောက် ထိန်းသိမ်းရန် တာဝန် အမြောက်အမြား ရှိနေ၍ အရှင်သာရိပုတ္တရာကို ဤသို့ တားမြစ်တော်မူကာ ဆက်လက်၍-

"မောဂ္ဂလာန်။ ရဟန်းများကို ငါနှင်ထုတ်စဉ်က သင့်စိတ်ထဲမှာ မည်သို့ ဖြစ်ပေါ်ခဲ့ပါသနည်း"

## သာသနာတော်ကို ကြောင့်ကြစိုက်ပါ

"အရှင်ဘုရား။ ယခုအခါ မြတ်စွာဘုရားသည် ရဟန်းများကို နှင်ထုတ်တော်မူလိုက်ပြီ။ ယခုအခါ တပါးတည်းဖြင့် ကြောင့်ကြမဲ့စွာ ဖလသမာပတ်ဝင်စား၍ နေတော်မူလိမ့်မည်။ ယခုအခါ သာသနာတော် တွင်းရှိ ရဟန်း အပေါင်းကို တပည့်တော်နှင့်

အရှင်သာရိပုတ္တရာတို့ စောင့်ရှောက် ထိန်းသိမ်းရတော့အံ့။ ဤသို့ စိတ်အကြံ ပေါ်ခဲ့ပါသည် ဘုရား”

ဝဲဘက်က လက်ရုံးကြီး၏ လျှောက်ထားချက်ကိုကား ဘုရားရှင် သာခုခေါ်တော်မူပေသည်။

မှန်ပါသည်။ အခက်အခဲပေါင်း မြောက်မြားစွာတို့ ကြားမှ မရ ရအောင် တည်ထောင် လာခဲ့ရသော သာသနာ တော်ကြီး အဓွန့်ရှည်စွာ တည်နိုင်ရေးသည် အရှင်မဟာမောဂ္ဂလာန် အရှင် မြတ်ကြီးတို့ကဲ့သို့ ကြောင့်ကြစိုက်၍ စောင့်ရှောက်သွားကြရမည့် သာသနာ့ အာဇာနည်ကြီးများ လက်ထဲမှာ ရှိနေသည် မဟုတ်ပါ လော။ ။

[မဇ္ဈိမပဏ္ဏာသ၊ စာတုမသုတ်]

*

ဤတွင် ‘ညီတော်အာနန္ဒာ၏ တသက်တာမှတ်တမ်း ၃ ပြီးဆုံးပါပြီ။ အမှတ် ၄ စာအုပ်ကို စောင့်မျှော်ဖတ်ရှုပါ

# ညီတော်အာနန္ဒာ၏ တသက်တာမှတ်တမ်း

- ဤစာအုပ် စလျှင်စချင်း သားတော်မြတ် အရှင်ရာဟုလာကို ထပ်မံ ဖူးတွေ့ကြရပါလိမ့်မည်။ သနားစရာ ချစ်စရာသားတော်လေး ရာဟုလာဘဝမှ ရဟန္တာ အရှင်မြတ်တပါး ဖြစ်လာပုံကို ကြည်ညိုလေးမြတ်စွာ ဖတ်ရှုနိုင်ပါသည်။ သားတော် ရာဟုလာနှင့်နှိုးနွယ်၍ ညီတော် တိဿ၊ နောင်တော်ကြီး မဟာနာမ်တို့ကိုလည်း တဆက်တည်း ဖော်ပြထားပါသည်။

- ဤစာအုပ်၌ အများဆုံး ဖတ်ရမည့် အကြောင်းအရာများမှာ အတ္တအနတ္တ ပြဿနာများဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်သည် အနတ္တဟူသော ကြွေးကြော်သံဖြင့် ကမ္ဘာမြေအနှံ့ဖြန့်လျက်လာခဲ့ရာ အတ္တဘက်တော်သားများက အင်နှင့်အားနှင့် ဝိုင်းဝန်း ကာဆီးကြ၏၊ အနှောင့်အယှက် ပြုကြ၏။ နှောင့်ယှက်လေ သမျှကာဆီးလေသမျှကို သာသနာတော်က အနတ္တဉာဏ်လက်နက်ဖြင့် အချက်ကျကျပယ်ရှင်းပုံ၊ ထွင်းဖောက်မှုများကို အကျယ်တဝင့် ဖတ်ရှုနိုင်ပါသည်။

- ဤစာအုပ် နောက်ပိုင်းမှာကား ဘုရားရှင်၏ ပထမဗောဓိမှ ပစ္ဆိမဗောဓိသို့အကူးအပြောင်းကာလ အတွေ့အကြုံများကို တင်ပြထားပါသည်။ အမြဲတမ်း အလုပ်အကျွေး ဘဝဖြင့် ညီတော်အာနန္ဒာ လုပ်ကျွေးပြုစုပုံများကို ပြည့်ပြည့်စုံစုံ ဖော်ကျူးထား ပါသည်။ ထို့ပြင်....

- လောကဓမ္မ နှစ်ဌာနအားဖြင့် သင်ခန်းစာရနိုင်သောအကြောင်းအရာ အတ္ထုပ္ပတ္တိများကိုလည်း ဂရုတစိုက် ရွေးချယ် ထည့်သွင်းထားပါသည်။